စိတ်ကူးချိုချိုအနုပညာ

ရန်ကုန်ဘဆွေ

# စံပယ်တို့ခေတ်

19 YEARS ANNIVERSARY



ပြန်လည်ရိုက်နှိပ်ခြင်း

စံပယ်တို့ခေတ်၊ ရန်ကုန်ဘဆွေ
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၃၃၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၁ ပထမပိုင်းနှင့် ၁၉၇၂ ဒုတိယပိုင်း မိုးဇော်စာပေဖြန့်ချိရေး၏ ပထမအကြိမ် ၂ တွဲမူ၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# စံပယ်တို့ခေတ်
## ရန်ကုန်ဘဆွေ

ဒုတိယအကြိမ်၊ ၂၀၁၈

# (၁)

ဒွါရာဝတီ သံတွဲနယ်၌ စံပယ်တို့ခေတ် အကြောင်းကို ယခုထက်တိုင် ပြောဆိုနေကြဆဲ ဖြစ်သည်။

ညကလေးလှလှ၊ လကလေးလှလှ၊ လေပြည်ကလေး တမြမြရှိသော နွေဦး ညတို့တွင် မိမိတို့ အဖီးတို့ အဘောင်သျှင်တို့သည် စံပယ်တို့ခေတ် အကြောင်းကို မမောနိုင် မပန်းနိုင် ပြောပြတတ်လေ့ရှိရာ ထိုသို့ ပြောနေကြတိုင်း လပျိုကရီးရို့၊ အပျိုရီးရို့၊ မမကြီး၊ မေးမေ၊ မေချေ၊ မရီးချေ၊ မျောက်သားချေ၊ အဘုချေရို့တစ်တွေ ပတ်ပတ်လည်လည်မှ ငြိမ်သက် ငေးမောကြရင်း တအင်းအင်း ခေါင်းညိတ်နေကြ လေ့ ရှိသည်။

စာဖတ်သူတို့အဖို့ အထက်မှ စကားလုံးများကို သိကောင်းမှ သိကြပါမည်။ ဖိဖီသည် ရခိုင်ပြည်၏ တစ်စိတ်တစ်ဒေသရှိ ရခိုင် အမျိုးသားတို့၏ စကားဖြင့် အဘိုးကို ခေါ်ခြင်း ဖြစ်ပါသည်။ ထိုအတိုင်း ...

ကဖီးသည် အဘွား ဖြစ်၍ အဘောင်သျှင်သည် အမေကြီး ဖြစ်ပါသည်။ လပျိုကရီးသည် ကာလသားခေါင်း လူပျိုကြီး ဖြစ်၍ အပျိုရီးသည် အပျိုခေါင်း ဖြစ်ပါသည်။ မမကြီးသည် အစ်မကြီး၊ မေးမေသည် အစ်မလတ်၊ မေချေသည် အစ်မငယ်၊ မရီးချေသည် မရီး၊ မျောက်သားချေသည် မရီး ယောကျ်ား၊ အဘုချေ သည် ကလေးငယ်တို့ ဖြစ်ကြပါသည်။

သာယာလှပသည့် နွေဦးည လသာသာတွင် အိမ်အပြင် ကွပ်ပျစ်ထက်၌ ဖျာချောကြီးတွေ ခင်းလျက် ဗိုင်းငင်ရင်း၊ အထည်မြိတ် ဖြတ်ရင်း၊ လက်ဖက်ရည်

ကြိမ်း၊ ထန်းလျက်ခဲတို့ဖြင့် စားရင်းသောက်ရင်း အလုပ် လုပ်ကြရင်း တစ်အုပ်တစ်မကြီး ဝိုင်းကောင်းနေကြပြီဆိုလျှင် ရခိုင်အမျိုးသားတို့ လွမ်းတသသ ရှိနေကြရသည့် ချစ်ကုံချေလှသော သာယာအိမ်ထောင်စုကြီးက စံပယ်မတို့အကြောင်း ဖြစ်ပါသည်။

စံပယ်မကလေးတို့ အကြောင်း ပြောလျှင် စံပယ်တို့ခေတ်က စစ်တိုက်ကြပုံ၊ ရခိုင်အမျိုးသားတို့ သတ္တိကြွယ်လှပုံ၊ ချစ်ကံခေသော စံပယ်မကလေးတို့ ညှက်ရည်သွားလှပုံတို့သည် နားထောင်၍ မငြီးနိုင်လောက်အောင် ရှိကြရသည်။ နားထောင်ပြီး သူတို့ကလည်း အဘောင်သျှင်၏ အနီးသို့ ကပ်ကာ စံပယ်တို့ခေတ်အကြောင်း ထပ်၍ ပြောပြပါရန် ရေနွေးကြမ်း တည်ပေးရ၊ ထင်းခွဲပေးရ၊ ခိုင်းတာ လုပ်ပေးရနှင့် ဝိုင်းဝိုင်းလည်နေကြသည်။

နားထောင်ကြရပြန်တော့လည်း သာယာအိမ်ကြီးက စပယ်သာယာဟု ခေါ်ကြသော စံပယ်မကလေးအတွက် ရင်ဆို့စရာ၊ ရင်နာစရာတွေက ရိုးအီ၍ သွားသည်ဟု တစ်ခါဖူးမျှ မရှိဘူးကြ။ စံပယ်မကလေးနှင့် အတူ ဗိုလ်မှူးစုဝံ ဆိုသူကိုလည်း မျက်စိထဲတွင် မြင်ယောင် ထင်ယောင်လာကြရသည်။

ဗိုလ်မှူးစုဝံ အကြောင်းကို ကြားရပြန်တော့လည်း ရခိုင်သူ အပျိုမချောကလေးများအဖို့ တံတွေး တနင့်နင့်ဖြင့် အဘောင်သျှင်၏ မျက်နှာကို ကြည့်ရင်း ရှေ့လောတကြီး နားတစွင့်စွင့် ပြုရင်း ...

ချစ်ကြိုက်ရာတွင်လည်း ခပ်ကြမ်းကြမ်း၊ စစ်တိုက်ရာတွင်လည်း ခပ်ရမ်းရမ်း ပြုတတ်သော လူခန့်ချောကြီး၏ ...

အပြုအမူများ၊ ဖွတ်တရွတ်နိုင်တတ်ပုံများကို ကြားရ သိရသောအခါ ရင်တဖိုဖို၊ အသည်းတယားယားဖြင့် ပြောပြနေသူ အနားသို့ တိုးမှန်းမသိ တိုးကပ်သွားမိကြရ၏။

ထို့ကြောင့် ဒွါရာဝတီ သံတွဲနယ်တွင် ယခုထက်တိုင် စံပယ်တို့ခေတ်၏ မွှေးရနံ့သည် မပျောက်မပြယ်နိုင်ဘဲ လွမ်းမိုးနေဆဲ ရှိပါသေးသည်။ သံတွဲနယ်မှ ရှေးလူကြီးသူမတို့၏ စကားသည် သံတွဲသားတို့အဖို့ ပုံပြင် မဟုတ်ကြတော့ပါ။

*

မမတာရာကို စံပယ် ပထမဆုံး မြင်ရသော အချိန်သည် စံပယ်၏ အစ်ကိုအကြီးဆုံးဖြစ်သူ ကိုအာယုက စံပယ်တို့ 'သာယာ ဂေဟာသို့' သတို့သမီးအဖြစ် ခေါ်ဆောင်လာခဲ့သောအချိန် ဖြစ်သည်။



ထိုအချိန်က မမတာရာသည် အသက် ၂၂ နှစ်ခန့် ရှိပြီး စံပယ်သည် ဆယ်နှစ်သမီးလောက် ရှိပါသေးသည်။ စံပယ်၏ အောက်တွင် ဗလဟု အမည်ပေးထားသော မောင်ငယ်တစ်ယောက်လည်း ရှိသေးသည်။

စံပယ်တို့ ဖေဖေ ဦးသာယာသည် သူ မွေးထားသော မြင်းများ၊ ခွေးများဖြင့်သာ အမဲလိုက်ရင်း ပျော်ပျော်ပါးပါး နေတတ်သူ ဖြစ်သည်။ စံပယ်တို့၏ 'သာယာ ဂေဟာ' သည် ဒွါရာဝတီ သံတွဲနယ် သာယာကုန်းတွင် တည်ရှိသည်။ စံပယ်တို့ အိမ်သားများသည် တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ချစ်ချစ်ခင်ခင် ပြောဆိုနေထိုင်တတ်ကြသူများ ဖြစ်ကြ၍ ပျော်စရာ အိမ်ထောင်စုပင် ဖြစ်သည်။

စံပယ်တို့၏ 'သာယာ ဂေဟာ'သည် ကျယ်ပြန့်သော ခြံဝင်းကြီး အလယ်တွင် တည်ရှိသည်။ သီးပင်စားပင်နှင့် ပန်းပင်များကလည်း ခြံကြီးထဲတွင် အမျိုးစုံ လွန်းလှသည်။ ခြံကြီးနှင့် ဆက်လျက် စံပယ်တို့ အဘိုးအဘွားများ လက်ထက်က ပိုင်ဆိုင်ခဲ့သော လယ်ကွက်များလည်း အတော်အသင့် ရှိသေးသည်။

စံပယ်တို့ အစ်ကိုကြီး ကိုအာယုနှင့် မမတာရာတို့၏ သမက်တက်ပွဲ (မင်္ဂလာပွဲ) ကို မမတာရာတို့၏ စံအိမ်ဖြစ်သော 'အာကာ ဂေဟာ' တွင် ကျင်းပကြသည်။ စံပယ်နှင့် မောင်ငယ်လေး ဗလတို့သည် ဖျားနေကြသောကြောင့် သမက်တက်ပွဲသို့ လိုက်ခွင့်မရခဲ့။ ဤသို့ အစ်ကိုကြီးတစ်ယောက်လုံး၏ သမက်တက်ပွဲဖြစ်ပါလျက် စံပယ်နှင့် မောင်ငယ်လေး ဗလတို့ လိုက်ခွင့်မရခြင်းကို စံပယ်က အလွန် အခံရခက်နေသည်။ စံပယ်သည် မောင်ငယ်လေး ဗလမှလွဲ၍ ညီအစ်ကိုမောင်နှမများထဲတွင် အငယ်ဆုံးသမီး ဖြစ်သည့်အလျောက် တစ်အိမ်သားလုံး၏ အလိုလိုက်ခြင်းကိုခံရသူ ဖြစ်သည်။ သို့ပါလျက် အစ်ကိုကြီး ကိုအာယုနှင့် မမတာရာတို့၏ သမက်တက်ပွဲသို့ စံပယ်ကို လိုက်ခွင့်မပြုသည့်အတွက် စံပယ်က မမတာရာကိုသာ စိတ်ခုနေသည်။

'မမကြီး နှင်းဆီကို သမက်တက်တုန်းက ဆိုကေ အကျွန်ရော ဗလလေးပါ လိုက်ခွင့်ရပြီးကေ'

စံပယ်က မိခင် ဖြစ်သူကို စောဒကတက်လိုက်သည်။

'ဟဲ့... အာယု သမက်တက်စွာက နင့်အစ်မကြီး နှင်းဆီသာယာ သမက်တက်စွာနန့် မတူဘူး'

မိခင် ဖြစ်သူက စံပယ်ကို ဤမျှသာ ပြန်ပြောသည်။ စံပယ်၏ အစ်ကိုအကြီးဆုံးဖြစ်သူ ကိုအာယုနှင့် အာကာဂေဟာမှ မမတာရာတို့ စေ့စပ်ကြောင်း

လမ်း ပြီးသည့် အချိန်မှစ၍ စံပယ်တို့ တစ်အိမ်လုံးတွင် မည်သည့် စကားကို ပြောပြော တာရာ မပါလျှင် မပြီးနိုင်အောင် ဖြစ်နေကြသည်။

ယခုလည်း သတို့သားနှင့် သတို့သမီး ရောက်ရှိလာက အိပ်ရန် နေရာ အခန်းများကို စံပယ်၏ မိခင်ကိုယ်တိုင် ဦးစီးလျက် ပြင်ဆင် ပြုပြင်နေသည်။ ကောဇောအသစ်များ၊ ခန်းဆီးအသစ်များ၊ ပန်းအိုးအသစ်များ၊ ပန်းကန်ခွက်ရောက် အသစ်များဖြင့် ကိုအာယုနှင့် မမတာရာတို့ အတွက် လှပသစ်လွင်အောင် ပြင်ဆင်ရင်း တစ်အိမ်လုံး အလုပ်ရှုပ်နေကြသည်။

ဤသို့ တစ်အိမ်လုံး အုန်းအုန်းကျွက်ကျွက်နေအောင် ပြင်ကြ၊ ဆင်ကြ၊ လုပ်ကြ၊ ကိုင်ကြ ပြုနေသည်မှာ စံပယ့်အစ်ကိုကြီး ကိုအာယုထက် မင်္ဂလာ သတို့ သမီး မမတာရာကို အရေးပေး မျက်နှာလုပ်လို၍ ဖြစ်ပါသည်။ စံပယ်၏ အစ်ကိုကြီး ကိုအာယုသည် လူအေး လူကောင်းတစ်ယောက် ဖြစ်သည်။ စံပယ်သည် ကလေးများ ထုံးစံအတိုင်း မီးဖိုဆောင်ရှိ အိမ်ဖော်များ အလုပ် လုပ်နေရာသို့ မကြာခဏ ရောက်သွားတတ်သည်။ ဤအခါမျိုး၌ သမက်တက် ကိစ္စနှင့် ပတ်သက်လျက် အိမ်ဖော်များ၏ ထင်မြင်ချက် အမျိုးမျိုးကိုလည်း ကြားနေရတတ်သည်။

'ငရို့ ကိုအာယုကို တာရာဆို ရေယင်းစွာမနန့် လက်ထပ်ဖို့ သဘောတူစွာ က သာစည်မော်မှာ ရှိတဲ့ ကိုအာယုရဲ့ ဦးလေး သာစည်ပိုင်တဲ့ လယ်မြေတွေ၊ အိမ်တွေကို ကိုအာယုက အမွေရမှာ မြင်လို့ပါဝေး'

'ကိုအာယုလို အင်မတန် အေးတဲ့ လူတစ်ယောက်က တာရာလို အသုံး အဖြုန်းကြီး၊ အလည်အပတ်များ ရေယင်းစွာမနန့်တော့က တော့တို့လား'

ဤစကားများက စံပယ်မကို မခံချင်စိတ် ပေါ်ပေါက်စေသည်။ သို့ရာတွင် စံပယ်သည် ထိုအခါက အသက် ဆယ်နှစ်မျှသာ ရှိသေးသဖြင့် ၎င်း၏ အစ်ကိုကြီး ကိုအာယုတို့ မင်္ဂလာကိစ္စတွင် မည်သို့မျှ ဝင်ရောက် မပြောဆိုတတ်။

ကိုအာယုသည် ဦးလေး ဦးသာစည်၏ သာစည်မော်တွင်ရှိသော သာစည် ဂေဟာနှင့် လယ်ယာ ခြံမြေများကို အမွေ ဆက်ခံရမည်မှာကား အမှန်ပင် ဖြစ်ခဲ့ သည်။

ကိုအာယု၏ သမက်တက်နှင့် ပတ်သက်၍ ထိုအချိန်က စံပယ် နားလည် လိုက်သော အချက်တစ်ချက်မှာ မင်္ဂလာဆောင်သည်ဟု ဆိုတိုင်းလည်း ပျော်စရာ မကောင်းပါကလား ဟူသော အချက် ဖြစ်သည်။

မမကြီး နှင်းဆီသာယာတို့ သမက်တက်ပွဲက ပျော်စရာ ကောင်းသလောက် အစ်ကိုကြီး ကိုအာယုတို့ မင်္ဂလာဆောင်က စိတ်ညစ်စရာ ဖြစ်နေခဲ့သည်။



စံပယ်သည် ကလေးပီပီ လူကြီးများဝိုင်းသို့ မယောင်မလည် ရောက်သွား မိရာ၌လည်း သမက်တက်ပွဲ ကိစ္စနှင့် ပတ်သက်လျက် ပစ္စည်းဥစ္စာ အပေးအယူ အကြောင်းကိုပင် ကြားနေရပြန်သည်။

'ကိုအာယုနန့် လက်ထပ်ကေ လယ်က ဓာလောက် ပေးရဖို့၊ မြေဓာပိုင်ခွဲ ရမယ်ဆိုပြီး ပြောနေတဲ့ စကားတွေဟာ တာရာရဲ့ အဖေ ဦးအာကာကြီး ကိုယ်တိုင် က ပြောနေတဲ့စကား မဟုတ်ဘူး၊ သမီးဖြစ်တဲ့ ယင်းစွာ မတာရာ ကိုယ်တိုင် ပြောနေတာ၊ ဖအေကြီးကလည်း သမီးကြိုးဆွဲတိုင်း ကနေတာ'

စံပယ်သည် ထိုစကားကို ကြားလာခဲ့ပြီးနောက် အမေလတ် (အစ်မလတ်) ဖြစ်သော ခရေသာယာ အခန်းထဲသို့ ပြေးဝင်လာခဲ့သည်။

'သမက်တက်ပွဲ တစ်ခုမှာ သတို့သမီး ကိုယ်တိုင်က သူ့အတွက် ဓာပေး ရဖို့၊ ညာပေးရဖို့လို့ ပြောရိုးထုံးစံ ရှိသလား'

စံပယ်သည် လူကြီးများ ဟန်ပန် လေသံအတိုင်း မေးမေ (အစ်မလတ်) ကို မေးသည်။

မေမေ ခရေသာယာသည် အသက် နှစ်ဆယ် ရှိနေပြီဖြစ်၍ ဤမင်္ဂလာဆောင် ကိစ္စများကို နားလည်မည်ဟု စံပယ်က ထင်သည်။ သို့ရာတွင် စံပယ်၏ အမေး ကြောင့် မေးမေက အတော် အံ့သြသွားသည်။

'မမတာရာက ဦးအာကာရဲ့ အိမ်ထောင်စုမှာ တစ်ယောက်တည်းရှိတဲ့ သမီး ဟဲ့၊ ကျုန်တာတွေက အကုန်လုံး ယောကျ်ားတွေချည်း မဟုတ်လား၊ ဒီတော့ မမ တာရာကပဲ ဒီကိစ္စတွေကို ဦးဆောင်ရမှာပေါ့'

မေးမေ (အစ်မလတ်) ခရေသာယာက ယောင်းမလောင်း မမတာရာ အပေါ် တွင် သက်ညှာသည့် လေသံဖြင့် ဖြေလိုက်သည်။

'အို ... အစ်ကိုကြီး ကိုအာယုသာ မမတာရာက ဒီလို စကားမျိုးတွေ ပြောနေတယ် ဆိုတာ သိရင်'

အစ်မလတ်က စံပယ်၏ ပါးစပ်ကို လှမ်းပိတ်လိုက်ပြီးနောက် 'ဒီစကားမျိုး ဘယ်တော့မှ မပြောနဲ့' ဟု စံပယ်ကို အမိန့်ချလိုက်သည်။

ထို့ကြောင့် စံပယ်သည် ၎င်း၏ အပေါ်တွင် အလိုလိုက်တတ်သော အစ်ကိုချေ ကိုဝဏ္ဏရှိရာ ခြံထဲသို့ ထွက်လာပြီး မမတာရာ အကြောင်းကိုပင် ဆက်ပြောသည်။

'မမတာရာကို အစ်ကိုကြီး ကိုအာယုက ယူလို့ တော်သေးတာပေါ့၊ အစ်ကို ချေ (အစ်ကိုငယ်) ကသာ ယူမယ် ဆိုကေ'

စံပယ်၏ စကား အဆုံးမသတ်မီ အစ်ကိုချေ ဝဏ္ဏသည် မြင်းများကို အစွေးသတ်ပေးနေရာမှ စပယ်ဘက်သို့ လှည့်ပြီး …

'ငါသာ ကိုအာယုလို အစ်ကို အကြီးဆုံးဖြစ်ရင် အေ သမက်တက်စွာမှာ အခုဆို သတို့သား ဖြစ်နေမှာပေါ့'

အစ်ကိုချေ၏ မျက်နှာကို စိုက်ကြည့်နေမိသော စံပယ်သည် ပြောင်းလဲသွားသော အစ်ကိုချေ၏ အမူအရာကို သတိပြုလိုက်သည်။

ဝဏ္ဏသည် ပြောစကား ပြုံးနေသော်လည်း စကားအဆုံးတွင် ဝမ်းနည်းကြေကွဲသည့် အသွင်ကို ဆောင်နေသည်။

'ဟင့် အစ်ကိုချေ ဇာလည်း မမတာရာက အစ်ကိုချေကို ပိုပြီး'

ဝဏ္ဏသည် ၎င်း၏ လက်ထဲမှ ကတ်ကြေးကို အနီးရှိ မြင်းထိန်းသမားအား ပေးလိုက်ပြီးနောက် …

'လာ ဇီးသီးလား ကောက်ကတ်မယ်၊ ငရို့ မရီးသစ် အကြောင်း ဇာကိုက်စ အရေးကြီးနေရစွာလဲ' ဟု ဆိုရင်း ဝဏ္ဏသည် စံပယ်ကို ဆီးချိုပင်ကြီး ရှိရာသို့ လက်ဆွဲ ခေါ်ယူသွားသည်။

စံပယ်က မကျေနပ်။ လမ်းတွင် …

'ဦးအာကာရဲ့ သမီးကို အစ်ကိုကြီးက ဇာတိ ပေးမယ်၊ ယာတွေ ပေးမယ် ဆိုပြီး အေလောက်တောင် ပစ္စည်းတိတင်ပြီး တောင်းနီ ရစွာက ဇာသဘောလဲ'

စံပယ်၏ အမေးကို ဝဏ္ဏက မပြောဘဲ သူ့အတွေးနှင့် သူ ပြောသည်။

'ဦးအာကာရဲ့ သားတွေထဲမှာ ကိုဥက္ကာက သဘော အကောင်းဆုံးဟဲ့၊ ငရို့ အစ်ကိုကြီး ကိုအာယုရယ်၊ အစ်ကိုလတ် ကိုသုခရယ်၊ အစ်ကိုချေရယ်၊ တို့အားလုံးက ကိုဥက္ကာနန့် စာသင်ဖက်ပေါ့၊ ကိုဥက္ကာရဲ့ နှမ တာရာက သိပ်လှ သိပ်ချောတာ၊ အခု တို့မရီး အသစ်ပေါ့'

စံပယ်သည် မမတာရာ အကြောင်းနှင့် ပတ်သက်၍ အစ်ကိုချေထံမှ ဤမျှသာ သိရသည်။ ပို၍ သိချင်နေသော စံပယ်က စာပေဘက်တွင် ဝါသနာထုံသည့် အစ်ကိုလတ်ဖြစ်သူ ကိုသုခအား ထပ်၍ မေးပြန်သည်။

'နင် အခု ဆယ်နှစ်တောင် ရှိနေပြီ၊ ဒွါရာဝတီ နယ်တရိုးမှာ မိဖုရားစောသျှင်မိနဲ့ သားတော် နှစ်ပါးဖြစ်တဲ့ စောရန္တမိတ်နဲ့ ဘယမင်းရဲကလွဲရင် အကဲအရောက်ဆုံး မိသားစုဟာ ဦးအာကာတို့ မိသားစုဆိုတာ နင် မသိဘူးလား၊ ကိုအာယုကို ဦးအာကာရဲ့ သမီး တာရာက လက်ထပ်ဖို့ သဘောတူတယ် ဆိုတာ အေရာမကြီးကျယ်တဲ့ မင်္ဂလာကိစ္စကြီး တစ်ခုတဲ့ သိလား'



အစ်ကိုလတ် ကိုသုခသည် ပြောင်သလိုလို အတည်ပေါက်နှင့် ပြောသလိုဖြင့် ဖတ်လက်စ ပေစာထုတ်ကို ကောက်၍ ကိုင်လိုက်သောကြောင့် စံပယ်သည် နောက်ထပ် မမေးရဲတော့ပါ။

မင်္ဂလာပွဲ မကျင်းပမီ နှစ်ရက်ခန့် အလိုမှနေ၍ စံပယ်တို့ တစ်အိမ်သားလုံး အာကာဂေဟာသို့ ဆွေမျိုးများပါ စုစုရုံးရုံး သွားရောက်နေနှင့်ကြသည်။ စံပယ်နှင့် မောင်ချေဗလတို့သာ ဖျား၍နေသောကြောင့် ဘွားအေဖြစ်သူနှင့် အတူ အိမ်တွင် ကျန်နေရစ်ခဲ့ကြသည်။ မမတာရာ အကြောင်းကို သိချင်နေသော စံပယ်သည် အိမ်သားများ ပြန်လည်ရောက်ရှိလာသည်အထိ အောင့်အည်း၍ နေခဲ့ရသည်။

မင်္ဂလာပွဲမှ ပြန်ရောက်လာကြသော အိမ်သူအိမ်သားများအနက် အစ်မချေဖြစ်သူ ဇွန်သာယာ တစ်ယောက်သာ စံပယ်ကို မင်္ဂလာပွဲအကြောင်း ပြန်ပြောဖော်ရသည်။ ကျန်အိမ်သားအားလုံးသည် ပျော်ပွဲရွှင်ပွဲကြီးနှင့်တွေ့ခဲ့ရပါလျက် အိမ်သို့ ပြန်အရောက်တွင် မျက်နှာများ ကြည်မသာ ဖြစ်နေကြသည်။

'အာကာ ဂေဟာ ဆိုစွာ ဇာလောက်များ နီ(နေ)ရကြီး ကျယ်သလဲ ဆိုရင် ခုအစ်မချေရို့ သာယာဂေဟာနန့်(နှင့်) ယှဉ်ကြည့်လိုက်ရင် သာယာက အာကာရဲ့ မီးဖိုဆောင်လောက်ပဲ ရှိတယ်၊ ခြံဝင်းကြီးကလည်း တစ်မျှော်တစ်ခေါ်ကြီး၊ အစ်မချေရို့ သာယာဂေဟာကို အဲဒီ အာကာခြံဝင်းကြီးထဲမှာ သွင်းထားလိုက်ရင် ပုရွက်ဆိတ်ကလေး တစ်ကောင်လို ဖြစ်နေမှာ၊ ထမင်း စားတော့လည်း အိမ်ဖော် နှစ်ယောက်က အစ်မချေနောက်က အမြဲ ခစားရက်ပဲ၊ တူရိယာသမားတွေကလည်း လသာဆောင်ကနေပြီး အသံတွေနဲ့ ဖျော်ဖြေလို့'

အာကာ ဂေဟာကြီး အကြောင်းကို အစ်မချေ ဇွန်သာယာက စပယ်ကို ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်ပြသည်။ မမတာရာ အကြောင်းကိုသာ သိချင်နေသော စပယ်က

'မမတာရာ အကြောင်းကို ပြောစမ်းပါ၊ ဘယ်လိုလဲ၊ သဘောကောင်းရင့်(ရဲ့) လား'

'လူကြီးက ပြောပြနီကေ ငြိမ်ပြီး နားထောင်နီဟဲ့'

အစ်မချေက စံပယ်ကို တစ်ချက် ငေါက်လိုက်ပြီး အာကာဂေဟာ အကြောင်းကို ဆက်ပြောသည်။

'အာကာ ဂေဟာကြီးဆိုတာ အဆောင်ဆောင် အခန်းခန်း တိနန့် နန်းတော်ကြီးပိုင်(လို) ဟဲ့၊ ဂေဟာမှာ နေတဲ့ လူတွေကလည်း နှစ်ရာတောင် ကျော်သတဲ့လေ၊ မေးမေ (အစ်မလတ်) ခရေသာယာနဲ့ အစ်မချေကို အခန်း သပ်သပ် တစ်ခု

ပေးထားတယ်၊ အဲဒီ အခန်းကိုက ဒီ … သာယာမှာ ရှိတဲ့ အခန်းတွေထက် ကျယ်တယ် သိလား၊ အိပ်တော့လည်း အစ်မချေတို့ကို စောင့်ဖို့ အိမ်ဖော်တစ်ယောက် ပေးထားသေးတယ်၊ ဒီအိမ်ဖော်က အစ်မချေတို့ကို ခေါင်းဖြီးပေးတယ်၊ သနပ်ခါး သွေးပေးတယ်၊ အိပ်ရာခင်းနဲ့ မျက်နှာသုတ်ပဝါ ဆိုတာလည်း တစ်နေ့ တစ်ထည်စီ အသစ် လဲပေးတယ်၊ ကုလားဖြူရေမွှေး ဆိုတာတွေကလည်း အိပ်ရာခင်းမှာရော၊ ခေါင်းအုံးစွပ်မှာရော မျက်နှာသုတ်ပဝါမှာရော သင်းပျံ့ပြီး ထုံကြည် အီစတန်ပက်ပါ လို့ ဆိုတဲ့ အီစကန် ရေမွှေးတွေချည်းပဲ'

'ကဲ … နောက်ကော ဘာများ ဒါထက် ကြီးကျယ်တာ ရှိသေးလဲ'

စံပယ်သည် အာကာ ဂေဟာ၏ ကြီးကျယ်ခမ်းနားပုံကို မနာလိုစိတ်ဖြင့် အရွဲ့တိုက်၍ မေးလိုက်သည်။ အစ်မချေက စံပယ် အရွဲ့တိုက်မေးသည် မသိ၊ ရှည်မြဲ ရှည်၏။

'အစ်မချေရို့ ဖေဖေကတော့ အာကာဂေဟာမှာ မနေတတ် မထိုင်တတ် သလိုတောင် ဖြစ်နေတယ် ထင်တာပဲ၊ ဂေဟာကို ကြွရောက်လာကြရေ ဧည့်သည် တွေ ဆိုတာကလည်း စိန်တွေ ရွှေတွေ၊ ပိုးတွေ ဖဲတွေ၊ ကတ္တီပါတွေနဲ့ နတ်သမီး နတ်သားတွေလို တောက်ပြောင်နေကြတာပဲ၊ ဦးအာကာ ဆိုတာက အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့ လူချောလူခန့်ကြီးဟဲ့၊ အစ်မချေတို့ ဘာဘာ (အဖေ) နှင့် ယှဉ်ပြီး ရပ်နေရင် အရပ်ရှည်ပါတယ် ဆိုတဲ့ ဘာဘာဟာ ဦးအာကာရဲ့ ဘေး မှာ ကလေး၊ ကလေးပိုင် ဖြစ်နေစွာမလား'

'ဘာဘာ့ အကြောင်းကို သိပြီးသားပါ၊ နေ့တိုင်းလည်း မြင်ဖူးသားပဲ၊ မမ တာရာ အကြောင်းကို ပြောပါ'

စံပယ်က စိတ်မရှည်နိုင်ဘဲ ဝင်၍ ထောက်၏။ အစ်မချေက တစ်ချက်မျှ ပြုံးလိုက်သည်။

'ဦးအာကာရဲ့ အိမ်သားထဲမှာတော့ သားကြီး ကိုဥက္ကာဆိုတာ သိပ် သဘောကောင်းတဲ့ လူဟဲ့၊ အေးလေ တစ်အိမ်သားလုံး ကောင်းကြပါပေတယ်၊ လာတဲ့ ဧည့်ပရိသတ်တွေအတွက် ဘာမှ လိုလေသေးမရှိအောင် ကိုဥက္ကာ ကိုယ် တိုင် ကြီးကြပ်တာပဲ၊ ဦးအာကာရော သူ့မယားရော တစ်အိမ်သားလုံးက အားနာယူ ရလောက်အောင် ပြုစုကြ၊ ကျွေးမွေးကြနဲ့၊ အဲ … သူတို့ အိမ်သားထဲမှာ မူဝံ ဆိုတဲ့ လူကိုတော့ အစ်မချေ တယ်ပြီး သဘောမကျဘူး'

'ဘာဖြစ်လို့လဲ၊ သူက အရုပ်ဆိုးလို့လား'



'မဟုတ်ပါဘူးဟဲ့၊ သူက ကိုဥက္ကာထက်တောင် ချောသေးတယ်၊ ဒါပေမဲ့ သူက အစ်မချေတို့ကို ကြည့်ပုံ၊ ရှုပုံ၊ ဧည့်ခံပုံက ပြောင်သလိုလို၊ သရော်သလိုလိုပဲ၊ သမက်တက်ပွဲမှာ အစ်မချေ ခြုံထားရေ ပဝါစက ကော်ဇောအခင်းပေါ်မှာ လွင့်ပြီး ကျနေတယ်၊ အဲဒါကို သူက တက်နင်းပြီး သူကပဲ အစ်မချေကို ဒါ ကျုပ် နင်းဖို့ ခင်းထားတာလားတဲ့လေ၊ တောင်းပန်ရမယ့်အစား ပြောသွားလိုက်ပုံက အဲဒီကောင် က စစ်သည်တော်သားတဲ့'

'မမချေ ပြောတာတွေထဲမှာ မမတာရာအကြောင်း မပါသေးဘူး'

အစ်မ ချေ့ရွှန်သာယာသည် တစ်ချက်မျှ သန်းလိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်၏။

'အေ … နို(နေ့)တော့ ပြောရတာ မောသွားပြီဟယ်၊ နက်ဖြန်ခါမှ ဆက် ပြောမယ်'

မမတာရာအကြောင်း ပြောပြမည့်သူဟူ၍ တစ်ယောက်မျှ မရှိသောအခါ စံပယ်သည် မမတာရာနှင့် အစ်ကိုကြီး ကိုအာယုတို့ စုံတွဲအား သာယာဂေဟာသို့ ရောက်လာမည့် အချိန်ကိုသာ စောင့်မျှော်နေတော့သည်။

ကိုအာယုနှင့် မမတာရာတို့ အတွဲသည် သမက်တက် ပြီးဆုံးသွားပြီးနောက် သာစည်ဂေဟာရှိ ဦးလေး ဦးသာစည်အား ကန်တော့ရန် သွားရောက်ပြီးမှ စံပယ် တို့ 'သာယာ ဂေဟာ' သို့ ရောက်လာကြမည် ဖြစ်သည်။

သို့ဖြစ်၍လည်း စံပယ်တို့ သာယာဂေဟာတွင် သားစုံ သမီးစုံ အိမ်သားစုံ နှင့်တကွ ဆွေမျိုးများပါ စုံ၍ နေတော့သည်။ ထို့ကြောင့်လည်း အချင်းချင်း ရင်းနှီး ပြီးသား တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသား ဖြစ်ကြ၍ ဆွေစုံ မျိုးစုံ မိသားစုများ ဆုံ၍ ကြုံတွေ့ရခြင်းမှာ ပျော်စရာကြီး ဖြစ်နေသည်။

နေဝင်ရီသရောအချိန်တွင် ကိုအာယုတို့ စုံတွဲက အပေါင်းအသင်း အခြံအရံ များနှင့်တကွ စံပယ်တို့ သာယာဂေဟာရှေ့သို့ ရောက်လာသည်။ အစ်ကိုကြီး ကိုအာယုသည် မြင်းရထားပေါ်မှ ရှေးဦးစွာ ဆင်းလိုက်ပြီးနောက် သတို့သမီး အသစ် စက်စက်ဖြစ်သော မမတာရာအား ရထားပေါ်မှ ဆင်းရာတွင် လက်ကလေး နှစ်ဖက် ကို ကိုင်လျက် ဖေးမလိုက်၏။ အစ်ကိုကြီးကို ကြည့်ရသည်မှာ ပျော်တပြုံးပြုံး ဖြင့် မော်မဆုံး ဖြစ်နေသည့်အသွင်ကို မြင်ရသည်။ ရထားမှ အဆင်းတွင် မမတာရာ က ဆင်ဝင်ဝမှ စောင့်ကြိုလျက်ရှိသော စံပယ်တို့မိသားစုနှင့် ဆွေမျိုးတစ်သိုက်ကို တစ်ချက်မျှ မျက်လုံးဝင့်၍ ကြည့်လိုက်ပြီးနောက် အစ်ကိုကြီး ကိုအာယု ကြားလောက် ရုံမျှ တီးတိုးစကား ဆိုလိုက်သည်ကို တွေ့ကြရသည်။

မမတာရာ၏ တီးတိုးစကားကြောင့် အစ်ကိုကြီး ကိုအာယုက တစ်ချက်မျှ ရယ်လိုက်သည်။ စံပယ်တို့ အိမ်ထောင်စုတွင် နှစ်ကိုယ်ကြား တီးတိုးစကား ဆိုလေ့မရှိကြ။ ယခုမူ မမတာရာ အစ်ကိုကြီး ကိုအာယုအား တီးတိုးစကား ဆိုနေပေပြီ။ သြော် … အစ်ကိုကြီး ကိုအာယုသည် စံပယ်တို့အိမ်သား မဟုတ်တော့ပါကလား။

ဆင်ဝင်ပေါ်သို့ တက်လာသော သူတို့အတွဲကို စံပယ်က နှုတ်ဆက်လိုစိတ်မရှိတော့။ သို့ဖြစ်၍လည်း လူအုပ်အကြားမှ နောက်ဘက်သို့ ထွက်လာခဲ့သည်။ သို့တိုင်အောင် မမတာရာက စံပယ့်အနီးသို့ ရုတ်ခြည်း ရောက်လာသည်ကို တွေ့လိုက်ရသည်။

မမတာရာသည် စံပယ်၏ မေးစေ့ကို သူ၏ လက်ဖြင့် ဖိညှစ်လိုက်ရင်း…

'ဒါဟာ စံပယ်သာယာ ဆိုတာပဲ ဖြစ်ရမယ်' ဟု ဆိုလိုက်၏။ သူ့အသံတွင် ငေါ့သံ ထေ့သံများ ပါနေသည်ဟု ထင်ရ၏။

မမတာရာသည် စံပယ့်အား ဤသို့ နှုတ်ဆက်လိုက်ပြီးနောက် ဆင်ဝင်ဝမှ ဧည့်ခန်းကြီး ရှိရာသို့ လျှောက်သွားသည်။ သူ သွားပုံမှာ လက်အောက်ငယ်သား တစ်ဦး၏ အလုပ်ခန်းသို့ အထက်အရာရှိကြီး တစ်ဦးက ပိုင်စိုးပိုင်နင်း ဝင်လာပုံမျိုး ဖြစ်သည်။ မီးရောင်ရှိရာသို့ ပိုးဖလံများ တိုး၍လိုက်လာသကဲ့သို့ စံပယ်တို့ မိသားစုနှင့် ဆွေမျိုး အသိုက်အအုံကြီးက မမတာရာ နောက်သို့ လိုက်ပါလာကြသည်။ အဘုချေ (မောင်ငယ်ကလေး) ဖြစ်သူ ဗလက ကြော့နေအောင် ဝတ်စားထားသော မမတာရာဆီသို့ ပြေးသွားသည်။ မမတာရာက အသင့် ယူဆောင်လာခဲ့ဟန်တူသော မုန့်တစ်တုံးကို အဘုချေ၏ ပါးစပ်ထဲသို့ ခွံ့ပေးလိုက်သည်။ မမတာရာသည် စံပယ်တို့ ဂေဟာရှိ ကလေးများအား မုန့်ပေး၍ မြူရန်လာစဉ်ကပင် ကြိုတင်စီစဉ်လာခဲ့ဟန်တူသည်။ ခွေးတစ်ကောင်အား အမဲရိုးပစ်ပေးလျက် အိမ်ပေါ်ထပ်သို့ တက်၍ ခိုးရန် ကြံစည်ထားသော သူခိုးနှင့်ပင် တူသေးသည်။

မမတာရာသည် အဘုချေရို့ကို မုန့်ဝေပေးနေရာမှ စံပယ့်ဘက်သို့ လှည့်လိုက်ကာ‥

'စံပယ်ကော စားဦးမယ် မဟုတ်လား' ဟု မေးလိုက်သည်။

မမတာရာသည် စံပယ့်အား မုန့်ကို လှမ်း၍ ပေးလိုက်စဉ် စံပယ်သည် ခေါင်းကို သွက်သွက်ကြီး ခါယမ်းပစ်လိုက်ပြီး နောက်ဘက်သို့ ပြေးထွက်လာခဲ့သည်။ စံပယ်အား တစ်ခါမျှ ဆဲဆိုကြိမ်းမောင်းဖူးခြင်း မရှိသော ဖခင်ကပင် …

'သမီးချေက ကောင်းကောင်း ရိုင်းရေကော' ဟု မြည်တွန်လိုက်ပါသည်။



မမတာရာကမူ စံပယ် ပြေးရာသို့ လှမ်းကြည့်ရင်း မရယ်ချင့် ရယ်ချင့်ဖြင့် ရယ်နေသည်။

စံပယ့်အား အချစ်ဆုံးဖြစ်သော အစ်ကိုချေ ကိုဝဏ္ဏသည်ပင် စံပယ်၏ အပြုအမူကြောင့် မျက်မှောင်ကုတ်သွားသည်ကို သတိထားမိရသည်။ ရှိနေသော အိမ်သားအားလုံးနှင့် ဆွေမျိုးများ အားလုံးကပင် စံပယ့်ကို အလိုမကျသော မျက်နှာထား တင်းတင်းဖြင့် ပြောလိုက်သည်။ ဤကား စံပယ်တို့၏ 'သာယာဂေဟာ' သို့ မမတာရာ ရောက်လာခြင်း အတွက် ပထမဆုံး မသာမယာ ဖြစ်ရသော အကြိမ်ပါတည်း။

မသာမယာဖြင့် အစပျိုးခဲ့သော အစ်ကိုကြီး ကိုအာယုတို့၏ အိမ်ထောင်ရေးမှာ သုံးနှစ်သာ ကြာရှည်ခဲ့သည်။ သူတို့ အိမ်ထောင်တွင် သားသမီးဟူ၍ တစ်စုံတစ်ယောက်မျှ ထွန်းကား ပေါ်ပေါက်ခဲ့ခြင်း မရှိသည်မှာလည်း အိမ်ထောင်ပျက်ရန် ပဏာမ ချီလိုက်သည့် နိဒါန်းပင် ဖြစ်သည်။ သူရို့ အိမ်ထောင်တွင် သားသမီး မထွန်းကားသည့်အတွက် စံပယ်တို့ မိဘများက စိတ်ပျက်သည့် လေသံကို ပြုကြသည်။ စံပယ်တို့ အစ်မကြီး ဖြစ်သူ နှင်းဆီသာယာမှာ ကိုယ်ဝန်ရှိလာသည့်အခါတိုင်း စံပယ်တို့ သာယာဂေဟာသို့ လာ၍ ကလေးမျက်နှာ မြင်ပြီးသည် အထိ နေထိုင်လေ့ ရှိသည်။

မမတာရာကမူ စံပယ်ရို့ပိုင် (တို့ကဲ့သို့) မြင်းစီးလိုက်၊ မြင်းစီးရင်း ပျော်ပွဲစား ထွက်လိုက်ဖြင့် လုပ်နေတတ်သည်။ တစ်ခါတွင်မူ စံပယ်၏ မိခင်ဖြစ်သူက …

'တာရာရေ့ ငရို့က (တို့က) အိမ်ထောင်ကျပြီးကေ မြင်းစီးဖို့ ဆိုစွာ ဝေးပါသေးရဲ့၊ ကိုယ်ဝန် ပျက်ကျတတ်လို့ဟော့' ဟု သတိပေး စကား ပြောဖူးသည်။

ဤတွင် လက်သည်းများကို ကတ်ကြေးငယ် တစ်ခုဖြင့် ညှပ်နေသော မမတာရာက …

'တာရာမှာ ပျက်ကျစရာ ဘာကိုယ်ဝန်မှ မရှိဘူး၊ ဒီလို မရှိရတာ တာရာ့ကို အပြစ်မတင်နဲ့၊ အရီးသားကိုပဲ အပြစ်တင်စမ်းပါလေ' ဟု ပြန်၍ နှုတ်လှန်ထိုးခဲ့သည်။ စံပယ်၏ မိခင်သည် မမတာရာအား အံ့သြသည့် မျက်နှာဖြင့် တစ်ချက်မျှ ကြည့်လိုက်ပြီးနောက် အိမ်အပေါ်ထပ်သို့ တက်သွားသည်။

ခဏအကြာတွင် အစ်ကိုကြီးက မမတာရာအား စံပယ်၏ မိခင်ကို ပြောလိုက်သည့် စကားနှင့် ပတ်သက်၍ အပြစ်ဆိုသည်။ အစ်ကိုကြီး၏ အပြစ်ဆိုသံမှာ ယောကျ်ားတစ်ယောက်အဖို့ နူးညံ့ သိမ်မွေ့လွန်းသည်ဟု စံပယ် ထင်မိသည်။

ဤအချိန်မှစ၍ အစ်ကိုကြီး ကိုအာယုနှင့် မမတာရာတို့ အကြားတွင် သဘောကွဲပြားမှုများ ပွား၍ ပွား၍သာ လာတော့သည်။

အရင် (ယခင်)က ရိုးရိုးအေးအေးနှင့် စိတ်ရှည်ရှည်ထားတတ်သော အစ်ကိုကြီးသည် စိတ်တိုတတ်လာသည်ကို တွေ့ရသည်။ စံပယ်တို့ အိမ်သူ အိမ်သားများ အပေါ်၌ မမူလောက်သည့် အပြစ်ကလေးကို ရမယ်ရှာ၍ ကြိမ်းခြင်း၊ မောင်းခြင်း ပြုလာသည်။ သို့ရာတွင် မမတာရာ ရှေ့မှောက်သို့ ရောက်သောအခါ၌မူ အစ်ကိုကြီးသည် ဝံပုလွေ ရှေ့မှောက်သို့ ရောက်လာရသော သိုးငယ်ပမာ ဖြစ်နေတတ်သည်။

အိမ်ထောင်ကျသည့် ဒုတိယနှစ်တွင် အစ်ကိုကြီးရှိ ဖနီးမောင်နှံသည် မြန်မာပြည်ဘက်သို့ ကုန်ရောင်း ကုန်ဝယ် လုပ်နေကြသဖြင့် စံပယ်တို့ ဂေဟာတွင် ကြာကြာ နေထိုင်ချိန်ပင် မရသည့်အတွက် သူတို့နှစ်ဦး၏ စိတ်ထား မည်သို့ ရှိနေသည်ကို ခန့်မှန်းရန် ခက်လှသည်။

သို့ရာတွင် မြန်မာပြည်ဘက်မှ ကုန်ကူး၍ ပြန်အရောက် တစ်ခုသော နွေတစ်ည၌ အစ်ကိုကြီး ကိုအာယုနှင့် အစ်ကိုချေ ကိုဝဏ္ဏတို့ ပြင်းပြင်းထန်ထန် စကားများကြောင်းကိုကား စံပယ် ကြားသိလိုက်ရသည်။

စံပယ်၏ မိဘနှစ်ပါးနှင့် အစ်မနှစ်ယောက်က အိမ်ပေါ်ထပ်တွင် ရှိနေကြသည်။

စံပယ်က မောင်ချေဗလနှင့် ခြံထဲတွင် ကစားနေသည်။ အဆောင်ထဲမှ ပေါ်ထွက်လာသော အစ်ကိုကြီး၏ အသံကို စံပယ် ကြားရသည်။ အသံမှာ ခါတိုင်းထက် ကျယ်သည်။ ဒေါသသံလည်း လွှမ်းနေ၏။

'ဇာနေရာကို လားလား၊ မင်းဟာ လူတွေရှေ့မှာ ငါ့ကို အရှုးဖြစ်အောင် လုပ်တာချည်းပဲ၊ ဒီနေ့ညလည်း မင်းက ညီချေဝဏ္ဏရှေ့မှာ ငါ့ကို အရှုးလုပ်တယ်၊ နောက်ကို ဒါမျိုး ကြာကြာ သည်းခံနေနိုင်မှာ မဟုတ်ဘူး'

အစ်ကိုကြီး ကိုအာယု၏ စကားအဆုံးတွင် မမတာရာ၏ ရယ်သံ ပေါ်ထွက်လာသည်။ ထီမထင်သော ရယ်သံမျိုး၊ ခဏအကြာတွင် စကားသံများ တိုး၍ သွားသည်။ မကြာမီပင် အစ်ကိုကြီး၏ ဒေါသသံက ဟိန်း၍ ထွက်လာပြန်သည်။

'ငါပြောနီစွာကို မင်းက မထီလေးစား လုပ်နေတာလား၊ တစ်ခါတစ်ခါ မင်းက ငါ့ကို အနားကပ် မခံနိုင်လောက်အောင် ဖြစ်နေတာက ဇာသဘောလဲ၊ ဟိုတစ်ညကလည်း အာကာဂေဟာမှာ မင်း ကျန်နေခဲ့တုန်းက ငါ ခရီးထွက်ရာက ပြန်လာတော့ မင်းနဲ့ ယန်းအောင်တို့ နေပုံထိုင်ပုံကို မြင်ရတာ မသတီစရာပဲ၊ ယန်းအောင်



မှာ သားကြီး သမီးကြီးနဲ့ မယား သေတာလည်း ဇာလောက် ကြာသိလို့လဲ တာရာရယ်၊ မင်းက ငါ့ကို နည်းနည်းလေးမှ ကြင်နာစိတ် မထားနိုင်ဘူးလား'

အစတွင် အာဠာဝကကဲ့သို့ ဒေါသသံ ပြင်းနေသော ကိုအာယု၏ အသံက အဆုံးတွင် စောင်းသံကဲ့သို့ နူးညံ့သွား၏။ တာရာ၏ မခိုးမခန့် ရယ်လိုက်သော အသံသည် သူတို့ အဆောင်ထဲမှ ပျံ့လွင့်လာသည်။

'အေနီညနေလည်း ထမင်း အတူတူ ဝိုင်းပြီး စားကြရေကာ မင်းက ငါ့ညီ ချေဝဏ္ဏကို ကြည့်ပုံ ဆက်ဆံပုံတီရေ တရားလွန်တယ်'

ကိုအာယု၏ စကားသံကြောင့် စံပယ်သည် လန့်ဖျပ်သွားသည်။ ဤအခိုက်တွင်ပင် နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ စံပယ် အနားသို့ ရောက်လာသော အစ်ကိုချေ ကိုဝဏ္ဏကို တွေ့ရသည်။

'အစ်ကိုချေကို သူ့မိန်းမက ကြည့်တာ ဆက်ဆံတာတွေကို မကြိုက်လို့ အစ်ကိုကြီးက သူ့မိန်းမကို ဒေါသထွက်နီရေ'

အစ်ကိုချေ ကိုဝဏ္ဏက စံပယ့် အနားတွင် ခဏမျှ ရပ်နေပြီး ပြန်ထွက်မည့် အလုပ်တွင် အစ်ကိုကြီး၏ အသံက ဟိန်း၍ ထွက်လာပြန်သည်။

'ဝဏ္ဏနဲ့ရာ ကျူးကျူးလွန်လွန်ဖြစ်ဖို့ ဆိုကေ နင့်ကို ငါ အသတ်ပဲ'

ကိုဝဏ္ဏသည် ကျောက်ခဲတစ်လုံးကို ကုန်း၍ ကောက်ယူလိုက်ပြီးနောက် အစ်ကိုကြီး ကိုအာယုတို့ အဆောင်ရှိ မှန်တံခါး တစ်ချပ်ကို ပစ်ခွဲလိုက်သည်။

'ဝေး ... မင်းက မယားကို သတ်ဝံ့နေပြီလား၊ ပန်းကလေးလို လှနီရေ မိန်းမကို ဇာလို့ သတ်ဖို့လဲ၊ မင်းလောက် သတ္တိ ရှိကောင် ငါ့ကို လာသတ်ပါလား၊ ခုဆင်းခဲ့ပါ'

အစ်ကိုချေ ဝဏ္ဏ၏ အသံသည် ဒေါသကြောင့် ကျယ်လောင်နေသည်။ ခြံအတွင်းမှနေ၍ အဆောင်ထဲသို့ လှမ်းကြည့်လိုက်သောအခါ အစ်ကိုကြီး ကိုအာယုကို တွေ့ရ၏။ အစ်ကိုကြီး၏ မျက်နှာသည် ဖြူရော်နေသည်။ ဝေဒနာတစ်ခုကို အပြင်းအထန် ခံစားနေရသော လူမမာတစ်ဦးနှင့် တူနေသည်။ စံပယ်သည် အစ်ကိုကြီးနှင့် အစ်ကိုငယ်အတွက် အရှက်ကြီး ရှက်နေသလောက် မမတာရာကို အမုန်းကြီး မုန်းလိုက်သည်။ ဤကား စံပယ်တို့၏ သာယာဂေဟာကို မသာမယာ ဖြစ်အောင် မမတာရာက ဒုတိယ အကြိမ်မြောက် ဖန်တီးလိုက်ခြင်းပင်တည်း။

ကိုအာယုနှင့် မမတာရာတို့ အိမ်ထောင်ကျသည့် သုံးနှစ်မြောက် အချိန်တွင် ၎င်းတို့ ဖနီးမောင်နှံသည် စံပယ်တို့ သာယာဂေဟာမှာထက် ဦးလေး ဦးသာစည်၏ သာစည် ဂေဟာတွင်သာ အနေများခဲ့သည်။

ထိုနှစ် နွေရာသီတွင် ဒွါရာဝတီနယ် တစ်လျှောက်၌ ပလိပ်ရောဂါများ အနှံ့အပြား ဖြစ်ပွားလာခဲ့သည်။

စံပယ်၏ ဖခင်ဖြစ်သူသည် တန်ခူးလတွင် ပလိပ်ရောဂါကြောင့် ကွယ်လွန်သွားခဲ့ရှာသည်။ ဖခင်အတွက် မျက်ရည်စက်လက်ဖြင့် ရှိနေကြဆဲတွင် အစ်ကိုကြီးကိုအာယုသည် ပလိပ်ရောဂါဖြင့် သေလုမျောပါး ဖြစ်နေပြီဟူသော သတင်းကို ဦးလေး ဦးသာစည်ထံမှ ကြားရသည်။ သို့ဖြင့် စံပယ်တို့ အိမ်ထောင်စုတွင် ဖခင်ဖြစ်သူနှင့် သားကြီး ဩရသ ဖြစ်သူတို့ကို သတင်းနှစ်ပတ်အတွင်း ဆုံးရှုံးခဲ့ကြရသည်။ ထို့ကြောင့် အစ်ကိုလတ်ဖြစ်သူ စာပေဝါသနာအိုး ကိုသုခက စံပယ်တို့ အိမ်ထောင်စုတွင် အိမ်ထောင်ဦးစီးတာဝန်ကို ယူရတော့သည်။ အကယ်၍သာ အစ်ကိုကြီး ကိုအာယု ရောဂါရစဉ်က မယားဖြစ်သူ မမတာရာသာ အနီးအနားတွင် ရှိပြီး ဆီးသမား (ဆေးဆရာ) တို့ဖြင့် ဂရုတစိုက် ကုသလိုက်လျှင် အစ်ကိုကြီးဖြစ်သူ ကိုအာယုမှာ ယခုလို အသက်တိုနိုင်မည် မဟုတ်ဟု စံပယ်တို့ အိမ်သားအားလုံးကပင် ယူဆကြသည်။ ယခုမူ မမတာရာသည် လင်ဖြစ်သူ ကိုအာယု၌ ရောဂါ၏ လက္ခဏာများကို စ၍ တွေ့ရသည်နှင့် တစ်ပြိုင်နက် အစ်ကိုကြီးအား စွန့်ပစ်ကာ 'အာကာဂေဟာ' သို့ သွားရောက် နေထိုင်ခဲ့လေသည်။

အစ်ကိုကြီး ကိုအာယုနှင့် မမတာရာတို့၏ အိမ်ထောင်ရေးသည် သုံးနှစ်မျှသာ သက်တမ်း ကြာခဲ့၏။ သုံးနှစ်မျှသော ကာလအတွင်း မမတာရာက စံပယ်တို့ သာယာဂေဟာအား သုံးကြိမ် သုံးခါပင် မသာမယာ ဖြစ်အောင် ဖန်တီးခဲ့၏။ တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် ဖန်တီးခဲ့ခြင်းသည် စံပယ်တို့ မိသားစုအဖို့ ရင်ကွဲစရာ ကောင်းလောက်သော ဖန်တီးချက် ဖြစ်သည်။

ကိုအာယုသည် မယားလက်ချက်ဖြင့် အသက် ထွက်သွားရသည့်တိုင်အောင် သာယာကုန်းရှိ မိမိတို့ အမွေရပိုင်ခွင့်ရှိသည့် လယ်မြေများအား မယားဖြစ်သူသို့ လွှဲပြောင်းသွားကြောင်း စံပယ်တို့ ကြားသိရသောအခါ ပို၍ ရင်ကွဲရပြန်သည်။

လွှဲပြောင်းရရှိသော လယ်မြေများကို မမတာရာက မြေတိုင်းစာရေးများနှင့်တကွ သူကိုယ်တိုင် ကွင်းဆင်းလျက် တစ်လက်မမျှ မကျန်ရအောင် နယ်မြေသတ်မှတ်လိုက်ခြင်းမှာလည်း စံပယ်ရို့ မိသားစုအဖို့ မအံ့ဩဘဲ မနေနိုင်သည့် အချက်ပင် ဖြစ်ရတော့သည်။

စံပယ်ရို့ မိသားစုနှင့် မမတာရာရို့ အကြားတွင် အမွေကိစ္စနှင့် ပတ်သက်လျက် ရင်ကြားစေ့အောင် ဖျန်ဖြေ၍ပေးသူမှာ ကိုဥက္ကာပင် ဖြစ်သည်။ ကိုဥက္ကာသည်



ဤအချိန်တွင် အိမ်ထောင်ရက်သား ကျနေပြီးဖြစ်လျက် နန်းချောင်းရှိ ဥက္ကာဂေဟာတွင် နေထိုင်လျက် ရှိသည်။

စံပယ်ရို့ အိမ်တွင် အမွေကိစ္စနှင့် ပတ်သက်လျက် ပြောကြ ဆိုကြ၊ ငြင်းခုံကြသည့် အချိန်များ၌ စံပယ်၏ အစ်ကိုချေ ကိုဝဏ္ဏသည် အကြောင်းတစ်ခုခုပြကာ ခရီးထွက်နေလေ့ ရှိသည်။ အဘယ်ကြောင့် ဤသို့ ခရီးထွက်နေသည်ကို စံပယ်တစ်ယောက်သာ အသိဆုံး ဖြစ်သည်။

အစ်ကိုချေသည် မမတာရာဘက်မှ မျက်နှာလိုက်၍ ပြောမိမည် စိုးသောကြောင့် ခရီးထွက်နေခြင်းမှတစ်ပါး အခြားအကြောင်းအရာမရှိ။

မမတာရာသည် အမွေရသည့် လယ်မြေကို တစ်လက်မမှ မကျန်ရအောင် တိုင်း၍ ယူသည်သာမက စံပယ်ရို့ ဂေဟာရှိ ကိုအာယုနှင့် အတူတကွနေခဲ့သော အဆောင်ထဲမှ ပစ္စည်းမှန်သမျှကိုလည်း ခန်းဆီးမှ မကျန်ရအောင် အာကာဂေဟာမှ အစေခံများဖြင့် သယ်ယူသွားခဲ့သေးသည်။ သို့ဖြစ်၍လည်း …

မမတာရာက အဆောင်ထဲတွင် ပစ္စည်းများကို သိမ်းနေစဉ် … 'အိမ်ကိုပါ ချုတ်ယူလားခကယ် မကောင်းဘူးလား' ဟု စံပယ်က ဝင်ပြောလိုက်သည်။

မမတာရာသည် စံပယ့်ကို တစ်ချက်မျှ ရှူးရှူးဝါးဝါး ကြည့်လိုက်ပြီးနောက် စကား တစ်ခွန်း ဆိုလိုက်သည်။

'နင့်အစ်ကိုမှာ နင့်ပိုင် စိတ်ဓာတ်မျိုး မရှိစွာ တော်တော့ကို သနားဖို့ကောင်းရော့'

'ဇာ အစ်ကိုကို ပြောစွာရေး'

စံပယ်က အောက်ကျမခံဘဲ ပြန်၍ မေးလိုက်သည်။ မမတာရာသည် ခဏမျှ ငိုင်သွားသည်။ ပြီးမှ ပြုံးလိုက်ပြီး စကားကို ခပ်ရွဲ့ရွဲ့ ပြောလိုက်သည်။

'နင့်အစ်ကိုတိ အားလုံးကို ပြောစွာ'

မမတာရာသည် အဆောင်ထဲမှ ရှိသမျှပစ္စည်းများကို အစေခံများအား ထုပ်ပိုးစေပြီး နေ့လယ်အချိန်တွင်မှ စံပယ်ရို့ သာယာ ဂေဟာမှ မြင်းရထားများ၊ အထမ်းသမားများဖြင့် ထွက်ခွာသွားသည်။

စံပယ်သည် ထွက်ခွာသွားနှင့်သော မမတာရာ၏ ကျောပြင်ကို လှမ်းကြည့်ရင်း …

'အေတစ်ခါတော့ အာကာအမျိုးတွေနဲ့ အပြီးအပိုင် ပြတ်ကြဗျာယ်(ပြီ)' ဟု စိတ်ထဲမှ ရေရွတ်ကာ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

စံပယ်သည် အာကာအမျိုးနှင့် အပြတ်ကြီး ပြတ်ပြီဟု မုချ ယုံကြည်ခဲ့သည်။ သို့သော် ကံကြမ္မာသည် တစ်မျိုးတမည် ဖန်လာပြန်လေသည်။

*

## (၂)

မှတ်မှတ်ရရ စံပယ် ဆယ့်ရှစ်နှစ်မြောက် မွေးနေ့။

ဤနေ့တွင် စံပယ်တို့ မိသားစု၏ ဦးစီးခေါင်းဆောင် တာဝန်ကို ယူထားရသော အစ်ကိုလတ် ကိုသုခက သာစည် ဂေဟာတွင် စံပယ်၏ ဆယ့်ရှစ်နှစ်မြောက် မွေးနေ့ကို ရည်စူးကာ ဘုန်းတော်ကြီး ဆယ့်ရှစ်ပါးကို ဆွမ်းလုပ်ကျွေးလျက် ဖိတ်ကြားထားသော ဆွေမျိုး မိတ်သင်္ဂဟတို့ကိုလည်း မုန့်တီဖြင့် တည်ခင်းဧည့်ခံသည်။

နတ်တော်လ ဖြစ်သည့်အလျောက် နံနက် နေထန်းတဖျားသို့ ရောက်သည့်တိုင် သာစည်နယ်မြေတခိုတွင် မြေအပျိုကို နင်းလပျိုက ပွေ့ဆဲ ဖက်ဆဲ နမ်းစုတ်ဆဲ ....။

စံပယ်တို့ ဦးလေးဖြစ်သူ ဦးသာစည်သည် မနှစ်ကပင် ကွယ်လွန် အနိစ္စရောက်သွားခဲ့ပြီဖြစ်၍ တစ်ကြောင်း၊ စံပယ်၏ အစ်ကို အစ်ကိုလတ် ကိုသုခသည်လည်း မင်းမျိုးအနွယ်တော်ထဲမှ သီရိခင် အမည်ဆိုသော အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီးခဲ့သည်မှာ အတန်ကြာခဲ့ပြီ ဖြစ်သည်က တစ်ကြောင်းတို့ကြောင့် သာစည်ဂေဟာသည် စံပယ်တို့ အစ်ကိုလတ် ကိုသုခ၏ အုပ်ချုပ်မှု လက်အောက်သို့ ရောက်ရှိခဲ့ရသည်။

စံပယ်တို့ အစ်ကို ကိုသုခနှင့် ခင်ပွန်းဖြစ်သူ သီရိခင်တို့သည် သာစည်ဂေဟာနှင့် သာစည်နယ်မြေရှိ လယ်ယာကိုင်းကျွန်းများကို အုပ်ချုပ် လုပ်ကိုင်နေကြရသည်ဖြစ်ရာ စံပယ်တို့ ညီအစ်ကို မောင်နှမ တစ်သိုက်သည် သာစည်ဂေဟာကို ရက်ကန်းရှက်သလို ကူးချည်သန်းချည် လမ်းဖောက်နေကြသည်။

စံပယ်၏ မွေးနေ့ဖြစ်သော နတ်တော်လပြည့်နေ့က နံနက်စောစောတွင် ဘုန်းတော်ကြီးများကို အရုဏ်ဆွမ်း ကပ်လှူလိုက်ကြသည်။ ထို့နောက် ရောက်ရှိလာသော ဧည့်ပရိသတ်တို့ကို ရခိုင်မုန့်တီဖြင့် တည်ခင်း ဧည့်ခံကြသည်။

ထိုသို့ တည်ခင်း ဧည့်ခံနေကြစဲ…

မြောက်ဦးဆီမှ ပုသိမ်ခရိုင် နဂါးရစ်အငူတွင် ထကြွ သောင်းကျန်းလျက်ရှိသော သူပုန်သူကန်များကို သွားရောက် နှိမ်နင်းခဲ့သည့် မြောက်ဦးဘုရင်၏ ရေတပ်မတော်ကြီးသည် ကင်းမော် ဆိပ်ကမ်းသို့ ဆိုက်ရောက်လာပြီဟု သတင်း ထွက်လာသည်။

စံပယ်တို့ အစ်ကိုလတ် ကိုသုခသည် ဘုရင့် အနွယ်တော်ထဲမှ သီရိခင်နှင့် အိမ်ထောင်ကျခဲ့ရသောကြောင့် ကလန်သံပျင်ကြီး ရာထူးကို ချီးမြှင့် မြှောက်စားခြင်း ခံရသည်။ ထို့ကြောင့်လည်း ကင်းမော်ဆိပ်ကမ်းသို့ ရောက်ရှိလာသော မြောက်ဦးဘုရင် 'အလီခန်' မင်း၏ ရေတပ်မတော်ကြီးကို ခရီးဦးကြို ပြုရမည့်တာဝန် ရှိလာသည်။

ဒွါရာဝတီ သံတွဲကို ရင်ခွင်ပိုက် ဘုရင်မ အဖြစ်၊ အုပ်စိုးလျက်ရှိသည့် မိဖုရား စောသျှင်မိ ကိုယ်တိုင်ပင် မြောက်ဦးဘုရင်၏ ရေတပ်မတော်ကြီးမှ ဗိုလ်ချုပ်ဖြစ်သူနှင့်တကွ အရာရှိများအား ဒွါရာဝတီ နန်းတော်ထဲတွင် ဧည့်ခံရန် ပြင်ဆင်လျက်ရှိသည်ဟူသော သတင်းသည်ပင် ထွက်လာနေလေပြီ။

ထို့ကြောင့် ကလန်သံပျင်ကြီး (တိုက်နယ်စား) ရာထူးကို လက်ခံရရှိထားသော ကိုသုခသည် စံပယ်၏ မွေးနေ့မင်္ဂလာပွဲသို့ ကြွရောက်လာကြသော ဧည့်ပရိသတ်များအား အခွင့်ပန်လျက် ကင်းမော်ဆိပ်ကမ်းဘက်သို့ ထွက်ခွာသွားခဲ့သည်။

မကြာမီပင် စံပယ်တို့ သာစည်ဂေဟာ၏ အကြေအရပ်ဘက်တွင်ရှိသော ကင်းမော်ဆိပ်ကမ်းသို့ ရထားဖြင့်တစ်မျိုး မြင်းဖြင့်တစ်ဖုံ ခြေလျင်ဖြင့်တစ်သွယ် သွားနေကြသော ဒွါရာဝတီ မြို့သူမြို့သားများကို မြင်ကြရသည်။

ဒွါရာဝတီကို ရင်ခွင်ပိုက် ဘုရင်မအဖြစ် အုပ်ချုပ်လျက်ရှိသော မိဖုရား စောသျှင်မိသည် မြောက်ဦးဘုရင် အလီခန်၏ အာဏာစက်ရိပ်ကို ခိုလှုံနေရသူ ဖြစ်သည့်အလျောက် ကင်းမော်ဆိပ်ကမ်းသို့ ရောက်ရှိလာသော ဘုရင့် ရေတပ်မတော်မှ ဗိုလ်ချုပ်ကြီးအား အရေးတယူ ဧည့်ခံရန် စီစဉ်နေသည်ဖြစ်ရာ ဒွါရာဝတီ မြို့သူမြို့သားတို့သည် အလီခန်ဘုရင်၏ ရေတပ်မတော်ကြီးကို မည်သူမျှ အထင်မကြီးဘဲ မနေနိုင်ကြတော့ပါ။

မိဖုရား စောသျှင်မိသည် ဒွါရာဝတီဘုရင် နတ်ရွာစံ ကံတော်ကုန်ပြီးသည့်နောက် ထီးနန်းရိုက်ရာကို သားတော်ကြီး စောရန္တမိတ်ကိုလည်း မလွှဲ၊ သားတော်



ငယ် ဘာယမင်းရဲကိုလည်း မအပ်ဘဲ ရင်ခွင်ပိုက် ဘုရင်မအဖြစ်နှင့်သာ အုပ်စိုးနေခဲ့ရာ ဤသို့ အုပ်စိုးနိုင်အောင် လျှို့ဝှက်၍ အကူအညီပေးနေသူမှာ မြောက်ဦးဘုရင် အလီခန်ပင် ဖြစ်သည်ဟု သတင်းစကား ပြန့်ပွားနေခဲ့သည်။

ထို့ကြောင့် ဒွါရာဝတီ မြို့သူမြို့သားတို့သည် မြောက်ဦးဘုရင်၏ ရေတပ်မတော်ကြီးကို ကြည့်ရှုဝေဖန် အကဲခတ်နိုင်ကြရန် စမ်းရေတွင် ပန်းကြွေများ မျောပါနေကြသကဲ့သို့ မင်းလမ်းမကြီးပေါ်တွင် လူတွေ ရောင်စုံ စီးမျောနေကြသည်။

စံပယ်တို့ ညီအစ်ကိုမောင်နှမ တစ်စုတို့ကမူ ကြွရောက်လာကြသော ဧည့်ပရိသတ်တို့အား ဧည့်ခံနေကြရသဖြင့် အများနည်းတူ ရေတပ်ကြီးကို သွားရောက်ကြည့်ရှုခြင်းအမှု ပြုခွင့် မရကြတော့ပါ။

သို့သော် နေလယ်ဘက်တွင် ပြန်၍ ရောက်လာကြပြီ ဖြစ်သော စံပယ်တို့ အစ်ကိုလတ် ကိုသုခ၏ စကားကြောင့် မြောက်ဦး ဘုရင့်ရေတပ်မတော်မှ ဗိုလ်ချုပ်ကြီးနှင့်တကွ အရာရှိအရာခံများ အိမ်သို့ ရောက်လာကြလိမ့်မည် ဖြစ်ကြောင်း သတင်း ကြားသိရသည်။ ထိုသတင်းကို ကြားသိရသောအခါ စံပယ်သည် အကြောင်းမဲ့ စိတ်လှုပ်ရှားမှု ဖြစ်နေရသည်။

မိမိ မွေးနေ့ရက် ဧည့်ခံပွဲတွင် ဒွါရာဝတီ ပြည်သူတို့နှင့်တကွ ဘုရင်မကပါ လေးစားရသော အလီခန်ဘုရင်၏ ရေတပ်မတော်မှ ဗိုလ်ချုပ်ကြီးနှင့်တကွ အရာရှိအရာခံများပါ အကြောင်း တိုက်ဆိုင်စွာ ရောက်ရှိလာကြဦးမည် ဆိုသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်နေခဲ့ရသည်။

၎င်းတို့ လာရောက်ကြရမှာကလည်း ဘုရင့် အနွယ်တော်၏ ခင်ပွန်းလည်းဖြစ် တိုက်နယ်စားကြီး တစ်ဦးလည်း ဖြစ်သော စံပယ်တို့ အစ်ကိုလတ်သည် ဒွါရာဝတီ ရင်ခွင်ပိုက် ဘုရင်မကြီးက ကြီးမှူးကျင်းပသော ဘုရင့် ရေတပ်မတော် ဧည့်ခံပွဲသို့ အခြွေအရံ မိသားစုများနှင့်တကွ တက်ရောက်ခွင့် ပေးသနားခြင်း ခံထားရသူ၏ အိမ်ဖြစ်သောကြောင့်ဟုလည်း သိရသည်။

'အလီခန်ဘုရင်ရဲ့ ရေတပ်မတော်သားတွေသာ ဒွါရာဝတီမှာ တရိုကေချေကြာကြာ နေသွားရင်တော့ တို့ဒွါရာဝတီမှာ အပျိုမချေတိ ကျန်ဖို့ မဟုတ်တော့ပါဘူး၊ တို့အိမ်က လွဲရင်ပေါ့လေ'

စံပယ်၏ အစ်ကိုချေ ဝဏ္ဏသည် စံပယ်နှင့် စံပယ်၏ 'မေးမေ' (အစ်မလတ်) ခရေတို့ကို ရည်ရွယ်ပြီး ကျီစယ်သည့် စကားကို ဆိုလိုက်ခြင်း ဖြစ်သည်။ အကြောင်းမူ စံပယ်တို့ ညီအစ်မ လေးယောက်အနက် အစ်မ အကြီးဆုံး နှင်းဆီသည် လည်းကောင်း၊ အစ်မလတ် ခရေသာယာသည် လည်းကောင်း အိမ်ထောင် ကျကုန်

ကြပြီ ဖြစ်သည်။ အပျိုအဖြစ် ကျန်နေရစ်ကြသူတို့မှာ စံပယ်သာယာနှင့် ဖွန်သာယာ နှစ်ယောက်သာ သာယာအိမ်၊ သာယာမျိုးတွင် အပျိုဟူ၍ ကျန်နေရစ်ကြသောကြောင့် ဖြစ်သည်။ အစ်ကိုလတ် ကိုသုခက အစ်ကိုချေ ဝဏ္ဏစကားကို ထောက်ခံသကဲ့သို့ ရယ်ဖြဲဖြဲပြုလျက် စကားဆက်လိုက်ပြန်သည်။

'ဒွါရာဝတီက အပျိုမချောတိကို အလီခန်ဘုရင်ရဲ့ ရေတပ်စစ်သားရို့က သူရို့ရဲ့ စစ်သားကျင့် စစ်သားကြံအတိုင်း အကုန်လုံး လျှောက်ဆွဲပစ်လိုက်ပေမဲ့ ငရို့နှမချေ စံပယ်သာယာကတော့ အဆွဲခံရမှာလည်း မဟုတ်ပါဘူး၊ ယလောက် နှုတ်သီးကောင်းတဲ့ ငရို့၏ နှမချေကို ဘယ်လို လူမျိုးမှ လင်တော်ဝံ့မှာလည်း မဟုတ်ပါဘူး'

'အေပိုင် ... စံပယ်က သူများက ဆွဲတာနဲ့ လင်တော်ပစ်လိုက်ရမယ့် မိန်းမမျိုးလည်း မဟုတ်ဘူး၊ မိဘတွေ အစ်ကိုတွေက ရှာပေးမှ လင်တစ်ကောင် ရလာမယ့် မိန်းမမျိုးလည်း မဟုတ်ဘူး၊ ကိုယ် ကြိုက်တဲ့ သူကို ကိုယ့်ဘာသာ ကိုယ် ရှာယူမယ့် မိန်းမ အစ်ကိုရို့ အေမျက်နှာ ကြည့်ထား'

အစ်ကို နှစ်ယောက်တို့သည် စံပယ်က နှုတ်ခမ်းတလံ ပါးတလံ ဖြစ်အောင် ရန်တွေ့လိုက်သည်ကို တဟားဟားဖြင့် ပွဲကျနေကြသည်။ အမှန်အားဖြင့် စံပယ်သည် နှမတွေထဲတွင် အထွေးဆုံး နှမချေ ဖြစ်သောကြောင့် အစ်ကိုတွေနှင့်တကွ အစ်မ တွေကပါ ဝိုင်းဗန်း အလိုလိုက်ထားကြသောကြောင့် ဒိုးဒိုးဒေါက်ဒေါက် ပြောရဲပြုရဲ ဆိုးနွဲ့ရဲသူ ဖြစ်ခဲ့သည်။

ထိုနေ့ညက စံပယ်တို့က မိသားစု အားလုံး ဒွါရာဝတီ ရင်ခွင်ပိုက် ဘုရင်မ **စောသျှင်မိ**၏ 'မြောက်ဦး ဘုရင့် ရေတပ်မတော်သားများ ညှော်ခံပွဲ' သို့ သွားကြရပုံ ကို ဒွါရဝတီ ပြည်သူ ပြည်သားတို့သည် မေ့မရအောင် ပြောစမှတ်ပြုလျက် ရှိကြသည်။

မြေနုကျွန်းပေါ်ရှိ မြစ်ချောင်းတို့၌ မိုးနှင့် ဆောင်းအကူးတွင် ဒိုက်သရော များ ကြိတ်ကြိတ် အသံပြု၍ ရေပြင်ဖုံးအောင် ဝေ့စီးဆင်းနေကြသကဲ့သို့ လူတို့သည် လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့တွင် ကြိတ်ကြိတ်မြည်လျက် တိုးဝှေ့သွားလာ နေကြသည်။ ရောင်စုံရောလျက်ရှိသော လူစီးကြောင်းကြီးသည် ညှော်ခံပွဲ အခမ်းအနား ရှိရာသို့ အဟုန်ဖြင့် စီးဆင်းသွားကြသည်။ ဒွါရာဝတီ ဘုရင်မ၏ ဂုဏ်သရေရှိ မင်းပရိသတ်တို့သည် သီးသန့်ပြုထားသော နေရာတို့တွင် ပန်းတောကြီး ရုံလုံး ပွင့်နေကြသကဲ့သို့ ယိမ်းနွဲ့လှုပ်ယမ်းရင်း တင့်တယ်နေကြလျက် သာမန် ပြည်သူ ပြည်သားတို့ကမူ မလှမပ အပွင့်အရောင်တို့ဖြင့် ထူပြောသော မြက်သောသော ကဲ့သို့ ရှိနေကြသည်။



ညှော်ခံပွဲ အစီအစဉ်များ၌ လှေပြိုင်ပွဲ၊ နွားပြိုင်ပွဲ၊ ကျွဲတိုက်ပွဲ၊ ကျင်ပြိုင်ပွဲများ ပါဝင်သည်။ ညှော့်သည် ရေတပ်မတော်သားတို့နှင့် ဒွါရာဝတီ ဘုရင်မ၏ မှူးမတ် ဗိုလ်ပါများ ရင်းနှီးခင်မင်မှု ရကြစေရန် လှေပြိုင်ပွဲနှင့် ကျင်ပြိုင်ပွဲတို့တွင် အသီးသီး သူ့ဘက် ကိုယ့်ဘက် ပါဝင်ယှဉ်ပြိုင်မှု ပြုစေခဲ့သည်။

ညှော့်ပတ် ကျေပွန်ကြရမည့် ဘုရင်မနှင့် မှူးကြီးမတ်ရာတို့မှ တစ်ပါး ဒွါရာဝတီသား အားလုံးတို့သည် ညှော့်သည်ကို အားပေးခြင်းမပြုဘဲ မိမိတို့ ဒွါရာ ဝတီဘက်ကိုသာ အားပေးကြသည်။ သို့သော် ခက်နေသည်က ဒွါရာဝတီသား တို့သည် တကယ် အလေ့အကျင့် ရှိထားကြပြီးမှ မိမိပိုင်နက်ကို ကာကွယ်ရန်၊ သူတစ်ပါးပိုင်နက်ကို ကျူးကျော်ရန် ပွဲစည်းထားသော ညှော့်သည် စစ်သားကြမ်းကြီး များကို လှေပြိုင်တွင် လည်းကောင်း၊ ကျင်ပြိုင်ပွဲတွင် လည်းကောင်း တရှုံးတည်း ရှုံးနေကြခြင်းပင် ဖြစ်သည်။

စံပယ်သည် အခြားသော ရခိုင် အမျိုးသမီးများနည်းတူ မိမိတို့ဘက်မှ ရှုံးနိမ့်နေခြင်းကို မခံမရပ်နိုင် ဖြစ်လျက် အခြားပွဲများ သွားရောက် ကြည့်တော့မည် ဟု အစ်မ နှင်းဆီကို အဖော်ပြုလျက် ထွက်ခဲ့သည်။

အစီအစဉ်အရ ပြိုင်ပွဲများ အားလုံးပြီးမှ ထမင်းဝိုင်းကြီးဖြင့် တည်ခင်း ညှော့်ခံလိမ့်မည်ဖြစ်ရာ စံပယ်တို့အဖို့ လည်ပတ်ကြည့်ရှုရန် အချိန် အတော်ကြာကြာ ရလျက် ရှိနေကြသည်။

စံပယ်သည် ဒေါသ ဖြစ်နေသည်။ မိမိတို့ဘက်မှ တရှုံးတည်း ရှုံး၊ ရှုံးနေရတဲ့ လူချင်း ယှဉ်ပြိုင်ရသည့်ပွဲကို မကြည့်လိုဟု ဆို၏။ ဒေါသကြောင့် စိတ်မြန်ကိုယ်မြန် ဖြစ်နေရသည့် စံပယ်ကို အစ်မကြီး နှင်းဆီက မမီနိုင်အောင် ရှိနေရ၏။ 'ဟဲ့ ... ဖြည်းဖြည်းသွားပါဟဲ့' ဟု ပြောနေစဉ် သစ်ပင်ဘိပ်ဖျားတို့ပင်လျှင် ရိုက်ခတ် လှုပ်ရှားသွားလေသလားဟု ထင်ရလောက်သော အသံကြီးတစ်ခုက ကောင်းကင်ယံ သို့ ဘောင်ဘင် ရိုက်ခတ်လျက် ပေါ်လာသည်။ မရှေးမနှောင်းပင် လူအုပ်ကြီးသည် ဒီလှိုင်းလုံးကြီးတက်လာသလို လှုပ်ရှား ရွေ့ပိလာပြီး ညီအစ်မနှစ်ယောက်တို့ကို တစ်ယောက် တစ်ကွဲစီဖြစ်အောင် ညှပ်ယူသွားခဲ့သည်။ စံပယ်သည် မြေကြီးနှင့် ခြေထောက် မထိလိုက်ဘဲ နေရာ အတော်ဝေးဝေးသို့ ရောက်အောင် အတင်း တိုး ဝှေ့နေကြသော လူထုကြီးထဲသို့ ညပ်ပါသွားသည်။

အသက်ရှုကျပ်ခြင်း၊ အနံ့အသက်တို့က ဆိုးရွားခြင်းတို့ကြောင့် မြေကြီးနှင့် ခြေထောက် ထိမိသည်နှင့် တစ်ပြိုင်နက် မည်သည့်ဘက်သို့ ဟူ၍ ဦးတည်ချက် မထားတော့ဘဲ တိုးဝှေ့သွားရောက်ရန် လွယ်ကူမည့်ဘက်သို့သာ အတင်း တိုးရတော့ သည်။

အတော်ကလေး သွားမိသောအခါ လူတွေ တိုးဝှေ့နေရာမှ လွတ်လျက် ငြိမ်သက် စိတ်ဝင်စားနေကြသည့် နေရာသို့ ရောက်လာ၏။ စံပယ်သည် လူစီးကြောင်းကြီး အတွင်းသို့ ဆက်လက် ဝင်ရောက် မျောပါရမည်ကို ကြောက်လာ၏။ ယခုလည်း ကျပ်ညှပ်နေသည့် နေရာတွင် အသက်ရှူ မဝနိုင်သလို ဖြစ်လာသည်။ စံပယ်၏ ကိုယ်မှ ရွှဲရွှဲစိုလာသော ချွေးနှင့် အီစတန် ရေမွှေးနံ့တို့သည် အခြားသူများအတွက် အမောပြေစရာ ရနံ့တစ်ခု ဖြစ်သော်လည်း စံပယ်အဖို့က မထူးခြား။

စံပယ်က အသက်ရှူရချောင်မည့် ကွက်လပ်မြင်ရာသို့ ခဲခဲရင်းရင်း တိုးဝှေ့ဝင်ရောက်သွားခဲ့သည်။ မကြာမီ စံပယ်သည် ဒရှေ့ဆုံးသို့ ရောက်လာ၏။ ရှေ့တွင် ကွက်လပ်ကြီး ရှိသောကြောင့် အသက်ရှူလည်း ချောင်သွား၏။ သို့သော် ကွက်လပ်ကြီး ရှေ့ဆုံးတွင် ရောက်နေရခြင်းသည် ဘေးရန်နှင့် နီးကပ်လွန်းလှသဖြင့် မည်သည့် မိန်းကလေး တစ်ယောက်တလေမျှ မရှိကြ။

မျက်လုံးတို့သည် ခဏတာမျှ စံပယ် ရှိရာသို့ စုပြုံ ရောက်လာကြ၏။ သို့သော် စံပယ်၏ အလှအပသည် ထိုသူတို့အဖို့ ကွင်းလယ် တစ်နေရာတွင် လူနှစ်ယောက် မနိုင်မနင်း ကိုင်ထားရသည့် ကျွဲပေါက်ကြီးလောက် စိတ်ဝင်စားစရာ မရှိပေ။

ကျွဲပေါက်ကြီးသည် မြေပြင်ကို ခွာဖြင့် ရုပ်လိုက်၊ နောက်ခြေ ချောင်းပစ်၍ သေးပေါက်လိုက်၊ မိုးကို မော့လိုက်ဖြင့် တရှူးရှူး တရှူရှူ ဖြစ်နေသည်ကို စိတ်ဝင်စားနေကြသည်။ ကျွဲပေါက်ကြီး၏ နောက်မှ ကျွဲဆွဲလုပ်မည့် သူကလည်း ကျွဲပေါက်ကြီး၏ ရှေ့သို့ ရောက်လာလျက် ထိပ်လယ်မှ ကြာဖြူခွက်ကြီးကို သပ်လိုက်၊ ကျွဲပေါက်ကြီးကို ကြည့်၍ လက်ကို ဝေ့ဝိုင်းပြီး ခေါင်းယမ်းပြလိုက်၊ ကျွဲပေါက်ကြီးက လူပြသည့်အတိုင်း ခေါင်းကို ယမ်းလိုက်၊ ကိုင်းထားသူ နှစ်ယောက်က မနည်း ထိန်းချုပ် ကိုင်ထားလိုက်၊ ကျွဲဆွဲက ကျေနပ် သဘောကျကာ နောက်ဘက်သို့ လွှားခနဲ ကပ်ခုန်လိုက်ပြီး ကျွဲကြီး၏ ဘေးတွင် ကိုက်နေသော ခြင်မှက်တို့ကို ပုတ်ပေးဟန်ပြုလျက် ကျွဲကြီး၏ ကျောပေါ်မှ ကျော်ကာ ဖျတ်ခနဲ တစ်ဖက်သို့ ခုန်ချလိုက်၊ ထို့နောက် ထိုနည်းအတိုင်း ထပ်၍ တစ်ဖက်သို့ ခုန်ပျံပြတော့မည်ကဲ့သို့ ကျွဲကြီး၏ ဝမ်းဗိုက်အောက်မှ ရုတ်ခနဲ တစ်ဖက်သို့ ကူးရင်း ကျွဲကြီး၏ စိတ်ထလာအောင် ကျွဲကြီး၏ တွဲလွဲကျနေသော သိုကို ပွတ်သပ် စသွားလိုက်ဖြင့် ပြုလုပ်ပြနေသည်။ ပရိသတ်သည် ဤပွဲကိုမှ မကြည့်ရသေးမီ ဟင်ခနဲ၊ ဟာခနဲ၊ ဟိုက်ခဲနဲ စိတ်လှုပ်ရှားလျက် ရင်တမမ ရှိနေကြရသည်။



ထိုစဉ် တစ်ဖက်မှ ပြိုင်ဘက်ဖြစ်သော ကျွဲကြီးကို လူသုံးယောက် ဝိုင်းရံလျက် ကွင်းထဲသို့ ဝင်ရောက်လာသည်။ ကျွဲကြီးက ရှိနှင့်သော ကျွဲကြီးကဲ့သို့ တုတ်တုတ်ခိုင်ခိုင် မဟုတ်ဘဲ ကြော့ကြော့မော့မော့ ခပ်ကျစ်ကျစ် ကိုယ်လက်ခြေတို့တွင် အဖုအထစ်တို့ဖြင့် အရစ်ရစ် ထနေသည်။ သို့သော် လည်ဘိုးကြီး တုတ်ခိုင်မှုကတော့ ရှိနှင့်သော ကျွဲကြီးနှင့် တန်းတူ ဖြစ်သည်။ ရှိနှင့်သော ကျွဲကြီးက ချိုက်ပိုက်၊ ယခုလာသည့် ကျွဲကြီးက ချိုကားကား …

ဝင်လာပုံကလည်း လှုပ်လှုပ်ရှားရှား၊ ဗလ ကောင်းကောင်း နှစ်ယောက်သားဟို့က ရုန်းကန် လှုပ်ယမ်းနေသော ကျွဲကြီး၏ ဦးခေါင်းမှ ဘယ်ညာ ညှပ်လျက်ကြိုးတစ်စစီ ဆွဲလျက် ကျွဲကြီးနှင့် အတူ အပြေးကလေး …

ကျွဲဆွဲဖြစ်သူက ကျွဲကြီးရှေ့မှ စရင်း ကျွဲကြီးကို ပတ်ပတ်လှည့်လျက် ခုန်တက် ခုန်ဆင်းပြုလျက် ကျွဲဗိုက်အောက်မှ ဝင်ပြီး သိုကိုပုတ်သွား၊ ဆွဲသွားလိုက် လက်ထဲရှိ ငှက်ပျောဖီးမှ ငှက်ပျောသီးများကို ခြွေလျက် ပြောင်စ ပစ်ပေါက်လိုက်တိုင်း ကျွဲကြီးက ချိုများဖြင့် တပ်ခနဲ တပ်ခနဲ ထိအောင် ခတ်စေလျက် ကွင်းကြီး၏ အစပ် ကြည့်နေကြသည့် ပရိသတ်ဘေးမှ ပတ်၍ ဝင်လာကြခြင်း ဖြစ်သည်။

ကြွေးကြော် ဩဘာပေးလိုက်ကြသော အသံကြီးနှင့်အတူ ပရိသတ်သည် ရုတ်ရုတ်သဲသဲ အုတ်အုတ်ကျက်ကျက် ဖြစ်လာသည်။ ထိုအသံတို့သည် စောစောကအတိုင်း သစ်ပင်ထိပ်ဖျားတွေ လှုပ်ခါသွားအောင် ဘောင်ဘင်ရိုက်ခတ်၍ ကောင်းကင်သို့ လွင့်ပျံ့တက်သွားသည်ဖြစ်ရာ စံပယ်သည် ခပ်စောစောက အသံသည်လည်း ပထမ ကျွဲပေါက်ကြီး ဝင်လာ၍ ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းလိုက်နိုင်သည်။

စံပယ်၏ အနီးတွင် ရှိနေကြသူတို့၏ ပြောကြားချက်အရ ထိုကျွဲတိုက်ပွဲကြီးမှာ မြောက်ဦးဘုရင့် ရေတပ်မတော်မှ ရေတပ် ဗိုလ်ချုပ်ကြီး ကိုယ်တိုင် ဆုတော်ငွေတုံး သုံးပိဿာနှင့် ပတ္တမြား တစ်ချိ ချီးမြှင့် ပေးသနားမည့် ပြိုင်ပွဲကြီး ဖြစ်သောကြောင့်လည်း ဤမျှ လူစည်ကားလှသည်ဟု သိရသည်။

ကျွဲနှစ်ကောင်လုံးမှာ ဒွါရာဝတီမှ ကျွဲတွေချည်း ဖြစ်သော်လည်း မြောက်ဦးဘုရင့် ရေတပ်မတော်မှ ဗိုလ်ချုပ်ကြီးနှင့် ဒွါရာဝတီ ဘုရင်မ၏ ကိုယ်ရံတော်ဗိုလ်ချုပ်ကြီးတို့ တစ်ယောက် တစ်ကောင်စီ ရွေးချယ်ကြကာ အလောင်းအစားကြီးစွာဖြင့် တိုက်ကြသောပွဲ ဖြစ်သည်။

'မြောက်ဦးဘုရင်ရဲ့ ရေတပ်ဗိုလ်ချုပ်က အကင်းပါးတယ်ကွ၊ နိုင်မယ့် ကျွဲကို ရွေးတတ်တယ်၊ ဒါပေမဲ့ ကျွဲဆွဲတွေက ဒွါရာဝတီကချည်း မဟုတ်လား၊ တို့ဘက်က နိုင်အောင် လုပ်ဖို့ သေချာပါတယ်'

စံပယ်သည် ထိုကြားရသော စကားတို့ကြောင့် ပို၍ စိတ်ဝင်စားမိရသည်။ ဒွါရာဝတီဘက်က နိုင်သည်ကိုသာ ကြည့်ချင် ကြားချင်နေရသည့်ဆဲဆဲ မတိုက်မီကပင် ရင်ဖိုစရာ မြင်နေရသောကြောင့် ကျေနပ် နှစ်သိမ့်နေသည်။

နောက်ဝင်လာသော ကျွဲကြီးက မြောက်ဦးဘုရင် ရေတပ်မတော် ဗိုလ်ချုပ်ကြီး လောင်းကစားမည့်ကျွဲ ဖြစ်သည်။ ဒွါရာဝတီ ဘုရင်မကြီးကိုယ်တိုင် ဒိုင်လုပ်၍ ဒွါရာဝတီ ကိုယ်ရံတပ်မှူး ဗိုလ်ချုပ်ကြီးနှင့် မြောက်ဦးဘုရင် ရေတပ်မတော် ဗိုလ်ချုပ်ကြီးတို့က လက်ရင်းပြုလျက် လောင်းကစားကြမည့်ပွဲ ဖြစ်သည်။ ကျွဲနှစ်ကောင်လုံး အနက် နိုင်သည့်ကျွဲကို ပတ္တမြားတက်ချီနှင့် ငွေတော် ခုတ်သား သုံးပိဿာကို မြောက်ဦးဘုရင့် ရေစာပ ဗိုလ်ချုပ်ကြီးက သီးသန့် ချီးမြှင့်လိမ့်ဦးမည် ဖြစ်ရာ ဤလောင်းကစားပွဲသည် အရှုံးအနိုင် အကြိတ်အနယ် လောင်းကစားခြင်း သက်သက် မဟုတ်ဘဲ ချစ်ကြည်ရေးသဘောသက်သက်ကဲ့သို့ ဖြစ်သည်ဟု ဆိုနိုင်သည်။ သို့သော် အပျော်လောင်းကြေး ဆိုသည်ကလည်း များလှပါဘိကောင်း။

ကျွဲကြီးနှစ်ကောင် စောင်နေကြပြီးနောက် တာစူ၍ နေစဉ် ပရိသတ်သည် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်နေ၏။

ဒွါရာဝတီဘက်မှ ကျွဲကြီးက အလုံးအထည်တုတ်၍ ကြီးခိုင်သည်။ ချိုဝိုက်ဝိုက်ကြီး ဖြစ်သည်။ ဧည့်သည် ဗိုလ်ချုပ်ကြီးဘက်မှ ကျွဲက ကျောသည်၊ ကျစ်သည်၊ ဒေါက်ရှိသည်။ သို့သော် တိုက်ကျွဲတို့၏ အားဟု ဆိုကြသော လည်တိုင်ကြီးကမူ ကျွဲကြီးနှစ်ကောင် တူညီကြသည်ဟု ဆိုနိုင်သည်။

ချိုချင်း ယှက်မိကြသည်နှင့် တစ်ပြိုင်နက် ဧည့်သည် ဗိုလ်ချုပ်ကြီး၏ ကျွဲက အခတ်သွက်သွက် ခတ်သည်။ ဒွါရာဝတီဘက်မှ ကျွဲက စူးအောင် ခတ်ရန်ထက် အားဖြင့်ဆောင့်ရန် အားသန်သည်။ သို့သော် ဆောင့်ရန်ကလည်း မလွယ်လှ၊ ဒွါရာဝတီဘက်မှ ဆောင့်လိုက်တိုင်း ဧည့်သည် ဗိုလ်ချုပ်ကြီးဘက်မှ ကျွဲက ချိုဖြင့် ထောက်၍ ထောက်၍ ခံတတ်သည်။

ကျွဲဆွဲတို့က ဒွါရာဝတီဘက်မှ ပင်းပေးမှသာလျှင် ဒွါရာဝတီဘက်က ကျွဲမှာ နိုင်စရာ ရှိသည်။ သို့သော် ကျွဲဆွဲကို ကြည့်ရသည်မှာ ပင်းပုံ မပေါ်။

တိုက်ပွဲမှာ လူရော ကျွဲပါ တိုက်သည့်ပွဲ ဖြစ်သည်။ မိမိ ကျွဲ၏ ချိုကို ကိုင်၍ တစ်ဖက်ကျွဲ၏ လည်မျိုကို တည့်တည့်ဝင်အောင် ထိုးပေးနိုင်သည်။ မိမိ ကျွဲ၏ ချိုကို ကိုင်၍ တစ်ဖက်ကျွဲ၏ လက်ပတ်ကို တည့်တည့်မိအောင် ထိုးပေးနိုင်သည်။ တစ်ဖက်ကျွဲမှ မိမိကျွဲကို ချိုစူးရှ တန်းလန်း ဖြစ်နေလျှင်လည်း ရုတ်တရက် ဝင်ရောက် ဖြုတ်နိုင်သည်။ ထိုသို့ ဖြုတ်လိုက်စဉ် မိမိ ကျွဲက တစ်ဖက်မှ



ကျွဲဆွဲကို လိုက်၍ ခတ်အောင်လည်း ပြုနိုင်သည်။ အကြိတ်အနယ် ဖြစ်လာပါက လူချင်း မည်သို့မျှ မပြုကြရသော်လည်း မိမိကျွဲက ဖြစ်စေ သူ့ကျွဲက ဖြစ်စေ လူကို ခတ်ပစ်လိုက်အောင် ပြုလုပ်ပိုင်ခွင့် ရှိသည်။ ထို့ကြောင့် တကယ့် အကြိတ်အနယ် အခြေအနေသို့ ရောက်လာသောအခါ ကျွဲဆွဲနှစ်ဦးတို့ ကွင်းလယ်တွင် စကားအချေအတင် ပြောခြင်း တစ်ဦးနှင့် တစ်ဦး ရန်စောင်ခြင်း စသည်တို့ကို တွေ့လာကြရသည်။

ဆူညံနေသော ပရိသတ်သည် ကျွဲဆွဲတို့၏ စကားကို မကြားနိုင်ကြသော်လည်း ဟန်ပန်အနေအထားတို့ကြောင့် တကယ် ပီပီပြင်ပြင် တိုက်နေကြပြီဟု ရိပ်စားမိလာကြသည်။

ပရိသတ်တို့ ရိပ်စားမိကြသည့် အတိုင်းလည်း တကယ် မှန်သည်။ ဒွါရာဝတီဘက်မှ ကျွဲသည် ကျွဲမိုက်ဖြစ်၍ ဧည့်သည် ဗိုလ်ချုပ်က လောင်းထားသည့် ကျွဲသည် ကျွဲနပ် ဖြစ်သည်။ လူလောက်နီးနီး အသိရှိသည်။

'အဝေး သားကြီး၊ ဆုတ်ဆုတ်တက်တက် လှုပ်လှုပ်ယှက်ယှက် လုပ်ပီး ဝေး'

ဟု အော်လိုက်သည်။ ဧည့်ဗိုလ်ချုပ်၏ ကျွဲသည် ချက်ချင်း အခတ်ပြောင်းသွား၏။ ခေါင်းချင်းဆိုင်၍ အားသွန်ခတ်ခြင်းမျိုးဖြင့် မခတ်၊ အနည်းငယ်မျှသာ တောင့်ခံပြီးလျှင် ချိုကို ဘယ်ညာ ခါတွက်၍ ခတ်ဆုတ် ဆုတ်၏။ ဒွါရာဝတီဘက် ကျွဲကြီး လည်မျို နားသယ်စပ်တို့နှင့် ခေါင်းတို့တွင် သွေးချင်းချင်း ယိုကျလျက် ဒဏ်ရာ ငါးချက်ခန့် ရသွား၏။

အမြင်အားဖြင့် ဧည့်ဗိုလ်ချုပ်၏ ကျွဲက ဆုတ်သွားသော်လည်း ဒဏ်ရာ ရခံရသည်က ဒွါရာဝတီဘက်မှ လိုက်ကျွဲကြီး ဖြစ်၏။ လိုက်ကျွဲကြီးသည် လိုက်ရင်း ဒဏ်ရာကြောင့် ဘေးသို့ လည်လျက် ဧည့်ဗိုလ်ချုပ်၏ ကျွဲဘေးသို့ လွန်တက်သွား၏။ ဤတွင် ရပ်ကျန်ရစ်ခဲ့သော ဧည့်ဗိုလ်ချုပ်၏ ကျွဲကြီးက ၎င်းကို ဖက်ပြုလျက် လွန်သွားသည်။ ဒွါရာဝတီ ကျွဲကြီး၏ ဖင်ပိုင်းကို ဘယ်ညာ တွက်ခါခတ်လျက် လိုက်သွား၏။ ဒွါရာဝတီ ကျွဲကြီးက ရပ်တန့်လိုက်သည်နှင့် ဧည့်ဗိုလ်ချုပ်ဘက်မှ ကျွဲဆွဲက 'ပြီဝေး ပြီဝေး (ပြေးဟေ့ ပြေးဟေ့)' ဟု အော်လိုက်သည်နှင့် တုံ့ဆိုင်း ရပ်တန့်နေသည့် ဒွါရာဝတီ ကျွဲကြီး၏ နောက်ပိုင်းကို တအား ကျုံးအော်လိုက်၏။

ဒွါရာဝတီဘက်မှ ကျွဲကြီး၏ ပေါင်းရင်းသို့ ချိုအစိုက်လိုက်တွင် ဧည့်ဗိုလ်ချုပ်ဘက်မှ ကျွဲဆွဲက ချိုကို ကိုင်၍ လူအားပါ ဖိထိုးပေးလိုက်သည်။

တိုက်ပွဲသည် တစ်ဖက်သတ်ကဲ့သို့ ဖြစ်နေ၏။ ပွဲတစ်ခုလုံး ဆူနေ၏။ ညွှဲ့ဗိုလ်ချုပ်ဘက်မှ ကျွဲဆွဲကိုလည်း သည်သို့ လုပ်ရမလားဟု ဆဲသံ ဆူသံများ ထွက်လာ၏။ ဒွါရာဝတီဘက်မှ ကျွဲဆွဲကိုလည်း ပျင်းရ ညံ့ရမလားဟု ဆဲကြ၏။ လူတွေ အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြ၏။

ထိုစဉ် ဒွါရာဝတီဘက်မှ ကျွဲဆွဲကလည်း ညွှဲ့ဗိုလ်ချုပ်ဘက်မှ ကျွဲဆွဲကို ဆဲ၏။ 'နင် သစ္စာဖောက်၊ နင် အေပွဲမှာ အသက်ရှင် ကျန်ရစ်ရင်၊ ပွဲပြီးကေ နင် အသေပဲ၊ ငါရို့ ကိုယ်ရံတော် ဗိုလ်ချုပ်က မသတ်ခင် နင့်ကို ငရို့ သတ်မယ်' ဟု ကြုံးဝါးလျက် ၎င်း၏ ကျွဲကြီးပေါင်ရင်းသို့ တန်းလန်း စူးဝင်နေသည့် တစ်ဖက်ကျွဲ၏ ချိုပေါ်သို့ လူပါ ခုန်တက် ဖိဖြုတ်ပေးလိုက်၏။

ညွှဲ့ဗိုလ်ချုပ်၏ ကျွဲဆွဲကလည်း ငါက ဒွါရာဝတီသားတိ လိမ်ညစ်ပြီး လောင်းကစား လိုက်တယ် ဆိုတဲ့ နာမည်ပျက်မှုကို မြောက်ဦးဘုရင် ဘက်တော်သားတွေက ပြောစမှတ် ပြုမနေကြဖို့နှင့် အမြဲ ဒွါရဝတီကို ယုံယုံကြည်ကြည် ပေါင်းသင်းနေဖို့ အတွက် ငါ့အသက်နှင့် လဲပြီး ဒွါရဝတီဘက်က ကာကွယ်ရမယ်ဟု ဆို၏။

ထိုသို့ ပြောစဉ် ဒွါရာဝတီဘက်မှ ကျွဲဆွဲသည် ၎င်း၏ ကျွဲကြီးကို သင်ကြား ထားသည့် အချက်ပြလိုက်၏။ 'ဒါ နင် အသံကောင်း ဟစ်တာ၊ ညွှဲ့ဗိုလ်ချုပ်ဆီ က နင် ငွေ ဘယ်လောက် ရတယ်ဆိုတာ ငါ မသိသလား၊ ခွေးသစ္စာဖောက်၊ အဲဒါ နင့်သင်္ဂြိုဟ် စရိတ်ပဲ' ဟု ပြောနေစဉ် ဒွါရာဝတီဘက်မှ ကျွဲကြီးက ရုတ်တရက် လှည့်လာပြီး ညွှဲ့ဗိုလ်ချုပ်ဘက်မှ ကျွဲဆွဲကို ပြေးကျုံးလိုက်၏။ ပရိသတ်ကြီးဆီမှ ဟယ်ခနဲ အသံ ထွက်လာ၏။ အမှတ်မထင် ဖြစ်လိုက်သော်လည်း ဘေးသို့ ခုန်၍ တိမ်းလိုက်နိုင်သဖြင့် သီသီကလေး လွတ်သွားခဲ့၏။ ကျွဲကြီး၏ ခြေတစ်ဖက်က နာနေသောကြောင့်လည်း လွတ်သွားရခြင်း ဖြစ်၏။ သို့သော် ကျွဲကြီးက တန့်ရပ်လိုက်ပြီး လူကို သက်သက် လိုက်ခတ်သွား၏။ ပရိသတ်ကြီးဆီမှ တစ်ခဲနက် အသံ ထွက်လာ၏။

'ဟယ် …'

'ဟာ …'

'ဟင် …'

'ဟယ် …'

'ဟယ် …'



ဟာ … ဟူသော အသံများ ထိုအသံတို့နှင့်အတူ အားပေးသံတို့လည်း ပေါ်လာ၏။ 'ဟုတ်တေ ဟုတ်တေ ခတ်ခတ်မိအောင် ခတ်' ဟူသော အသံမျိုးတွေ ပိုဆူလာ၏။ ညွှဲ့ဗိုလ်ချုပ်ကျွဲက ဒွါရဝတီကျွဲကို အတင်း ဝင်ခတ်ပြန်၏။ ဒွါရဝတီကျွဲ က ညွှဲ့ဗိုလ်ချုပ် ကျွဲဆွဲကို ခတ်၏။ ညွှဲ့ဗိုလ်ချုပ်၏ ကျွဲဆွဲက ရှောင်တိမ်းရင်း ၎င်း၏ ကျွဲကို ဟစ်အော် အချက်ပေး၏။ ညွှဲ့ဗိုလ်ချုပ်ဘက်မှ ကျွဲက ဒွါရာဝတီ ကျွဲဆွဲကို လှည့်ခတ်၏။ တစ်ခဏအတွင်း ကျွဲနှစ်ကောင်စလုံး လူကိုလည်း ခတ် ကျွဲချင်းလည်း ခတ်ပြုလာ၏။ ကြည့်နေကြရသော ပရိသတ်တို့ ရင်တလှပ်လှပ်ဖြင့် အသက်ရှူရန် မေ့နေကြ၏။ ကျွဲဆွဲ နှစ်ယောက်စလုံး ကျွဲချိုဖျားတို့မှ ပွတ်ကာသီကာ လွတ်နေကြ၏။ ညွှဲ့ဗိုလ်ချုပ်ဘက်မှ ကျွဲသည် ကျွဲချင်း ဆိုင်ခတ်နေရာမှ ရုတ်တရက် ဒွါရာဝတီ ကျွဲဆွဲကို လှည့်ခတ်လိုက်၏။ ရှောင်လိုက်သောကြောင့် ချိုဦးဖြင့် မထိသော် လည်း လွင့်စင်သွား၏။ ထွေးခနဲ ကျလာသည့် လူကို ဒွါရာဝတီဘက်မှ ကျွဲကြီးက ကျုံးခတ်လိုက်၏။ ပရိသတ်၏ အော်လိုက်သံနှင့် အတူ ကျွဲဆွဲသည် ကျွဲကြီး၏ ချိုဖျားသို့ လွင့်မြောက်ပါသွားရာမှ မြေသို့ ကျလျက် ထမလာတော့။ ကျွဲကြီးက နောက်တစ်ကြိမ် ခတ်ရန် အရှိန်ယူလိုက်ပြီးမှ ရပ်ပစ်လိုက်၏။ သခင်မှန်း သိသွား၏။

ပရိသတ်ကြီးက အုန်းအုန်းကျွက်ကျွက် ရုတ်ရုတ်သဲသဲ ဖြစ်လာ၏။ 'ဝေး … လားကြည့်ကတ်၊ ကွင်းထဲ ဝင်ပြီးလား ကြည့်ကတ်၊ သေပလား ဆေးကုကေရဖို့ လား' ဟု အော်ကြ၏။

ထိုအချိန် ညွှဲ့ဗိုလ်ချုပ်လောင်းသည့် ကျွဲက ဒွါရာဝတီဘက် ကျွဲကို အပြင်း အထန် ဆီးဆို့ခတ်၏။ ဝဲမှ ပတ်ခတ်၊ ယာမှ ပတ်ခတ်ဖြင့် ပျားတုပ်သလို ခတ်နေသောကြောင့် ဒွါရာဝတီ ကျွဲကြီး မှိုင်လာ၏။ ပရိသတ်ထဲမှ …

'ဝေး … ကျွဲဆွဲလူကို ကြည့်ဝေး၊ ကျွဲကို မကြည့်နဲ့'

'ဝေး … ဒါ လူရော ကျွဲရော တိုက်နေတာ လူကို မကြည့်နဲ့၊ ကျွဲကြည့်'

ပရိသတ်သည် ပို၍ လှုပ်လာ၏။ လူအချို့ ကွင်းထဲသို့ ဆင်းလာ၏။ ထိုအချိန် ဒွါရာဝတီ ကျွဲကြီးက လှည့်ပြေးရင်း ကျွဲဆွဲကို ခတ်၏။ နောက်ကျွဲက ဒွါရာဝတီကျွဲကို ခတ်၏။ ကျွဲဆွဲ လွတ်ထွက်သွားသော်လည်း ကွင်းထဲ ရောက်နေသည့် လူတွေ ရှိရာကို ရှူးရှူးသံပြု၍ လိုက်၏။ နောက်ကျွဲကလည်း ထိုကျွဲကြီးကို ရှူးရှူး သံပြု၍ လိုက်၏။ ကွင်းထဲက လူတွေ ပြန်ပြေး၏။ ကျွဲက လိုက်၏။ ကျွဲကြီး နှစ် ကောင် လူအုပ်ထဲ ရောက်လာ၏။ အော်သံ၊ ဟစ်သံ၊ ဆူသံ၊ ရုတ်ရုတ်သဲသဲ အသံ တွေနှင့် အတူ ပျားအုံကြီးကို ဆွလိုက်သလို ပုရွက်ဆိတ်အုံကြီးကို ဆွလိုက်သလို

ဖြစ်သွား၏။ လူအုပ်ကြီးနှင့် အတူ ပြေးနေသော စံပယ်၏ ရှေ့သို့ ဒဏ်ရာနှင့် ကျွဲကြီးက ရောက်လာ၏။ စံပယ်က ရပ်ကြည့် ကြောက်လန့်နေစဉ် ကျွဲကြီးက ရှေ့တိုးလိုက်၏။ စံပယ် လန့်အော်လိုက်ဆဲ လက်ကြီး တစ်ခုက စံပယ်ကို ဘေးသို့ ဆွဲယူလိုက်သည်။ ကျွဲကြီးသည် လူတွေ တောထဲသို့ ဆက်လက် ပြေးဝင်သွား၏။ စံပယ်က လူကြီး တစ်ယောက် ရင်ခွင်ထဲ၌ လုံလုံခြုံခြုံ အမောအကြောက် ဖြေခွင့် ရနေ၏။ စံပယ်၏ စိတ်တွင် အမေ အဖေ ရင်ခွင်ထဲသို့ ရောက်နေရသည့် ကလေးငယ်ကဲ့သို့ စိတ်အေးချမ်း လုံခြုံသွားသည်။

သို့သော် စံပယ့် ရင်က ခုန်နေသလို ထိုလူကြီး ရင်ကလည်း ခုန်နေသည်ဟု ထင်၏။ လူတွေက တိုးဝှေ့သွားနေကြသည်။ စံပယ်တို့က ရပ်နေသည်။ သို့သော် တိုးဝှေ့သွားသော လူတို့သည် ကျောက်ဆောင်ကို တိုက်ခိုက်သွားနေကြသော ရေအလျှင်ကဲ့သို့ ထင်ကြရ၏။ စံပယ်သည် အကြောက်ပြေသလို ရှိလာသဖြင့် လူကြီးကို မော့ကြည့်သည်။ စံပယ်၏ ခေါင်းပေါ်တွက် ခြောက်လက်မကျော်လောက် မိုးနေသောကြောင့် တကယ့် လူကြီးတစ်ယောက် ဖြစ်မည်ဟု စိတ်ရဲသွား၏။

မျက်နှာကို မြင်လိုက်သောအခါ စံပယ်ရှယ် ကြောက်တုန်လှုပ်သွားသည်။ ကြောက်အားထက် ရှက်အား ပိုလိမ့်မည် ထင်၏။ ခပ်နုနု ခပ်ငယ်ငယ် နှုတ်ခမ်းမွေးကလေးစစနှင့် အကြည့်ရ မဆိုးလှသော လူပျိုတစ်ယောက် ....

သူ့မျက်နှာ သူ့ဟန်ပန်က ခပ်လျောင်လျောင် သရော်ပြုံးလိုလို မထီတရီလိုလို။

သူ့မျက်လုံးက ခပ်စူးစူး၊ သူ့အကြည့်က ခပ်စိုက်စိုက်၊ ခပ်ရဲရဲ။ ပြီးတော့ သူ့အပြုအမူက မိန်းကလေး တစ်ယောက်ကို ပိုင်စိုးပိုင်နင်း ဖက်ထားသည်။ ပိုင်ပိုင်နိုင်နိုင်ကြီး ဆွဲဖက်ထားသည့် လက်တွေရဲ့အနေအထားကလည်း အသည်းတုန်စရာ၊ ရင်ခုန်စရာ။

တကယ်တော့ သည်လုလင်ပေါက်ကြီးသည် စောစောက 'တို့ထ' နေသည့် ကျွဲကြီးနှစ်ကောင်ထက်ပင် ကြောက်စရာ ကောင်းပါသေးလား ဟူသည့် အတွေးဝင်လာသည်။ ရှက်သွေး ဖျန်းနေရသော မျက်နှာက နီလာသည်။

သို့သော် လုလင်ကြီး၏ မထီတရီပြုနေမှုကြောင့် ဒေါသစိတ် ဝင်လာသည်နှင့် 'ဒီကောင် ဇာကောင်လဲ' ဟု သူ့ကိုယ်ကို သတိထားမိလိုက်သည်။

သူ့ကိုယ်ပေါ်တွင် ဝတ်စားထားသော အဝတ်အစားများမှာ အရာရှိ တစ်ဦး၏ အဝတ်အစားမျိုးပင် ဖြစ်သည်။ အင်္ကျီ ပခုံးပေါ်တွင် အနီရောင် ဒိုင်းခွက် သင်္ကေတ ဖဲပြားကို တပ်ဆင်ထားပြီး ထိုဖဲပြားပေါ်တွင် ရွှေရောင်သပြေရွက် သုံးရွက်



ကို ဇာဖြင့် ဖော်ထားသည်ကို တွေ့ရ၏။ နားတစ်ဖက်တစ်ချက်တွင် ကျောက်စီထားသော နားကျပ် တစ်ခုစီ ဝတ်ဆင်ထားသည်။

'ဇာကို လာပြီး ဇာလုပ်မလို့လဲ နှမချေ'

လုလင်ကြီးက စံပယ်၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်၍ မေးလိုက်သည်။ လုလင်ကြီးဟုသာ ဆိုရသော်လည်း နုပျိုနေသော သူ့မျက်နှာကြောင့် အသက် ၂၂ နှစ်ထက် ပို၍ ကြီးပုံ မပေါ်။

စံပယ်က သူ့အမေးကို အဖြေ မပေး။ လုလင်ကြီး၏ လက်ထဲမှ နောက်သို့ ရုန်းထွက်လိုက်၏။ ဤအခိုက်တွင်ပင် စိုးရိမ်တကြီးဖြင့် ပြောလိုက်သော အစ်ကိုလတ် ကိုသုခ၏ ကြင်ရာ သီရိခင်၏ အသံကို ကြားလိုက်ရသည်။

'ဟော့ စံပယ်တို့များဖြင့် ရှာလိုက်ရတာ ဒေါင်းတောက်နေပြီ'

မမသီရိခင်က စံပယ်၏ လက်မောင်းတစ်ဖက်ကို အတင်း ဆွဲ၍ ခေါ်ယူသွားသည်။

နောက်သို့ လှည့်ကြည့်လိုက်သောအခါ သွားလာနေကြသော လူတွေ အကြားတွင် မထီပြုံး ပြုံး၍နေသော လုလင်ကြီးကို ထိုနေရာ၌ပင် ရပ်မြဲရပ်လျက် ကျန်ရစ်ခဲ့သည်ကို တွေ့ရသည်။

စံပယ်ရို့သည် ညစာ စားပွဲကြီး တည်ခင်း ဧည့်ခံသည့် အဆောင်ထဲသို့ ရောက်လာခဲ့ကြသည်။ မင်းပေါင်းစုံ ကြွရောက်သည့် ပွဲကြီး ဖြစ်သည့်အလျောက် စားဖွယ် သောက်ဖွယ်များမှာလည်း အထူး စုံလင်လှသည်။

ထမင်းစားပွဲကြီး ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် နန်းတွင်း ဇာတ်တော်ကြီးနှင့် ဆက်၍ ဖျော်ဖြေ ဧည့်ခံသည်။ စံပယ်သည် ဇာတ်ပွဲကြည့်ရန် ဝါသနာထုံသူ မဟုတ်၊ ဤအချက်တွင် စံပယ်သည် စံပယ်၏ အစ်မ သုံးယောက်နှင့် အခြားနားကြီး ခြားနားသည်။ အစ်ကိုလတ် ကိုသုခ၏ ကြင်ရာ ဖြစ်သူ မမသီရိခင်ကလည်း ပွဲကြိုက်တတ်သူ ဖြစ်သည်။ သူတို့ လေးယောက်က ဇာတ်ပွဲတွင် အာရုံစိုက်နေစဉ် စံပယ်က အညောင်းအညာ ဖြေရန်အတွက် လသာဆောင်ဘက်သို့ တစ်ကိုယ်တည်း ထွက်လာခဲ့သည်။ လသာဆောင် စင်္ကြံတစ်လျှောက်တွင် စကားစမြည် ပြောနေကြသော ဧည့်ပရိသတ်ကလည်း အတော်အသင့် ရှိနေကြသောကြောင့် ပွဲကြိုက်လှသော အစ်မ သုံးယောက်နှင့် မမသီရိခင်တို့က စံပယ်အား အပြင်ထွက်ခွင့် ပြုလိုက်ခြင်း ဖြစ်သည်။

စံပယ်သည် ထိန်ထိန်သာနေသော လမင်းကြီးကို ကြည့်ရင်း လူးလာခေါက်ပြန် စင်္ကြံလျှောက်နေသည်။ မကြာမီပင် စံပယ့် အနားသို့ လူကြီးတစ်ယောက်

လာရပ်သည်။ မော့ကြည့်မိသောအခါ ညနေခင်းက တွေ့ခဲ့ရသည့် လုလင်ကြီးပင် ဖြစ်နေသည်။

လုလင်ကြီးသည် စံပယ့်ကို ညနေခင်းကကဲ့သို့ပင် မထီပြုံး ပြုံး၍ ကြည့်ရင်း ...

'ခင်ဗျားဟာ ကျုပ်အစ်မတော်က အင်မတန် မုန်းတဲ့ လုံမကလေးပဲ မဟုတ်လား' ဟု စကားဆိုလိုက်သည်။

'ရှင့်ဓာလည်း ... ရှင့်စကား နားမလည်ဘူး၊ ရှင် လူမှားနေပြီ ထင်တယ်'

လုလင်ကြီးက ရယ်ဖြဲဖြဲ ပြုံလျက် ပို၍ တိုးကပ်လာသည်။

'ကျုပ်သာ ကျုပ်အစ်မအဖြစ်နဲ့ အခုအေနေရာမှာ ခင်ဗျားကို တွေ့နေရရင် ခင်ဗျားရဲ့ တင်ပါးကို လက်ဝါးနဲ့ ဖြန်းဖြန်းမြည်အောင် ရိုက်ပြီး နှုတ်ဆက်ရမှာမို့ သိပ်ပျော်မှာပဲ'

လုလင်ကြီးက စံပယ့် တစ်ကိုယ်လုံးနှင့် တင်ပါးကို မျက်စိ ကစားလိုက်ပြီး မထီပြုံး ပြုံး၍ နေပြန်သည်။

စံပယ်၏ စိတ်ထဲတွင် လုလင်ကြီးက မျက်နှာပေါက်မျိုး၊ အသံမျိုးကို မြင်ဖူး ကြားဖူးခဲ့သည်ဟု ထင်နေခဲ့သည်။

'ရှင် အသူလဲ'

'ရူဝံ ဆိုတာလေ၊ ဘုရင်မ စောသျှင်မိရဲ့ မြင်းတပ်မတော်က ဗိုလ်မှူး ရူဝံပေါ့၊ လူမိုက်၊ လူရမ်း၊ လူဆိုးသွမ်းကြီး အဖြစ် ဘုရင်မကြီး ကိုယ်တိုင်က မြှောက်စားထားတဲ့ ရူဝံပါ'

လုလင်ကြီးက ဤသို့ အဖြေပေးလိုက်ပြီးနောက် ထိုနှစ်ယောက်သာ ကြားလောက်ရုံ လေကလေး တစ်ချက် ချွန်လိုက်၏။

'ဒါဖြင့် ရှင့်အကျင့်ဆိုးတွေနဲ့ ရှင် ရထားတဲ့ ရာထူးနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတာပေါ့၊ အံ့ဩစရာပါလား'

'ခင်ဗျား ရုပ်ကလေးက ချောသလောက် ခင်ဗျား အရပ်ကလေးက နည်းနည်းတိုနေတာကလည်း ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေလို့ အံ့ဩစရာ ကောင်းတာပဲ'

စံပယ်သည် သူ၏ အရပ်နှင့် ပတ်သက်၍ အပြောခံရတိုင်း မခံချိ မခံသာ ဖြစ်တတ်သောကြောင့် လုလင်ကြီးအား မိန်းမကောင်း ရန်တွေ့ တွေ့လိုက်သည်။

စံပယ် ရန်တွေ့နေသည်ကို သူက မထီပြုံး ပြုံးလျက် နားထောင်နေသည်။ သူ့အမူအရာမှာ တပည့်မချေ တစ်ယောက် မိမိရှေ့မှောက်တွင် စာအန်နေသည်ကို နားထောင်နေသည့် ဆရာကြီး၏ အမူအရာမျိုး။



စံပယ်သည် စိတ်ရှိတိုင်း ရန်တွေ့လိုက်သဖြင့် မောသွားသည်။ သူ့မျက်နှာကလည်း စောစောကလို မထီပြုံး မဟုတ်ဘဲ ကြည်လင်သည့် အပြုံး ဖြစ်နေသောကြောင့် ရှုံးလိုက်ရသော ဒေါသဖြင့် မျက်နှာလွှဲလိုက်သည်။ သို့သော် စံပယ်၏ ရင်ထဲကမူ သူ့မျက်နှာမှာ မမတာရာ၏ မျက်နှာနှင့် မတူတော့ဘဲ သဘောကောင်းလှသည့် ကိုဥက္ကာနှင့် တူနေသည်ဟု ထင်လာမိသည်။

'မောသွားပလား ... နားထောင်လို့လည်း ကောင်းတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ ကျုပ်တော့ စံပယ်ချေ ရန်တွေ့နေတာကို ကြည့်ပြီး နဂါးရစ် အင္ဂူတိုက်ပွဲမှာ ပင်ပန်းလာခဲ့သမျှ တကယ် အမောပြေသွားတယ်'

ဗိုလ်မှူးရူဝံ၏ စကားကြောင့် စံပယ်သည် အပြုံးရခက်၊ အမဲ့ရခက် ဖြစ်နေသည်။

ထို့ပြင် ကြွားနေသည့် လူကြီးကိုလည်း အချက်တွေ့ပြီဟု ထင်လိုက်သည်။

'အမယ် ... နဂါးရစ် အင္ဂူတိုက်ပွဲမှာ ရှင်တို့က လိုက်ပြီး တိုက်ရလို့လား'

'တိုက်ရတာပေါ့၊ ကျုပ်တို့က မြောက်ဦးမင်းရဲ့ အာဏာစက်ရိပ်နဲ့ မကင်းဘူး မဟုတ်လား၊ ရန်သူပေါ်လာရင် လိုက်ပြီး တိုက်ရတာပေါ့'

'ဒီလိုဆိုရင်လည်း ဒီဘက်က တော်တော် သေကုန်ကြမှာပေါ့၊ ဟုတ်တယ် မဟုတ်လား'

'အို မတိုက်ခင်ကပဲ ရှုံးမယ်လို့ တွက်ထားခဲ့ပြီးတဲ့ ဒီလို တိုက်ပွဲမျိုးမှာ ကျုပ် ခန့်မှန်းထားတာထက်တော့ ပိုပြီး အကျအဆုံး မများပါဘူး၊ ကင်းမော်ဆိပ်ကမ်းကို ရောက်လာတဲ့ သင်္ဘောတွေထဲမှာ ဒဏ်ရာရတဲ့ တပ်သားတွေ တော်တော်များများ တင်လာခဲ့ရတယ်၊ ဒီတပ်သားတွေဟာ ဆေးကုလို့လည်း ပြန်ပြီး ကောင်းလာမှာ မဟုတ်ဘူး၊ သူတို့ ဝမ်းရေး ဖူလုံမှုအတွက်လည်း ဘယ်သူကမှ တာဝန်ယူကြမှာ မဟုတ်ဘူး၊ ဒီတပ်သားတွေကို မြစ်ထဲမှာ ပစ်ချပြီး သတ်လိုက်တာကမှ ပိုပြီး ကရုဏာသက်ရာ ရောက်ဦးမယ်'

ဗိုလ်မှူးရူဝံ ဆိုသော လူငယ်ကလေးက တကယ့် ကရုဏာတရားနှင့် တွေးတွေးဆဆ ပြောနေသောအခါ သနားကျင်နာတတ်သည့် ကလေးများ၊ မိန်းမများ၏ အမျိုးအစားတွင် ပါဝင်သော စံပယ်က ကျေနပ်သွားသည်။ လေးစားလာသော စိတ်ဖြင့်လည်း မျက်နှာကို ကြည့်နေမိသည်။ ရူဝံသည် တွေးဆ စဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်နေရာမှ ခေါင်းကို ယမ်းခါပစ်လိုက်၏။

'တိုက်ပွဲမှာ သတ္တိရဲရဲ ပြနိုင်တာကတော့ ကျုပ်ကွပ်ကဲတဲ့ တပ်က တပ်သားတွေပဲ၊ ကျုပ်က သူတို့ သေမှာစိုးတော့ နာမည်ဆိုးခံပြီး တင်းတင်းကျပ်ကျပ်

အုပ်ချုပ်တာကိုး၊ တခြား တပ်မှူးတွေ ဆိုရင်တော့ တပ်သားတွေ အပေါ်မှာ တင်းကျပ်တဲ့ စည်းကမ်းနှင့် မအုပ်ချုပ်ကြတော့ ဒီတိုက်ပွဲမှာ အရှုံးပေါ်တာ ဘာမှ အံ့သြစရာ မရှိဘူး၊ ဒါပေမဲ့ ဒီအရှုံးကို အသက်တွေ အများကြီးနဲ့ လဲယူထားလိုက်ရတာကလည်း နာကြည်းစရာ အင်မတန် ကောင်းတာပဲ'

ဗိုလ်မှူး ရှုဝံ၏ ပြောပုံဆိုပုံထဲတွင် မာနသံလည်း ပါနေ၏။

'တခြား တပ်မှူးတွေ ဆိုတာမှာ ဘုရင့် ရေတပ်မတော်က ဗိုလ်ချုပ်ကြီးမျိုးကိုပါ ပြောတာလား'

'သူ့ကိုကော ကျုပ်က ဘာဖြစ်လို့ ချန်ထားခဲ့ရမှာလဲ၊ သူတို့ဟာ အမိန့်အာဏာနဲ့ ရလာကြတဲ့လူ အသက်တွေကို သူတို့ရဲ့ နာမည်ကောင်းအတွက် ကျောက်ခဲသလဲလို ဖြုန်းတီးပစ်တာ ကျုပ် မကြိုက်ဘူး'

'ကိုယ့် အထက်က အရာရှိကြီးတွေကိုတောင် ဒီလို ပြောတယ်ဟုတ်လား'

'စစ်နဲ့ ပတ်သက်လာရင် ပိုပြီး တိကျအောင် ဆိုရရင် စစ်ရေးစစ်ရာနဲ့ ပတ်သက်လာမယ်ဆိုရင် ကျုပ်ထက် ကြီးတဲ့ လူလို့ကို မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က စစ်သားတွေကို ကျုပ်လို အသက်နဲ့ အကောင်တွေပဲလို့ အသိအမှတ် ပြုထားလို့ပဲ၊ ဒါပေမဲ့ ရာထူး အဆင့်အတန်းအရတော့ ကျုပ်ထက် ကြီးတဲ့ လူတွေ အများကြီးပေါ့၊ ဒါကြောင့်လည်း ကျုပ်ဟာ အသက် ၂၉ နှစ် မပြည့်ခင်မှာပဲ ကျုပ်ကိုမုန်းတဲ့ အရာရှိတွေ အများကြီး ဖြစ်နေတာပေါ့၊ များတာမှ ကျားကိုးစီးကို ကျွေးပစ်လို့ မကုန်နိုင်အောင်ကို များနေပြီ'

ဗိုလ်မှူးရှုဝံက ငေးနေရာမှ စံပယ်၏ မျက်နှာကို ငုံ့ကြည့်ရင်း ပြုံး၏။ စံပယ်က မည်သို့ စကားဆက်ရမှန်းကိုပင် မသိတော့။

စံပယ်၏ ခေါင်းထဲသို့ အစ်မ ချေချွန်သာယာ ပြောဖူးသည့် စကားတစ်ခွန်းက အပြေး ဝင်လာသည်။

'သမက်တက်ပွဲမှာ အစ်မချေ ခြုံထားတဲ့ ပဝါစက ကော်ဇောခင်းပေါ်မှာ လွင့်ကျနေတယ်၊ အဲဒါကို သူက တက်နင်းပြီး အစ်မချေကို ကောင်းပန်မယ့်အစား 'ဒါ … ကျုပ် နင်းဖို့ ခင်းပေးထားတာ မဟုတ်လား' လို့တောင် ပြောသွားသေးတယ်'

သည်လို ပြောတက်သော ဗိုလ်မှူးရှုဝံ ဆိုသည့် ကောင်ငယ်ကလေးကို မည်သူသည် ကြိုက်နှစ်သက်နိုင်ပါမည်နည်း။

'မြောက်ဦးဘုရင့် ရေတပ်မတော်က ဗိုလ်ချုပ်ကြီးကိုလည်း ဗိုလ်မှူးက အေအတိုင်းပဲ ကလန်ကဆန် ပြန်ပြီး ပြောသလား'



'ကျုပ်က ကလန်ကဆန် ပြောတာ မဟုတ်ဘူး၊ အမှန်ကို ပြောတာ၊ ဒါကိုပဲ လူတွေက မကြိုက်ကြတာ၊ ရေတပ်ဗိုလ်ချုပ်နဲ့ ကျုပ်နဲ့ဆိုရင် ငယ်သူငယ်ချင်း ရောင်းရင်းတွေပေါ့၊ သူ့ကို ကျုပ်က ငယ်နာမည် ခေါ်ပြီး ခေါ်ခေါ်ပြောပြော လုပ်နေတာပဲ၊ ကျုပ်ဘက်က မှန်တယ်ထင်ရင် ဘယ်သူ့ကိုမှ အလျှော့မပေးချင်ဘူး၊ ပြီးတော့လည်း ကျုပ်တို့က အသက်တွေကို တိုင်းပြည်အတွက်လို့ ပြောပြီး ကျုပ်တို့ ရာထူး တိုးဖို့နဲ့ ဘုရင်မကြီး နိုင်မြဲ တည်တံ့ရေးအတွက်ကို တိုင်းပြည် လက်ညှိုးထိုးပြပြီး တိုင်းသူပြည်သားတွေရဲ့ အသက်တို့ကို အားအဖြစ် လုပ်နေကြတာ မဟုတ်လား၊ ဒီတော့ကော စစ်စစ်စီစီ ပြုဖို့တော့ လိုကာပေါ့'

ဗိုလ်မှူးရှုဝံသည် စကားအဆုံးတွင် ပြုံးလိုက်သည်။ သူသည် သဘောပြည့်ဝသည့် လုလင်ကြီး အသွင်ကို ဆောင်နေသည်။

'ဗိုလ်မှူးက ဗိုလ်မှူး အစ်ကို ဥက္ကာနဲ့ စိတ်သဘောချင်း ကောင်းကောင်းတူရေ'

'ကိုဥက္ကာနဲ့ ကျုပ်နဲ့က တခြားစီပါ၊ ကိုဥက္ကာက လူကြီးလူကောင်း၊ ကျုပ်က လူဆိုးလူမိုက်၊ ညီအစ်ကို မောင်နှမတွေထဲမှာတော့ ကျုပ်ကို အဆိုးဆုံးလို့ မိဘတွေကရော အများကပါ သတ်မှတ်ထားကြတာ'

'မမတာရာကိုကော …'

'သူက သူထင်ရာ သူစိုင်းတဲ့ မိန်းမပဲ၊ စံပယ်တို့ အစ်ကိုကြီးနဲ့ ရခဲ့သိရေ (သေးတာ) မဟုတ်လား'

'မမတာရာကို စံပယ် ကောင်းကောင်း မုန်းရေ'

'အေး … ကျုပ်လည်း မုန်းတယ်၊ ဒီလို မုန်းတာကို အဆိုးမဆိုလိုပါဘူး'

'ခု မမတာရာက နောက်ထပ် လင်တစ်ယောက် ရလာခဗျယ် (သွားပြီ) မဟုတ်လား၊ ခုဆိုရင်တော့ ငြိမ်းငြိမ်းချမ်းချမ်း ငြိမ်ငြိမ်သက်သက် ရှိလောက်ရောပေါ့'

'ဟော … ဘာရာက ဘခေါင်မှ (ဘယ်တော့မှ) ငြိမ်မယ့် မိန်းမစားမဟုတ်ဘူး၊ ကောင်းကောင်း လောဘကြီးရေ၊ ငွေအတွက်ရာ လောဘကြီးစွာမဟုတ်၊ ယောကျ်ား လောဘလည်း ကြီးရေ၊ အခု သူနဲ့ ရနေတဲ့ ကိုပန်းသာကြီးဆိုစွာ စံပယ်ရို့ အစ်ကိုကြီး မသေခင်ကပင် တာရာက မျက်စိကျနေတဲ့လူပဲ'

'ကိုပန်းသားကြီး တစ်ယောက်တည်းကိုသာ မျက်စိကျစွာ မဟုတ်ပါ'

'အမယ် … စံပယ်က အသက်ကလေး ငယ်သလောက် နားရှက်ကလေးကတော့ အရှည်သားပဲ'

မိုလ်မှူးမူဝံက ပြောပြောဆိုဆိုဖြင့် စံပယ်၏ နားနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ပြိုင်တူ လိမ်၍ ဆွဲလိုက်သည်။ သူက ကျီစယ်သည့် သဘောဖြင့် မနာအောင် လိမ်ဆွဲလိုက်သည့်တိုင် စံပယ့် အဖို့ အတော်ပင် နာကျင်သွားသည်။

'အို ... ဓာလုပ်စွာလဲ'

စံပယ်က အသံကလေးထွက်အောင် ရန်ထောင်လိုက်သည်။ စံပယ်၏ နောက်ဘက်နားမှ ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာသည့် အုံသြသံများကိုလည်း ကြားလိုက်ရသည်။

လှည့်၍ ကြည့်လိုက်သောအခါ အစ်မ သုံးယောက်နှင့် ယောင်းမ ဖြစ်သူ မမသီရိခင်တို့ ဖြစ်နေကြသည်။ သူတို့သည် ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်နေသည့် အမူအရာများ ဖြစ်နေကြ၏။

သူတို့ လေးယောက်သည် စံပယ့်ကို ပွဲခင်း ရှိရာသို့ စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်၍ ခေါ်သွားကြ၏။

ဤကား စံပယ်နှင့် မိုလ်မှူးမူဝံတို့ စ၍ တွေ့သည့်နေရာ အဖြစ်အပျက်အပင် ဖြစ်ပါသည်။

*

(၃)

မိုလ်မှူးမူဝံနှင့် စတင် တွေ့ရှိရသည့်နေ့ နောက်ပိုင်းတွင် စံပယ်သည် အစ်ကို လတ်တို့ နေထိုင်ရာ သာစည်ဂေဟာမှ စံပယ်၏ မိဘများရှိရာ သည်စည် ဂေဟာသို့ ပြန်ပို့ခြင်း ခံလိုက်ရပါသည်။

သူစိမ်းတရံစာ ယောကျ်ား တစ်ဦးနှင့် အစ်မများ မသိအောင် တိတ်တဆိတ် ထွက်၍ စကားပြောမိခြင်းသည် လည်းကောင်း၊ ထိုယောကျ်ားကပင် စံပယ်၏ နားနှစ်ဖက်ကို ကလူကျီစယ်သည့် သဘောဖြင့် လိမ်၍ ဆွဲခြင်းသည် လည်းကောင်း၊ စံပယ့် အစ်မများ၊ အစ်ကိုများနှင့် မိဘများ၏ အမြင်တွင် အလွန်မှ လျှပ်ပေါ်လော်လီ သည့်အသွင် ပေါ်နေခဲ့သည်။

သို့ဖြစ်၍လည်း မိခင်ဖြစ်သူက စံပယ့်အား သီလရှင်ကျောင်းသို့ ပို့ပြီး သီလရှင် ဝတ်ခိုင်းမည်ဟု အမြဲ ကြိမ်းဝါးနေသည်။ အိမ်ခြံဝင်းထဲမှအပ မည်သည့် နေရာသို့မှ ထွက်ခွင့်မပြုဘဲ အားအားနေသည်ကို မြင်လျှင် ဘုရားစာ တရားစာများကို သာ အဖတ်ခိုင်းထားခဲ့သည်။

စံပယ်တို့ အိမ်တွင် အစ်ကိုချေဖြစ်သူ ကိုဝဏ္ဏကလည်း သာစည်ဂေဟာမှ ပြန်မလာသေး။

မောင်ချေဗလကလည်း ဘုန်းတော်ကြီးကျောင်းသို့ သွား၍ စာပေ သင်ယူ လျက် ရှိသောကြောင့် စံပယ်သည် တစ်ယောက်တည်း ပျင်းနေခဲ့သည်။

သာစည် ဂေဟာမှ ပြန်လာပြီးနောက် သီတင်း သုံးလေးပတ်မျှ အကြာတွင် ဖြစ်သည်။ စံပယ်သည် ပျင်းပျင်းရှိသည်နှင့် အိမ်ခြံကြီး အတွင်းရှိ သရက်ပင်ပေါ် သို့ တက်ပြီး ငယ်စဉ်ကလိုပင် တစ်ယောက်တည်း ယိုင်း (ဒါန်း) စီး ကစားနေခဲ့

သည်။ ခြံဝင်း အတွင်းရှိ သီးပင်စားပင်များသည် စံပယ်တို့ မောင်နှမတွေ ငယ်စဉ်က ဂုက်တန်း၊ ပုန်းတန်း ကစားခဲ့သည့် နေရာများပင် ဖြစ်သည်။

ဆယ်ပေလောက် မြင့်သော သစ်ကိုင်းပေါ်တွင် တင်ပလွဲထိုင်ရင်း ယိုင်းစီး ကစားနေစဉ် မြင်းစီးလာသော လူတစ်ယောက် စံပယ်တို့ ခြံဝင်း အပေါက်ဝသို့ ရောက်လာကြောင်း အမှတ်မထင် မြင်လိုက်ရသည်။

သာစည် ဇေဟာမှ အစ်ကိုချေ ကိုဝဏ္ဏ ပြန်လာခြင်း ဖြစ်မည်ဟု တွေးမိကာ ဝမ်းသာသွားပြီး သစ်ပင်ပေါ်မှ ဆင်း၍ မြင်းစောင်းများ ရှိရာသို့ လာခဲ့သည်။

မြင်းထိန်းလက်တွင် ကိုင်ထားသော မြင်းသည် စံပယ်တို့ အိမ်တွင် ရှိနေကြခြင်း မဟုတ်သည်ကို ထောက်ခြင်းအားဖြင့် ယခု ရောက်လာသူမှာ လူစိမ်း ဧည့်သည် တစ်ဦး ဖြစ်ကြောင်း ထင်ရှားသည့် အိမ်ဆင်ဝင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ အရပ်ရှည်ရှည် လူတစ်ယောက် ဧည့်ခန်းထဲသို့ ဝင်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

စံပယ်သည် ထုံးစံအတိုင်း ဧည့်သည်နှင့် အိမ်သားများ စကားပြောသည်ကို ဧည့်ခန်းဆောင် အပြင်ဘက်မှ ချောင်း၍ နားထောင်ရန်အတွက် မြင်းစောင်း ရှိရာမှ ဧည့်ခန်းဆောင် ရှိရာသို့ ထွက်အလာတွင် အိမ်အပေါ်ထပ်လှေကားမှ ဆင်း လာသော စံပယ်၏ မိခင်က စံပယ်ကို တွေ့မြင်သွားသည်။

'အေ့ ... စံပယ်၊ အိမ်ပေါ်က နင့်အခန်းကို သွားပြီး နေစမ်း၊ အာဂန္တု (ဧည့်သည်) မပြန်မခြင်း အခန်းထဲမှာ တရားစာ ဖတ်ပြီးနေ'

မိခင် ဖြစ်သူက သုန်မှုန်သော မျက်နှာထားဖြင့် အမိန့်ပေးလိုက်သောကြောင့် စံပယ်သည် တစ်ကြိမ်တည်း အကြိမ်းခံရသူပီပီ အပေါ်ထပ်သို့ တက်ခဲ့ရသည်။ သို့ရာတွင် ထူးခြားနေသော မိခင်၏ စကားကြောင့် အာအာဂန္တု မည်သူဖြစ်သည်ကို သိချင်စိတ် ပြင်းထန်နေသည်။

သို့ဖြစ်၍လည်း အပေါ်ထပ်ရှိ အခန်းသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် စံပယ်တို့ တစ်အိမ်သားလုံးက အထိန်းတော်ကြီး မေတ္တာဟု အမြတ်တနိုး အမည် ပေးထားသော အဒေါ်တော်သူ ဒေါ်မေတ္တာအား အိမ်ဖော်မလေး တစ်ယောက်ကို လိုမ့်၍ အခေါ်ခိုင်းလိုက်သည်။

ဒေါ်မေတ္တာသည် စံပယ်ကဲ့သို့ပင် နားရှည်၍ မျက်လုံးကျယ်သူ ဖြစ်သည်။ စံပယ်ရှေ့သို့ ရောက်လာလျှင်ပင် သူ့အား မည်သည့် အတွက် အခေါ်ခိုင်းလိုက်ကြောင်း သဘောပေါက်ပြီး ဖြစ်သည်။



'သူ ဧည့်ခန်းထဲက ပြန်အထွက်အလာမှာ ဘယ်သူဆိုတာ မေးကြည့်လိုက်မယ်၊ သူက အရပ် ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့ လူချောလူခန့်ကြီးပဲ'

'အကျွန့်ကို သီလရှင်ကျောင်း အပို့လွှတ်ဖို့အတွက် ခေါ်ယူလိုက်တဲ့ ဥပါသကာများ ဖြစ်နေရင် ဒုက္ခ'

'ဇာက ဥပါသကာ ဖြစ်ရမှာလဲ၊ အင်္ကျီ ပခုံးပေါ်မှာ အနီရောင် ဒိုင်းခွက်နဲ့၊ အဲဒီ အပေါ်က ရွှေရောင် သပြေရွက် သုံးရွက်နဲ့ အသက်ကလည်း ငယ်ငယ် ရှိပါသေးတယ်'

'ယင်းပိုင်ဆိုကေ မြင်းတပ်ကလူပဲ ဖြစ်ရမယ်'

ကွမ်းတစ်ရာညက်ခန့် အကြာတွင် အထိန်းတော်ကြီး ဒေါ်မေတ္တာသည် စံပယ်ရှိရာသို့ ပြန်၍ ရောက်လာသည်။ သူ့မျက်နှာက မြူးကြွနေသည်။

ဒေါ်မေတ္တာသည် အင်္ကျီ ချွေးခံအိတ်ထဲမှ ရွှေလက်စွပ် တစ်ကွင်းနှင့် ဘိလပ် စက္ကူပိုင်းလေး တစ်ခုကို ထုတ်လိုက်သည်။

'အေ စာရွက်ပိုင်းကလေးကတော့ စံပယ့်ဖို့၊ အေ ရွှေလက်စွပ်ကတော့ ကျုပ်ဖို့၊ ဗိုလ်မှူးရွဝံက ဆုချလိုက်တာ'

စံပယ်သည် စာရွက်ပိုင်းကလေးပေါ်တွင် ရေးထားသော စာလေးငါးဆယ် ကြောင်းကို ရင်တခုန်ခုန်ဖြင့် ဖတ်လိုက်သည်။

**စံပယ်** ....

ကျုပ်ရဲ့ အစ်မတော် ဟာရာက စံပယ်တို့ အစ်ကိုကြီးနှင့် အကြောင်း ဆက်ပြီး ပေါင်းဖက်ခဲ့တယ် ဆိုတော့ စံပယ်လည်း ကျုပ်နှင့် နှမကလေး တော်စပ်နေတာပဲ မဟုတ်လား။ ဒါကြောင့်လည်း စံပယ်နှင့် တွေ့ရအောင် ငါးတိုင် ခရီးကပဲ မြင်းစီးပြီး လာခဲ့ရတာပါ။ စံပယ် သာယာတို့ မယ်တော်ကြီးကတော့ ကျုပ်လာတာကို တစ်မျိုးတစ်မည် ယူဆဟန် တူပါရဲ့၊ စံပယ် နေမကောင်းဘူးလို့ ပြောလွှတ်လိုက်တယ်။ ဒီတော့ စံပယ်တို့ ခြံထဲမှာ စံပယ်ရဲ့ မယ်တော်ကြီး မမြင်အောင် စကား ထိုင်ပြီး ပြောနိုင်မယ့် နေရာ တစ်ခုကို ဟောဒီ အထိန်းတော်ကြီး ဒေါ်မေတ္တာနဲ့ ဆက်ဆက် စကား ပြန်လိုက်ပါ ....

စောင့်ကြိုနေမည် ဖြစ်သော ....

**ရွဝံ**

စံပယ်သည် ဗိုလ်မှူး ရွဝံ၏ စာကို ဖတ်ပြီး ရင်တခုန်ခုန် ဖြစ်နေသည်။ သူ ရေးလိုက်သည့်အတိုင်း တွေ့ရန် မလိုဟု စိတ်ကူးသည်။ သို့ရာတွင် တွေ့ချင်သည့်

စိတ်က ပို၍ များနေသည်။ သို့ဖြစ်၍ အထိန်းတော်ကြီး ဒေါ်မေတ္တာအား စံပယ်တို့ငယ်ငယ်က ဝှက်တန်း ပုန်းတန်း ကစားနေကျ သရက်ပင်တွေရှိရာ ခြံထောင့်ဆုံးဘက်သို့ စံပယ်တို့ အိမ်က လူတွေ မမြင်အောင် လာခဲ့ပါဟု ဗိုလ်မှူးရှုဝံအား ပြောရန် မှာကြားလိုက်သည်။

အထိန်းတော်ကြီး ဒေါ်မေတ္တာသည် စံပယ့်ထံပါးမှ ပျောက်သွားပြီးနောက် စံပယ်ရှိရာ အပေါ်ထပ် အခန်းသို့ တက်၍ လာသည့် မိခင် ဖြစ်သူ၏ ခြေသံကို ကြားရသည်။

စံပယ်က ပြတင်းပေါက် အနီးရှိ စားပွဲရှိရာသို့ သွားကာ တရားစာအုပ်တစ်အုပ်ကို ကောက်၍ ဖတ်ချင်ယောင် ဆောင်နေလိုက်သည်။

'အေး ... အေပိုင် တရားစာမှာ စိတ်ဝင်စားနေတာမျိုးမှ ဒီအရွယ်ဟာ ဣန္ဒြေရတယ်'

အမိက စံပယ့်ကို ကြည့်လျက် သံမှန်ဖြင့် ပြောသည်။

စံပယ်သည် မည်သို့မျှ ပြန်မပြောဘဲ ဖတ်လက်စ တရားစာကိုသာ ငုံ့ဖတ်ဟန် ပြုနေသည်။

'ဗိုလ်မှူး ရှုဝံ ဆိုတဲ့ လူလာတယ်၊ နင်နဲ့ ဘုရင်မကြီးရဲ့ ညည့်ခံပွဲမှာ တွေ့ခဲ့ရတယ်တဲ့၊ ခုပဲ ပြန်သွားတယ်၊ သူက နန်းချောင်းမှာ အိမ်တစ်ဆောင် ငှားပြီး လာနေဟယ်တဲ့၊ နင် မှတ်ထားဖို့က နင်ရို့ အရွယ်ဟာ ယောကျ်ားတွေနဲ့ အသိမလုပ်သင့်သေးဘူး'

စံပယ့် မေမေက ဤသို့ ဆက်ပြောနေသည့်တိုင် စံပယ်က စာကိုသာ ငုံ့မြဲငုံ့၍ ဖတ်နေသည်။

စံပယ်ရို့ မေမေသည် စကားကို ဆက်ပြန်သည်။ ယခုအကြိမ်တွင်တော့ စံပယ်တို့ မေမေ၏ အသံသည် တင်းမာနေသည်။

'ယင်း ... ဗိုလ်မှူးရှုဝံရေ၊ အကောင် သတင်းက ကောင်းသတင်းဆိုလို့ တစ်ခုမှ မရှိဘူး၊ သူ့မိဘတွေလည်း သူ့ကြောင့်ပဲ စိတ်ဆင်းရဲနေကြသတဲ့၊ သူ့အစ်ကိုကိုဥက္ကာဆိုရင်လည်း သူ့အတွက်ပဲ စိတ်ညစ်နေရတာပဲ၊ သူက ကြွေးတွေ အမြဲပတ်လည်ဝိုင်းနေတဲ့လူ၊ အရက်သောက်လိုက် ကြက်တိုက်လိုက်နဲ့ အသုံးအဖြုန်းကကြီးတော့ ကြွေးတွေ အမြဲ လည်ပင်း ရောက်နေတာတဲ့၊ အကောင်မျိုးနဲ့ ရင်းနှီးသိကျွမ်းတယ်ဆိုတာ မြွေပွေးနဲ့ တွေ့နေရသလို ရှိမှာပေါ့'

'ဒါပေမဲ့ ... သူက ဗိုလ်မှူးလည်း ဖြစ်တယ်၊ စစ်ပွဲမှာလည်း တကယ့်သတ္တိခဲတဲ့'



စံပယ်က ခေါင်းမဖော်ဘဲ ပြန်ပြောလိုက်သည်။

'သတ္တိခဲလား ... သတ္တိ အရေလား ဆိုတာတော့ ဘာမှ မသိဘူး၊ ဘာပဲဖြစ်ဖြစ် စစ်သား ဆိုရင် မိုက်မိုက်ရိုင်းရိုင်း သတ်လိုက် ဖြတ်လိုက်တွေပဲ၊ သူ ဒီကိုလာတာ ငါ နည်းနည်းမှ သဘောမကျဘူး၊ ဒီမှာ ယောကျ်ားတွေ တစ်ယောက်မှ အိမ်မှာမရှိတုန်း အချိန်မျိုးမှာ သမီးနဲ့ တွေ့ချင်တယ်လို့ လာပြောတာဟာ မိန်းမတွေချည်းမို့ လာစော်ကားတာပဲ မဟုတ်လား'

စံပယ်တို့ မေမေက ဤအတိုင်း ဆုံးဖြတ်ချက် ပေးလိုက်၍ စံပယ်၏ အဆောင်မှ ၄င်း၏ အဆောင်သို့ ကူးသွားသည်။ ထို့နောက် တံခါး ပိတ်သံပေါ်လာသည်။

စံပယ်သည် ဖိနပ် နှစ်ဖက်ကို လက်ဖြင့် ကောက်ကိုင်လိုက်ကာ အဆောင်ထဲမှ ခြေသံ မကြားအောင် ထွက်လာခဲ့ပြီးနောက် လှေခါးကို ခြေဖျားထောက်ဆင်းခဲ့၍ ခြံကြီးအတွင်းသို့ ရောက်ခဲ့သည်။ ခြံမြေကို နင်းမိသည်နှင့် တစ်ပြိုင်နက်ချိန်းထားသော သရက်ပင် ရှိရာသို့ ငှက်ကလေး တစ်ကောင်လို ပျံမတတ် ပြေးလာခဲ့သည်။

ခဏအတွင်း စောစောက တက်၍ ယိုင်းစီးနေသည့် သရက်ပင် သစ်ကိုင်းပေါ်သို့ ရောက်လာခဲ့သည်။ နားစွင့်မိသည်နှင့် တစ်စုံတစ်ယောက်သည် သစ်ပင်နှင့်ပန်းရုံများကြားတွင် စမ်းတဝါးဝါး လှုပ်ရှားနေသည့် အသံကို ကြားရသည်။

သရက်ပင်ကို ပတ်လည် ဝိုင်းလုမတတ် ရှိနေသည့် ပန်းရုံများ အကြားမှကြည့်လိုက်သောအခါ ဗိုလ်မှူး ရှုဝံကို စံပယ် ရောက်နေသည့် သရက်ပင်နှင့် ဆယ်ပေလောက် အကွာတွင် မတ်တတ် ရပ်လျက် တွေ့ရသည်။

စံပယ်သည် သစ်ကိုင်း တစ်ကိုင်းကို ချိုးကာ ဗိုလ်မှူးရှုဝံ ရှိရာသို့ ပစ်ပေါက်လိုက်သည်။ သစ်ကိုင်းက သူ့ခေါင်းကို ထိမှန်သည်။ သူသည် စံပယ် ရှိနေသည့်သရက်ပင်ကို မော့ကြည့်သည်။ သို့ရာတွင် ပန်းရုံများ ဝိုင်းရံနေသောကြောင့် စံပယ့်ကို မမြင်။

စံပယ်က နောက်ထပ် သစ်ကိုင်း တစ်ကိုင်းကို ချိုးကာ ပစ်ပေါက်လိုက်ပြန်သည်။ ဤအကြိမ်တွင် သစ်ကိုင်းက ဗိုလ်မှူးရှုဝံ၏ နှာခေါင်းကို တည့်တည့်ကြီး သွားမှန်သည်။ ဤအကြိမ် မော့ကြည့်လိုက်သောအခါ ဆယ်ပေခန့် မြင့်သောသရက်ကိုင်းပေါ်တွင် ပင်စည်ကို ကျောမှီလျက် ထိုင်နေသည့် စံပယ်ကို မြင်သွားသည်။

ရွှေဝံသည် မျောက်လွှဲကျော်ကြီး တစ်ကောင်ကဲ့သို့ပင် စံပယ်ရှိရာ သစ်ကိုင်းပေါ်သို့ ရောက်လာပြီး သူ့လက်တစ်ဖက်က ပင်စည်ကို ကျော့မှီ၍ ထိုင်မနေသော စံပယ်၏ ခါးအား ပင်စည်မှ ကွာ၍ မသွားနိုင်အောင် တားထားပြီး အခြား လက်တစ်ဖက်ကမူ ခေါင်းပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို လှမ်းကိုင်ထားသည်။ သူ့မျက်နှာက စံပယ်၏ မျက်နှာနှင့် ခြောက်လက်မလောက်ပင် မကွာတော့ ...

'အေမှာ အစ်ကို၊ အကျွန်ရို့ အခု အတိုင်း တဖောင် လုပ်ပြီး စကား ပြောနိုင်ကြမှာလဲ၊ နေရထိုင်ရစွာကိုက ကသိကအောက်နန့်'

'ဇာဖြစ်လို့ မပြောနိုင်ရမှာလဲ၊ အေပိုင်နီရစွာကိုက ပျော်စရာ ကောင်းရေ မဟုတ်လား'

ရွှေဝံသည် ဤသို့ ဆိုပြီးကေ စံပယ်နှင့် လူချင်းထိနေအောင် ပူးကပ်လိုက်သည်။ ယပြီးမှ ...

'အဲ ... စံပယ် သာယာချေက ကျုပ်ကို ဇာတိများ ပြောစရာ ရှိလို့လဲ၊ ပြောလေ'

ဟု ဆိုနေပြန်၏။

သူကပင် စံပယ်နှင့် တွေ့၍ ပြောစရာ ရှိပါသည်ဟု စာရေးခဲ့ပြီး ယခုမူ စံပယ်ကပင် သူ့အား စကား ပြောစရာရှိ၍ ခေါ်တွေ့သည့် သဘောမျိုး ရောက်အောင် စကားဆိုနေပြန်သည်။

စံပယ်သည် ရွှေဝံ၏ ပြောင်းပြန် ပြုလိုက်ပုံကို ရယ်ချင်လောက်အောင် အထင်သေးမိသော်လည်း ဇာကြောင့်ဟု အကြောင်းမပြတတ်ဘဲ ဘုရင်မကြီး၏ ညွှဲခံပွဲမှ အဖြစ်အပျက်ကြောင့် မိမိသည် အစ်ကိုများ၊ အစ်မများနှင့် မိခင် ဖြစ်သူ၏ မည်သို့ ဆူပူ ကြိမ်းမောင်းခြင်း ခံခဲ့ရပုံကို ပြောပြလိုက်ပြီး ယခုအချိန်တွင်လည်း အကျယ်ချုပ် သဘောမျိုး နေရပုံကိုပါ ဖွင့်ပြောလိုက်သည်။

'ယကေ ... ဗိုလ်မှူးဆိုတဲ့လူ စံပယ့်ဘက်ကို နောက်ထပ် မလာကေ အကောင်းဆုံးပဲ၊ အမိကလည်း စံပယ်သာယာကို ဗိုလ်မှူးနဲ့ တွေ့ခွင့်ပေးဖို့ မဟုတ်ဘူး၊ ဗိုလ်မှူးကလည်း မကောင်းသတင်းနဲ့ နာမည်ကျော်နေတဲ့ လူလို့ အမိက အမှန်အတိုင်း ယုံထားလို့ပဲ'

'မကောင်းသတင်းနဲ့ ဇာပိုင်နာမည် ကျော်နေတာကို ပြောဟာလဲ'

'ဗိုလ်မှူးဟာ ကြွေအံလောင်းတယ်၊ ကြက်တိုက်တယ်၊ အရက်သောက်တယ်၊ ကြွေးလည်းပင်း ခိုက်နေတယ်လို့ အမိက ပြောဟယ်'



'အေး ... ဟုတ်ရေ ဟုတ်ရေ၊ ကျုပ်ရို့ ရွှေဝံမျိုးတွေဟာ ဇာခါမှ ကြွေးနဲ့ကင်းတယ်ရယ်လို့ မရှိခဲ့ဘူး၊ ဒါဟာ ကျုပ်ရို့ မိသားစုရဲ့ ချွတ်ယွင်းချက်ကြီးပဲ၊ အစ်ကို ကိုဥက္ကာလို လူတောင်မှ သူများဆီက ငွေချေးရတယ်ဆိုရင် ကျုပ်ရို့ အကြောင်းကို သိလောက်ပြီ မဟုတ်လား'

'ယပြီးကေ ဗိုလ်မှူးဟာ ကိုဥက္ကာကိုလည်း စိတ်ညစ်အောင် လုပ်တယ်၊ မိဘတွေ ဆွေမျိုးတွေကိုလည်း စိတ်ဆင်းရဲအောင် လုပ်တဲ့ လူတဲ့'

လူကြမ်းကြီးက ရယ်လိုက်ပါသည်။ အမိရို့ ကြားမည်စိုးသဖြင့် စံပယ်က လူကြမ်းကြီး၏ ပါးစပ်ကို လက်ဖဝါးကလေးဖြင့် မလုံမလဲ လှမ်းပိတ်လိုက်ရသည်။ ဤတွင်မှ လူကြီးက အရယ် ရလိုက်သည်။

'ကျုပ် ဆွေမျိုးတွေကသာ ကျုပ်ကို စိတ်ဆင်းရဲအောင် လုပ်တာပါဗျာ၊ သူတို့ဆီက တစ်ပြားမှ နှိုက်လို့မရပါဘူး၊ ဒါနဲ့ စံပယ်ချေ အမိက ဇာတွေများ ပြောသေးလဲ'

'အစ်ကိုတွေ မောင်တွေ မရှိတဲ့ အချိန်မှာမှ လာပြီး နှမဖြစ်သူနဲ့ တွေ့ချင်ပါတယ်လို့ ဆိုတာဟာ သိပ်ပြီး စော်ကား ရိုင်းစိုင်းရာကျသတဲ့'

'အေချင့်က (ဒါကတော့) စံပယ့်အမိ အထင်လွဲနေတာပါ'

'ယပြီးကေရှိသိရေ (ပြီးတော့ ရှိသေးတယ်) စစ်ပွဲမှာ သတ္တိခဲလား၊ သတ္တိအရေလား ဆိုတာတော့ မသိဘူး၊ စစ်သား ဆိုရင်တော့ မိုက်မိုက်ရိုင်းရိုင်း သတ်ဟယ် ဖြတ်ဟယ် အကောင်မျိုးတွေတဲ့'

'သူက ရှာက မခွာဘူးတဲ့၊ အိမ်ထောင်ရှင် မိန်းမကြီးပဲ၊ စစ်ပွဲအကြောင်းကို ဇာသိနိုင်ပါ့မလဲ၊ စစ်ပွဲမှာ ရဲသလို အချစ်ပွဲမှာလည်း ရဲတယ် ဆိုတာကိုတော့ စံပယ်ရော၊ စံပယ်ရဲ့ အမိကော မကြာခင် သိကြတော့မှာပေါ့'

'ဇာကို ပြောလိုက်စွာလေ အေချင့်ရေ အမိပြောတဲ့ အတိုင်း ရိုင်းပျတော့မယ်လို့ ဆိုတာပဲ မဟုတ်လား'

စံပယ်၏ အမေးကို လုလင်ကြီးက ပြန်၍ အဖြေ မပေးသေးဘဲ လျော့ကျနေသော စံပယ်၏ ရင်ဝတ်ကို အပေါ်သို့ ဆွဲတင်ပေးလိုက်သည်။ စံပယ်သည် ရှက်သွေးဖြာသွားကာ လုလင်ကြီး၏ မျက်နှာကို မကြည့်ရဲဘဲ ဖြစ်နေရသည်။ လုလင်ကြီးသည် စံပယ်၏ မျက်နှာကို မိမိဘက်သို့ ဆွဲလှည့်လိုက်ပြီး စံပယ်၏ ပါးပြင် ဖောင်းဖောင်းကို သူ့နှာခေါင်းဖြင့် ဖိကာဖိကာ နမ်းလိုက်သည်။

ယောကျ်ား တစ်ယောက်၏ အနမ်းကို တစ်ခါမျှ မရခဲ့ဖူးသည့် စံပယ့်အဖို့ အစပထမတွင် တစ်ကိုယ်လုံး ထုံပူ၍ သွားသည်။ သို့ရာတွင် စိတ်ထဲကမူ ကျေနပ် သောင့်တနေ၏။

စံပယ်သည် မျက်နှာကိုလွှဲလျက် သရက်ပင်ပေါ်သို့ နွယ်၍တက်နေသည့် ပန်းရုံမှ ပန်းနွယ်ကလေးများကို အလုပ်မရှိ အလုပ်ရှာကာ ချိုးဆိတ်နေမိသည်။

'စံပယ် အိမ်ကို လာချင်ကေလဲ၊ လားလားဘိလေ'

လုလင်ကြီးထံမှ ကြားလိုက်ရသော စကားကြောင့် စံပယ် အံ့အားသင့်သွားသည်။ စံပယ်က လုလင်ကြီး၏ ကြမ်းကြမ်းရမ်းရမ်း အနမ်းမျိုးကို နောက်ထပ်ရောက်လာလိမ့်မည်ဟု ရင်ဖိုကောင်းနေစဉ် လားချင်လျှင် လားပါဟု ဆိုနေပြန်သည်။ စံပယ် သွားချင်စိတ်မရှိ။ သို့သော် သွားချင်စိတ်မရှိကြောင်း တစ်ဖက်က သိသွားလျှင်လည်း အထင်သေးဖွယ်ရာ ဖြစ်နေမည် ဖြစ်၏။

ဗိုလ်မှူးရွှဝံသည် စံပယ်၏ မျက်နှာကို တစ်ချက်မျှ ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီးနောက်····

သစ်ကိုင်းပေါ်မှနေ၍ မျောက်လွှဲကျော်ကြီး တစ်ကောင်လို မြေပြင်သို့ ဆင်းသွားသည်။ ပြီးမှ စံပယ့်ကို ဆင်းလာရန် သူ့လက်နှစ်ဖက်ကို မြှောက်တန်း၍ ခေါ်ယူသည်။

မြေပြင်ပေါ်သို့ ရောက်လာအောင် ဆင်းလိုက်ရသည်မှာလည်း စံပယ့်အဖို့ ရင်ခုန်စရာပင် ဖြစ်သည်။ သစ်ကိုင်းပေါ်တွင် တင်ပလ္လင်ထိုင်နေသော စံပယ်က ကိုယ်ကို အောက်ဖက်သို့ ယိမ်းချလိုက်သည်နှင့် တစ်ပြိုင်နက် မြှောက်တန်းထားသော သန်မာသည့် လုလင်ကြီး၏ လက်နှစ်ဖက်က စံပယ့်၏ လက်မောင်းရင်းကြား နှစ်ခုဆီသို့ ရောက်လာသည်။ ထို့နောက် သူ့လက်အတွင်းသို့ စံပယ့်၏ တစ်ကိုယ်လုံး ရောက်သွား မြှောက်ထားခြင်း ခံရပြီးမှ···

'နောက် အင်္ဂါနေ့မှာလည်း တွေ့ကြရအောင်နန့်'

လုလင်ကြီးသည် ကလေးတစ်ယောက်ကို ချီမြှောက်ထားသလို ချီမြှောက်ထားရင်း ထိုစကားကို ပြောပြီးမှ စံပယ်၏ ခြေဖျားနှစ်ဖက်ကို မြေပြင်ပေါ်တွင် တင်မိစေသည်။

'တွိ(တွေ့)နိုင်ဖို့ မထင်ပါ တွေ့ချင်စိတ်လည်း မရှိပါ'

စံပယ်က နှုတ်ခမ်းလေးကိုစူ၍ ဒေါကလေးပါပါဖြင့် ပြောလိုက်သည်။

'တွိချင်စိတ် မရှိဘူးဆိုစွာကိုက တွေ့ချင်စိတ် ရှိပါရေ ဆိုရေအကြောင်းကို ပြောနီစွာ မဟုတ်လား၊ ဆက်ဆက်လာခဲ့မယ် သိလား'

ဗိုလ်မှူးရွှဝံသည် ပြောပြောဆိုဆိုဖြင့် စံပယ့် အနားမှ ထွက်ခွာကာ သစ်ပင်အကြား၌ ပျောက်ကွယ်သွားသည်။



တွိချင်စိတ်မရှိဘူးဟု ပြောခဲ့သော စံပယ်သည် အင်္ဂါနေ့သို့ ရောက်လာသောအခါ သရက်ပင်ရှိရာသို့ စစ်ဗိုလ်မှူး လုလင်ကြီးထက်ပင် စော၍ရောက်နေခဲ့သည်။

ဗိုလ်မှူးကြီး လုလင်ကြီးရွှဝံနှင့် ချိန်း၍ ချိန်း၍ တွေ့ရသည်မှာ ရင်ခုန်စရာကောင်းသလို ပျော်စရာလည်း ကောင်းသည်။ အမျိုးသမီးတိုင်း ချစ်သူနှင့် ချိန်း၍တွေ့ရသည့် အရသာကို တစ်သက်တာတွင် မေ့နိုင်ကြမည်မထင်။

တစ်သီတင်းလျှင် တစ်ခါ၊ တစ်ခါတလေ နှစ်ခါမျှပင် ဆက်၍ ချိန်းတွေ့ကြသည်။ ချိန်း၍တွေ့သည့် နေရာမှာလည်း သရက်ပင်ပေါ်တွင်ပင် ဖြစ်သည်။ လုလင်ကြီးက ၂၈ နှစ်၊ စံပယ်က ၁၈ နှစ်၊ လုလင်ကြီးက စံပယ့်ထက် ဆယ့်ခြောက်နှစ် ကြီးနေသောကြောင့် စံပယ်၏ ချစ်ကထိကမှာ အရက်လည်းတွေ့၊ မြာလည်းပွေ့ဘူး ပြီးသော စစ်ဗိုလ်မှူး လုလင်ကြီးသာ ဖြစ်သည်။

တပေါင်းတကူး လေရူးကလည်း ဆော်စ၊ သရက်ကလည်း ကင်းစ၊ စံပယ်တို့ နှစ်ယောက်ကလည်း ချစ်စ ခင်စ တစ်ယောက်ကို တစ်ယောက် အနမ်းချင်းသာ လှယ်နေမိကြသည်။ မနမ်းဘဲနေသည့် အချိန်ကလေးများ စပ်ကြားတွင် မည်သည့်စကားကို ပြော၍ မည်သည့် စကားကို ဆိုကြသည်ကိုမူ မမှတ်မိတော့။ စံပယ်နှင့် လုလင်ကြီးတို့ စ၍ ချစ်ခဲ့ကြသည်မှာလည်း ယခုအခါဆိုလျှင် နှစ်တွေပင် ကူးလာခဲ့ပါပြီ။

သို့သော် စံပယ်နှင့် ဗိုလ်မှူးရွှဝံတို့ ချိန်း၍ ချိန်း၍ တွေ့သည့်နေရာကို စံပယ်၏ မိခင် ဖြစ်သူက သိရှိသွားခြင်း မရှိသည်မှာလည်း အံ့ဩစရာ ဖြစ်လေသည်။ အသုံးအဖြုန်း အပေးအကမ်း ရက်ရောသော ဗိုလ်မှူးကိုယ်တိုင် စံပယ်တို့ ဂေဟာရှိ အခြွေအရံတို့အား ဖောဖောသီသီကြီး ပေးကမ်းထားသောကြောင့်သာ ဖြစ်ပါလိမ့်မည်။

သို့ဖြင့် တန်ခူးလ၏ သီတင်းပတ် နောက်ဆုံးသို့ ရောက်လာခဲ့သည်။ ထိုသတင်းပတ်၏ တစ်ခုသော ရက်တွင် သာစည်ဂေဟာမှ အစ်ကိုလတ် ကိုသုခနှင့် ကြင်ရာဖြစ်သူ သီရိခင်၊ အစ်ကိုချေ ဖြစ်သူ ကိုဝဏ္ဏပါ စံပယ်တို့ သာယာဂေဟာသို့ ရောက်လာကြသည်။ သူတို့သုံးဦးနှင့် အတူ အသက် အစိတ်လောက် ရှိမည်ဟု ခန့်မှန်းရသော လူငယ် တစ်ယောက် ပါလာသည်။ ထိုလူမှာ မမသီရိခင်၏ မောင်ဖြစ်သူ သီရိမောင်မောင်ဟု သိကြရသည်။ ရှေ့သွားနှစ်ချောင်းက အပြင်သို့ ခေါ၍ထွက်နေသည်ကို မြင်ကတည်းက စံပယ်က သီရိမောင်မောင်ကို အော့နှလုံးနာနေသည်။ သူ့ရုပ်ပုံပန်းနှင့် သူ့အမည်မှာ 'အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ' ဟု ဆိုရမလို ဖြစ်နေသည်ဟု စံပယ့် ရင်ထဲ၌ အတွေးပေါ်နေသည်။

ထိုနေ့ ညနေစာကို တပျော်တစ်ပါးပင် ဝိုင်းဖွဲ့၍ စားသောက်ကြသည်။ ထမင်းမစားမီထက် ထမင်း စားပြီးသည့် အချိန်တွင် မမသီရိခင်က သူ့မောင်တော် အကြောင်း ကောင်းကြောင်းကိုသာ စံပယ့်အား ဦးကာချဲ့၍ ပြောပြသည်။

ထိုအချိန်တွင် စံပယ်၏ စိတ်သည် ချစ်သူ ဗိုလ်မှူးရှူဝံဆီသို့ ရောက်နေသည်။

သူငယ်အိပ်စက် အချိန်သို့ ရောက်လာသောအခါ အမိက စံပယ့်ကို အမိ၏ အခန်းသို့လာရန် ခေါ်လိုက်သည်။ အခန်းဆောင်ထဲသို့ ရောက်သောအခါ အစ်ကို လတ် ကိုသုခနှင့် အစ်ကိုချေ ကိုဝဏ္ဏကိုပါ တွေ့ရသည်။ တစ်ခုခုတော့ ထူးခြားပြီ ဟု စံပယ့် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

ဗိုလ်မှူးရှူဝံနှင့် ချိန်း၍ တွေ့သည့်အကြောင်းကို ပြောကြလေမည်လား။

ဤသို့ စိုးရိမ်နေမိသော်လည်း အခန်းဆောင်ထဲတွင် ရှိနေကြသူများ၏ မျက်နှာ က ပျားရည် ဆမ်းထားသကဲ့သို့ ရှိ၍ နေကြသည်။

မကြာမီ စံပယ်၏ အစ်ကိုလတ် အစ်ကိုချေနှင့် အမိ သုံးဦးသည် စံပယ့် အား သီရိမောင်မောင်ကို ယူရန် ဝိုင်း၍ နားချကြသည်။

နှစ်ဦးနှစ်ဖက် အုပ်ထိန်းသူများက အပေးအယူ ကိစ္စများတွင် သဘောတူ ပြီးကြပြီး မင်္ဂလာအခါ ရွေးရန်သာ ကျန်တော့သည်ဟု ပြောကြသည်။

အစတွင် စံပယ် ကြောင်နေသည်။ စကား တစ်လုံးမှ မထွက်၊ အတန်ကြာမှ ကရားမှ ရေလွှတ်သလို တတွတ်တွတ် ထွက်လာသည်။

‘အကျွန့်ကို သခေါကြီးဆီ ရောင်းစားကြတော့မလို့လား၊ မယူဘူး၊ မယူဘူး၊ ဓာပစ္စည်းတိပင်ရရ၊ ဓာလောက်တင်ပြီး တောင်းတောင်း၊ ဓာတိကိုမှ မမက်ဘူး၊ ပီးစားဖို့ဆိုကေ အိမ်ခေါင်မိုးပေါ် တက်ပြီး ခုန်ချသေပြလိုက်မယ်၊ ဆယ်စာ သေရဲ တယ်’

စံပယ်၏ ငြင်းဆိုချက်၊ စောဒက တက်ချက်များကို အမိက ဖျောင်းဖျောင်း ဖျဖျဖြင့် ပြန်၍ နားချသည်။ သူ့သားမက်လောင်း သီရိမောင်မောင်သည် အဆင်း မလှသော်လည်း အချင်းလှကြောင်း ကောင်းကြောင်း၊ တော်ကြောင်း ဦးကာ ဖွင့်ပြ သည်။ အစ်ကိုလတ် ကိုသုခကလည်း အမိစကားကို ထောက်ခံ ပြောဆိုသည်။

မည်သူ့ အပြောကိုမှ စံပယ်က ခေါင်းမညိတ်။

‘ကိုယ်ကြိုက်တဲ့လူ မဟုတ်ရင် စကြဝတေးမင်းကြီး ဖြစ်ဖြစ် ဓာဓာခါမှ မယူ’

စံပယ်က ခါးခါးသီးသီး ငြင်းဆန်သည်။ အမိနှင့် အစ်ကိုလတ် ကိုသုခတို့ က စံပယ်အား စိတ်ရှည်ရှည် ဖျောင်းဖျ ချော့မော့ နားသွင်းနေကြသည့်တိုင် အနီး



တွင် ထိုင်နေသော စံပယ်၏ အချစ်ဆုံး အစ်ကိုချေ ကိုဝဏ္ဏကမူ သူတို့ ပြောသည် ကို တစ်ခွန်းမျှ ဝင်မပြောဘဲ ခေါင်းကိုသာ ညိတ်နေသည်။

‘တော်ပြီ၊ တစ်ခွန်းတည်းပဲ၊ သီရိမောင်မောင်ကို ဘဓောင်ဖြစ်ဖြစ် မယူဘူး’

စံပယ်၏ စကား အဆုံးတွင် အစ်ကိုချေ ကိုဝဏ္ဏက ထိုင်ရာမှ ထလိုက်သည်။

‘စံပယ်မှ မယူချင်တာကို အတင်း နားသွင်းနေလို့လည်း ပင်ပန်းရုံ ရှိတော့ မှာပေါ့၊ အစ်ကိုလတ်ရယ် သူ စိတ်ဝင်စားလာအောင် အချိန်ကလေးတော့လည်း ပေးဖို့ ကောင်းပါတယ်၊ အရွယ်ရောက်လာတဲ့ မိန်းကလေး တစ်ယောက်ဟာ အိမ် ထောင်ရက်သား နေရာချထားမှ တင့်တယ်တယ် ဆိုတာ တဖြည်းဖြည်းတော့ စံပယ် သဘောပေါက်လာပါလိမ့်မယ်’

‘သီရိမောင်မောင်ကလည်း ဝဏ္ဏ ပြောတဲ့ အစီအစဉ်ကိုတော့ လက်ခံနိုင်ပါ လိမ့်မယ်’

အစ်ကိုလတ်နှင့် အစ်ကိုချေတို့၏ စကားကို အမိက ချေဖျက်လိုက်ပြန်သည်။

‘သမီး တစ်ကောင် နွားတစ်ထောင်တဲ့ လုံအောင် ထိန်းဖို့ ခက်တယ်၊ အချိန် ဆွဲမနေချင်ဘူး၊ မြန်မြန်ပဲ နေရာချလိုက်ချင်တယ်’

စံပယ်က ရှိုက်၍ ရှိုက်၍ ငိုလိုက်သည်။ ဤသို့ ငိုရင်း သူတို့ သုံးဦး၏ မျက်နှာကို တစ်လှည့်စီ ငေး၍ ကြည့်မိသည်။ သူတို့ သုံးဦး၏ မျက်နှာမှာလည်း ရွှင်လန်း သာယာခြင်း မရှိကြ၊ စံပယ်မှာ သမီး အထွေးဆုံးလည်းဖြစ် နှမ အထွေး ဆုံးလည်း ဖြစ်သောကြောင့် မိဘများကရော အစ်ကို အစ်မများကပါ အချစ်ဆုံး သမီး၊ အချစ်ဆုံး ညီမ ဖြစ်နေသည့် အလျောက် စံပယ်က ရှိုက်ကြီးတငင်ဖြင့် စိတ်မချမ်းမသာ ဖြစ်လေသည်ကို သူတို့လည်း ကြည့်ရက်ပုံ မရ။

သို့ရာတွင် အသက်ကြီးသူများပီပီ နောင်ရေးကို မျှော်တွေးလျက် မင်္ဂလာ ဆောင်မည့် အရေးကို ပြောဆိုနေကြခြင်း ဖြစ်သည်။

‘မယူဘူး၊ တစ်သက်လုံး စိတ်ညစ်နေရတာထက် စိတ်မညစ်ဘဲ သေရတာ က မြတ်တယ်၊ သိကြလား အသေခံပြမယ်’

ဤစကားကို ဒေါသသံပါပါဖြင့် ပြောဆိုလိုက်ပြီး စံပယ်သည် မိခင်၏ အခန်းဆောင်မှ ၄င်း၏ အဆောင်ရှိရာသို့ ထ၍ ပြေးလာကာ အခန်းတံခါးကို အတွင်းမှနေ၍ ကလန့်ထိုးလိုက်သည်။

တစ်အိမ်သားလုံး အိပ်မောကျသွားသည့် အချိန်ထိ စံပယ်က အဆောင် ခန်းထဲ၌ပင် ငြိမ်၍ နေလိုက်သည်။ သန်းခေါင် ကြက်တွန်ပြီး၍ ထမင်းအိုး တစ်လုံး ကျက်ခန့် ကြာသောအချိန်တွင် စံပယ်သည် တဘက်ထူထူ တစ်ထည်ကို ကိုယ်ပေါ်

တွင် လွမ်းခြုံလျက် အိမ်ပေါ်မှ ခြေသံမကြားအောင် ဆင်းခဲ့သည်။ ချစ်သူ ဗိုလ်မှူး မူဝံ ရှိရာသို့ သွားရန် ဖြစ်၏။

လသည် ကမ္ဘာတစ်ဖက်တွင် ပုံးနေ၏။ သစ်ပင်များ၏ အရိပ်ကြောင့် လမ်းက မှောင်တစ်ဝက် လင်းတစ်ဝက် ဖြစ်နေသည်။ မိန်းကလေး တစ်ဦးပီပီ စိုးထိတ်သည့် စိတ်များက စံပယ့် နှလုံးသားကို ဖျစ်ညစ် ဖိနှိပ်ထားသည်။ သို့ရာတွင် အချစ် ဟူသော ဓာက သတ္တိကို ပေးသည်။ ရင်တွင်းရှိ ချစ်သောက၏ တောက်လောင်မှုသည် အပြင်က ကြောက်စိုးစရာထက် ဆိုးသည်။ ထို့ကြောင့် စံပယ်သည် ကြောက်ရမှန်း လန့်ရမှန်းကိုပင် စဉ်းစားမနေမိတော့ဘဲ ချစ်သူရှိရာ နန်းချောင်း ဂေဟာဘက်သို့သာ ခြေလှမ်းသွက်သွက် လှမ်းခဲ့သည်။

လင်းကြက် တွန်ပြီးသည့် အချိန်လောက်တွင် မိမိ လယ်ရှိရာသို့ နွားကို မောင်းလျက် လာနေသော လယ်သမားကြီး တစ်ယောက်ကို တွေ့ရသည်။ စံပယ့်ကို လှမ်းမြင်လိုက်သော လယ်သမားကြီးက တစ္ဆေခြောက်သည် ထင်၍ မိုးပေါ်သို့ လက်အုပ်ချီလျက် ဘုရားရှိခိုးစာများ ရွတ်သည်။ စံပယ်က ချောင်းဂေဟာသို့ သွားသည့် လမ်းကို မေးမြန်းလိုက်သည်။ ဤတွင် လယ်သမားကြီးက မယုံသင်္ကာသည့် မျက်နှာဖြင့် အကဲခတ်ရင်း စံပယ့်အား လမ်းညွှန်ပြလိုက်သည်။

လင်းကြက်တွန်သံများက လမ်းတစ်လျှောက်တွင် လွှမ်းမိုးလျက် ရှိသည်။ အရုဏ်ဦးသည် အရှေ့ဘက်မှ လူးလွန့် ကွန့်မြူးလာသည်။ စံပယ့် တစ်ကိုယ်လုံးမှာ နွမ်းနယ်ပန်းဟိုက်နေ၏။ ရေစပ်စပ် ရှိသော ချောင်းကလေးများကို ဖြတ်ကူးလာခဲ့ရသောကြောင့် တစ်ကိုယ်လုံးမှာ စိုထိုင်းထိုင်း ဖြစ်နေသည်။ ဆံပင်များကလည်း နံနက် လေတွင် ပန်းနွယ်များကဲ့သို့ လှုပ်ရှားကာ ဖားလျားဝဲနေသည်။

နန်းချောင်း ဂေဟာရှေ့သို့ စံပယ် ရောက်ရှိသွားသောအခါ နေပင် ထန်းတစ်ဖျားခန့် ရှိနေပေပြီ။ စံပယ်က ဆင်ဝင်အောက်သို့ အရောက်လာခဲ့ရင်း အတွေးပေါင်း မျိုးစုံတို့ဖြင့် တစ်ကိုယ်လုံး တုန်လှုပ်နေသည်။

'နန်းချောင်း ဂေဟာမှာ သူတစ်ယောက်တည်း ရှိနေရင် တော်ပါရဲ့၊ သူ့အစ်ကိုတွေ သူ့အစ်မတွေ သူတို့ အိမ်သားတွေ ရှိနေရင် ဘယ်လိုလုပ်ပြီး မျက်နှာပြရပါ့မလဲ'

စံပယ်သည် သာယာ ဂေဟာသို့ ပြန်၍ ပြေးသွားချင်စိတ် ပေါ်လာသည်။ သို့သော် နောက်ကျခဲ့ပါပြီ။

နန်းချောင်း ဂေဟာ စားဖိုချောင်ဘက်ဆီမှ ထမင်းချက်များ အခြေအရံများ၏ လှုပ်ရှားသံကို ကြားရ၏။ ထမင်းစားခန်းဘက်တွင်လည်း ပြတင်းတံခါးများ ဖွင့်ထားသည်ကို မြင်ရသည်။



စံပယ်သည် အိမ်ရှေ့ ဆင်ဝင်အောက်မှနေ၍ ထမင်းစားခန်းဘက်ရှိ ပြတင်းပေါက် တစ်ခုရှိရာသို့ မရဲတရဲဖြင့် လာခဲ့၏။ ထမင်းစားခန်းဆီမှ ရယ်သံမောသံနှင့် စကားပြောသံ၊ ဇွန်းသံ၊ ပန်းကန်သံများကို ကြားရသည်။

ပြတင်းပေါက် အနီးတွင် သွား၍ ရပ်လိုက်သောအခါ စံပယ့်အား အခြွေအရံ တစ်ယောက်က မြင်သွားကာ ....

'ဓာလည်း ဓာလာလုပ်စွာလဲ' ဟူ အသံမာမာဖြင့် ငေါက်သည်။ လယ်သမားကြီးနှင့် တွေ့စဉ်က တစ္ဆေအဖြစ် ထင်မှတ်ခြင်းခံခဲ့ရသော စံပယ်သည် ချစ်သူရှိရာ နန်းချောင်း ဂေဟာ၏ ပြတင်းဝတစ်ခု၌ သူတောင်းစားအဖြစ် အထင်ခံနေပြန်ပါပြီ။

'ဗိုလ်မှူးမူဝံနဲ့ တွေ့ချင်လို့ပါ'

စံပယ်ဆီမှ မရဲတရဲ အသံ ထွက်လာသည်။

'ဗိုလ်မှူးနဲ့ သူ့မိတ်ဆွေတွေ မနက် လက်ဖက်ရည်ပွဲ သုံးဆောင်နေတယ်၊ စောစောစီးစီးဆိုတာ မင်္ဂလာယူတဲ့ အချိန်၊ ကဲ သွားစမ်း'

အစေခံသည် စံပယ့်ကို သူတောင်းစား အမှတ်ဖြင့် နှင်ထုတ်နေ၏။ လက်ဖက်ရည်ပွဲဆီမှ ပျံ့လွင့်၍လာသော ဗိုလ်မှူးမူဝံ၏ ရယ်မောသံကို ကြားလိုက်ရသည်။ စံပယ်သည် အားတက်လာ၏။

'ဗိုလ်မှူးမူဝံနဲ့ တွေ့ရမှ ဖြစ်ပါဖို့၊ အခုလား ပြောပီးပါ၊ ယင်းပိုင် မဟုတ်ကေအကျွန်လားဖို့'

စံပယ် အသံသည် ပို၍ ကျယ်ကာ ပို၍ ရဲရင့်လာသည်။ တားမြစ်နေသူသည် စံပယ်၏ ပြောပုံဆိုပုံကို နှာခေါင်းရှုံ့လိုက်ပြီး စံပယ်၏ လက်ကို ကိုင်လျက် အပြင်သို့ နှင်ထုတ်ရန် ဟန်ပြင်လိုက်သည်။ ဤအချိန်တွင်ပင် ပြတင်း ရှိရာဘက်သို့ လျှောက်လာသော ဗိုလ်မှူး မူဝံ၏ သဏ္ဌာန်ကို မြင်လိုက်ရသည်။

'အေမှာ ... အေမှာ စံပယ်ခေါ်နီရေ၊ အေက လူတိက အတင်း ထားနေတယ်'

ဗိုလ်မှူး လုလင်ကြီး မူဝံသည် ပါးစပ်ပွင့်သွားအောင် အံ့သြသွားသည်။ လက်ထဲတွင် မုန့်ပန်းကန်ကြီးနှင့်ပင် ကြောင်တစ်ကောင်လို ပြတင်းပေါက်မှ လွှားကျော် ထွက်လာသည်။ သူ့အခြွေအရံ တစ်ယောက်အား ပန်းကန်ကို လှမ်းပေးလိုက်ပြီး လက်နှစ်ဖက် ဆန့်တန်းလိုက်သည်နှင့် စံပယ်က သူ့ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သည်။ မူဝံက စံပယ်ကို ဖက်ထားချိန်၌ စံပယ်သည် မျက်ရည်မိုးဖြင့် လုလင်ကြီး မူဝံ၏ ရင်ဘတ်ကျယ်ကြီးကို စိုရွှဲသွားစေခဲ့သည်။

ဗိုလ်မှူး လုလင်ကြီး ရှုဝံသည် အခက်အခဲကျနေသော စံပယ်၏ ဆံနွယ်ကလေးများကို သပ်ပေးနေရာမှ ကြောင်၍ ငေးနေသော မုန့်ပန်းကန်ကို ကိုင်ထားသူကို 'မင်းသွားတော့' ဟု ပြောလိုက်သည်။ ထို့နောက် ရင်ခွင်ထဲရှိ စံပယ်၏ ခေါင်းကို ဖွဖွကလေး နမ်းလိုက်ပြီး။

'ကဲ … စံပယ်ရယ် မြင်ရတာကလည်း စိတ်ပူစရာကြီး၊ ဘဇောင် ဖြစ်လာတာတုန်း၊ ကိုယ့်ကိုလည်း ပြောပါဦး'

ချစ်သူ၏ ယုယုယယ ပြောမေးသံကို ကြားရမှပင် စံပယ်အဖို့ ပို၍ ဝမ်းနည်းလာသည်။ စောစောက ပင်ပန်း နွမ်းနယ်နေသမျှထက် ယခုမှ ပို၍ ပင်ပန်း နွမ်းနယ်လာသလို ထင်ရသည်။ စံပယ်သည် ဗိုလ်မှူးရှုဝံ၏ ရင်အုံတွင် မျက်နှာအပ်လျက် ပို၍ ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။

'ကလေးရယ် … တိတ်တော့ကွယ်၊ ဆောင်ရွက်စရာရှိရင် မြန်မြန် ဆောင်ရွက်နိုင်အောင် ပြောပြပါလား ချစ်စရာချောရယ်'

လုလင်ကြီးသည် ညင်ညင်သာသာ ပြောရင်း စံပယ်၏ ခေါင်းကို လက်တစ်ဖက်ဖြင့် ပွတ်သပ်ပေးနေသည်။ စံပယ်သည် ငို၍ အားရတော့မှပင် မိမိအား သီရိမောင်မောင်နှင့် ပေးစားရန် စီစဉ်နေကြသဖြင့် ညကပင် အိမ်မှ ထွက်ပြေးလာခဲ့ကြောင်း ပြောပြလိုက်သည်။

စံပယ် ပြောပြချက်ကို နားထောင်ရင်း ဗိုလ်မှူးရှုဝံသည် ကိုယ်ကို သိမ့်သိမ့်ခါအောင် လှုပ်လျက် ရယ်မောလိုက်သည်။

'အေချင့်ပလာ (ဒါပဲလား) နှမချော အေအကြောင်းကို ပြောဖို့ တစ်ညလုံး လာခဲ့ရတယ် ဟုတ်လား၊ ဩော် … စံပယ်'

စံပယ်သည် လုလင်ကြီး၏ မျက်နှာကို မော့ကြည့်ရင်း ရင်ခွင်ထဲမှ ခွာလိုက်သည်။ ဒေါသကြောင့် မာကျောနေ၏။ မျက်နှာကလည်း အံ့သြနေသည်။ သေရေးရှင်ရေးတမျှ သဘောထား၍ ပြောနေသည်ကို လုလင်ကြီးက ပျက်လုံး တစ်ခုကဲ့သို့ ပြုနေသည်ကို လည်းကောင်း၊ ပြောပြရုံအတွက် တစ်ညလုံး လာခဲ့ရတယ်လားဟု ဆိုနေခြင်းကို လည်းကောင်း ဝမ်းနည်းကာ မျက်ရည်များ ဝိုင်းလာပြန်၏။ သို့သော် ရဲတင်းစွာ ကြည့်လိုက်ရင်း …

'အေပြဿနာကို စံပယ် ဘဇောင်ပိုင် ဖြေရှင်းရဖို့လဲ'

'လွယ်လွယ်ကလေးပါ၊ နှမချောအေမှာ နေလိုက်ရုံပေါ့၊ စံပယ် ကြိုက်သလို ကိုယ်က ဆောင်ရွက်ပေးမှာပါ၊ စံပယ့် အမိက သမက်တက် လက်မခံဘူးဆိုရင်



လည်း ကိုယ့်ဟာကိုယ် သမက်တက်လိုက်ကြတာပေါ့၊ လာ ခရီးလည်း ပန်းလာခဲ့ပြီ မဟုတ်လား၊ ဆာလည်း ဆာလှရော့မယ်၊ လာ လက်ဖက်ရည်ပွဲ အဆင်သင့်ပဲ'

ဗိုလ်မှူးကြီး ရှုဝံသည် စံပယ့်အား ထမင်းစားခန်းထဲသို့ ခေါ်သည်။ စံပယ်က ငြင်းဆန်၏။ လမ်းတွင် တွေ့ခဲ့ရသော လယ်သမားကြီးက တစ္ဆေဟု ထင်ခဲ့ပြီး ဤအိမ်မှ အိမ်ဖော်တွေက သူတောင်းစားဟု ထင်ခဲ့ရာ လက်ဖက်ရည်ဝိုင်းတွင် ရှိနေသည့် ဗိုလ်မှူးရှုဝံ၏ မိတ်ဆွေများက မည်သို့ ထင်ကြပါမည်နည်း။

ဗိုလ်မှူး လုလင်ကြီးသည် သူ၏ ဖြစ်ဉာဉ်အတိုင်း စံပယ်၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ကာ ကလေးတစ်ယောက်ကို ဆွဲခေါ်သွားသလို လက်ဖက်ရည်ပွဲ ရှိရာသို့ အတင်း ဆွဲခေါ်သွားသည်။ စံပယ်၏ အင်္ကျီနှင့် လုံချည်တွင် ရွံ့စက်များ ရေစက်များ စွန်းထင်း ပေကျံနေသည်။ ခေါင်းက ဆံပင်ကလည်း ဖားလျားဝေလျက်။ ဖိနပ်က ရုပ်ပင် မပေါ်တော့။

ဤပုံအတိုင်းပင် လက်ဖက်ရည်ဝိုင်းသို့ ရောက်သွားသည်။ ဝိုင်းတွင် စံပယ်သိသော ဦးရွှေသာ၊ ကိုရဲကျော်သူ၊ ကိုသာဗန်းနှင့် လင်းသာမောင်မောင်တို့ကို တွေ့ရသည်။ စံပယ် မသိသော ဧည့်သည် လေးငါးခြောက်ယောက်လည်း ရှိကြသည်။

'ဒါက သာယာဝေဟာက စံပယ်သာယာပါ၊ သူက အခြေအနေ ဖန်တီးလာလို့ ကျုပ်ဆီကို ခုလို မမျှော်လင့်ဘဲ ရောက်လာရတာ၊ သူ့အမိနဲ့ သူ့အစ်ကိုတိက သူ့ကို သီရိမောင်မောင်နဲ့ အတင်းပေးစားမယ် ဆိုလို့ ထွက်ပြေးလာတာ'

ဗိုလ်မှူးရှုဝံက လက်ဖက်ရည်ဝိုင်းရှိ ၎င်း၏ မိတ်ဆွေများအား စံပယ်နှင့် မိတ်ဆက်ပေးနေပြန်သည်။ စံပယ်က မျက်နှာကို မည်သို့ ထားရမှန်း မသိအောင်ပင် ရှက်နေသည်။

'ကဲ … စားလေ၊ ဆီထမင်းလည်း ရှိတယ်၊ ကြက်သားကြော်လည်း ရှိတယ်၊ ဟောဟိုဟာကတော့ အချို အဆိမ့်တွေ ပါတဲ့မုန့်ပဲ၊ လက်ဖက်ရည်လည်း သောက်လိုက်ဦး'

ဧည့်သည်များရှေ့တွင် စံပယ်အား အတင်း စားသောက်ခိုင်းနေပြန်သည်။ စားသောက်ဖွယ် ပန်းကန်တို့ကို တစ်ခုပြီး တစ်ခု ယူလျက် အတင်း ခွံ့တော့မယောင်လည်း ပြုသည်။ စိတ်ရောလူပါ မောနေပြီဖြစ်သော စံပယ်က အိမ်အပေါ်ထပ်သို့ တက်ကာ အခန်း တစ်ခန်းတွင် အပန်းဖြေလိုစိတ်သာ ရှိနေသည်။

စံပယ်၏ စိတ်သဘောကို အကဲခတ်မိဟန် တူသော လင်းသာမောင်မောင်က …

'သူ့ခမျာ အပန်းဖြေချင်ရှာပြီ ထင်တယ်၊ ခင်ဗျားအိမ်က အိမ်ဖော် မိန်းမ တစ်ယောက်ယောက်ကို ကျွန်တော် သွားခေါ်လိုက်မယ်လေ'

လင်းသာမောင်မောင်သည် ဗိုလ်မှူးရှုဝံထက် အသက်ကြီးရုံသာမက အိမ်ထောင်သည် တစ်ဦး ဖြစ်နေသောကြောင့်လည်း စံပယ်၏ စိတ်သဘော အခြေအနေကို အကဲခတ်မိခြင်း ဖြစ်သည်။

'ခင်ဗျားကလည်းဗျာ'

ဗိုလ်မှူးရှုဝံက လင်းသာမောင်မောင်ဘက်သို့ လှည့်၍ ရယ်ဖြဲဖြဲ လေသံဖြင့် ....

'ကျုပ်အိမ်က လူပျိုအိမ်ဗျ၊ ဘယ်ကလာပြီး မိန်းမ အိမ်ဖော် ရှိရမှာလဲ'

ဧည့်သည်များက ရယ်ချင်သော်လည်း သူတို့၏ ပါးစပ်များကို လက်ကိုင်ပဝါဖြင့် ဖုံးဖိထားသည်။ များမကြာမီပင် ဧည့်သည်များသည် တစ်ယောက်လျှင် တစ်မျိုးစီ အကြောင်းပြကာ လက်ဖက်ရည်ပွဲမှ အလျှိုလျှို ထွက်ခွာသွားကြရာ စံပယ်နှင့် ဗိုလ်မှူးရှုဝံတို့သာ ကျန်ခဲ့တော့သည်။

'စံပယ် ဒီကို လာတာ မိုက်မဲရာကျတာပဲ၊ ဗိုလ်မှူးရဲ့ ဧည့်သည်တွေရှေ့မှာ ဗိုလ်မှူး သိက္ခာကျအောင် ပြုလိုက်တာများ ဖြစ်သွားမလား'

'ကျုပ်က သိက္ခာကျနေတာ ကြာလှပါပြီဗျာ၊ စံပယ် ဒီအချိန်မှ ရောက်လာတာ တစ်မျိုးတော့ နေရာကျတယ်'

'ဇာဖြစ်လို့လဲ'

လုင်ကြီးသည် စားပွဲပေါ်မှ စာအုပ် တစ်အုပ်ကို ဆွဲယူ၍ စံပယ်အား လှမ်းပေးလိုက်သည်။

'ဟောဒီ နန်းချောင်း ဂေဟာနဲ့ ခြံကြီးရယ်၊ ပြီးတော့ ခြံပြင်ဘက်မှာ ရှိတဲ့ လယ်တွေကိုပါ လင်းသာမောင်မောင်နဲ့ အရောင်းအဝယ် တည့်ပြီးသွားလို့ပေါ့၊ သူက တန်ရာတန်ဖိုးကလေးတော့ ပေးအသွားသား၊ စံပယ်သာ ဒါထက် စောပြီး ရောက်လာရင် အရောင်းအဝယ် ကိစ္စ ပြောဖြစ်တော့မှာ မဟုတ်ဘူး'

'ဒါတွေ ရောင်းလို့ ရတဲ့ ငွေနဲ့ ဗိုလ်မှူးရဲ့ အကြွေးတွေ ဆပ်လို့ လောက်ပါ့မလား'

ဗိုလ်မှူး လုလင်ကြီးက ရယ်လိုက်သည်။

'ဒီမှာ ဗိုလ်မှူး ... ဗိုလ်မှူးလို့ မခေါ်စမ်းနဲ့၊ ချစ်ရေး ချစ်ရာ အမိန့်ပေးတာ မရှိဘူး၊ အစ်ကိုလို အဖေလိုနဲ့ရောတဲ့ အချစ်မျိုးသာ ရှိရမယ်၊ ယင်းအတွက်နန့် အစ်ကို ပြောမယ်၊ အကြွေးဆပ်ဖို့ ဆယ်ပုံ ပုံရင် တစ်ပုံလောက်ပဲ ရတာ၊ တစ်ပတ်



လောက် သုံးနေဖို့လည်း ရတာပေါ့၊ အဲဒီတော့မှ အစ်ကိုရို့ နှစ်ယောက်က တစ်ယောက်ယောက်ဆီမှာ ထပ်ပြီး ငွေချေးကြတာပေါ့'

'ဇာလို့ အစ်ကိုတို့ နှစ်ယောက်လို့ ဆိုလိုက်တာလဲ'

'နို့ ... အစ်ကိုနဲ့ စံပယ်နဲ့ နှစ်ယောက်က အတူတူနေကြတော့မယ် မဟုတ်လား၊ သီရိမောင်မောင်လို လူတစ်ယောက် လက်ထဲကို စံပယ်လို လှလှချေ တစ်ယောက် ကျုပ်က အရောက်ခံနိုင်ပါ့မလား'

ဤသို့ဆိုရင်း လုလင်ကြီး ရှုဝံသည် လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်ရာ စံပယ်က ရင်ခွင်တွင်းသို့ တိုးဝင် ထိုင်လိုက်၏။

'အရင် တစ်ခေါက်က ပြောရေကာ အမွေတွေ အများကြီးရမယ့် မိန်းမကို ယူမှ နေရာကျမယ်၊ ဒါမှ နေထိုင်စားသောက်ဖို့ လုံလောက်မယ်လို့ အစ်ကိုပဲ ပြောဖူးတယ် မဟုတ်လား'

စံပယ်သည် ထိုစကားကို ပြောရာ၌ ရှေ့ရေးကို မျှော်တွေး၍ မေးလိုက်ခြင်း ဖြစ်သည်။

'စံပယ့်ကို အခြား လူတစ်ယောက်နောက် ဘယ့်နှယ်လုပ်ပြီး ထည့်လိုက်နိုင်မှာလဲ'

'ဒါပေမဲ့ အစ်ကို ... အကာန်က အမိနဲ့ အစ်ကိုတိ သဘောတူရေ လူကို မယူဘဲ အစ်ကို့ကို ယူလိုက်ရင် အကျွန့်ကို အမွေ နည်းနည်းကလေးပဲ ပေးကြလိမ့်မယ်'

'ငွေကြေးက လူ့ထက် အဖိုးတန်သေးသလား အချစ်ရယ်၊ အစ်ကို့မှာ အဒေါ် နှစ်ယောက်ဆီက ငွေတစ်သောင်းလောက် အမွေရဖို့ ရှိပါသေးတယ်'

'အဲဒီ တစ်သောင်းနဲ့ တစ်သက်လုံး စားနေနိုင်မှာလား အစ်ကို'

'ဒီမှာ လူတစ်ယောက်လုံး ရှိနေပြီ၊ ဘာလိုနေသေးသလဲ ဒီလူငတ်ရင် ငတ်၊ ဒီလူ ဝရင် ဝ၊ အဲဒီ သဘောထားနိုင်ရင် ဒီလိုပဲ ကြံဖန်ပြီး နေမှာပေါ့'

'မဟုတ်ပါဘူး၊ စံပယ် ပြောတာက သူတို့ မလိုတဲ့ လူကို ယူလိုက်တဲ့ အတွက် အမွေ နည်းနည်းကလေးပဲရရင် အစ်ကို သုံးစရာ ဘာပစ္စည်းမှ မပါလာ့လို့ပါ'

လုလင်ကြီးက တဟားဟား ရယ်လိုက်၏။

'အစ်ကို စုံမက်တာက စံပယ်ရဲ့အမွေ မဟုတ်ပါဘူး၊ ဘာပစ္စည်းနဲ့မှ တန်ဖိုး မထပ်နိုင်တဲ့ စံပယ်ကိုသာ စုံမက်တာ'

လုလင်ကြီးသည် ပြောပြောဆိုဆို စံပယ်၏ ကိုယ်လုံးကို လေထဲတွင် မြောက်ခနဲ ပါသွားအောင် ပွေ့ချီလိုက်သည်။ ပြီးမှ ၄င်း၏ စက်ရာ ခန်းဆောင် ရှိရာသို့ စံပယ်အား ပွေ့ယူသွားခဲ့သည်။

*

(၄)

စံပယ်ရို့ သမက်တက်ပွဲကို တင့်တောင့်တင့်တယ် ဖြစ်အောင် ကြားဝင်စေ့စပ်ပေးသူမှာ ကိုဥက္ကာ ဖြစ်သည်။

စံပယ်၏ အမိနှင့် အစ်ကို အစ်မများအား ကြေရာကြေကြောင်း တောင်းပန်ပြောဆိုပေးသူမှာလည်း ကိုဥက္ကာပင် ဖြစ်သည်။ သို့ဖြင့် စံပယ်နှင့် မိုလ်မှူးမူဝံတို့၏ သမက်တက်ပွဲကို ကိုဥက္ကာကပင် အာကာဂေဟာတွင် ကျင်းပရန် နေ့ကောင်းနေ့ရက်သာ သတ်မှတ်လိုက်သည်။

သမက်တက်ပွဲ မတိုင်မီ နှစ်ရက် အလိုက ကြိုတင်လျက် စံပယ်နှင့် အမိတို့က အာကာ ဂေဟာသို့ ရောက်နေကြရသည်။

စံပယ်သည် စိတ်ကြိုက် ပါဝင်ရသည့် သတို့သမီးပီပီ၊ အထူး ပျော်ရွှင်နေသည်။ လွန်ခဲ့သည့် ရှစ်နှစ်ခန့်က စံပယ်တို့ အစ်ကိုကြီးဖြစ်သူ ကိုအာယုသည် ဤအာကာ ဂေဟာသို့ သတို့သားအဖြစ် ရောက်ရှိလာခဲ့ဖူးခြင်းကိုပင် မေ့လျော့နေသည်။ ဦးအာကာတို့ ဆွေမျိုးစုများသည် စံပယ်တို့ အပေါ်တွင် အလွန် လောကွတ်ကောင်းနေကြသည်။ ဦးအာကာကြီးသည် အသက် ကိုးဆယ် ကျော်နေပြီ ဖြစ်သော်လည်း ကျန်းမာဆဲပင် ရှိသည်။ အခင်အာကာသည် ဧဒဝတီ ဘုရင့် လက်ထက်တော်တွင် စစ်ကဲကြီးအဖြစ် အမှုထမ်းခဲ့ဖူးသောကြောင့် လူတိုင်းက ရိုသေလေးစားကြသည်။

ယခု ယောက္ခမကြီး ဖြစ်သော အခင်အာကာသည် သူ၏ ညှော်သည်များနှင့် အတူ ဒွါရာဝတီနယ်တွင် ဖြစ်ပေါ်လျက်ရှိသော ရင်ခွင်ပိုက် ဘုရင်မ စောသျှင်မိနှင့် သားတော် နှစ်ပါး၏ ထီးရေးနန်းရေးကိစ္စကို ဆွေးနွေး ဝေဖန်နေသည်။ အခင်

အာကာ၏ ညှို့သည်များက ခေါင်းတညိတ်ညိတ် နားထောင်ခြင်း၊ ဝင်ရောက် ထင်မြင်ချက် ပေးခြင်း ပြုနေကြသည်။

ရင်ခွင်ပိုက် ဘုရင်မကြီးက သားတော်ကြီးဖြစ်သူ စောနန္ဒမိတ်ကို ထီးမွေ နန်းမွေ လွှဲအပ်ပေးရန် မလိုလားဘဲ သားတော်ငယ် ဘယမင်းရဲကိုသာ ထီးဖြူအုပ်၍ မင်းလုပ်စေလိုသော ဆန္ဒ ရှိသည်။ ထို့ကြောင့် နန်းတော် အတွင်းတွင်လည်း သား တော်ကြီး ဘက်တော်သားနှင့် သားတော်ငယ် ဘက်တော်သားဟူ၍ စိတ်ဝမ်းကွဲပြား လျက် ရှိကြရသည်ဟု ပြောသည်။

စံပယ်သည် အပျိုရုံတစ်သိုက်ဖြင့် စားရင်·သောက်ရင်း ညှို့ခံရင်း အချိန် ကုန်နေသလို သတို့သားကြီး ရှုဝံသော်လည်း ၎င်း၏ မိတ်ဆွေ အပေါင်းအသင်းတို့ ဖြင့် ယခု သမက်တက်ပွဲတွင် ပြုလုပ်မည့် ကျွဲခတ်ပြိုင်ပွဲအတွက် ခတ်ကျွဲကောင်း များကို ရွေးချယ်ရင်း အချိန်ကုန်နေရသည်။

သမက်တက်မည့်နေ့သို့ ရောက်သောအခါ အာကာ ဂေဟာကြီးနှင့်တကွ ခြံကြီးတစ်ခုလုံး ညှို့ပရိသတ်များ ဖွေးဖွေးလှုပ်နေသည်။ ကျွဲတိုက်ပွဲ ပြုလုပ်မည် ဆိုသောကြောင့်လည်း ထိုမျှ လူတွေ ကြိတ်ကြိတ်တိုးနေခြင်း ဖြစ်သည်။ အလွန် ဝေးကွာသည့် ရွာများမှပင် အနိုင့်အထက် လောင်းကစားရန်အတွက် တကူးတက ရောက်လာကြသူတွေလည်း ပါသည်ဟု သိရသည်။

ကျွဲတိုက်ပွဲကို နေ့အချိန်တွင် ပြုလုပ်မည်။ ပြီးမှ ညနေပိုင်းတွင် သမက်တက် ပွဲကို ကျင်းပမည်။ ပြီးသည်နှင့် ညစာ ထမင်းစားပွဲကြီးဖြင့် ကြွရောက်လာကြသည့် ညှို့ပရိသတ်တို့အား တည်ခင်း ကျွေးမွေး ညှို့ခံမည်။ ပွဲကြီးများအနေဖြင့် ဤအတိုင်း အစီအစဉ် ပြုထားသည်။ ကျင်ပြိုင်ပွဲ၊ ဆိုင်းအငြိမ့်ဖြင့် ဧည့်ခံဖျော်ဖြေမှု စသော ပွဲငယ်များလည်း ရှိသေးသည်။ ထိုပွဲငယ်များကို အချေ (ကလေး) များနှင့် အဘောင် သျှင်များ မိန်းမများသာ စိတ်ဝင်စားကြသည်။ ကျန်သော ယောကျ်ားတို့နှင့် အများစု တို့က ကျွဲတိုက်ပွဲအတွက် လောင်းကစားကြရန်ကိုသာ အာရုံ စောနေကြသည်။

ကျွဲခတ်ပြိုင်ပွဲတွင် တစ်ဖက်နှင့် တစ်ဖက် အလောင်းကစား ပြုလုပ်ထားသည့် လက်ရင်းကြေးကလည်း အလွန်ကြီးသည်ဖြစ်ရာ မိမိတို့ဘာသာ မိမိတို့ လက်ဖျား ခွဲကြမည့်သူများအဖို့ ပို၍ အားရနိုင်စရာ၊ စိတ်ပါဝင်စားရဲစရာ ဖြစ်လာကြသည်။

အာကာ ခြံဝင်းကြီး၏ ပတ်ပတ်လည်တွင် ရှိသော တောအုပ် သစ်ပင်များ အကြား၌ ပြိုင်ပွဲ ဝင်ရန် ခေါ်ဆောင်ခဲ့ကြသည့် ကျွဲအုပ်ကြီးကလည်း ကိုယ့်အစုနှင့် ကိုယ် ရှိနေကြသည်။ တိုက်ပွဲသွင်းမည့် ကျွဲများကို ကျွဲရှင်တို့သည် စောစီးစွာ



ကတည်းက ယူဆောင်လာကြကာ အာကာဂေဟာကြီး၏ ဘေးသစ်တော အုပ်ထဲ ၌ အမှောင်ချသည့် အိမ်များ ဆောက်လုပ်ကာ တိုက်သွင်းထားနှင့်ကြလေသည်။

ထိုနေ့က ကျွဲများကို အမှောင်ထဲတွင် တစ်ကောင်တည်း လေးငါးရက်ခန့် လှောင်ထားသည့် ကျွဲများကို ပွဲဝင်စေရန်အတွက် မှောင်ခန်းတိုက်မှ ထုတ်သည့်နေ့ ဖြစ်ရာ ကျွဲဝါသနာ ပါသူတို့က လောင်းကစားမည့် ကျွဲကို အကဲခတ်ရန် အတွက် လှည့်လည် ကြည့်ရှု ရွေးချယ်ကြသည်။

ကျွဲရှင်သည် ထိုလှည့်လည် ကြည့်ရှုသူများကို အနီးသို့ ကပ်ရန် ကြည့်ရှု ခွင့် မပေး၊ တာ နှစ်ဆယ်လောက်က ခွာ၍သာ ကြည့်ရှုခွင့် ပေးကြသည်။ အကြောင်းမူ မှောင်ထဲ၌ တစ်ကောင်တည်းသာ နေနေရသော ကျွဲသည် စိတ်ရိုင်းဝင်နေသည်။ ကျွဲဆွဲကိုသာ မြင်နေရ၍ ကျွဲဆွဲ တစ်ယောက်တည်းနှင့်သာ ဆက်ဆံနေရသည်။ စိတ်တိုနေခြင်း၊ ထိတ်လန့်နေခြင်းတို့ကြောင့် လှုပ်လှုပ်မည်းမည်း မြင်သမျှ ခုခံ တိုက်ခိုက်လိုသော ပြေးခတ်ပစ်လိုသည့်စိတ်တို့ ဝင်နေသည်။ လူများများ တွေ့လျှင် အနီးကပ် မြင်ရလျှင် ထိုကျွဲသည် ပြန်ယဉ်လာနိုင်သည်။ ထိတ်လန့်စိတ် ပျောက် လျက် ရိုးသွားနိုင်သည်။ ထို့ကြောင့် ယနေ့မှ တိုက်တွင်းက (အမှောင်တွင်းက) ထုတ်လိုက်သော ကျွဲပေါက်ကြီးများကို လူတွေနှင့် အနီးကပ် မတွေ့မမြင်စေလို၊ အဝေးတွင် ပြုလုပ်ထားသည့် အကွယ်အကာတို့ အတွင်းမှသာ ကြည့်မြင်ခွင့် ပေး နိုင်ကြသည်။ ထို့ပြင် ကျွဲပေါက်ကြီးကိုလည်း နဖားကြိုး ဖြုတ်လျက် ဝါးတန်း သုံးတန်းမျှလောက်ဖြင့် လေးဘက်လေးတန် 'ဝက်စားကျင်း' ကဲ့သို့ ကာရံထားသည့် အတွင်း၌သာ လွှတ်ထားရာ ထိုကျွဲပေါက်ကြီးက လန့်၍ တိုးထွက်လျှင် အဖမ်းရ ခက်မည်ကိုလည်း စိုးရသည်။

ကျွဲပေါက်ကြီးကလည်း လေတိုက်၍ သစ်ပင် လှုပ်သည်ကို မြင်လျှင်ပင် ခတ်ချင်နေသည်။ ခွာရုပ်လိုက်၊ သေးပေါက်လိုက်ဖြင့် တရှူးရှူး ဖြစ်နေတတ်သည်။ မလိုက်ချင်သည့် စိတ်ဖြင့်လည်း လည်ဘိုကြီးများ ထလျက် ရှိသည်။ အတူနေသော ကျွဲဆွဲသည် တိုက်မှ ထုတ်စတွင် မိမိတို့ ကျွဲနှင့် အမြဲ အတူ မျက်ခြည်မပြတ် နေကြရသည်။ ကြွေလွင့်လာသည့် သစ်ရွက်ကလေးကိုပင် ခတ်ချင်နေသည့် ကျွဲကြီး ကို စိတ်ပြေသွားအောင် အလန့်ပြေသွားအောင် ပြုလုပ်နေကြရသည်။ လောင်းကစား ရာ၌ 'လက်ရင်းကြေး' ကိုင်မည့်သူများသည် အဖော်အပေါင်းများဖြင့် မိမိတို့ လောင်းကစားမည့် ကျွဲများကို လည်းကောင်း၊ အပြိုင်တိုက်မည့် ကျွဲများကို လည်းကောင်း လှည့်လည် ကြည့်ရှုကြသည်။

ကျွဲကြီးများ ထားသော တောအုပ်သည် ကျွဲတိုက်ကြမည့် ကွက်လပ်တလင်း ကွင်းပြင်ကြီးနှင့် သိပ်မကွာလှမ်းလှ၊ အတော်ကလေး နေတတ်လာသည်နှင့် သစ်တော ထဲတွင် လူပါးလျက် ကျွဲတိုက်မည့် ကွင်းကြီးဆီသို့ချည်း လူအားလုံးလိုလို ရောက် နေကြသည်။ လူစုလူဝေးသည် ကွင်းပြင်ကြီး အတွင်းတွင် စကောအပြည့် ထည့် ထားသည့် နှမ်းလုံးများကဲ့သို့ အချင်းချင်း ထပ်ကာ ပြည့်ကျပ်နေသည်။ အလည်တွင် မူ ကွက်လပ်ကြီး တစ်ခု ရှိနေပါသေးသည်။ သို့သော် ကွက်လပ်သည် တဖြည်းဖြည်း လူအုပ်က တိုးတိုးသွားသဖြင့် ကျဉ်းကျဉ်းလာရာ တာဝန်ရှိသူတို့က နောက်သို့ ဆုတ်စေရန် ကြပ်ကြပ်မတ်မတ် တာဝန်ယူနေရသည်။ သို့သော် လူအုပ်သည် တကယ် များ၍ အားရှိလာသောအခါ မကြောက်တတ်ကြ။

ထို့ကြောင့် ကျွဲပွဲကို အချိန်မစောင့်နိုင်ဘဲ ချက်ချင်း စလိုက်ကြရသည်။

ပွဲကြီး စပြီဆိုသည်နှင့် ကျွဲဆွဲနှင့် ကျွဲအချို့တို့ ကွင်းကြီးထဲသို့ ရောက်လာ ကြသည်။ ပရိသတ်ကြီး တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ လောင်းကစား မည့် သူတို့က အဝေးမှကြည့်၍ အားမရဘဲ ကွင်းကြီးထဲမှ ဖြတ်ပြေးကာ ကျွဲရှိရာ သို့ ရောက်သွားကြသည်။ မကြာမီ သံတော်ဆင့်တစ်ဦးက ကြွေးကြော်လိုက်သည်။

'ဥက္ကာ ဂေဟာက အစ်မတော် မမတာရာ ကြွရောက်လာပါပြီ'

ကျွဲတိုက်ပွဲကြီး၏ တလင်းရှေ့တွင် ရာဇမတ်ကွက် ကာ၍ သဲဖြူ ခင်းထား သည့်နေရာတွင် ဗိုလ်မှူးစုဝံနှင့် စံပယ်တို့က နေရာယူထားကြရသည်။ စံပယ်သည် သံတော်ဆင့်ကြီး၏ ကြွေးကြော်သံကို ကြားလိုက်ရသည်နှင့် ချစ်သူ ဗိုလ်မှူး စုဝံ မျက်နှာကို လှမ်းကြည့်လိုက်သည်။ အကြည့်ချင်း ဆုံမိကြလျက် ပြုံးလိုက်ကြ၏။

'ကျွဲချင်းတိုက် ကတ်ကေလှဲ့ အစ်ကိုရေ၊ လူကိုတော့ခါ ကြိုဆို အရှိအသေ ပေးကတ်မယ်'

'စံပယ်ချေက သတို့သမီးပဲ နေပါ၊ အစ်ကို ကြိုခေါ်လာမယ်'

စံပယ်သည် ချစ်သူလုလင်ကြီးကို မျက်လုံးရွဲကြီးဖြင့် တစ်ချက်ကြည့်ပြီး လုလင်ကြီး၏ နောက်ပါးမှ ခပ်ရှိ့ရှိ့ ယှဉ်ရပ်လိုက်သည်။ ထို့နောက် မင်းလမ်းမှ ဝင်လာသော မမတာရာဆီသို့ သွားရောက် ကြိုဆိုလိုက်ကြ၏။ မမတာရာသည် စံပယ်ကို စူးစူးရဲရဲ ကြည့်ရင်း ခပ်မဲ့မဲ့ ပြုံးပြသည်။

'ကိုယ်ဖြင့် စံပယ် တစ်ယောက် မမတာရာတို့ မိသားစုထဲကို ရောက်လာ လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး'

'စံပယ်ကလည်း ကံတရားကိုပဲ အံ့သြနေရတာပါပဲ'



ထိုစဉ် မမတာရာသည် ခပ်ဆန်းဆန်း အပြုံးတစ်မျိုးဖြင့် ပြုံးလိုက်ပြီး ခပ်လှမ်းလှမ်းမှ လာနေသော အသက် အတော်ကလေး ကြီးပုံရနေသည့် လူကြီး တစ်ယောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။

'အဲဒါ မမတာရာရဲ့ ယောက်ျား ဦးပန်းသာ ဆိုတာလေ'

'ခန့်ခန့်ထွားထွားကြီးနော်၊ မမတာရာနဲ့ ပျော်ရွှင် သင့်မြတ်သူ ဖြစ်မှာမို့ စံပယ် ဝမ်းသာပါတယ်'

ထို့နောက် စံပယ်တို့သည် မူလ နေရာသို့ အားလုံး ပြန်လာ စုရပ်နေကြသည်။ ခပ်လှမ်းလှမ်းတွင် မောင်းသံ တဒူဒူ၊ ဆိုင်းသံ တညံညံဖြင့် လူစုလူဝေးကြီး၏ အုန်းအုန်းကျွက်ကျွက် အသံကို လိုက်လျော သာယာအောင် ညှိပေးနေသကဲ့သို့ ထင်မှတ်ရသည်။ သို့သော် ကျွဲတွေက လန့်နေကြသဖြင့် ကျွဲဆွဲတွေအဖို့ မနိုင်မနင်း ဖြစ်နေသည်။

ငွေရေး ကြေးရေးကိစ္စတွင် တစ်ကြိမ်တည်းနှင့် သူဌေး ဖြစ်ချင်နေသော ဗိုလ်မှူးစုဝံနှင့် ရသာလျှင် မောင့်နမူးကိုပါ သိုက်တူးဖို့ ရည်ရွယ်ထားသော မမတာရာ တို့သည် ရှေ့တန်းတွင် ငြိမ်ငြိမ်မနေနိုင်ကြဘဲ လောင်းကစားရေးအတွက် စနည်း နာရင်း မိမိတို့ လက်ရင်းကြေးများကို တိုက်ပွဲစဉ်အရ အလျှော့အတင်း ပြုကြရန် ကိုယ့်နည်းကိုယ့်ဟန်နှင့် ညစ်ကြရန် အတူထွက်သွားကြသည်။

စံပယ်တို့သည် အကြိတ်အနယ် အပြိုင်အဆိုင် လောင်းကြေးပြုကြမည့် နှမနှင့် မောင်ကို တစောင့်စောင့် ရှိနေကြရင်း အစ်မ ဖြစ်သူ မမတာရာရော၊ မောင် ဖြစ်သူ စုဝံပါ ပေါ်မလာကြတော့ဘဲ တစောင့်စောင့် ရှိကြရင်း ပထမဆုံး တိုက်ကြမည့် ကျွဲနှစ်ကောင်၏ အမည်ကို ကြေညာသံ ကြားနေကြရသည်။ ကြေညာသူက မောင်း တဒူဒူ ထုလိုက်၏။

'ယခု ပထမဆုံးပွဲတွင် စောသျှင်မိ ဘုရင်မကြီးရဲ့ မြင်းတပ် ဗိုလ်မှူးစုဝံရဲ့ ကျွဲပေါက်ကြီး ရဲသူကောင်က တောင်ဘက်မှ ထွက်လာပြီး အစ်မတော် မမတာရာ ရဲ့ ကျွဲပေါက်ကြီး ရဲချစ်ကောင်းက ကွင်းကြီးရဲ့ မြောက်ဘက်က ထွက်လာကြပါလိမ့် မယ်၊ လက်ဖျား လောင်းကစားသူတို့သည် မိမိတို့ ကြိုက်ရာဘက်က ကျွဲခြင်း ရင် မဆိုင်မီ ကြိုက်သလောက် လောင်းကြေး ထပ်ခွင့် ရှိပါတယ်'

ကြေညာသူက မောင်းတဒူဒူနှင့် ကြေညာနေသလို လူတွေကလည်း လှုပ်လှုပ် ရွရွ ပဒူအုံကို တုတ်ဖြင့် ဆွလိုက်သကဲ့သို့ ဖြစ်လာကြသည်။ ထိုအတွင်း ကျွဲဆွဲတို့ သည် တရှူးရှူး ရှန်းကန် လှုပ်ရှားနေသော ကျွဲကြီးတစ်ကောင်စီတို့ကို ကွင်းလယ် သို့ အပြေးကလေး ဆွဲဝင်လာကြသည်။ ကျွဲနှစ်ကောင်သည် ခပ်ပြေးပြေးကလေး

ဝင်လာနေကြသော်လည်း အလွယ်တကူ ဖြောင့်ဖြောင့်တန်းတန်း ပြေးဝင်လာကြသည် မဟုတ်၊ ကျွဲဆွဲတို့၏ လက်က ရုန်းကန်ကြရင်း မိမိတို့၏ ကျွဲဆွဲကြိုးများကိုပင် ပြန်၍ ရန်ပြုကြရင်း ပြေးဝင်လာနေကြခြင်း ဖြစ်သည်။

ကျွဲနှစ်ကောင်တို့ ရပ်တန့် ရင်ဆိုင်ကြရမည့် နေရာသို့ ရောက်သောအခါ ကျွဲကြီး နှစ်ကောင်တို့က ရပ်၍ မနေချင်ကြ။ ထို့ကြောင့် ကျွဲဆွဲကြီးတို့က မနိုင်မနင်း ထိန်းထားနေရသည်။ ယခု တိုက်ပွဲသည် ကျွဲရောလူပါ တိုက်မည့် တိုက်ပွဲ မဟုတ်သောကြောင့် ကျွဲဆွဲ နှစ်ယောက်တို့သည် ကျွဲကြီးနှစ်ကောင်တို့၏ လည်ပင်းမှ ကြိုးများကို ဆွဲဖြုတ်လိုက်ကာ အဝေးမှသာ ထိန်းသိမ်း စောင့်ရှောက်ပေးရမည် ဖြစ်သည်။ ထို့ပြင် ခဏအတွင်း တုတ်ရှည်ကိုင် လူပေါင်း ငါးဆယ်ကျော်တို့ကလည်း ကွင်းကြီးရှေ့သို့ ထွက်၍ နေရာယူလိုက်ကြသည်။ သူတို့သည် ကွင်းကြီး၏ ပတ်လည်သို့ လူတွေကို ဖြန့်လိုက်ကြပြီး အသင့်စောင့်နေကြ၏။ အကယ်၍ ကျွဲတစ်ကောင်ကောင်သည် ကြောက်ရွံ့ ရှုံးလျက် လူအုပ်ဘက်သို့ ထွက်ပြေးခဲ့သော် လူအုပ်ဆီသို့ မရောက်ရန် တားဆီးနိုင်ကြရေးအတွက် ဖြစ်သည်။

ထိုအတွင်း ဆေးဝါး၊ မန္တရားဆရာတို့က အပြိုင်အဆိုင် ခတ်ကြမည့် ကျွဲကြီး နှစ်ကောင်၏ ရှေ့တွင် သူ့ဆရာနှင့်သူ၊ ကိုယ့်ဆရာနှင့်ကိုယ် ကန်တော့ပွဲပေးခြင်း၊ ႏွံ့သာ ရေပက်ခြင်း၊ ကျွဲကို စောင့်သည် ဆိုသော အောင်တိုင်နတ် ပူဇော်ခြင်း စသည်တို့ကို ပြုလုပ်နေကြသည်။

ထိုအချိန်၌ ကျွဲကြီး နှစ်ကောင်တို့သည် တစ်ကောင်နှင့် တစ်ကောင် မြင်နေကြရပြီ ဖြစ်သောကြောင့် အသံပေးခြင်း၊ ချိုကြီးကို စောင်းလျက် ရန်စောင်ခြင်း၊ နှာရှုပ်ခြင်း၊ မိုးသို့ မျှော်၍ မန့် ခံခြင်း စသည်တို့ကို ပြုနေကြသည်။ အမိန့်သံနှင့် အတူ အချက်ပေး မောင်းတီးလိုက်သည်နှင့် ကျွဲဆွဲတို့သည် ကျွဲကြီးတို့၏ လည်ပင်းမှ ကြိုးကို ဖြုတ်ကာ ကျွဲကြီးတွေ၏ တင်ပါးကို ပုတ်ပေးလိုက်ကြလျက် ရှေ့သို့ မောင်းထုတ်လိုက်ကြသည်။ ကျွဲကြီး နှစ်ကောင်သည် ရုတ်တရက် ပြေးသွားလိုက်ကြကာ ခေါင်းချင်း စောင့်လိုက်ကြသည်။ ထို့နောက် အစွမ်းကုန် လည်တိုင်ကြီးတွေကို ဆန့်လျက် မြေပြင်သို့ ချိုခင်းလိုက်ကြသည်။ ကျွဲကြီးနှစ်ကောင်တို့သည် မြေပြင်ပေါ်တွင် ချိုခင်းမိလောက်ကြသည်အထိ ခေါင်းငုံ့ လည်စင်းလိုက်ကြပြီး ရှေ့တိုး နောက်ဆုတ် အပြန်အလှန် ပြုလုပ်နေကြသည့် အချိန်တွင် လှုပ်ရှားနေသည့် ပရိသတ်ကြီးသည် အသက် မရှူနိုင်ကြ။

'ရဲချစ်ကောင်း … ဟေ့ ရဲချစ်ကောင်း၊ မမတာရာရဲ့ ရဲချစ်ကောင်းကွ' ဟူသော အသံနှင့် အတူ ဗိုလ်မှူးရှုဝံ၏ ကျွဲပေါက်ကြီး ရဲသူကောင်က နောက်သို့ ဆုတ်၍ ဆုတ်၍ ရွှေ့နေခဲ့ရသည်။



စံပယ်သည် မိမိ ချစ်သူ၏ ကျွဲကြီး တရွေ့ရွေ့ဖြင့် နောက်ဆုတ် နောက်ဆုတ် ရွှေ့ပါနေသည်ကို တွေ့ရသောအခါ ရင်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစားနေရ၏။ အသက် မရှူရဲ၊ မျက်တောင် မခတ်မိအောင် စိတ်တထင့်ထင့်ဖြင့် ကြည့်နေရ၏။ တစ်ခါတစ်ခါတွင် ကျွဲကြီး နှစ်ကောင်စလုံးတို့သည် ပိုးကောင် မိထားသော အိမ်မြှောင်ကဲ့သို့ ခေါင်းကြီးတွေကို ဆတ်ခါလိုက်ကြသောအခါ ချိုချင်း ရိုက်ခတ်လိုက်သံသည် 'ပလုတ်တုတ်တုတ်' မြည်သံကဲ့သို့ အသံချင်း ဆက်ပေါ်လာ၏။ ထိုအချိန်မျိုးတွင် ပရိသတ်၏ တစ်ခဲနက် အားပေးလိုက်ကြသော အသံက ကောင်းကင်သို့ လုယက် ပျံ့လွင့်တက်သွားကြ၏။

ကျွဲကြီး နှစ်ကောင်သည် ခေါင်းချင်း ဆိုင်မိကြကတည်းက ပြန်မခွာကြတော့။ နှစ်ကောင်စလုံး၏ ချိုကြီးများသည် မိမိ ရန်ဘက်၏ ဦးခေါင်းဆီသို့ ချိုထိပ်ကို တည့်တည့် ရှိစေကာ ခွင့်ရတိုင်း ရမ်းခါလိုက်ကြ၏။

မမတာရာ၏ ကျွဲကြီးက တွန်းလှည်း တွန်း၏။ ချိုကြီးကိုလည်း ငါးခုန်သလို ဖျပ်ဖျပ်နေအောင် ခါ၏။ ဗိုလ်မှူးရှုဝံ၏ ခင်းထားသည့် ချိုကို မဆုတ်မရုတ်သော်လည်း နောက်ဆုတ် နောက်ဆုတ် ဆုတ်နေရ၏။ သို့သောအခါ အတွက်အခက်တို့ကမူ မမတာရာ၏ ကျွဲကြီးထက်ပင် ပိုသေး၏။ တန့်ခံလိုက် နောက်ဆုတ်ပေးလိုက် ဦးချိုကို ပြင်လိုက် ဆက်၍ ခါလိုက် ခတ်လိုက် ပြု၏။ ပရိသတ်ကြီးက အော်ဟစ် အားပေးလိုက်တိုင်း မမတာရာတို့ဘက်မှ ကျွဲက အတင်း တွန်းဖိခါခတ်သလို ဗိုလ်မှူးရှုဝံ၏ဘက်မှ ကျွဲကြီးကလည်း တန့်ခံလိုက်၊ ချိုပြင်လိုက် ခါလိုက် ခတ်လိုက် ပြုလုပ်သည်ချည်း၏။

ကျွဲကြီးနှစ်ကောင်သည် လူတွေ အားပေးသံနှင့် ဆိုင်းကတီး မှုတ်အားပေးသံကို သိနားလည်ကြသလား မသိရ။ မမတာရာ၏ ကျွဲကြီးက များများ အားပေးလေ များများ ဖိတွန်းလေ။

ဤကျွဲကြီး နှစ်ကောင်သည် တိုက်ပွဲပေါင်း များစွာ ဝင်ဖူးခဲ့ကြပြီးသော ကျွဲကြီးများ ဖြစ်ဟန်တူ၏။ ခွာခေါင့်ငြင်း လှည့်ပတ်ခတ်ခြင်းမျိုး လုံးဝ မပြုတော့ဘဲ ချိုချင်း ဆိုင်မိသည်နှင့် မခွာမဆုတ်တော့ဘဲ လည်တိုင်ကြီးများကို တောင့်ကာ တစ်ကောင်ကို တစ်ကောင် လစ်လျှင် လစ်သလို တွက်ခါ ခတ်ကြသည်။ ဤသို့ ခတ်ရင်း ဗိုလ်မှူးရှုဝံ၏ ကျွဲကြီးက နောက်ဆုတ် နောက်ဆုတ် ဖြစ်လာခဲ့ရသည်မှာ ကွင်းတစ်ပတ်မျှ ပတ်မိတော့မတတ် ဖြစ်လာ၏။ ထိုအခါ အားပေးသံ အော်သံတို့ ကလည်း ပို၍ ပို၍ ဆူညံလာ၏။ တစ်ကြိမ်တွင် နှစ်ကောင်လုံး ငြိမ်နေရာမှ အတွက်အခတ် များလာပြီးနောက် ဗိုလ်မှူးရှုဝံ၏ ကျွဲကြီးက ခါးကြီး ကုန်းသွားအောင် ကျုံးတွန်းလိုက်၏။

မမတာရာဘက်မှ ကျွဲကြီး ရဲချစ်ကောင်းသည် ဤတစ်ကြိမ်သာလျှင် နောက်သို့ ဖင်ထိုင်ကျသွား၏။ သို့သော် ချက်ချင်း ထ၏။ ရဲသူကောင် ဟူသော အသံကြီး ပေါ်လာ၏။ ရဲသူကောင်က ခါတွက်လိုက်ပြီးနောက် နောက်ဆုတ်လိုက်၏။ အနီးတွင် ရှိသော ပရိသတ်က ဟာခနဲ အော်လိုက်ကြ၏။ အဝေးမှ ပရိသတ်က ဘာကိုမျှ မသိကြ၊ ရဲသူကောင် ထွက်ပြေးသည် ထင်သောကြောင့် ရဲချစ်ကောင်းဟု အားပေးလိုက်၏။ ရဲချစ်ကောင်းက ဘာမျှ မရှိသော ရှေ့တည့်တည့်သို့ ကျုံးခတ်လိုက်၏။ ဤတွင် အားလွန်၍ အရှိန်ဖြင့် လဲ၏။ အသင့် စောင့်ကြည့်နေသော ရဲသူကောင်က ဝင်ခတ်လိုက်ပြီး ဆုတ်၍ စောင့်ပြန်၏။ ရဲချစ်ကောင်းက ထတည့်ပြီး နားရွက်ပေနေ၏။ ရဲသူကောင်က လက်ပတ်ကို ဝင်ခတ်လိုက်ပြီး နောက်ဆုတ် ငြိမ်နေပြန်၏။ မမတာရာ၏ ရဲချစ်ကောင်းကြီးမှာ မျက်စိ နှစ်လုံးစလုံး ချိုရှူးခံပြီးခဲ့ရလေပြီ။

ပရိသတ်က သိသဖြင့် ရဲသူကောင် နိုင်လိုက်ရသည်။ ထိုအချိန်အထိ မမတာရာတို့ ပြန်မလာကြသေး။ နောက်တစ်ပွဲ စ၍ ခဏကြာသောအခါ မမတာရာ ရောက်လာသည်။ မမတာရာ မျက်နှာ တစ်ပြင်လုံး ချွေးတွေ စို့နေ၏။ မမတာရာသည် ဦးပန်းသာ အနီးတွင် ကပ်ထိုင်လိုက်သည်။

'ပထမပွဲကတော့ စည်းစိမ် တစ်ဝက် ကုန်တာပဲ'

မမတာရာ နှုတ်မှ ထွက်လာသောအသံ ဖြစ်သည်။ မမတာရာသည် စံပယ်ရှိရာသို့ မျက်လုံးအစုံကို ခပ်ကျဉ်းကျဉ်းပြု၍ ကြည့်လိုက်ပြီးနောက် ဦးပန်းသာဘက်သို့ လှည့်လိုက်ပြန်၏။

'ဒီအတိုင်း ဆိုရင်တော့ နောက်ပွဲတွေလည်း ရှုံးမှာပဲ၊ ထပ်မရှုံးအောင်တော့ ကြိုးစားထားတယ်၊ ရှင်ပြန်နှင့်ရင် ကောင်းမယ်'

မမတာရာသည် စံပယ့်ကိုမျှ နှုတ်ဆက်ဖော်မရဘဲ ဂနာမငြိမ် ဖြစ်လျက် ကွင်းထဲမှ ပြတ်လျှောက်သွားသည်။ ပရိသတ်ကမူ မမတာရာထက် အကြိတ်အနယ် ခတ်နေကြသော ကျွဲကြီးနှစ်ကောင်ကို ပို၍ စိတ်ဝင်စားနေကြသည်။

စံပယ်ကမူ ချစ်လင်လောင်းက နိုင်လိုက်သဖြင့် ဝမ်းသာနေ၏။ ဘယ်များ ရောက်နေပါလိမ့်၊ ဘာတွေများ ပြုလုပ်နေပါလိမ့်ဟု တွေး၏။ စံပယ်၏ အတွေးသည် မျက်စိရှေ့တွင် ရင်တထိတ်ထိတ်ဖြင့် စိတ်ဝင်စားဖွယ် ကောင်းလှသည့် ခတ်နေကြသည့် ကျွဲနှစ်ကောင်ပင် ပျောက်နေခဲ့သည်။ ထို့ကြောင့် ဦးပန်းသာ ပြန်သွားသည်ကိုမျှ မသိလိုက်။

ခဏအကြာတွင် တောင်ဘက် တလင်းပြင်မှ လူအုပ်ကြီးသည် ရုတ်တရက် ဒီရေတက်သလို ကွင်းကြီးထဲသို့ လိမ့်ပြို ရောက်လာသည်။ လူတွေသည် မိမိတို့



ရှေ့တွင် သဲသဲမဲမဲ ခတ်နေကြသည့် ကျွဲနှစ်ကောင်ကိုပင် မကြောက်ကြ၊ လူစုကြီးက ကျွဲနှစ်ကောင်ကြားထဲသို့ ပြန့်ဝင် ပိတ်ဆို့သွား၏။ ဆူသံညံသံတို့ကလည်း ဘာတစ်ခုမျှ မသဲကွဲ၊ အုန်းအုန်းကျွက်ကျွက် ဖြစ်နေ၏။ ကွင်းပြင်ကြီး တစ်ခုလုံးကို လှိုင်းလုံးကြီးက ဖုံးလိုက်သကဲ့သို့ တစ်ခဏအတွင်း လူပြင်ကြီးက ဖုံးလိုက်၏။

အရက်မူးသမား တစ်စုတို့ကြောင့် သစ်တောကြီးထဲက ကျွဲအချို့ လန့်၍ ခြံကလေးများကို တိုးဖေ့ ဖျက်ဆီးလျှင် မည်းမည်း မြင်သမျှ လိုက်ခတ်နေရာ အခြားသော တိုက်ထုတ်ထားသည့် ကျွဲတွေကလည်း ခြံကလေးတွေထဲမှ တိုးဖေ့ ထွက်ကြကာ ပြန်ခတ်ကြရာမှ သစ်တောတွင်းရှိ ကျွဲတွေအားလုံး မည်းမည်း မြင်သမျှ တရုန်းရုန်း ခတ်ကြရင်း ကျွဲတွေ တိုက်နေကြသည့် ကွင်းကြီးထဲသို့ လမ်းကြောင်းအတိုင်း ရောက်လာကြခြင်း ဖြစ်သည်။ ကျွဲတို့သည် ကျွဲအချင်းချင်းကို လည်းကောင်း၊ လှုပ်လှုပ် မြင်သမျှကို လည်းကောင်း၊ ဦးတည်ချက်မရှိဘဲ အရမ်း ခတ်နေကြသည် ဖြစ်ရာ ကျွဲပွဲကို ကြည့်နေကြသော ပရိသတ်ကြီးသည် အော်ရင်း ဟစ်ရင်း မောင်းကြရင်း မနိုင်မနင်းဖြစ်လျက် ပြေး၍ လွယ်သော ကွင်းကြီးထဲသို့ အတင်း လုပြေးလာကြခြင်း ဖြစ်၏။

ပင်လယ်မှ လှိုင်းလုံးကြီးများသည် ကမ်းပေါ်သို့ ဆင့်ကာ ဆင့်ကာ ပြေး၍ တက်လာဘိသို့ လူလှိုင်းလုံးကြီးများကလည်း စံပယ်တို့ရှိရာ ကွင်းစပ်ဘက်ကို အရှိန်ပြင်းစွာ ဖိလာခဲ့ခြင်း ဖြစ်သည်။

စံပယ်သည် ဘာ ... ဟူ၍ ကောင်းကောင်း မသိလိုက်ရဘဲ မိမိအားကိုးရမည့် ချစ်သူလုင်ကြီးကို ဟိုဟိုဒီဒီ လှည့်ကြည့်နေစဉ် လူလှိုင်းလုံးကြီးသည် ရာဇမတ်ကွက် ကာထားသည့် စံပယ်ရှိရာ နေရာကလေးထဲသို့ ပိဝင်ရောက်လာကာ စံပယ်သည် ထိုလှိုင်းလုံးကြီးမှ ရေစက် ရေပေါက်ကလေး တစ်ခုကဲ့သို့ လိမ့်ပါသွားသည်။

ထိုအခိုက်အတန့်ကလေး အတွင်း၌ပင် မည်းခနဲ ကျွဲကြီး သုံးကောင် ပေါ်လာပြီး ရှေ့တွင် ပြေးနေသည့် လူတစ်ယောက် လွင့်မြောက်သွားအောင် ခတ်လိုက်ပြီး စံပယ့် ရှေ့သို့ ရောက်လာသည်။ စံပယ်သည် သံကုန်အော်ရင်း လှည့်အပြေးတွင် အခြားသူများနှင့် ညပ်ပါသွားပြီး မြေကြီးနှင့် ခြေထောက် လွတ်ပါသွားရာမှ မြေပေါ်သို့ လဲကျသွားသည်။ ထို့နောက် ကျောက်နံရံကြီးဖြင့် အဖိစံလိုက်ရသကဲ့သို့ မှတ်ထင်လိုက်ရပြီး မျက်စိထဲ၌ မည်းမှောင်သွားသည်။

မည်မျှကြာအောင် သတိလစ်သည်ဟု မသိလိုက်ရဘဲ ရှန်းကန် လှုပ်ရှားရင် အရိုးအဆစ်များနှင့်တကွ တစ်ကိုယ်လုံး နာကျင်နေရကြောင်းကို သိသောအခါ စံပယ်သည် ခုတင် တစ်လုံးပေါ်သို့ ရောက်ရှိနေခဲ့ပြီ။ ထိုအချိန်၌ စံပယ်၏ ခြေထောက်

နှစ်ဖက်မှ အရိုးများသည် ကြေမွ ကျိုးပဲ့နေခဲ့ပြီဖြစ်ရာ တစ်ဖက်၏ အခြေအနေမှာ ပို၍ ဆိုးရွားလှသည်။ စံပယ်၏ အခြေအနေသည် မည်သည့်နည်းနှင့်မျှ နဂို အခြေသို့ ပြန်မရောက်လာနိုင်တော့။

'မိန်းကလေးရယ်၊ တခြား မိန်းမတွေကို စည်းစိမ်ဥစ္စာ ရဖို့အတွက် ယူချင်ခဲ့ပေမယ့် မိန်းကလေးကို ကျုပ် ယူမှာက ဘယ်စည်းစိမ်ဥစ္စာနဲ့မှ လဲလို့ မရ၊ တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ ဟောဒီ လူကောင်ကြီးကို လိုချင်လို့ ယူတာပါကွာ'

စံပယ်သည် ချစ်လုလင်ကြီး၏ စကားကို ကြားယောင်လာရင်း ဘယ်လိုမျှ ချစ်စရာ ကောင်းတော့မည် မဟုတ်သော လူကောင်ကြီး ဖြစ်နေသည်။ မိမိကိုယ်ကို ကြည့်ကာ ရင်ထဲတွင် နာကျင်လှသော အသိဖြင့် သုံးရက်လုံးလုံး မစားမသောက် မအိပ်နိုင်ဘဲ ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။ စံပယ်၏ စိတ်ထဲ၌ အရိုး ကြေနေသော ခြေထောက် နှစ်ချောင်းတွင် ရနေသည့် ဒဏ်ရာနှင့် နာကျင်မှုသည် စံပယ်၏ ရင်ထဲတွင် ရနေသည့် ဒဏ်ရာနှင့် နာကျင်မှုသည် စံပယ်၏ ရင်ထဲတွင် တသိမ့်သိမ့် ခံနေရသော နှလုံးသားတွင် ရလာသည့် ဒဏ်ရာနှင့် နာကျဉ်နေရမှုတို့လောက် နာကျင်ခြင်း မရှိဟု စွဲမှတ်လိုက်သည်။

*

(၅)

စံပယ်သည် ငို၍အားရပြီးနောက် နှစ်ရက်ခန့် မည်သူ့ကိုမှ စကားမပြောဘဲ ငြိမ်သက်နေသည်။ ထို့နောက် ချစ်သူ ဗိုလ်မှူးစူဝံကို မေးသည်။

ဗိုလ်မှူးစူဝံမှာ နဂါးရစ်အင်ငူတွင် ထပ်မံ ပေါ်ပေါက်လာသော သူပုန်သူကန် အရေးကို နှိမ်နင်းတိုက်ခိုက်ရန် ထွက်ခွာသွားသည်ဟု သိရသည်။

နဂါးရစ်အင်ငူမှာ ဗိုလ်မှူးစူဝံ ပြန်ရောက်လာသည့်အခါ၌ စံပယ်သည် အာကာဂေဟာမှ သာယာဂေဟာသို့ ပြောင်းရွှေ့ ရောက်ရှိနေပြီ ဖြစ်သည်။

စံပယ်သည် မသန်စွမ်း ဖြစ်နေသည့် အခြေအနေကြောင့် ချစ်သူ စူဝံအား ဤတစ်သက်တွင် မတွေ့တော့ဟု ဆုံးဖြတ်လိုက်သည်။

သူက စံပယ်ကို လှသာ ချစ်သည်ဟု ဆိုသည်။ သူချစ်သော လှသည် ချစ်ချင်ရန် မလွယ်ကူလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့လေပြီ။ စံပယ်သည် သူ၏ ချစ်ဖို့ရာ မကောင်းသော လှကို လှသာ ချစ်ပါသည်ဟု ဆိုသော ချစ်သူစူဝံ အပေါ်၌ အမြတ် မထုတ်လိုတော့။

ဤသို့ ဆုံးဖြတ်လိုက်ပြီးနောက် ဗိုလ်မှူးစူဝံထံသို့ ဤဘဝတွင် ဤမျှနှင့် လမ်းခွဲကြပါစို့ဟု စာရေးလိုက်သည်။ သို့ရာတွင် ဗိုလ်မှူးစူဝံသည် စံပယ်ပေးသည့် စာကို အရေးမစိုက်ဘဲ သာယာဂေဟာသို့ မြင်းတစ်စီးဖြင့် ရောက်အောင် လာခဲ့သည်။ စံပယ်က သူ့ကို အတွေ့မခံ၊ ဗိုလ်မှူးစူဝံက ထုံးစံအတိုင်းပင် စံပယ်ရှိရာ အပေါ်ထပ် ခန်းဆောင်သို့ အတင်းတက်ရန် ကြိုးစားသည်။ စံပယ်၏ အစ်ကိုများနှင့် စံပယ်အား ကုသနေသည့် သမားတော်များက စံပယ်ကို သွား၍ တွေ့ခြင်းဖြင့် စံပယ်၏ ရောဂါအခြေအနေသည် ပို၍ ဆိုးသွားနေလိမ့်မည်ဟု ဖျောင်းဖျ ပြောဆိုကြသဖြင့် ပြန်ထွက်သွားသည်ဟု သိရသည်။

ဤသို့ ထွက်သွားပြီးနောက် ဗိုလ်မှူးရွှေဝံထံမှ စံပယ့်ကို နာကြည်းစွာ အပြစ်ဆိုထားသည့် စာတစ်စောင် ရရှိသည်။ စံပယ်က ဗိုလ်မှူးရွှေဝံ၏ တစ်သက်လုံး စိတ်ချမ်းမြေ့ရေးအတွက် ယခု ခဏ နာကြည်းပါစေ၊ နောက်ကို မေ့ပျောက်ပျော်ရွှင်လိမ့်မည်။ မိမိသာ ကျိုးကြေသောလူ၊ ကျိုးကြေသော အသည်းနှလုံးဖြင့် တစ်သက်လုံး နေတော့မည်ဟု ဆုံးဖြတ်သည်။

ဤစာ ရောက်လာပြီးနောက် ဗိုလ်မှူးရွှေဝံထံမှ ဘာသံမှ မကြားရတော့။

ထိုနှစ် သီတင်းကျွတ်လတွင် ဗိုလ်မှူးရွှေဝံနှင့် ကိန္နရီခင်ခင်ဟု အမည်တွင်သည့် အမျိုးသမီးတစ်ယောက်တို့ လက်ထပ်ကြသည်။

ကိန္နရီခင်ခင်မှာ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝသော မုဆိုးမ ဖြစ်၏။ မုဆိုးမ ဖြစ်ပြီးနောက် သုံးကြိမ်တိုင်တိုင် ယောကျ်ားရဖူးကာ သုံးကြိမ်တိုင်တိုင်ပင် လင်နှင့် ကွဲခဲ့သူလည်း ဖြစ်သည်။ ဗိုလ်မှူးရွှေဝံထက် အသက်လည်း လေးနှစ်ခန့် ကြီးသည်။ ဤသတင်းကို စံပယ်သည် တိုက်ရိုက် ကြားရခြင်း မဟုတ် အထိန်းတော်ကြီး ဒေါ်မေတ္တာနှင့် စကားစမြည် ပြောရာမှ တစ်ခွန်းစ နှစ်ခွန်းစစီ အမှတ်မထင် ကြားရသည့် သတင်းသာ ဖြစ်သည်။ ဤသတင်းကို ကြားရလျှင် စံပယ်၏ ဝေဒနာက ပြန်ပေါ်လာမည်ကို အမိနှင့် ဒေါ်မေတ္တာတို့က စိုးရိမ်နေခဲ့ကြသည်။

သို့ရာတွင် စံပယ်က ဤသတင်းကို တုန်လှုပ်ချောက်ချားမှုမရှိဘဲ နားထောင်နေသောအခါ သူတို့ နှစ်ဦးက အံ့သြကြသည်။

စံပယ်သည် ယခင် စံပယ် မဟုတ်တော့ဘဲ ယခု စံပယ် ဖြစ်နေ၏။ ဗိုလ်မှူးရွှေဝံနှင့် လက်ထပ်ပွဲ ဆင်နွှဲရန် စီစဉ်ခဲ့သည့် စံပယ်က တစ်ယောက်၊ ယခုအခါ ခြေနှစ်ဖက် မသန်မစွမ်း ဖြစ်နေသည့် စံပယ်က တစ်ယောက်၊ တစ်ယောက်နှင့် တစ်ယောက် မတူသော စံပယ် ဖြစ်နေပေပြီ။

စံပယ်သည် ခြေထောက် မသန်မစွမ်း ဖြစ်လာသည့် အချိန်မှ စ၍ မိမိ၏ ဘဝလမ်းကြောင်းကို နေပုံထိုင်ပုံမှ အစ ပြောင်းလဲခဲ့သည်။ ကိုယ်အင်္ဂါက ချို့တဲ့၍လာသောအခါ စိတ်က ပို၍ အစွမ်းထက်လာသည်။ ရုပ်ပိုင်းဆိုင်ရာက အားနည်း၍ လာသောအခါ စိတ်ပိုင်းဆိုင်ရာက အားကြီး၍လာအောင် အလေ့အကျင့် ပေးခဲ့ရသည်။ ဘုန်းကြီးကျောင်းမှာ စာသင်၍ ပြန်လည် ရောက်ရှိလာသော မောင်ချေဗလထံမှ ပါဠိနှင့် သင်္ချာကိုသင်ယူရသည်။ စာသင်ရန် စိတ်က ထက်သန်နေသောကြောင့်လား မသိ တတ်သမျှ မှတ်သမျှ စာများကို လွယ်လွယ်ပင် မှတ်မိနေသည်။ ရှေးဟောင်း ပေစာပုရပိုက်များတွင်လည်း မွေ့လျော်၍နေသည်။



စံပယ်သည် အိပ်ရာထဲတွင် ပက်လက်ကလေးသာ နေရသည့်အဖြစ်နှင့် သုံးနှစ်တိုင်တိုင် နေခဲ့ရပြီးနောက်မှ အိပ်ရာပေါ်တွင် ထ၍ ထိုင်နိုင်သည့် အဖြစ်သို့ ရောက်ခဲ့သည်။

အစ်ကိုများတွင် စံပယ်အား အချစ်ဆုံးဖြစ်သော အစ်ကိုချေဝဏ္ဏက စံပယ်အတွက် ဘီးတပ်ထားသည့် တွန်းကုလားထိုင် တစ်လုံးကို အပင်ပန်းခံ၍ ပြုလုပ်ပေးသည်။ ထိုကုလားထိုင်တွင် ထိုင်ကာ စံပယ်သည် မိမိဘာသာ ဘီးများကို လက်ဖြင့် တွန်းခြင်းအားဖြင့် သွားလိုရာ နေရာသို့ သွားလာနိုင်သည်အထိ တိုးတက်လာသည်။

ဤနှစ်အတွင်းတွင်ပင် စံပယ်၏ အမေလတ် (အစ်မလတ်) ဖြစ်သူ ခရေသာယာအား မိခင်ဖြစ်သူက အိမ်ထောင်ရာသား ချပေးခဲ့သည်။

အမေလတ် (အစ်မလတ်) ဖြစ်သူမှာ သဘောကောင်းသူ ဖြစ်သည့်အလျောက် ယောကျ်ားကောင်းကောင်းနှင့် ရသည်ဟု ဆိုရပါမည်။ သူ့ယောကျ်ားသည် မုဆိုးဖို ဖြစ်သည် ဟူသော အနာအဆာ တစ်ခုမှလွဲ၍ ခြောက်ပစ်ကင်းသူ ဖြစ်သည်။ လင်းသာ ရွာကို ဆွေစဉ်မျိုးဆက် ကံကြွေးစားလာခဲ့ရသဖြင့် လင်းသာမောင်မောင်ဟု ခေါ်တွင်သည်။

လင်းသာမောင်မောင်၏ ပထမ ဇနီး ဖြစ်သူသည် မနှစ်ကပင် ကွယ်လွန်သွားခဲ့သည်။ ထိုဇနီးမှ ဝတ်မှုန်၊ ဝတ်ရည် … ဟူသော သမီး နှစ်ယောက်နှင့် သော်က ဟူသော သားတစ်ယောက် ရရှိခဲ့သည်။

လင်းသာမောင်မောင်က အသက် လေးဆယ်ခန့် ရှိသည်။ ခရေသာယာက ၃၂ နှစ်မျှ ရှိသေးသော အပျိုကြီး၊ သမက်တက်ပွဲကို စံပယ်ရို့ အိမ်တွင်ပင် ပြုလုပ်သည်။

ကိုဥက္ကာလည်း လင်းသာမောင်မောင်၏ သူငယ်ချင်းရောင်းရင်း ဖြစ်သည့်အလျောက် သမက်တက်ပွဲသို့ ရောက်လာသည်။

ပွဲပြီး၍ သတို့သားနှင့် သတို့သမီး လင်းသာဂေဟာသို့ ထွက်ခွာသွားကြသည့် အချိန် နောက်ပိုင်းတွင်မှ ကိုဥက္ကာက စံပယ်ရှိရာ ခန်းဆောင်သို့ တက်လာသဖြင့် နှစ်ယောက်တည်း စကားပြောခွင့် ရခဲ့သည်။

စံပယ်က သူ့အိမ်သားများ အကြောင်းကို မေးရင်းမှ သူ၏ ညီဖြစ်သူ ဗိုလ်မှူးရွှေဝံ အကြောင်းကိုပါ စကား ထောက်ကြည့်သည်။

ကိုဥက္ကာသည် ခဏမျှ ခေါင်းငိုက်စိုက်ချနေသည်။ ပြီးမှ …

'သူ့အကြောင်းကို မပြောတော့ပါဘူးလို့ စိတ်ကူးထားတယ်၊ ဒါပေမဲ့ စံပယ်က မေးလာတော့ ပြောရမှာပဲ' ဟု စကား စလိုက်သည်။

'ကိန္နရီ ခင်ခင်နန့် (နဲ့) ညားပြီးရေ (တဲ့) အချိန်က စပြီးကေ ... ရူဝံရဲ့ အခြေအနေက ပိုပြီး ဆိုးလာတယ်၊ ယပြီးသော အေမိန်းမနဲ့ သားတစ်ယောက် သမီး တစ်ယောက် ထွန်းကားတယ်၊ ကကေလေ့ (ဒါပေမဲ့) သူတို့ လင်မယား ကတော့ တစ်ခါမှ သင့်မြတ်တယ်လို့ မရှိဘူး၊ ရူဝံက အေတိမိန်းမကို ပစ္စည်းဥစ္စာ တိ လယ်တိ မြီ (မြေ) တိ အိမ်တိရှိ ရေဆိုပြီး ယူခဲ့တယ်၊ ဒီမိန်းမကလည်း လင် မရှိကေ မနေနိုင်တဲ့ မိန်းမမျိုး၊ ရူဝံလို ဗိုလ်မှူး တစ်ယောက်ကို ရတာ၊ အရတော်ပြီ ဆိုပြီး ယူလိုက်တယ်၊ ဒီမိန်းမက လင်သာ လိုချင်တာ ပစ္စည်းတော့ နည်းနည်းမှ အထိမခံဘူး၊ ဒီတော့ ရူဝံနဲ့ ဘယ်မှာ သင့်မြတ်ကြတော့မလဲ၊ ရူဝံက ကြမ်းကြမ်း တမ်းတမ်း ရိုက်နှက်တယ်လို့တောင် သတင်းကြားတယ်၊ သူ့မိန်းမက ကွာပေးပါ ဆိုပြီး ခုံတော်မှာတောင် လျှောက်သတဲ့'

'သူ့သား သူ့သမီးတွေတော့ သူက ချစ်မှာပေါ့'

စံပယ်သည် မိန်းမသားပီပီ သိချင်စိတ် ပြင်းထန်နေသည်။

တစ်ကြိမ်သောအခါက ချစ်သူဖြစ်ခဲ့ပြီး ယခုတိုင် အသည်းနှလုံးထဲတွင် မေ့ပျောက်၍ မရနိုင်သေးသည့်အလျောက် ဤသို့ မေးလိုက်ခြင်း ဖြစ်သည်။

'သူ့သား ... သူ့သမီးတိကိုလေ့ ချစ်ပုံမရပါဘူး၊ သူ့သားက ကဆုန်လမှာ မွီးစွာ (မွေးတာ) ရပ်ကတော့ ဖအေနဲ့ အတူသား၊ စိတ်ဓာတ်ကတော့ တခြားစီပဲ'

ကဆုန်လတွင် သားဦးကို မွေးသည်ဟု ဆိုသောကြောင့် စံပယ်၏ ခြေထောက် နှစ်ဖက် မသန်မစွမ်း ဖြစ်ရသည့်လနှင့် ထပ်တူ ဖြစ်နေသည့်အတွက် ရင်က ပို၍ ခုန်လာသည်။ စံပယ် ဤအဖြစ်မျိုးသို့ မရောက်ခဲ့လျှင် စံပယ်ကပင် ဗိုလ်မှူးရူဝံ အတွက် သားဦးကို မွေးဖွားပေးခဲ့ရပေမည်။

'သူ ... ခု ဘယ်မှာ ရောက်နေသည်လဲ'

စံပယ်သည် မပွင့်တပွင့် မရဲတရဲ မေးလိုက်၏။

'သူ့မယားသည် ကွာစာပေးထားခဲ့ပြီး ဗမာပြည်ဘက်ကို တက်လားခလီယင့်၊ ဘုရင်မကြီးကလည်း ရူဝံ အိမ်ထောင်ရေး အဆင်မပြေမှုကို သိတော်မူထားတော့ စိတ်ပြေလက်ပျောက် ခရီးထွက်ဖို့ ခွင့်ပေးတော်မူလိုက်တယ်'

ကိုဥက္ကာ ပြန်သွားပြီးနောက် ဗိုလ်မှူးရူဝံ ဆိုသော ချစ်သူ လူကြမ်းကြီး အကြောင်းကိုသာ စံပယ်က စဉ်းစားရင်း အချိန်ကုန်ခဲ့စေသည်။



စိတ်တွင် ခံစားရသော ဝေဒနာကို အချိန်က ကုစားပေးသည်ဟု ပြောစမှတ် ပြုကြသည်။ စံပယ်၏ လက်တွေ့တွင်မူ စိတ်ဝေဒနာကို စိတ်ဓာတ်ဖြင့် ကုစားမှ ရသည်ဟု ယုံကြည်နေသည်။ သို့တိုင်အောင် ဝေဒနာသည် တစ်ခါတစ်ခါ၌ ထလာ တတ်သေးသည်။

ငါးနှစ် ... ဆယ်နှစ် ... ဆယ့်ငါးနှစ် များလှစွာသော အချိန်များပင် မဟုတ်လား၊ မိန်းမတစ်ယောက် အဖို့သော်လည်းကောင်း၊ ယောကျ်ားတစ်ယောက် အဖို့သော် လည်းကောင်း၊ ဤအချိန်များသည် ဘဝတစ်ခု၏ ကာလ အစိတ်အပိုင်း များပင် ဖြစ်နေသည်။

နှုတ်ခမ်းတလံ ပန်းတလံဖြင့် ဆတ်ဆတ်ထိမခံသော ယခင်က စံပယ် သည် ငါးနှစ် ... ဆယ်နှစ် ... ဆယ့်ငါးနှစ် ကြာပြီးသည့် အချိန်၌ ဖြည်းဖြည်း နှင့် လေးလေး ပြောတတ်သော စဉ်းစားချင့်ချိန်တတ်သော စံပယ်အဖြစ်သို့ ရောက် လာခဲ့ပြီ။ အသက်ကလည်း ၃၂ နှစ် များပြားလှစွာသော သူနှင့် တူမကလေး၏ နှုတ်ဖျားတွင် စံပယ်သည် ထွီးထွီး၊ အယွေထွီး အရီးထွီး (အရီးထွေး) ဖြစ်နေပါ ပြီ။

ဤနှစ်များအတွင်း၌တွင် အမိကလည်း သင်္ခါရသဘောအတိုင်း ကွယ်လွန် ခဲ့ပြီ ဖြစ်သည့်အလျောက် စံပယ်သည် သာယာဂေဟာတွင် လူကြီးသူမ တာဝန်ကို ယူလာခဲ့ရသည်။

စံပယ် ၃၂ နှစ်သို့ ရောက်လာသည့် အချိန်တွင်ပင် ဒွါရဝတီ၌ ပြည်တွင်း စစ်မီးကြီး စခဲ့သည်။

ရင်ခွင်ပိုက် ဘုရင်မကြီး စောသျှင်မိနှင့် သားတော်ငယ် ဘယမင်းရဲက တစ်ဖက်၊ သားတော်ကြီး စောရန္တမိတ်က တစ်ဖက်၊ နှစ်ဖက်ကြား၌တွင် ပွား၍ လာခဲ့သော ပြည်တွင်းစစ်မီး ဖြစ်သည်။

ရင်ခွင်ပိုက် ဘုရင်မကြီး ဖြစ်သော စောသျှင်မိသည် ထီးမွေနန်းမွေကို လိမ္မာရေးခြားရှိသော သားတော်ချေအား ပေးအပ်လိုသည့် ဆန္ဒ ရှိနေခဲ့သည်။ သို့ရာ တွင် တစ်ဖက်ကလည်း သားတော်ကြီးက ထီးထီးရပ်လျက် ရှိနေသည် ဖြစ်ရာ ထီးနန်း ဆက်ခံရေးမှာ အချိန် ကြာမြင့်လာသည်နှင့်အမျှ ပို၍ ရှုပ်ထွေးလာခဲ့သည်။

ထီးမွေနန်းမွေ ရရှိရေးအတွက် သားတော်ငယ် ဘယမင်းရဲနှင့် သားတော် ကြီး စောရန္တမိတ်တို့က အစ ပထမတွင် မိမိတို့ဘက်တော်သားများနှင့် အတွင်း ကြိတ်ကြံနေခဲ့ကြသော်လည်း စံပယ် အသက် ၃၀ မှ နှစ်နှစ် စွန်းလာသည့် အချိန်

တွင်မှ အတွင်းတွင် လှိုက်၍စားနေခဲ့သော ထီးမွေနန်းမွေ ဆက်ခံရေး မီးပွားသည် မီးတောက်ကြီးတစ်ခုအဖြစ် ဘဝဂ်သို့ ရောက်အောင် တောက်လောင်လာခဲ့ရသည်။

သားတော်ကြီး စောရန္တမိတ်က ဒွါရာဝတီ နန်းမြို့တွင်းမှ ပရိယာယ်ဖြင့် ထွက်ခွာသွားပြီးနောက် ဒွါရာဝတီ မြို့တောင်ဘက် ဒေသတစ်လျှောက်ရှိ ကျေးရွာများတွင် လက်နက်လူသူ စုဆောင်းပြီး ကိန္နရီမြို့ကို အခြေခံစခန်း ပြုလုပ်လျက် ဒွါရာဝတီ မြို့တော်အား ထိပါး တိုက်ခိုက်လာသည်။ ထိုမှအစ ပြည်တွင်းမီးကြီးသည် တဟုန်းဟုန်း လောင်မြိုက်လာခဲ့သည်။

စံပယ်၏ အစ်ကိုလတ်ဖြစ်သူ ကိုသုခနှင့် အစ်ကိုချော ကိုဝဏ္ဏတို့က ဘုရင်မကြီးနှင့် သားတော်ငယ် ဘယမင်းရဲတို့၏ ဘက်တော်သားများ ဖြစ်ကြသလို စံပယ်၏ ခဲအိုတော် လင်းသာမောင်မောင်ကလည်း ဘယမင်းရဲကိုမှ အသည်းစွဲ ထောက်ခံသူ ဖြစ်သည်။ စိတ်သဘောထား နူးညံ့လျက် တစ်ဖက်သားအား သနားတတ်သော ကိုဥက္ကာပင်လျှင် သားတော်ငယ် ဘယမင်းရဲ၏ တပ်၌ ဗိုလ်အဖြစ် ပါဝင် တိုက်ခိုက်နေပြီဟု ကြားရသည်။

နှစ်ဖက်သော သူတို့၏ နန်းလုပွဲမှာ တိုတောင်းသောအချိန် အတွင်းတွင်ပင် တစ်ဖက်ဖက်မှ အနိုင်ရကာ ပြီးပြတ်သွားလိမ့်မည်ဟု အများကပင် မျှော်လင့်ထားခဲ့သည်။

သို့ရာတွင် နှစ်ဖက်စလုံးက မိမိတို့ အကြောင်းပြချက်နှင့် မိမိတို့ ခိုင်လုံနေသည်သာမက ထောက်ခံ အားပေးသူများကပါ သက်ဆိုင်ရာ အကြောင်းပြချက်များကို စွဲစွဲမြဲမြဲကြီး လက်ခံ ယုံကြည်ထားကြသောကြောင့် တိုက်ပွဲမှာ ရှည်ကြာလာခဲ့သည်။

အစ်ကိုလတ် ကိုသုခနှင့် ခဲအိုဖြစ်သူ လင်းသာမောင်မောင်တို့ နှစ်ယောက်က မြို့တကာ ရွာတကာသို့ သွားလျက် သားတော်ငယ် ဘယမင်းရဲ၏ တပ်များအတွက် လက်နက်၊ လူသူ၊ ရိက္ခာနှင့် ငွေများ စုဆောင်းကြသည်။ မြို့နယ်ကျေးရွာလူထုမှာ အခွန်အတုတ် ပေးဆောင်ကြရသဖြင့် ငွေမရှိသည့်အခါ စစ်ရန်ပုံငွေအတွက် သူတို့အိမ်တွင် စုဆောင်းထားရှိကြသည့် ငွေကွမ်းအစ်၊ ငွေဖလား၊ ငွေပန်းကန်ပြားများကို ပေးအပ်ကြသည်။ ဤသို့ စုဆောင်း ရရှိသည့် ငွေထည် ပစ္စည်းများကို အရည်ကျိုလျက် ပိုက်ဆံ ကြေးငွေအဖြစ် အသုံးပြုကြရသည်။

သားတော်ငယ် ဘယမင်းရဲ၏ တပ်တွင် ဗိုလ်ဖြစ်နေသော ကိုဥက္ကာက ရန်သူတပ်သားများကို မော်ရုံတောင် တိုက်ပွဲ၌ အနိုင်ကြံနိုင်ခဲ့သည့် သတင်းကိုလည်း သားတော်ငယ်၏ တပ်တွင် ဗိုလ်တစ်ဦး ဖြစ်နေသော အစ်ကိုချော ကိုဝဏ္ဏထံမှ ကြားသိရသည်။



'ပခုံးပေါ်မှာ အနီရောင် ဒိုင်းခွက်နဲ့ အဲဒီအပေါ်က ရွှေရောင် သပြေရွက် သုံးရွက် ခြယ်ထားတဲ့ တံဆိပ်ကို တပ်ဆင်ထားတဲ့ ကိုဥက္ကာရဲ့ တပ်သားတွေဟာ မြင်းနဲ့ အတင်းပြေးဝင်လာတဲ့ ရန်သူ့ တပ်သားတွေကို ကြံ့ကြံ့ခံပြီး တိုက်ခိုက်ပုံဟာ တကယ့်ကို သတ္တိပြောင်ပါပေတယ်၊ လူမှုဆက်ဆံရေးမှာ နူးညံ့သိမ်မွေ့သလောက် ကိုဥက္ကာဟာ တိုက်ပွဲမှာ တကယ့် ခက်ထန်တဲ့ စစ်သူရဲကြီးပဲ၊ သူတို့ အမျိုးက ရှုဝံမျိုး၊ သူတို့ အဘိုးကလည်း ရှုဝံ၊ သူတို့ အဖေရဲ့ နာမည် အပြည့်အစုံကလည်း အာကာရှုဝံပဲ မဟုတ်လား'

ကိုဝဏ္ဏ၏ စကားကို စံပယ်တို့၏ အိမ်နီးချင်း ဖြစ်သူ ဦးရွှေသာက ထောက်ခံလိုက်သည်။

'အေပိုင် အချိန်မျိုးမှာ ငရို့ (ကျုပ်တို့) ရောင်းရင်း ဗိုလ်မှူး ရှုဝံသာ ရှိရင် ဘယ်လောက် နေရာကျလိုက်မလဲ'

ဦးရွှေသာက ဤသို့ ပြောပြီးမှ အခန်းထဲတွင် စံပယ် ရှိနေသည်ကို သတိထားမိလာဟန်ဖြင့် ဆက်၍ မပြောတော့ဘဲ အခြား စကားကိုသာ လှည့်ပြောင်းသည်။

ပထမ တိုက်ပွဲတွင် ရန်သူ့ဘက်မှ အထိနာသွားသောကြောင့် ပြည်တွင်းစစ်မီးမှာ ငြိမ်သက်သွားသကဲ့သို့ ရှိနေ၏။ သို့ရာတွင် နောက်တစ်နှစ် ဆောင်းဦးပေါက် အချိန်သို့ ရောက်လာသောအခါ တိုက်ပွဲမှာ ပို၍ ပြင်းထန်လာလေသည်။

ဤနှစ် မော်ရုံတောင် တိုက်ပွဲတွင်မူ တပ်ဦးမှ ချီတက်သွားသော ကိုဥက္ကာသည် ရန်သူ့လက်ချက်ဖြင့် ကျဆုံးသွားခဲ့ရသည်ဟု ကြားသိရပြန်သည်။ ဤသတင်းကို စံပယ့်အား သွားရောက် ပြောသူမှာ အထိန်းတော်ကြီး ဒေါ်မေတ္တာ ဖြစ်သည်။ သူ့မျက်နှာသည် ငိုထားသဖြင့် မျက်ရေစက်လက် ရှိနေသည်။

မော်ရုံတောင် တိုက်ပွဲမှာ ရန်သူတွေကို အနိုင်တိုက်ပြီး ပြန်ဆုတ်မယ့် အလုပ်မှာ လမ်းဘေးမြောင်းထဲမှာ ပုန်းပြီး ကျန်နေရစ်ခဲ့တဲ့ ရန်သူ့လက်ချက်နှင့် ကိုဥက္ကာခမျာ ကျဆုံးခဲ့ရရှာတယ်။ တပ်ဦးမှာ ဗိုလ်လုပ်ပြီးလာတဲ့ ကိုဥက္ကာ ကျဆုံးသွားတော့ ကိုဥက္ကာရဲ့ သား သီဟဆိုတဲ့ သူငယ်ကလေးကို သူ့အဖေရဲ့ မြင်းပေါ်မှာတင်ပေးပြီး ဗိုလ်လုပ်စေသတဲ့၊ သီဟလေးဟာ ခုမှ အသက် ၁၄ နှစ်သာ ရှိသေးတဲ့ သီဟ ခေါင်းဆောင်တဲ့ တပ်သားတွေဟာ ရန်သူကို လိုက်ပြီး တိုက်လိုက်ကြသော ရန်သူတွေ ကစင့်ကလျားနဲ့ ဆုတ်ပြေးရသတဲ့။

ကိုဥက္ကာ ကျဆုံးသွားပြီးနောက် တစ်လလောက် အကြာတွင် ထူးဆန်းသော စစ်သားတစ်ယောက် ဒွါရာဝတီသို့ ရောက်လာသည်။ သူက သားတော်ကြီး စောရန္တမိတ်ထံ အခစား ဝင်ရောက်လျက် သားတော်ငယ် ဘယမင်းရဲ၏ တပ်ကို

အနိုင် တိုက်ပေးပါမည်ဟု လျှောက်ထားခဲ့သည်။ စောရန္တမိတ်က ထိုစစ်သား၏ စွမ်းရည်ကို သဘောတော်ကျပြီး သူ၏ စစ်တပ်တွင် တပ်မှူးကြီးတစ်ဦးအဖြစ် ခန့်အပ်လိုက်ကာ ဘယမင်းရဲ၏ တပ်များကို တိုက်နိုင်ရန်အတွက် ရိက္ခာတော်ငွေ ငါးသောင်းကိုလည်း ထုတ်ပေးတော်မူလိုက်သည်။

ထိုစစ်သားသည် နောက်လိုက်နောက်ပါ တပ်သားများဖြင့် ကိန္နရီမြို့မှနေ၍ ဒွါရာဝတီ နန်းမြို့တော် ရှိရာသို့ ချီတက်လာခဲ့သည်။ ဒွါရာဝတီ နန်းမြို့အနီးသို့ ရောက်လာသောအခါ သားတော်ငယ် ဘယမင်းရဲထံ ဝင်ရောက် ခိုလှုံလျက် စောရန္တမိတ်က ပေးလိုက်သော ရိက္ခာငွေတော် ငါးသောင်းကိုပါ စစ်ရန်ပုံငွေအတွက် အပ်နှင်းလိုက်သည်။ ထိုမျှမက စောရန္တမိတ်က စီစဉ် ပြုလုပ်ထားသည့် စစ်ရေး လျှို့ဝှက်ချက်များကိုပါ ဖွင့်ဟ လျှောက်ထားလိုက်ကာ ဘယမင်းရဲ၏ ဘက်တော်သား အဖြစ် ကြေညာလိုက်သည်။

စောရန္တမိတ်၏ စစ်တပ်ကြီး တစ်ခုလုံးကိုပါ လှည့်စားလျက် နည်းပရိယာယ်ဖြင့် အနိုင်ယူလာခဲ့သော ထိုစစ်သားကား မိုလ်မှူးစူဝံပင် ပါတဲ့။

*

(၆)

ပြည်တွင်းစစ် ဒုတိယနှစ် တန်ခူးလ ကုန်ခါနီးလောက်တွင် အစ်ကိုချော ကိုဝဏ္ဏက စံပယ့်ထံ ရောက်လာပြီး တိုင်းပြည်အခြေအနေ မကောင်းသည့်အတွက် အစ်မလတ်ဖြစ်သူ ခရေတို့၏ လင်းသာဂေဟာသို့ ပြောင်းရွှေ့နေထိုင်ရန် တိုက်တွန်းသည်။

'အစ်ကိုလတ် ကိုသုခရော အစ်ကိုချောကပါ စံပယ်ကို သာယာ ဂေဟာမှာ တစ်ယောက်တည်း ထားပစ်ခဲ့ရတာ နည်းနည်းမှ စိတ်မချဘူး၊ ဂေဟာမှာ ရှိတဲ့ လူတွေကလည်း လယ်ထဲက စာရင်းငှား အဘိုးကြီး နှစ်ယောက် သုံးယောက်၊ ခြံစောင့် အဘိုးကြီး တစ်ယောက်၊ အထိန်းတော်ကြီး ဒေါ်မေတ္တာနဲ့ အိမ်ဖော် မိန်းကလေး တစ်ယောက် နှစ်ယောက်ပဲ အဖော်ဆိုလို့ ရှိတယ် မဟုတ်လား၊ အရေးရယ် အကြောင်းရယ် ဖြစ်လာရင် အစ်ကိုချောတို့ ညီအစ်ကို နှစ်ယောက်ကလည်း ရုတ်တရက် ရောက်လာနိုင်မှာ မဟုတ်ဘူး၊ စံပယ်က တစ်ယောက်တည်းလည်း ဖြစ်နေပြန်၊ ကျန်းမာရေးကလည်း ချို့တဲ့နေပြန်ဆိုတော့ အစ်ကိုချောတို့ ညီအစ်ကို နှစ်ယောက်က စံပယ်အတွက် အမြဲ ကြောင့်ကြနေရတယ်၊ ပြည်တွင်းစစ် ကာလဆိုတာ သိပ်ပြီး အခြေအနေ ရှုပ်ထွေးတယ်၊ ယေဇူးနန့် (အဲဒါကြောင့်) လင်းသာ မောင်မောင်တို့ ခရေတို့နဲ့ပဲ လင်းသာဂေဟာကို ပြောင်းပြီးနေတာ စိတ်အချရဆုံးပဲ'

အစ်ကိုချော၏ အကြောင်းပြချက်မှာ မှန်ကန်လှသည်။ သို့ရာတွင် ခြေထောက် မသန်မစွမ်းသည့် အချိန်မှစ၍ သာယာ ဂေဟာမှ တစ်ဖဝါးမျှမှပင် မခွာဘဲ နေလာခဲ့သည်မှာ ဆယ့်ငါးနှစ်တိုင်တိုင် ရှိနေပြီ ဖြစ်သောကြောင့် စံပယ်သည် မည်သည့် နေရာသို့မျှ ပြောင်းရွှေ့သွားချင်စိတ် မရှိချေ။

သို့ရာတွင် ပြည်တွင်းရေးကို သွေးဖြင့် ဖြေရှင်းနေကြသော အချိန်ကာလကြီးဖြစ်၍ လင်းသာဂေဟာသို့ ရွှေ့ပြောင်း နေထိုင်ပါတော့မည်ဟု ကိုဝဏ္ဏအား ကတိပေးလိုက်သည်။

သုံးရက်ခန့် အကြာတွင် စံပယ်နှင့် အထိန်းတော်ကြီး ဒေါ်မေတ္တာတို့အား လင်းသာမောင်မောင်၏ သားဖြစ်သူ သော်ကက ဦးကျောက်ခဲဆိုသူ လူကြီး တစ်ယောက်နှင့်အတူ လာရောက်ခေါ်သည်။

လင်းသာမောင်မောင်၏ သားဖြစ်သူ သော်ကမှာ အသက် ၂၃ နှစ်ပင် ရှိနေပေပြီ။ သူ့ခမျာသည် ကျန်းမာရေး ချို့တဲ့သူ ဖြစ်နေသောကြောင့် စစ်တပ်ထဲသို့ ဝင်ခွင့်မရ။ ငယ်စဉ်ကပင် အသည်းရောင်သည့် ရောဂါကြောင့် ချူချာနေခဲ့သူ ဖြစ်သည်။

လင်းသာမောင်မောင်၏သား သော်ကနှင့် ဦးကျောက်ခဲတို့ နှစ်ယောက်က စံပယ်နှင့် အထိန်းတော်ကြီး ဒေါ်မေတ္တာတို့ စီးနင်းလိုက်ပါသည့် မြင်းရထား၏ တစ်ဖက်တစ်ချက်မှ မြင်းကိုယ်စီဖြင့် လမ်းတစ်လျှောက်လုံး စောင့်ရှောက် လိုက်ပါခဲ့ကြသည်။

'လင်းသာ ဂေဟာမှ ထွီးထွီးအတွက် အားလုံး အသင့် ပြင်ဆင်ထားရေ ဘာဘာဘာဘက်က ဆွေမျိုး တစ်သိုက်လည်း စစ်ပြေးရင်း ရောက်နေကြတယ်၊ ဂေဟာမှာ ခုဆိုရင် လူနှစ်ဆယ် ကျော်နေပြီ၊ ထွီးထွီး ဒီနေ့ လာမယ်ဆိုလို့ အားလုံး ဝမ်းသာနေကြတယ်'

သော်ကသည် တစ်လမ်းလုံး စံပယ်နှင့် စကားပြောရင်း လိုက်ပါလာသည်။

'အကျွန့်မိထွေးက ထွီးထွီးနေဖို့ ဆိုပြီး လင်းသာဂေဟာရဲ့ အတွင်းဝင်း အုတ်ရိုးနဲ့ ဆက်ပြီး ဆောက်ထားတဲ့ အဆောင်မြင့်မှာ နေရာချထားတယ်၊ ထွီးထွီးက လေကောင်းလေသန့်လည်းရမှ အလင်းရောင်လည်းရမှ ကျန်းမာမယ်ဆိုပြီး နေရာချတာပဲ၊ အကျွန်ရို့ လင်းသာဂေဟာမှာ အတွင်းဝင်း အုတ်ရိုးအပြင် အပြင်ဝင်း အုတ်ရိုးကလည်း တစ်ထပ်ကာပြီး ထားသေးတယ်၊ ထွီးထွီးအတွက် နေရာချထားတဲ့ အဆောင်မြင့်ကနေပြီး ကြည့်လိုက်ရင် အပြင်ဝတ် အုတ်ရိုးဘက်ကိုရော အတွင်းဝင်း အုတ်ရိုးဘက်ကိုရော နှစ်ဖက်စလုံး မြင်နေရတယ်'

'ဟုတ်လား သော်ကတို့ ဂေဟာမှာ လူနှစ်ဆယ်ကျော်ကျော်လောက်လည်း ရှိနေတယ်၊ အတွင်းပြင်ဝင်း အုတ်ရိုးကလည်း နှစ်ထပ်တောင် ရှိနေတယ် ဆိုတော့ ခံတပ်ကြီး တစ်ခုနဲ့ တူမနေဘူးလား'



'အိမ်ဖော် အလုပ်သမားတွေကိုပါ ပေါင်းထည့်လိုက်ရင် အားလုံး ငါးဆယ်လောက်တောင် ရှိလိမ့်မယ်'

သော်ကက ရယ်ရင်း ပြောလိုက်သည်။

ဒွါရာဝတီမှ လင်းသာရွာဆီသို့ ရှေ့ရှုလျက်ရှိသည့် လမ်းမကြီးမှနေ၍ ဝင်းခြံကြီးများ ရှိရာဘက်သို့ ချိုးကွေ့လိုက်သောအခါ ကျောက်အုတ်တို့ဖြင့် ဆောက်လုပ်ထားသော လင်းသာဂေဟာကြီးကို ဘွားခနဲ မြင်လိုက်ရသည်။

သော်က ပြောသကဲ့သို့ပင် လင်းသာ ဂေဟာကြီးကို ဝင်းအုတ်ရိုး နှစ်ထပ်ဖြင့် ကာရံထားလေသည်။ ဝဲဘက်သို့ ထပ်၍ ချိုးကွေ့လိုက်သောအခါ အပြင်ဝင်း အုတ်ရိုးအတွင်းသို့ စံပယ်ရို့ ရောက်ရှိလာကြသည်။ အပြင်ဝင်းအုတ်ရိုး ပတ်လည်ရှိ အလွန် ကျယ်ပြန့်သည့် မြေကွက်ကြီးပေါ်၌ မုန့်တီလုပ်သည့် ဖိုများ၊ နို့စားနွားမများထားသည့် ရုံများကို တွေ့ရသည်။

အပြင်ဝင်း အုတ်ရိုးမှနေ၍ မုခ်ဦးသဏ္ဌာန်ရှိသော တံခါးပေါက်မှ ဝင်လိုက်သောအခါ အတွင်းဝင်းအုတ်ရိုးနှင့် ဆက်၍ ဆောက်ထားသည့် အဆောင်မြင့်ကို တွေ့ရသည်။ အမေလတ် (အစ်မလတ်) ခရေက ညီမချော စံပယ်အတွက် အသင့်ပြင်ဆင်ထားသော အဆောင်မြင့် ဖြစ်သည်။

လင်းသာ ဂေဟာကြီးသည် လေးထောင့်စပ်စပ် သဏ္ဌာန် ရှိသည်။ ဂေဟာကြီး၏ ဆင်ဝင်ပေါက်မှာ တောင်ဘက်တွင် ရှိသည်။ ဂေဟာကြီး၏ မြောက်ဘက်အဆောင် အစွန်တွင် တစ်ဗဟိုလျှင် တစ်ခါကျ တီးခတ်သည်ဟု သိရသော မောင်းကြီး တစ်လုံး ရှိသည်။ ဂေဟာကြီး၏ ဆင်ဝင်လှေကားထစ်ပေါ်တွင် အမေလတ် ခရေက စံပယ်အား စောင့်ကြိုလျက် ရှိသည်။ သူနှင့်အတူ အိမ်ထောင်ရသားကျကာ ကလေးများပင် ရနေပြီဖြစ်သည့် ဝတ်မှုန်နှင့် မြသန္တာတို့ကိုလည်း တွေ့ရသည်။ ဂေဟာရှိ လူအားလုံးကပင် စံပယ့်ကို ကြိုဆို နှုတ်ဆက်ကြသည်။ ဧည့်ခန်းတွင် ထိုင်မိလျှင်ပင် စံပယ့်အတွက် စားစရာ သောက်စရာများကို လောင်ဘွန်းကြီးငယ် (ဗျတ်ကြီး ဗျတ်ငယ်) ဖြင့် ရောက်လာသည်။

တပျော်တစ်ပါး စားသောက် ပြီးစီးသွားသောအခါ စံပယ့်အတွက် အသင့်ပြင်ဆင်ထားသော အဆောင်မြင့်သို့ စံပယ့်ကို လိုက်ပို့ကြသည်။ ဘီးတပ်ထားသော စံပယ်၏ ကုလားထိုင်ကို တွန်းသူတွန်း၊ ဆွဲသူဆွဲ၊ မသူမဖြင့် အုန်းအုန်းကျွက်ကျွက် ညံနေသည်။

စံပယ့်အတွက် ပြင်ဆင်ထားသည့် အဆောင်မြင့်သည် စံပယ်၏ စိတ်ကြိုက်နှင့် တွေ့ရသည်။ ကျယ်လည်း ကျယ်၍ အလင်းရောင်လည်း ကောင်းစွာ ရသည်။

အရှေ့နှင့် အနောက်တွင် ပြတင်းကျယ်ကြီး တစ်ပေါက်စီ ရှိနေသောကြောင့်လည်း လေကောင်းလေသန့်များ ကောင်းစွာ ရသည်။

အနောက်ဘက်တွင် ရှိသော ပြတင်းပေါက် တံခါးမှနေ၍ ကြည့်လျှင် အပြင်ဝင်း အုတ်ရိုးနှင့် ပန်းဥယျာဉ်ကြီးကို မြင်ရသည်။ အရှေ့ဘက် ပြတင်းမှ ကြည့်လျှင် အတွင်းဝင်း အုတ်ရိုးကို မြင်ရသည်။

စံပယ်၏ အခန်းဆောင် ညာဘက်တွင် အထိန်းတော်ကြီး ဒေါ်မေတ္တာအတွက် အခန်းငယ်တစ်ခု အသင့်ရှိသည်။ စံပယ် နေထိုင်ရန်အတွက် အားလုံးပင် ရေကန် အသင့် ကြာအသင့် ဖြစ်သည်။

'စံပယ်ကို အေးအေးဆေးဆေး နေရအောင် ဒီအခန်းဆောင်ကို ပေးထားတာ၊ ဒီကနေ မြင်ရတဲ့ အဆောင်ခန်းတွေကတော့ အမေလတ် ယောကျ်ားဘက်က ဆွေမျိုးတွေအတွက် ပေးထားတဲ့ အခန်းတိ၊ စံပယ့် ခန်းဆောင်နှင့် အများကြီး ဝေးပါတယ်၊ စံပယ့် အခန်းရဲ့ ဘယ်ဘက်က အခန်းကတော့ အမြဲပိတ်ထားတဲ့အခန်းပဲ၊ ဘယ်သူမှ မနေဘူး'

အစ်မလတ် ခရေက စံပယ့်အား အဆောင်မြင့်ကို ဤသို့လျှင် အပ်နှင်းခဲ့သည်။

လင်းသား ဂေဟာသို့ ရောက်ပြီးနောက် ပဌမနေ့သို့ အရောက်တွင် စံပယ်သည် အနေအထိုင် အတော်ပင် အသားကျသွားပြီ ဖြစ်သည့်အလျောက် နေရာခန်းမဆောင်မှ အပြင်သို့ ထွက်လာခဲ့သည်။

စံပယ် အသုံးပြုနေကြ ဘီးတပ်ထားသည့် ကုလားထိုင်ကို သော်ကက နောက်မှနေ၍ တွန်းပေးသည်။ မြသန္တာနှင့် ဝတ်မှုန်တို့ နှစ်ယောက်က စံပယ်၏ ဘေးတစ်ဖက် တစ်ချက်မှ လိုက်ပါလာသည့် ကလေးများက စံပယ်တို့ရှေ့မှနေ၍ ပြေးလိုက် ကစားလိုက် လုပ်နေသည်။

ဤအပါင်းအသင်း တစ်သိုက်ဖြင့် စံပယ်အဖို့ လင်းသားဂေဟာ နယ်မြေ တစ်လျှောက်ကို လှည့်လည် ကြည့်ရှုရသည်မှာ စိတ်ကြည်ရွှင် ချမ်းမြေ့စရာ ဖြစ်လှသည်။

ပန်းခြံနှင့် ဥယျာဉ်ကြီးများမှာ ကျယ်ပြန့်လှသည်။ ထိုပန်းခြံနှင့် ဥယျာဉ်များကို ဝင်းအုတ်ရိုး မြင့်မြင့်ကြီးများဖြင့် ကာရံထားသည်။ ဂေဟာကြီး၏ အရှေ့ဘက်တွင် ကုန်းမြင့် တစ်ခု ရှိသည်။ ထိုကုန်းမြင့်၏ ထိပ်မှနေ၍ ကြည့်လျှင် သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသော တောနှင့်တောင်များကို မြင်ရသည်။ လင်းသာချိုင့်သို့ ဆင်းသော လမ်းကိုလည်း မြင်ရသည်။



လင်းသား ဂေဟာကြီး၏ တောင်ဘက်တွင် နွားစားကျက်များနှင့် လယ်တဲများ ရှိသည်။ လယ်တဲများအလွန်တွင် ပျော်စရာကောင်းသော ဥယျာဉ်တစ်ခုလည်း ရှိသည်။ ထိုဥယျာဉ်ကိုလည်း ဝင်းအုတ်ရိုးမြင့်မြင့် ကာရံထားသည်။ ထိုဝင်းအုတ်ရိုးကို အပေါ်မှ ကျော်ဖြတ်နေသည့် တံတားရှည်ကြီးတစ်ခုလည်း ရှိသည်။

ဤတံတားအရှည်အတိုင်း လာခဲ့ကြသောအခါ ရဲတိုက်ကလေးကဲ့သို့ ဆောက်လုပ်ထားသော လေသာဆောင်သို့ ရောက်လာသည်။ လေသာဆောင်တွင် ဖောက်လုပ်ထားသည့် ပြတင်းများမှာ ရှည်မျောမျော ပုံသဏ္ဍာန်ရှိသည်။ လင်းသာချိုင်၏ ရှုခင်းကို ထင်းလင်းစွာ ဖော်ပြနေကြသည့် ပြတင်းပေါက်များ ဖြစ်ကြသည်။

'အေ လေသာဆောင်ရေ အကျွန်ရို့ ဖေဖေ အနှစ်သက်ဆုံး အဆောင်ပါ၊ စာရင်းအင်းတိ တွက်စရာ ရှိကေ အေအဆောင်မှ လာတွက်တာပဲ၊ ဒီပြတင်းပေါက်က တိနေပြီး ကြည့်လိုက်ရင် လုံးသာ ပင်လယ်ကူး ဆိပ်ကမ်းကို လားနေကတ်တေ ရွက်သင်္ဘောတိကို ကောင်းကောင်းကြီး မြင်ရတာပေါ့'

ဝတ်မှုန်က လေသာဆောင်နှင့် ပတ်သက်လျက် စံပယ့်ကို ရှင်းပြရင်း လေသာဆောင်မှ တံတားကို ဖွင့်ရန် ကြိုးစားကြည့်သည်။ သို့ရာတွင် သော့ခလောက်ကြီး တစ်လုံးက ရှိနေသောကြောင့် ဖွင့်၍မရ။

'အဘ ပြန်လာရေခါမှ အေ လေသာဆောင်က သော့ကို တောင်းထားရဦးမယ်၊ ထွီးထွီးစံပယ်က အေနေရာမှ လာပြီး လေညင်းခံဖို့ ကောင်းတာ'

ဝတ်မှုန်က ဤသို့ ပြောနေသည်တိုင် သော်ကက နှုတ်ဆိတ်နေသည်။ ဖခင် ဖြစ်သူ လင်းသာမောင်မောင်က ဤလေသာဆောင်သို့ အခြားသူများ လာသည်ကို ကြိုက်နှစ်သက်ခြင်းမရှိကြောင်း သော်ကက သိထားသဖြင့် နှုတ်ဆိတ်နေခြင်းများ ဖြစ်လေသလားဟု စံပယ်က တွေးသည်။

စံပယ်တို့ အုပ်စုသည် လင်းသာဂေဟာ နယ်မြေ တစ်လျှောက်လုံးကို တစ်ပတ်ပတ်မိအောင် ခရီးလှည့်ခဲ့ကြပြီးနောက် ဘဏ္ဍာစိုးကြီး ဦးမောင်ရွှေရိုး၏ အိမ်အနီးမှ ဖြတ်ကာ ရေပေးထားသဖြင့် စိမ်းမြနေသော မြက်ခင်းကို ကျော်၍ အပြင်ဝင်း အုတ်ရိုး နောက်ဘက်တွင် ကပ်လျက် ဆောက်လုပ်ထားသည့် ယုန်များ မွေးမြူထားသော နေရာကို ပန်းဝိုက်ရင်း ပြန်လာခဲ့ကြသည်။

စံပယ်သည် အပြင်ဝင်း အုတ်ရိုးနှင့် အတွင်းဝင်း အုတ်ရိုး အကြားရှိ မြေပြင်မှနေ၍ စံပယ်၏ အခန်းရှိရာ အဆောင်မြင့်ကို မော့ကြည့်လိုက်သည်။ ပြတင်းပေါက် အောက်နားတွင် ရှိနေသည့် ပန်းအိုးများကြောင့် စံပယ်၏ အခန်းမှာ ပို၍ ကျက်သရေ ရှိနေသည်။

ဤသို့ ကြည့်နေရင်းမှ စံပယ့်အခန်းရှိ ဝဲဘက်ရှိ တံခါး ပိတ်ထားသည့် အခန်းကို လည်းကောင်း၊ ထိုအခန်းနှင့် ကပ်လျက် ဖွင့်နေအောင် ဆောက်လုပ်ထားသည့် ဆွယ်ထားသော အဆောင်ကြီးကို လည်းကောင်း၊ ပထမအကြိမ်အဖြစ် သတိထားလိုက်မိသည်။

'ထွီးထွီးရဲ့ အဆောင် ဘယ်ဘက်က အခန်းကို အမြဲပိတ်ထား စွာဗျုယ်လား အသူမှ အသုံးမပြုကတ်လား'

စံပယ်က အမှတ်မဲ့ မေးလိုက်သည်။ စံပယ့်အနီးတွင် ရှိသော သော်ကက ချက်ချင်း အဖြေမပေးသေးဘဲ ခပ်တွေတွေ ပြုပြီးမှ …

'တစ်ခါတစ်ခါမှာ အဘ ယင်းအခန်းထဲကို သွားတာပဲ၊ အိမ်ထောင်ပရိဘောဂတိနဲ့ အဖိုးတန် အသုံးအဆောင်ပစ္စည်းတွေ သိမ်းထားရေး အခန်း၊ ယင်းအတွက် နန့်အမြဲ ပိတ်ထားတာ' ဟု ပြောလိုက်သည်တွင် ဝတ်မှုန်က …

'အေအခန်းက အရင်တုန်းက ဝတ်မှုန်တို့ ဦးကြီး နေခဲ့တဲ့အခန်း ဝတ်မှုန်တို့ ငယ်ငယ်ကတည်းက ဦးကြီး သေသွားပြီးမှ ပိတ်ထားတာ' ဟု ကြားဝင်အဖြေ ပေးသည်။

ဝတ်မှုန်သည် ဤသို့ အဖြေပေးပြီးမှ အစ်ကိုဖြစ်သူ သော်ကဘက်သို့ မလုံမလဲ မျက်နှာဖြင့် လှမ်းကြည့်သည်။

သော်ကနှင့် ဝတ်မှုန်တို့၏ အမူအရာသည် ဤအခန်းနှင့် ပတ်သက်၍ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ကို စံပယ်က အကဲခတ်မိလိုက်သည်။ ထို့ကြောင့် စံပယ်သည် ဤအခန်းနှင့် ပတ်သက်၍ ဆက်လက် မေးမြန်းခြင်း မရှိတော့။

အဘယ်ကြောင့်ဆိုသော် လင်းသာမောင်မောင်၏ အစ်ကိုကြီးဖြစ်သူ လင်းသာအောင်အောင်သည် အိုမင်းနေပြီ ဖြစ်သော ဖခင်ကြီးနှင့် ရှစ်ရက်လောက်သာ ခြား၍ ကျောက်ရောဂါဖြင့် သေဆုံးသွားသည် ဟူသော စကားကို စံပယ်က ယခင်ကပင် ကြားထားခဲ့ဖူးသောကြောင့် ဖြစ်သည်။

လင်းသာမောင်အောင် သေဆုံးသွားရခြင်းကလည်း အစာထဲတွင် အဆိပ်ခတ်ထားသည်ကို စားမိသောကြောင့်ဟု အချို့က တီးတိုးစကား ပြောကြသေးသည်။ မည်သည့် အချက်က မှန်သည်ကိုမူ အသက်ရှင်လျက် ယခုတိုင် ရှိနေသေးသော လင်းသာမောင်မောင်သာ အသိဆုံး ဖြစ်ပေလိမ့်မည်။

စံပယ်သည် အဆောင်မြင့်သို့ ပြန်လည် ရောက်ရှိလာပြီး များမကြာမီပင် အထိန်းတော်ကြီး ဒေါ်မေတ္တာသည် စံပယ်အတွက် ညစာကို ယူလာခဲ့သည်။ စံပယ်သည် လင်းသာဂေဟာသို့ ရောက်သည့်နေ့မှစ၍ နံနက်စာ ညစာထမင်းကို ခန်းဆောင်ထဲတွင် စားသည်။



အဆောင်တွင်းသို့ အထိန်းတော်ကြီး ဒေါ်မေတ္တာ ရောက်လာသည်နှင့် တစ်ပြိုင်နက် ထုံးစံအတိုင်းပင် လင်းသာဂေဟာကြီး၏ မီးဖိုဆောင်မှ အတင်းအဖျင်း သတင်းများကို ကြားရသည်။

စံပယ်ကဲ့သို့ပင် နားရှည်တတ်သော ဒေါ်မေတ္တာအား စံပယ်၏ ခန်းဆောင် ဘယ်ဘက်တွင် အမြဲ သော့ခတ် ပိတ်ထားသည့် အခန်းအကြောင်းကို မေးကြည့်သည်။

'အိမ်ထောင် ပရိဘောဂတိ ထားရေ အခန်းပါ၊ လင်းသာမောင်မောင်ဆီမှာသာ သော့ရှိသတဲ့၊ အဖိုးတန် အသုံးအဆောင် ပစ္စည်းတွေ ထည့်ထားလို့ အခန်းတံခါးကို အမြဲတမ်း ပိတ်ထားသတဲ့'

အထိန်းတော်ကြီး ဒေါ်မေတ္တာ၏ အဖြေသည် ယုံလောက်စရာ ကောင်းအောင် ယုတ္တိတန်နေသည်။ သို့သော်လည်း နားရှည်သလို မျက်စိပါ ကျယ်လေ့ရှိသည့် စံပယ်က ပိတ်ထားသည့် တံခါးတွင် မြင်နိုင်လောက်သည့် အပေါက်ကလေးများ ရှိမရှိ ဒေါ်မေတ္တာကို အကြည့်ခိုင်းသည်။

ဒေါ်မေတ္တာက စံပယ်ထံ ပြန်လာပြီး လက်သန်းခေါင်းလောက် ရှိသည့် အပေါက်ချေ တစ်ပေါက် ရှိကြောင်း ထိုအပေါက်မှ ကြည့်သော်လည်း မည်သည့် အရာကိုမျှ မမြင်ရကြောင်း ပြောသည်။ စံပယ်က ကတ်ကြေးတစ်ချောင်း ပေးလိုက်သည်။ ဒေါ်မေတ္တာက ပိတ်ထားသည့် အခန်းရှိ နံရံ တစ်နေရာတွင် မျက်လုံးပေါက်လောက် ကျယ်သော အပေါက် တစ်ပေါက်ကို ရအောင်ဖောက်သည်။

'အေအပေါက်ကနေပြီး ကြည့်ရေခါလည်း ဓာတစ်ခုမှ ထူးထူးထွေထွေ မတွေ့ရပါဘူး၊ အခန်းထောင့် တစ်ထောင့်မှာ ခုတင် တစ်လုံး ရှိတယ်၊ နံရံနဲ့ ကပ်ပြီး ထောင်ထားလိုက်တာတိ ရှိရေ အေချင့်ဗျုယ် (ဒါပဲ)'

စံပယ်သည် အခန်းထဲတွင် အဖိုးတန် ရွှေငွေ ကျောက်သံပတ္တမြားများ ရှိမည်ဟု တွေးထားခဲ့၏။ သို့သော် အခန်းထဲတွင် ဘာမျှမရှိဟု သိရသောအခါ စိတ်ပျက်သွားသည်။ သို့သော် နံရံတွင် ကတ်ကြေးဖြင့် ဖောက်ထားသည့် အပေါက်နေရာတွင် ပန်းချီကား တစ်ခုကို ချိတ်ထားရန် စေခိုင်းလိုက်သည်။

စံပယ်သည် ညနေစာ စားသောက်ပြီး ခုတင်ပေါ်သို့ တက်၍ အညောင်းအညာ ဖြေနေသည်။ မြသန္တာက စံပယ် ပျင်းနေမည် စိုးသောကြောင့် စံပယ်၏ အခန်းဆောင်သို့ လာ၍ စကားစမြည် ပြောနေသည်။

တဖြည်းဖြည်းနှင့် မှောင်ရီလာသည်။ စံပယ်၏ ခန်းဆောင်ထဲတွင်လည်း မှောင်ရိပ်များ သန်းလာသည်။

မြသန္တာသည် သူ့ကိုယ်လေးကို လှုပ်ခါလိုက်ရင်း …

'ထွီးထွီးရေ့၊ အကျွန့် ယောက်ျား ကိုသော်က အသည်းရောင်တဲ့ ရောဂါ ပြန်ပေါ်လာတဲ့ အချိန်က အေအခန်းမှာ အကျွန် အိပ်ဖူးရေ' ဟု စကား စလိုက်သည်။

'အိပ်ဖူးရေဆိုကေ (တော့)'

စံပယ်က အိပ်ရာပေါ်မှထ၍ ထိုင်လိုက်ရင်း စကား ထောက်လိုက်သည်။

'ယင်းပိုင် အိပ်နီရေခါ ပိတ်ထားရေ ဘယ်ဘက် အခန်းထဲက ခြေသံတိ ကြားနေတယ်လို့ ထင်တယ်'

'ဇာပိုင် ခြေသံလဲ'

'အသာချေ၊ အသာချေ နင်းလာတဲ့ ခြေသံ အသံ မမြည်အောင် တမင် ဖော့ပြီး နင်းလာတဲ့ ခြေသံမျိုး'

'ဇာခါက ကြားရစွာလဲ'

'ကုန်ခါရေ ဆောင်းတွင်းကလေ၊ အေပိုင်လို ကြားနေစွာကို စိတ်က ထင်တာ အောက်မေ့လို့ ဇာသူ့ကိုမှ မပြောမိဘူး'

'အိမ်ဖော် တစ်ယောက်ယောက်က အခန်းထဲ ဝင်ပြီး လိုချင်ရေ ပစ္စည်း တစ်ခုခု ရှာတာ ဖြစ်ချင် ဖြစ်မှာပေါ့'

'ဇာအိမ်ဖော်မှာမှ အခန်းသော့ မရှိဘူး၊ ကိုသော်ကရို့ အဘ အကျွန့်အခင် ဘက်မှာရာ သော့ရှိစွာ၊ ယင်းအချိန်အခါက အကျွန့်အခင်ကလည်း အိမ်မှာ မရှိဘူး၊ ခရီးသွားနေတယ်၊ အကျွန်တော့ တစ္ဆေခြောက်တယ်လို့ ထင်တာပဲ'

'ဒီဂေဟာကြီး ဆောက်တာ ဘာမှ ကြာသေးတာ မဟုတ်တာ၊ ဘယ်ကလာ ပြီး တစ္ဆေခြောက်ပါ့မလဲကွယ်'

'ယကေလေ့ အေဂေဟာကြီးမှာ သေတဲ့ လူတွေ ရှိခဲ့တယ် မဟုတ်လား၊ ကိုသော်ကရဲ့ အဘိုးရယ် ဘကြီးရယ်၊ ဒီဂေဟာကြီးမှာ သေသွားကြတာပဲ'

မြသန္တာထံမှ သဲလွန်စ ရလာပြီ ဖြစ်သည့်အလျောက် စံပယ်က လင်းသာ မောင်မောင်၏ အစ်ကိုကြီးဖြစ်သူ လင်းသာမောင်မောင် အဆိပ်မိ၍ သေဆုံးသွားသည် ဟူသော အချက်ကို ဆက်၍ နှိုက်လိုက်၏။

'မြသန္တာရဲ့ ယောက်ျား သော်ကတို့ ဘကြီး လင်းသာမောင်အောင် အဆိပ်မိ ပြီး သေရတဲ့ အကြောင်းကိုလည်း မြသန္တာက ကြားဖူးနေပြီပေါ့'

'ကြားတော့ ကြားဖူးတယ်၊ ယကလေ့ မယုံပါဘူး၊ ဒီအတိုင်း အဆိပ်ခတ် ပြီး သတ်တယ်လို့ ဆိုရင်လည်း သိပ်ပြီး ရက်စက်ရာ ကျမှာပေါ့၊ ဦးကြီးကလည်း သဘောလည်းကောင်း၊ သနားလည်း သနားတတ်တဲ့ လူကြီးပဲ၊ ဇာပဲဖြစ်ဖြစ် အကျွန်



ကြားရတဲ့ ခြေသံတွေကတော့ ဦးကြီးမောင်အောင် တစ္ဆေဖြစ်ပြီး လာခြောက်တာလို့ ထင်တာပဲ'

'တစ္ဆေခြောက်တေလို့ပင် ဆိုပါဦးတော့၊ တစ္ဆေက ခြေသံမကြားအောင် ခြေထောက်ကို ဘာဖြစ်လို့ ဖော့ပြီး နင်းလာရမှာလဲ'

စံပယ့် အမေးကို မြသန္တာက ချက်ချင်း အဖြေမပေး၊ အတန်ကြာ ချင့်ချိန်ပြီး မှ…

'လင်းသာ ဂေဟာက အိမ်သားတွေက ဦးကြီးမောင်အောင် အကြောင်းနဲ့ ပတ်သက်ပြီး တစ်ခါမှ စကားမဟဘူး၊ ကျွန်မ ယောက်ျား ကိုသော်ကလည်း ဒီအကြောင်းကို မပြောရဘူးတဲ့၊ ဦးကြီး မောင်အောင်ဟာ တစ်ခါတစ်ခါ ဝက်ရူး ပြန်တတ်တယ်တဲ့၊ အဲဒီလိုပြန်ပြီလားဆိုကေ သိပ်ကို ကြောက်စရာကောင်းတာပဲတဲ့။ ဒါကြောင့် ဦးကြီးမောင်အောင်ကို ခုထွီးထွီးရဲ့ ဘယ်ဘက်က အခန်းထဲမှာ ထည့်ပြီး လှောင်ထားရသတဲ့'

ကြားသိလိုက်ရသည့် အကြောင်းအရာသည် စံပယ် တစ်ခါမျှ မကြားဖူး သည့် အကြောင်းအရာ ဖြစ်နေသည်။ သို့ဖြစ်၍လည်း မြသန္တာအား သေချာအောင် ပြန်၍ မေးလိုက်သည်။

'အေအကြောင်းအရာတိက မှန်ရေ မဟုတ်လား'

'အို … ဟုတ်ပါရေ ဆိုနေမှပဲ၊ ဘကြီး လင်းသာမောင်အောင်ရဲ့ အဖေ မသေခင်တောင် ကျွန်မ အခင်ကို ခေါ်ပြီး ကောင်းကောင်းမွန်မွန် ကြည့်ဖို့ မှာပြော သွားသေးတယ်၊ အေအခန်းကိုလည်း ဘကြီးမောင်အောင်အတွက် အထူး စီမံပြီး ဆောက်ထားခဲ့တာတဲ့၊ ဘဇောင် ဆောက်ထားတယ် ဆိုတာတော့ အကျွန်လည်း မသိဘူး၊ အဲဒီလိုမှာ ပြောပြီး အဘိုးကြီးရော ဦးကြီးမောင်အောင်ရော ရစ်ရက်သာ ခြားပြီး သေသွားကြတာ၊ ယင်းအခါက ကိုသော်ကရို့၊ ဝတ်မှုန်၊ ဝတ်ရည်တို့က အချေတိရာ ရှိသေးသတဲ့'

'သနားစရာကြီးနော်'

စံပယ်က ဤသို့ သံယောင်ထပ်လိုက်ရင်း မြသန္တာအတွက် အိပ်ရာဘေးရှိ စားပွဲပေါ်မှ ခင်လေး ပူစာ မုန့်ချပ်များကို ပေးလိုက်သည်။

မြသန္တာသည် မုန့်ကုန်သည်အထိ စံပယ့် အနီးတွင် ထိုင်နေပြီး သူ့အခန်း ဆောင်ရှိရာသို့ ထွက်သွားသည်။

စံပယ်သည် မြသန္တာ ပြောသွားသော အကြောင်းအရာများကိုသာ အိပ်မပျော် မချင်း ပြန်လည် သတိရနေသည်။

ထိုနေ့ည ကုန်လွန်ပြီးနောက် နောက်တစ်နေ့သို့ ရောက်လာသောအခါ စစ်မြေပြင်မှ ရောက်ရှိလာသော သတင်းများကြောင့် မြသန္တာ ပြောသွားသည့်အကြောင်းအရာများ စံပယ်၏ ခေါင်းထဲမှ ပြယ်ပျောက်သွားခဲ့ကြသည်။

*

(၇)

နေသာသည့်နေ့ ဖြစ်သည့်အလျောက် စံပယ်သည် ဘီးတပ်ထားသည့် ကုလားထိုင်ဖြင့် တံတားမြင့်ပေါ်သို့တက်ကာ အဝေးမှ ရှုခင်းများကို ကြည့်ရှုရင်း ကလေးတစ်သိုက်ဖြင့် အချိန်ဖြုန်းနေသည်။

နေ့လယ်အချိန်တွင် လင်းသာဂေဟာရှိ ဝတ်မှုန်၏ အဆောင်သို့ ရောက်သောအခါ စစ်မြေမှ လူကြုံဖြင့်ပေးလိုက်သော စာခွေကို ပိုင်းဝန်း၍ ဖတ်နေကြသည်ကို တွေ့ရ၏။

စာခွေမှာ ဝတ်မှုန်၏ ချစ်လင်ဖြစ်သူ ကိုရှုပထံမှ ပေးလိုက်သော စာခွေဖြစ်၏။

ဝတ်မှုန်က စာခွေတွင် ပါသည့် အကြောင်းအရာများကို အော်၍ ဖတ်ပြနေသည်။

'တောင်ကုတ်မြို့အား ပိုင်းဝန်း ပိတ်ဆို့ တိုက်ခိုက်သည့် တိုက်ပွဲဇွင် ကိုရှုပတို့၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးတေဇမှာ ဒဏ်ရာ ရရှိသွားခဲ့ပါသည်။ သို့ဖြစ်၍ တိုက်ပွဲကို ကွပ်ကဲရန် တပ်မှူး အသစ်တစ်ယောက် ရောက်လာခဲ့သည်။ ဤတပ်မှူးမှာ လုပ်ရည်ကြံရည် ကောင်းသလောက် စစ်နှင့် ပတ်သက်လာလျှင် အလွန် စည်းကမ်းကြီးသူ ဖြစ်သည်။ ယခင် တပ်မှူး လက်အောက်တွင် ကိုရှုပတို့တပ် ဗိုလ်များ၊ တပ်သားများမှာ ညအချိန်မတော်တွင် ကာလသားဟင်း ချက်စားလိုက်၊ နေ့လယ်နေ့ခင်းဘက်တွင် အမည်းပစ် ထွက်လိုက်ဖြင့် အချိန်ဖြုန်း၍ ရသော်လည်း ယခုတပ်မှူးအသစ်လက်အောက်တွင်မူ တိုက်ရေးခိုက်ရေးကိုသာ အချိန်ရှိသရွေ့ လုပ်နေရပါသည်'

ဝတ်မှုန်က ခဏ ရပ်နားလိုက်သည့်အချိန်တွင် စံပယ်၏ ကုလားထိုင်ကို တွန်း၍ လာခဲ့သော သော်ကက …

'ယင်းတပ်မှူး အသစ်က အသူလဲ' ဟု ကြားဝင်မေးလိုက်သည်။

'တပ်မှူး … ဗိုလ်မှူး ရွှေဝံ'

ဝတ်မှုန်က ဤသို့ ပြောလိုက်သည့် အချိန်တွင် ခန်းဆောင်ထဲ၌ အမေလတ် ခရေသာယာ တစ်ယောက် မရှိခြင်းအတွက် စံပယ့်အဖို့ မျက်နှာမပျက်ဘဲ ဝတ်မှုန်၏ အဖြေကို နားထောင်နေနိုင်သည်။ ဗိုလ်မှူးရွှေဝံနှင့် စံပယ်တို့ အဖြစ်အပျက်ကို သိသူမှာ လင်းသာဂေဟာတွင် ခရေတို့ ဇနီးမောင်နှံ နှစ်ဦးသာ ရှိသည် မဟုတ်ပါလား။

ကိုရှုပ၏ စာခွေကို ဇနီးဖြစ်သူ ဝတ်မှုန်က ဆက်၍ ဖတ်သည်။ စံပယ်သည် စာဆုံးအောင် နားထောင်ပြီးမှ ခန်းဆောင် ရှိရာသို့ ပြန်လာခဲ့သည်။

ယနေ့ည အိပ်ရာဝင်သည့်အချိန်တွင် စံပယ် အသည်းနှလုံးကို ရိုက်ခတ်၍ နေသောအရာမှာ စံပယ်နှင့် ချစ်သူ ရွှေဝံတို့၏ ရှေးဟောင်းအောက်မေ့ဖွယ် အကြောင်း အရာ ဖြစ်သည်။

သရက်ပင်ပေါ်တွင် ချစ်သူ ရွှေဝံနှင့် စံပယ် ချိန်း၍ တွေ့ကြပုံ စံပယ်သည် မြင်ယောင်လာသည်။

ဆယ့်ငါးနှစ်ပင် ကြာခဲ့ပြီဖြစ်သော မမေ့နိုင်သည့် အကြောင်းအရာ ယခုဆို လျှင် ဗိုလ်မှူးရွှေဝံသည် အသက် ၄၄ နှစ်ပင် ရှိနေပေတော့မည်။ သူသည် စံပယ့်ထက် ဆယ်နှစ်ကြီးသည် မဟုတ်ပါလား။

စံပယ်သည် အထိန်းတော်ကြီး ဒေါ်မေတ္တာအား လှမ်း၍ ခေါ်လိုက်သည်။

'ကြေးမုံ ချေကို တစ်ချက်လောက် ယူခပါ၊ (ကလေးကို ခဏလောက် ယူခဲ့စမ်းပါ)'

စံပယ်၏ စကားကို ကြားလိုက်ရသည့် ဒေါ်မေတ္တာက အံ့သြသွားသည်။

'ညကြီး အချိန်မတော် ကြေးမုံကို အလုပ်ဖို့လဲ'

'ယူခဆိုစွာ … ယူသာလာပါလေ့'

စံပယ်က ဒေါကလေးပါပါဖြင့် ပြောလိုက်သည်။ စံပယ်နှင့် ဒေါ်မေတ္တာမှာ စိတ်အခန့်မသင့်သည့်အခါ တစ်ယောက်ကို တစ်ယောက် ဤသို့ပင် ခပ်ငေါက်ငေါက် ပြောတတ်ကြစမြဲ။

ဒေါ်မေတ္တာ ယူလာသော ကြေးမုံပြင်ကို ထောင်ကာ ကြေးမုံထဲမှ မျက်နှာ ရိပ်ကို စံပယ်သည် ကြည့်၏။ စံပယ်၏ ဝိုင်းစက်သော မျက်လုံး၊ ပေါ်လွင်သော နှာတံ၊ မြားနတ်မောင်၏ လေးကိုင်း သဏ္ဌာန်ရှိသော နှုတ်ခမ်းတို့မှာ လွန်ခဲ့သည့်



ဆယ့်ငါးနှစ်က ကဲ့သို့ပင် လှမြဲ လှနေသည်။ မျက်နှာကမူ အသက် ပို၍ ကြီးလာ သဖြင့် ပို၍ ပြည့်လာသည်။ အိပ်ရာပေါ်တွင်သာ လဲလျောင်း၍ နေသည့် အချိန်က များခဲ့သောကြောင့် မျက်နှာက ပြည့်ဖြိုး၍ လာသည်ဟု ထင်ရသည်။ ဆံပင်တို့သည် ပိတုန်းရောင်ကျော့ သုံးထောင်ကော့နေမြဲ …။

စံပယ်သည် ကြေးမုံပြင်ကို ဘေးသို့ချရင်း သက်ပြင်းတစ်ချက် ရှိုက်လိုက် သည်။

'နောင် ဆယ်နှစ် ဆိုကေ စံပယ်တော့ အမယ်ကြီး ဖြစ်တော့မှာပဲ'

ဒေါ်မေတ္တာက ကြေးမုံပြင်ကို ကောက်ယူလိုက်သည်။

'ကျုပ်မျက်စိထဲမှာတော့ ၁၈ နှစ် သမီးတုန်းကထက် အခု ၃၀ ကျော်မှ ပိုပြီးတောင် ကြည့်ကောင်းသေးသတော့၊ လူတိုင်းကလည်း ဒီလိုပဲ ပြောကြတာပဲ'

စံပယ်သည် ဒေါ်မေတ္တာ၏ စကားကြောင့် အတော် ကျေနပ်သွားသည်။ သို့သော် ဟန်လုပ်လျှက် …

'အမယ်… ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေလိုက်တာ၊ ကဲပါ အကျွန် အိပ်တော့ မယ်'

စကား ပြောချင်နေသေးသော ဒေါ်မေတ္တာက မျက်စောင်းခဲသွားသည်။ စံပယ်သည် အိပ်ရာထက်တွင် ပြန်လှည့်လိုက်၏။ ချစ်သူ ရွှေဝံ အကြောင်းကို စဉ်းစား၏။ အစ်ကိုရွှေဝံတွင် ကိန္နရီ ခင်ခင်နှင့် သားတစ်ယောက် သမီး တစ်ယောက် ရခဲ့သည်ဟု ဆိုရာ သားမှာ ယခု အချိန်တွင် ၁၄ နှစ် အရွယ် လူပျိုပေါက်ကလေး ဖြစ်နေပေမည်။ ကြားရသည့် အတိုင်းသာဆိုလျှင် အစ်ကိုရွှေဝံသည် သားအပေါ်တွင် စိတ်နှင့် မတွေ့ဟု ဆို၏။ သားဖြစ်သူသည် ဖခင်ဖြစ်သူ၏ အငေါက်အငမ်းကိုသာ ခံနေရသည်တဲ့။ အကယ်၍သာ စံပယ်နှင့် အစ်ကိုရွှေဝံတို့ အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ရပြီး ဤသို့ သားတစ်ယောက် ထွန်းကားခဲ့သည်ဆိုလျှင် အစ်ကိုရွှေဝံသည် ထိုသားအပေါ်တွင် မည်သို့ သဘောထားပါလိမ့်မည်လဲ။

သားကလေး လေးငါးနှစ်အရွယ်သို့ ရောက်လာသည့် အချိန်၌ အစ်ကိုရွှေဝံ က အခြားသော ဖခင်များကဲ့သို့ပင် သားဖြစ်သူအား ကျောပေါ်တွင် တက်၍ ထိုင်စေပြီး မြင်းစီးသကဲ့သို့ စီးစေမည်လား၊ သားကလေး ကိုးနှစ် ဆယ်နှစ် အရွယ် သို့ ရောက်လာလျှင် အစ်ကိုရွှေဝံသည် သားဖြစ်သူအား မြင်းကုန်းနှီးပေါ်တွင် မည်သို့ မတ်မတ် ထိုင်ရမည်။ ဇက်ကြိုးကို မည်သို့ ထိန်းရမည် စသည်တို့ကို ဂရုတစိုက် သင်ပေးလေမည်လား၊ အဖေဖြစ်သူက သားဖြစ်သူအား မြင်းစီးသင်နေစဉ် သမီးငယ်

ဖြစ်သူက မြက်ခင်းပေါ်တွင် ကစားနေရာမှ စံပယ့်ထံသို့ ရွှံ့များ ပေကျံလျက် ပြေးလာကာ သမီးချောကိုလည်း မြင်းစီးသင်ပေးပါဟု ပူဆာလေမည်လား။

စံပယ်၏ စိတ်လိပ်ပြာချောသည် စိတ်ကူးယဉ် အဖြစ်အပျက်များပေါ်၌ တရစ်ဝဲဝဲ ပျံသန်းလျက် ရှိနေသည်။ နိုးတစ်ဝက် အိပ်တစ်ဝက်နှင့် အိပ်မက်မြင်မက်နေသူ တစ်ယောက်ကဲ့သို့ ရှိနေသည်။ ဤသို့ရှိနေစဉ်အတွင်း စံပယ်၏ ခန်းဆောင် ဘယ်ဘက်တွင်ရှိသော သော့ခတ်၍ ပိတ်ထားသည့် အခန်းမှ လှုပ်ရှားသံ တစ်သံကို ကြားလိုက်ရသည်ဟု ထင်လိုက်မိသည်။

စံပယ်သည် ခေါင်းအုံးထက်မှ ခေါင်းကို အသာခွာလိုက်ပြီး အသံကို အာရုံစိုက်၍ နားထောင်၏၊ သနပ်ခါး လိမ်းခန်းထဲသို့ အထိန်းတော်ကြီး ဒေါ်မေတ္တာ ရောက်ရှိနေသည့်အတွက် အသံဗလံ ထွက်လာခြင်း ဖြစ်လေသလားဟုထင်၏။

သို့ရာတွင် ကြားနေရသော အသံသည် သနပ်ခါးလိမ်းခန်းမှ ထွက်ပေါ်လာသောအသံ မဟုတ်သည်မှာ သေချာသည်။ စံပယ်က အသက်ကိုပင် မရှူဘဲ အသံကိုသာ အာရုံပြုနေ၏။ ခဏမျှ ငြိမ်သက်သွားပြီးနောက် လှုပ်ရှားသံက ပြန်ထွက်ပေါ်လာပြန်သည်။ ခြေထောက်ကို ကြမ်းပြင်ပေါ်တွင် ဖော့နင်းကာ ဟိုမှသည်သို့ လှုပ်ရှားနေသည့်အသံ၊ စံပယ်သည် မြသန္တာ ပြောပြသွားသည့် ဦးကြီး လင်းသာမောင်အောင် အကြောင်းကို ချက်ချင်း သတိရလိုက်သည်။

ကြားနေရသော အသံများသည် လင်းသာမောင်အောင်က တစ္ဆေအဖြစ် ခြောက်နေသော အသံများလား။

လကွယ်ညဖြစ်သည့် အလျောက် စံပယ်၏ ခန်းဆောင်က မှောင်နေသည်။ အချိန်မှာ သန်းခေါင်ကျော်နေပြီ ဖြစ်ကြောင်းကို လင်းသာဂေဟာတွင် ထားရှိသည့် မောင်းက ဖော်ပြနေသည်။

ကြမ်းပြင်ကို ဖော့နင်းကာ ဟိုမှသည်သို့ သွားနေသည့် အသံများ ရုတ်တရက် ပျောက်သွားသည်။ ခဏအကြာတွင် ပြန်၍ပေါ်လာပြန်၏။ အေးမြသော လေစီးကြောင်းတစ်ခုက စံပယ်၏ အခန်းဆောင် ရှိရာသို့ တသုန်သုန် တိုးဝင်လာသည်ကိုလည်း သတိထားလိုက်မိ၏။

စံပယ်၏ ခန်းဆောင်တွင် အတွင်းဝင်း အုတ်ရိုးဘက်သို့ မျက်နှာမူနေသည့် ပြတင်းမှအပ ကျန်လေသော ပြတင်းများကို ပိတ်ထားသည်။ အတွင်းဝင်း အုတ်ရိုးကိုပင် ဟရုံသာ ဟထားခြင်းဖြစ်သည်။ စံပယ်ခန်းဆောင်ထဲသို့ တိုးဝင်လာနေသည့် လေစီးကြောင်းသည် ဟထားသည့် ပြတင်းတံခါးဘက်မှ လာခြင်းလည်း မဟုတ်။



ဤသို့ဆိုလျှင် ဤလေစီးကြောင်းသည် မည်သည့် အရပ်မှ လာပါသလဲ။

စံပယ်ခန်းဆောင်၏ ဘယ်ဘက်တွင် ရှိသည့် သော့ပိတ်ထားသည့် အခန်း၌ တံခါးမှာ အောက်မှ ကြမ်းပြင်နှင့်မထိဘဲ နှစ်လက်မလောက် ကွာဟနေကြောင်း စံပယ် သတိရလာသည်။ အထိန်းတော်ကြီး ဒေါ်မေတ္တာက အတွင်းဘက်သို့ မြင်နိုင်အောင် ကတ်ကြေးဖြင့် အပေါက်ကလေး တစ်ပေါက် ဖောက်ရာ၌ တံခါးအောက်ခြေမှ ခင်းပြင်နှင့် မထိဘဲ နှစ်လက်မလောက် ကွာဟ၍ နေသည်ကို ပြောပြခဲ့သည့်အပြင် စံပယ်ကိုယ်တိုင်လည်း ကွာဟနေသော တံခါးကို သတိထားခဲ့ဖူးသည်။

လေစီးကြောင်းသည် နှစ်လက်မလောက် ကွာဟနေသည့် တံခါးအောက်မှနေ၍ မိမိ၏ အခန်းထဲသို့ တိုးဝင်နေခြင်းဖြစ်ကြောင်း စံပယ်က သိလာသည်။ ဤခန်းဆောင်သို့ စံပယ် ရောက်လာခဲ့သည်မှာ ရက်ပေါင်း အတန်ပင် ကြာခဲ့ပြီ ဖြစ်သော်လည်း ပိတ်ထားသည့် အခန်းတံခါးအောက်မှ ဤသို့ လေစိမ်းဝင်၍ လာသည်ကို တစ်ခါမျှ မတွေ့ခဲ့။ ဤတံခါးအောက်မှနေ၍ လေစိမ်းသည် အမြဲ တိုးဝင်နေသည်ဟုဆိုလျှင် စံပယ် သိရမည် ဖြစ်၏။ ယခုမှ အဘယ့်ကြောင့် ဤလေစိမ်းက တိုးဝင်လာရပါသနည်း။

ဤသို့ လေစိမ်း တိုးဝင်လာရန်အတွက် ဘယ်ဘက်တွင် အမြဲပိတ်ထားသည့် အခန်း၌ ထူးခြားမှုတစ်ခုခု ပေါ်ပေါက်လာရမည် မဟုတ်ပါလား။

ကြမ်းပြင်ကို ဖော့၍ ဖော့၍ နင်းနေသော အသံများက ထိုအခန်းမှ တိုးတိုးပင် ပေါ်ထွက်နေ၏။ စံပယ်တို့ ငယ်ငယ်က လူကြီးသူမများ ပြောပြသည့် တစ္ဆေ ပုံဝတ္ထုများကို နားထောင်ရင်း ကြောက်နေမိခဲ့သလို ယခုလည်း ဖော့၍ ဖော့၍ နင်းနေသော တိတ်တခိုး ခြေသံများကို နားထောင်ရင်း စံပယ်သည် မျက်နှာတွင် ချွေးများ စို့လာ၏။

မြင်းစောင်းများရှိရာမှ ခွေးဟောင်သံ တစ်ချက် ပေါ်ထွက်လာသည်။ သည်တော့မှ တစ္ဆေ အခြောက်ခံနေရခြင်း မဟုတ်ကြောင်း သတိထားမိ၏။

ကြားနေရသည့် ခြေသံများမှာ တစ္ဆေ ခြောက်နေခြင်း မဟုတ်ဘဲ တကယ့် လူတစ်ယောက်ယောက်၏ လှုပ်ရှားမှုသာ ဖြစ်နိုင်သည်ဟု စဉ်းစားမိသည်။ ထို့ပြင် ဤခန်းမဆောင်ထဲသို့ လေစီးကြောင်း တစ်ခုခု တသုန်သုန် တိုးဝင်လာခြင်းမှာလည်း သက်ရှိ သတ္တဝါ တစ်ဦးဦး၏ လုပ်ဆောင်ချက်သာ ဖြစ်ရမည်ဟု တွက်မိသည်။

လေစိမ်း တိုးဝင်လာခြင်းသည် ပိတ်ထားသည့် အခန်းရှိ ပြတင်းပေါက် တစ်ခုခုကို တစ်စုံတစ်ဦးက ဖွင့်လိုက်ခြင်းကြောင့် ဖြစ်နိုင်သည်။

ဖွင့်လိုက်သော ပြတင်း တံခါးသည်လည်း အပြင်ဝင်း အုတ်ရိုးဘက်သို့ မျက်နှာမူနေသည့် ပြတင်း တံခါးသာ ဖြစ်ရမည်။

ငယ်စဉ်ကပင် သီချင်၊ မြင်ချင်၊ ကြားချင်တတ်သော အလေ့ရှိခဲ့သည့် စံပယ်က ပိတ်ထားသည့် အခန်းတွင် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို စုံစမ်းချင်စိတ် ပြင်းထန်လာ၏။

ခေါင်းအုံးအောက်တွင် ထားနေကျ မီးခတ်ကျောက်ကို ယူလိုက်ပြီးနောက် ဖယောင်းတိုင် တစ်တိုင်ကို မီးညှိလိုက်၏။ အိပ်ရာအနီးတွင် အသင့်ရှိနေသော ဘီးတပ်ထားသည့် ကုလားထိုင်ကိုလည်း အနားသို့ ကပ်လာအောင် ဆွဲယူလိုက်၏။ ပြီးမှ ဆယ့်ငါးနှစ်တိုင်တိုင် အကျင့်ရထားသည့်အတိုင်း အိပ်ရာပေါ်မှနေ၍ ကုလားထိုင်ပေါ်သို့ လက်နှစ်ဖက်ကို အားပြုကာ ပြောင်းထိုင်လိုက်၏။

စံပယ်၏ လှုပ်ရှားသံကြောင့် တစ်ဖက်ခန်းမှ ပေါ်ထွက်နေသည့် ခြေသံက ရုတ်တရက် ရပ်သွား၏။ တစ္ဆေခြောက်နေခြင်းသာ ဖြစ်လျှင် ဤအခန်းမှ လှုပ်ရှားလိုက်သဖြင့် တစ္ဆေက ကြောက်သွားစရာ မရှိ၊ လူဖြစ်နေသောကြောင့်သာ စံပယ့်ခန်းဆောင်မှ လှုပ်ရှားသံကြောင့် သူ၏ လှုပ်ရှားနေသော ခြေများကို ချက်ချင်း ရပ်ပစ်လိုက်ခြင်း ဖြစ်မည်။ စံပယ်၏ တွက်ကိန်းသည် သွေးထွက်အောင် မှန်နေပေပြီ။

စံပယ်သည် ဘီးတပ်ထားသည့် ကုလားထိုင်ပေါ်သို့ ရောက်လာပြီးနောက် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်၍ နေလိုက်သည်။ တစ်ဖက်အခန်းသို့ ကျူးကျော်ဝင်ရောက်နေသော ဒီဘက်ခန်းမှ ပြန်၍ အိပ်ပျော်သွားပြီဟု အထင်ရောက်စေရန် ဖြစ်၏။

ကွမ်းတစ်ရာခန့် ကြာသွားသည်။

အံဆွဲ တစ်ခုကို အလွန် ဖြည်းလေးညင်သာစွာ ဆွဲထုတ်လိုက်သည့် အသံကို ကြားရ၏။ စံပယ်သည် သူခိုးဥာဏ် အတိုင်းပင် ဘီးတပ်ထားသော ကုလားထိုင်ကို လက်နှစ်ဖက်ဖြင့် တွန်းကာ ဘယ်ဘက်ရှိ တံခါးပိတ်ထားသည့် အခန်းရှိရာသို့ အသံမကြားအောင် လိမ့်၍ လာခဲ့၏။

အထိန်းတော်ကြီး ဒေါ်မေတ္တာ ဖောက်ထားခဲ့သည့် အပေါက်နားသို့ အရောက်တွင် ရပ်တန့်လိုက်၏။ အခန်းထဲမှ အသံဗလံကို စောင့်၍ နားထောင်ရင်း ငြိမ်နေလိုက်၏။ ဖောက်ထားသည့် အပေါက်ငယ်ပေါ်တွင် တမင် ဖုံးထားခဲ့သည့် ပန်းချီကားမှာ စံပယ်၏ မျက်စိနှင့် တည့်တည့်ကြီး ရှိနေ၏။



စံပယ်သည် တွန်းညှိ ယူလာခဲ့သော မီးတိုင်ကို အသံမမြည်အောင် ငြိမ်သက်လိုက်သည်။ ပြီးမှ အခန်းထဲက လှုပ်ရှားမှုကို အကဲခတ်လိုက်သည်။

သူသည် အသက်ကိုပင် မရှူမိဘဲ အလွန် ငြင်သာစွာဖြင့် အပေါက်ချေပေါ်တွင် ဖုံးထားသည့် ပန်းချီကားချပ်ကို ခွာလိုက်သည့် အပေါက်ဝတွင် မျက်လုံးတစ်ဖက်ကို တေ့ကာ အထဲသို့ ကြည့်သည်။

အခန်းမှာ ဝိုးတဝါး အလင်းရောင်ဖြင့် အထင်အရှားလည်း မဟုတ်၊ မထင်မရှားလည်း မဟုတ်ဘဲ ရီဝေ အုံ့မှိုင်းလျက် ရှိသည်။ စားပွဲပေါ်တွင် ထွန်းညှိထားသော တစ်တိုင်တည်းသာရှိသည့် ဖယောင်းတိုင်အားကြောင့် အခန်းတွင်းတွင် မှုံရီ ဝိုးတဝါး ရှိနေကြခြင်း ဖြစ်သည်။

ကြည့်နေရင်းကပင် အကျင့်ရလာပြီ ဖြစ်သော စံပယ်၏ မျက်စိက အခန်းထဲတွင် ရှိသည့်အရာများကို ထင်ထင်ရှားရှား မြင်လာသည်။ ဖောက်ထားသည့် အပေါက်သည် မျက်လုံးတစ်လုံးစာမျှသာ ကျယ်သည်ဖြစ်ရာ စံပယ်သည် ရှေ့တည့်တည့်တွင် ရှိသော အရာများကိုသာ မြင်နေရသည်။ ဝဲကိုသော်လည်းကောင်း၊ ယာကိုသော်လည်းကောင်း မမြင်ရ၊ မီးတိုင်ထွန်းထားသည့် စားပွဲမှာမူ စံပယ့် မျက်စိနှင့် တည့်တည့်နေရာတွင် ရှိနေခဲ့သည်။

စားပွဲပေါ်တွင် မည်သည့် ပစ္စည်းမှ တင်ထားခြင်း မရှိ၊ သို့သော် စားပွဲတွင် လူတစ်ယောက် ထိုင်နေသည်။ စံပယ် ရှိရာဘက်သို့ ကျောပေးလျက် ထိုင်နေသောကြောင့် မျက်နှာကို မမြင်ရ၊ ဝတ်စားထားပုံကို ကြည့်ခြင်းအားဖြင့် ခရီးပြင်း သွားရာမှ ရောက်ရှိလာခြင်း ဖြစ်သည်ဟု ခန့်မှန်းနိုင်သည်။ ထိုသူ၏ လက်တွင် ကညစ်တစ်ချောင်းကို ကိုင်ထားပြီး ထိုကညစ်ဖြင့် ပေရွက်ပေါ်တွင် ရေးလိုက်၊ စားပွဲပေါ်တွင် ရှိနေသော အခြား ပေစာထုတ်များကို ကြည့်လိုက်ဖြင့် လုပ်နေသည်။

စံပယ် မြင်နေရသည်မှာ ဝိညာဉ်လောကမှ တစ္ဆေ သူရဲ မဟုတ်ဘဲ ပကတိ သွေးနှင့်သားနှင့် လူတစ်ယောက် ဖြစ်နေသည်။ ဤအခန်းတွင်းသို့ ဝင်ရောက်ကျူးကျော်လာသူက စားပွဲတွင် ထိုင်ကာ ရေးမှတ်နေပုံမှာ ပိုင်စိုးပိုင်နင်း ရှိလှသည်။ စာရေးတော်ကြီး တစ်ဦးက လွှတ်ရုံးသို့ တက်၍ စာရေးနေသကဲ့သို့။

အခန်းတွင်းမှ လူသည် ရေးမှတ်ပြီးသွားဟန် ရှိသည်။ စားပွဲပေါ်တွင် ပြန့်ကြဲနေသည့် ပေစာထုတ်များကို ကောက်ယူ သိမ်းဆည်းနေသည်။ ပြီးမှ နံရံတွင် ကပ်လျက် ပြုလုပ်ထားသည့် ဗီရို ရှိရာသို့ သွားကာ အံဆွဲတစ်ခုကို ညင်သာစွာ ဆွဲဖွင့်လိုက်သည်။ စောစောက ကြားလိုက်ရသည့် အံဆွဲ ဖွင့်သံမျိုးကိုပင် ထပ်၍ ကြားရခြင်း ဖြစ်သည်။

အခန်းထဲတွင်ရှိသော မီးကောင် မလင်းတလင်း ရှိနေပြီး အခန်းထဲမှ လူကလည်း စံပယ့်အား ကျောပေးထားသည်ဖြစ်ရာ စံပယ်သည် ထိုလူ ဝတ်ထားသည့် ကြက်သွေးရောင်အင်္ကျီနှင့် ခေါင်းတွင် ပေါင်းထားသည့် ကြက်သွေးရောင် ခေါင်းပေါင်းကိုသာ အမှတ်အသား ပြုထားလိုက်နိုင်သည်။

အခန်းထဲမှ လူသည် စားပွဲပေါ်တွင် ထွန်းထားသော မီးတိုင်ကို ယူကာ အခန်း၏ တစ်ဖက်အစွန်းသို့ ခြေကို ဖော့နင်းလျက် လျှောက်သွားသည်။ ထို့ကြောင့် သူ့ကို စံပယ်က ဆက်လက် မမြင်နိုင်တော့။

ခြေသံက ပျောက်ကွယ်သွားသည့်နည်းတူ အခန်းထဲမှ ဝိုးတဝါး မီးရောင်ကလည်း ပျောက်ကွယ်သွားသည်။

စံပယ်က အပေါက်မှမခွာဘဲ မျက်စိကိုဖွင့် နားကို စွင့်ထား၏။ ကွမ်းတစ်ရာ ညက်ခန့် ကြာသွားသည်။ မည်သည့် အသံဗလံမှ ထွက်မလာ။

ပိတ်ထားသည့် အခန်းတံခါးအောက်မှ စံပယ်၏ အခန်းဆီသို့ တိုးဝင်လျက် ရှိရာသည့် လေစီးကြောင်းသည် ရုတ်တရက် ရပ်သွားသည်။ လေစီးကြောင်းက ရုတ်တရက် ရပ်သွားသည့်တိုင်အောင် ထိုပိတ်ထားသည့် အခန်းထဲမှ ပြတင်းတံခါး ပိတ်သံကိုကား လုံးဝ မကြားရ၊ ပြတင်းတံခါးကို ပိတ်လိုက်ခြင်း မရှိဘဲ ဇာ့ကြောင့် တိုးဝင်နေသော လေစီးကြောင်းသည် လုံးဝ ရပ်တန့်သွားရပါသနည်း။

စံပယ်သည် ဘီးတပ်ထားသည့် ကုလားထိုင်တွင် ထိုင်နေရာမှ ကိုယ်ကို ရှေ့သို့ကုန်းကာ ပိတ်ထားသည့် အခန်းတံခါး၏ အောက်ခြေကို လက်ဖြင့် စမ်းကြည့်သည်။

ကြမ်းပြင်နှင့် တံခါးအောက်ခြေက နှစ်လက်မခန့် ကွာဟနေသည့် အကြားမှ လေစီးကြောင်းသည် တိုးဝင်လာခြင်း အလျဉ်းပင် မရှိ။

ဤအတိုင်းဆိုလျှင် တံခါးအောက်ခြေမှ တိုးဝင်လာသော လေစီးကြောင်းသည် ပိတ်ထားသည့် အခန်းထဲမှ ပြတင်းပေါက် တစ်ပေါက်ကို ဖွင့်ထားခြင်းကြောင့် တိုးဝင်လာသော လေမဟုတ်ကြောင်း ထင်ရှားလာသည်။

အခန်းထဲသို့ ကျူးကျော် ဝင်ရောက်လာသူသည် အခန်းထဲမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် လေစီမ်းတိုးဝင်ရာ အပေါက်ကိုလည်း တစ်ပြိုင်တည်းပင် ပိတ်၍ သွားဟန် တူသည်။

ကျူးကျော်လာသူသည် ပိတ်ထားသော အခန်းထဲသို့ ဝင်လာသည့် အပေါက်မှပင် ပြန်၍ ထွက်သွားခဲ့ခြင်းသာ ဖြစ်ရမည်။ ယခု စံပယ် ရှိနေသော တံခါးမှ ဝင်လာ ခြင်း၊ ထွက်သွားခြင်း အလျဉ်းမဟုတ်၊ ဤအခန်းသို့ ဝင်နိုင် ထွက်နိုင်သည့် အခြား တံခါးတစ်ပေါက် ရှိဟန် တူသည်။



ဤသို့ဆိုလျှင် ထိုသို့ ဝင်နိုင် ထွက်နိုင်သော အပေါက်သည် မည်သည့် နေရာတွင် ရှိပါလေသနည်း။

ဤအချက်ကို စဉ်းစားရင်း စံပယ်သည် မိမိ အိပ်ခန်းဆီသို့ ဘီးနှစ်ဖက်ကို တွန်းကာ ပြန်လာခဲ့၏။ မီးခတ်ကျောက်ကို ထားပစ်ခဲ့သောကြောင့် မှောင်ကြီး မည်းမည်းတွင် စမ်း၍ လာခဲ့ရသည်။ အခန်းသို့ အရောက်တွင် စားပွဲတစ်လုံးနှင့် ဝင်တိုက်မိရသည်။ အအိပ်ဆတ်သော ဒေါ်မေတ္တာသည် စံပယ့်အနီးသို့ မီးတိုင် တစ်တိုင်ဖြင့် ရောက်လာပြီး မြည်တွန် တောက်တီး ပြု၏။

‘ယလောက် မှောင်ကြီး မည်းထဲမှာ ဇာဖြစ်လို့ ခန်းဆောင်ကို ခရီး လှည့်ရတာလဲ’

အထိန်းတော်ကြီးသည် တပျစ်တောက်တောက် ပြောရင်း စံပယ်ကို ကုလားထိုင်ပေါ်မှ ပွေ့ချီကာ အိပ်ရာပေါ်သို့ တင်လိုက်၏။

‘အိပ်မက် မက်ပြီး ထလားမိစွာရာ’

စံပယ်က မုသား သုံးလိုက်၏။

‘ဝင်းခြံထဲက ခြေသံ ကြားသလားလို့ အသူများလဲ ကြည့်လိုက်စမ်းပါဦး’

ဒေါ်မေတ္တာက ပြတင်းတံခါးတွင် ကာထားသည့် လိုက်ကာကို ဖယ်ကာ ဝင်းခြံထဲသို့ ကြည့်သည်။

‘ဇာတစ်ခုမှ မရှိဘူး၊ ခွေးတစ်ကောင် ကြောင်တမြီးတောင် မရှိဘူး’

‘စံပယ့်ကို ကယောင်ကတမ်းတိ တစ်ခုပြီး တစ်ခု ပြောနေနီရေလို့ မထင်နဲ့နော်၊ တစ်ဆိတ် မီးတိုင်တစ်တိုင် ယူပြီး ဘယ်ဘက်က ပိတ်ထားတဲ့ အခန်းစကြံမှာ တံခါး ပိတ်ရက် ရှိမရှိ ကြည့်ပေးပါဦး’

‘ညကြီးသန်းခေါင် လူကို ဝက်ဘာ ပတ်ခိုင်းနေတာပဲ၊ မအိပ်ခင်က ကြေးမုံ ကြည့်ပီးကေ စိတ်ကူးနဲ့ ရှုးလိုက်နီစွာကလည်း အခု တစ်ရေးနိုးကျတော့လည်း ရှုးနေတုန်းပဲလား’

အထိန်းတော်ကြီးသည် ရှုရှုဆောင့်ဆောင့်ဖြင့် ထွက်သွားပြီးနောက် ခဏ အကြာတွင် ပြန်ရောက်လာသည်။

‘တံခါးက သော့တန်းလန်းနဲ့ ပိတ်ရက်ပဲ ဖုန်တွေတောင် တက်နီသိရေ (နေသေးတယ်)’

‘စံပယ်က ပိတ်ထားရေ အခန်းတံခါးကို တစ်ယောက်ယောက် ဖွင့်တယ် ထင်လို့’

ဒေါ်မေတ္တာသည် စံပယ်ကို မျက်စောင်းထိုးလိုက်သည်။

'သွေးကလေးဘာလေး ငြိမ်အောင် သွေးဆေး တစ်ခွက်လောက် သောက်လိုက်ပါလား'

စံပယ် ပြုံးလျက် အဖြေမပေးဘဲ အိပ်ရာထဲတွင် လှဲအိပ်လိုက်သည်။ ဒေါ်မေတ္တာသည် စံပယ့်ကို စောင်ပါးပါးတစ်ထည် ခြုံပေးပြီးနောက် ၎င်းအိပ်ခန်းရှိရာသို့ ထွက်ခွာသွားသည်။

လူက အိပ်ရာထဲသို့ ရောက်နေသော်လည်း စိတ်ကမူ ပိတ်ထားသည့် အခန်းထဲတွင်သာ ကျန်နေခဲ့၏။ ဤအခန်းနှင့် ဆက်စပ်ကာ လင်းသာဂေဟာကြီးတစ်ခုလုံး၏ တည်ဆောက်ထားပုံ အသွင်ကိုပါ စိတ်ဖြင့် ကြည့်ရှုနေမိသည်။

လင်းသာ ဂေဟာသည် အလွန်ကျယ်ဝန်းလှသည့် ဝင်းခြံကြီးထဲတွင် စတုရန်းပုံကျကျ ဆောက်လုပ်ထားသည်။

အထဲတွင် အဆောက်အအုံတို့ အဆောင်ဆောင် အမြောင်မြောင် ရှိနေသော်လည်း လေးထောင့်ပုံပျက်အောင် ဆွယ်ထားသည့် အဆောင် ဟူ၍ မရှိ။

သို့သော် ဂေဟာကြီး၏ အနောက်မြောက်ထောင့်၌မူ အိမ်မကြီးမှနေ၍ ဆွယ်ထားသည့် အဆောင်တစ်ခု ရှိသည်။ ဆွယ်ထားသည့် အဆောင်သည် မျှော်စင်ပုံသဏ္ဍာန်မျိုး ဖြစ်၏။

လင်းသာ ဂေဟာကြီး တစ်ခုလုံးသည် စတုရန်းပုံ လေးထောင့်ကွက်ကျကျ ရှိနေရာမှ အနောက်မြောက်ထောင့်သို့ အရောက်တွင်မှ လေးထောင့်ကွက်သည် ဆွယ်ထားသည့် အဆောင်ကြောင့် ပုံစံပျက်သွားရသည်။

ဤဂေဟာကြီးကို ဆောက်လုပ်စဉ်ကပင် ဤဆွယ်ထားသော အဆောင်ကို အထူးတလည် ပြုလုပ်ထားခဲ့ရခြင်း ဖြစ်သည်ဟု တွေးမိ၏။ စံပယ်၏ အခန်းဆောင် ဘယ်ဘက်တွင် ရှိသော အခန်းသည် ဝက်ရူးပြန်ရောဂါ ရှိသည့် လင်းသာမောင်မောင်အား ထားခဲ့သည့် အခန်း ဖြစ်သည်ဟုဆိုရာ ဂေဟာကြီး၏ အနောက်မြောက်ထောင့်တွင် ဆွယ်ထားသည့် မျှော်စင်ပုံသဏ္ဍာန် အဆောင်မှာလည်း လင်းသာမောင်အောင်အတွက် အထူးတလည် ဆွယ်ထားခဲ့သည့် အဆောင် မဖြစ်နိုင်ပေဘူးလား။

လင်းသာမောင်အောင်အား ဝက်ရူးပြန်ရောဂါကြောင့် အခြားသူများ မမြင်မတွေ့အောင် ထိန်းသိမ်း ထားရှိခဲ့သည်ဟုဆိုရာ ဂေဟာကြီး၏ အနောက်မြောက်ထောင့်တွင် ရှိနေသည့် အဆောင်သည်လည်း လင်းသာမောင်အောင်အတွက်ပင် ဆောက်လုပ်ထားသည့် အဆောင် ဖြစ်ရပေမည်။ ဤသို့ ဖြစ်လျှင် ဘယ်ဘက်တွင် ရှိသည့် အခန်းနှင့် အနောက်မြောက်ထောင့်တွင် ဘယ်ဘက်တွင် ရှိသည့် အခန်းနှင့် အနောက်မြောက်ထောင့်တွင် ရှိသည့် ဆွယ်ထားသည့် အဆောင်ကြား၌ ဆက်သွယ်



ထားသည့် လမ်းတစ်လမ်း ရှိရပေမည်။ ထို့ကြောင့်ပင်လျှင် ယခုည၌ ဘယ်ဘက်အခန်းသို့ ကျူးကျော်လာသူသည် ပိတ်ထားသည့် အခန်းတံခါးကို မဖွင့်ဘဲ အခန်းထဲသို့ ရောက်ရှိလာနိုင်ခဲ့ပေမည်။

လင်းသာမောင်အောင်သည် ဘယ်ဘက်ရှိ အခန်းနှင့် အနောက်မြောက်ဘက်ရှိ ဆွယ်ထားသည့် အဆောင်ကို ကူးချည်သန်းချည် လုပ်နေခဲ့မည်မှာ အမှန်ပင် ဖြစ်သည်။

ဤသို့ လုပ်ရာ၌ အခြားသူများ မြင်တွေ့ရခြင်း မရှိအောင် မည်သည့်လမ်းကို အသုံးပြုပါမည်နည်း။ လျှို့ဝှက်လမ်းကိုသာ အသုံးပြုရပေမည်။

လျှို့ဝှက်လမ်း ဆိုသည်မှာလည်း မျှော်စင်ကဲ့သို့ မြင့်အောင် ဆောက်လုပ်ထားသည့် အနောက်မြောက်ထောင့်ရှိ အဆောင်တွင် လျှို့ဝှက် လှေကားတစ်ခု ရှိနေမှသာ လျှို့ဝှက်လမ်းက ရှိနေနိုင်မည် ဖြစ်သည်။

ဤလျှို့ဝှက်လမ်းဖြင့်ပင် ယခုည ကျူးကျော်လာသူသည် ဝင်ရောက်လာခဲ့ခြင်း ဖြစ်ရမည်။ မည်သည့်အတွက် ဝင်ရောက်လာသည်၊ မည်သူ ဖြစ်သည်၊ ဆိုသည်ကို ထပ်မံ ရှာဖွေရဦးမည်ဟု စံပယ်က တွေးနေ၏။

ဂေဟာ နောက်ဘက်ဆီမှ လင်းကြက်တွန်သံ ပေါ်ထွက်လာပေပြီ။

*

## (၈)

နောက်တစ်နေ့ နံနက်တွင် မိုးရွာနေသောကြောင့် စံပယ်သည် ခြံထဲသို့ ဆင်း၍ လေညင်းမခံနိုင်။

သို့ရာတွင် ဆွမ်းခံပြန်ချိန်လောက်တွင် မိုးစဲသွားသောကြောင့် ခြံစောင်တစ်ထည်ကို ကိုယ်တွင် ပတ်ကာ ခြံတွင်းသို့ ဆင်းလာခဲ့သည်။ ဘီးတပ်ကုလားထိုင်ကို တွန်းပေးနေကြ ကိုသော်ကသည် ဘဏ္ဍာစိုးကြီး ဦးမောင်ရွှေရိုးနှင့်အတူ လယ်တောသို့ သွား၍ ဖခင်ကိုယ်စား စီမံ ပြုလုပ်နေရသောကြောင့် မြသန္တာအား အဖော်အဖြစ် ခေါ်လာခဲ့ရ၏။

ညကပင် လင်းသာ ဂေဟာကြီး၏ လျှို့ဝှက်ချက်ကို စုံစမ်းရန် စိတ်ပိုင်းဖြတ်ထားသည့်အတိုင်း မြသန္တာအား ဘီးတပ် ကုလားထိုင်ကို အပြင်ဝင်း အုတ်ရိုးသို့ ရောက်အောင် တွန်းခဲ့စေ၏။ ဤနေရာမှ နေ၍ လင်းသာဂေဟာကြီး တည်ရှိနေပုံကို မြသန္တာ မရိပ်မိအောင် လေ့လာမိသည်။

စံပယ် ညက တွေးထင်ခဲ့သည့် အတိုင်းပင် လင်းသာ ဂေဟာ၏ အနောက်မြောက်ထောင့်၌ မျှော်စင်ကဲ့သို့ ဆွယ်ထားသည့် အဆောင် ရှိနေသည်။ ထိုအဆောင်သည် စံပယ်၏ ခန်းဆောင် ဘယ်ဘက်တွင် ရှိနေသည့် ပိတ်ထားသော အခန်းနှင့် ကျောချင်းဆိုင်လျက် တည်နေသည်ကို တွေ့ရ၏။ အနောက်မြောက်ထောင့်ရှိ မျှော်စင်ကဲ့သို့ ဆွယ်ထားသော အဆောင်သည် အနံ့အားဖြင့် ဆယ်ပေလောက်သာ ရှိမည်ဟု ခန့်မှန်းရ၏။ အဆောင်၏ မျက်နှာ တစ်ဖက်ကို အုတ်ချပ်များ သင်္ဘာန် ပြုလုပ်ထားသည့် ကျောက်တုံးများဖြင့် တည်ဆောက်ထားပြီး အတွင်းတွင် အခေါင်း ရှိနေလျှင် ထိုအခေါင်း၌ လှေကားတစ်ခု တပ်ဆင်ထားနိုင်မည် ဖြစ်သည်။



စံပယ်သည် မြသန္တာအား ကုလားထိုင်ကို အနောက်မြောက်ထောင့်ရှိ ဆွယ်ထားသည့် အဆောင်ခြေရင်းသို့ ရောက်အောင် အတွန်းခိုင်းလိုက်သည်။ အဝေးမှ လေ့လာပြီးနောက် အနီးကပ် လေ့လာလို၍ ဖြစ်သည်။

မျှော်စင်ကဲ့သို့ ဆွယ်ထားသည့် အဆောင်၏ မျက်နှာစာသည် ကျောက်အုတ်များဖြင့် အခိုင်အမာ တည်ဆောက်ထားသည်။ စံပယ်၏ မှန်းဆချက်သာ မှန်မည်ဆိုပါက ဤအဆောင် အတွင်းပိုင်း၌ မြေအောက်သို့ ဆင်းနိုင်သော လှေကားတစ်ခု ရှိရမည်။ ထိုလှေကားသည် လင်းသာဂေဟာကြီး၏ အုတ်မြစ် အခြေခံပိုင်းကိုပင် ကျော်လွန်ကာ မြေအောက်သို့ ဆင်းသွားပြီးနောက် ထိုလှေကားနှင့် ဆက်လျက် အပြင်ဘက်သို့ ရောက်နိုင်သည့် ဥမင်လှိုဏ်ခေါင်းပင် ရှိနိုင်သေးသည်။

လင်းသာဂေဟာကြီး၏ ဧည့်ခန်းဆောင်တွင် လင်းသာမောင်အောင်၏ ပုံတူကားချပ်ကို ချိတ်ဆွဲထားခြင်း မရှိသည်မှာလည်း လင်းသာမောင်အောင်သည် ပုံတူအဆွဲခံနိုင်လောက်အောင် ကျန်းမာရေး အခြေအနေက ခွင့်ပြုခြင်း မရှိသောကြောင့်ဟု တွက်ဆမိသည်။ သို့ဖြစ်၍လည်း လင်းသာမောင်အောင်အား အခြားသူများ မမြင် မတွေ့နိုင်စေရန် ဖခင်ဖြစ်သူက စံပယ်၏ ခန်းဆောင် ဘယ်ဘက်ရှိ အခန်းတွင် လည်းကောင်း၊ ဤဆွယ်ထားသော အဆောင်၌ လည်းကောင်း၊ လျှို့ဝှက်၍ ထားခြင်း ဖြစ်နိုင်သည်ဟု ခန့်မှန်းရ၏။

စံပယ်သည် မြသန္တာအား ကုလားထိုင်ကို ဘဏ္ဍာစိုးကြီး ဦးမောင်ရွှေရိုး၏ အိမ်ရှိရာဘက်မှ တစ်ပတ်လှည့်ကာ အတွန်းခိုင်းသည်။ ယုန်ကလေးများ မွေးမြူထားသည့် နေရာကို ကွေ့ကောက် ဖြတ်ကျော်လျက် လာခဲ့ကြသောအခါ မြက်ခင်းပြင် အလွန်တွင် တည်ရှိနေသည့် ဘဏ္ဍာစိုးကြီး၏ အိမ်ရှေ့သို့ ရောက်လာသည်။

ဘဏ္ဍာစိုးကြီး၏ မိန်းမကို အိမ်ရှေ့ တံခါးတွင် ရပ်လျက် တွေ့ရ၏။ မိန်းမကြီးက သဘောကောင်းသလောက် ဖော်ရွေလှသည်။ စံပယ်နှင့် မြသန္တာတို့အား နွားနို့ပူပူ တစ်ခွက်စီ သောက်သွားပါဟု လောကွတ်ပြုရင်း မီးဖိုဆောင်သို့ နွားနို့ ယူရန် ဝင်သွားသည်။

စံပယ်တို့ နှစ်ယောက်က အိမ်အခြေအနေကို လှည့်ပတ် ကြည့်ရှုနေကြ၏။

ဤသို့ ကြည့်ရှုရင်း အိမ်ရှေ့ တံခါးဘောင်တွင် ချိတ်ဆွဲထားသည့် သော့တွဲကြီးတစ်တွဲကို နှစ်ယောက်သား မြင်မိကြသည်။

'ဘဏ္ဍာစိုးကြီးက ထောင်မှူးကြီး ပိုင်ဗျယ် (ကျနေဒါပဲ) ယက်ပြတ် (အမြဲတမ်း) ယင်းသော့တွဲကြီးကို ခါးမှာ တန်းလန်း တန်းလန်းနဲ့ ယက်ပြတ်ချိန်လို့ မြသန္တာရဲ့ အခင်နဲ့ ဘဏ္ဍာစိုးကြီးဆီမှာ လင်းသာ ဂေဟာကြီး တစ်ခုလုံးရဲ့ သော့

ခလောက် အားလုံးအတွက် တစ်ယောက်မှာ သော့တစ်ချောင်းစီ ရှိကြတယ်လို့ ကိုသော်ကက ပြောဖူးတယ် ထွီးထွီးရဲ့'

'ယင်းပိုင်ဆိုကေ ... ဦးမောင်ရွှေရိုးက ဘဏ္ဍာစိုး အလုပ် လုပ်ခဲ့တာ အေအိမ်မှာ တော်တော် ကြာခဲ့ပြီပေါ့'

'ဟုတ်တယ် ထွီးထွီးရဲ့၊ ဒီဂေဟာကြီး ဆောက်ပြီးကတည်းကပဲ၊ ဒီဂေဟာကြီးမှာ ဘဏ္ဍာစိုးကြီး မသိတဲ့ နေရာဆိုလို့ တစ်နေရာမှ မရှိဘူး'

မြသန္တာ၏ စကားကြောင့် စံပယ်သည် ပို၍ အားတက်လာသည်။ ညက စံပယ်၏ တွက်ကိန်းအတိုင်း ဤဂေဟာကြီးတွင် လျှို့ဝှက် မြေအောက် အခန်း တစ်ခန်းနှင့် လမ်းတစ်လမ်း ရှိမည်ကို ဘဏ္ဍာစိုးကြီးလည်း သိထားမည်မှာ ဧကန် ဖြစ်ပေလိမ့်မည်။

မြသန္တာသည် သော့တွဲကြီး ချိတ်ထားရာသို့ သွားကာ သော့များကို ကိုင်တွယ် ကြည့်ရှုနေသည်။ ဤသို့ ကြည့်ရှုရင်းမှ ...

'အေမှာ ... အေမှာ လေသာဆောင်လို့ တံဆိပ်နှိပ်ထားတဲ့ သော့တစ်ချောင်း' ဟု စံပယ့်အား လှမ်းပြောလိုက်သည်။

မြသန္တာသည် ပြောပြောဆိုဆို သော့တွဲကြီးမှ လေသာဆောင်ဟု တံဆိပ်နှိပ်ထားသည့် သော့တစ်ချောင်းကို ဖြုတ်ယူလာပြီး စံပယ်၏ မျက်နှာနားတွင် ဝဲ၍ ဝဲ၍ ပြနေသည်။ ဤအခိုက်တွင်ပင် အခန်းထဲမှ ထွက်လာသော ခြေသံကို ကြားလိုက်ရသဖြင့် မြသန္တာက လက်ထဲတွင် ကိုင်ထားသော သော့ကို ရင်စည်းထဲသို့ ကမန်းကတန်း ထည့်လိုက်သည်။

ဘဏ္ဍာစိုးကတော်ကြီး ယူလာခဲ့သည့် နွားနို့ကို စံပယ်တို့ နှစ်ယောက်က ဟန်မပျက် သောက်ကြပြီးနောက် ထိုနေရာမှ ထွက်လာခဲ့သည်။

'လေညင်းခံဖို့ တို့တံတားမြင့်ပေါ်ကို လားဖို့လား'

စံပယ်သည် မြသန္တာကို ပရိယာယ်ဖြင့် ပြောခြင်း ဖြစ်၏။ တံတားမြင့်၏ ဟိုမှာဘက် အဆုံးတွင် လေသာဆောင်က ရှိနေခဲ့၍ ဖြစ်သည်။

'ငရို့ အေသော့ကြီးကို ယူလာကြပြီပဲ၊ ဓာပိုင်လုပ်ပြီး သော့တွဲထဲမှာ ပြန်ထားဖို့လဲ'

'ပူရန်ကော ထွီးထွီးရယ်၊ မြသန္တာက ဒီသော့ကို ကိုသော်က လက်ထဲ အပ်လိုက်မယ်၊ ပြီးတော့ ကိုသော်ကက ယုတ္တိရှိအောင် တစ်ခုခု ပြောပြီး ဒီသော့ကို ပြန်ပေးလိုက်မှာပေါ့'



မြသန္တာသည် အချေ တစ်ယောက်ပိုင် (ကလေးငယ်ကဲ့သို့) ရယ်မော၍ ပေါ့ပေါ့ပင် ပြောသည်။ တစ်ဆက်တည်းပင် စံပယ်ကို အကဲခတ်သလို လှည့်ကြည့်၏။

'ဒီသော့ကြီး လက်ထဲ ရောက်လာမှတော့ အသုံးချကြည့်လိုက်ရအောင် ထွီးထွီး'

မြသန္တာ၏ စကားကို စံပယ်က ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း မပြုဘဲ ကုလားထိုင်ပေါ်တွင် ငြိမ်နေခဲ့သည်။

တံတားမြင့်သည် မြေကြီးမှ ဆယ်ပေခန့် အမြင့်၌ ဆောက်လုပ်ထားသည် ဖြစ်ရာ လင်းသာချိုင်ကို ကောင်းစွာ မြင်နိုင်သည်။ လင်းသာဂေဟာသည် တောင်ကုန်း ပေါ်တွင် ဆောက်လုပ်ထားသည် မှန်စေကာမူ တောင်ကုန်း၏ မျက်နှာပြင် အနေ အထားသည် ပန်းကန်ပြား တစ်ချပ်ကဲ့သို့ အတွင်းသို့ နိမ့်ဝင်နေသည်ကို တွေ့ရသည်။ စံပယ်က ဤသို့ တွေ့ရှိရချက်ကို မြသန္တာအား ပြောပြလိုက်သည်။

'ဟုတ်တေ လင်းသာဂေဟာကို ပင်လယ်ဘက်က ကြည့်ကေ မမြင်ရအောင် တမင် ဆောက်ထားတာတဲ့၊ ကိုသော်ကတို့ အဘိုး လက်ထက်မှာ ပင်လယ် ဓားပြတွေ သိပ်ပြီး သောင်းကျန်းတယ်လို့ ကိုသော်ကက ပြောပြဖူးတယ်၊ ဒါပေမဲ့ ကိုသော်ကတို့ အဘိုး ကိုယ်တိုင်ကလည်း ပင်လယ် ဓားပြကြီး တစ်ယောက် ဖြစ်ခဲ့ဖူးတယ်တဲ့၊ အဘိုးရှိစဉ်တုန်းက တစ်ကျွန်း ဖြစ်ခါသာပိတ်အုပ်တဲ့၊ သက္ကလတ် တဲ့၊ ကတ္တီပါတဲ့ ရွှေစ ရွှေခဲတိကို ကုန်သည် သင်္ဘောတွေဆီက တိုက်ခိုက်လုယူပြီး ဒီဂေဟာကြီးဆီကို သယ်ယူလာပြီး ဖွက်ထားတယ်တဲ့'

မြသန္တာထံမှ ကြားရသည့် စကားအတိုင်းဆိုလျှင် လုယက် တိုက်ခိုက်၍ ရသည့် ပစ္စည်းများကို သိုဝှက်ထားရန်အတွက် လျှို့ဝှက်သည့် အခန်းတစ်ခန်း ရှိနေပေမည်။ ထိုအခန်းမှနေ၍ ပင်လယ်ဘက်သို့ ရောက်နိုင်သည့် လျှို့ဝှက်လှိုဏ်ခေါင်း တစ်ခုသည်လည်း ရှိနေဦးမည်မှာ တွေးချင်စရာ ဖြစ်သည်။

မြသန္တာ၏ စကားကို နားထောင်ရင်း စံပယ်တို့ နှစ်ယောက်သည် လေသာဆောင် တံခါးဝသို့ ရောက်လာခဲ့ကြသည်။ မြသန္တာသည် ရှေ့နောက် ဝဲယာသို့ တစ်ချက်မျှ သမင်လည်ပြန် ကြည့်လိုက်ပြီးနောက် သော့ခလောက်ကြီးတွင် သော့ကို ထည့်ကာ လှည့်လိုက်သည်။

'အေလေသာဆောင်ထဲမှာက စိတ်ဝင်စားစရာ ဆိုလို့ ဓာတစ်ခုလည်း မရှိပါဘူး၊ ဖုန်တက်နေတဲ့ ပေစာထုပ်တွေပဲရှိတာ၊ မြသန္တာရဲ့ ယောက္ခမကြီးနဲ့ တစ်ခါ

နှစ်ခါလောက် အဆောင်ထဲကို ဝင်လိုက်ဖူးတယ်၊ ပြတင်းပေါက်တွေကနေပြီး ကြည့်ရင်တော့ အင်မတန်ကောင်းတဲ့ ရှုမျှော်ခင်းတွေကို မြင်ရရဲ့"

ဤသို့ပြောရင်း ဖွင့်ထားသည့် တံခါးဝဆီသို့ စံပယ် ထိုင်နေသည့် ကုလားထိုင်ကို မြသန္တာက လေသာဆောင်အတွင်းသို့ တွန်းသွင်းလိုက်သည်။

လေသာဆောင် အတွင်းတွင် မြသန္တာ ပြောသကဲ့သို့ပင် ဖုန်တက်နေသည့် ပေစာထုပ်များကို တွေ့ရသည်။ ပြတင်းပေါက်များမှ ကြည့်လိုက်လျှင်မူ ပဇောက်သဏ္ဌာန်ရှိသည့် လင်းသာချိုင့် ရှုခင်းအလှကို တွေ့ရသည်။ လင်းသာဂေဟာကြီး ရှိရာသို့ အရှေ့ဘက်မှ မြင်းနှင့်ဖြစ်စေ၊ ခြေလျင်ဖြစ်စေ ချဉ်းကပ်လာသူ မှန်သမျှကို လှမ်း၍ တွေ့မြင်နိုင်မည် ဖြစ်သည်။ ထိုနည်းအတူ သင်္ဘောဖြင့် ချဉ်းကပ်လာသူကိုလည်း ဝေးဝေးကပင် လှမ်း၍ မြင်နိုင်သည်။ ကိုသော်ကတို့၏ ဖိုးအေဖြစ်သူသည် ဤလင်းသာ ဂေဟာကြီးကို တည်ဆောက်ရာ၌ အကြံပိုင်ပိုင်ဖြင့် ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်လေသည်။

လေသာဆောင်အတွင်းရှိ ကြမ်းပြင်ကို အခန်းထောင့် တစ်နေရာမှလွဲ၍ ကော်ဇောများ ခင်းထားသည်။ ကော်ဇော ခင်းမထားနိုင်သည့် အခန်းထောင့်တွင် စံပယ်၏ ခဲအိုတော်သူ လင်းသာမောင်မောင် ရေးမှတ် အသုံးပြုဟန်တူသော စားပွဲတစ်လုံး ရှိနေသည်။ စားပွဲအောက်ဘက်တွင် ခြေတင်၍ ထားနိုင်ရန်အတွက် ကြိမ်ဖြင့်ရက်လုပ်ထားသည့် အခင်းတစ်ခု ချထားသည်။ စားပွဲပေါ်ရှိ ပေစာထုပ်များမှာ သူ့အကန့်နှင့်သူ အစီအရီ ရှိနေကြသည်။

မြသန္တာက စံပယ့်အား လေသာဆောင်ထဲတွင် ထားပစ်ခဲ့ပြီး တံတားမြင့်ရှိရာဘက်သို့ မျက်နှာမူကာ လေသာဆောင်ဘက်သို့ လူသူလေးပါး လာမလာ စောင့်ကြည့်ပေးသည်။

ပေစာထုပ်များကို လှန်လှော ရှာဖွေကြည့်သောအခါ ကိုသော်ကတို့၏ အဘိုးဖြစ်သူအား ဒွါရာဝတီမြို့ပေါ်ရှိ လူကြီး လူကောင်း တစ်ဦးက ဓားပြတိုက်ခြင်းဖြင့် အသက်မွေးသည့်အတွက် အရေးယူပါရန် လွှတ်ရုံးသို့ တိုင်ကြားသည့် မိတ္တူလျှောက်လွှာတစ်ခုကို တွေ့ရသည်။ ထို့ပြင် သားကြီးဖြစ်သူ လင်းသာမောင်အောင်အား သားငယ်ဖြစ်သူ လင်းသာမောင်မောင်က တစ်သက်လုံး စောင့်ရှောက်သွားစေရန် ပန်ကြားထားသည့် စာကိုလည်း တွေ့ရသည်။

စာကိုဖတ်၍ မဆုံးသေးမီ အဆောင်တွင်းသို့ လှည့်ဝင်လာသည့် မြသန္တာ၏ ခြေသံကို ကြားလိုက်ရသောကြောင့် စံပယ်သည် ထိုင်နေသည့် ကုလားထိုင်ကို စားပွဲရှေ့မှ အလျင်စလို ရွှေ့လိုက်သည်။



ဤသို့ အရွှေ့လိုက်တွင် ကုလားထိုင်မှ လက်ယာဘက် ဘီးသည် ကြိမ်အခင်းအောက်ရှိ ထိုးထွက်နေသည့် အရာဝတ္ထုတစ်ခုနှင့် တိုက်မိကာ ရွေ့၍ မရအောင်ဖြစ်ရသည်။

လေသာဆောင် အတွင်းဘက်သို့ လှည့်လာသော မြသန္တာသည် အပြင်ဘက်သို့ ပြန်၍ ထွက်သွားသည်။

အောက်မှ အရာဝတ္ထုတစ်ခုခုနှင့် တိုက်မိနေသည့် လက်ယာဘက်ဘီးကို လွတ်သွားစေရန်အတွက် စံပယ်က ကိုယ်ကို ရှေ့သို့ ကုန်းကာ ကြိမ်အခင်းအောက်ရှိ အရာဝတ္ထုကို ဖယ်ပစ်ရန် ကြိုးစားသည်။ ဤသို့ ကြိုးစားလိုက်ရာတွင် ကြိမ်အခင်း၏ အစွန်းစက တစ်ဖက်သို့ လန်ကျသွားပြီး အောက်မှ ပေါ်နေသည့် ကျောက်ပြားတစ်ချပ်နှင့်အတူ ထိုကျောက်ပြားတွင် တပ်ထားသည့် ကြေးလက်ကိုင်ဂွင်းကိုပါ တွေ့လိုက်ရသည်။

ကျောက်ပြားသည် လမ်းလျှောက်သွားသူအဖို့ အောက်မှ ခုလုကြီး ဖြစ်နေလိမ့်မဟုတ်သော်လည်း သားရေပြား တပ်ထားသည့် စံပယ်၏ ကုလားထိုင်မှ ဘီးအတွက် အတားအဆီး အဖုအထစ်ကြီး တစ်ခုကဲ့သို့ ဖြစ်နေသည်။

စံပယ်သည် တတ်နိုင်သမျှ ကိုယ်ကို ကုန်းလိုက်ကာ ကျောက်ပြားတွင် တတ်ထားသည့် ကြေးကွင်းကို လက်နှစ်ဖက်ဖြင့် ဆွဲလိုက်သည်။

ကျောက်ပြားသည် ကြမ်းပြင်မှ သုံးလက်မခန့် ကြွ၍ ပါလာသည်။ သို့ရာတွင် စံပယ်က ဆက်၍ ဆွဲနိုင်အား မရှိသောကြောင့် ကျောက်ပြားသည် ပထမမူရင်းအတိုင်း ကြမ်းပြင်ပေါ်သို့ ပြန်ကြသွားသည်။

သို့ရာတွင် ကျောက်ပြား ကြွနေသည့် အချိန်၌ အောက်ဘက်သို့ ဆင်းသွားသည့် လှေကားထစ် သဏ္ဌာန်တစ်ခုကို ပြတင်းပေါက်မှ ဝင်ရောက်နေသည့် အလင်းရောင်ဖြင့် စံပယ်က တွေ့လိုက်သည်။

စံပယ်သည် ကျောက်ပြားကို ဒုတိယအကြိမ် မရန် စိတ်ကူးနေစဉ် ပြန်ကြစို့ဟူသော မြသန္တာ၏ အသံကို ကြားလိုက်ရသည်။ ထို့ကြောင့် လန်နေသည့် ကြိမ်ခင်းအဖျားကို ကျောက်ပြားပေါ်တွင် မူလအတိုင်း ပြန်၍ ဖုံးထားလိုက်ကာ ကုလားထိုင်မှ ဘီးနှစ်လုံးကို လက်ဖြင့် တွန်းခဲ့သည်။

မြသန္တာလည်း စံပယ်၏ ကုလားထိုင်ကို နောက်မှနေ၍ တွန်းကာ လေသာဆောင် အပြင်ဘက်သို့ ထုတ်လိုက်သည်။ ပြီးမှ လေသာဆောင် အတွင်းသို့ ပြန်ဝင်သွားကာ ပြတင်းတံခါးများကို ပိတ်သည်။

'ကျောက်ပြားအောက်မှာ လှေကား ရှိတာတော့ အမှန်ပဲ၊ လှေကားရှိရင် မြေအောက် အခန်းလည်း ရှိရမယ်၊ မြေအောက်အခန်းရှိရင် ဝင်ပေါက် ထွက်ပေါက်နဲ့ ဆက်ထားတဲ့ ဥမင်လှိုဏ်ခေါင်းလည်း ရှိရမယ်'

စံပယ်က ဤသို့ ကျိုးကြောင်းဆက်ကာ စဉ်းစားနေစဉ် မြသန္တာသည် လေသာဆောင်အတွင်းသို့ ဝင်သည့် တံခါးမကြီးကိုပါ ပိတ်၍ ပြီးစီးသွားသည်။

'ကျောက်ပြားမှာ ကြေးကွင်း တပ်ထားသော ကြေးကွင်းမှာ ဖုန်တွေမရှိဘဲ ပြောင်လက်နေတာ၊ ကြေးကွင်း တပ်ထားတဲ့ ကျောက်ပျားပေါ်မှာ ကြိမ်အခင်း ဖုံးထားတာ၊ အဲဒီ ကြိမ်အခင်း ဖုံးထားနေရာမှာ စားပွဲတစ်လုံး ရှိနေတာတွေဟာ အမှတ်တမဲ့ အလိုအလျောက် ရှိနေတာ မဟုတ်ဘူး၊ အောက်မှာရှိနေတဲ့ လှေကားနဲ့ မြေတိုက်အခန်းကို တမင်တကာ လျှို့ဝှက်ထားတာပဲ ဖြစ်ရမယ်၊ ဒီကျောက်ပြားကို မကြာခဏ ဖွင့်ပြီး မြေတိုက်အခန်းကိုလည်း ခဏခဏ အသုံးပြုနေတာလည်း ဖြစ်ရမယ်'

မြသန္တာက စံပယ်၏ ကုလားထိုင်ကို နောက်မှနေ၍ တွန်းရင်း ရောက်တက်ရာရာ စကားများကို ပြောနေစဉ် စံပယ်သည် အင်း မှန်မှန်လိုက်ရင်း ကိုယ့်အတွေးနှင့် ရှိနေသည်။

တံတားမြင့်ပေါ်သို့ ရောက်သောအခါ လင်းသာချိုင် ရှိရာသို့ လှမ်းကြည့်မိသေးသည်။ လေသာဆောင် တည်ရှိသည့် နေရာနှင့် လင်းသာချိုင် အကြားတွင် ကျဉ်းမြောင်း၍ မတ်စောက်သော ကမ်းပါးတစ်ခုကို မြင်ရသည်။ လင်းသာချိုင်သို့ ဝင်လာသော ပင်လယ်ဓားပြ သင်္ဘောတစ်စင်း အပို လျှို့ဝှက် ကျေအြက်ချနေနိုင်ရန် အတွက်လည်း ကမ်းပါးပေါ်တွင် ပလ္လင်ပင်ကြီးများဖြင့် အုပ်ဆိုင်းလျှက် ရှိနေသည်။

ကိုသော်ကတို့၏ အဘိုးဖြစ်သူသည် ဤအချက်တွင်ပင် လေသာဆောင် ကိုသော် လည်းကောင်း၊ လေသာဆောင်အောက်ရှိ မြေတိုက်ကိုသော် လည်းကောင်း ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဓားပြသင်္ဘောမှ ပစ္စည်းများကို မြေအောက် တိုက်ခန်းတွင်းသို့ အရောက်သယ်ယူရန် အတွက်လည်း မြေအောက် လှိုဏ်ခေါင်း တစ်ခု ရှိနေရပေမည်။ မည်သို့ပင်ဖြစ်စေ စံပယ်၏ ခန်းဆောင် ဘယ်ဘက်တွင် ရှိသည့် အခန်းသို့ ဝင်ရောက်နိုင်ရန်အတွက် လျှို့ဝှက်သော ဝင်ပေါက် ထွက်ပေါက် တစ်ခု ရှိနေသည်မှာတော့ သေချာပါပြီ။

ထို့ကြောင့်လည်း မနေ့ညက ထိုအခန်းထဲသို့ ဝင်ရောက်လာသူကို စံပယ် ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ခဲ့ရသည် မဟုတ်ပါလား။

'ထွီးထွီးကလည်း ငြိမ်ချက်သား ကောင်းလိုက်တာ'



'အင်း' လိုက်ဖော် မရတော့သဖြင့် မြသန္တာက စံပယ်ကို ပြောလိုက်ခြင်း ဖြစ်သည်။

'သာယာဂေဟာက လင်းသာဂေဟာကို ပြောင်းလာစွာ ကောင်းကောင်း စောလခလာလို့ တွေးနေမိစွာရာ သာယာဂေဟာမှာဆိုကေ မယ်သီလရင်ကျောင်းပိုင် (လို) အမြဲ ငြိမ်သက်နီ ရေလင်းသာ ဂေဟာ ဆိုကာ နိတိုင်း (နေ့တိုင်း) လှုပ်ရှား သွားခြားနေတာပဲ'

စံပယ်သည် ဆင်ဝှေ့ရန်ရှောင် ဖြေလိုက်သည်။ ထိုစဉ် တံတားပေါ်မှ အောက်သို့ ရောက်လာကာ လင်းသာဂေဟာနှင့် နီးလာခဲ့၏။

မြသန္တာ၏ လေးငါးနှစ်သားကလေးသည် စံပယ် ရှိရာသို့ ပြေးလာကာ အော်ပြောလိုက်သည်။

'အမိ အမိ ကိုရှုပတို့ ရောက်လာကြဗျယ် (တယ်) ယပြီးကေ စစ်သည်တော် သားတိလဲ ပါလာကတ်ကေ'

စံပယ်က မြသန္တာအား ပြုံး၍ ပြောလိုက်သည်။

'စကားတောင် မဆုံးသိ(သေး) လင်းသာဂေဟာကြီးကတော့ အမြဲပဲ လှုပ် ရှား နီစွာဗျယ်'

သားတော်ငယ် ဘယမင်းရဲ၏ တပ်တွင် ဗိုလ်ဖြစ်နေသည့် ကိုရှုပက အပေါင်းအဖော်များနှင့် အတူ ဂေဟာကြီး၏ ဧည့်ခန်းဆောင်တွင် ရှိနေမည် ဖြစ်သောကြောင့် စံပယ်က မြသန္တာကို နောက်ဖေးဆောင်ဘက်ဆီသို့ ဦးတည်၍ ကုလားထိုင်ကို အတွန်းခိုင်းလိုက်သည်။ သူစိမ်းဧည့်သည်များနှင့် အတွေ့မခံချင်သောကြောင့် ဖြစ်၏။

နောက်ဖေးဆောင်သို့ ရောက်သွားသောအခါ ကိုရှုပသည် ဇနီးဖြစ်သူ ဝတ်မှုန် နှင့်အတူ ဧည့်သည်များအတွက် စားသောက်စရာများ တည်ခင်းရန် စီစဉ်ညွှန်ကြား နေသည်။

စံပယ်သည် အိမ်ဖော်နှစ်ဦးအား ၎င်း၏ ကုလားထိုင်ကို အဆောင်ရှိရာသို့ ပို့ပေးရန် ပြော၏။

သို့သော် ကိုရှုပသည် စံပယ့်ကို ရယ်ရယ်မောမောဖြင့် နှုတ်ဆက် စကား ဆိုရင်း စံပယ် ထိုင်နေသည့် ကုလားထိုင်ကို ဧည့်ခန်းရှိရာသို့ တွန်းယူသွားသည်။

'အေမှာလာတိရစွာ အတော်ပဲ၊ အဆောင်မြင့်ပေါ်မှာ ဆိုကေ တကူးတက ခေါ်နေရဦးမှာ၊ ကျွန်တော့် ဧည့်သည်တိနဲ့လည်း စကားစမြည် ပြောစမ်းပါဦး'

စံပယ်သည် ပြုံး၍ နားထောင်နေရာမှ ဧည့်ခန်း ရှိရာသို့ လှမ်းမျှော်၍ ကြည့်လိုက်သည်။ ဧည့်ခန်းရှိ ဧည့်သည်များ၏ မျက်နှာကို ထင်ရှားစွာ မမြင်ရသေး

သော်လည်း သူတို့ ပခုံးတွင် တပ်ထားသည့် အဆောင်အယောင် တံဆိပ်ကိုမူ ထင်းနေအောင် တွေ့နေရသည်။

အနီရောင် ဒိုင်းပေါ်တွင် ရွှေရောင် သပြေရွက် သုံးရွက်။

စံပယ်သည် အသက်ရှူပင် မှားသွားမိသည်။

'ကိုရှုပရယ် ... ညှော်ခန်းထဲကို မလိုက်ချင်ဘူး၊ အဆောင်မြင့်ဆီကိုပဲ ပြန်ပို့ပေးပါ'

စံပယ့် အသံက တုန်နေသည်။ နှလုံးသွေးများကလည်း ဘောက်ဘက် ရိုက်နေသည်။

စံပယ်၏ ကန့်ကွက်ချက်ကို ကိုရှုပက မကြားဟန်ပြုကာ တဟားဟား ရယ်နေသည်။ ကိုရှုပနောက်မှ ကပ်လျက် လိုက်ပါလာသည့် ဝတ်မှုန်ကလည်း သူ့ယောက်ျားနည်းတူ စံပယ့်ကို ကျီစယ်နေသည်။

'ထွီးထွီးက စစ်ဗိုလ် လူပျိုကြီး တိနန့် တွေ့ရမှာ ရှက်နီရေ ထင်ရေ'

စံပယ်သည် စကား တစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ လှုပ်ရှားသောရင်ဖြင့် ကုလားထိုင်ပေါ်တွင် ငိုင်လျက် လိုက်ပါလာခဲ့သည်။

'ဗိုလ်မင်းရို့ နန့်တိရမှာ ရှက်နေတဲ့ အကျွန့် ထွီးထွီးကို အတင်းပဲ ခေါ်လာခဲ့ရတယ်၊ အကျွန့် ထွီးထွီးဟာ အကျွန်ရို့ တစ်အိမ်လုံးရဲ့ ချစ်သနား မြတ်နိုးနေရသူပါ'

ကိုရှုပက ညှော်ခန်းအဝမှနေ၍ သူ့အပေါင်းအဖော်များကို အော်၍ ပြောလိုက်သည်။ ခါတိုင်းဆိုလျှင် အင်မတန် နှုတ်သွက်တတ်သော စံပယ်သည် ယခုအချိန်၌မူ ပြောရန် စကားစကိုပင် ရှာမတွေ့။

ညှော်ခန်းတွင် အဖျော်ယမကာများကို သုံးဆောင်နေသည့် စစ်ဗိုလ်များက ထိုင်နေရာမှ ထကာ စံပယ့်ကို နှုတ်ဆက်ကြသည်။ စံပယ်က ညှော်သည့် စစ်ဗိုလ်များ၏ မျက်နှာကို မကြည့်ဘဲ ခေါင်းကိုသာ ငုံ့နေ၏။ စစ်ဗိုလ်များ ရှေ့တွင် ကိုရှုပ၏ ကျီစယ်ခြင်းကို ခံလိုက်ရသောကြောင့်လည်း ရှက်သလိုလို ဖြစ်မိသည်။

'ဗိုလ်မှူးမင်း၊ ဒါက အကျွန့်မျိုးရဲ့ ကောင်းကောင်း ရင်းချာရေ ထွီးထွီး စံပယ်သာယာပါ'

ကိုရှုပသည် စံပယ့်ကို ဗိုလ်မှူးဆိုသူနှင့် မိတ်ဆက်ပေးသည်။ ဗိုလ်မှူး ဆိုသော စကားကို ကြားလိုက်ရသော စံပယ်သည် တစ်ကိုယ်လုံး တုန်လှုပ်၍ သွားသည်။



'ဗိုလ်ရှုပတို့အိမ်က ကကောင်းချစ်မြတ်နိုးကြတဲ့ ဗိုလ်ရှုပ့ရဲ့ ထွီးထွီးဟာ ကျုပ်ကလည်း အင်မတန် ချစ်မြတ်နိုး ခင်မင် ရင်းနှီးခဲ့ဖူးတဲ့ စံပယ်သာယာပါပဲ'

ကြားလိုက်ရသော အသံကြောင့် စံပယ်၏ ခေါင်းသည် ဆတ်ခနဲ ထောင် လိုက်သည်။

ဗိုလ်မှူးရူဝံသည် ယမကာ ထည့်ထားသည့် ငွေခွက်တစ်ခွက်ကို ကိုင်ထား ရင်း စံပယ့်ကို စိုက်ကြည့်နေသည်။

'ဗိုလ်မှူးမင်းက အကျွန့်ရို့ ထွီးထွီးနဲ့ သိကျွမ်း ခင်မင်တယ်ဆိုတာ သိရလို့ ကကောင်းဝမ်းသာပါတယ် ဗိုလ်မှူးမင်း၊ ဗိုလ်မှူးမင်းရဲ့ ငွေခွက်ထဲမှာ ယမကာ ထပ်ပြီး ဖြည့်ပါရစေဦး၊ ထွီးထွီးကရော နွားနို့ပူပူပဲ သောက်မလား'

ကိုရှုပသည် ဗိုလ်မှူးရူဝံနှင့် စံပယ်ကို တစ်လှည့်စီ ပြောဆိုနေသောကြောင့် စံပယ့်အဖို့ အနေရ အထိုင်ရ သက်သာသလို ရှိသင့်သလောက် ရှိရသည်။

ကိုရှုပက ဗိုလ်မှူးရူဝံ၏ ငွေခွက်ထဲသို့ ယမကာများ ဖြည့်ပေးနေစဉ် စံပယ် သည် ဗိုလ်မှူးရူဝံကို တစ်ချက်မျှ စိုက်ကြည့်လိုက်သည်။

ဗိုလ်မှူးရူဝံ၏ ရုပ်သည် အတော်ပင် ပြောင်းလဲသွားခဲ့ပေပြီ။ ပခုံး နှစ်ဖက်က ပို၍ ကျယ်လာကာ လည်ပင်းနှင့် လက်မောင်း နှစ်ဖက်ကလည်း ပို၍ ဘုတ်ခိုင်လာ သည်။ မျက်နှာမှာ ယခင်ကထက် ပြည့်ဖြိုးနေ၏။ ရာသီဥတုဒဏ်ကို ခံထားရသဖြင့် လည်း နီညိုသည့် အဆင်းကို ဆောင်နေသည်။ မျက်လုံး နှစ်ဖက်အောက်တွင် အရေးအကြောင်းများ ပေါ်နေသည်။ သူနှင့် မတွေ့ရသည်မှာ ဆယ့်ငါးနှစ်ပင် ကြာခဲ့ ပြီ မဟုတ်ပါလား။

ရောက်ရှိလာသည့် နွားနို့ ဖန်ခွက်ကို ဗိုလ်မှူးရူဝံက အိမ်ဖော်ထံမှ သူကိုယ် တိုင် လှမ်းယူကာ စံပယ့်ကို လေးစား ယုယစွာ ပေးလေ၏။

သူ၏ မဟာနဖူးသည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်ကထက် အနည်းငယ် ပို၍ ကျယ်လာသည်။ ခေါင်းတွင် တစ်ချက်တည်းသော ငွေရောင် ဆံပင်က နက် မှောင်သည့် ကေသာ အကြားတွင် ပြိုးပြိုးပြက်ပြက် ရှိနေသည်။ သို့သော် စံပယ့်ကို ကြည့်နေသည့် ဗိုလ်မှူးရူဝံ၏ အကြည့်သည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်က အတိုင်း စိတ်လှုပ်ရှားဖွယ်ပင် ဖြစ်၏။

'အားပြည့်လာအောင် နွားနို့ပူပူကလေး သောက်လိုက်ပါဦး'

ဗိုလ်မှူးရူဝံက စံပယ်ကို ကြင်နာ ယုယစွာ ဆက်ဆံ ပြောဆိုပုံကို ကြည့်ရင်း ကိုရှုပက အံ့ဩနေ၏။ နွားနို့ ဖန်ခွက်ကို ငွေလင်ပန်းတွင် ထည့်၍ စံပယ့် လက်ထဲ သို့ စိတ်ရှည်စွာ စောင့်ပေးနေသည့် ချစ်သူဟောင်း ဗိုလ်မှူးရူဝံကို စံပယ်က အကဲခတ်

နေသည်။ အစ်ကို ရှုဝံ၏ လက်ယာဘက် နှားထင်မှ နားထင်ကြောတွင် သွေးများ ခုန်၍ နေသည်ကို တွေ့ရ၏။ အစ်ကိုရှုဝံနှင့် တွေ့ရသောကြောင့် စံပယ့်တွင်လည်း ရင်တသိမ့်သိမ့် ခုန်နေ၏။

အစ်ကိုရှုဝံကိုယ်တိုင်လည်း စံပယ်နှင့် တွေ့ရသောကြောင့် ယောက်ျားကြီး တန်မဲ့ ရင်ခုန်နေသည်ကို စံပယ်က သတိထားမိ၏။ ဆယ့်ငါးနှစ်ကြာအောင် ကွဲကွာခဲ့ပြီးမှ ပြန်လည် ဆုံတွေ့ရသည့် ပထမအကြိမ် လှုပ်ရှားရသည့် ခံစားမှု။

'စံပယ်ချေ၊ လင်းသာ ဂေဟာမှာ ရောက်နေစွာ ကျုပ်က သိကို မသိဘူး'

ကိုရှုပက သူ၏ တပ်မှူး ဖြစ်သူအား အံ့သြသည့် အမူအရာဖြင့် ကြည့်နေသည်။ သူတို့ တပ်မှူးကို တစ်ကြိမ်တစ်ခါမှ ဤသို့ စိတ်လှုပ်ရှားသည့် အမူအရာဖြင့် တွေ့ဖူးဟန်မတူ။

ငွေဖလားကို ကိုင်ထားသည့် ဗိုလ်မှူးရှုဝံ၏ လက်က မသိမသာ တုန်၍ နေသလို ပေါ်ထွက်လာသည့် စကားသံကလည်း ပြတ်တောင်း တုန်ယင်နေသည်။

'စံပယ် ... အေကို ရောက်လာစွာ ကကောင်း မကြာသိပါ'

စံပယ့် အသံကလည်း နဂိုအသံ မဟုတ်ဘဲ တစ်မျိုး ထူးခြားနေသည်။

'စံပယ့် အစ်ကိုတိက ပြည်တွင်းစစ်အတွင်းမှာ မိန်းမသားတစ်ယောက်တည်း သာယာဂေဟာမှာ မနေသင့်ဘူး ဆိုစွာနန့် ပြောင်းလာခဲ့တာပ'

'အေနေရာကို ပြောင်းလာစွာ ကကောင်းကောင်းရေ၊ တိုက်ပွဲတိက တောင်ကုတ်ဘက်နဲ့ တောင်ဘက် ကိန္နရီကနေပြီး ဒ္ဓါရာဝတီ မြို့တော်ဘက်ကို ပျံ့နှံ့လာနေပြီ'

ဗိုလ်မှူးရှုဝံ ဤသို့ ပြောနေခိုက်တွင် ကိုရှုပ၏ သမီးငယ် နှစ်ယောက်က ညှော်ခန်းထဲသို့ ရောက်လာကာ ဖခင်ဖြစ်သူအား ခြံဝင်းအတွင်းသို့ ဆွဲခေါ်နေကြ၏။ ကိုရှုပက တပ်မှူးဖြစ်သူ ဗိုလ်မှူးရှုဝံထံ ခွင့်ပန်လျက် သမီးနှစ်ယောက် နောက်သို့ လိုက်သွားသည်။ ကျန်နေသည့် ဗိုလ်မင်း ငါးယောက်ကလည်း ခြံဝင်းကြီး အတွင်း လျှောက်ကြည့်ဦးမည်ဟု တပ်မှူးထံ ခွင့်ပန်လျက် ညှော်ခန်းတွင်းမှ ထွက်သွားကြသည်။

စံပယ်နှင့် ဗိုလ်မှူးရှုဝံတို့ နှစ်ယောက်သာ ပြတင်းပေါက်နားတွင် ကျန်ရစ်ခဲ့ကြ၏။

စံပယ်သည် ပြတင်းပေါက်မှနေ၍ ခြံဝင်းကြီး အတွင်းရှိ စိမ်းနေသည့် မြက်ခင်းပြင်ကြီးကို ကြည့်ရင်း စိတ်လှုပ်ရှားနေသောကြောင့် စကားမရှိ စကားရှာဟန်ဆောင် ဖုံးဖိလိုက်သည်။



'မနက်ဖက်က မိုးရွာလိုက်စွာနန့် မြက်ခင်းပြင်ကြီးကလည်း ပိုပြီး စိမ်းလာသလိုပဲ၊ လှလိုက်တာ'

အမှန်တော့ စံပယ် ပြောချင်သည့် စကားတိမှာ ဤစကားလုံးများ မဟုတ်၊ အခြားသော စကားတိသာ ဖြစ်သည်။ ရင်ထဲတွင်လည်း ပြည့်သိပ်နေသည်။ စံပယ့်နည်းတူပင် ဗိုလ်မှူးရှုဝံ၌လည်း ပြောချင်သည့် စကားများ အပြည့်အသိပ် ရှိနေမည် ထင်ရသည်။

'ဆယ့်ငါးနှစ်အတွင်းမှာ စံပယ့်ကို အပြောင်းအလဲကြီး ပြောင်းလဲသွားလိမ့်မယ်လို့ ထင်ထားခဲ့တာဟာ အစ်ကို မှားနေပြီ ဆိုတာ ခုမှ သိရတယ်'

'ဘဖောင် ဘဖောင် ပြောင်းလဲလားလီဘို့ (သွားလိမ့်မယ်) အစ်ကိုက ထင်နေလို့တုန်း'

'ဩော် ... စံပယ် တစ်ယောက် အရိုးပေါ် အရေတင်နေတဲ့ လူမမာကြီး ဖြစ်နေလိမ့်မယ်၊ သမားတော်တိ ပြုစုမယ့်သူတွေက အိပ်ရာနားမှာ ပတ်ချာဝိုင်းပြီး ရှိနေလိမ့်မယ်လို့ ထင်နေခဲ့တာ၊ ခုတော့'

ဗိုလ်မှူးရှုဝံက ဤသို့ ပြောရင်း စံပယ့်ကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

'ခုတော့ ယင်းပိုင် ဖြစ်လိမ့်မယ် ထင်ပြီး ပစ်ထားခဲ့တဲ့ လူမမာကြီးက ထူထူထောင်ထောင် ဖြစ်နေတာ တွေ့ရတော့ ငါ့မှာများ တာဝန် ရှိနေမလား ဆိုပြီး စိုးရိမ်သွားသလား၊ စိတ်ချပါ၊ အစ်ကို့ကို'

အစ်ကိုရှုဝံသည် ပြုံးပြုံးကြီး ပြုရင်း စူးစူးကြီး ကြည့်ရင်း ခေါင်းကို လေးလေးကြီး ယမ်းပြသည်။

'အိုကွယ်၊ စံပယ်လေ ခုထိ ဒီလို ပြောတတ်သေးတယ်၊ ကျုပ် ပြောတာကို စံပယ် အဓိပ္ပာယ် တစ်မျိုး ပေါက်သွားတယ် ထင်တယ်၊ အို ... ဘယ်လိုပြောရမှန်းတောင် အစ်ကိုတော့ မတွေးတတ်တော့ဘူး၊ စိတ်ပူပင်သောက ဖြစ်ခဲ့ရပါတယ်၊ ဖြစ်နေရပါတယ်လို့လည်း အစ်ကိုက မပြောချင်ဘူးလေ'

ဗိုလ်မှူးရှုဝံသည် ယမကာခွက်ကို တစ်ကျိုက်မျှ မော့လိုက်သည်။ ထို့နောက် ပြုံးသော မျက်နှာတွင် ငယ်စဉ်က ကျန်နေသော ရင်ဖိုစရာ အကြည့်မျိုးဖြင့် ကြည့်သည်။

'ကိုယ်ကွာ ... ဆယ့်ခြောက်နှစ်လောက် ကွဲနေပြီးတော့မှ စံပယ့်ကို ခုလို ဖြုန်းခနဲ တွေ့လိုက်ရတော့ ရင်ထဲမှာ ဇာပိုင်မှန်းလည်း မသိဘူး၊ ပြောချင်စွာတိက များပြီး ဇာကနေ ဇာကို စပြောရမှန်းတောင် မသိဘူး၊ စံပယ်နဲ့ ဘယ်မှာ လွတ်လွတ်လပ်လပ် စကားပြောနိုင်မလဲ'

'လွတ်လွတ်လပ်လပ် စကား ပြောနိုင်မလဲ'

စံပယ်က သူ့အစ်ကိုရွှဝံ၏ စကားအဆုံးသတ်ကိုပင် ပံ့တင်ထပ်၍ ရွတ်လိုက်သည်။ ရင်ထဲတွင်လည်း လှုပ်ရှား အုံ့ဩနေသည်။ စံပယ်သည် ငယ်ကျင့်အတိုင်း ခပ်လျှောင်လျှောင် ပြုံးသည်။

'အခုလည်း အကျွန်ုပ်ရို့ စကားပြောနေကြတာပဲ မဟုတ်လား၊ ပြောချင်စွာကို ဇာမဆို ပြောနိုင်သားပဲ'

'အိုကွာ …က ဝင်လာလိုက်၊ လူကြီးတွေက ထွက်သွားလိုက်နဲ့ ဘဇောင်စကား ကောင်းကောင်း ပြောလို့ ရမှာလဲ· ကိုယ်က အစ်ကိုနဲ့ စံပယ်တို့ နှစ်ယောက်အကြောင်းကိုပဲ ပြောချင်နေတာ၊ စံပယ့်မှာ ခန်းဆောင် သီးသန့် ရှိတယ် မဟုတ်လား'

စံပယ်သည် အဖြေ မပေးသေးဘဲ ခဏမျှ ငြိမ်နေသည်။ ထို့နောက် ဘဝင်ကျကျ မဆုံးဖြတ်လိုက်ရဘဲ လျှော့ရဲရဲ စကားလုံးတွေက နှုတ်မှ ထွက်သွားသည်။

'စံပယ့်မှာ သီးသန့် ခန်းဆောင်တော့ ရှိပါရေ၊ ယကေလေ (ဒါပေမဲ့) အစ်ကို ရွှဝံနဲ့ စံပယ်ရို့ နှစ်ယောက်ထဲ အပေါ်ထပ်ကို တက်ပြီး စကားပြောကြရင် အိမ်သူ အိမ်သားတွေရဲ့ အမြင်မှာ တစ်မျိုး ဖြစ်သွားမှာပေါ့'

အစ်ကိုရွှဝံက ပြုံးသည်။ အိမ်သူအိမ်သားတိက တစ်မျိုး မမြင်ကြရင် ပြောမည်ဟု အဓိပ္ပာယ်ရသော အားနည်းချက်ကို တွေ့သွားပုံရသည်။ သူသည် စံပယ့်ကို စူးစူးရဲရဲ ကြည့်လိုက်၏။

'အရင်ခါက ဆိုကေ အေပိုင် နှစ်ယောက်တည်း စကား ပြောကြမယ်လို့ အစ်ကိုက ဆိုလိုက်ကေ တစ်ခါလည်း မငြင်းဖူးဘူး'

ချစ်သူ ရွှဝံက စံပယ့် မျက်နှာကို စေ့စေ့ကြည့်၍ ပြောသည်။ ရွှဝံ၏ စကားမှာ မှန်လွန်းသည်။ သို့ရာတွင် ယခုအချိန်သည် လွန်ခဲ့သည့် ဆယ့်ငါးနှစ် မဟုတ်တော့ကြောင်းကို ရွှဝံ ဆိုသူက သတိထားမိဟန်မတူ။

'စံပယ်ရို့ နှစ်ယောက်ဟာ ဆယ်ငါးနှစ်တိုင်တိုင် ကွဲကွာနေကြပြီးပြီ ဆိုတာရယ်၊ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုမှ အဆက်အသွယ် မရှိခဲ့တော့ဘူး ဆိုတာရယ်၊ ယင်းအချက်တိကို ပြန်ပြီး သတိထားစမ်းပါဦး'

'အို … စံပယ်ရယ်၊ စံပယ့်ကို ကိုယ်က တစ်နေ့ တစ်နာရီ တစ်မိနစ်မှ မမေ့ဘူး ဆိုကေ ယုံဖို့လည်း မဟုတ်ဘူး၊ ကိုယ်ကလည်း ယင်းပိုင် မပြောချင်ဘူး'

စစ်သားကြမ်းကြီး ရွှဝံ၏ အသံသည် ကြေကွဲဆွေးမြည့်ဖွယ် ကောင်းလှသည်။



ထို့ကြောင့် စံပယ်လည်း ဘာဆက်ပြောရမည်မသိဘဲ ငိုင်သွားသည်။ စံပယ်ငိုင်နေစဉ် ဧည့်ခန်းဆောင်အတွင်းသို့ ဝတ်မှုန်တို့ မိသားစု တစ်သိုက်က ရောက်လာကြသည်။ သူတို့နှင့် ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် ဗိုလ်မင်း ငါးဦးကလည်း ရောက်လာကြသည်။

ဗိုလ်မှူးရွှဝံက စံပယ့်အား အဓိပ္ပာယ်ပါသည့် အမူအရာနှင့် လှမ်း၍ကြည့်သည်။ ဤအခိုက်တွင်ပင် လယ်တောမှ ပြန်လာသည့် ကိုသော်ကက ဧည့်ခန်းဆောင်ထဲသို့ ရွှံ့များ ပေကျံလျက် ဝင်လာသည်။

ဗိုလ်မှူးရွှဝံသည် ကိုသော်ကအား ခြံဝင်းထဲတွင် အလုပ် လုပ်နေသည့် စာရင်းငှား တစ်ယောက်ဟု အထင် ရောက်သွားသည့်အသွင်ဖြင့် လှမ်း၍ အမိန့်ပေးလိုက်သည်။

'ဒီမှာ ဟေ့လူ … စံပယ်ရဲ့ ကုလားထိုင်ကို သယ်ဖို့ နောက်ဖေးဆောင်က လူနှစ်ယောက်လောက် သွားခေါ်ပါ၊ သူ့ခမျာ ဒီမှာ နေရတာ စိတ်ရှုပ်လှပြီ'

ဗိုလ်မှူးရွှဝံ၏ စကားအဆုံးတွင် ကိုရှုပက သူ့တပ်မှူးအား ပြုံး၍ ကြည့်သည်။

'ဒါက အစ်ကိုကြီး သော်ကပါ ဗိုလ်မှူး၊ လင်းသာဂေဟာကြီးကို ပိုင်ဆိုင်တဲ့ လင်းသာမောင်မောင်ရဲ့ သားပါ၊ အများကတော့ လင်းသာမောင်မောင်သော်ကလို့ ခေါ်ကြပါတယ်'

ဗိုလ်မှူးရွှဝံ၏ မျက်နှာတွင် အားတုံ့အားနာ ဖြစ်သွားလျက် ကိုသော်ကရှေ့မှ တည့်တည့် မျက်နှာချင်းဆိုင် ရပ်သည်။

'ဒါ ကျုပ်အဖို့ သင်ခန်းစာပဲဗျာ၊ ရှေ့လောကြီးမှုရဲ့ အမှားဟာ ဘယ်လို စိတ်မကောင်း ဖြစ်ရတယ်ဆိုတာ လက်တွေ့ သိရတာပဲ၊ ဒါလည်း ဒီက စံပယ်သာယာအတွက် စိုးရိမ်စိတ် လွန်နေမိလို့ပါ၊ မောင်မောင်သော်ကရဲ့ ဘာသာ လင်းသာမောင်မောင်ဟာ ကျုပ်မိတ်ဆွေကြီးပါပဲ'

ဗိုလ်မှူးရွှဝံက ကိုသော်က၏ ပခုံးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ရင်းရင်းနှီးနှီး ဆုပ်ကိုင်ထားရင်း ပြုံးပြုံးရယ်ရယ် ပြောပြသည်။ ထို့နောက် စံပယ့်ဘက်သို့ တစ်ချက်မျှ ကြည့်လိုက်ပြီး ပြန်လှည့်လျက် …

'ခုဆိုကေ ကျုပ်ရို့တပ်က မြို့တော်နဲ့ နီးနီးရေ (နေတဲ့) နေရာမှာ စခန်းချထားတော့ မောင်မောင်သော်ကရို့ လင်းသာဂေဟာကို ခဏ ခဏ ရောက်လာရမှာပါ'

'အချိန်မရွေး ကြွရောက်နိုင်ပါရေ ဗိုလ်မှူး'

'ကျုပ်က ဗိုလ်တွေ အတွက်တော့ နေရာထိုင်ခင်း ပေးနိုင်လိမ့်မယ် ထင်

တယ်၊ ပါလာတဲ့ တပ်သားတွေကိုတော့ ခြံဝင်းကြီး အတွင်းဘက်မှာလောက် နေရာ ချပေးမယ် ဆိုရင်လည်း ကျေးဇူးတင်လှပါပြီ'

ဗိုလ်မှူးရှုဝ်၏ မေးမြန်းချက်ကို ကိုသော်ကက 'ဖြစ်ပါတယ်၊ ဖြစ်ပါတယ်၊ ဖြစ်နိုင်ပါတယ်' ဟု အဖြေပေးလိုက်၏။

'ကဲ ... ဒါဖြင့် သိပ်ကျေးဇူးတင်တာပါပဲ၊ ပြီးတော့ ဒီနေ့ ညနေစာကို စံပယ်နဲ့အတူ သူ့အဆောင်မှာပဲ စားခွင့်ပြုပါ၊ စံပယ်က ကျုပ် အင်မတန် ချစ်ခင်ခဲ့ရတဲ့ ဆွေမျိုးအရင်းကြီးပါ၊ မောင်မောင်သော်ကတို့ကတော့ ငယ်လို့ မသိကြဘူး မဟုတ်လား၊ ယင်းချင့်ထက် စံပယ့် ကုလားထိုင်ကို ခါတိုင်းဘဖောင် လုပ်ပြီး ပြောင်းကြ ရွှေ့ကြသလဲ'

ဗိုလ်မှူးရှုဝ်က သူ၏ ပထမ မေးခွန်း၏ အဖြေကို ကိုသော်ကထံမှ မရမီ ဒုတိယမေးခွန်းကို တစ်ဆက်တည်း မေးလိုက်သည်။ ဤသို့ မေးလိုက်ခြင်းအားဖြင့် ပထမ ပြဿနာမှာ အလိုလို ပြေလည်ပြီးသား ဖြစ်သွားသည့် အဓိပ္ပာယ်ကို ဆောင်နေသည်။

'ယချင့်က (ဒါကတော့) လွယ်ပါရေ ဗိုလ်မှူး၊ ကုလားထိုင်ကို အကျန်ရှိ မပြီး ယူသွားကြတာပဲ'

ကိုသော်ကက ဒုတိယ မေးခွန်းကို ဖြေလိုက်ရင်း ကိုရှုပကို ခေါင်းညိတ်ခေါ်လိုက်သည်။

ကိုသော်ကနှင့် ကိုရှုပတို့က စံပယ် ထိုင်နေသည့် ကုလားထိုင်ကို တစ်ဖက်တစ်ချက်မှ ဆုပ်ကိုင်ကာ မယူရန် ဟန်ပြင်လိုက်ကြသည်။

'ယင်းချင့်ထက် ပိုပြီးကေ ကောင်းစွာကတော့ ထိုင်နေတဲ့လူကို သပ်သပ် ပွေ့ချီပြီး ယူသွားတာက နေရာအကျဆုံးပဲ၊ ကုလားထိုင်ကို သပ်သပ်မပြီး ယူလာခဲ့ကြပေါ့'

ဗိုလ်မှူးရှုဝ်က ပြောပြောဆိုဆိုဖြင့် စံပယ်ကို ကောက်၍ ချီလိုက်သည်။ ပြီးမှ ကိုသော်ကနှင့် ကိုရှုပတို့အား စစ်မြေပြင်တွင် အမိန့်ပေးသကဲ့သို့ ရှေ့မှ ဦးဆောင်၍ သွားရန် အမိန့်ပေးလိုက်သည်။

ကုလားထိုင်ကို တစ်ဖက်တစ်ချက်မှ ကိုင်လျက် လှေကားကို တစ်ထစ်စီ တစ်ထစ်စီ တက်နေသော ကိုသော်ကနှင့် ကိုရှုပတို့အား လည်းကောင်း စံပယ်ကို ပွေ့ချီတက်ရင်း ကုလားထိုင် သယ်သူများနောက်မှ လိုက်ပါလာသည့် ဗိုလ်မှူးရှုဝ်ကို လည်းကောင်း၊ လင်းသာဂေဟာရှိ အိမ်သား အားလုံးနှင့် အိမ်ဖော်အားလုံး



တို့က ပွဲကြည့်သလို ဝိုင်းကြည့်နေကြသည်သာမက ကိုရှုပနှင့် အတူပါလာသည့် ဗိုလ်မင်း ငါးဦးကပါ စံပယ်တို့၏ ချီတက်ပွဲကို တအံ့တသြ ငေးမောနေကြသည်။

ကိုသော်ကနှင့် ကိုရှုပတို့၏ မျက်နှာများက ရှက်သွေးကြောင့် နီမြန်းနေသည်။ စံပယ် ကိုယ်တိုင်လည်း ရှက်စိတ်နှင့် ကြောက်စိတ်နှောကာ ဗိုလ်မှူးရှုဝ်၏ ရင်ခွင်တွင် ခေါင်းကို မှေးတင်ထားရင်း လက်နှစ်ဖက်ကလည်း ဗိုလ်မှူးရှုဝ်၏ ညာလက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခဲ့သည်။

ဧည့်ခန်းဆောင်မှ စံပယ်၏ ခန်းဆောင်ရှိရာ အဆောင်မြင့်အထိ တက်ရသည့် ခရီးသည် ရှက်စိတ်ကြောင့် အလွန် မြင့်လှစွာသော တောင်ထိပ်တစ်ခုသို့ တက်နေရလို ကြာလှသည်ဟု ထင်မိသည်။

ဤသို့ ရှက်စိတ်ကြောင့် စိတ်မွန်နေရသည့် အထဲတွင် ဗိုလ်မှူးရှုဝ်က ဆိုလိုက်သည်။

'စံပယ်က လွန်ခဲ့ရေ ဆယ့်ငါးနှစ်ကထက် အသားအရေ ငါးပိဿာလောက် ပိုတိုးလာတယ်'

ဗိုလ်မှူးရှုဝ်၏ စကားကြောင့် စံပယ်သည် အလိုလို ရှက်ပြုံး ပြုံးမိလျက် ရင်ဘတ်ကြီးကို ထုပစ်လိုက်မိတော့မလို ဖြစ်မိရာမှ မနည်း အောင့်နေလိုက်ရသည်။

*

(၉)

ထိုနေ့ ညနေက ဗိုလ်မှူးရှုဝံနှင့် စံပယ်ရို့ နှစ်ယောက် ညနေစာ သုံးဆောင်ကြပုံကို စံပယ်သည် မနေ့ကပင် စားသောက်ခဲ့ကြသကဲ့သို့ အမြဲ မှတ်မိနေခဲ့သည်။

စံပယ်က ခုတင်ပေါ်တွင် ခေါင်းအုံးများကို ကျောမှီလျက် ထိုင်နေသည်။ ဗိုလ်မှူးရှုဝံက ခုတင်ဖျားတွင် တက်၍ နေရာယူထားသည်။ အလယ်တွင် စားပွဲဝိုင်းကလေးတစ်ခု ချထားသည်။ စံပယ်တို့ နှစ်ယောက်သည် ဆယ့်ငါးနှစ်တိုင်တိုင် တစ်ယောက်နှင့် တစ်ယောက် ကွဲကွာနေခဲ့ခြင်းကို ယခုလို မျက်နှာချင်းဆိုင်၍ ထိုင်နေရသည့်အခါ မနေ့ကမှ ကွဲသွားခြင်းဖြစ်ပြီး ယနေ့ ပြန်တွေ့နေရသည်ဟု ထင်မှတ်ကြရသည်။

ခန်းဆောင်ထဲသို့ ဟင်းခွက်များကို အထိန်းတော်ကြီး ဒေါ်မေတ္တာက လင်ပန်းကြီး တစ်ချပ်ဖြင့် သယ်ယူလာသည်။ နှုတ်ခမ်းအစုံကလည်း စံပယ်တို့ နှစ်ယောက် ခန်းဆောင်ထဲတွင် အတူတကွ ရှိနေခြင်းကို သဘောမကျသည့် လက္ခဏာဖြင့် နှုတ်ခမ်းကြီးတလံလောက် စူလျက် မျက်စောင်းကြီးကို နားသယ်ချိတ်အောင် ခဲထား၏။

စံပယ်နှင့် ဗိုလ်မှူးရှုဝံတို့ မည်ကဲ့သို့ ကိန္နရာချောင်းခြား ဇာတ်ခင်းခဲ့ရပုံကို အထိန်းတော်ကြီး ဒေါ်မေတ္တာက လုံးစေ့ပတ်စေ့ သိခဲ့ခြင်း မရှိ။ ခြေထောက်မစွမ်းမသန် ဖြစ်သွားသော စံပယ့်ကို ဗိုလ်မှူးရှုဝံက ထောက်ထားညှာတာခြင်း မပြုဘဲ စွန့်ခွာသွားခဲ့သည်ဟုသာ နားလည်ထားသည်။ သို့ဖြစ်၍လည်း စံပယ်၏ ခန်းဆောင်ထဲတွင် ဗိုလ်မှူးရှုဝံ ရောက်ရှိနေခြင်းကို ဒေါ်မေတ္တာ ကန့်ကွက်သည့် အနေနှင့် နှုတ်ခမ်းတလံလောက် စူထားခြင်း ဖြစ်သည်။



ဗိုလ်မှူးရှုဝံက ဒေါ်မေတ္တာ၏ အမူအရာကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

'ဘဇောင်လည်း အောင်သွယ်တော်ကြီးရဲ့၊ ခုအချိန်အထိ လူပေါင်း ဘယ်လောက်ရဲ့ အသည်းတွေကို ခွဲပြစ်ခဲ့ပြီးပလဲဆိုတာ ပြောစမ်းပါဦး'

ဗိုလ်မှူးရှုဝံက ပြောပြောဆိုဆိုဖြင့် ဒေါ်မေတ္တာ၏ လက်ထဲမှ လင်ပန်းကြီးကို လှမ်းယူကာ ဟင်းခွက်များကို စားပွဲပေါ်သို့ တင်သည်။

ဒေါ်မေတ္တာ၏ စူထားသော နှုတ်ခမ်းအစုံမှ အပြုံးပန်းများ ပွင့်လာသည်။

'အထိန်းတော်ကြီးကလည်း အေက သခင်မလေးနည်းတူ ပိုပြီးလို့တောင် လှလာပါကလား၊ ဂေဟာ အောက်ထပ်မှာ ဗိုလ်မင်းတွေနဲ့ စစ်သည်တော်တွေ ရှိနေလေရဲ့၊ ယင်းချင့် အထဲက ကြိုက်ရာကိုသာ ခေါင်းခေါက်ပြီး ရွေးထားနှင့်'

ဗိုလ်မှူးရှုဝံ၏ ကစပ်စွာကို (ကျီစားတာကို) ဒေါ်မေတ္တာက အပြုံးပါသော မျက်စောင်းဖြင့် ပစ်လိုက်ပြီးနောက် စံပယ်၏ ခန်းဆောင်တံခါးကို အပြင်မှနေ၍ မြည်အောင်ပိတ်လိုက်ကာ အောက်ထပ်သို့ ဆင်းသွားသည်။

ဆယ့်ငါးနှစ်အတွင်းတွင် အထိန်းတော်ကြီး ဒေါ်မေတ္တာကိုသာ အစစအရာရာတွင် အားကိုးနေခဲ့ရာရ ယနေ့ညစာ စားပွဲတင်မှ ဒေါ်မေတ္တာအဖို့ စံပယ်အပါးတွင် ခစားရန် အခွင့်အလမ်း မရရှာပုံကို စံပယ်က သတိထားမိသည်။ ရင်ထဲ၌လည်း တစ်မျိုး လှုပ်ရှား ဆန်းသစ်လာသည်။

အစားအသောက်ကောင်း မှန်သမျှကို မြိန်မြိန်ရှက်ရှက်ကြီး စားသောက်တတ်သော ဗိုလ်မှူးရှုဝံသည် စံပယ်က လောကွတ်ပြုအောင်ပင် ဆိုင်းမနေဘဲ စားပွဲပေါ်မှ ဟင်းလျာများကို ယူ၍ အားရပါးရ စားသောက်သည်။

ဆယ့်ငါးနှစ်တိုင်တိုင် ကွဲကွာနေပြီးနောက် ယနေ့မှ ဗိုလ်မှူးရှုဝံကို ပြန်ဆုံတွေ့လိုက်ရသည့်အတွက် စံပယ်သည် ညစာ စားသောက်သည့်အချိန် အထိ ရင်အခုန်မရပ်နိုင်ဘဲ ဖြစ်နေသည်။

ဗိုလ်မှူးရှုဝံကမူ ထုံးစံအတိုင်းပင် စားဖွယ်သောက်ဖွယ်တွေကို ကောင်းနိုးရာရာ တယုတယ ထည့်ပေးခြင်း၊ ကိုယ်တိုင်လည်း အားရပါးရ စားခြင်း၊ ထို့နောက် ပန်းကန်ထဲတွင် ဟင်းတွေ တစ်ပုံကြီးနှင့် ကျန်နေသေးသော စံပယ့်အား 'မိန်းကလေးက တယ်ပြီးတော့ အားနည်းတာကို၊ စားစမ်းပါ အားရပါးရ စားစမ်းပါ' ဟု ပြောလျက် ပြီးနှင့်သွားသည်။ ယခင်က အပြုအမူအတိုင်း တွေ့ကြုံလိုက်ရသည့် အဖြစ်သည် စံပယ့်အဖို့ တပျော်တစ်ပါး စားပွဲလက်ဆုံ စားနိုင်ရန် ဖယ်ထား၊ မျက်ရည် ပေါက်ပေါက်မကျအောင် ခေါင်းကြီးငုံ့လျက် မနည်း အောင့်အည်းထား

ရသည်။ ဗိုလ်မှူးရှုဝံသည် ဤအဖြစ်ကို သိလေသလား၊ မသိယောင် ပြုနေသလား၊ စံပယ်က အကဲမခတ်နိုင်သော်လည်း ဗိုလ်မှူးရှုဝံကမူ ယခင်တုန်းက အကျင့်အတိုင်း ထမင်းစားပွဲမှ ထ၍ အခန်းထဲတွင် စကြံလျှောက်နေသည်။ လက်တစ်ဖက်တွင် ကြက်ပေါင်ကြော်ကြီး တစ်ခုကို ကိုင်ထားပြီး အခြားတစ်ဖက်တွင် ငါးပေါင်းကြော်ကြီး တစ်ခုကို ကိုင်ထားသည်။ ဤသို့ ကိုင်ထားရင်း စကြံ လျှောက်လိုက် စကား သုံးလေးခွန်း ပြောလိုက်၊ လက်ထဲတွင်ရှိသော ဟင်းလျာများကို တစ်ကိုက်ကိုက် ပြုနေသည်။

'တောင်ကုတ်ကို ဝိုင်းထားရေ၊ သားတော်ချေ ဘယမင်းရဲ့ တပ်မှူးက အလွန် အစီအမံ ညံ့ဖျင်းတယ် စံပယ်ရဲ့၊ ဝိုင်းထားတာ ကိုးလလောက် ရှိနေပြီ၊ ရန်သူ့ အင်အားက လျော့သွားရမယ့်အစား ပိုလို့တောင် အင်အား ကောင်းလာသေးတယ်၊ ကိန္နရီမြို့ကို ဝိုင်းထားတဲ့ တပ်မှူးကလည်း ကျော်စွာအောင်တဲ့၊ အဲဒီ တပ်မှူးကလည်း ရန်သူ့လက်ချက်နဲ့ ဒဏ်ရာ ရသွားတယ်၊ ဒီတော့မှ အစ်ကို့ကို ကိန္နရီ စစ်မျက်နှာမှာ တာဝန်ထမ်းဖို့ ကိုယ်တော်ကလေး ဘယမင်းရဲရဲ့ စစ်ဦးစီး အဖွဲ့က အမိန့်ပေးတော့တာ'

ဗိုလ်မှူးရှုဝံသည် ပြောလက်စ စကားကို ရပ်လိုက်ပြီး ကြက်ပေါင်ကြော်ကို ကိုက်လိုက်သည်။

'ကိန္နရီ တိုက်ပွဲကို အစ်ကိုရှုဝံပဲ ကွပ်ကဲပြီး တိုက်ခဲ့တယ်လို့ သတင်း ဖြစ်နေပါလား'

စံပယ်သည် လက်ဆေး ဇလုံတွင် လက်နှိုက်ရင်း ဗိုလ်မှူးရှုဝံဘက်သို့ လှည့်သည်။

'ကျော်စွာအောင်က သုံးလနဲ့ တိုက်လို့ မရစွာကို အစ်ကိုက တစ်လတည်းနဲ့ နိုင်အောင် တိုက်ပြလိုက်တယ်၊ ခုလည်း ကျောက်ကြီး တိုက်ပွဲမှာ ရန်သူကို အစ်ကိုတို့က ဝိုင်းတားမိနေပြီ၊ ဒီတိုက်ပွဲကိုလည်း အစကတော့ ကျော်စွာအောင်ပဲ ကွပ်ကဲခဲ့တာပဲ၊ ခြောက်လကြာအောင် ဝိုင်းထားပေမယ့် စောရန္တမိတ်ရဲ့ တပ်သားတွေက လက်နက် မချဘူး၊ ဘယ်ချလိမ့်မလဲ ရေတွေ၊ ထင်းတွေ၊ ဆန်တွေကို သူပုန် တပ်သားတိက မြို့ပြင် ထွက်ပြီး ယူနိုင်နေတာကိုး၊ ကျော်စွာအောင်က ဘာလုပ်နေသလဲဆိုတော့ သူ့အောက်က တပ်ဗိုလ်တိနဲ့ ကြွေအန် ကစားလိုက်၊ ကြက်တိုက် လိုက်၊ ပစ္စည်းရှိရေ လူတိကို သူပုန်နဲ့ ဆက်သွယ်တယ်ဆိုပြီး ငွေညှစ်လိုက် လုပ်နေ တာပဲ၊ ခုတော့ အစ်ကို့ကိုပဲ တာဝန်လွှဲပြီး ပေးပြန်တာပဲ'

'အစ်ကိုက ဘယ်ဖောင်တိုက်ဖို့လို့ စီစဉ်သလဲ'



'ကျောက်ကြီးမြို့ကို ရောက်နိုင်တဲ့ လမ်းမကြီးနဲ့တော့ တောင်လမ်းတိ မှန်သမျှကို ပိတ်ဆို့ထားလိုက်တယ်၊ မြို့ထဲက ထွက်လာတဲ့သူ မှန်သမျှ သုတ်သင်ပစ် ရမယ်လို့ အမိန့်ပေးထားတယ်၊ တစ်လ နှစ်လလောက် ဒီလို ပိတ်ဆို့ထားလိုက်ရင် ရန်သူတွေ ငတ်လာတော့မှာပေါ့၊ ငတ်လာရေခါဇာ စစ်သည်တော်မှ စစ်မတိုက်နိုင် တော့ဘူး'

ဗိုလ်မှူးရှုဝံက ငါးပေါင်းကြော်ကို တစ်ကိုက် ကိုက်ကာ စံပယ့်အား 'ခါးမလား' ဟု မေးသည့်ဟန်ဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

'ကျောက်ကြီးမြို့ကို အပိုင် ပိတ်ဆို့ထားတော့ အရာရောက်ယင့်လား'

'တပ်တိကို စည်းရုံးဖို့ အချိန်ရကေတော့ အရာရောက်လာမှာပဲ၊ တပ်မှူးဟောင်းဆီက လွှဲပြောင်းပြီး ယူလိုက်ရတဲ့ ဗိုလ်တွေရော၊ တပ်သားတွေပါ စည်းကမ်းဆိုလို့ တစ်ခုလည်း မရှိကြဘူး၊ ထက်ဝက်လောက် နီးနီးကို ထုတ်ပစ် လိုက်ရတယ်၊ ပြီးမှ အစ်ကို့ စိတ်ကြိုက် ဗိုလ်တိ၊ တပ်သားတိကို စည်းရုံး ခေါ်ယူရတာပေါ့၊ ကုန်ခဲ့တဲ့ ဆယ်ရက်လောက်က မြို့ထဲက ထွက်ပြီး ရိက္ခာ စုဆောင်းဖို့လာတဲ့ ရန်သူတပ်တစ်တပ်ကို အစ်ကို စည်းရုံးထားတဲ့ တပ်ဗိုလ် တစ်ယောက်က လိုက်ပြီး တိုက်လိုက်တာ ရန်သူတွေ ကစင့်ကလျား ဖြစ်သွားခဲ့ ရတယ်၊ ဒီတိုက်ပွဲမှာ အစ်ကိုကြီး ဥက္ကာရဲ့သား အစ်ကို့ရဲ့တူ သီဟက အစွမ်းပြခဲ့တာ ပေါ့၊ ကုန်ခဲ့တဲ့ ငါးရက်လောက်ကလည်း အစ်ကို့ တပ်သားတွေက ရန်သူ့ ကင်းစခန်း တစ်ခုကို ချေမှုန်းလိုက်နိုင်ခဲ့တယ်၊ သုံ့ပန်းတွေကတော့ နေ့စဉ်လိုလို ဖမ်းမိနေတာပဲ'

ဗိုလ်မှူးရှုဝံသည် ပန်းကန်ပြားထဲမှ ကြက်ရင်အုံ တစ်ခုကို ကောက်ယူကာ တစ်ချက်မျှ အားရပါးရ ကိုက်လိုက်၏။

'ယင်းသုံ့ပန်းတိကို ကျွေးမွေးထားရဖို့ နန့်အစ်ကို'

'ကျွေးမွေးထားရမယ် ဟုတ်လား၊ ပြည်တွင်းစစ်ကြီး ဖြစ်လို့ လူတွေ လယ်မလုပ်နိုင် ချောင်းမလုပ်နိုင်ဘဲ အိုးပစ်အိမ်ပစ် ပြေးနေရတဲ့ အချိန်မျိုးမှာ ကိုယ့် ဘက်က တိုင်းသူပြည်သားတွေတောင်မှ ရှားပါးငတ်မွတ်လို့ ဇာလုပ်ပေးရမှန်း မသိတဲ့ အချိန်မှာ ဒီသုံ့ပန်းတွေ ကျွေးဖို့ ဇာကရိက္ခာ ရနိုင်မှာလဲ၊ ရိက္ခာ ရနိုင်တယ်ထားဦး၊ သင်းရို့ကို ဇာလူတိက တာဝန်ယူ ကျွေးမွေးနေမှာလဲ၊ ဒီတော့ ဒုက္ခငြိမ်းအောင် တိုက်ပွဲမှာ အားလုံး အသေ မိပစ်လိုက်တာပ'

'အိုး ... အစ်ကိုရယ်၊ ယင်းပိုင်းဆိုကာ တရားမျှတမှုဆိုစွာ ဇာမှာ ရှိသီ လို့လေး ... မရက်စက်လွန်း ... မလွန်လွန်ဘူးလား'

'နှမချေ ... စစ်မှာ တရားမျှတမှု ဆိုတာ မရှိဘူး၊ အနိုင်ရေသူဟာ တရားမျှတသူပဲ၊ ရာဇဝင်ကို ပြန်ကြည့်ရင် ရာဝင်ဟာ ဘယ်တော့မှ ရှုံးတဲ့သူတွေဘက်က ရေးနေ မလိုက်ခဲ့ဘူး၊ စစ်မှာ ထိရောက်တဲ့နည်းကိုပဲ အသုံးပြုဖို့ အရေးကြီးတယ်၊ စစ်တိုက်တာဟာ လူသတ်တဲ့အလုပ် လုပ်နေဆဲမှာ သာသနာ့ဒါယကာစိတ် မွေးနေဖို့ဆိုကေ စစ်ရှုံးဖို့ပဲ၊ ဒါပေမဲ့ အစ်ကိုက တိုက်ဖို့ သတ်ဖို့လောက်သာ သိတဲ့ ခြင်္သေ့တွေ ကျားတွေလို တိရစ္ဆာန်ကြီးမျိုးလည်း မဟုတ်ပါဘူး၊ ခြင်္သေ့တွေ ကျားတွေကို ထောင်ဖမ်းတဲ့ မုဆိုးလို လူမျိုးပါ၊ မဟော်သဓာလို ညစ်တတ်တဲ့ စစ်ဗိုလ်မှူးလို ရှုတ်ချရင်လည်း အစ်ကို ခံမှာပဲ'

ဗိုလ်မှူးရှုဝံသည် မိမိ၏ စကားကို မိမိသဘောကျကာ တဟားဒဟားရယ်သည်။ စံပယ်က ချစ်သူ စစ်သားကြီး၏ မျက်နှာကို ခပ်ငေးငေး ကြည့်သည်။

'ကိုယ်တော်ကြီး စောရန္တမိတ်ဘက်သားတိက အစ်ကို့ကို သုတ်သင်ပစ်နိုင်ရန် ဆုတော်ငွေ ငါးသောင်း ပေးဖို့လို့ ကြေညာထားတယ် မဟုတ်လား၊ အစ်ကို့ကို ရန်သူတွေက သိပ်ပြီး ကြောက်လည်း ကြောက် မုန်းလည်း မုန်းတယ်လို့ ပြောနေကြပါလား'

'အို ယင်ဒချင့်က အစ်ကို့ကို ရန်သူတိက ကြောက်လည်း မကြောက် မုန်းလည်း မမုန်းဘဲ နေကေ အစ်ကိုဟာ ဘုရင်မကြီးနှင့် ကိုယ်တော်ကလေး ဘယမင်းရဲရဲ့ ဘက်တော်သား ဖြစ်နေနိုင်ပါဦးမလား၊ အစ်ကို့ကို ရန်သူတွေက မုန်းမှ အစ်ကိုဟာ တပ်မှူးကောင်း တစ်ယောက် ဖြစ်တော့မှာပေါ့'

ဗိုလ်မှူးရှုဝံသည် စစ်အကြောင်းကို ငြီးငွေ့လာဟန်ဖြင့် စံပယ်၏ ခုတင်ပေါ်သို့ တင်ပါးလွှဲထိုင်လာသည်။

'ပြည်တွင်းစစ်ကြီးဟာ အစ်ကိုတို့ နှစ်ယောက်အတွက် အင်မတန်မှ ကြီးကျယ်တဲ့ ပြဿနာကာကွာ၊ ဒီတော့ အစ်ကိုတို့နှစ်ယောက် အကြောင်းကိုပဲ ပြောကြပါစို့လား'

အမှန်က စံပယ်သည် မိမိတို့နှစ်ယောက် အကြောင်းကို မကြားလိုသောကြောင့် တမင်ပင် တိုက်ပွဲများ အကြောင်းကို ဆက်တိုက် မေးနေခဲ့ခြင်းဖြစ်သည်။ ယခုမူ စစ်သားကြီးက မိမိတို့ နှစ်ယောက် အကြောင်းကို ပြောရန် နိဒါန်းချီလာပေပြီ။

စံပယ်သည် ခေါင်းကို တစ်ဖက်ကို ငုံ့လိုက်ရင်း ပြုံး၏။

'ခု ကျောက်ကြီးတိုက်ပွဲမှာ အစ်ကိုရို့တစ်တွေ စစ်မြေပြင်မှာပဲ တဲလိုးပြီး နေကြရတာပေါ့နော်'



နိဒါန်းချီလာသည့် စစ်သားကြီး၏ စကားဦးကို စံပယ်က လမ်းကြောင်းလွှဲပေးလိုက်ရန် ကြိုးစားကြည့်သည်။

'တဲမှာဆိုကေ ဇာဗိုလ်မှာ မနေဘူး၊ ကျောက်ကြီးမြို့တစ်ဝိုက်မှာ အိမ်ကြီးအိမ်ကောင်းတိ၊ ဘုန်းကြီးကျောင်းတိပြည့်လို့ ယင်းမှာပင် အားလုံး နေကြတာပေါ့၊ ကျောက်ကြီးမြို့ ပြင်ဘက်မှာ ရှိရေ ကျောက်ကြီး ဂေဟာဆိုစွာ တော်တော့်ကို ကြီးတာ ယင်းဂေဟာမှာ ရှိတဲ့ ကျွဲတွေ၊ နွားတွေ၊ ဆိတ်တွေ မှန်သမျှ အားလုံး သိမ်း၊ အငှားချထားတဲ့ လယ်တွေက လယ်ခွန် လယ်ခ မှန်သမျှလည်း သိမ်း၊ အသိမ်းမခံဘူး ငြင်းတဲ့လူကို လည်ပင်းမှာ ကြိုးတပ်ပြီး သတ်ပြ၊ ကိန္နရီနဲ့ ကျောက်ကြီးနယ် တစ်ဝိုက်မှာ ရှိတဲ့လူတွေက ရှုဝံဟု ဆိုလိုက်ရင် ဖိတ်ဖိတ်တုန်သွားကြရတာပေါ့၊ ကလေးတွေ ငိုရင်တောင် ရှုဝံ လာပြီလို့ ခြောက်လိုက်ရင် အငို တိတ်သွားရတာပေါ့ကွာ'

ဗိုလ်မှူးရှုဝံက ပြက်လုံးတစ်ခုကို ပြောပြနေသကဲ့သို့ ရယ်လိုက်သည်။

'အစ်ကိုရဲ့ အစ်ကို ကိုဥက္ကာရို့ကတော့ ဗိုလ်လုပ်ပြီး ရန်သူကို တိုက်ပေမယ့် လူချစ်လူခင်လည်း သိပ်များတာ မဟုတ်လား'

စံပယ်သည် ဗိုလ်မှူးရှုဝံ၏ မျက်နှာကို အကဲခတ်ရင်း နူးညံ့သော လေသံဖြင့် စိတ်မကောင်းစွာ ပြောလိုက်သည်။

'စံပယ်ရယ် ကိုယ့်မှာက အစ်ကိုကြီး ကိုဥက္ကာလိုမှ သားကောင်း မယားကောင်း မရှိတာ၊ အစ်ကိုက ကိုဥက္ကာလို ဘဇောင် ဖြစ်နိုင်ပါ့မလား၊ ယောကျ်ားတစ်ယောက် ဖြစ်ဖြစ်၊ မိန်းမ တစ်ယောက် ဖြစ်ဖြစ်၊ အိမ်ထောင်တွင်း စိတ်ဆင်းရဲမှုရဲ့ အညှဉ်းပန်း၊ အနှိပ်စက်ခံရပြီ ဆိုကေ ယင်းလူဟာ သစ်တုံးကြီးရင်လည်း ဖြစ်သွားရမယ်၊ မဟုတ်ကေ အမြဲ ရှူးသွတ် ဒေါထန်နေတဲ့ ကျားရိုင်းကြီးရင်လည်း ဖြစ်သွားရမယ်၊ အဲဒီ နှစ်ခုဟာ တစ်ခုခုပဲ၊ ကိုယ်ကတော့ နာကြည်းမှုတွေ အပြည့်နဲ့ ကျားရိုင်းကြီး ဖြစ်နေရတော့တာပေါ့ကွာ'

ဗိုလ်မှူးရှုဝံ၏ မျက်နှာသည် နာကြည်းသည့် လက္ခဏာဖြင့် မှိုင်းနေ၏။

'အစ်ကိုရှုဝံရဲ့ သားက အစ်ကိုရှုဝံနန့် အတူတူပဲလား'

စံပယ်သည် ချစ်သူ ရှုဝံတို့ သားအဖ နှစ်ယောက် အကြောင်းကို သတင်းစကား ကြားထားသူ ဖြစ်သည့်အတိုင်း မရဲတရဲ မေးလိုက်သည်။

'ကျုပ်သား ... ငကြောက်လား၊ သူ့ဆရာနဲ့ အတူတူ ရှိရေလေ'

'အစ်ကို့သားက ဘယ်သူနဲ့ တူသလဲ'

'ဟသ်ာဆိုရေ အကောင်က အစ်ကိုရို့ ရှုဝံသွေး တစ်စက်မှ ရှိရေ အကောင် မဟုတ်ဘူး၊ သူ့အမေ ထိုစွာမနန့် သွားပြီး တူနေတာ'

ဗိုလ်မှူးရှုဝံသည် စိတ်ထိခိုက်ပုံ ရနေ၏။ နှစ်ယောက်သား ဆက်၍ စကား မပြောမိကြဘဲ ငြိမ်သက်နေကြ၏။ အတန်ကြာမှ စံပယ်က ပင့်သက် ရှိုက်လိုက်သည်။

'သာယာ ပျော်ရွှင်တဲ့ အိမ်ထောင်တစ်ခု ဖြစ်အောင် အစ်ကိုက တစ်ခါမှ မကြိုးစားခဲ့ဖူးလားကွယ်'

'သာယာ ပျော်ရွှင်တဲ့ အိမ်ထောင် ဆိုတာ ကိုယ့်အဖို့က စကားထဲမှာသာ ရှိတာပါ၊ ယင်းပိုင် သာယာပျော်ရွှင်မှု ဆိုတာဟာလည်း စံပယ်က အစ်ကို လာတွေ့တာကို လက်မခံတဲ့ အချိန်ကစပြီး အစ်ကို့အဖို့ ပျက်စီးသွားခဲ့ပြီးပြီ မဟုတ်လား'

စံပယ်သည် မည်သည့် ပြန်ပြောရမည်ကိုပင် မသိအောင် ဝမ်းပန်းတနည်း ဖြစ်မိ၏။ အဆောင်ခန်းထဲတွင် အမှောင်ရိပ် ဖျိုးလာခဲ့ပြီ။

'စံပယ်က အစ်ကို့ကို အောာဝ အမျှပဲ ဆိုစွာနဲ့ သာယာဂေဟာကို ချက်ချင်း လိုက်လာခဲ့တာကို စံပယ်က အတွေ့မခံနိုင်ဘူးလို့ ငြင်းလိုက်တဲ့ အချိန်ကစပြီး အစ်ကို့ ဘဝဟာ ရှင်ရက်နဲ့ သေနေရတဲ့ ဘဝပဲ၊ ကိန္နရီ ခင်ခင်ကို အစ်ကို လက်ထပ်ပြီး ယူလိုက်တဲ့ အကြောင်းကိုလည်း စံပယ် ကြားမှာပဲ၊ ပုံကြီးချဲ့ပြီး ပြောတာတွေလည်း ပါမှာပေါ့လေ၊ အစ်ကိုရဲ့ ညှံ့ဖျင်းတဲ့ စိတ်ထားကို ဝန်ခံရရင် ဒီမိန်းမဆီက ငွေနဲ့ ပစ္စည်းတွေကို လိုချင်လို့ ယူလိုက်တာပဲ၊ တခြား ဘာအကြောင်းလည်း မရှိဘူး'

'ယင်းပိုင်ဆိုကေလည်း သူ့အပေါ်မှာ သနား ခင်တွယ်စရာ စိတ်မျိုးတော့ ပေါ်ဖို့ ကောင်းပါရေ'

'မပေါ်ပါဘူးလေ၊ ကိုယ့်မှာက ချစ်ခင် တွယ်တာမှု ဆိုတာတွေဟာ ကုန်ခန်းသွားခဲ့ပြီးပြီပဲ၊ ကိုယ့်ကိုယ်ထဲမှာ မကောင်းတဲ့ စိတ်ယုတ် စိတ်ဆိုးတွေပဲ လူနဲ့ အတူ ကျန်ခဲ့တယ်၊ ကိုယ့်မှာ အချစ်ဆိုတာ မရှိတော့ဘူး၊ လိုချင်တာတွေပဲ ရှိတော့တယ်'

'လိုချင်တဲ့ ငွေနဲ့ ပစ္စည်းကိုလည်း မရခဲ့ဘူး မဟုတ်လား'

'ယင်းအချိန်ကတော့ မရခဲ့ဘူးပေါ့၊ ခုတော့ ရနေပြီ၊ ကိန္နရီ မြို့မှာရှိတဲ့ ကိန္နရီ ဂေဟာကြီးကိုရော ဒီမိန်းမပိုင်တဲ့ လယ်တွေ မြေတွေရော အစ်ကိုက သိမ်းယူလိုက်ပြီး ရောင်းစားပစ်လိုက်တယ်၊ သူနဲ့ ရတဲ့ သားကလည်း အစ်ကို့ဆီမှာ



သမီးကတော့ သူ့ဆီမှာပဲ ရှိသေးတယ်၊ သမီးက အစ်ကို့ကို ပြုစု လုပ်ကိုင်ပေးနိုင်တဲ့ အချိန်ကျရင် အစ်ကို့ဆီကို ရောက်အောင် ပြန်ခေါ်မှာပဲ'

'အစ်ကိုရှုဝံရယ်၊ အစ်ကိုရှုဝံဟာ စံပယ်နဲ့ ချစ်ခရေ ရှုဝံ မဟုတ်တော့ဘဲ နဲ့ရှုဝံ အသစ် တစ်ယောက်အဖြစ် ပြောင်းလဲနေတော့တာပါပဲကလားကွယ်'

စံပယ်သည် ကြေကွဲ ဝမ်းနည်းစွာပင် ပြောလိုက်မိသည်။

'ယပိုင် ပြောင်းလဲနေပြီ ဆိုကေလေ့၊ ပြောင်းလဲသွားရတဲ့ အကြောင်းကို စံပယ် တစ်ယောက်တည်း သိနေတယ် မဟုတ်လား'

ဗိုလ်မှူးရှုဝံ၏ အသံကလည်း နွမ်းဟိုက် ခွေလျှသည့်အသံ ပါနေသည်။ နေရောင်ခြည်က ပြတင်းတံခါးများ၏ မေးဖျားမှာ ဝေးခြား၍ သွားပြီ ဖြစ်သည့် အတွက် စံပယ်၏ ခန်းဆောင် တစ်ခုလုံးသည် အမှောင်ရိပ်သန်းနေသည့် ဟင်းလင်းပြင် တစ်ခုကဲ့သို့ ဖြစ်လာသည်။

ထိုဟင်းလင်းပြင်တွင် ဆယ့်ငါးနှစ်သော အချိန်ကာလ၏ အဖြစ်အပျက် မှန်သမျှတို့သည် စံပယ်တို့ နှစ်ယောက်အကြားတွင် လာရောက် စုပုံနေသည်ဟု ဆိုနိုင်သည်။

ဗိုလ်မှူးရှုဝံသည် စံပယ်၏ ညာလက်ကို သူ့လက်တစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ကာ စံပယ်၏ လက်ဝါးပြင်နုနုကို သူ၏ နှုတ်ခမ်းအစုံပေါ်တွင် ဖိထားလိုက်သည်။ လက်ဝါးပြင်တွင် ထင်ဟပ်လာသည့် အတွေ့အထိသည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်သော ကာလက အတွေ့အထိမျိုးပင် ဖြစ်ကြောင်း စံပယ်က ကောင်းစွာ သိသည်။

ဗိုလ်မှူးရှုဝံသည် စံပယ်၏ လက်ကို မိမိ နှုတ်ခမ်းအစုံပေါ်မှ ပြန်ချလိုက်ကာ ခုတင်ပေါ်မှ ဆင်းလျက် ကြမ်းပြင်ပေါ်တွင် ရပ်လိုက်သည်။

'အစ်ကိုရို့ နှစ်ယောက် အပေါ်မှာ ကံတရားက ဇာဖြစ်လို့များ ယလောက် နှိပ်စက်ကလူ ပြုနေတာလဲ စံပယ်ရယ်'

'စံပယ်ကလေ ကံတရားကို စိတ်မနာတော့ပါဘူး၊ အရင်တုန်းကတော့ ကံတရားဆိုစွာ စံပယ်ရို့ အပေါ်မှာ မတရားလေခြင်းလို့ ထင်မိခရေ၊ ယကေလေ့ ကံတရားကလည်း စံပယ့်ကို လောကဲခံရဲ့ ရိုက်ပုတ်မှု ဒဏ်ရာဒဏ်ချက်တွေကို ခံနိုင်စွမ်း ရှိအောင် ပြုပြင် စီရင်ပေးခဲ့တာပဲ မဟုတ်လား'

ခန်းဆောင်ထဲတွင် လက်နှစ်ဖက်ကို နောက်ပစ်လျက် စကြံလျှောက်နေသော ဗိုလ်မှူးရှုဝံသည် စံပယ်၏ ခုတင်နားသို့ လာ၍ ရပ်လိုက်ကာ စံပယ်၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်သည်။

'စံပယ်လေ အရင်ကထက်တောင် ပိုပြီး လှရောစိတ်ရော လှနေတာပါပဲကလား၊ ယင်းပိုင် လှနေတယ်လို့ ဘယ်သူကမှ မပြောပြဘူးလား'

စံပယ်သည် အထိန်းတော်ကြီး ဒေါ်မေတ္တာ၏ စကားကို ကြားယောင်လျက်ပြုံးလိုက်သည်။

'စံပယ့်ကို အခုပိုင် မြှောက်ပင့်နေကေလေ့ ကျေးဇူးတင်စွာက လွှဲပြီး လှုပ်ရှားတက်ကြွစွာတိ မဖြစ်တော့ပါဘူး အစ်ကိုရယ်'

'စံပယ့် တစ်ကိုယ်လုံးမှာ မမှတ်မိတဲ့ နေရာဆိုလို့ အပ်ဖျားကလေးလောက်တောင် မရှိဘူး၊ အမြဲသတိရ၊ အမြဲ တွေးနေတာ၊ စံပယ်ရဲ့ ကျောကုန်း အလယ်တည့်တည့်မှာ မှည့်ကလေး တစ်လုံး ရှိတယ်၊ ယင်းချင့် (ဒီလို) ရှိနေတာကို စံပယ်က သဘောမကျဘူး၊ ယကေလေ့ အစ်ကိုကတော့ အဲဒီ မှည့်ကလေး ရှိနေတဲ့အတွက်ပဲ ပိုပြီး သဘောကျနေမိတယ်'

'အေမှာ အစ်ကို… အချိန်တော်တော် ကြာသွားပြီ၊ အောက်ထပ်ကို ဆင်းပြီး အစ်ကိုရဲ့ ဗိုလ်တွေနဲ့ တွေ့ဖို့ ကောင်းပြီ ထင်တယ်၊ ဒီနေ့ည အစ်ကိုရှိ ဇလွန်အရောက်သွားပြီး အိပ်ဖို့ အစီအစဉ် ရှိတယ်ဆိုတာ ကြားလိုက်မိသလားလို့'

'ယင်းချင့်ကို ထားစမ်းပါ၊ အစ်ကို ပြောမယ့် စံပယ်ရဲ့ ဘယ်ဘက် ပေါင်အရင်းနားမှာ အမာရွတ်ကလေး တစ်ခု ရှိတယ် မဟုတ်လား၊ သရက်ပင်ပေါ်မှာ ချိန်းပြီး တွေ့ကြတုန်းက သရက်ကိုင်း စူးသွားလို့ ရထားတဲ့ ဒဏ်ရာကနေပြီး အမာရွတ် ဖြစ်သွားတာ၊ ဟောဒီနားဆီမှာ'

'အို အစ်ကိုရယ်၊ အစ်ကို့ တပ်သားတိက မြင်းတိကို ခြောင်းထဲက ထုတ်နေကြပြီ၊ လားဖို့ ပြင်ဆင်ကုန်ကြပြီ ထင်တယ်၊ အေအတိုင်းဆိုရင်တော့ ငါးတိုင်လောက်ရှိတဲ့ ခရီးကို မိုးလင်းလို့မှ ရောက်နိုင်ပါ့မလား'

'စံပယ်ရယ်၊ အစ်ကို့ရှေ့မှာ ငါ အသက် သုံးဆယ့်လေးနှစ်တောင် ရှိတဲ့ မိန်းမကြီးဆိုပြီး ခုတင်ပေါ်က အိန္ဒြေရှင်ကြီး ဟန်မျိုးနဲ့ လုပ်မနေစမ်းပါနဲ့၊ ကိုယ်ကတော့ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်တုန်းကလိုပဲ စံပယ့် အပေါ်မှာ ဘာဖောင်မှ မပြောင်းဘူး၊ ပြောင်းလည်း မပြောင်းနိုင်ဘူး'

ဗိုလ်မှူးစူဝံ၏ အသံသည် လှုပ်ရှားနေသည်။ သူသည် ပြောပြောဆိုဆိုဖြင့် ထိုင်လိုက်ကာ စံပယ့် တစ်ကိုယ်လုံးကို သိမ်းကြုံး ပွေ့ဖက်လိုက်ပြီး ကလေး သိပ်သကဲ့သို့ အိပ်ရာထက်တွင် ဖြည်းညင်းစွာ ချသိပ်လိုက်သည်။ ဆယ့်ငါးနှစ်တည်း ဟူသော အချိန်ကာလတို့သည် အမှောင်ရိပ်ထဲတွင် လူးလွန့် လှုပ်ရှားနေခဲ့ကြပါပြီ။



'အရင်ခေါက်က (အရင်တုန်းက) သရက်ပင်ပေါ်မှာ ချိန်းပြီး တွေ့ခဲ့ကြရတယ်၊ ခုတော့ လင်းသာဂေဟာ အဆောင်မြင့်မှာ ချိန်းပြီး တွေ့ကြရတော့မယ်'

အစ်ကိုစူဝံက သူ့မျက်နှာကို စံပယ့် မျက်နှာနှင့် ပူးကပ်၍ ထားရင်းတိုးတိုးကလေး ပြောလိုက်သည်။

စံပယ်၏ မျက်လုံးအစုံတွင် မျက်ရည်များ စို့နေသည်ကို ဗိုလ်မှူးစူဝံက ပဝါဖြင့် တို့ပေးရင်း စံပယ်၏ နဖူးကို ခပ်ဖွဖွကလေး နမ်းလိုက်သည်။

'ဆယ့်ငါးနှစ် ကြာပြီးမှ ပြန်တွေ့ရသောကြောင့်လား မသိဘူး၊ အစ်ကိုရှိ စိတ်ထဲမှာ အသစ်အဆန်းလို ဖြစ်နေတယ်နော်'

ဗိုလ်မှူးစူဝံသည် ပြောပြောဆိုဆိုဖြင့် ဖရိုဖရဲ ဖြစ်နေသော စံပယ်၏ ဆံပင်ကို လက်ချောင်းကြမ်းများဖြင့် တယုတယ ပြုပြင်ပေးနေသည်။

'အစ်ကို့ အချစ်၊ အစ်ကို့ အသည်း၊ အရူးမကလေး စံပယ်ရယ်၊ စံပယ်ရဲ့ မမွေးကြိုင်တဲ့ မာနဟာ အစ်ကိုတို့ နှစ်ယောက်ရဲ့ ဘဝနှစ်ခုလုံးကို သာယာမှုကင်းအောင် ဖန်တီးခဲ့တယ် ဆိုတာ နားလည်ပြီလားကွယ်'

'အစ်ကို့ကို အတွေ့မခံဘဲ ငြင်းလိုက်တဲ့ အချိန်ကတည်းက စံပယ် နားလည်ခဲ့ပါတယ်၊ ယင်းချင့်ရေ (ဒါဟာ) မာန မဟုတ်ပါဘူး၊ အစ်ကို့ အပေါ် ထားခဲ့တဲ့ စေတနာပါ'

'နားလည်ရက်၊ စေတနာထားရက်သားနဲ့ ဇာဖြစ်လို့ အစ်ကို လာတာကို လက်မခံဘဲ ငြင်းခဲ့ရတာလဲဟင်'

'စံပယ် ယင်းခါက မငြင်းခဲ့ရင် အစ်ကိုက စံပယ့်ကို မုန်းသွားတာ ကြာလှရောပေါ့၊ ကိန္နရီခင်ခင်ကို အစ်ကို မုန်းသလို စံပယ့်ကိုလည်း ကြာတော့ မုန်းသွားမှာပဲ မဟုတ်လား'

'ယင်းပိုင်ဆိုကေ အစ်ကို့ အချစ်ကို အထင်သေးတာပဲ'

'ဖြစ်ပြီးခစ္စာတိကို ပြန်ပြောနေလို့ ထူးတော့မှာ မဟုတ်ပါဘူး အစ်ကို'

'ဟုတ်တယ် မထူးတော့ပါဘူး၊ အတိတ်ဆိုတာ လွန်ခဲ့ပြီ မဟုတ်လား၊ ယကေလေ့ စံပယ်နဲ့ အစ်ကို့အတွက် အနာဂတ်ကတော့ ရှိနေတာပဲ၊ အစ်ကိုနဲ့ ကိန္နရီခင်ခင်တို့ရဲ့ အိမ်ထောင်ရေးကလည်း စံပယ် သိထားတဲ့အတိုင်း ပြတ်ပြတ်စဲစဲ ရှိသလောက်ပဲ၊ အစ်ကို့မှာ အိမ်ထောင်သစ် ပြုနိုင်တဲ့ အခွင့်အရေး ရှိနေတယ်'

'ရှိနေကေလေ့ ပစ္စည်းဥစ္စာ ရှိရေ၊ အမျိုးသမီး တစ်ယောက်နဲ့ အိမ်ထောင်သစ် ပြုလိုက်ပေါ့'

'အစ်ကို့ အဖို့ အခုအချိန်မှာ ပစ္စည်းဥစ္စာ ရှိတဲ့ မိန်းမကို လိုက်ရှာဖို့ မလိုတော့ဘူး၊ အစ်ကို့မှာ ပစ္စည်းဥစ္စာတွေ ရှိနေပြီ မဟုတ်လား၊ ယေနန့် အပျိုတိုက လင်ကောင် ဖမ်းဖို့ လိုက်နေကြလို့ အခု အစ်ကိုက မနည်း ရှောင်နေရတယ်'

'ယင်းအထဲက တစ်ယောက်ယောက်ကို ခေါင်းခေါက်ပြီး ရွေးယူလိုက်ပါလား အစ်ကိုရယ်'

'ဟုတ်တယ် အစ်ကို ယူရမှာပါပဲ၊ တစ်ယောက်တော့ တွေ့ထားပါပြီလေ၊ အဲဒီ တစ်ယောက်က သူ့နာမည် စံပယ်သာယာတဲ့'

အိပ်ရာပေါ်တွင် လက်ထောက်၍ စကားဆိုနေသည့် ဗိုလ်မှူးရှုဝံ၏ ပခုံးနှစ်ဖက်ကို စံပယ်က လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်းကလေး ဖိညှစ်ဆုပ်ကိုင်ထားမိကာ သူ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ သူ့ဆံပင်၊ သူ့မဟာနဖူး၊ သူ့မျက်ခုံး၊ သူ့မျက်လုံး အို … သူ့တစ်ကိုယ်လုံးကို စံပယ်က သူ့နည်းတူပင် နေရာမလပ်အောင် ယခုတိုင် မှတ်မိနေသည်။ စံပယ်သာ သူလို ယောကျ်ားကြီးတစ်ယောက် ဖြစ်ခဲ့လျှင် သူက သရက်ကိုင်းနှင့် ခြစ်မိသဖြင့် မည်သည့်နေရာတွင် အမာရွတ် ရှိသည်ကို ပြောနိုင်သလို စံပယ်ကလည်း သူ့တွင် မည်သည့် နေရာ၌ အမှတ်မည်းကလေး တစ်ကွက် ရှိသည်ဟု ထုတ်ဖော် ပြောရဲမည် ဖြစ်ပါသည်။ ယခုမူ စံပယ်သည် မိန်းမသား တစ်ယောက် ဖြစ်နေရသည် မဟုတ်ပါလား။

ထိုအတိုင်းပင် ယခုလည်း စံပယ်သည် မိမိအား လက်ထပ်ရန် အဆိုပြုလာသည့် ဗိုလ်မှူးရှုဝံ၏ စကားကို အသည်းနင့်နင့်ဖြင့် ငြင်းပယ်လိုက်ရရှာသည်။

'ဘဇာင်မှ မဖြစ်နိုင်ပါဘူး အစ်ကိုရှုဝံရယ်'

'ဇာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ စံပယ်'

'အစ်ကို ရှုဝံကို ခြေထောက် မသန်မစွမ်း ဖြစ်နေတဲ့ မိန်းမတစ်ယောက်နဲ့ လက်မထပ်စေချင်လို့ပါပဲ'

'အေအတိုင်းဗျယ်လား၊ သဘောထား မပြောင်းတော့ဘူးလား'

'ဇာခါမှ ပြောင်းမှာ မဟုတ်ပါဘူး၊ အေအတိုင်းပဲ ဆုံးဖြတ်ချက် ချထားပြီးသားပါ'

'ယကေ ကျုပ်က အတင်းပဲ ကျုပ်ပိုင်တဲ့ အိမ်တစ်အိမ်ကို ခေါ်သွားပြီး အတင်း လက်ထပ်လိုက်ရင်ကော'

'ယင်းချင့်က အစ်ကိုရှိ စစ်သားတိ လုပ်နေကျ အလုပ်မျိုးပဲ၊ စံပယ်က ဘယ်လိုမှ တားဆီးနိုင်မှာ မဟုတ်ဘူးပေါ့၊ တခြား ဘယ်သူကမှလည်း မတားဆီးဝံ့ပါဘူးလေ၊ ယကေလေ့ စံပယ်ကတော့ ခြေထောက် မသန်မစွမ်းတဲ့ မိန်းမ တစ်



ယောက် အဖြစ်နဲ့ ဘယ်တော့ ငြိုးငွေ့သွားပါ့မလဲလို့ အမြဲ စိုးရိမ် စိတ်ဆင်းရဲနေရရုံပဲပေါ့'

ဤစကားများသည် စံပယ်၏ အသည်းနှလုံးကို ပြုတ်ပြုတ် ပြန်းအောင် ချေမွခဲ့ပြီးမှ စံပယ်၏ နှုတ်ဖျားမှ ထွက်လာခဲ့ကြသည်။

စံပယ်သည် မောဟိုက် ခွေနုံးစွာဖြင့် ခေါင်းအုံးပေါ်တွင် ပြန်၍ လှဲလိုက်သည်။ ဗိုလ်မှူးရှုဝံသည် စံပယ့်ကို တယုတယ ထွေးပိုက်၍ ထားရာမှ သူ့လက်နှစ်ဖက်ကို ညင်သာစွာ ရုပ်လိုက်ပြီး စံပယ် ကိုယ်ပေါ်မှာ လွှမ်းခြုံထားသည့် စောင်ကို ပြင်ဆင် လွှမ်းခြုံပေးသည်။

'အစ်ကို … စံပယ့်ကို သောက်ရေ တစ်ခွက် ပီး(ပေး)ပါ' ဟု ပြောလိုက်သောအခါ ရေတာကောင်းထဲမှ သောက်ရေကို ငွေခွက်ထဲသို့ လောင်းထည့်လိုက်ပြီး ကြင်နာ ယုယစွာ ပေးလိုက်သည်။ နှစ်ယောက်စလုံး စကားတစ်ခွန်းမှ မပြောမိကြ။

အခန်းဆောင်ထဲတွင် လုံးဝ မှောင်နေပြီ ဖြစ်သည်။ သူငယ်အိပ်ဆိတ် အချိန်သို့ပင် ရောက်နေပြီဟု ထင်ရသည်။ ခြံဝင်းကြီးအတွင်းမှ မြင်းများ၏ ဟီးသံကို ကြားနေရသည်။

'အေနို (ဒီနေ့) ညတော့ ဇလွန် ရောက်အောင် သွားမှ ဖြစ်မှာပါပဲကွာ'

ဗိုလ်မှူးရှုဝံက ကွဲအက် ဆို့နစ်သော အသံဖြင့် ပြောသည်။ ဇလွန်သည် ဒွါရာဝတီ မြို့၏ တောင်ဘက် ကျောက်ကြီးမြို့၏ မြောက်ဘက်တွင် ရှိသည့်ရွာဖြစ်သည်။

စံပယ်က ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ခွဲခွာရတော့မည် ဖြစ်၍ စကားမပြောနိုင်လောက်အောင် ဆို့နစ်နေသည်။

ဗိုလ်မှူးရှုဝံသည် ပြတင်းပေါက် ရှိရာသို့သွားကာ ဩကာသ လောကကြီးကို ခဏမျှ ငေးမော ကြည့်ရှုသည်။ လင်းသာ ဂေဟာကြီး၏ အနောက်ဘက်မျက်နှာစာရှိ ပြတင်းတံခါးများမှနေ၍ ဖြာထွက်နေသည့် မီးတိုင်များ၏ အလင်းရောင်က စံပယ့် ခန်းဆောင် ရှိရာသို့ ရောင်ပြန်ဟပ်နေသည်။ ဂေဟာကြီး တစ်ခုလုံးတွင် ဖယောင်းတိုင်များ၏ အလင်းရောင်ဖြင့် ထိန်ထိန်ညီးနေလိမ့်မည်။

ဂေဟာကြီး၏ စကြံမှ သီချင်းသံနှင့် စောင်းသံက သာယာ ငြိမ့်ငြောင်းစွာ ပြန့်ထွက်လာသည်။ ကိုရှုပ၏ သီချင်းသံနှင့် ဇနီးဖြစ်သူ ဝတ်မှုန်၏ စောင်းသံပင် ဖြစ်သည်ဟု စံပယ်က အတတ် သိနေသည်။

ဗိုလ်မှူးရှူဝံသည် စံပယ်ရှိရာ ခုတင်ဘေးသို့ ရောက်လာကာ ဒူးထောက်၍ ထိုင်လိုက်သည်။

'စံပယ် နှမချေ'

ဗိုလ်မှူးရှူဝံက ညင်သာစွာ ခေါ်လိုက်သည်။

'အစ်ကို့ကို ခြေထောက် မသန်မစွမ်း ဖြစ်နေတဲ့ အမျိုးသမီး တစ်ယောက်နဲ့ လက်မထပ်စေချင်ဘူးဆိုတဲ့ စံပယ်ရဲ့ စေတနာကို အစ်ကို နားလည်ပြီ၊ နားလည်တာနဲ့ အမျှလည်း ဒီစေတနာရဲ့ တုံ့ပြန် ရိုက်ခတ်မှုကို အစ်ကို့ အသည်းနှလုံးထဲမှာ နင့်နေအောင် ခံစားရတာပဲ၊ ဒါပေမဲ့ တစ်ခါတုန်းက အစ်ကိုနဲ့ စံပယ်တို့ နှစ်ဦးကြားမှာ ရှိနေခဲ့တဲ့ အချစ်မျိုးကတော့ အစ်ကိုတို့ နှစ်ဦးစလုံးရဲ့ ရင်ထဲ အသည်းထဲမှာ သံမှိုစွဲသလို မြဲမြဲကြီး ရှိနေမှာပဲ မဟုတ်လား'

'ဟုတ်ပါတယ် အစ်ကို၊ စံပယ်နဲ့ အစ်ကိုဟာ အသည်းနှလုံးချင်းပဲ ချစ်နေရမယ့် ဘဝ၊ ရုပ်ဝတ္ထုအားဖြင့် လင်ရယ် မယားရယ်လို့ မနေနိုင်တဲ့ ဘဝကို မျက်မှောင်ပြုနေကြရတယ် ဆိုတာ အစ်ကိုလည်း'

ကိုရှုပ၏ သီချင်းသံက ဆွဲဆောင်မှု အပြည့်အဝ ရှိ၏။ ဇနီးဖြစ်သူ ဝတ်မှုန်က စောင်းကြိုးများကို တီးခတ်ရင်း ချစ်သူ ကိုရှုပ၏ မျက်နှာကို မည်သို့ ကြည့်နေမည်ကို စံပယ်၏ မျက်စိထဲတွင် မြင်နေမိသည်။

'စံပယ့်ကို အစ်ကိုက အမြဲချစ်နေမှာပဲ၊ စံပယ်ကလည်း အစ်ကို့ကို အမြဲချစ်နေမယ်ဆိုတာ အစ်ကို ယုံကြည်တယ်၊ အခုပိုင် ဆယ့်ငါးနှစ် ကြာပြီးတဲ့အချိန်မှာ ပြန်တွေ့ရတဲ့နေ့ကစပြီး စံပယ်နဲ့ အစ်ကိုဟာ တစ်ယောက်ကို တစ်ယောက် မေ့ပြစ်လို့ ရနိုင်တဲ့ သူတွေ မဟုတ်ဘူးဆိုတာ တကယ် သိလာကြပြီ၊ ဒီတော့ စံပယ့်ဆီကို အစ်ကို မကြာ မကြာ လာပါရစေလား'

'အစ်ကိုရှူဝံ လာချင်တဲ့ အချိန်မှာ လာနိုင်ပါတယ်'

သီချင်းသံနှင့် စောင်းသံအဆုံးတွင် ဝိုင်း၍ နားဆင်နေကြသူများ၏ ဩဘာသံများက လွှမ်းမိုးသွားသည်။ ထပ်၍ ဆိုရန်တီးရန်လည်း တောင်းပန်နေကြသည်။ ဝတ်မှုံက သစ္စာထား တေးရှင်ရှင် တစ်ပုဒ်ကို တီးခတ်လိုက်သည်။ နားဆင်သူများက သံပြိုင်လိုက်နေကြသည်။

'ခြေထောက်က အရင်ခေါက်ကပိုင် နာနေသေးလား'

ဗိုလ်မှူးရှူဝံက ကြင်နာစွာ မေးလိုက်သည်။

'ရာသီဥတု အေးလာကေ တစ်ကေလောက်(နာ) ကိုက်သလိုလို ကျင်သလိုလို လောက်ပါပဲ'



'ဒါကို ပျောက်အောင် မကုနိုင်ဘူးလား'

'ဒေါ်မေတ္တာက သမားတော်တွေ ပေးထားတဲ့ လိမ်းဆေးတွေနဲ့တော့ ပွတ်သပ် လိမ်းပေးတာပဲ၊ ဒါပေမဲ့ ထူးခြားလှတယ်လို့ မရှိပါဘူး၊ အရိုးတွေက ကြာသွားပြီး တွန့်လိမ်နေတာ၊ ဒါကို အရင်အတိုင်း ပြန်ဆက်အောင် လုပ်လို့ မရဘူး'

'အစ်ကို့ကို ပြပါလား စံပယ်ရယ်'

'မြင်လို့ မကောင်းပါဘူး အစ်ကိုရယ်'

'တိုက်ပွဲတွေမှာ ဒါထက် ဆိုးတာတွေကို တွေ့မြင်နေကျပါကွာ၊ အစ်ကို ခုနထဲက ကြည့်ချင်နေတာ'

စံပယ်၏ ဖုံးလွှမ်းထားသည့် စောင်ကို ဖယ်ပစ်လိုက်သည်။ တစ်ကြိမ်သော အခါက လှပတုတ်ခိုင် ဖြူဖွေးနေသည့် ခြေထောက် နှစ်ချောင်းမှာ ယခုမူ ရှုံ့နေ တွန့်နေပေပြီ။ အထိန်းတော်ကြီး ဒေါ်မေတ္တာနှင့် သမားတော်များမှလွဲ၍ စံပယ့် ခြေထောက်ကို ကြည့်ခွင့် မြင်ခွင့်ရသူမှာ ဗိုလ်မှူးရှူဝံ တစ်ယောက်သာ ရှိသည်။

စံပယ်သည် ၎င်း၏ မျက်စိအစုံကို လက်နှစ်ဖက်ဖြင့် ပိတ်ထားသည်။ စံပယ်၏ ခြေထောက်ကို ဗိုလ်မှူးရှူဝံက ကြည့်နေစဉ် လှုပ်ရှားသွားမည့် ဗိုလ်မှူးရှူဝံ၏ မျက်နှာကို စံပယ်က ကြည့်ရန် မရဲသောကြောင့် ဖြစ်သည်။

'မျက်စိကို ဖုံးထားဖို့ မလိုပါဘူး စံပယ်ရယ်၊ ဒီနေ့ကစပြီး စံပယ် ဘယ်လို ဒုက္ခသုက္ခတွေကို ခံစားရသလဲ၊ အဲဒီ ဒုက္ခသုက္ခတွေကို စံပယ်နဲ့အတူ အစ်ကိုပါ ခံစားရမှာပါ'

ဗိုလ်မှူးရှူဝံက ဤသို့ ဆိုလိုက်ရင်း စံပယ်၏ ကြည့်မကောင်း ရှုမကောင်းအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် ခြေနှစ်ဖက်ကို တယုတယ နမ်းလိုက်သည်။ ထိုစဉ် ဗိုလ်မှူးရှူဝံ၏ ရင်ထဲ၌ နင့်နေသည်။

အတန်ကြာအောင် ငြိမ်သက်နေပြီးမှ လှစ်ထားသော စောင်ကို ညင်သာစွာ ပြန်ဖုံးလိုက်သည်။

'အစ်ကို လာကေ၊ တွေ့ခွင့် မပေးဘူးလို့ ဇာခါမှ မပြောပါဘူး ဆိုတာ အစ်ကို့ကို ကတိပေးပါလား စံပယ်ချေရယ်'

'ပေး … ပေး စံပယ်က ကတိ ပေးပါ့ရေ'

'ဝမ်းသာလိုက်တာ အချစ်ရယ်၊ အစ်ကို သေပျော်ပါပြီ၊ ကဲ အစ်ကိုရှိ့ ခွဲကြဦးစို့၊ နှစ်နှစ်ခြိုက်ခြိုက်ကြီးသာ အိပ်နေရစ်ပါတော့ကွာ၊ ကဲ … အစ်ကို သွားမယ်'

ဗိုလ်မှူးရှုဝံသည် နှုတ်ဆက်ပြီး မသွားသေးဘဲ ခုတင်ဘေးမှ ရပ်လျက် စံပယ်၏ မျက်နှာကို ရှုန်းရှုန်းစားစား ကြည့်သည်။ ရောင်ပြန်ဟပ်နေသည့် အလင်းရောင်ဖြင့် အချစ်ရည် ရှုန်းနေသည့် သူ့မျက်နှာကို မြင်နေရသည်။ သူသည် ဤသို့ ကြည့်နေပြီးမှ နောက်ထပ် စကားတစ်ခွန်းမှ မဆိုတော့ဘဲ လှည့်ထွက်သွားသည်။

ခဏအကြာတွင် မြင်းပေါ်သို့ တက်သံ၊ နှုတ်ဆက်သံ၊ ရယ်မောသံများ ပေါ်ထွက်လာသည်။ ဗိုလ်မှူးရှုဝံက ကိုသော်ကအား လင်းသာဂေဟာသို့ အလည်လာဦးမည် အကြောင်း ပြောလိုက်သံက အခြား အသံများထက် စူးရှ ကျယ်လောင်သည်။

ခရီးထွက်ရန် အမိန့် ပေးသံက ပြတ်ပြတ်တောင်းတောင်း ပေါ်ထွက်လာသည်။ စံပယ်၏ ခန်းဆောင်ရှိရာ အဆောင်မြင့် အောက်ဘက်ရှိ မုခ်ဝမှနေ၍ မြင်းကိုယ်စီ စီးကာ ထွက်ခွာသွားကြသံများကို ကြားလိုက်ရသည်။

မြင်းခွာသံများသည် ခြံဝင်းကြီးကို ဖြတ်လျက် စံပယ့် အသည်းနှလုံး ရှိရာသို့ ပြေးဝင်လာသည်။

*

## (၁၀)

ဗိုလ်မှူးရှုဝံသည် စံပယ်၏စိတ်၊ စံပယ်၏ကိုယ်၊ စံပယ်၏ ဝိညာဉ်အဖြစ် ရုတ်ခြည်း ရောက်ရှိလာခဲ့သည်။ သုံးလေးနာရီမျှသော အချိန်ကာလပိုင်းအတွင်း ဗိုလ်မှူးရှုဝံနှင့် စံပယ်သည် တစ်စိတ်တည်း တစ်ကိုယ်တည်း ဝိညာဉ်တစ်ခုတည်း ဖြစ်သွားခဲ့ရသည်။

ငြိမ်သက်နေသည့် မြစ်ရေပြင်တွင် မုန်တိုင်းဆင်၍လာသောအခါ လှုပ်ရှား လာရသကဲ့သို့ ဆယ့်ငါးနှစ်တာမှ ငြိမ်သက်နေခဲ့သည့် စံပယ်၏ စိတ်ရေပြင်သည် လည်း ဗိုလ်မှူးရှုဝံတည်း ဟူသော မုန်တိုင်းက အပြင်းအထန် လှုပ်ရှားသွားခဲ့သည်။

နဂိုမူလအတိုင်း စိတ်ရေပြင်ကို ငြိမ်သက်သွားအောင် ကြိုးစားရသည်မှာ မလွယ်ကူလှ၊ ဗိုလ်မှူးရှုဝံ ထွက်ခွာသွားပြီးနောက် သုံးရက်မျှ ကြာအောင် စံပယ်၏ စိတ်သည် လှုပ်ရှားနေခဲ့သည်။

ဆယ့်ငါးနှစ်ကြာ ကွဲကွာနေခဲ့သည့် ငယ်ချစ်ဟောင်းနှင့် ပြန်လည်ပြောင်း တွေ့ဆုံရသည့်အချိန်၌ အချစ်ဇောက အတောမသတ်နိုင်အောင် ပေါက်ကွဲလာခဲ့သည် မှန်သော်လည်း မုန်တိုင်းစဲသွားသည့် အချိန်၌ မြစ်ရေပြင်က ပြန်၍ ငြိမ်သက်သွားကာ စီးဆင်းမြဲအတိုင်း စီးဆင်းနေသကဲ့သို့ စံပယ်၏ စိတ်အစဉ်သည်လည်း မြစ်ရေပြင်ကဲ့သို့ပင် တည်ကြည် ငြိမ်သက်ခြင်း စဉ်းစားဉာဏ် ပေါ်လာပြန်သည်။

ဗိုလ်မှူးရှုဝံနှင့် ပြန်ပြောင်း ဆုံတွေ့ရခြင်းသည် စံပယ်အဖို့ အနာဟောင်းကို အဆွခံလိုက်ရသလိုသာ ရှိနေမည်ဟု စဉ်းစားမိသည်။ စံပယ်၏အဖို့ ကောင်းသော အလားအလာ ရှိနေလိမ့်မည် မဟုတ်ဟုလည်း တွေးမိလာသည်။ စံပယ်နှင့် ဗိုလ်မှူးရှုဝံတို့အဖို့ အကြင်လင်မယားအဖြစ် ထင်ထင်ရှားရှား နေနိုင်မည့် ဘဝအခြေအနေ

ကလည်း အချို့တဲ့ကြီး ချို့တဲ့နေသည်ဖြစ်ရာ ဗိုလ်မှူးရွှဝံ၏ လာခြင်းသည် စံပယ် အဖို့ ကောင်းသော လာခြင်း မဟုတ်ပါတကား ဟူ၍လည်း သတ္တုချထားမိသည်။

ဗိုလ်မှူးရွှဝံက စစ်ရေးမက်ရေးဖြင့် ပြေးလွှား လှုပ်ရှားနေရသူ ဖြစ်သည်။ စံပယ်က မစွမ်းမသန် မလှုပ်ရှားနိုင်၊ နှစ်ယောက်၏ ဘဝသည် တောင်နှင့်မြောက် လို ဝေးကွာလှပါတကား။

ဖြစ်နိုင်သည်မှာ စစ်ရေးမက်ရေးက အခွင့်ကလေးပေးသည့်အခိုက် သူနှင့် စံပယ်တို့ ကြုံကြိုက် ဆုံတွေ့ကာ ခဏတာမျှသော ပျော်ရွှင် ချမ်းမြေ့မှုကို ဖန်တီးရယူ ရုံသာ ရှိသည် မဟုတ်လား။

စံပယ်က သူ့သတင်းကို သူ ရောက်လာမည့် အချိန်ကို စောင့်စားရင်း အဆွေးနယ်ချဲ့ကာ အတွေးနယ်လှည့်၍ နေရသလို သူကလည်း စစ်ရေးမက်ရေးက အခွင့်ကလေး ပေးသည့်အခိုက်၌ စံပယ့်ကို တမ်းတမ်းတတ ရှိနေရမည့် ဘဝ၊ မည်သူ့အတွက်မှ သက်သာမှု မရှိ။

သူက စံပယ့် အပေါ်တွင် ယုယသည်၊ ကြင်နာသည်။ မြတ်နိုးသည်မှာ မှန်ပါ၏။ သို့ရာတွင် သူသည် လူတစ်ယောက်အဖြစ်နှင့်ကား အပြောင်းအလဲကြီး ပြောင်းလဲနေသည်ဟု စံပယ်က မှတ်ချက်ချလိုက်မိသည်။

ထိုစဉ်က အရိပ်အယောင်မျှသာ မြင်ခဲ့ရသည့် သူ၏ ပျော့ညံ့ချက် အပြစ် အနာအဆာများသည် ယခုအခါ ဆယ်ဆမျှ ကြီးမားလာကာ အကောင်အထည် ပေါ်လာမည် မဟုတ်လား။ ဗိုလ်မှူးရွှဝံသည် သူ၏ မာနကြီးမှု၊ သူ့ကိုယ်သူ သိဒ္ဓိ တင်မှု၊ သူ့ထင်မြင်ယူဆချက်မှလွဲလျှင် တခြားသူများ၏ ထင်မြင်ယူဆ ပြောဆိုချက် မှန်သမျှ အထင်သေးမှုတို့က ဟိုစဉ် ... ဟိုစဉ်ကထက် ကြီးထွားလာခဲ့သူ မဟုတ်ပါ လား။ သေနင်္ဂဗျူဟာနှင့် ပတ်သက်လာလျှင် ဗိုလ်မှူးရွှဝံမှာ ပြိုင်သူရှားသည့် စစ်သည် တော် တစ်ယောက် ဖြစ်သည်ဆိုသည့် အချက်ကိုလည်း စံပယ်က လက်ခံ၏။ သို့ရာတွင် သူ၏ မာနကြီးမှု၊ သူ့ကိုယ်သူ အထူး သိဒ္ဓိတင်မှု၊ သူတစ်ပါးအပေါ်တွင် အထင်သေးတတ်မှု၊ စိတ်ဆတ်မှုတို့က သူ့အား အခြား တပ်မှူးများနှင့် ပူးပေါင်း ဆောင်ရွက်၍ မရအောင် စေ့ဆော်နေမည်သာမက ကိုယ်တော်ကလေး ဘယမင်းရဲ နှင့်ပင် အတိုင်အဖောက် မညီဘဲ ရှိနေမည်ကို စံပယ်က စိုးရိမ်နေ၏။

တိုက်ပွဲတွင် ဖမ်းဆီးရမိသည့် သုံ့ပန်းများအား အသေမိသည် ဆိုသည့် သူ့စိတ်နေသဘောထားကလည်း ရက်စက်လွန်းရာ ကျနေသည်ဟု စံပယ်က တွေး၏။ သားဖြစ်သူ ဟသ်ာအပေါ်တွင် ရှုံ့ရှာမုန်းတီးနေသည့် သူ့စိတ်ဓာတ်က လည်း ကြောက်စရာ ကောင်းလှသည်။ သူက ရက်စက်သော၊ မာကျောသော၊



သနားကြင်နာကင်းသော စစ်သည်တော်ကြီး တစ်ယောက် ဘဝသို့ ရောက်လာရ ခြင်းသည် သူ့ဘဝ၏ နာကျည်းချက် ဒဏ်ရာဒဏ်ချက်များကြောင့် ဖြစ်သည်။ ဤဒဏ်ရာ ဒဏ်ချက်များမှာလည်း စံပယ့်ကြောင့်သာ ပေါ်ပေါက် ရရှိလာရသည်ဟု ဆိုသည်ကို စံပယ်က မငြင်းနိုင်။

မည်သို့ပင်ဖြစ်စေ ဗိုလ်မှူးရွှဝံက ဘဝကို အလွန် ခါးသီးသောအမြင်ဖြင့် မြင်ထားသူ ဖြစ်နေသည်။ သူ့အမြင်မှာ ရင့်လွန်းလှပြီဖြစ်၍ ယခုမှ ပြောင်းလဲပစ်ရန် မလွယ်။ နောက်ကျနေခဲ့ပြီ။ လေးဆယ့်လေးနှစ်တည်း ဟူသော ကာလအပိုင်း အခြားအတွင်း ပေါ်ပေါက်လာခဲ့သည့် ကံကြမ္မာ ဘဝ အခြေအနေ အထွေထွေ အမျိုးမျိုးနှင့်တကွ ဗီဇတို့က ဗိုလ်မှူးရွှဝံဟု ဆိုသော လူတစ်ယောက်ကို ဖန်ဆင်း ထားခဲ့ပါပြီ။

စံပယ်သည် ဗိုလ်မှူးရွှဝံနှင့် ပတ်သက်၍ ဝေခွဲမရနိုင်ဘဲ မတင်မကျ ဖြစ်နေ သည့် အချိန်၌ပင် ဗိုလ်မှူးရွှဝံသည် ဇလွန်မှအပြန် စံပယ့်ထံ ရောက်လာပြန်သည်။ ဤအကြိမ်တွင်တော့ စံပယ်နှင့် စကားများများ ပြောရန် သူ့တွင် အချိန်မရ။

'အေမှာ ကြာကြာနေဖို့ အချိန်မရဘူး၊ ကင်းမော်က ကင်းစောင့်တပ်ကို ရန်သူတွေ အလစ်ဝင်စီးပြီး ခြေကုပ်ယူဖို့ ကြိုးစားနေကြကယ်'

ကင်းမော်ဆိုသည်မှာ ဒွါရာဝတီ မြို့တော်နှင့် သိုးဆောင်းမိုင် ငါးမိုင်မျှ သာကွာသည့် သဘော်စခန်း ဖြစ်သည်။

'ကင်းသမှူးတိုက တာဝန်ကျနေတုန်း အိပ်နေကြရေလတ်၊ အားလုံး သတ် ပစ်ဖို့ ကောင်းရေ'

ဤသို့ဆိုရင်း ဗိုလ်မှူးရွှဝံသည် စံပယ့်အနားမှ ပျောက်ကွယ်သွားပြန်သည်။

စံပယ်သည် ပြုံးတစ်ဝက် မဲ့တစ်ဝက်ဖြင့် မသက်မသာ ကျန်ရစ်ခဲ့၏။ စံပယ်၏ ဘဝသည် ပြုံးတမဲ့မဲ့ဖြင့်သာ ခရီးဆက်ရမည့် ဘဝ။

ထိုနေ့ ညနေတွင်ပင် ခရီးထွက်နေသော ခအို (ခဲအို) ဖြစ်သူ လင်းသာ မောင်မောင်က ဂေဟာသို့ ပြန်လည် ရောက်ရှိလာသည်။ ကိုယ်တော်ကလေး ဘဝမင်းရဲ ၏ အမှုတော်ကို တတ်နိုင်သမျှ ထမ်းဆောင်ရင်း လင်းသာဆိပ်ကမ်းသို့ ရောက် လာမည့်သူ၏ သမ္မန်များကို သွားရောက် ကြည့်ရှုနေခဲ့ခြင်း ဖြစ်သည်။ ပင်လယ် ကမ်းရိုးတန်း တစ်လျှောက်ကို ကိုယ်တော်ကြီး စောရန္တမိတ်၏ ဘက်တော်သား များက ယခုအခိုက်အတန့်တွင် အုပ်ထိန်းထားသောကြောင့် လင်းသာမောင်မောင်၏ ကုန်စည်ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်းမှာ အရှုံးနှင့် တွေ့ရသည်ဟု အထိန်း တော်ကြီး ဒေါ်မေတ္တာမှ တစ်ဆင့် ကြားသိရသည်။

မြသန္တာနှင့် ဝတ်မှုန်တို့က မျက်နှာထားတည်တည်ဖြင့် နေတတ်သည့် လင်းသာမောင်မောင်၏ မျက်မှောက်မှနေ၍ စံပယ်ထံ ခဏခဏ ရောက်လာကြသည်။ ဤသို့ ရောက်လာသည့်အခါတိုင်း ဗိုလ်မှူးရှုဝံနှင့် ပတ်သက်သည့် အကြောင်းကို စံပယ်ထံမှ ကော်ထုတ်ရန် မရဲတရဲ ကြိုးစားလေ့ ရှိကြသည်။ စံပယ်နှင့် ဗိုလ်မှူးရှုဝံတို့၏ အတိတ်ကို ရိပ်စားမိခြင်း မရှိသည့် သူရို့အဖို့ စံပယ်နှင့် ဗိုလ်မှူးရှုဝံ၏ ဆက်ဆံရေးကို အမြင်တစ်မျိုးဖြင့် မြင်နေကြပုံရသည်။

'သူ့ကိုက ကောင်းကောင်းကြီး သိစွာကြာလှပြီ၊ ထွီးထွီး ဆယ့်ရှစ်နှစ်သမီးက စပြီး သိခဲ့တာ'

စံပယ်က ဤမျှသာ ပြောလိုက်သည်။ အစ်မလတ် ခရေကမူ စံပယ်ကွယ်ရာတွင် ဗိုလ်မှူးရှုဝံ အကြောင်းကို သူတို့အား အကော်အတန် ပြောထားပြီထင်ရ၏။ စံပယ်ထံ ဗိုလ်မှူးရှုဝံ ရောက်လာသည့် အကြောင်းနှင့် ပတ်သက်လျက် အစ်မလတ်က စံပယ်ကို ရှည်ရှည်ဝေးဝေး ပြောခြင်းမရှိ၊ ဗိုလ်မှူးရှုဝံက လင်းသာမောင်မောင်အား ပေးရန် ထားခဲ့သည့် စာကိုသာ ထုတ်ပြသည်။

စာအဆုံးပုဒ်မှာ အဓိပ္ပာယ် နှစ်မျိုး ပေါ်နေခဲ့သည်။

'ခင်ဗျား ခရီးထွက်နေသမျှ မတွေ့ရသည့်အတွက် နောက်တစ်ကြိမ် လင်းသား ဂေဟာသို့ ကျွန်တော်လာလျှင် ခင်ဗျားနဲ့ တွေ့ရပါစေဟု ဆန္ဒပြုပါသည်၊ ခင်ဗျား ဇနီးဖြစ်သူက ကျွေးမွေး ဧည့်ခံပုံကိုလည်း အထူးပင် ကျေးဇူးတင်ပါသည်၊ ခင်ဗျားလို ဇနီးကောင်းတစ်ဦး ရနိုင်ရန် ကျွန်တော် စောင့်စား မျှော်လင့်နေပါသည်' တဲ့။

စာကို အသံမထွက်ဘဲ ဖတ်နေသည့် စံပယ်ကို အစ်မလတ်က ခပ်တိုးတိုးပင် မေးသည်။

'မိစံပယ် သူနဲ့ ပြန်ပြီး အဆက်အသွယ် လုပ်ဖို့တော့ မရည်ရွယ်ပါဘူးနော်'

'ဘဇောင် အဆက်အသွယ် လုပ်စွာကို ပြောတာလဲ'

'အေး ရှင်းရှင်းပြောရဖို့ဆိုကေ စံပယ်က သူ့ကို ယူဖို့ စိတ်ကူးနေသလားလို့၊ အေးစာထဲမှာ အဓိပ္ပာယ်က ယင်းပိုင်ကောက် ယူလို့လည်း ရတာပဲ မဟုတ်လား'

'စံပယ့် အတွက် မပူပါကေ့ အမေလတ်၊ စံပယ်က ဗိုလ်မှူးရှုဝံကိုလည်း မယူဘူး၊ ဘယ်ယောကျ်ားကိုမှလည်း မယူဘူး'

'ဗိုလ်မှူးရှုဝံက လင်းသာဂေဟာကို လာပြီး စံပယ်နှင့် ရင်းရင်းနှီးနှီး နေဖို့ ထိုင်ဖို့ ဆိုကေ အမေလတ်အတွက်ရော လင်းသားကိုမောင်မောင် အတွက်ပါ



မျက်နှာပူစရာကြီး ဖြစ်လာမှာပဲ၊ သူဟာ စစ်သည်တော်ကောင်း တစ်ယောက် ဖြစ်ချင်ဖြစ်နေပေမယ့် သူ့သတင်းက သိပ်မကောင်းလှဘူး'

'အေလောက်ထိ မစွမ်းမသန် တစ်ယောက်အဖို့ အနှောင်အဖွဲ့ အချုပ်အချယ်ရှိတဲ့ အိမ်ထောင်ရေးကို ဘဇောင် ဦးစားပေးနေနိုင်မှာ မဟုတ်ပါဘူး အမေလတ်'

အစ်မလတ် ခရေက စံပယ်ကို မယုံသည့် မျက်နှာဖြင့် ကြည့်သည်။ သို့သော် မယုံကြောင်းကို ထုတ်ဖော် ပြောဆိုခြင်းကို မပြုပါ။

ခရေသာယာ ထွက်ခွာသွားပြီးနောက် ခဏအကြာတွင် လင်းသာမောင်မောင်ကိုယ်တိုင် စံပယ်ထံသို့ မာကြောင်း သာကြောင်း သတင်းမေးလာသည်။

'အိပ်လို့ကော ပျော်ရဲ့လား၊ ဆူသံညံသံတွေကော ကြားရသလား'

'စံပယ်က အအိပ်ဆတ်တတ်လို့ ကြမ်းပြင်ပေါ်မှာ လူတစ်ယောက်ခြေထောက် ဖော့ပြီး လျှောက်သွားရင်တောင် အိပ်ရာက နိုးတတ်တာတော့ အမှန်ပဲ၊ ယကေလေ့ အိပ်ပျော်ပါတယ်'

စံပယ်၏ အဖြေကြောင့် လင်းသာမောင်မောင်၏ မျက်နှာသည် မသိမသာပျက်သွားသည်။

'မိခရေက စံပယ့်ကို အေခန်းဆောင်မှာ နေရာ ချပေးထားတာ အစ်ကိုကတော်တော် ခက်တာပဲ၊ အတွင်းဝင်း အုတ်ရိုးနဲ့ အပြင်ဝင်း အုတ်ရိုးအကြားမှာရှိတဲ့ ခန်းဆောင်မှာ နေရာပေးထားတာကိုက အအိပ်ဆတ်တဲ့ စံပယ့်အဖို့ အအိပ်ပျက်အောင် လုပ်ပေးသလို ဖြစ်နေရတာပဲ၊ တောင်ဘက်ခန်းဆောင်မှာဆိုရင် ပိုကောင်းမယ်၊ တောင်ဘက် ခန်းဆောင်ကို ပြောင်းဖို့လား'

'ပြောင်းဖို့ မလိုတော့ပါဘူး၊ ဒီခန်းဆောင်မှာ အသားကျနေပါပြီ၊ စံပယ့်အတွက် ဒီမှာလည်း ကောင်းပါတယ်'

စံပယ်က အဖြေပေးနေစဉ် စံပယ်၏ ခန်းဆောင်မှ လှမ်း၍ မြင်နေရသည့် ဘယ်ဘက် ခန်းဆောင်တံခါးပေါ်တွင် ချိတ်ထားသော ပန်းချီပုံကားချပ်ကို လင်းသာမောင်မောင်က တစ်ချက်မျှ စူးစိုက်၍ ကြည့်သည်။ ထိုပန်းချီပုံကားချပ် အကြောင်းနှင့် ပတ်သက်၍လည်း စံပယ်ကို မေးမြန်းလိုပုံရသည်။ သို့ရာတွင် အခြား အကြောင်းများကိုသာ မေးမြန်း ပြောဆိုပြီး နှုတ်ဆက် ပြန်သွားသည်။

ထိုနေ့ည သန်းခေါင်ကျော်ကျော်လောက်တွင် စံပယ်သည် တစ်ရေးနိုးလာသည်။ ခါတိုင်းကဲ့သို့ပင် မီးထွန်းခြင်းမပြုဘဲ အိပ်ရာအနီးတွင် အသင့် ရှိနေသည့် ရေတကောင်းမှ ရေတစ်ခွက်ငှဲ့ကာ သောက်လိုက်သည်။ လက်ထဲမှ ငွေဖလားကို စားပွဲပေါ်သို့ ပြန်အချတွင် ပိတ်ထားသည့် အခန်းတံခါး အောက်မှနေ၍ စံပယ်ရှိရာ

သို့ လေစီးကြောင်းတစ်ခု တိုးဝင်နေသည်ကို သတိပြုမိလိုက်သည်။ တစ်ခါက စံပယ် သတိထားခဲ့မိသည့် လေစီးကြောင်းမျိုးပင် ဖြစ်သည်။

ဤသို့ တိုးဝင်နေသည့် လေစီးကြောင်းနှင့်အတူ ဖော့၍ နင်းသွားသည့် ခြေသံကို ယခင်ကလိုပင် ကြားရလေမည်လားဟု အိပ်ရာပေါ်တွင် မလှုပ်မယှက် ထိုင်လျက် နားစွင့်ထားသည်။

သို့သော် မကြားရ။ အတန်ကြာမှပင် ပန်းချီရုပ်ကားချပ် ချိတ်ထားသည့် အခန်းနံရံဆီမှ ပေါ်ထွက်လာသည့် ပွတ်သံ၊ ဖိသံမျိုးကို တိုးတိုးတိတ်တိတ် ကြားရသည်။ ပိတ်ထားသည့် အခန်းထဲတွင် တစ်စုံတစ်ယောက် ရောက်ရှိနေကာ ဒေါ်မေတ္တာ ဖောက်ထားခဲ့သည့် အပေါက်ကို တစ်စုံတစ်ခု ပြုလုပ်နေပြီဟု နားလည်လိုက်သည်။

ပေါ်ထွက်နေသည့် အသံက ကွမ်းတစ်ရာညက်ခန့် အကြာတွင် ရုတ်တရက် ရပ်သွားသည်။ အသံနှင့်အတူ တိုးဝင်နေသည့် လေစီးကြောင်းကလည်း ရပ်သွားသည်။

စံပယ်၏ စိတ်ထဲတွင် ယုံမှားသံသယများ တိုး၍ တိုး၍ ဝင်လာသည်။

နောက်တစ်နေ့သို့ ရောက်သောအခါ ဒေါ်မေတ္တာက စံပယ့်အတွက် သနပ်ခါး သွေးနေခိုက် စံပယ်သည် ဘီးတပ်ထားသည့် ကုလားထိုင်ဖြင့် ဘယ်ဘက် အခန်းရှိရာသို့ ထွက်လာခဲ့ကာ နံရံတွင် ချိတ်ထားသည့် ပန်းချီကားချပ်ပုံကို လှန်ကြည့်လိုက်သည်။

ညက စံပယ် တွေးထားသည့် အတိုင်းပင် ဒေါ်မေတ္တာ ကတ်ကြေးဖြင့် ဖောက်ထားသည့် အပေါက်ကို အခန်းထဲမှ ပြန်လည် ပိတ်ဆို့ထားကြောင်း တွေ့ရသည်။

လင်းသာ ဂေဟာကြီးတွင် အထူး လျှို့ဝှက်ချက် တစ်ခုခု ရှိနေပြီမှာ သေချာနေပေပြီ။

ဤလျှို့ဝှက်ချက်ကို အိမ်ရှင်ဖြစ်သူ လင်းသာမောင်မောင်အား ဖော်ပြောသင့် မပြောသင့်ကိုလည်း ချင့်ချိန်ရသေးသည်။ သူ၏ အစ်ကိုကြီး ဖြစ်သူ လင်းသာမောင်အောင်က စံပယ် ကြားထားသလို သေဆုံးသွားခြင်း မရှိဘဲ ယခုတိုင် ဤအခန်းထဲ၌ ပိတ်လှောင်ထားခြင်း ခံနေရသည် ဆိုပါလျှင် စံပယ်၏ ထုတ်ဖော်ပြောဆိုချက်မှာ စံပယ်၏ ကျေးဇူးရှင် ဖြစ်နေသည့် လင်းသာမောင်မောင်အတွက် အရှက်ကြီး ရှက်စရာ ဖြစ်နေရပေလိမ့်မည်။



စံပယ့်အဖို့ ဘေးကျပ်နံကျပ် ဖြစ်နေရသည့် ပြဿနာမှာ ကံအားလျော်စွာပင် ဖြေရှင်းသွားသည်။ ဖြေရှင်းရပုံက သိပ်တော့ မကောင်းလှ။

ဗိုလ်မှူးခူဝံ ပထမ ရောက်လာသည့်နေ့က ဘဏ္ဍာစိုးကြီးအိမ်မှ ဖြုတ်ယူလာခဲ့သည့် 'လေသာဆောင်' ဟု တံဆိပ်ခတ်နှိပ်ထားသော လက်ထဲတွင်ပင် ရှိနေခဲ့သည်။ ထိုသော့ကို ဧည့်သည်များ ရောက်လာကြသည့်အတွက် မြသန္တာ၏ လက်ထဲတွင်ပင် ရှိနေခဲ့သည်။ ထိုသော့ကို လင်းသာမောင်မောင် ပြန်လည် ရောက်ရှိလာပြီး နှစ်ရက်လောက် အကြာတွင်မှ မြသန္တာက ပြန်ပေးရန် သတိရလာသည်။

ပြန်ပေးရန်မှာလည်း ခင်ပွန်းဖြစ်သူ ကိုသော်ဇာမှတစ်ဆင့် ပရိယာယ်သုံး၍ ဘဏ္ဍာစိုးကြီးထံသို့ အရောက်ပေးရမည် ဖြစ်သည်။ သို့ရာတွင် ကိုသော်ကသည် လယ်ယာလုပ်ငန်းနှင့် ပတ်သက်လျက် ဖခင်ဖြစ်သူ၏ ဆူပူကြိမ်းမောင်းခြင်းကို ခံနေရသူဖြစ်ရာ ဖခင်ဖြစ်သူ၏ လူယုံတော် ဘဏ္ဍာစိုးကြီးလက်သို့အရောက် သော့ကို ပြန်ပေးရမည်မှာ ပြဿနာ ဖြစ်လာရပြန်သည်။

ဤသော့အကြောင်းနှင့် ပတ်သက်၍ လူယုံတော်ကြီးဖြစ်သော ဦးမောင်ရွှေရိုးက လင်းသာမောင်မောင်အား ပြန်၍ အစီရင်ခံရမည်မှာ သေချာလှသည်။

ဤသို့သာ အစီရင်ခံလိုက်လျှင် ကိုသော်ကအဖို့ လင်းသာ ဂေဟာတွင် နေစရာ ရှိနိုင်တော့မည် မဟုတ်။ မူလ လက်သည်ဖြစ်သူ မြသန္တာကလည်း ထိုသော့ကို ဘဏ္ဍာစိုးကြီးလက်သို့ အရောက် ပြန်ပေးရန် သတ္တိ လုံးဝ မရှိ။ သို့ဖြင့် မြသန္တာက ညှိုးငယ်သော မျက်နှာဖြင့် စံပယ့်ထံ အကူအညီတောင်းလာသည်။

'မြသန္တာကမှ ဘခေါင်မှ မတတ်နိုင်စွာကို ထွီးထွီးကကော အေသော့ကို ဘခေါင်လုပ်ပြီး ဘဏ္ဍာစိုးကြီးရဲ့ သော့တွဲထဲကို ရောက်အောင် ထည့်နိုင်မှာလဲ'

'ထွီးထွီးက ဖြတ်ထိုးဉာဏ်လည်း ကောင်းတယ်၊ စကားပြောလည်း မြသန္တာတို့ထက် ပြောတတ်ပါတယ်၊ ယေနန့်အေသော့ကို ထွီးထွီးဆီမှာပဲ ထားခဲ့မယ်နော်၊ သမီးကလေးကလည်း ချောင်းဆိုးနေပြီး ကိုသော်ကကလည်း အသည်းရောင် ရောဂါပြန်ထလာပြန်ပြီ၊ မြသန္တာတော့ ဒီသော့ကိစ္စနဲ့ ပတ်သက်ပြီး ခေါင်းကို ရှုပ်နေတာပဲ၊ ကယ်ပါ ... ကူပါဦး ထွီးထွီးရယ်၊ ဒီသော့ကို ဒီမှာပဲ ထားခဲ့ပါရစေတော့'

ပြောပြောဆိုဆိုဖြင့် မြသန္တာက သူ့ရင်စည်းကြားထဲမှ သော့ကိုထုတ်ကာ စံပယ့်လက်ထဲသို့ ထိုးပေးသွားသည်။

'ယင်းပိုင်ဆိုကေ ထားခလေ၊ ထွီးထွီးပဲ ကြည့်ပြီး စီစဉ်ရတော့မှာပေါ့'

မြသန္တာက စံပယ်၏ ပါးကို တစ်ချက်မျှ နမ်းလိုက်ကာ ပေါ့ပါး သွက်လက်စွာ အခန်းထဲမှ ထွက်ခွာသွားသည်။

သော့သည် စံပယ့် ခန်းဆောင်တံခါးကို ခတ်သည့် သော့အရွယ်လောက်ပင် ရှိသည်။ သို့ဖြစ်၍လည်း စံပယ်၏ အခန်းသော့နှင့် လေသာဆောင်မှ သော့ကို စားပွဲပေါ်တွင် တင်ကာ ယှဉ်ကြည့်မိသည်။

အတွေးတစ်ခုက စံပယ့်ခေါင်းထဲတွင် လက်ခနဲ ပေါ်လာသည်။

လေသာဆောင် သော့ကိုယူကာ ဖယောင်းတိုင် တစ်တိုင်နှင့် မီးခတ်ကျောက်ကို အသင့်ရှိစေလျက် ဘီးတပ်ထားသည့် ကုလားထိုင်ကို ကိုယ်တိုင်တွန်းကာ ဘယ်ဘက်အခန်း ရှိရာသို့ လမ်းကူးအတိုင်း ထွက်လာခဲ့သည်။

အချိန်သည် ညဘက် သူငယ်အိပ်စက်အချိန် ဖြစ်သည်။ စားဖိုဆောင်တွင် အထိန်းတော်ကြီး ဒေါ်မေတ္တာနှင့်တကွ အိမ်ဖော်များ စားတုန်းသောက်တုန်း သိမ်းဆည်းကြတုန်း ဖြစ်သည်။

စံပယ်သည် ဝဲယာ ဘယ်ညာကို ခဏမျှ အကဲခတ်လိုက်ပြီးနောက် လက်ထဲတွင် ရှိသည့် လေသာဆောင်သော့ကို သံချေးတက်နေသည့် သော့ခလောက်နှင့် အံကိုက် ဖြစ်နေသည်။

သော့က သော့ခလောက်နှင့် အံကိုက် ဖြစ်နေသည်။

သော့ကွင်းကို ညာဘက်သို့ ဖိ၍ လှည့်လိုက်သည်။ အသံတစ်ချက် မြည်ကာ ပွင့်သွားသည်။ သော့ခလောက်ကို ဖြုတ်ယူလိုက်သောအခါ တံခါးက ကျွီခနဲ မြည်၍ ပွင့်သွားသည်။

အမှတ်မထင်ဘဲ ပွင့်သွားသဖြင့် စပယ်သည် ဇာပိုင် ဆက်လက် လုပ်ရမည် ကိုပင် ကြံရာမရ ဖြစ်သွားသည်။

ဇာသို့ပင်ဖြစ်စေ လေသာဆောင်နှင့် ဤအခန်းကြားတွင် လျှို့ဝှက် အဆက်အသွယ် ရှိနေသည်မှာ ကိုယ်တွေ့ဖြစ်နေပါပြီ။ သော့တစ်ချောင်းတည်းဖြင့် သော့ခလောက် နှစ်ခုကို ဖွင့်နိုင်ခြင်းကပင် သက်သေပြနေပါပြီ။

'နာမည်ကြီးလှတဲ့ အေအခန်းကို ခုကြည့်ရင်ကြည့်၊ ခုမကြည့်ရင် နောက်ဇာခါမှ ကြည့်ခွင့် ရနိုင်မှာ မဟုတ်ဘူး'

တိုက်တွန်းနှိုးဆော်ချက်က စံပယ်၏ စိတ်ထဲတွင် ပြင်းထန်လာသည်။ စံပယ်သည် ကုလားထိုင်မှ ဘီးနှစ်ဘီးကို လက်ဖြင့် တွန်းကာ အခန်းထဲသို့ ဝင်လိုက်သည်။ ပြီးမှ အခန်းတံခါး နှစ်ချပ်ကို အထဲမှနေ၍ ပြန်ပိတ်ကာ အသင့်ပါလာသည့် မီးတိုင်ကို ထွန်းညှိလိုက်သည်။

အခန်း၏ မြောက်ဘက်နှင့် အနောက်ဘက်တွင်ရှိသည့် ပြတင်းတံခါး နှစ်ခုမှာ သံတိုင်များဖြင့် ကန့်လန့်ဖြတ်လျက် အသေပိတ်ထားသည်ကို တွေ့ရသည်။



အခန်းထောင့် တစ်ထောင့်တွင် ခုတင်တစ်လုံး ရှိသည်။ ထို့နောက် စံပယ် ယခင်ကပင် မြင်နေခဲ့ရသည့် စားပွဲနှင့် ကုလားထိုင်က အခန်းအလယ်တွင် ရှိနေသည်။ အခန်းတွင်းရှိ နံရံများ၌ ကန့်လန့်ကာများဖြင့် ကာထားသည်။ ဟောင်းနွမ်းလှသောကြောင့် အချို့နေရာတွင် စုတ်ပြတ်၍ပင် နေပါပြီ။

သတင်းကြီးနေသည့် အခန်းမှာ အခြား ရိုးရိုးအခန်းတို့ကဲ့သို့သာ ရှိပါသည်။ ထူးခြားချက်သည် ဖုန်မှုန့်နှင့် အမှိုက်နံ့များ ပျံ့နှံ့နေခြင်းသာ ဖြစ်သည်။

စံပယ်သည် မီးတိုင်ကို စားပွဲပေါ်တွင် တင်ထားလိုက်ပြီး ကုလားထိုင်ကို ဆွဲယ်ထားသည့် အဆောင်နှင့် ကျောချင်း ကပ်နေသည့် အခန်းထောင့်ရှိရာသို့ လှိမ့်လာခဲ့သည်။

ဤအခန်းထောင့်တွင်လည်း မျက်နှာကြက်မှနေ၍ ကြမ်းပြင်သို့ ရောက်အောင် ချထားသည့် ကန့်လန့်ကာများကို တွေ့ရသည်။ ကန့်လန့်ကာများကို မ၍ ကြည့်လိုက်သောအခါ ကျောက်သား နံရံကိုသာ တွေ့ရသည်။

မသင်္ကာသည့်စိတ်ဖြင့် ကျောက်သားနံရံ တစ်လျှောက်တွင် လက်ဖြင့်စမ်း၍ ကြည့်သည်။ အဆက်အစပ်၊ အပေါက်အခေါင်း၊ ခလုတ်မောင်းတန်ဟူ၍ တစ်ခုမျှ မတွေ့ရ၊ ကျောက်နံရံမှာ ချောမွေ့နေသည်ဟု ထင်ရသည်။ မှောင်နေသောကြောင့်သာ ဇာတစ်ခုခုကိုမှ မတွေ့ရဟု ယူဆကာ မီးတိုင်ထားရာ စားပွဲဆီသို့ ပြန်လှည့်လာခဲ့သည်။

စားပွဲရှိရာသို့ ရောက်လာသောအခါ အခန်းပြင်မှ အသံဗလံကို နားစွင့်၍ ထောင်မိသည်။ ဒေါ်မေတ္တာနှင့်တကွ အိမ်ဖော်များသည် စားဖိုဆောင်တွင်ပင် အလုပ်များနေကြသေးသည်။ စံပယ်၏ မျက်စိအစုံကလည်း လမ်းကူးရှိရာဘက်သို့ ရောက်နေသည်။ ဤသို့ ကျောက်နံရံကို ကျောခိုင်းလျက် ရှိနေစဉ်မှာပင် စံပယ်၏ ဦးခေါင်းနောက်ဘက်သို့ ရုတ်တရက် တိုးဝင်လာသော လေစီးကြောင်း တစ်ခု၏ အအေးဒဏ်ကို တွေ့ထိလိုက်ရသည်။

စံပယ်သည် နောက်ဘက်သို့ လျင်မြန်စွာ လှည့်ကြည့်လိုက်သည်။ ဆွဲယ်ထားသည့်အဆောင်နှင့် ကျောချင်းကပ်လျက် ရှိနေသည့် ကျောက်နံရံမှ ကန့်လန့်ကာများသည် ဖောင်းချည်၊ ပွချည် လှုပ်ရှားချည် ဖြစ်နေကြသည်။ ကျောက်နံရံတွင် ယခုလတ်တလောပင် အပေါက်ကြီး တစ်ပေါက် ပေါ်ပေါက်၍လာနေပါပြီ။

လှုပ်ရှား ဖောင်းပွနေသည့် ကန့်လန့်ကာများကို တအံ့တသြ ကြည့်နေစဉ်မှာပင် လက်တစ်ဖက်က ကန့်လန့်ကာကြားမှ ပေါ်ထွက်လာပြီး ကန့်လန့်ကာကို တစ်ဖက်သို့ မတင်နေသည်။

အခန်းထဲမှ ပြန်၍ထွက်ရန်သော် လည်းကောင်း၊ စားပွဲပေါ်မှ မီးတိုင်ကို မှုတ်ပစ်ရန်သော်လည်းကောင်း အချိန်မရတော့ပါ။

စောစောက အဆက်အစပ်၊ အပေါက် အခေါင်း၊ ခလုတ် မောင်းတန်ဟူ၍ မရှိဘဲ ပကတိ ချောမွေ့ ညီညာနေသည်ကို ထင်မှတ်ခဲ့ရသည့် ကျောက်နံရံတွင် အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လာသည်ကို မတင်၍ ထားသည့် ကန့်လန့်ကာ နောက်၌ မြင်လိုက်ရပြီး ထိုအပေါက်မှ ကြက်သွေးရောင် အင်္ကျီနီနီကို ဝတ်ထားသည့် လူတစ်ယောက် ထွက်လာသည်ကို မြင်ရသည်။

ထိုလူသည် အပေါက်ဝတွင်ရပ်ရင်း စံပယ့်ကို တစ်ချက်မျှ စူးစိုက် ကြည့်လိုက်ကာ …

'အခန်းတံခါးက နည်းနည်း ဟနေတယ်၊ ပြန်ပြီး စေ့သွားအောင် ပိတ်လိုက်ပါဦးလား စံပယ်'

အံ့အားသင့်နေသည့် စံပယ်က ဟနေသောတံခါးကို စေ့သွားအောင် ပြန်ပိတ်လိုက်သည်။

'စံပယ် … အေအခန်းထဲကို ရောက်နေမှတော့ အကျိုးအကြောင်းကို ရှင်း ပြရတော့မှာပဲ၊ ဒါမှလည်း နောက်ထပ် အထင်မှား အမြင်မှားပြီး ဒီအခန်းထဲကို စံပယ် ဝင်မလာမှာ'

ထိုသူသည် ဤသို့ပြောရင်း မည်းမှောင်နေသည့် ကျောက်နံရံ အပေါက်ဝမှ စံပယ်ရှိရာ စားပွဲနားသို့ လှမ်းထွက်လာသည်။ လက်ဖြင့် မတင်ထားသည့် ကန့်လန့်ကာက ကြမ်းပြင်ပေါ်သို့ ပြန်အသွားတွင် ထိုလူ၏ မျက်နှာကို ထင်ရှားစွာ တွေ့လိုက်ရသည်။

သူသည် အမေလတ် ခရေ၏ ခင်ပွန်း စံပယ်၏ ခအို လင်းသာမောင်မောင် ဖြစ်ပါသည်။

*

(၁၁)

စံပယ့် အဖြစ်သည် ကလေးတစ်ယောက်အဖို့ မလုပ်သင့် မလုပ်ထိုက်သည့် အလုပ်ကို လုပ်နေစဉ် လူကြီးမိဘများ ဖမ်းမိ တွေ့ရှိခြင်း ခံလိုက်ရသည်နှင့် တူနေသည်။

စံပယ်သည် ရှက်အားပိုကာ တစ်ကိုယ်လုံး တုန်နေသည်။

ကြက်သွေးရောင် ဝတ်ရုံကို မြုံလျက် ဤအခန်း၌ ညဉ့်နက် အချိန်မတော် လှုပ်ရှားသွားလာနေသူမှာ လင်းသာမောင်မောင်သာ ဖြစ်သည်ဟု သိလာရသောအခါ စံပယ့်အဖို့ မည်သို့မှ စုံစမ်း စစ်ဆေးနေရန် အခွင့်အရေးမရှိတော့၊ လေသာဆောင်မှ သော့ဖြင့် ဤအခန်းတံခါးကို အခွင့်မရှိဘဲ ဖွင့်ဝင်လျက် လင်းသာမောင်မောင်၏ လျှို့ဝှက်ချက်ကို စုံစမ်းသမှုပြုနေသည့် စံပယ်ကို စံပယ်၏ ခဲအိုဖြစ်သူက မည်သို့ ခွင့်လွှတ်နိုင်ပါလိမ့်မည်နည်း။ သို့တိုင်အောင် စံပယ်က အရဲစွန့်လျက်။

'စံပယ့်ကို ခွင့်လွှတ်ပါ၊ မပြုသင့်တဲ့အမှုကို ပြုမိတဲ့အတွက် ခွင့်လွှတ်ပါ' ဟု တုန်ယင်သော အသံဖြင့် တောင်းပန်လိုက်သည်။

လင်းသာမောင်မောင်သည် စံပယ့်ကို စကား တုံ့ပြန်မဆိုသေးဘဲ အခန်း တံခါး ပိတ်မပိတ်ကို သေချာစွာ ကြည့်ပြီးနောက် ဖယောင်းတိုင်များကို ထပ်၍ ထွန်းညှိသည်။ ပြီးမှ …

'တံခါးမှာ အပေါက် ဖောက်တာလည်း စံပယ်ပဲ မဟုတ်လား၊ လင်းသာ ဂေဟာကို စံပယ် မရောက်ခင်က အဲဒီ အပေါက် မရှိဘူး'

'ယင်းပိုင်ဆိုင်ကေ အေအခန်းထဲကို ရောက်နိုင်တဲ့ လျှို့ဝှက်လမ်း တစ်လမ်း ရှိတယ် ဆိုတာကိုလည်း စံပယ် သိနေတာပေါ့'

'ဟုတ်ပါရေ'

'ယင်းလမ်းကနေသွားရင် ဘယ်အထိ ရောက်နိုင်မယ်ဆိုတာ စုံစမ်းချင်လို့ ဒီအခန်းထဲကို စံပယ် တိတ်တဆိတ် ဝင်ကြည့်တာပဲ မဟုတ်လား'

'ယင်း ... လျှို့ဝှက်လမ်းဟာ အိမ်ကြီးနှင့်ကပ်ပြီး ဆွယ်ထားတဲ့ အဆောင်အထိ ရောက်တယ်ဆိုတာ စံပယ် ခန့်မှန်းမိပါရေ့'

'ယင်းချင့်ထက် လေသာဆောင်က သော့ကို ဘဇောင်ပိုင်ရတာလဲ'

သော့ရလာပုံနှင့် ပတ်သက်၍ စံပယ်က မိမို့ပင် တရားခံ ဖြစ်ကြောင်း ဝန်ခံလိုက်သည်။

လင်းသာမောင်မောင်သည် စံပယ် ဝန်ခံ ပြောပြသမျှကို ငြိမ်၍ နားထောင်နေသည့်တိုင် မျက်နှာပေါ်တွင် အကဲခတ်ရခက်သော မနှစ်မြို့သလို မျက်နှာတည်ကြီးဖြင့် ရှိနေသည်။

'ကဲ ... ညကြီးအချိန်မတော် အေအခန်းထဲကို တိတ်တဆိတ် ရောက်လာတဲ့ လူဟာ ကျုပ်ဖြစ်တယ်ဆိုတာ စံပယ် သိရတော့ အေချင့်နန့် ပတ်သက်ပြီး စံပယ်က ဇာပိုင် ထင်မြင်ချက် ရှိသလဲ'

'အစကပင် ခအိုကြီးမှန်းသိရင် စံပယ် ဇာမှသိချင်စရာ မလိုပါဘူး၊ နောက်တစ်ခုက အေကိစ္စကို အိမ်သားတိတောင် သိပုံမရဘူးလို့လဲ တွေးမိထားလို့ အိမ်သားတိကို အန္တရာယ် ဖြစ်နိုင်တဲ့ ကိစ္စများလာလို့လည်း သိချင်တာပဲ၊ တခြား ဇလိုမှ ထင်မြင်ချက် မရှိဘူး'

'အိမ်သားတိထဲမှာ အတော်အသင့် ဘာသိတဲ့ သော်တာ တစ်ယောက်က လွဲရင် ဘဏ္ဍာစိုးကြီး ဦးမောင်ရွှေရိုး တစ်ယောက်ပဲ ကျုပ်ရို့ လျှို့ဝှက်ချက်ကို သိတယ်၊ အေလျှို့ဝှက်ချက်သာ ပေါ်ပေါက်လာဖို့ဆိုကေ သားတော်ငယ် ဘယမင်းရဲ နဲ့ အရှင့်မယ်တော်တို့ရဲ့ အရေးတော်ကြီးဟာ ဆုံးရှုံးသွားရတော့မှာပဲ'

လင်းသာမောင်မောင်၏ စကားကြောင့် စံပယ်သည် အံ့အားသင့်သွားသည်။ လျှို့ဝှက်ချက် ဆိုသည်မှာ လင်းသာဂေဟာကြီး၏ အိမ်သူအိမ်သားများ အရေးနှင့် စပ်လျဉ်းသည့် လျှို့ဝှက်ချက်ဟု ထင်နေခဲ့သည်။ ယခုမူ သားတော်ငယ် ဘယမင်းရဲ နှင့် အရှင့်မယ်တော်တို့၏အရေး၊ တိုင်းရေးပြည်ရေး၊ စံပယ်တို့ တိုက်ပွဲ ဆင်နေသည့် အရေး ဖြစ်နေသောကြောင့် ပို၍ အံ့ဩမိကာ ပို၍လည်း စိတ်ဝင်စားမိသည်။

'စံပယ်က လျှို့ဝှက်ချက် တစ်စိတ်တစ်ဒေကို သိနေမှတော့ အားလုံးကို ဖွင့်ပြောထားမှ ရင်ထဲမှာ ရှင်းသွားမယ်၊ အရေးအကြီးဆုံးကတော့ နှုတ်လုံဖို့ပဲ'

စံပယ်က ကတိပေးလိုက်၏။



'သားတော်ငယ် ဘယမင်းရဲနှင့် သားတော်ကြီး စောရန္တမိတ်တို့ ထီးနန်းရေး စပြီး ပေါ်ပေါက်လာရေချိန်မှာ ကျုပ်ဟာ သားတော်ငယ်ရဲ့ ဘက်တော်သား ဖြစ်တဲ့ အလျောက် ငွေစုဆောင်းဖို့ တာဝန်ယူခဲ့ရတယ်၊ တစ်တိုင်းပြည်လုံးမှာ ပျံ့နှံ့နေတဲ့ ငွေနဲ့လုပ်ထားတဲ့ အသုံးအဆောင် မှန်သမျှကိုလိုက်ပြီး လျှို့ဝှက်နည်းနဲ့ အဆင့်ဆင့် စုဆောင်းရတယ်၊ ရလာတဲ့ ငွေသားပစ္စည်းတိကို ပြန်ကျိုပြီး ပိုက်ဆံအဖြစ် သုံးခဲ့ရတယ်၊ ခဲတိ၊ ယမ်းတိ၊ လက်နက်တွေ ဝယ်ရာမှာ ငွေသားကို ပိဿာလိုက်ချိန်ပြီး ပေးရတယ်၊ ရဲမက်တော်တိအတွက် ရိက္ခာတိကိုလည်း ငွေသားနဲ့ပဲ ဝယ်ရတယ်၊ ငွေသားသာမရှိရင် သားတော်လေး ဘယမင်းရဲ့ဘက် ရှုံးရမှာ သေချာတယ်'

စံပယ်က ခေါင်းတဆိတ်ဆိတ် ညိတ်သည်။

'လျှို့ဝှက် စုဆောင်းလို့ ရလာတဲ့ ငွေသား အသုံးအဆောင်တိကို လင်းသာဂေဟာကြီးရဲ့ မြေတိုက်ခန်းမှာ လျှို့ဝှက် သိမ်းဆည်းထားပြီး အောက်မှ တစ်ဆင့် လျှို့ဝှက်တဲ့ နေရာမှာ ဆောက်လုပ်ထားတဲ့ ငွေရည်ကျိုစက်ကို ရောက်အောင် ဘဏ္ဍာစိုးကြီး ဦးမောင်ရွှေရိုးနဲ့ စီစဉ်ပြီး ပို့ပေးရတယ်၊ အေအခန်းကတော့ အသူ့ဆီက ငွေသားဇာလောက် ရတယ်၊ ဇာနေ့ဇာလောက် ပို့တယ်ဆိုတဲ့ စာရင်းတိ မှတ်တမ်းတိကို သိမ်းဆည်းထားတဲ့ အခန်းပဲ၊ အိမ်ကြီးနဲ့ ကပ်ပြီး ဆွယ်ထားတဲ့ အဆောင်အောက်မှာ မြေတိုက်ခန်း ရှိတယ်၊ လူတစ်ယောက် ကောင်းကောင်း ရပ်ပြီး နေနိုင်တယ်၊ အကျယ်ကတော့ ငါးပေ ပတ်လည်လောက်ပဲ ရှိတယ်၊ အဲဒီ မြေအောက်ခန်းကနေပြီး လေသာဆောင်ကို ရောက်နိုင်တဲ့ လျှို့ဝှက်ဥမင်လမ်း တစ်လမ်း ရှိတယ်၊ အဲဒီ လေသာဆောင် အောက်မှာရှိတဲ့ လမ်းကနေပြီး ပင်လယ်ဘက်ကို ဆင်းလည်းရတဲ့ ဥမင်လမ်း တစ်လမ်းလည်း ရှိသေးတယ်၊ ပြောပြတာ ရှင်းတယ် မဟုတ်လား'

စံပယ်က ခေါင်းညိတ်ပြလိုက်သည်။

'မြေတိုက်ခန်းမှာ ငွေသားတိနန့် လုပ်ထားတဲ့ ပစ္စည်းတွေ စုထားတယ်ဆိုတာ ကျုပ်သားတော် တစ်ယောက်ပဲ သိတယ်'

'လင်းသာဂေဟာကြီးမှာ အေပိုင် လျှို့ဝှက်တဲ့ မြေတိုက်ခန်းတိ၊ လျှို့ဝှက်တဲ့ ဥမင်လမ်းတိ အစကတည်းက ရှိနေခဲ့တာကိုက အတော် နေရာကျတာပဲ'

စံပယ်သည် လေသာဆောင်မှ ပေစာထုပ်များတွင် လင်းသာမောင်မောင်၏ ဖခင်ဖြစ်သူ အကြောင်းကို ဖတ်ထားဖူးသောကြောင့် ဤသို့ အမှတ်မထင် နှုတ်မှ ထွက်မိခြင်း ဖြစ်သည်။ လင်းသာမောင်မောင်၏ ဖခင်သည် ကုန်သည်ကြီး တစ်ဦး

ဟု နာမည်ကြီးခဲ့သည့်တိုင် ပင်လယ်ဓားပြလုပ်ငန်းကို တစ်ဖက်မှ ကြိုးကိုင်နေသူ ဖြစ်ခဲ့သည်ကို ပေစာထဲမှာ တွေ့သိထားခဲ့သည်။

'ဟုတ်တယ် ... ယကေလေ့ ကျုပ်ရဲ့အစ်ကို အကြီးဆုံးမှာ စိတ်မနှံ့တဲ့ ရောဂါဝေဒနာကို တော်တော်လေး ကြာအောင် ခံစားခဲ့ရတယ်၊ တစ်ခါ တစ်ခါမှာ သူဟာ ထိန်းမနိုင် သိမ်းမရလောက်အောင် ဖြစ်လာတယ်၊ ယင်းအချိန်မျိုးမှာ သူ့ကို အိမ်ကြီးနဲ့ ဆက်ပြီး ဆွယ်ထားတဲ့ အဆောင်ကနေပြီး အောက်မှာရှိတဲ့ မြေတိုက်ခန်း ထဲမှာ လှောင်ထားလိုက်ရတယ်၊ ဒီအခန်းမှာ လေကလည်း ကောင်းကောင်း မရတော့ သူဟာ မကြာခင်ဘဲ သတိလစ်သွားတတ်တယ်၊ ယင်းအခါကျတော့မှပဲ သူ့ကို အဲဒီ နေရာက ပြန်ထုတ်ပြီး ဆေးဝါး တိုက်ကျွေးရတယ်'

လင်းသာမောင်မောင်၏ အသံမှာ အနည်းငယ် တုန်ယင်နေသည်ကို စံပယ် က သတိထားမိသည်။

'လင်းသာ ဂေဟာကြီးကို ဆောက်ပြီးလို့ နှစ်ဆယ့်လေးနှစ် အကြာမှာ ကျုပ်ရဲ့ အဖေရော၊ ကျုပ်ရဲ့ အစ်ကိုကြီးရော ကျောက်ရောဂါနဲ့ ကွယ်လွန်ခဲ့ကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ငါးရက်ပဲ ကွာတယ်၊ တခြား အိမ်သားတိကို မကူး စက်ဘဲ သူတို့ နှစ်ယောက်သာ ဆုံးသွားရတဲ့အတွက်လည်း ဒီနယ်ကလူတိက ကျုပ်ကပဲ ဒါတွေကို လိုချင်လို့ လုပ်ကြံပစ်သလို သတင်း လုပ်နိုင်ခဲ့ကြတာပေါ့'

လင်းသာ ဂေဟာကြီး၏ စားဖိုချောင်ဘက်ဆီမှ ထမင်းချက်များ၊ အစေခံ များ၊ ထမင်း စားသောက်ပြီးစီးကြ၍ မိမိတို့ တန်းလျားများရှိရာသို့ ထွက်ခွာသွားသံ များ ပေါ်ထွက်လာသည်။

'ကဲ... စံပယ်လည်း စံပယ့် အခန်းကို ပြန်ပေတော့၊ ကျုပ်ကလည်း ဝင်လာခရေလမ်း အတိုင်း ပြန်တော့မယ်၊ လေသာဆောင်က သော့ကိုလည်း ပေးပစ် ခဲ့၊ နောက်ဆိုကေ အေအခန်းထဲက ညနက်အချိန်မတော် အသံဗလံ ကြားကေလေ့ ဘအောင်မှ စိုးရိမ်မနေနဲ့တော့ လျှို့ဝှက်ချက်နဲ့ ပတ်သက်တဲ့ စကားကိုလည်း ဘယ်သူ့ ဆီကိုမှ မပေါက်ကြားစေနဲ့'

'ဟုတ်ပါရေ ... အသူ့ဆီကိုမှ မပေါက်ကြားစေရဘူးလို့ စံပယ် ကတိပြုပါ ရေ'

လင်းသာမောင်မောင်သည် ဘီးတပ်ထားသည့် စံပယ်၏ ကုလားထိုင်ကို အခန်းထဲမှ စကြံဆီသို့ ရောက်အောင် ကူညီ၍ တွန်းပေးလိုက်ပြီးနောက် အခန်း တံခါးကို ညင်သာစွာ ပြန်ပိတ်လိုက်သည်။



စံပယ် အခန်းထဲသို့ ရောက်သွားပြီးနောက် မကြာမီပင် ထမင်းစားပြီး၍ ပြန်လာသည့် အထိန်းတော်ကြီး ရောက်ရှိလာသည်။

*

## (၁၂)

သားတော်ကြီး စောရန္တမိတ်၏ တပ်များသည် သားတော်ငယ် ဘယမင်းရဲ၏ တပ်များကို ပို၍ပြင်းထန်စွာ တိုက်ခိုက်လာသည်။ စောရန္တမိတ်၏ လက်ရုံးတစ်ဆူဖြစ်သော တပ်မှူးကြီး မြို့စားပုံချီ အုပ်ချုပ်သော တပ်တစ်တပ်သည် လင်းသာနယ် မြောက်ပိုင်းဆီသို့ ထိုးစစ်ဆင်လာသည်ဟု သတင်းထွက်လာသည်။

ဤသတင်းကို ကြားသိရသည့်အတွက် စံပယ်တို့တစ်တွေ စိတ်လေးနေမိကြသလောက် ပျော်၍ နေသူမှာ ဗိုလ်မှူးခူဝံ ဖြစ်သည်။

'မြို့စားကြီး ပုံချီသာ လင်းသာနယ်မြေဘက်ကို ထိုးစစ်ဆင်လာမယ် ဆိုကေပုံချီကြီးရော သူ့လူတွေကိုပါ ပင်လယ်ထဲ မောင်းချပစ်လိုက်ရုံပဲ၊ မောင်းလည်းမောင်းချနိုင်ဖို့က သေချာတယ်'

ထမင်းစားခန်းတွင် ထုံးစံအတိုင်း ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ လက်ထဲမှ ကြက်ပေါင်ကြော်ကို ကိုက်လိုက်၊ အသင့် ငှဲ့ထားသော ဖန်ဘူးတွင် လျှောင်သည့် ပယင်းရောင်ချို အမြိုက်ကို မော့လိုက် လုပ်နေသည့် ဗိုလ်မှူးခူဝံက တဟားဟား ရယ်လျက် ပြောလိုက်သည်။

'ရန်သူ့ထိုးစစ် လင်းသာနယ်မြေအထိ ရောက်လာအောင် စောင့်နေတာကတော့ ကျုပ်ရို့ ပြည်သူပြည်သားတို့အတွက် ကောင်းဖို့ လက္ခဏာ မဟုတ်ဘူး'

ထမင်းစားခန်းထဲတွင် ရှိနေသေးသော စံပယ်၏ ခအို (ခဲအို) လင်းသာမောင်မောင်က ထင်မြင်ချက် ပေးလိုက်သည်။

'ရန်သူ့ လည်ပင်းမှာ ကြိုးကွင်း စွတ်မိရေအထိ ကျုပ်ရို့က စောင့်နေရမှာဗျ၊ မြို့စားပုံကြီးရဲ့ ထိုးစစ်က လင်းသာနယ်မြေထဲကို ကျွံပြီးဝင်လာလေ ကျုပ်ရို့အတွက် ကောင်းလေပဲ၊ ရန်သူ့ တပ်တိက ကျွံပြီးဝင်လာရေအထိ အကျွန်ရို့က



ခံစစ်အနေအထားမှာ ရှိနေရဖို့လိုရေ၊ ကိုယ်တော်ကလေးအတွက် ကျုပ်ရို့ အသေခံတိုက်ကေ ကိုယ်တော်ကလေးရဲ့ ပြည်သူတိက ရန်သူ့ အနှိပ်စက်ခံပြီး သေတန်သေကြပေါ့၊ ရန်သူတပ်ဘိ အရောက်စုံရေခါမှ ကျုပ်ရို့က ထိုးစစ်နဲ့ ပြန်ထိုးရမှာ'

ဗိုလ်မှူးခူဝံက လက်နှစ်ဖက်ကို ပွတ်ရင်း အားရပါးရ ပြောသည်။

'ယင်းစစ်ရေးဟာ ကျွန်တော်တို့ ပြည်သူပြည်သားတိ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ ဖြစ်နေလို့ တိုင်းသူပြည်သားတိက စိတ်ညစ်ကေခင်ဗျားရို့ နိုင်နိုင်ကတ်လို့လား'

လင်းသာမောင်မောင်သည် ညည်းညူ စိတ်ပျက်သည့် စကားကို ဆိုသည်။ ဤတွင် ဗိုလ်မှူးခူဝံက ...

'တစ်တိုင်းပြည်လုံး စစ်ဖြစ်နေဗျယ် ဆိုခါမှ အိပ်ကောင်းခြင်း အိပ်ဖို့၊ စားကောင်းခြင်း စားဖို့၊ စဉ်းစားနေလို့ ဖြစ်ဖို့လားရေ (ဖြစ်ပါ့မလား) တိုင်းပြည်ဟာ တိုင်းပြည်ကို ချစ်တဲ့ သားတော်ငယ်အတွက် ခံကြပေါ့ဗျ၊ မချစ်ရင် မခံတတ်ကေ့၊ အာဏာလုရေ ဆိုစွာ တိုက်ပွဲတိ မြင်ရဖို့ သေပွဲတိ မြင်ရဖို့ လင်းသာ တစ်နယ်မြေလုံး သွေးတိ ဖုံးလွှမ်းနေရင် နေရဖို့ အချင့်ကို ဇာတတ်နိုင်လို့လဲ'

ဗိုလ်မှူးခူဝံ၏ စကားကြောင့် စောစောက စကားပြောသံ၊ ရယ်မောသံတို့ဖြင့် သောသောညံနေသည့် ထမင်းစားခန်းကြီးမှာ ရုတ်ခြည်းပင် ငြိမ်သက်သွားသည်။

စံပယ်သည် လင်းသာမောင်မောင်၏ မျက်နှာကို အလွန် အားနာသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

လင်းသာမောင်မောင်သည် 'ထမင်းစားခန်းထဲတွင် ခဏမျှ ကြာအောင် အိန္ဒြေမပျက် ထိုင်နေပြီးနောက် သူ့အဆောင် ရှိရာသို့ ထွက်သွားသည်။

လင်းသာ ဂေဟာသို့ ဗိုလ်မှူးခူဝံ စတင် ခြေချလာသည့် အချိန်မှစ၍ စံပယ်သည် စိတ်တည်ငြိမ်မှု ရှိလာကာ အိမ်သားအားလုံးကို ရင်ဆိုင်ရဲသည့် စိတ်ဓာတ် ရှိလာသည်။ ထို့ကြောင့် ယခင်ကကဲ့သို့ ထမင်းကို အဆောင်ထဲတွင် စားမနေတော့ဘဲ ထမင်းစားခန်းမကြီး ရှိရာသို့ မှန်မှန် ဆင်း၍စားသည်။

ထမင်းစားခန်းမှ အိမ်သားများ ထွက်ခွာသွားကြသောအခါ ဗိုလ်မှူးခူဝံသည် စံပယ်၏ ဘီးတပ်ထားသော ကုလားထိုင်ကို နောက်မှ သူကိုယ်တိုင် တွန်းပေးကာ ဂေဟာကြီး၏ အပြင်ဘက်သို့ လေညင်းခံ ထွက်လာခဲ့ကြသည်။

'မြို့စားပုံချီကြီးတပ်နဲ့ ကျုပ်တပ်တိ တိုက်ပွဲ ပြင်းထန်နေတဲ့ အချိန်မှာ ကျုပ်ရဲ့ ငကြောက်ကို စံပယ့်ဆီ ပို့ထားမယ်၊ စံပယ်က တာဝန်ခံပြီး ကြည့်ရှုထားနိုင်ပါ့မလား'

'ငကြောက်ဆိုစွာ ဇာလဲ အစ်ကို'

စံပယ်က ဗိုလ်မှူးရှုဝံ၏ စကားကို နားမလည်။

'ငကြောက်ဆိုစွာ ကျူပ်သား ဟသ်ာဆိုရေ အကောင်ကို ပြောတာ၊ အေအကောင်က ငယ်ငယ်ချေချေ ပိစိကလောင်ချေ (သေးသေးကွေးကွေး) ရှိသလောက် ကြောက်တက်စွာလေ့ လွန်ရော၊ စာသင်လို့လည်း ခုထိဇာလဲ မယ်မယ်ရရ မတတ်မြောက်သိ'

ဗိုလ်မှူးရှုဝံက စိတ်ပျက်သည့် လေသံဖြင့် ပြောသည်။ မျက်နှာ၌လည်း မချမ်းမြေ့သည့်အသွင် ပေါ်လာသည်။

'ဟသ်ာဆိုရေ အကောင်ချေက လက်မှာ ခဲတံချွန်ရင်း ဓားပြတ်စွာ (ရှ) ကိုတောင် ငိုတယ်တဲ့ကွာ၊ ကောင်းကောင်း စိတ်ကုန်ဖို့ ကောင်းရေ တစ်ခါတစ်ခါ အေအကောင်နန့် ပတ်သက်ပြီး စိတ်တိုကာ အမှားတိကို လုပ်မိရေ၊ စစ်မြေပြင်မှာ ကျူပ်နန့်အတူ ရှိနေတဲ့ ကျားသစ်ချေလို့ နာမည်ပေးထားတဲ့ ကလေးချေ (ကောင်ကလေး) နန့် ကကောင်းကွာ စွာမလား၊ အစ်ကိုကြီး ကိုဥက္ကာရဲ့သား ဆိုကေလေ့ သူ့အဖပိုင် သတ္တိကောင်းရေ ဟသ်ာဆိုရေ အကောင်က အသက် ဆယ့်လေးနှစ် ရှိနေတာတောင် အခုထိ သူ့ကိုယ်သူ အခုချေပိုင် ထင်နေတာ၊ ယနန့် အေအကောင်ကို စံပယ်က ထိန်းသိမ်းဆုံးမပေးဖို့ဆိုကေ အစ်ကို နည်းနည်း စိတ်ချမ်းသာဖို့မြင်ရေ'

စံပယ်သည် ဗိုလ်မှူးရှုဝံ၏ မျက်နှာကို ငေးစိုက်လျက် ကြည့်မိသည်။ ဗိုလ်မှူးရှုဝံ၏ စကားများသည် စင်စစ် သားကို မုန်းတီးခြင်းမဟုတ်ဘဲ ချစ်လိုသောကြောင့် မိမိနှင့် မတူသည်ကို အားမလိုအားမရ ကရုဏာဒေါသ ဖြစ်နေခြင်းမျိုးဟု နားလည်လိုက်သည်။ စံပယ်သည် ကြင်နာစွာ ပြုံးလိုက်သည်။

'အစ်ကိုရှုဝံရဲ့သား ဆိုကေ စံပယ်ကလည်း ချစ်ရခင်ရ ဆုံးမ သွန်သင်ရမှာပဲ မဟုတ်လား၊ အသက် ဆယ့်လေးနှစ် ဆိုစွာကတော့ ငယ်တယ်ဆိုရင်လည်း ခွင့်လွှတ်နိုင်တဲ့ အရွယ်မျိုးပါပဲ'

'ယင်းပိုင်ဆိုကေလည်း ဒီကောင်ကို စံပယ့်ဘက်ကို အပ်ထားရမှာပဲ'

သို့ဖြင့် ဟသ်ာနှင့်အတူ သူ၏ စာပြဆရာကိုပါ လင်းသာဂေဟာကြီး၌ လက်ခံထားရှိရန် လင်းသာဂေဟာကြီး၏ အိမ်ထောင်ဦးစီးဖြစ်သူ လင်းသာမောင်မောင်နှင့် တိုင်ပင်လျက် အစီအစဉ်ပြုလုပ်လိုက်ကြသည်။

စံပယ်သည် ဗိုလ်မှူးရှုဝံ၏ သားကို ထိန်းသိမ်း စောင့်ရှောက် သွန်သင်ရမည်ဟု သိနေသည့်အတွက် ရှင်မြူးနေမိသည်။ ထို့ကြောင့် မိမိအဖြစ်ကို ပြန်၍ အံ့သြမိရသည်။



ဟသ်ာနှင့် သူ၏ စာပြဆရာ ရောက်လာမည်ဟု ချိန်းဆိုထားသည့်နေ့၌ စံပယ်က အလှအပပြင်ကာ အဝတ်ကောင်း အဆင်ကောင်းကို ဝတ်၍ သူတို့ အလာကို ခန်းဆောင်မှ စောင့်မျှော်နေမိသည်။ ဤသို့ စောင့်နေရင်းမှ ပန်းခြံဥယျာဉ်ထဲကို ဆင်း၍ စောင့်ကြိုနေခြင်းက ပို၍ကောင်းသည်ဟု ထင်မြင်လာပြီး ခြံထဲသို့ ဆင်းခဲ့သည်။

ခဏအကြာတွင် ခြံတံခါး ပွင့်သွားပြီး ကလေးတစ်ယောက် စံပယ် ရှိရာသို့ လျှောက်လာသည်။ မျက်နှာပေါက်ကလည်း ဗိုလ်မှူးရှုဝံ မျက်နှာပေါက်မျိုး။

လူငယ်ကို ကြည့်ရသည်မှာ ဖျတ်ဖျတ်လတ်လတ် ရှိပြီး ရဲတင်းသည်။ ဗိုလ်မှူးရှုဝံက သူ့သားအကြောင်းကို တမင် ချိုးနှိမ် ပြောသွားခြင်း ဖြစ်လိမ့်မည်ဟု မှတ်ယူလိုက်သည်။ သို့ရာတွင် စံပယ်၏ မှတ်ယူချက်မှာ တက်တက်စင် လွဲနေကြောင်း လူငယ်လေးထံမှ စကားသံ ထွက်လာမှ သိရသည်။

'အယွေထွီးခင်ဗျာ၊ အကျွန်ကျားသစ်ချေပါ၊ ဟသ်ာတစ်ယောက် အိမ်ဝင်းထဲကို ဟိုဘက်က ဝင်အလာမှာ မြင်းပေါ်က လိမ့်ကျပြီး ခေါင်းမှာ ဒဏ်ရာရသွားတဲ့ အတွက် အယွေထွီးရဲ့ ခန်းဆောင်ထဲကို ရောက်နေပါပြီ၊ အယွေထွီးရဲ့ အထိန်းတော်ကြီး ဒေါ်မေတ္တာက အနာကို ရေနွေးနဲ့ ဆေးပြီး ဆေးထည့်ပေးနေပါတယ်၊ အကျွန်ကိုတော့ အယွေထွီးကို ခေါ်ပေးပါ ဆိုလို့ အခုရောက်လာတာပါ'

'သူ့ အဖေကော ပါလာသလား'

စံပယ်က မိမိ၏ ဘီးတပ်ထားသော ကုလားထိုင်ကို နောက်မှ တွန်းပေးနေသော ကျားသစ်ချေကို မေးလိုက်သည်။

'ဗိုလ်မှူးရှုဝံက စစ်ရေးစစ်ရာနှင့် ပတ်သက်ပြီး ကိုယ်တော်လေး ဘယမင်းရဲ နဲ့ တိုင်ပင်နေရလို့ ကိုယ်တိုင် ပါမလာနိုင်ပါဘူး၊ ရန်သူတပ်ထဲက တပ်မှူးမြို့စား ပျံချီကြီးရဲ့ တပ်တွေလည်း လင်းသာနယ်မြေဘက်ကို ထိုးစစ်ဆင်လာနေကြလို့ ကိုယ်တော်လေးနှင့် ဆွေးနွေးပြီးတာနှင့် တစ်ပြိုင်နက် ဗိုလ်မှူးရှုဝံ ကိုယ်တိုင် လင်းသာဂေဟာကို ရောက်လာပါလိမ့်မယ်။

ပန်းဥယျာဉ်ထဲမှ လင်းသာဂေဟာထဲသို့ ရောက်လာပြီး ထမင်းစားခန်းထဲသို့ ဝင်လိုက်သောအခါ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ဗိုလ်မှူးရှုဝံကို တွေ့နေရလေသည်။

'ငကြောက်ဆိုရေ အကောင်--လောက်တောင် အသုံးမကျတဲ့ အကောင်လည်း အိမ်ခြံ တံခါးဝ ရောက်တော့မှ မြင်းပေါ်က လိမ့်ကျရတယ်လို့ သွေးကိုတာ

ကြောင်နေတာ၊ ကျားသစ်ချေကို ကြည့်စမ်းပါ၊ ဓာဖြစ်လို့လဲ အဲ့ဒီလို သတ္တိမျိုး မွေးဖို့လိုတယ်။

သားဖြစ်သူ ဟသ်ာကို ရှုတ်ချနေသလောက် တစိမ်းပြင်ပြင် ကျားသစ်ချေကို အမွှမ်းတင်နေသည့် ဗိုလ်မှူးစူဝံကို စံပယ်က စိတ်ထဲမှ တွေးတောရင်း သူ့စိတ်တွင်းမှ ခံစားရချက်တို့ကို ဝေဖန်နေမိသည်။

'ဟသ်ာချေဒဏ်ရာက တော်တော်များသလား'

'ဟသ်ာကို အထိန်းတော်ကြီး ဒေါ်မေတ္တာက ဂရုစိုက်ပါလိမ့်မယ်၊ အစ်ကို့မှာ အချိန်များများ မရဘူး'

ဗိုလ်မှူးစူဝံက ပြောပြောဆိုဆိုနှင့် ဘီးတပ်ထားသည့် ကုလားထိုင်ကို အခန်းလွတ် တစ်ခုရှိရာသို့ တွန်းယူသွားပြီး အခန်းတံခါးကို ပိတ်လိုက်သည်။

'ဟသ်ာကို မြို့စားပျံချီကြီးရဲ့ တပ်တိ ဝင်လာတဲ့ အချိန်မှာ တွေ့မသွားအောင် အထူး သတိထားရလိမ့်မယ် စံပယ်၊ ကျုပ်ရဲ့ သွေးသား တစ်ယောက်ယောက်ကိုသာ မြို့စားပျံချီကြီးက ဖမ်းမိသွားမယ်ဆိုရင် အဲဒီ ရင်သွေးကို ဓားစာခံလုပ်ပြီး ကျုပ်ကို သူတို့ လိုချင်တဲ့ အချက်တွေ လုပ်ခိုင်းမှာ အမှန်ပဲ'

ဗိုလ်မှူးစူဝံသည် ဤသို့ပြောဆိုလိုက်ပြီး စံပယ့် ကုလားထိုင်ဘေးတွင် ဒူးထောက်၍ ထိုင်လိုက်သည်။

မိမိက မုန်းလှပါသည် ဆိုသော သား၊ ထိုသားကို ရန်သူက ဖမ်းမှာ အစိုးရိမ်သည်။ ထိုသားကို ရန်သူက ဖမ်း၍ နှိပ်စက်မည်၊ သတ်မည်ဟု ဆိုလျက် မိမိကို အကျပ်ကိုင်ခြင်း လက်နက် အချုခိုင်းခြင်း စသည်တို့ကို ပြုလုပ်မည်စိုးရသည့်အတွက် ရန်သူက မတွေ့အောင် တာဝန်ယူ ထိန်းသိမ်းပေးပါတဲ့။ 'မုန်းနေတဲ့ သားကို မဆိုထားနှင့် ချစ်တဲ့သားကို ဖမ်းထားပြီး ရန်သူက အကျပ်ကိုင်စေဦး … သားကို အဆုံးခံပြီး ရန်သူကို အနိုင်ယူရမည့် ယောကျ်ားကြီးမျိုးမှန်း စံပယ် သိပါတယ် အစ်ကိုရယ်၊ အစ်ကို မုန်းပါတယ် ဆိုတဲ့ သားကို အစ်ကို့ ရင်ထဲက စိုးရိမ်နေတာနဲ့ ဒီလိုပဲ တောင်တစ်ခွန်း မြောက်တစ်ခွန်း ပြောပစ်လိုက်တာပဲလား'

စံပယ်သည် ဗိုလ်မှူးစူဝံ၏ မျက်နှာကို ကြင်နာစိတ်ဖြင့် ငေးငေးကြည့်ရင်း ရင်ထဲမှ ပြောမိ၏။ မိုးဒဏ်၊ နေဒဏ်၊ လေဒဏ်ကို ကြံ့ကြံ့ခံလာခဲ့သည့် ယောကျ်ားကြီး တစ်ယောက်၏ ရင့်ကျက်သော ရုပ်ကို တွေ့မြင်နေရ၏။ ထိုယောကျ်ားကြီးသည် မိမိ သွေး၊ မိမိသားကို ယခု မိမိနှင့်အတူ ရှိစေချင်၏။ မိမိနှင့် အတူ တိုက်ပွဲ ဝင်စေချင်၏။ မိမိကဲ့သို့ ရန်သူ့ စစ်မျက်နှာကို ရှုပ်ရှုပ်စူးစူး ထိုးဖောက်စေလို၏။ သို့သော် … သားက စစ်ကို မုန်းသည်။ သွေးကို ကြောက်သည်။



ရွံသည်။ ဖခင်သည် သေရဲ သတ်ရဲသည့် ရာထောင်သော စစ်သည်တော်တို့ အပေါ်၌ ဩဇာညောင်း၏။ အမိန့်ပေးနိုင်၏။ ငယ်နု ပျော့ပျောင်းသော သားလူမမယ် တစ်ယောက် အပေါ်၌ ဩဇာမညောင်းခဲ့။ အမိန့်မပေးနိုင်ခဲ့။

ထိုသားသည် အကယ်၍သာ စစ်သားတစ်ယောက် ဖြစ်ခဲ့သော် နေရာတွင် သတ်ပစ်နိုင်မည် ဖြစ်သော်လည်း ယခုမူ သားဖြစ်နေသောကြောင့် မသတ်နိုင်။ မသတ်ရက်။ သို့သော် သားက အခြားအရာတွေကို ဘာမျှ မပြုလုပ်ရဲသော်လည်း ဤဖခင်၏ အလိုကို ဆန့်ကျင်ရာ၌ အသေခံ၍ ဆန့်ကျင့်ရဲ၏။ မသတ်ဝံ့သူနှင့် အသေခံရဲသူတို့ ရင်ဆိုင်ကြသောအခါ အသေခံရဲသူက နိုင်ခဲ့သည်။ ဗိုလ်မှူးစူဝံသည် ယခု အရှုံးကြီး ရှုံးနေရရှာပါပြီ။

သူမချစ်သော မယားက မွေး၍ သူမုန်းလှပါသည် ဆိုသော သားကို အရှုံးကြီး ရှုံးနေရသည့် ယောကျ်ားကြီး တစ်ယောက်သည် မသန်မစွမ်း ရှိနေရရှာသော ချစ်ဦးသူ ရှိရာသို့ အားကိုးတကြီး ရောက်လာ အကူအညီ တောင်းနေပါပြီကော။

**'အစ်ကို့ စံပယ်ရယ် … ဓာကြောင့် ပြုံးပြုံးကြီးနဲ့ ငေးကြည့်နေရတာလဲကွယ်၊ အစ်ကို ဓာပြုနေလို့လဲ'**

စံပယ်သည် အပြုံးမပျက်ဘဲ ခေါင်းကို ဖြည်းညင်းစွာ ရမ်းခါပြလိုက်သည်။ တစ်ဆက်တည်းပင် တပ်မှူးကြီး တစ်ယောက်က စံပယ်လို ခြေမသန်စွမ်းသည့် ဒုက္ခိတ အမျိုးသမီး အနားတွင် ထိုင်လိုက်ပုံမှာ ခြေကျိုးနေသည့် သမင်မငယ် အပါးသို့ ခြသေ့်မကြီး အခစား ရောက်နေသည်နှင့်ပင် တူသေးတော့ဟု တွေးမိလာပြန်သည်။ ဗိုလ်မှူးသည် စံပယ်၏ ပြုံးမျက်နှာကို ကြည့်ရင်း မချင့်မရဲ ဖြစ်လာသည်။

'စံပယ် … အစ်ကို့ကို ချစ်ပါသိရဲ့နော်'

စစ်သားကြီး၏ အသံက နူးညံ့ သိမ်မွေ့နေသည်။

စံပယ်သည် စကား မပြောနိုင်လောက်အောင်ပင် ရင်ထဲတွင် ခံစားနေမိသည်။ ထို့ကြောင့် ကြင်နာမှုနှင့်အတူ ခေါင်းကို ညိတ်ပြလိုက်သည်။

ဗိုလ်မှူးစူဝံသည် စံပယ်၏ ခြေထောက် နှစ်ဖက်ကို တယုတယ ပွတ်သပ်နေရာမှ တံတွေး နင့်ခနဲ မျိုလိုက်သည်။ ထို့နောက် စံပယ်ကို ပွေ့၍ နဖူးကို နမ်းသည်။ သူ့အဖို့တော့ ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ရာညက် ဆိုသလို ချစ်ရေးကြူ၍ ချစ်ဗျူဟာခင်းရန် လွယ်ကူလှသော်လည်း စံပယ့်အဖို့ နှောင်ရေးခက်လှသည်။ စံပယ်နှင့် ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ရာညက်အကြာ ချစ်ဗျူဟာ ခင်းပြီးသွားသည့် နောက်ပိုင်း၌ စစ်သားကြီးအဖို့မှ စစ်မက်ရေး တိုင်းရေးပြည်ရေးဖြင့်သာ

အချိန်ကုန်နေမည် ဖြစ်သော်လည်း စံပယ့်အဖို့မူ ဗိုလ်မှူးရှုဝံဟူသော စစ်မြေပျော်ကြီး အကြောင်းကိုသာ တွေးလျက် တဆွေးဆွေး တမြေ့မြေ့ ရှိနေရသည်။

တကယ်တော့ ဤအဖြစ်မျိုးသို့ ရောက်လာအောင်လည်း စံပယ် ကိုယ်တိုင်က ဗိုလ်မှူးရှုဝံကို အခွင့်အရေးပေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အောက်မေ့ ဆွေးမြည့်ခြင်း ဝေဒနာကို စံပယ်သာလျှင် ခံထိုက် ခံသင့်သည်။ 'ဘယ်သူမပြု မိမိမှု' နှင့် မိမိပင် မဟုတ်ပါလား။

'အချစ် စံမှယ် … ကိုယ်လာရဦးမယ်ကွာ၊ အချိန်ရတဲ့ အခိုက်တိုင်း လင်းသာ ဂေဟာမှာ ရှိတဲ့ စံပယ်အပါးကို အစ်ကို ရောက်ရောက်လာမှာပါပဲ၊ အေကြားထဲမှာ အစ်ကို့ ရင်သွေး ထိုခွီးကောင်ကို မြို့စားပုံချီတစ်ကြီးတပ်က ဖမ်းမမိအောင် ဂရုစိုက်ပေးပါနော်'

ဗိုလ်မှူးရှုဝံသည် စံပယ်၏ နဖူးပြင်ကို မွှေးလိုက်ပြီး အခန်းတံခါးကို ဖွင့်သည်။ ထို့နောက် စံပယ့် ကုလားထိုင်ကို စကြံရှိရာသို့ တွန်းခဲ့သည်။

'အဝေ့ ကျားသစ်ချေ ခရီး ထွက်ဖို့ ပြင်နှင့်'

ဗိုလ်မှူးရှုဝံက လှမ်းပြောသည်။

ခဏအကြာတွင်ပင် ခြံဝင်းအတွင်းမှ ထွက်ခွာသွားသည့် မြင်းခွာသံများကို ကြားရသည်။ ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ရာညက်မျှ တွေ့လိုက်ရပြီးနောက် မိမိတို့နှစ်ဦး မည်မျှအထိ ဝေးကွာနေကြပါမည်နည်းဟု စဉ်းစားရင်း စံပယ်သည် တွေးငိုင်သော မျက်နှာဖြင့် အဆောင်ရှိရာသို့ မိမိ ကုလားထိုင်ကို တရွေ့ရွေ့ လိမ့်လာခဲ့သည်။

အထိန်းတော်ကြီး ဒေါ်မေတ္တာသည် နှုတ်ခမ်းကြီးကို တလံလောက် ရှူထားသည်။ စံပယ်နှင့် ဗိုလ်မှူးရှုဝံတို့ ဆက်ဆံရေးကို မကျေနပ်ကြောင်း ပြနေခြင်း ဖြစ်သည်။ စံပယ်က မသိသလို ပြုထားသည်။

'အချေက ဒဏ်ရာ ကောင်းကောင်း ပြင်းသလား'

အထိန်းတော်ကြီးက ပို၍ နှုတ်ခမ်းရှူလာလျက် မကျေနပ်သံ အပြည့်ဖြင့် မကြည်မဖြူ ဖြေသည်။

'ဒဏ်ရာက တစ်စိကချေပါ (နည်းနည်း) မျိုးကောင်းရိုးကောင်း သတ္တိကောင်းဆိုတော့ အကြောက်က ကောင်းလွန်းနေလို့ပါတဲ့တော်'

စံပယ်သည် ဘာမျှမတုံ့ပြန်ဘဲ ကုလားထိုင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသည့် ဟသ်ာကို လှမ်းကြည့်သည်။ မျက်နှာပုံပန်းက ဖခင်ဖြစ်သူ ဗိုလ်မှူးရှုဝံနှင့်



တစ်ထေရာတည်း ဖြစ်သည်။ သို့သော် ကိုယ်လုံးကိုယ်ထည်က သေးကွေး ချည့်နဲ့လှသည်။ ဟသ်ာသည် စံပယ့်ကို ငေးကြည့်နေသည်။ ဤသို့ကြည့်ရင်း ၎င်း၏ လက်သည်းများကို ၎င်း၏ သွားများဖြင့် တဖြောက်ဖြောက် ကိုက်နေရှာသည်။ ကလေးသည် စိတ်လှုပ်ရှားနေပုံရ၏။

စံပယ်သည် ဟသ်ာအနားသို့ တိုးသွားကာ သူ့ပခုံးကို ညင်သာစွာပင် ကိုင်လိုက်သည်။

'ဘဖောင် နေသေးသလဲ'

'သူ သွားပြီလား'

ဟသ်ာက စံပယ်၏ အမေးကို မဖြေဘဲ စံပယ့်ကို ပြန်မေးသည်။ စံပယ်သည် ဟသ်ာကို အကဲခတ်ရင်း လူကလေး သေးကွေးပေမယ့် စိတ်က သူ့အဖေထက် ကြီးပုံပဲဟု တွေးလိုက်သည်။ စံပယ်က ချိုသာစွာ ပြုံးပြလိုက်သည်။

'သူဆိုတာ ဘယ်သူ့ကို ပြောတာလဲ'

'အကျွန့်ဘာသာကို ပြောစွာ'

'သြော် … အေး ဟသ်ာရဲ့အဖေက သူ့ သက်တော်စောင့် အကောင်ချေနဲ့ ထွက်သွားကြပြီးကွယ့်'

'သူ ပြန်လာဦးမှာလား'

'မလာပါဘူး၊ တော်တော်နဲ့ လာနိုင်လိမ့်မှာ မဟုတ်ဘူး၊ သူ့ရဲ့စစ်ရေးမက်ရေးက အရေးကြီးနေတယ်ကွယ့်၊ ယေနန့်ဟသ်ာကို ထွီးထွီးတို့ဆီ လာထားတာ၊ ဟသ်ာရဲ့ အဖေက ထွီးထွီး အသူ ဖြစ်တယ်ဆိုတာတော့ ဟသ်ာကို ပြောထားတယ် မဟုတ်လား'

'ထွီးထွီး လှလှ တစ်ယောက်နဲ့ တွေ့ရလိမ့်မယ်၊ နာမည်က စံပယ်သာယာတဲ့၊ တကယ့် စံပယ်လိုပဲ ကြည်နူးသာယာအောင် မွှေးတယ်၊ မင်း အဲဒီမှာ နေရမယ်လို့ ပြောတယ်၊ အကျွန်လည်း သိပ်ဝမ်းသာတယ်၊ ဘာသာနဲ့ မနေရရင် သရဲကြီးနဲ့ နေရလည်း အကျွန် နေမှာပဲ၊ ထွီးထွီးက အောဘီးကြီးပါတဲ့ ကုလားထိုင်မှာ ဇာပြုလို့ ထိုင်ရတာလဲ'

'ထွီးထွီး လမ်းမလျှောက်နိုင်ဘူးကွယ့်၊ ထွီးထွီး ခြေထောက်က မသန်ဘူး'

'သြော် … သြော် နာနေမှာပေါ့နော်'

ကလေးငယ်တွင် ကြင်နာတတ်သော စိတ်ထား ရှိသင့်သလောက် ရှိကြောင်းကို တွေ့ရသည်။ စံပယ်က ချိုသာစွာ ပြုံးလိုက်၏။

'မနာပါဘူးကွယ်၊ ခုတော့ အကျင့်ရနေလို့ နာမှန်းမသိတော့ပါဘူး၊ ဟသ်ာ ခေါင်းက အနာကကော့ နာနေသလား'

ဟသ်ာသည် ခေါင်းတွင် စည်းထားသည့် အဝတ်စကို လက်ဖြင့် စမ်းကြည့်သည်။

'သွေးတိက ထွက်နေသေးတယ်လား မသိဘူး'

စံပယ်က ပြုံးပြလိုက်သည်။

'စောစောက စိုနေတဲ့ သွေးတိပါကွယ်၊ နောက်ထပ် မထွက်ပါဘူး၊ ထွီးထွီး ရို့ အထိန်းတော်ကြီးက ဆေးကုတတ်တယ်ကွယ့်'

ဤသို့ဆိုရင်း စံပယ်သည် ဟသ်ာ၏ထံပါးမှ ခွာလာကာ ဇာပန်းထိုးနေလိုက်သည်။ မိမိနှင့် နေရခြင်းအတွက် ဟသ်ာ၏ စိတ်တွင် အနေရအထိုင်ရ မခက်စေရန် မျက်နှာလွှဲထားလိုက်ခြင်း ဖြစ်သည်။ သို့သော် စံပယ်သည် ဟသ်ာကို တစ်ချက်တစ်ချက်တွင် မသိမသာ အကဲခတ်နေသေးသည်။

'အကျွန့်အမိလည်း အေပိုင် ဇာထိုးပန်းထိုး ဝါသနာပါတယ်၊ ထွီးထွီးက အကျွန်ရို့ အိမ်ကို တစ်ခါမှ မရောက်ဖူးဘူးနော်'

'အေး မရောက်ခဲ့ပါဘူးကွယ်'

'ဟုတ်တယ် … အမိမှာ အသိမိတ်ဆွေကို အများကြီးရှိပေမယ့် ထွီးထွီး စံပယ်သာယာ နာမည်ကိုလည်း တစ်ခါမှ ပြောသံ မကြားဖူးဘူး'

'ဟုတ်မှာပေါ့ ထွီးထွီးက ဟသ်ာရဲ့ အမိကို သိတာမှ မဟုတ်ဘဲ၊ ဟသ်ာ ရဲ့ အဖေကိုသာ သိတာ'

'အကျွန့်ဘာဘာကို ထွီးထွီးဇာပိုင် မြင်သလဲ'

ဟသ်ာ၏ အမေးသည် စံပယ့်ကို ဘေးကျပ်နံကျပ် ဖြစ်စေသည်။ စံပယ်သည် ဟသ်ာကို လှမ်းကြည့်ရင်း ပြုံးလိုက်သည်။

'မင်းကကော ဇာပိုင် မြင်နေလို့လဲ'

'အကျွန်တော့ အကျွန့်ဘာဘာကို ကောင်းကောင်း မုန်းတယ်၊ တိုက်ပွဲမှာ သေပါစေလို့ အမြဲ ဆုတောင်းတယ်'

'အိုကွယ် …. ဟသ်ာရယ်'

စံပယ်သည် ဟသ်ာကို လှမ်းကြည့်လိုက်သည်။ ဟသ်ာသည် မကျေနပ်သော မျက်နှာထားနှင့် ၎င်း၏ လက်သည်းများကို တဖြောက်ဖြောက် ကိုက်ရင်း အတွေးထဲတွင် စူးစိုက်နေသည်။



'အဲဒီလို မပြောကောင်းဘူး ကလေး (လူလေး) ချေရယ်၊ အဖကို အေပိုင် ပြောကေ ပဉ္စနန္တာရိယကံဆိုတာ ထိုက်တတ်တယ်၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အဲဒီ ငါးဦးကို ပြစ်မှားရင် မျက်မှောက်မှာ ဒုက္ခတွေ့ရတတ်သတဲ့ကွယ်၊ နောက်ဘဝ ငရဲကြီးဖို့ မစောင့်တော့ဘူးတဲ့၊ ဟသ်ာ … အဲဒီစိတ်မျိုး ဇာခါမှ မမွေးနဲ့နော်၊ ပြောလည်း မပြောနဲ့၊ ထွီးထွီး စကားနားထောင်၊ ယင်းပိုင် ပစ်မှားမိရင် အင်မတန် ကံကောင်းတဲ့ သူတွေဟာ ခဏသာ လူမွေးလူတောင် ပြောင်ပြီး နောက်မကြာခင်ဘဲ လူဟာ အလိုလို မွဲတိမွဲခြောက် ဖြစ်လာတတ်တယ်၊ ပြီးတော့ ပြောတဲ့ဆိုတဲ့ စကားကလည်း အမြဲ ပျက်ပြယ်ပြယ်နဲ့ ဩဇာ မတည်ဘူး၊ အနာရောဂါ အထိအရှတွေကလည်း များလာတယ်၊ အနူအရွဲ ရောဂါမျိုးတွေလည်း စွဲကပ်လာတတ်တယ်၊ ပြီးတော့ နောက်ဆုံးမှာ အငတ်ငတ် အပြတ်ပြတ် လူရာမဝင်တော့ဘဲ သေချင်းဆိုးနဲ့လည်း သေတတ်ကြရသတဲ့၊ အဲဒါဟာ တို့ဗုဒ္ဓဘာသာ အယူ သက်သက်ချည်း မဟုတ်ဘူးတဲ့၊ တကယ့် မျက်မြင်ကို အဲဒီလို ဖြစ်ဖြစ်ကုန်တာကို တွေ့ကြလို့ ရှေးသူကြီးသူမတွေက အားကြီး ကြောက်ကြတယ်၊ ထွီးထွီး ပြောတာ နားထောင်နော်'

'သားကိုတော့ ဒီလိုဖြစ်ပြီး ဘာဘာက သားကို လုပ်တော့ ဒီလို မဖြစ်ဘူးလား၊ ဒီလိုဆိုရင် ငရဲက မျက်နှာလိုက်တာပေါ့'

'အို… မောင်ဟသ်ာ မင်းစဉ်းစားကြည့်စမ်း၊ မင်းအဖက မင်းကို နှိပ်စက်တယ်ဆိုတာ မင်းစိတ်ထက် မကျေနပ်လို့ မင်း ထင်နေတာ ဖြစ်ရမယ်၊ မင်းအဖက မင်းကို သူ့လို ဖြစ်စေချင်တယ်၊ မဖြစ်တော့ မင်းကို ဆူမယ် ပြောမယ်၊ တကယ်တော့ မင်းအဖဟာ မင်းကို မုန်းရင် ထွီးထွီးတို့ဆီတောင် လာပြီး အပ်မထားပါဘူးကွယ်'

'မဟုတ်ဘူး… ဒါမဟုတ်ဘူး ဘာဘာဟာ လူဆိုး၊ အကျွန့်အမိကို သတ်ဖို့ လုပ်တယ်၊ အကျွန့် အမိရဲ့ ရွှေတွေ ငွေတွေ၊ အိမ်တွေကို လုယူထားရေ၊ ပြီးတော့ အကျွန် အမိကိုပါ သတ်ဖို့ လုပ်တယ်'

'ဟသ်ာရယ်၊ အဲဒါ မင်းအဖက ဇာတုံးက လုပ်ထာလဲ၊ မင်း တကယ် မှတ်မိသလား'

'အမိ ပြောတယ်၊ ဒါကြောင့် အကျွန့် ဘာဘာကို သိပ်မုန်းတယ်၊ အမိက လည်း မုန်းတယ်'

လူလားမမြောက်၊ မသိတတ်သည့် ကလေးသည် အမြော်အမြင် နည်းသော မိခင်၏ သွန်သင်ထားချက်ကြောင့် အခြေကပင် စွဲလာခဲ့သောအစွဲ ဖြစ်သဖြင့်

ပျောက်ပျက်ရန် လွယ်ကူတော့မည် မဟုတ်၊ ကလေးသည် အဖ၏ အပြုမှန်သမျှကို မကောင်းသော မြင်လျက် ကျိုးကြောင်း ဆက်စပ် တွေးတော ကောက်ချက်ချနိုင်မှုမျိုး ရှိလာတော့မည် မဟုတ်။ အကယ်၍ ကျိုးကြောင်းကောက်ချက် ချတတ်စေဦး ငယ်စဉ်က အစွဲကို မစွန့်နိုင်သောအခါ အမှန်ကို သိလိုစိတ် မရှိ၊ ထိုအခါ မိမိဘ မိမိအဖြစ်ကို နာကြည်းကာ ထိုကလေးသည် ဘယ်သောအခါမျှ အမှန်ကို မပြုလုပ်ချင် မသိလိုချင်တော့ဘဲ တစ်သက်လုံး တုံးသွားတတ်တော့သည်။

လူကြီးတို့၏ အိမ်ထောင်ရေး မပြေလည်မှုတို့သည် အပြစ်မဲ့သော ကလေးငယ်တို့၏ စိတ်ဓာတ်ကိုပါ ထိခိုက် ပျက်ပြားစေရရှာသည်။ ထိုအဖြစ်တွင် ပင်ကိုစရိုက်အားဖြင့် အကြင်နာကင်းမဲ့သော စိတ်ထားသေးသိမ် နိမ့်ကျသည့် မိဘဖြစ်ပါက မိမိကို ပေါင်းသင်းမှု မပြုတော့သည့် ဇနီး သို့မဟုတ် လင်ဖြစ်သူကို 'မစားရတော့သည့် အမဲအဖြစ်ဖြင့် သဲနှင့် ပက်နေကြသောအခါ ထိုဇနီး သို့မဟုတ် လင်၏အထံတွင် ရှိနေသော ကလေးတို့ကိုပါ မိဘ၏ စိတ်ယုတ် စိတ်ညံ့တို့ ကူးစက်ပျံ့နှံ့ကာ သနားစရာ ဖြစ်နေတတ်ကြရသည်။ စံပယ်သည် သစ်သီးနုကလေး နွမ်းရှိနေသည်နှင့်တူသော ဟသ်ာ၏ မျက်နှာကို ကရုဏာကြီးစွာဖြင့် ငေးကြည့်နေရာမှ စိတ်ပြေပျောက်သွားစေရန် စကားပြောင်းလိုက်သည်။

'ဟသ်ာက အမိကိုတော့ ချစ်ပုံရရဲ့'

**ဟသ်ာ၏ မျက်နှာသည် အနည်းငယ် ကြည်လာသည်။**

'ချစ်တယ်လို့ ထင်ပါရဲ့၊ အကျွန့်အမိဟာ လှတယ်၊ ထွီးထွီးထက်တောင် လှသေးတယ်၊ အခုတော့ အကျွန့်အမိဟာ မြန်မာပြည်ဘက်ကို အကျွန့်အဖနဲ့ အတူ ရောက်နေတယ်၊ အကျွန်လည်း အဲဒီလို အမိတို့နဲ့ အတူ သွားနေချင်တာပဲ'

'တစ်နေ့နေ့ သွားရမှာပေါ့၊ ဟသ်ာရယ်'

'အကျွန်လည်း အကျွန့်ဘာသာ အမိရှိဘက်ကို ထွက်ပြေးဖို့ စိတ်ကူးထားရဲ့၊ ယကေလေ့ တို့ဈော်ပွဲတီက နေရာတကာတိုင်းမှာ ဖြစ်နေတယ် မဟုတ်လား၊ ကုန်ခရေ ဆယ်ရက်လောက်က ဒဏ်ရာ ရထားတဲ့ စစ်သား တစ်ယောက်ကို အကျွန့်တို့ (တွေ့) လိုက်ရတယ်၊ သွေးအလိမ်းလိမ်းနဲ့ သိပ်ကြောက်မိတာပဲ'

ဟသ်ာ၏ အမူအရာသည် ယခုပင် ထိတ်လန့် တုန်လှုပ်နေသည့် အသွင်ပေါ်နေသည်။

'ဟသ်ာက သွီး(သွေး) ကို မြင်ရင် ကြောက်တတ်သလား'

'ကြောက်တယ်ပဲလား မသိဘူး၊ မြင်တောင် မမြင်ရသလို ဖြစ်ပါစေလို့ ဆုတောင်းထားတယ်၊ ငယ်ငယ်တုန်းက ကြောက်တဲ့စိတ် ဖြစ်လာခဲ့သလား မသိဘူး၊



အကျွန် ငယ်ငယ်တုန်းက အမိနဲ့ ဘာဘာတို့ ရန်ဖြစ်ကြတယ်၊ ဘာဘာက အမိမျက်နှာကို လက်နှင့် တအား လွှဲပြီးရိုက်လိုက်တာ နှာခေါင်းနဲ့ ပါးစပ်က သွီးတွေကျလာပြီး အကျွန့်ကိုယ်ပေါ်ကို စွန်းကုန်တယ်၊ အဲဒီကစပြီး အကျွန် သွေးတို့မြင်ရင် မကြည့်ချင်ဘူး၊ မကြည့်ဝံ့ဘူးဆိုရင် ပိုမှန်တယ်၊ အဲဒါ ကြောက်တာပဲ ဖြစ်မှာပေါ့နော်'

ဟသ်ာသည် ယခုတိုင် ကြောက်စိတ် မပြေသေးသည့် အမူအရာမျိုး ရှိနေခဲ့သည်။

'အေးကွယ် မေ့လိုက်ပါတော့၊ အေအကြောင်းတိ နောက်ထပ် ထွီးထွီးရို့ မပြောကြရင် ကောင်းလိမ့်မယ်'

ဟသ်ာက ခေါင်းညိတ်လိုက်သည်။ မကြာမီကပင် အထိန်းတော်ကြီး ဒေါ်မေတ္တာသည် စားသောက်ဖွယ်ရာများကို ယူလာသည်။ စံပယ်သည် ဟသ်ာကို စားသောက်ရန် တယုတယ တိုက်တွန်းသည်။

ဟသ်ာသည် မုန့်တစ်ခုကို ယူလိုက်ပြီး စံပယ့်ကို ပြုံးကြည့်သည်။ ကလေး၏ အပြုံးက သူ့အဖ ဗိုလ်မှူးရွှဝံ၏ အပြုံးနှင့် တထေရာတည်း။

*

## (၁၃)

ဤနေ့ ဤအချိန်မှစ၍ ဟသ်ာသည် စံပယ်၏အရိပ်ပမာ ဖြစ်လာခဲ့သည်။ နံနက်နှင့် ညဘက်တွင် သူ့၏ စာပြဆရာအထံ၌ စာပေသင်အံ ဖတ်ရှုသည်မှလွဲ၍ သူသည် တစ်နေ့လုံး စံပယ်နှင့်သာ အတူရှိနေတတ်သည်။ စံပယ်သည် ကလေးငယ်မျှသာဖြစ်သော ဟသ်ာကို ပျင်းရိ ညောင်းညာနေလိမ့်မည်လားဟု စိုးရိမ်နေတတ်သည်။

'ဟသ်ာချေ မပျင်းမရိလား၊ ဥယျာဉ်ထဲတို့၊ တံတားကုန်းတို့ ရှိတဲ့နေရာတိ လျှောက်လည်ပါလား၊ အောက်မှာ မင်းရွယ်တူ ကလေးတွေလည်း ရှိတယ်၊ ပျင်းကေ ဆင်းကစားပါလားကွဲ့'

စံပယ်က မည်သို့ပင် တိုက်တွန်းစေကာမူ ဟသ်ာကတော့ မတုန်မလှုပ် ပျော့ပျော့ကလေးနှင့်ပင် စံပယ်၏ အလိုကို ဆန့်ကျင်တတ်မြဲ။

'မကစားချင်ပါ ထွီးထွီးရယ်'

'ယင်းပိုင်ဆိုကေလေ့ မြင်းစောင်းတွေထဲမှာ ဟသ်ာ စီးနိုင်တဲ့ မြင်းတွေလည်း ရှိတယ်၊ ရှမ်းမြင်းပုံကလေးတွေ အားကြီး လိမ္မာတယ်၊ ဟသ်ာရဲ့ ဆရာကို ခေါ်ပြီး မြင်းလျှောက်စီးကြပါလား'

'အကျွန် မစီးချင်ပါဘူး၊ မြင်းတိကို သနားပါရေ၊ ထွီးထွီးနဲ့ ဒီမှာနေရတာပဲ ကောင်းပါတယ်'

ဟသ်ာသည် ဘူ့စကားအတိုင်း စံပယ့် အနီးတွင် အမြဲလိုလို ရှိနေတတ်သည်။ ဟသ်ာရောက်လာပြီး ငါးရက်မြောက်နေ့တွင် မြို့စားပုံချိုကြီး၏ တပ်များက အထက် နန်းချောင်းဆီသို့ ရောက်လာပြီး ဗိုလ်မှူးစူဝံ၏ တပ်များကမူ တခုတ်တည်း ဆုတ်ခွာ နေကြရသည်ကို စိတ်မချမ်းမြေ့ဖွယ် သတင်း ကြားသိလာရသည်။



ထို့နေ့ ညနေတွင် လင်းသာဒေသရှိ ရပ်မိရပ်ဖ လူကြီးများ၏ ဆွေးနွေးပွဲကို ပြုလုပ်ပြီး ဝင်လာသော မြို့စားပုံချိုကြီး၏ တပ်များကို အစွမ်းကုန် ခုခံကာကွယ် တိုက်ခိုက်ရန် ဆုံးဖြတ်ကြသည်။ ဆွေးနွေးပွဲ ဖြစ်မြောက်ရန် ဆော်ဆော်ဩဩ ပြုလုပ်သူသည် စံပယ်၏ ခဲအို လင်းသာမောင်မောင်ပင် ဖြစ်သည်။

ထိုသို့ ပြုလုပ်ကြသည်ဟု ကြားရပြီးနောက် နှစ်ရက် အကြာတွင် စံပယ်တို့သည် ထမင်းစားခန်းအတွင်း၌ စုရုံးလျက် စကား ပြောဆိုနေကြစဉ် မြင်းစေကျော် တစ်ဦး ရောက်လာသည်ဟု အိမ်ဖော် တစ်ယောက်က စံပယ့်ကို လာရောက် အကြောင်းကြားသည်။

ဝင်လာသူသည် စစ်ဝတ်စုံ အပြည့် ဝတ်ဆင်ထားသည့် ကျားသစ်ချေ ဖြစ်သည်။ ဟသ်ာနှင့် ရွယ်တူမျှသာ ရှိသော်လည်း သွားလာလှုပ်ရှား ဆောင်ရွက်နေမှု တို့ကြောင့် ကလေးနှင့်ပင် မတူတော့။

'ထွီးထွီးအတွက် ပေစာခွေ တစ်ခု ယူလာပါရေ'

ကျားသစ်ချေ၏ စကားအရ စံပယ်၏ရင်တွင် လှုပ်ရှားမိရသည်။ ရိုးရိုးလွမ်းစာ ခွေမျိုးဆိုက တကူးတက အပေးခိုင်းဖွယ်ရာမရှိ။ ချစ်သူ ဗိုလ်မှူးစူဝံများ ဒဏ်ရာ တစ်စုံတစ်ရာ ရရှိနေလေပြီလား။

ပေစာခွေ … ကို ရင်တဒိတ်ဒိတ်ဖြင့် ချက်ချင်း ဖြေဆန့် ဖတ်ကြည့်မိ၏။

**ချစ်သော စံပယ် …**

တိုက်ပွဲဝင်ကြီးကို သတိရစွာ စာရေးလိုက်သည်။ ရန်သူတပ်ကတော့ အစ်ကို မျှော်လင့်ထားရေအတိုင်း လင်းသာ နယ်မြေကို တည်ပြီး ထိုးစစ်ဆင်နေပြီ။ ငါးမျှား ချိတ်က ငါးစာကို ရန်သူက ရှေ့လောတကြီး ပြေးလာဟပ်နေခြင်းပဲ။ ဒါပေမဲ့ အချိန်ကိုတော့ စောင့်ရဦးမှာပဲ။ လင်းသာနယ်မြေမှာ အစ်ကိုရဲ့ 'ဒုက္ခတုံးကြီး' ငကြောက် တစ်ကောင် ရှိနေတာဟာ သူ့အတွက်ရော အစ်ကို့အတွက်ပါ အင်မတန် စိုးရိမ်စရာ ကောင်းတဲ့ အခြေအနေမျိုး ဖြစ်ချင်ဖြစ်နိုင်လိမ့်မယ်လို့ အစ်ကို ထင်တယ်။ ဒီတော့ အဲဒီ 'ဂြိုလ်ကောင်-ဟသ်ာ' ကို သူ့စာပြဆရာနှင့်အတူ ပြန်လွှတ်လိုက်ပါ။ ဇာနေရာကို သွားပြီး ဇာနေရာမှာ နေရမယ်ဆိုတာ ညကျားသစ်ချေကို ညွှန်ကြားချက် ပေးထားတယ်။ သူတို့ရဲ့ လမ်းခရီးအတွက် ကျားသစ်ချေက တာဝန်ယူပါလိမ့်မယ်။

အဲဒါပါပဲကွာ၊ လင်းသာဂေဟာမှာရှိတဲ့ အိမ်သူအိမ်သားကို အမှတ်တရရှိကြောင်း ပြောပြလိုက်ပါ။

စေတနာ မေတ္တာပေါင်း သောင်းငါးထောင်နှင့် …

ထာဝစဉ် ချစ်နေသော စူဝံ

စံပယ်သည် စာခွေကို ပေါင်ပေါ် တင်လိုက်ပြီး ကျားသစ်ချောက်ကို လှည့်လိုက်သည်။

'မင်းရို့ဗိုလ်မှူး ကျန်းကျန်းမာမာပဲ ဟုတ်လားဟေ့'

'ဟာ ... ထွီးထွီးနှယ် တိုက်ပွဲတိက ဆက်တိုက်ဆိုတော့ မကျန်းမာချင်တာ ဓာပိုင်မှ မလာနိုင်ဘူး၊ အမြဲ ဖျတ်ဖျတ်လတ်လတ်နဲ့ နေကောင်းစားကောင်း ဖြစ်နေရတာပ၊ စားကောင်းဆို နန်းချောင်းများရှိတဲ့ မြို့စားပုံချီကြီးရဲ့ နွားခြံ၊ ဆိတ်ခြံ၊ ကြက်ခြံကြီးတွေနဲ့ ဥယျာဉ်ထဲက အသီးအနှံတွေ အားလုံးဟာ အကျွန်ုပ်ရို့တပ်မကြီးရဲ့ ရိက္ခာကောင်းတွေပေါ့၊ နောက်တစ်ခုက အကျွန်ုပ်ရို့ဘက်က ရှုံးပြီး တစ်ဆုတ်တည်းဆုတ်ဆုတ်နေရတဲ့ သတင်းကို အခုတစ်လော ထွီးထွီးတို့ ထပ်တလဲလဲ ကြားကြားနေရမှာပဲ၊ အဲဒါလည်း ထွီးထွီးရို့ ဘာမှ မပူကြနဲ့၊ ရန်သူက လင်းသာ နယ်မြေထဲကို အတင်းတိုးဝင်လာအောင် အကျွန်ုပ်ရို့ ဗိုလ်မှူးက တမင် ထောင်ချောက်ဆင်ပြီး ဆုတ်ပြနေရတာပါ'

စံပယ်သည် ဟန်ပန် အနေအထားနှင့်တကွ ပြောဆိုပုံ တက်တက်ကြွကြွ ရှိပုံတို့ ချစ်သူ စစ်ဗိုလ်မှူး ဇူဝံနှင့် တူလှသည့် ကျားသစ်ချေကို ငေးစိုက်ကြည့်နေမိသည်။ ထို့နောက်မှ အခန်းထဲတွင် ရှိသမျှလူ အားလုံးကို ချန်ထားခဲ့ပြီး လွတ်ကင်းရာသို့ ခေါ်သွားကာ ဟသာ်အတွက် ခရီးသွားလာရေးကိစ္စကို နှစ်ဦးသား တိုင်ပင်ကြသည်။ ဟသ်ာကို ကြိုတင် ပြောထား၍ မဖြစ်နိုင်ဟုလည်း တွေးမိနေကြသည်။

'ဟသ်ာနဲ့ သူ့စာပြဆရာကို တံငါလှေကြီး တစ်စင်းနဲ့ တောင်ကုတ်ဘက်ကို အရောက် ပို့ပေးရမယ်လို့ အကျွန်ုပ်ကို ညွှန်ကြားလိုက်ပါတယ်၊ ယခုလှေ အကျွန်ုပ် ကိုယ်တိုင် သွားပို့ဖို့ မလိုဘဲ ပို့ပေးမယ့် သူကို ငှားရမ်းပြီး စီစဉ်ပေးလိုက်ရပါမယ်တဲ့'

ကျားသစ်ချေက အသေးစိတ် အစီအစဉ်ကို ပြောပြသည်။ စံပယ်သည် တူဖြစ်သူ သော်ကကို အခေါ်လွှတ်လိုက်ပြီးနောက် ညွှန်ကြားချက်များကို ပြောပြဆွေးနွေး၏။ ထို့နောက် သော်ကနှင့် ကျားသစ်ချေတို့ လှေငှားရန် ရွာထဲသို့ သွားနေစဉ် စံပယ် ကိုယ်တိုင်က ဟသ်ာ၏ စာပြဆရာကို ခေါ်၍ ခရီးထွက်ကြရမည့် အကြောင်း ပြောပြနှင့်သည်။ နောက်ဆုံးမှ ဟသ်ာကို ခေါ်လျက် အကျိုးအကြောင်း ရှင်းလင်း ပြောပြသည်။

တပည့်နှင့် စာပြဆရာ နှစ်ဦးတို့သည် ရန်သူ့တပ်များ လင်းသာနယ်မြေဘက်သို့ ရောက်လာပြီဟူသော ကောလာဟလ သတင်းကြောင့် ထိတ်လန့်နေသည်ကို တွေ့ရသည်။

'ယင်းပိုင်ဆိုကေ ထွီးထွီးလည်း အကျွန်ုပ်ရို့နှင့် အတူတူ လိုက်မှာပဲ မဟုတ်လား'



'ထွီးထွီးက ခရီးသွားလို့ မဖြစ်ပါဘူးကွယ်၊ ဟသ်ာတောင်မှ အသက်အန္တရာယ် အတွက်ကြောင့်သာ မင်းအဖက စိုးရိမ်ပြီး အေအစီအစဉ်ကို လုပ်ပေးလိုက်ရရှာတာကွဲ့၊ မြို့စားပုံချီကြီးက မင်းကို ဗိုလ်မှူးဇူဝံရဲ့ ရင်သွေးဆိုရင် ဓားစာခံလုပ်ဖို့ သိပ်လိုချင်မှာ၊ မင်းကိုတွေ့ရင် ညှဉ်းဆဲနှိပ်စက်ပြပြီး မင်းအဖ အပေါ်အနိုင်ယူမှာ ...

ဟသ်ာသည် အတန်ကြာတွေနေသည်။ ထို့နောက် စံပယ် မှတ်မိထားသည့်အတိုင်း ပေကပ်ကပ် ပြုချင်လာလျှင် ထားတတ်သည့် မျက်နှာမျိုးဖြင့် စံပယ့်ကို ညစ်ကျယ်ကျယ် ကြည့်သည်။

'အကျွန်ုပ်တော့ ထွီးထွီး မပါရင် မသွားချင်ဘူး၊ ပြီးတော့ မြို့စားပုံချီကြီးက ဘာဘာကို အနိုင်ယူဖို့ အကျွန်ုပ်ကို ညှဉ်းဆဲမယ်ဆိုရင် ညှဉ်းဆဲပေစေ၊ ဘာဘာ့ကို အနိုင်ယူတာ အကျွန်ုပ် ကြည့်ချင်တယ်'

'အိုး ... ဟသ်ာရယ်၊ မင်း ကြောက်တယ်ဆိုတဲ့ သွေးတိ မင်းတစ်ကိုယ်လုံးမှာ ရှဲစိုပြီး အမြဲ မြင်နေရတော့မှာပေါ့ကွယ်၊ ပြီးတော့ မကြာမကြာ ပြောဖူးတယ် မဟုတ်လား'

စံပယ်သည် ဟသ်ာ လိုက်သွားစေရန် အစွမ်းကုန် ချော့မော့ ပြောဆိုရသည်။ ထိုအတွင်း စံပယ်၏ အစ်မနှင့် အိမ်သူ အိမ်သားတို့သည် ရန်သူ့တပ်ကြီး လင်းသာနယ်မြေထဲသို့ ဝင်လာပြီ ဟူသည့် သတင်းကြောင့် စံပယ်၏ အနီးသို့ အပြေးအလွှားရောက်လာကြကာ အကြံ့တောင်းသူတောင်း၊ ငိုသူငို၊ ပစ္စည်းများ ထုပ်ပိုး ယူဆောင်လာကြသူတို့က ယူဆောင်လာကြသဖြင့် လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

'စံပယ်ရေ၊ တို့ဘဇောင် လုပ်ကြရမလဲဟယ်၊ ဓာနေရာကို ပြေးကြရမလဲ၊ အရေးထဲမှာ ညည်းခဲအို လင်းသာမောင်မောင်ကလည်း ခရီး ထွက်သွားတယ်၊ ငါ့လည်း ဓာမှ မှာမထားဘူး၊ တို့စစ်နဲ့ ဝေးရာကို ဖြေးကြရရင် မကောင်းဘူးလား'

လင်းသာမောင်မောင်၏ ဇနီး၊ စံပယ်၏ မေးမေ (အစ်မလတ်) ခရေဟ စိတ်ပူပန် ညစ်ညူးစွာ တိုင်ပင်လာခြင်း ဖြစ်သည်။ စံပယ်က ကြံ့ခိုင်လှသော မိန်းမကြီး တစ်ယောက်နှယ် ခပ်ခန့်ခန့် တင်းတင်း မျက်နှာထားဖြင့် မေးမေခရေကို ကြည့်သည်။

'ဓာကိုမှ ပြေးဖို့ မလိုဘူး၊ ပြေးရင် ဒုက္ခမျိုးစုံနဲ့ တွေ့ပြီးမှ သေရတာထက် ကိုယ့်နေရာမှာ ကိုယ် သက်သက်သာသာ စောင့်ပြီး သေရတာက ကောင်းတယ်၊ ရန်သူ့တပ်ကြီး တကယ် ဝင်လာပြီးပြီ ဆိုရင်လည်း စံပယ်တို့ ပြေးကြလို့ ဘယ်တော့မှ မလွတ်နိုင်ဘူး'

ချက်ချင်းပင်လျှင် စံပယ်သည် လင်းသာဂေဟာမှ လက်ထောက် ဘဏ္ဍာစိုးကြီး ဦးကျောက်ခဲကို အခေါ်ခိုင်းလိုက်ပြီးလျှင် ဟဿာနှင့် သူ၏ စာပြဆရာကို ပင်လယ်ဆိပ်ကမ်းသို့ ခေါ်သွားရန် အမိန့်ပေးသည်။

'နောက်ကျလို့ မဖြစ်ဘူး၊ ဆိပ်ကမ်းမှာ ကျားသစ်ချေနဲ့ သော်ကတို့ကို တွေ့လိမ့်မယ်'

စံပယ်သည် ဦးကျောက်ခဲကို ပြုလုပ်ရမည့် တာဝန်တို့ကို အကျဉ်းချုပ် ပြည့်စုံအောင် ပြောပြပြီးနောက် ဟဿာတို့ ဆရာတပည့် နှစ်ယောက်ကို ဦးကျောက်ခဲနောက်သို့ ထည့်လိုက်သည်။ ဟဿာသည် မကျေနပ်သော မျက်နှာဖြင့် ခေါင်းငိုက်စိုက်ပြုလျက် ဆုတ်ကန် ဆုတ်ကန် ပါသွားသည်။ စံပယ်သည် ဟဿာ၏ နောက်ကျောကို ငြိမ်သက် ကြည့်နေပြီး မျက်စိရှေ့မှ ဟဿာတို့ ကွယ်ပျောက်သွားကြပြီးမှ ပင့်သက်ရှည်ကြီးကို ချလိုက်သည်။

တစ်အိမ်လုံး ထုပ်ကြ၊ ပိုးကြ၊ ကယ်ကြ၊ လှုပ်လှုပ်ရှရှ ပြုနေကြသည်တို့ကို လျစ်လျူပြုရင်း လူမော စိတ်မောဖြစ်လျက် နီးရာ အိမ်သားတစ်ဦးကို ခေါ်ယူ အကူအညီတောင်းရင်း ခန်းဆောင် ရှိရာသို့ ပြန်ခဲ့သည်။ ခန်းဆောင်ထဲသို့ ရောက်သည်နှင့် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သည်။ လူက အိပ်ရာထက်တွင် အနားရနေသော်လည်း စိတ်က မနား၊ ရန်သူ့တပ်များ ဝင်လာသည် ဟူသော အသိက ရင်ခုန်နေခဲ့သည်။

တမောင်းမျှ မကြာမီ လင်းသာဂေဟာကြီး အတွင်းသို့ အပြင်း စိုင်းဝင်လာသည့် မြင်းခွာသံကို ကြားလိုက်ရသည်။

'အထိန်းတော်ကြီး ... အထိန်းတော်ကြီး ... ထွီးထွီးကော ထွီးထွီး စံပယ်ချေ ဇာမှာလဲ'

သော်က၏အသံ ဖြစ်သည်။ ပင်လယ် ဆိပ်ကမ်းတွင် တစ်ခုခု ဖြစ်ပြီဟူသော အတွေးနှင့် ငုတ်ခနဲ ထိုင်လိုက်မိသည်။ ထိုစဉ် တူတော်မောင် သော်က၏ ခြေသံက အခန်းထဲသို့ ရောက်လာသည်။

'ဟဿာ ဘယ်ရောက်သွားမှန်း မသိဘူး၊ ဘယ်မှာမှ ရှာလို့ မတွေ့ဘူး၊ လှေပေါ်မှာလည်း မရှိဘူး၊ ကမ်းခြေတစ်ဝိုက်မှာ လိုက်ရှာတာလည်း နှံ့နေပြီ'

သော်ကသည် သက်ပြင်းရှိုက်ရင်း စိုးရိမ်တကြီး တစ်ဆက်တည်း ပြောချလိုက်သည်။

'ဖြည်းဖြည်းပြောစမ်း သော်က၊ မင်းရို့နဲ့ တွေ့ပြီးမှ ပျောက်တာလား၊ ဘခေါင် ပျောက်တာလဲ၊ ဘယ်မှာ ရှာမရတာလဲ'



စံပယ်က စိတ်မရှည်နိုင်မှုကို အောင့်လျက် မျက်နှာ တည်တည်ငြိမ်ငြိမ်နှင့် သံမှန်နှင့် မေးလိုက်သည်။ ဤတွင်မှ သော်လည်း ပြူးပြူးပျာပျာ ဖြစ်နေရာမှ ငြိမ်သက်သွားသည်။

'ဦးကျောက်ခဲကြီးနဲ့ ရောက်လာကြလို့ ဟဿာကို လှေပေါ် အရောက် အကျွန်ုပ်ပဲ တင်ပေးလိုက်တယ်၊ အဲဒီအခိုက်မှာပဲ လှေတစ်စင်း ရောက်လာပြီး တိုက်ပွဲသတင်းတိ ပြောပြနေတာနဲ့ အကျွန်ုပ်ရို့အားလုံး အဲဒီ လှေနားကို သွားပြီး နားထောင်နေမိကြတယ်၊ မတော်တော်ကလေးကြာလို့ လှည့်ကြည့်လိုက်တော့ ဟဿာကို လှေပေါ်မှာ မတွေ့တော့ဘူး၊ ကျားသစ်ချေရော၊ ဦးကျောက်ခဲရော၊ အကျွန်ုပ်ရော လှေသမားတွေ အကူအညီနဲ့ ကမ်းခြေတစ်လျှောက်မှာ လိုက်ရှာကြတာ ဘယ်မှာမှ မတွေ့တော့ဘူး၊ အဲဒါ ... အဲဒါ အကျွန်ုပ်ရို့ ဇာလို့ ... ဇာလို့'

ဤသို့ဆိုက ဤဖြစ်ရပ်ကို ဆိပ်ကမ်းတစ်ခုလုံး သိကုန်ကြရှေမည်။ စံပယ်သည် ကလေးငယ် တစ်ယောက်ကဲ့သို့သာ ရှိုက်ကြီးတငင် ငိုပစ်လိုက်ချင်စိတ်တွေ ပေါက်လာခဲ့သည်။ ထို့ပြင် သော်ကဆီမှ ထပ်ဆင့် သိရသည်မှာ လှေသမားတွေ ပြောပြကြသည့် သတင်းအရ။

ရန်သူ ဖြစ်သော မြို့စားပုံချီကြီး၏ တပ်တို့သည် မိမိတို့ လင်းသာ အစုကလေးနှင့် ကုလားဖြူမိုင် နှစ်မိုင်ခန့်မှ ကွာဝေးတော့သည့် နေရာသို့ပင် ရောက်လာနေကြပြီဟု သိရပြန်သည်။

မိမိသည် ဖခင်ဖြစ်သူ ကိုယ်တိုင်က ယုံယုံကြည်ကြည် အားကိုးတကြီး အပ်နှံထားခဲ့သည့် စစ်ရေးစစ်ရာနှင့် ဆိုင်သောကိစ္စကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘဲ ဤသို့ဖြစ်ရသည့်အတွက် ပို၍ စိတ်မချမ်းမြေ့ ဖြစ်ရသည်။ ပို၍ ဆိုးသည်ကား ဟဿာသည် အကယ်၍ မိမိ ရင်သွေးဖြစ်ခဲ့သော် မိမိတို့ ဆောင်ရွက်မှု ညံ့ဖျင်းသောကြောင့် ယခုကဲ့သို့ ဖြစ်ရလျှင် ခံသာသေး၏။ ယခုမူ မိမိ၏ ရင်သွေး မဟုတ်သောကြောင့် တမင် ဤသို့ ပြုသည်ဟု အထင်အမြင်ခံရလျှင် ...။

စံပယ်သည် တွေးရင်း တွေးရင်း ရူးချင် ငိုချင်စိတ် ပေါက်လာ၏။ ထိုအချိန်၌ မိမိ၏ ဒုက္ခိတ အဖြစ်ကိုလည်း မေ့နေ၏။ တာဝန် လစ်ဟင်းသော သော်ကကို ကြည့်ရင်း မကျေနပ်မှုတို့က မျက်နှာတစ်ခုလုံး လွှမ်းမိုးလာ၏။ သော်ကသည် ဒေါ်လေး ဖြစ်သူ၏ မျက်နှာကို ရင်မဆိုင်ရဲရှာသောကြောင့် မျက်နှာ အောက်ချလိုက်သည်။ စံပယ်ကိုယ်တိုင်လည်း အရှုံးပေးလိုစိတ်တို့က ဖိစီးလာခဲ့သည်။ ပေါက်ပေါက်ကျတော့မည့် မျက်ရည်တို့ကို မျက်တောင် တဖျပ်ဖျပ် ခတ်၍ ပြန်ဝင်စေခဲ့သည်။ သော်ကမျက်နှာကို ပြန်၍ ကြည့်လိုက်၏။

'ကျောက်ဆောင်တိ အကြိုအကြားတွေပါ လိုက်ပြီး မရှာကြဘူးလား၊ ဝေ … နေပါဦး၊ မင်းရို့ ဟသာ်ဘကို အသူက ဇာတိ ပြောမိထားကြလဲ'

'အဲဒီ တစ်ဝိုက်တော့ အနှံ့ရှာပြီးပြီ ထွီးထွီး၊ ဘယ်သူကမှာလဲ ဇာမှ မပြောမိပါဘူး၊ ဦးကျောက်ခဲကသာ လူလေး … ဇာမှ မကြောက်နဲ့၊ ဒီနေ့ မိုးချုပ်ရင် မင်းအဖနဲ့ တွေ့ရလိမ့်မယ်လို့ အားပေးမိတာ တစ်ခုပဲ'

'အေး ကောင်းတယ်ကွာ၊ အားပေးလိုက်တာနဲ့ ဒီအကောင်ချော့လားခဲ့တာပ၊ ဟသာ်ဘက သူ့အဖဆီ မသွားချင်တာ မင်းရို့ မသိကြသလားကွယ်၊ ကဲ … မင်းသွား၊ လူနဲ့ဝေးတဲ့ ပင်လယ် ကမ်းစပ်တွေဘက်ကို လူခွဲရှာကြစမ်း'

သော်က ထွက်သွားပြီးသည်နှင့် တစ်ပြိုင်နက် စံပယ်သည် အထိန်းတော်ကြီး ဒေါ်မေတ္တာကို ခေါ်ကာ ပင်လယ်ကမ်းခြေ တစ်ခုလုံးကို စီး၍ မြင်နေရသည့် ကုန်းမြင့်တံတားပေါ်သို့ မိမိကို တွန်းပို့ပေးပါရန် ခိုင်းလိုက်သည်။ ပူလောင်သော စိတ်နှင့်အခြေအနေ အရပ်ရပ်ကို ထိုနေရာမှ တစ်စောင့်စောင့် ကြည့်ရှုနေရန် ဖြစ်၏။

ကုန်းမြင့် တံတားပေါ်သို့ စံပယ် ရောက်သည့်အချိန်က ပတ်ဝန်းကျင်ရှုခင်း ရှုကွက်များသည် ဘာတစ်ခုမျှ ဖြစ်နေခြင်း မရှိကြရသကဲ့သို့ သာယာမြဲ သာယာနေသည်။ အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်လျက် လူသူ အရိပ်အယောင်တို့ကိုလည်း မတွေ့ရ။

စံပယ်၏ ရင်တွင်းမှ အပူကို တောပန်းနံ့တို့ဖြင့် သင်းထုံနေသည့် လေက တဖြူးဖြူး တိုက်ခတ် ပွေ့ပိုက်ပေးသည်။ စံပယ်၏ ရင်တွင်း၌ မအေးနိုင်သော်လည်း အပြင်က အေးလာသည်။ စံပယ်သည် ဒေါ်မေတ္တာအား မိမိ၏အနွေးထည်ကို ယူပေးပါရန် စေခိုင်းလိုက်သည်။

*

(၁၄)

ဒေါ်မေတ္တာ ထွက်သွားပြီး ခဏအကြာတွင် လက်ထောက် ဘဏ္ဍာစိုးကြီး ဦးကျောက်ခဲနှင့် တူဖြစ်သူ မောင်သော်ကတို့ လယ်ကွင်းများဘက်မှနေ၍ တောင်ကုန်းများဘက်သို့ ကျော်တက်သွားနေကြသည်ကို အပေါ်မှ စီး၍ မြင်နေရသည်။ တောင်ကုန်းတို့၏ ဟိုမှာဘက်တွင်မူ လှိုင်းတဖြုန်းဖြုန်း ရိုက်ခတ်နေသော ပင်လယ်ကမ်းခြေနှင့် ကျောက်ဆောင်တို့ ရှိနေကြသည်။

ဦးကျောက်ခဲနှင့် သော်ကတို့သည် ကျောက်ဆောင် တစ်ခုရှိရာသို့ ဦးတိုက်ရောက်သွားကြပြီးနောက် ကျောချင်း ဆိုင်လိုက်ကြကာ ပင်လယ်ကမ်းခြေအတိုင်း တစ်ဦးက တောင်ဘက်သို့ လည်းကောင်း၊ တစ်ဦးက မြောက်ဘက်သို့ လည်းကောင်း လူချင်းခွဲလျက် တစ်ယောက်တစ်လမ်း ဦးတည်လိုက်ကြသည်။

အချိန်သည် စက်နာရီ လေးနာရီခန့် ရှိနေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်ရှုမြင်ကွင်းကို ထင်ရှားစွာ မြင်နေရသည်။ သာယာလှပသော သဘာဝရှုခင်းသည် စိတ်ညစ် စိတ်တိုနေသူတို့အဖို့ မသာယာနိုင်အောင် ဖြစ်နေတတ်လေ့ ရှိသော်လည်း သဘာဝ၏ အလှက တကယ် လွှမ်းမိုးနိုင်လာသောအခါ ဤလှပ သာယာသော လောကကြီးအတွင်း၌ မသာမယာ ဖြစ်နေရသည့် မိမိအဖြစ်ကို နာကြည်းကာ ဝမ်းနည်း လွမ်းဆွတ်မှုမျိုး ပေါ်လာမိရတတ်သည်။ စံပယ်လည်း ဤအတိုင်း ရင်တွင်း၌ ခံစားနေရဆဲ ဒေါ်မေတ္တာ ရောက်လာခဲ့သည်။

ဒေါ်မေတ္တာသည် အနွေးထည်ကိုသာ ယူလာသည် မဟုတ်၊ သတင်းကိုလည်း ယူလာခဲ့သည်။

'စံပယ်ရေ… ကိုယ်ရို့ လင်းသာ ဂေဟာကြီးထဲကို စစ်ပြေးဒုက္ခသည်တွေ ရောက်လာလိုက်ကြတာဟယ်၊ လူတိကို တော်ပြတ် ပိန်ချည့်လို့၊ ဖြစ်သလို သစ်ခက်ကလေးမိုး၊ တဲကလေး ထိုးကြလို့၊ အထုပ်အပိုးတွေနဲ့၊ ဖုတ်အလူးလူးနဲ့၊ ခွေးတွေရော၊ ကလေးတွေရော တို့မပြေးမိတာ ကံကောင်းလေခြင်းဟယ်၊ မယ်မင်းကြီးမ ညည်းကိုပဲ ကျေးဇူးတင်ရဦးမဟယ်၊ အခု ဒီဘက် ထွက်လာကာနီးမှာတောင် အဒူလာ ကုလားတိ အတုယူပြီး လုပ်ထားတဲ့ မြင်းဆွဲတဲ့ ရထားဘောင်းချုပ်ကြီးနဲ့ မိန်းမကြီးတစ်ယောက် ရောက်လာတယ်တဲ့၊ အမယ်လေး အဲဒီ စစ်ပြေးကတော့ သူနဲ့ သူ့သမီးတွေအတွက် အဆောင်တစ်ဆောင် လိုချင်တယ်လို့များ တောင်းသတဲ့ အေ၊ ညည်းမေမေ ခရေနဲ့ စကားပြောနေသတဲ့၊ ငါ ကြားခဲ့ရတာ'

စံပယ်သည် ဒေါ်မေတ္တာ အားရပါးရ ပြောပြနေသည်တို့ကို နားထောင်ရင်း ဒေါ်မေတ္တာ၏ မျက်နှာကိုလည်း သိမြင်နေ၏။ ဒေါ်မေတ္တာသည် ထိုကိစ္စဝစ္စ သတင်းစုံတို့ကို သိလို ကြားလို၊ စူးစမ်းလိုလျက် ရှိနေ၏။ ထို့ကြောင့် စံပယ်က ပြုံးလိုက်သည်။

'အထိန်းတော်ကြီး ယင်းနေရာ သွားချင် သွားလေ၊ စံပယ် ဒီအပေါ်ရောက်ပြီးရင် ကိစ္စမရှိတော့ပါဘူး၊ စံပယ်တစ်ယောက်တည်း ကျန်တော့မှ ဒုက္ခသုက္ခတွေနဲ့ လူ့လောကကို စိတ်ကုန်ပြီး ဒီစစ်ဘေးကြီးကလည်း လွတ်ကင်းသွားရအောင် ဒီကုန်းမြင့် တံတားကြီးပေါ်က ဒီဘီးတွေကို ချောက်ထဲ လိမ့်ချပစ်နိုင်မယ် မဟုတ်လား'

ဒေါ်မေတ္တာသည် မျက်ဆံကြီးကို နားရွယ်ပေါ်သို့ ရောက်အောင် မျက်စောင်းထိုးလိုက်သည်။

'ကျုပ်က သိပ်သွားချင်နေတာ မသွားရဲအောင်တော့ ပြောမနေနဲ့၊ ဒီလိုဆိုရင် ဟု ပြန်တွန်းသွားမယ်'

စံပယ်က ရယ်လိုက်သည်။

'အလကား ပြောတာပါ၊ အမိမေတ္တာရယ်၊ သွားချင်နေမှန်းသိလို့ စံပယ်က စတာပါ၊ စံပယ်ဟာ ကိုယ့်ဘဝကို ရင်မဆိုင်ဝံ့လို့ အရှုံးပေးပြီး ကိုယ့်ဘဝကို ဖြတ်ပစ်လိုက်တဲ့ အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ စံပယ့်မျက်နှာကို ကြည့်ထား၊ ကဲ… သွားမှာသာ သွားပါ'

ဒေါ်မေတ္တာသည် ရန်ထောင်ချင်သေးသော မျက်နှာမျိုးဖြင့် လှည့်ကြည့်လှည့်ကြည့်ပြုရင်း ထွက်သွားသည်။ စံပယ်က ဒေါ်မေတ္တာထက် အဝေး ရှုခင်းထဲကိုသာ စိတ်ဝင်စားနေသည်။ ဒေါ်မေတ္တာ ကွယ်ပျောက်သွားပြီး မကြာမီပင် တောင်ကုန်း



တစ်ခု၏ ထိပ်ဘက်ဆီသို့ လူနှစ်ယောက်၏ ပုံသဏ္ဌာန် တစ်စ တစ်စ ပေါ်လာသည်။ ပင်လယ်ကမ်းစပ်ဘက်မှ ဖြတ်တက်လာနေကြခြင်း ဖြစ်သည်။ လုံးလုံးလျားလျား ပေါ်လာသောအခါ ထိုသဏ္ဌာန်တို့သည် သော်ကနှင့် ဟသ်ာ၏ သဏ္ဌာန်ဟု စိတ်ထဲမှာ သိလိုက်ရသည်။ သော်ကသည် တကယ်ပင် လက်ကို ဝှေ့ရမ်းပြနေသည်။ တစ်နေ့လုံး စိတ်မော လူမော မောနေရခြင်းသည် ဤဝှေ့ယမ်းပြလိုက်သော သော်က၏ လက်တစ်ဖက်ကို မြင်လိုက်ရရုံမျှနှင့် ပြေပျောက်သွားခဲ့သည်။

စံပယ် ရှိရာသို့ ဟသ်ာတို့ ရောက်လာကြသောအခါ ဟသ်ာသည် ရေစိုနေသော ကြွက်ကလေးကဲ့သို့ ရှိနေသည်။ ဟသ်ာက သူ့အဖဆီသို့ မသွားလိုဘူးဟု ဆို၏။ အဖဆီကို သွားခြင်းမဟုတ်ဟု ရှင်းပြ၍လည်းမရ။

စံပယ်သည် အစွဲအလမ်းကြီးသော ဟသ်ာကို အချိန်ကုန်ခံ၍ ရှင်းပြမနေတော့ဘဲ ဟသ်ာ၏ ဆရာကိုလည်း မည်သို့ ထားပစ်ခဲ့သလဲဟု မေး၏။ သော်ကက ဟသ်ာကို မတွေ့ကြရသည်နှင့် ဟသ်ာ၏ ဆရာကို လှေသမားတွေနှင့် သွားနှင့်ရန် လွှတ်ပြီးခဲ့ပြီဟု ဆိုသည်။

ထိုစဉ် အော်သံ ဟစ်သံ တိုက်စည်တိုက်မောင်း တီးသံတို့သည် စံပယ်၏ နားထဲသို့ ဝင်လာသည်။ သော်ကရော စံပယ်ပါ နားစွင့်လိုက်ကြရာမှ အဝေးသို့ လှမ်းကြည့်လိုက်ကြသည်။ ရန်သူ မြို့စားပုံချီကြီး၏ တပ်ဦးသည် တံခွန်အောင်လံများကို လွှင့်လျက် ကမ်းခြေအလိုက် ချီတက်လာနေကြသည်။ ရန်သူ၏ ချီတက်မှုသည် မျက်စိရှေ့တွင် တရှိပ်ရိပ်ဖြင့် တောတန်းသစ်ပင်တို့ကို ဖြတ်ကျော်နေသည်။

သော်ကက အထိတ်တလန့်ဖြင့် စံပယ်ကို ကြည့်သည်။ ဟသ်ာသည် အဝေးသို့ လှမ်းကြည့်နေရင်း သော်ကအနီးသို့ တိုးကပ်သွားကာ သော်က၏ လက်တစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။ စံပယ်က အားလုံးကို အကဲခတ်လိုက်ပြီး ပင့်သက်ရှိုက်လိုက်သည်။ စံပယ်၏ နှုတ်ခမ်းသည် တင်းတင်းစေ့လျက် စံပယ်၏ မျက်နှာသည် တည်တံ့သွားသည်။

'ကဲ … သော်က မင်းဆီမှာ မင်းအဖရဲ့ သော့တိ ရှိသလား'

'အကျွန်နဲ့ သွားလေရာ အမြဲပါတယ် ထွီးထွီး ယူဖို့လား'

'ကဲ … ယကေသွား၊ ဟောဟို လေသာဆောင် မျှော်စင်ကြီးကို ပိတ်ထားတဲ့ တံခါးက သော့ခလောက်ကို ဖွင့်စမ်း'

သော်ကက အပြေးကလေး သွားဖွင့်နေစဉ် ဟသ်ာက ထိုလေသာဆောင် မျှော်စင် ရှိရာသို့ စံပယ်၏ ဘီးတပ်ကုလားထိုင်ကို တွန်းယူသွားသည်။ တံခါးဖွင့်ပြီး၍ အတွင်းသို့ ရောက်ကြသည်နှင့် စားပွဲအောက်တွင် ခင်းထားသည့် ကော်ဇော

ကို အဖယ်ခိုင်းလိုက်သည်။ ဖယ်ပြီးသည်နှင့် တစ်ဆက်တည်းပင် အောက်တွင်ရှိသော ကျောက်ပြားမှ ဘေးသားကို လက်ဖြင့် ဖိ၍ ဆွဲဖွင့်လိုက်ရန် စေခိုင်းရပြန်သည်။

သော်ကာက ထူးဆန်းသည်ကို တွေ့သိနေရသော မျက်နှာမျိုးဖြင့် တအံ့တဩ ကြည့်နေ၏။ ထို့နောက် ကျောက်ပြားကို ဆွဲဖွင့်လိုက်ပြီး ထိုအတိုင်း စံပယ့်ကို တအံ့တဩ ကြည့်ပြန်၏။

'ကဲ … တူကလေးရယ် ဘာဖောင်မှ ရွှီးထွီးကို မအံ့သြနဲ့၊ မေးလည်း မေးမနေဂေ့ ဘိ(နဲ့တော့) ထွီးထွီး ပြောတာသာ ဆက်လုပ်၊ မင်းလည်း သိသလောက် သိထားပါတယ်၊ ယဂေ လှေကား အတိုင်း ဆင်းသွား၊ မြေအောက်မှာ အခန်းငယ် တစ်ခန်း တွေ့လိမ့်မယ်၊ ယင်းကနေပြီး ဥမင်လမ်းအတိုင်း တက်လာဂေလည်း ထွီးထွီးအခန်းနဲ့ ကပ်နေတဲ့ အခန်းကို ရောက်လာနိုင်တယ်၊ ယင်းဇအခန်းကို မရောက်ခင် ငါးပေ ပတ်လည်လောက်ရှိပြီး သိပ်မမြင့်လှတဲ့ အခန်း တစ်ခန်းကို တွေ့ရလိမ့်မယ်၊ ယင်းအခန်းဟာလည်း လေနည်းလို့ လူတွေ သိပ်ကြာကြာ မနေနိုင်ဘဲ သတိမေ့တတ်တယ်၊ ယင်းချင့်ကိုကျော်ပြီး လမ်းအတိုင်း ဆက်လိုက်လာကေ ထွီးထွီးနေတဲ့ အခန်းဘေးက ကပ်ရက် အခန်းကို ရောက်လာမှာပဲ'

'အကျွန်ရို့ဘကြီး နေသွားခဲ့တဲ့ အခန်းလား'

'အေး ဟုတ်တယ်၊ ယင်းမှာ မင်းရို့နေကြပေ့၊ တခြားသူတွေ သိမယ် ထင်ကေ၊ အဲဒီ အခန်းအထိမလာဘဲ ဥမင်ထဲမှာပဲ နေပေ့၊ ထွီးထွီး အချက်ပေးတာကို စောင့်ပြီး ဝင်တာထွက်တာကို လုပ်ကြရလိမ့်မယ်၊ ကဲ … လားလီ'

ရန်သူ အလွန် နီးကပ်နေသောကြောင့် သော်ကာသည် တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုတော့ဘဲ ဟသံာ၏ လက်ကိုဆွဲကာ လှေကားအတိုင်း ဆင်းသွားသည်။ ထို့နောက် အထဲမှနေ၍ ကျောက်ပြား အံဖုံးတံခါးကို ဆွဲပိတ်လိုက်သည်။ စံပယ်သည် အားလုံး နေသားတကျဖြစ်အောင် ပြုလုပ်ပြီး လေသာဆောင်မြင့်၏ တံခါးကို ပိတ်လျက် သော့ခတ်လိုက်သည်။ ထို့နောက် သော့ကို ရင်စည်း အလည်မှ ယောင်းလောင်းရှိနေသည့် နေရာထဲတွင် ထည့်သွင်းလိုက်ကာ ကုန်းမြင့်တံတားကူးကလေး ရှိရာဘက်သို့ ကုလားထိုင်ဘီးကို တွန်းလိုက်သည်။ ထိုစဉ် ကုန်းတံတားကလေးပေါ်မှ မြသန္တာ တစ်ယောက် အရေးတကြီး ပြေးလာသည်။

'ထွီးထွီးရယ် … ရှာလိုက်ရတာ၊ အခု အကျွန်ရို့ လင်းသာဂေဟာကြီးထဲကို အကျွန်ရို့ရဲ့ ရန်သူ ပျံချီကြီးတပ်သားတွေ ရောက်လာနေကြပြီ၊ အကျွန့်ယောကျ်ားကိုသော်ကာလည်း အခုအထိ ပြန်မလာသေးဘူး၊ အကျွန် စိတ်ပူလိုက်တာ ထွီးထွီးရယ်'



မြသန္တာသည် နှုတ်မှလည်း တတွတ်တွတ်ပြောရင်း စံပယ်၏ ဘီးတပ်ကုလားထိုင်ကို အတော် အရှိန်ပြင်းစွာ တွန်းယူလာခဲ့သည်။ ဂေဟာထဲသို့ ရောက်သောအခါ ကြောင့်ကြ စိုးရိမ်သည့် မျက်နှာတို့ဖြင့် စောင့်ကြိုနေကြသူများကို တွေ့ရသည်။ ထိုမျက်နှာတို့အထဲ၌ နောက်ထပ် တွေ့ရတော့မည် မဟုတ်ဟု တစ်ချိန်သောအခါက ယုံကြည်ထားခဲ့ဖူးသော သူတစ်ဦးကိုလည်း ရောနှော တွေ့နေရသည်။ သူသည် သမီးတွေနှင့်အတူ ရောက်လာသည်ဆိုသော အမျိုးသမီးကြီးဆိုသူ မမတာရာပင် ဖြစ်ပါသည်။ မမတာရာ၏ မျက်နှာသည် အများတို့နှင့်မတူဘဲ အေးဆေး ငြိမ်သက်လှသည်ဟု ဆိုရမည်လား သို့မဟုတ် အေးစက်စက်နိုင်လှသည်ဟု ဆိုရမည်လား မမတာရာသည် မြသန္တာ တွန်းယူလာသည့် ကုလားထိုင်ပေါ်တွင် ပါလာသော စံပယ့်ကို စူးစိုက် ကြည့်နေရာမှ နှုတ်ခမ်း တစ်ဖက်ကို တွန့်ကာ ပြုံးပြုံးပြလိုက်သည်။

'ဟဲ့… စံပယ်ပါလား၊ ကျန်းမာချမ်းသာယင့်လား'

စံပယ်သည် မိမိ၏ လူစဉ်မမီတော့ပြီဖြစ်သော ခြေထောက် တစ်ဖက်ကို လက်ဖြင့် ဆွဲယူမပြရင်း ပါးစပ်မှ ပြုံးလိုက်သည်။ စံပယ်၏ အဖြေပေးပုံကို ကြည့်ရင်း ဒေါ်တာရာ၏ မျက်နှာသည် ကွတ်ခနဲ ပျက်သွားခဲ့သော်လည်း ပြုံးဖြစ်အောင် ပြုံးပြလိုက်ပါသည်။

ဤသို့ လုပ်ကြံထားသည့် အပြုံးမျိုးကို စံပယ်ကလည်း ပြုံးတတ်နေပါပြီ။

*

## (၁၅)

အရမ်း ပစ်ဖောက်လိုက်သော သေနတ်သံများနှင့် မြင်းခွာသံများသည် လင်းသာဂေဟာကြီး တစ်ခုလုံးကို အုန်းအုန်းကျွက်ကျွက် ဖြစ်သွားစေခဲ့သည်။ ဒေါ်မေတ္တာနှင့် မြသန္တာတို့သည် စံပယ်၏ အခန်းထဲသို့ ပြေးလာကြသည်။ ဒေါ်မေတ္တာသည် သေနတ်သံ တစ်ချက်ကြားတိုင်း ဆီးတစ်ခါ ထွက်နေသည်။ မြသန္တာသည်လည်း တစ်ကိုယ်လုံး တုန်တုန်ခိုက်ခိုက်ဖြင့် တရှုက်ရှုက်ငိုရင်း ပုန်းစရာနေရာ မရှိအောင် ဖြစ်နေ၏။ 'ထွီးထွီး ဖာပိုင်လုပ်ကြမလဲ၊ ထွီးထွီး ဖာပိုင် လုပ်ကြမလဲ' ဟု အော်နေသည်။

'ဟေး ... သူရို့ တစ်ခုခုလုပ်ရင် ငိုနေလည်း သေမှာပဲ၊ ကြောက်နေလည်း သေရမှာပဲ၊ သေရတာချင်းတူတူ သတ်မည့်လူ ဝမ်းသာအောင်လို့ ငိုပြနေရတာလဲ၊ သူရို့ သေသာသွားကြတယ်၊ ငါရို့ ကိုဖာလူကမှ မကြောက်ဖူးဆိုပြီး သတ်ရတဲ့လူတွေ စိတ်မချမ်းသာဘဲ ကျန်ရစ်အောင်၊ နောက်မသတ်ချင်လာအောင် နေပြလိုက်ကြစမ်းပါ'

စံပယ်က အိပ်ရာပေါ်မှနေ၍ ကြိမ်းမောင်း အော်ဟာစ်ရတာ ကုလားထိုင်ပေါ်သို့ ကူးပြောင်းကာ ပြတင်းပေါက်မှ အောက်ဘက်သို့ စီးကြည့်လိုက်သည်။ မြို့စားပုံချိုကြီး၏ မြင်းစီးစစ်သားတို့သည် မြက်ခင်းများ၊ ပန်းခင်းများပေါ်မှ မြင်းတွေကို ဖြတ်စီးကြလျက် အိမ်ပတ်လည်လည် ရှုပ်ယှက်ခတ်သွားလာနေကြသည်။ မည်သည့်အရာဟူ၍မဟုတ်ဘဲ ပြတင်းပေါက် အိမ်ခေါင်မိုး အိမ်နံရံ၊ သစ်ပင်၊ ရေအိုး စသည်တို့ကိုလည်း သေနတ်တွေဖြင့် အရမ်းပစ်နေကြသည်။ ဓားလွတ်ကိုင်စွဲထားသူများနှင့် လှံယဉ်လှံမ ကိုင်စွဲထားသူတို့ကလည်း အပွင့်တွေ ဝေနေကြသည့် ပန်းရုံ၊



ပန်းချုံတို့နှင့်တကွ အလှအပ ပြုလုပ်ထားသော ဆင်ဝင်များ အပါအဝင် တွေ့ရာပစ္စည်းများကို ထိုးခုတ်နေကြသည်။ သူတို့သည် သူတို့၏ ပြုလုပ်မှုနှင့်အတူ သူတို့၏ နှုတ်မှလည်း ကြမ်းတမ်း ယုတ်မာစွာ ဆဲရေး အော်ဟာစ်နေကြသေးသည်။ လင်းသာဂေဟာကြီး၏ လှပသော ပန်းခြံ ပန်းခင်းတို့နှင့်တကွ အိမ်ရှေ့ မျက်နှာစာ တစ်ခုလုံးသည် တစ်ခဏချင်းအတွင်း ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများဖြင့် ဖုံးလွှမ်းပေပျက်သွားခဲ့သည်။

မြို့စားပုံချိုကြီး၏ စစ်သားတို့သည် ကြေးစား စစ်သားတွေချည်း ဖြစ်ကြ၏။ ကိုယ်တော်ကြီး စောန္တမိတ် ထွက်ခွာသွားစဉ်အခါက စုရုံး ခေါ်ယူသွားသော အမြဲတမ်း စစ်တပ်ဖွဲ့မှ စစ်သားတို့ ဖြစ်ကြသည်။

စံပယ်သည် ထိုကြေးစား စစ်သားတို့၏ အပြုအမူကို ကြည့်ရင်း တစိမ့်စိမ့် ရှုံ့ရှာလာ၏။ သူတို့သည် 'တိုင်းပြည်ကို ကာကွယ်သူများ' အရှင်သခင်၏ အကျိုးကို သယ်ပိုးသူများ ဟူသော နာမည်ကောင်းကလေးကို အကာအကွယ်ပြုလျက် မိမိ တစ်ဝမ်းတခါး ဝရေး၊ မိမိ အနေအဆင့်တိုးရေးကို မျှော်မှန်းကာ တစ်ခါမျှ မိမိ မမြင် မတွေ့မသိဖူးသော မိမိကဲ့သို့ ဘဝတူ လူသား အချင်းချင်းကို မမြင်မတွေ့ရမီကတည်းက ယုတ်ယုတ်မာမာ၊ ရိုင်းရိုင်းစိုင်းစိုင်း၊ ရက်ရက်စက်စက် ပြုလုပ်ပြနိုင်မှ ထမင်း အနပ်မှန်ကြရ၊ နေရာ အဆင့်အတန်း တိုးကြရသည့် အလုပ်မျိုး၊ အကယ်၍ မိမိ၌ သားရှိလျှင် ဤသို့ သူတစ်ပါးကို မျက်ရည်ကျအောင် ပျက်စီးအောင် ပြုလုပ်ပေးနိုင်မှ ထမင်းလုတ်လှနိုင်သည့် အလုပ်မျိုးဖြင့် အသက်မွေးဝမ်းကြောင်း မပြုစေရဟု တွေး၏။ မိမိ၏ သားသည် တိုင်းပြည်တွင် အရေးပေါ်က တိုင်းပြည်တစ်ခုလုံးနှင့်အတူ တိုင်းပြည်ထက်တွင် မိမိအသက်ကို ပူဇော်ကာ ဆတာနှာဝန်ထမ်း အကျိုးဆောင်ရွက်သော မျိုးချစ်မျိုးသာ ဖြစ်ရမည်။ တန်ခိုးအာဏာ ပိုင်ဆိုင်ထားလိုသူတို့၏ အခကြေးငွေကို စား၍ ယုတ်မာပြသူ၊ မိုက်ရိုင်းပျသူ၊ အခိုင်းခံ လူသတ်သမားမျိုး မဖြစ်စေရဟု နာကြည်းစွာ တွေးတော၏။

ထိုစဉ် စစ်သားအချို့တို့သည် အိမ်ပေါ်ထက်သို့ ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးတက်လာကြကာ အခန်းထဲသို့ ရောက်လာကြ၏။ မြသန္တာသည် လန့်အော်တော့မည်ကဲ့သို့ ပြုရာမှ စံပယ်ရှိရာသို့ ပြေးလာ၏။ အထိန်းတော်ကြီး ဒေါ်မေတ္တာက သေးများပါချရင်း တစ်ကိုယ်လုံး တုန်လျက် မျက်နှာ သွေးဆုတ်နေသည်။ စံပယ်လည်း ရင်ထဲက ဒုတ်ဒုတ် ခုန်နေ၏။ သို့သော် ဒေါသလည်း ဖြစ်နေသည်။

'ဖာလဲဟေ့ ... ဖာလိုချင်လဲ၊ အေချင့်က မိန်းမတိနေတဲ့ အခန်း'

စစ်သားက သူ့လက်ထဲက လှံတံဖြင့် နံရံကို ဖြန်းခနဲ မြည်အောင် ရိုက်လိုက်သည်။

'ဓာမိန့်မလဲ၊ မိန့်မဆိုကေ ငါရို ယိမ်းကပြလိုက်ရဖို့လား၊ အားလုံး အောက်ဆင်း'

စစ်သားကောင်သည် စကားအဆုံးတွင် တောထုတ်သလို နံရံနှင့် ကြမ်းပြင်ကို လှံတံဖြင့် ဖြုန်းဖြုန်းမြည်အောင် ရိုက်လိုက်သေးသည်။

ရွံစရာကောင်းသော မျက်နှာ၊ ရွံစရာကောင်းသော ဟန်ပန်လေသံ၊ ရွံစရာကောင်းသော အပြုအမူတို့ကို စံပယ်သည် စက်ဆုပ်စွာ ကြည့်ရင်း မိမိ ကုလားထိုင်ကို မိမိဘာသာ ဘီးကို လှိမ့်လျက် အခန်းပေါက်ဘက်သို့ ထွက်လိုက်သည်။ အထိန်းတော်ကြီးနှင့် မြသန္တာတို့က စံပယ်၏ ကုလားထိုင်ကို အခန်း အပြင်သို့ ရောက်အောင် အမြန်ဆုံး ထုတ်ယူသွားကြသည်။

အိမ်ကြီး တစ်အိမ်လုံး နေရာတိုင်းတွင် စစ်သားတို့၏ ခြေသံဖြင့် ဖုံးလွှမ်းနေသည်။ အိမ်ပေါ်ထပ်တွင်လည်း သူတို့ ခြေသံ၊ ဘုရားဆောင်ထဲတွင်လည်း သူတို့ ခြေသံ၊ ထမင်းစားခန်းထဲတွင်လည်း သူတို့ ခြေသံ။

အောက်ထပ်သို့ရောက်သည်နှင့် တပ်ဗိုလ်များကို ဦးဆောင်၍ အိမ်ပေါ်သို့ တက်လာသည့် တပ်မှူးမြို့စားပျံချီကြီးကို တွေ့ရသည်။ ပျံချီကြီးသည် စံပယ်တို့ အစ်ကိုကြီး ကိုအယုနှင့် စာသင်ဘက် သူငယ်ချင်းများ ဖြစ်ကြသည် ဆို၏။ ယခုမူ ပျံချီကြီးက စောရန္တမိတ်၏ ဘက်တော်သား၊ စံပယ်တို့က လူမမယ်သားငယ် ဘယမင်းရဲ၏ ဘက်မှ ကူညီသူ တစ်ဖက်နှင့် တစ်ဖက် ရန်သူ ...

ပျံချီကြီးသည် စံပယ်တို့ ရှိရာဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်သည်။

'ဟေး ... အေဂေဟာထဲက လူတိအားလုံး ထမင်းစားခန်းကြီးထဲမှာ စုထားလိုက်စမ်း၊ တပ်ရေးကော တပ်ရေး ... တပ်ရေး'

တပ်ရေး ဆိုသူသည် မြို့စားပျံချီကြီး အနီးသို့ ရောက်နေစဉ် အခြားစစ်သားတို့က စံပယ်နှင့်တကွသော အိမ်သားတို့ကို နွားမောင်းသကဲ့သို့ ထမင်းစားခန်းမကြီး ရှိရာသို့ ရိုင်းရိုင်းပျပျ မောင်းနေကြသည်။ တပ်ရေးကို ပျံချီကြီးက ပြောနေသည့် အမိန့်သံတို့ကိုလည်း စံပယ်တို့သည် ထမင်းစားခန်းထဲမှ အတိုင်းသား ကြားနေရသည်။

'ဒီဂေဟာကြီးရဲ့ နေရာတိုင်း အခန်းတိုင်းမှာရော ခြံထဲမှာရော စေ့စေ့စပ်စပ်ရှာ၊ ပိတ်ထားတဲ့ တံခါးအားလုံးကို ရိုက်ဖွင့်၊ ပုန်းနိုင် ခိုနိုင်တဲ့ နေရာအားလုံး ချိုးဖျက်ကြည့်၊ ဒီအိမ်က သူရင်းငှားတွေ အားလုံးကို တခြား သီးသန့် ခေါ်စုပြီး စစ်မေး၊ ပြီးတော့ ကျွဲ၊ နွား၊ အသီးအနှံ၊ စပါးကျီ၊ ပဲ၊ ပြောင်း၊ ငါးခြောက်၊ ငါးပိ၊ ဆေး၊ ဆီတွေကို လှောင်ထားတဲ့ နေရာတွေက သယ်ယူခိုင်းပြီး တစ်နေရာထဲမှာ



စုထား၊ ပြီးတော့ စာရင်းလုပ်မှတ်၊ ငရို့ ရထားတဲ့ စာရင်းနဲ့ မကိုက်ရင် ဒီအိမ်က အိမ်ထောင်ဦးစီးကို အရှင်လတ်လတ် မီးနဲ့မြှိုက်ပြီး စစ်ရမယ်၊ ကြားလား ပြီးတော့ ဒီအောက်ထပ်က ထမင်းစားခန်းနဲ့ ဧည့်ခန်းမကြီးကို ငါနဲ့ စစ်ဗိုလ်မှူးတွေ အတွက် ပြင်လိုက်၊ ရဲမက်တော်သားတိကို ခြံဝင်းကြီးအတွင်းမှာ လုံခြုံရေး အစီအစဉ်နဲ့ စနစ်တကျ နေရာချဖို့ တပ်မှူး စံကျော်ထွီးကို တာဝန်ယူခိုင်း၊ နားလည်ပလား'

တစ်ဆက်တည်းပင် ခြေသံများ ဖြုန်းဖြုန်းဒိုင်းဒိုင်း ကြားလိုက်ရပြီး ထမင်းစားခန်းမ ဆောင်ကြီးထဲသို့ ပျံချီကြီး ရောက်လာသည်။ စံပယ်တို့ ရှေ့၌ပင် အိမ်ထောင် ဦးစီး ဖြစ်သော အစ်မလတ်ခရေကို ပျံချီကြီးက စစ်မေး၏။

'လင်းသာမောင်မောင် ဘယ်သွားပုန်းနေသလဲ၊ ဒီအိမ်မှာ ရန်သူ ရှုဝံ အငင်အတွက် ရှိတယ် မဟုတ်လား၊ သူ့သား တစ်ကောင်ကို လာထားဖူးတယ် မဟုတ်လား' ဟူသော မေးခွန်းမျိုး ဖြစ်သည်။ ခရေသည် တုန်တုန်လှုပ်လှုပ် ရှိနေသော်လည်း ...

အနေယ်မြေကို ပျံချီကြီးတို့ လာရောက် မသိမ်းပိုက်ကြသဖြင့် နီးရာ ဓားကို ကြောက်ရ၍ လက်ခံထားရပါကြောင်း၊ ခင်ပွန်းဖြစ်သူ လင်းသာမောင်မောင် ကုန်ကူးသန်းရန် သွားနေခြင်း ဖြစ်ပါကြောင်း၊ အကယ်၍ ဤသို့ စစ်မက် ရောက်လာလိမ့်မည်ဟု သိက ဤအိမ်ကြီးနှင့်တကွ အားလုံးကို စိတ်မချသဖြင့် သွားလိမ့်မည် မဟုတ်ပါကြောင်း၊ ရှုဝံသည် ကလေး တစ်ယောက်နှင့် ကျောင်းဆရာ တစ်ယောက် ရက်အနီးငယ် လာထားပြီးနောက် လူလွှတ်၍ ပြန်ခေါ်သွားပါကြောင်း' စသဖြင့် ဖြေဆိုခဲ့သည်။

ပျံချီကြီးသည် ခရေ၏ ဖြေဆိုမှုကို မှန်မမှန် မျက်ခြည်မပြတ် ကြည့်ရင်း အခြားသူတို့ကိုလည်း တစ်ဦးချင်း မေးမြန်း စစ်ဆေးသည်။ ပျံချီကြီး၏ ဟန်ပန်သည် ပြေးထွက်ရန် မရှိသော လှိုဏ်ကြားတွင် အမိခံနေရသည့် သမင်တစ်အုပ်ကို လှိုဏ်ဝမှထိုင်၍ ကြည့်မြင်နေရသော ကျားကြီး တစ်ကောင်ကဲ့သို့ တွေ့နေရသည်။ ဒေါ်တာရာ၏ အလှည့်သို့ ရောက်သောအခါ၌မူ ထိုကျားကြီးသည် ကျားပျိုမကို ပြာသိုလတွင် တွေ့မြင်ရသကဲ့သို့ ပြောင်းလဲသွားသည်။

တပ်မှူးတစ်ယောက်သည် အိမ်ပေါ်ထပ် တစ်ခုလုံးကို ရှာဖွေပြီး စီးပါကြောင်း လာရောက် သတင်းပို့သည်။ ပျံချီကြီးက နေရာမှ ထလိုက်၏။

'ကဲ ... အခု ဒီမှာ ရှိတဲ့ လူတွေအားလုံး အိမ်ပေါ်ထပ်မှာပဲ နေကြရမယ်၊ တစ်နေ့ကို ခြံထဲဆင်းပြီး လမ်းလျှောက်ခွင့် ထမင်း တစ်အိုးကျက် အချိန်ပေးမယ်၊ အစားအစာကို ကျုပ်ရဲ့ ရဲမက်တွေက ခွဲဝေပေးတဲ့အတိုင်း အိမ်ပေါ်မှာပဲ စားကြရမယ်၊

ကဲ ... ဒါပဲ ဒေါ်ခရေသာယာ ကျုပ်လက်ထဲကို ဒီအိမ်ကြီးက သော့တွေ အားလုံး အပ်ပါ'

အစ်မလတ် ခရေသာယာသည် တွန့်ဆုတ် တုန်လှုပ်စွာ သော့တွဲကြီးကို ပျံချီကြီး၏ လက်ထဲသို့ ထည့်လိုက်ရင်း ပျံချီကြီး၏ မျက်နှာကို မော့ကြည့်လိုက်သည်။

'အချေတိ (ကလေးတွေ) အတွက် နွားနို့နဲ့ ကြံထန်းလျက်လောက်တော့ ရယူလိုပါတယ်ရှင်'

ပျံချီကြီးက ပြုံးလိုက်သည်။

'အခု ကျုပ်ရို့ ရန်သူ့နယ်မြေထဲက ရန်သူ့အိမ်ကို သိမ်းပိုက်နေတယ်ဆိုတာ၊ ဒေါ်ခရေသာယာ နားလည်ဖို့ ကောင်းတယ်၊ အေလူတိ အားလုံးကို ကျုပ်ရဲမက်တွေ လက်ထဲ ထိုးထည့်လိုက်ပြီး အေအိမ်ကြီးကို မီးမတိုက်သေးတာဟာ ကျုပ်ရဲ့ အင်မတန် ကြီးမားတဲ့ ကရုဏာဆိုတာ ဒေါ်ခရေသာယာ နားလည်ပါ၊ အေးလေ ... ကျုပ် အသက်ညှာဆုံး စဉ်းစားပေးပါ့မယ်၊ ကဲ သွားနိုင်ကြပြီ'

စိတ်မသက်မသာဖြင့် လူတွေအားလုံး နေရာမှ ထလိုက်စဉ် စံပယ်သည် မြသန္တာကို မျက်ရိပ်ပြ ခေါ်ယူလိုက်သည်။

'ဇာလဲ ထွီးထွီး'

'မြသန္တာရဲ့ အဆောင်ကို မမတာရာတို့ သားအမိသုံးယောက် ပေးလိုက်၊ ပြီးတော့ မြသန္တာက စံပယ့် အခန်းကို ပြောင်းခဲ့၊ စံပယ်က အဲဒီ အခန်းနဲ့ ကပ်နေတဲ့ အမြဲ ပိတ်ထားတဲ့ အခန်းထဲကို ပြောင်းလိုက်မယ်'

မြသန္တာက ပြန်မေးရန် ဟန်ပြင်နေစဉ် စံပယ်က ခေါင်းခါပြလိုက်သောကြောင့် အကြောင်းတစ်ခုခု ရှိလိမ့်မည်ဟု နားလည်သွားပြီး ခရေသာယာ နောက်သို့ လိုက်သွားကာ ဤအတိုင်း ပြောင်းရွှေ့နေထိုင်မည့်အကြောင်း ပြောပြလိုက်သည်။

စံပယ်တို့ ထမင်းစားခန်းမကြီးမှ ထွက်လာသောအခါ စားဖိုဆောင်ကို စစ်သားများက အုပ်စီးလျက် ကြောက်ရွံ့နေကြရသော အိမ်ဖော်များကို ခိုင်းစေနေကြ၏။ စစ်သားတို့သည် အိမ်သားတို့အတွက် ချက်ပြုတ်ထားကြသော ကြက်သားများကို လုယက်ဝေငှ စားသောက်နေကြသည်။ ရဲမက်စစ်သား တစ်ယောက်သည် စောင်နှင့် ခေါင်းအုံးများကို သိမ်းဆည်းထားသည့် အခန်းထဲမှ တစ်ပွေ့တစ်ပိုက်ကြီး သယ်ထွက်လာသည်။ အချို့ စစ်သည် ရဲမက်တို့သည် ပန်းပြောက်များ ထုထားသည့် ကျွန်းသေတ္တာကြီးများကို ပုဆိန်ဖြင့် ပေါက်ခွဲကာ ယောက်ျားဝတ် ပိုးချိတ်တောင်ရှည် ပုဆိုးများကိုသာမက မိန်းမဝတ် ပလာထဘီတို့ကိုပါ အထပ်လိုက် သယ်ယူသွားနေကြသည်။



မည်သို့မျှ မပြောဝံ့ဘဲ မျက်ရည်တွေ ရစ်ဝဲလျက် နှမြောစုံမက်စွာ ရပ်ကြည့်နေသော အစ်မလတ် ခရေကို စံပယ်က အနီးသို့ ကပ်သွားကာ လက်ကို ဆွဲလိုက်သည်။

'လာပါ ... ကြည့်မနေပါနဲ့၊ လူမသေရင် ဝမ်းသာရပါပြီ'

ခရေနှင့် မြသန္တာတို့သည် စံပယ်၏ ကုလားထိုင်ကို နှစ်ယောက်သား တွန်းလာနေကြသည်။ သူတို့ မျက်လုံး၌ မျက်ရည်များ ပြည့်အိုင်နေကြသည်။ ရွှံ့များသဲများဖြင့် တစ်ခဏချင်း မြင်မကောင်းအောင် ညစ်ပတ်ပေကျံသွားသည့် အောက်ထပ်ခန်းဆောင်များကို မြသန္တာတို့က စိတ်မချမ်းမြေ့စွာ ကြည့်မိအောင် ကြည့်ကြသည်။ ကလေးတို့၏ ကစားစရာ ပစ္စည်းများနှင့် အရုပ်ကလေးတို့သည် ရဲမက် စစ်သားတွေ နင်းချေထားမှုကြောင့် နေရာအနှံ့ ပြန့်ကျဲ ပြားချပ် ပျက်စီးနေကြသည်။

ဇေဟာကြီး အပေါ်ထပ်သို့ ရောက်ကြသောအခါ ခွာချထားသော အထပ်ခိုးကြမ်းပြင်များ၊ သဘော်ကြမ်းများကို ဖရိုဖရဲ တွေ့ကြရသည်။ ထို့ပြင် အမြဲတမ်းသော့ပိတ်ထားသည့် စံပယ် ယခု ပြောင်းရွှေ့နေမည့် အခန်းကိုလည်း တံခါးမှ သော့ကို ရိုက်ချိုးလျက် ဖွင့်ကြည့်သွားကြသေးသည်။ အတွင်းရှိ ကာရံထားသော ခန်းဆီးများ၊ ကန့်လန့်ကာများ စသည်တို့ကိုလည်း ဓားများဖြင့် ခွဲချ ဖျက်ဆီးသွားကြသေးသည်။ သို့သော် ထိုရဲမက် စစ်သားတို့သည် လျှို့ဝှက် တံခါးတို့ကိုမူ လုံးဝ ရိပ်မိ သိရှိသွားခြင်း မရှိကြပါ။

အထိန်းတော်ကြီး ဒေါ်မေတ္တာနှင့် မြသန္တာတို့သည် အိမ်ခန်းများ အပြောင်းအရွှေ့ အလုပ်ကို လုပ်နေကြသည်။ မြသန္တာသည် စံပယ်၏ အခန်းသို့ ရောက်လာ၍ စံပယ့် အသုံးအဆောင် အိပ်ရာ ခုတင်တို့က လျှို့ဝှက်လမ်းရှိသော အမြဲ ပိတ်ထားသည့် အခန်းထဲသို့ ရောက်လာကြသည်။ ဒေါ်မေတ္တာကတော့မူ ယခင် စံပယ်၏ အခန်းနှင့် ဆက်လျက်ရှိသော သနပ်ခါးလိမ်းသည့် အခန်းအတွင်း၌ နေရာယူလိုက်သည်။

စံပယ်သည် ၎င်း၏အခန်းသစ်သို့ ရောက်သည်နှင့် မြေအောက်ခန်းသို့ သွားသည့် တံခါးပေါက်ကို ရှာဖွေ၏။ သို့သော် ထိုတံခါးသည် အခန်းထဲမှ ဖွင့်၍ ရခြင်းမရှိဘဲ အတွင်း လျှို့ဝှက်လမ်းဘက်ကသာ ဖွင့်နိုင်သည့်တံခါး ဖြစ်နေကြောင်းကို သိရသောအခါ စံပယ် စိတ်ပူသွားသည်။

သော်ကနှင့် ဟသာ်သည် လျှို့ဝှက် ဥမင်အတွင်း၌ မည်သို့များ နေကြပါလေမည်နည်း။ လေနည်းသော အခန်းကျဉ်းကလေးထဲသို့ နှစ်ယောက်လုံး ရောက်နေကြပြီး နှစ်ယောက်လုံးများ သတိလစ်နေကြလေပြီလား၊ ထိုသို့ သတိလစ်နေကြလျှင် ကယ်ထုတ်မည့်သူ မရှိဘဲ ဟသာ်ရော သော်ကပါ ရေတိမ်နစ်ကြရချေတော့မည်။

စံပယ်သည် မထွေးနိုင် မအန်နိုင်ဖြင့် စိတ်အိုက်လျက် ရှိစဉ် အခန်းဘက်သို့ လျှောက်ထားသည့် ခြေသံကြွမ်းကြွမ်းကို ကြားလိုက်ရသည်။ ပြတင်းဆီသို့ ကုလားထိုင်ကို ရွှေ့လိုက်ကာ ဟန်မပျက် အပြင်သို့ မျှော်နေလိုက်သည်။ ပြင်းထန်သော တံခါးခေါက်သံ ပေါ်လာပြီး တံခါးကို အတင်း တွန်းဖွင့်လိုက်ကာ လူတစ်စု ဝင်လာကြသည်။

အရပ် ထောင်ထောင်မောင်းမောင်း ဥပမိရုပ်ကောင်းကောင်းနှင့် စစ်ဝတ်စုံ အခန့်အငြား ဝတ်ထားသော ပုံချိုကြီးနှင့် နောက်လိုက်တို့ ဖြစ်ကြသည်။ ထိုသူတို့ အထဲတွင် လင်းသာအိမ်ကြီးမှ လက်ထောက် ဘဏ္ဍာစိုးကြီး ဦးကျောက်ခဲလည်း ကုပ်ကုပ်ကလေး ပါလာခဲ့သည်။

'အေမှာ ... အေမှာ ... မစံပယ်၊ ဟောဒီ ကျောက်ခဲဆိုတဲ့ လူကြီးဟာ အပြင်က ပြန်လာလို့ ကျုပ်ရဲမက်တွေက မေးတော့ ကျုပ်တို့ မိတ်ဆွေကြီး ရှုဝံရဲ့ သား ဟသာဆိုတဲ့ ကောင်ကို ဒီအိမ်က သော်ကဆိုတဲ့လူနဲ့ အတူလိုက်ရှာကြရင်း လူချင်းခွဲခဲ့ကြပြီး သူ ဒီကို ပြန်ရောက်လာတဲ့၊ ကဲ... အဲဒီတော့ ဟသာ ဘယ်မလဲ၊ သူနဲ့ အတူရှိတယ်ဆိုတဲ့ ဆရာကော ဘယ်မှာလဲ၊ သော်ကဆိုတာကော ဘယ်မလဲ'

ပုံချိုကြီး၏ အသံက တစ်ခန်းလုံးကို ဟိန်းနေ၏။ ရှေ့လောတကြီးလည်း ဖြစ်နေ၏။ စံပယ်သည် ပုံချိုကြီးကို အတော်ကြာကြာ မော်ကြည့်နေမိ၏။

'အေပိုင်မေးလို့ အေဘီးတပ်ကုလားထိုင် မပါဘဲ ဇာကိုမှ မသွားနိုင်တဲ့ စံပယ်က ဘယ်နှယ့်လုပ် ပြောနိုင်မှာလဲ၊ သူတို့ ဘယ်လို သွားကြတယ် ဆိုတာကို သိချင်တာလား၊ သူရှိနေတဲ့ နေရာကို သိချင်တာလား၊ သူတို့ အခု ဘယ်မှာ ရှိနေကြတယ် ဆိုတာတော့ ရှင် မသိသလို ကျွန်မလည်း မသိနိုင်ဘူး'

ပုံချိုကြီးသည် စံပယ်၏ ကုလားထိုင်ကို ဒေါသဖြင့် ကန်လိုက်သည်။ ဘီးများသည် လျှောခနဲ နောက်သို့ လိမ့်သွားပြီး နံရံနှင့် တိုက်မိကြကာ ရှေ့သို့ ပြန်လိမ့်သာလျက် ပုံချိုကြီး၏ရှေ့တွင် အရှိန်သေသွားသည်။ စံပယ်၏ မျက်လုံးသည် မီးဝင်းဝင်းတောက်လာ၏။

'ရှင်ဟာ စံပယ်ရို့ အစ်ကိုအကြီးဆုံး ကိုအာယုနဲ့ သူငယ်ချင်းပါ၊ စံပယ်က ကိုဥက္ကာရဲ့နှမ အငယ်ဆုံး၊ ပြီးတော့ ခြေထောက်နှစ်ဖက်လုံး လုံးဝ မထောက်နိုင်လို့ ဘီးတပ်ကုလားထိုင်နဲ့ သွားနေရတဲ့သူ၊ ဒီလို သူငယ်ချင်းတစ်ယောက်ရဲ့ ညီမ အထွေးဆုံးဖြစ်တဲ့ မစွမ်းမသန် မိန်းကလေး တစ်ယောက်ရဲ့ ဘီးတပ် ကုလားထိုင် ကိုတောင် ခြေထောက်နဲ့ ကန်ရဲတယ် ဆိုတာ နည်းတဲ့ သတ္တိ ဗျတ္တိ မဟုတ်ပါလား'

'တိတ် ... တိတ် ... တိတ်စမ်း'



ပုံချိုကြီးသည် ရှုးလုမတတ် ဒေါသဖြစ်လျက် သံကုန် အော်လိုက်သည်။ တစ်ကုန်လုံး တုန်တုန်ခိုက်ခိုက်ဖြစ်ကာ မျက်နှာကြီး နီနေပြီး တစ်ဖက်သို့ ချာခနဲ လှည့်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ တစ်ခဏ ကြာပြီးမှ စံပယ့်ရှေ့သို့ လာရပ်သည်။

'ကဲ... ယင်းဟသာရို့ သော်ကရို့အကြောင်း သိသလောက် ပြောစမ်း'

'ရှုဝံဆိုဗွာက သူ့မယားက မွေးတဲ့ အချေ တစ်ယောက်နဲ့ ယင်းအချေကို ဘသင်တဲ့ဆရာ ဒီအိမ်မှာ လာထားတယ်၊ အမေလတ် ခရေက ကြောက်တော့ လက်ခံထားတယ်၊ စံပယ်က ယင်းအချေကို မကြည့်နိုင်ဘူး၊ အေအချေ အေမှာ ရှိကေ cါအေအိမ်က လားဖို့လို့ ခရေကို ပြောတယ်၊ ယကေ ခရေရို့က ရှုဝံကို ပြန်ခေါ်ဖို့ ပြောတယ်၊ ရှုဝံက လူလွှတ်ပြီး အခေါ်ခိုင်းတယ်၊ အဲဒီ ကလေးက လှေပေါ်က ပျောက်သွားတယ်၊ စံပယ်က ဦးကျောက်ခဲနဲ့ သော်ကကို တွေ့အောင် ရှာပြီး လှေနဲ့ ပါသွားအောင် ထည့်ပေးလိုက်ကြလို့ ပြောတယ်၊ ဦးကျောက်ခဲနဲ့ သော်ကရို့က ထွက်ရှာကြတယ်၊ အခု ဦးကျောက်ခဲ ပြန်လာတယ်၊ ဦးကျောက်ခဲတို့ ပြန်မလာခင် အဲဒီ ကောင်လေးရဲ့ ဆရာဆိုဘာက လှေသမားတွေနဲ့ ပါသွားတယ်လို့ သတင်းရတယ်၊ ဒီဆရာဟာ ဒီကောင်လေး မပါဘဲနဲ့ သူ့သခင် ရှုဝံဆီကို မပြန်ဝံ့ဘူးလို့ ခန့်မှန်းနိုင်တယ်၊ ယလောက်ရာသိရေ'

ပုံချိုကြီးက မျက်မှောင်တွန့်လျက် ခဏမျှ စူးစိုက်နေပြီး ကျေနပ်သည့် အသွင် ပေါ်လာသည်။

'အေး ... ဒေါ်ဒေါ်က အေပိုင် ကောင်းကောင်း ပြောပါလား၊ စစ်ရေး မက်ရေးထဲမှာ မိတ်ဆွေရို့ ဆွေမျိုးရို့ဆိုတာ မရှိဘူး၊ ရန်သူဖြစ်တဲ့ ရှုဝံနဲ့ ဆက်စပ် လာကေ အသူ့ကိုမှ ချမ်းသာမပေးဘူး၊ နားလည်လား'

'အား ... ဟုတ်တာပေါ့၊ ဒီလိုပဲ လုပ်ရမှာပေါ့၊ အခုဆိုကေ မမတာရာကို လည်း သံခြေကျင်းခတ်ပြီး ချုပ်ထားပြီးလောက်ရောပေါ့၊ သူဟာ ရှုဝံရဲ့ အစ်မ အရင်း မဟုတ်လား'

မြို့စား ပုံချိုကြီးသည် စံပယ်၏ မျက်နှာကို အတော်ချည်း ကြာအောင် ငြိမ်သက် ကြည့်နေသည်။

'ဒါ... နင် နားလည်နိုင်တဲ့ ကိစ္စမျိုး မဟုတ်ပါဘူးဟယ်၊ ရှုဝံနဲ့ တာရာက မောင်နှမပေမယ့် ဆေးချီးနဲ့ တောက်တဲ့လို အပေါက်မတည့်နိုင်တဲ့ သူချင်းပါ'

ပုံချိုကြီးသည် ပြောပြောဆိုဆိုပင် အခန်းထဲမှ ခြေသံ ပြင်းပြင်းဖြင့် လှည့်ထွက်သွားသောကြောင့် နောက်ပါ ရဲမက်တို့နှင့်တကွ ဦးကျောက်ခဲကြီးပါ ပါသွားသည်။

ပုံချိုကြီး ထွက်သွားသည်နှင့် တစေ့တစောင်း နားစွင့်နေကြသော ဒေါ်မေတ္တာနှင့် မြသန္တာတို့က လာမေးကြသည်။ မြသန္တာသည် ခင်ပွန်းဖြစ်သူ သော်ကအတွက် တရှုံ့ရှုံ့ ငိုနေ၏။ သို့သော် ရန်သူ၏ လက်တွင်း၌ ရှိနေရသောကြောင့် ပြောမပြဝံ့။ ပြောပြမိလျှင်လည်း ပို၍ စိတ်ပူပန်စရာ ဖြစ်နေရသည့်အတွက် ဝမ်းထဲက အပူကို ဖုံးဖိကာ စံပယ်က အာပေးထားရသည်။ 'သူငယ် အိပ်စက်' အချိန်လောက်တွင် ဒေါ်မေတ္တာသည် စံပယ်နှင့် မြသန္တာတို့ နှစ်ယောက်အတွက် ညစာ တစ်ပန်းကန် ယူလာသည်။ ပုံချိုကြီး၏ အမိန့်အရ အိမ်သား နှစ်ယောက်လျှင် တစ်ပန်းကန်သာ ဝေပေးသည် ဆို၏။

ဒေါ်မေတ္တာသည် စားစရာကိုသာ ယူလာသည် မဟုတ်၊ သတင်းအဖျင်းတို့ကိုလည်း ယူလာသေး၏။ မမတာရာ အခန်းတွင် ပုံချိုကြီးကိုယ်တိုင် အတူ သွားရောက် ညစာစားသဖြင့် ငွေလင်ပန်းများ၊ ငွေပန်းကန်များဖြင့် သယ်သွားကြပုံ၊ မမတာရာ၏ သမီးနှစ်ယောက်တို့က အခန်းတစ်ခုထဲတွင် သီးသန့် စားသောက်ကြပုံတို့ကို ပြောပြနေ၏။ စံပယ်သည် ဒေါ်မေတ္တာ ယူလာသည့် စားစရာတို့ကို မြသန္တာ တစ်ယောက်တည်းသို့ ပေးလိုက်ပြီးလျှင် ဒေါ်မေတ္တာ ယူလာသည့် သတင်းတို့ကိုသာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေခဲ့သည်။

စံပယ်၏စိတ်၌ မိမိတို့၏ ဆွေစုမျိုးစု အကြောင်းကို သိတန်သလောက် သိထားပြီးသော မမတာရာသည် ဤလင်းသာ ဂေဟာကြီးကို နှစ်ဆယ့်ငါးနှစ်လုံးလုံး လမ်းပြတ်ခဲ့ပြီးမှ အကြောင်း တစ်စုံတစ်ရာ ရှိသည့်အတွက် ပုံချိုကြီးနှင့် တမင် ချိန်းဆိုကာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသလားဟုပင် တွေးလိုက်သေး၏။

ထိုညအဖို့ စံပယ်သည် အတွေးမျိုးစုံတို့က ချောက်လှန့်နေခြင်းတို့ကြောင့်လည်းကောင်း၊ သော်ကတို့အတွက် ပူပန်နေရခြင်းကြောင်း လည်းကောင်း၊ တော်တော်နှင့် မအိပ်နိုင်ခဲ့။

ထိုစဉ် ယခင် မြသန္တာ နေခဲ့ဖူးသည့် အခန်းမှ တံခါး ဖွင့်သံ၊ တံခါးပိတ်သံ၊ ခြေကို ခပ်ဖွဖွ နင်း၍ လာနေသည့် အသံတို့ကို ကြားရ၏။

စံပယ်က ကုလားထိုင်ပေါ်၌ပင် ငြိမ်သက်စွာ နားထောင်နေ၏။ ခြေသံသည် မိန်းမ ခြေသံဖြစ်ပြီး စံပယ်၏ အခန်းဝသို့ ရောက်လာကာ အတန်ကြာသည်အထိ ငြိမ်သက်နေပြီးမှ ပြန်ထွက်သွား၏။ စံပယ်က ထိုခြေသံ အခန်းထဲသို့ ပြန်ဝင်၍ တံခါးပိတ်လိမ့်မည်ကို နားစွင့်နေ၏။

သို့သော် ပေါ်လာသည့် အသံက ခန်းဆီးရှည်ကြီးများ၏ နောက်မှ တီးတိုးသံတစ်ခု ဖြစ်၏။



'အသူလည်း သော်ကလား၊ ဟသ်ာလား'

'အကျွန်ပါ ထွီးထွီး'

မိခင်ပျောက်နေသော နွားသားငယ်သည် မိခင်ကို ပြန်တွေ့သကဲ့သို့ ဟသ်ာသည် စံပယ့်ရှေ့၌ ဒူးထောက် ထိုင်လိုက်ကာ စံပယ်၏ ပေါင်ပေါ်တွင် မျက်နှာမှောက်လျက် ငိုချလိုက်၏။ ပြတင်းတို့မှ ဝင်လာသော အလင်းရောင်တို့ဖြင့် နှိမ့်ချည်မြင့်ချည် ဖြစ်နေသော ဟသ်ာ၏ ကျောကုန်းကို မြင်ရ၏။ စံပယ်သည် ဟသ်ာ၏ ဆံပင်ထဲသို့ လက်ထိုး ပွတ်သပ်ရင်း မိခင်တစ်ယောက်၏ ကြင်နာစိတ်မျိုးဖြင့် ခေတ္တ ငြိမ်နေမိ၏။ အတန်ကြီးကြာမှ ဟသ်ာ၏ ခေါင်းကို ဆွဲထူမိသည်။

'မောင်ဟသ်ာ ... သော်ကကော'

'လှေကားထစ်ပေါ်မှာ ကျန်ခဲ့တယ်၊ မြေတိုက်ခန်းကလေးထဲမှာ သူ သတိလစ်သွားတာနဲ့ အကျွန် ဆွဲထုတ်ပြီး မနိုင်လို့ လှေကားထစ်ပေါ်မှာ ထားခဲ့ရတယ်'

စံပယ်သည် ထိုအခါမှ ဟသ်ာ တစ်ကိုယ်လုံးလည်း အေးစက်နေသည်ကို သတိထားမိလာသည်။

'ကဲ ... မောင်ဟသ်ာ ထစမ်း၊ ထွီးထွီး အိပ်ရာပေါ် တက်'

ဟသ်ာကို အိပ်ရာပေါ်သို့ တက်စေပြီးနောက် ရှိသမျှ စောင်တို့ဖြင့် ဖုံးအုပ်ပေးလိုက်သည်။ ထို့နောက် ကုလားထိုင်ဘီးကို တွန်းလိမ့်လျက် စင်္ကြံလမ်းဘက်သို့ ထွက်ခဲ့သည်။

*

## (၁၆)

အရှေ့ဘက် ကောင်းကင်တွင် အရုဏ်ဦး၏ နုပျိုမြန်းသော ရောင်ခြည်တို့က သမ်းနေပါပြီ။ အောက်ဘက်၌ သစ်ပင်တို့ကို ခုတ်လှဲကာ ရဲမက်စစ်သားများက မီးဖိုနေကြသည်။ ဒေါ်မေတ္တာနှင့် မြသန္တာတို့၏ အခန်းက မဖွင့်သေး၊ နိုးမိလျှင် ဘေးကပါ သိကုန်ကြမည်စိုးသောကြောင့် မိမိအခန်းတွင်းသို့ ပြန်လာခဲ့သည်။

ပင်ပန်း နွမ်းလျနေဟန်တူသော မောင်ဟသာက ခုတင်ပေါ်တွင် အိပ်ပျော်နေခဲ့ပြီ။ ဆယ့်ငါးနှစ်တိုင်တိုင်၊ ခြေထောက် မသန်မစွမ်း ဖြစ်လာခဲ့ရသော စံပယ့်အဖို့ ယနေ့ ယခု အချိန်သည် မိမိခြေထောက်ကို အကောင်းပကတိ ဖြစ်လိုလှသော စိတ်ဇော အကပ်ဆုံးအချိန်ဟု သတိထားမိလာသည်။

ခုတင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာသော ဟသာကို ကြည့်မိ၏။ ကြဲ့လို သေးကွေးလှသော ကလေးငယ်နှယ်သာ ဖြစ်သည်။ မြေအောက်တိုက်ခန်းတွင် ကျန်ရစ်ရှာသော သော်ကကလည်း အသည်းရောင်ရောဂါ မကြာမကြာ ထတတ်သည့် ချူချာသူ တစ်ယောက်၊ သူ့ရောဂါက အနည်းငယ် ပင်ပန်းလျှင်လည်း ချက်ချင်း ပေါ်လာသည်။ ရာသီဥတုဒဏ် ခံလိုက်ရလျှင်လည်း ချက်ချင်း ပေါ်လာသည်။ ဒါပေမဲ့ ကျန်းမာမှု မခိုင်လုံသော်လည်း လူက ခပ်ပေပေ၊ ယခုလည်း ပင်ပန်းမှုဒဏ်၊ အပူအအေးဒဏ်တို့ကြောင့် ရောဂါ ထနေဆဲ၊ လေအားနည်းသည့် အခန်းလုံထဲသို့ ရောက်သွားသောကြောင့်သာ သတိလစ်နေရခြင်း ဖြစ်ပေမည်။ ကလေးငယ် ဟသာပင်လျှင် သတိမလစ်ဘဲ ရှိနေသေးသည် မဟုတ်ပါလား။

ဤမျှ အားနည်းသူ ဖြစ်နေက သော်ကကို ဤအတိုင်း ကြာကြာပစ်ထား၍ မဖြစ်၊ စံပယ်သည် အလွန် စိုက်အိုက်စွာဖြင့် ပင့်သက် မှုတ်လိုက်သည်။ ခုတင်ပေါ်တွင် အိပ်ပျော်နေသည့် ဟသာက မျက်လုံး ဖွင့်လာ၏။



'ထွီးထွီးလည်း ကကောင်းပင်ပန်း နီစွာဗျယ်၊ မအိပ်တော့ဘူးလား'

'အဘုချေ ... မင်းနိုးပြီလား၊ အခု တို့အိမ်ပေါ်မှာ ရန်သတိက ရောက်နေပြီ၊ ယေနန့် ငရို့ အပင်ပန်းခံပြီး ငရို့ အသက်တိကိုရော သူများ အသက်တိကိုရော ကာကွယ်ပေးနိုင်တဲ့ အလုပ်ကို ဆောင်ရွက်ကြရမယ်'

ဟသာက လူးလဲ ထသည်။ ကုလားထိုင်ပေါ်ရှိ စံပယ့် လက်ကို ဆုပ်ကိုင်လိုက်သည်။ ဟသာ၏ လက်ကလေးများက နွေးလာသည်။

'ထွီးထွီး ... အကျွန် ဇာလုပ်ရဖို့လဲ၊ အေချင့်ကို (အဲဒါကို) အကျွန် လုပ်မယ်၊ အကျွန့်ဘာဘာက လူသတ်တဲ့ အလုပ် လုပ်တယ်၊ အကျွန် မကြိုက်ဘူး၊ အကျွန်က လူတိမသေအောင်၊ မနာအောင်၊ သွေးမထွက်အောင် လုပ်ပေးရတဲ့ အလုပ်မျိုးကိုပဲ လုပ်ချင်တယ်'

'အေးကွယ် သားရယ်၊ ယင်းချင့် ကောင်းတာပေါ့ကွယ်၊ ယင်းချင့်ဟာ မေတ္တာတရားပေါ့ကွယ်'

စံပယ်သည် ဟသာ၏ လက်ကို ဆွဲယူလိုက်ရာ ဟသာက ခုတင်ပေါ်မှ ဆင်းလျက် စံပယ် အနီးသို့ ကပ်၍ ရပ်လိုက်သည်။ စံပယ်က ဟသာကို ဖက်ထားသည်။ အရုဏ်၏ လင်းရောင်နှင့်အတူ အိမ်ဝင်ကြီး၏ တစ်နေရာမှ ရန်သူရဲမက်စစ်သားတို့၏ တံပိုးခရာသံသည် ကြက်တွန်သံနှင့်အတူ ပေါ်လာခဲ့ပေပြီ။

'ကဲ ... အဘုချေ၊ ဟောဟိုမှာ မီးတိုင်နဲ့ မီးခတ်အိပ် ယူသွား၊ သော်က ဘယ်လိုနေလဲ ကြည့်ခဲ့၊ ယပြီးကေ ယင်းမီးတိုင်နဲ့ မီးခတ်ကို ဥမင်လမ်းထဲမှာပဲ လိုတော့ သုံးရအောင်ပေါ့'

ဟသာလားနေစဉ် စံပယ်သည် မိမိ၏ ဘီးကုလားထိုင်ကို အမြန်လှိမ့်ကာ ဒေါ်မေတ္တာတို့ဘက်သို့ လားပြန်၏။ ရဲမက်တို့ တပ်လှန့် နှိုးလိုက်သော တံပိုးခရာသံကြောင့် ဒေါ်မေတ္တာရော မြသန္တာတို့ပါ နိုးနေကြပါပြီ။ လူငယ်ထက် လူကြီးကို အသိပေးရခြင်းက ပိုကောင်းသည်ဟု ဒေါ်မေတ္တာကို ခိုင်းစရာရှိ၍ဟု ခေါ်ခဲ့၏။ အခန်းထဲသို့ ရောက်ကြသည်နှင့် နှုတ်လုံဖို့နှင့်တကွ အကြောင်းစုံကို ရှင်းပြလိုက်၏။ ဒေါ်မေတ္တာသည် တစ်ခါမျှ မမြင်ဖူးသူကို မြင်နေရသကဲ့သို့ စံပယ့် မျက်နှာကို မျက်လုံး ပြူးကြီးနှင့် ကြည့်နေစဉ် ဟသာ အနားသို့ ရောက်လာသည်။

'သူ သတိရနေပြီ ထွီးထွီး၊ ယကေလေ့ သူ အသက်ရှုက ကောင်းကျပ်တယ်၊ ခေါင်းနဲ့ကိုယ်က မီးလို ပူပြီး လက်နဲ့ချေက ရေလို အေးနေတယ်'

စံပယ်က ဒေါ်မေတ္တာကို မော်ကြည့်လိုက်သည်။

'ကဲ ... ဟသာနဲ့ လိုက်လာပြီး သော်ကကို ဤအခန်းထဲ သယ်ယူလာခဲ့၊ နောက်မှ ဖြစ်ချင်တာ ဖြစ်ပဲ'

စံပယ်သည် ဒေါ်မေတ္တာတို့ သွားကြရာသို့ ဘီးကို လှိမ့်လျက် နောက်မှ လိုက်သွားသည်။ ကန့်လန့်ကာကို ဖယ်လိုက်သောအခါ နှစ်တောင် ပတ်လည်ခန့် ရှိသော လေးထောင့် အပေါက်တစ်ခုကို တွေ့ရသည်။ အပေါက်ကို ပိတ်သည့် ကျောက်ချပ်သည် ကျောက်ပြားလေးပြားစပ် ဖြစ်လျက် အတွင်းဘက်သို့ ဆုံလည်တံခါးရွက်ကဲ့သို့ လည်နေခြင်း ဖြစ်သည်။ ပိတ်လိုက်လျှင် အခန်းထဲမှ မည်သို့မျှ မသိနိုင်သည့် အခြေအနေကို စိတ်ချရပြီးမှ လှုပ်ရှားသော စိတ်ဖြင့် အခန်းဝသို့ ရောက်လာခဲ့ရပြန်၏။

သော်ကအတွက် မည်သို့ ပြုရပါမည်လဲဟု တွေး၏။ ပင်လယ်စပ်မှ တိုက်ခတ်လာသော နံနက်လေပြည်သည် စံပယ်၏ မျက်နှာ ဦးခေါင်းတို့ကို အေးမြသွားစေသည်။ ထိုလေသည် စံပယ်၏ မျက်စိရှေ့တွင် မြင်နေရသော ညောင်လန်းကိုင်းကြီးကိုလည်း လှုပ်သွားစေခဲ့သည်။ ထိုညောင်လန်းကိုင်းကြီးသည် လင်းသာဂေဟာကြီး၏ အုတ်ဝင်းအပြင်ဘက်ရှိ ညောင်လန်းပင်ကြီးမှ ကိုင်းရှည်ကြီး တစ်ခု ဖြစ်လျက် သော်ကတို့ ဖခင် လင်းသာမောင်မောင် အိပ်ခန်းရှိ ပြတင်းဝသို့တိုင် ရောက်နေခဲ့သည်။ အိမ်ကြီးဆီသို့ ထိုးထွက်လာသော သစ်ကိုင်းအချို့ကို ဖြတ်ထားသည်ဖြစ်ရာ ထိုသစ်ကိုင်းတို့ကလည်း ပြတင်းတံခါးနှင့် လွတ်ရုံမျှသာ ရှိနေကြသည်။ ထို့ပြင် လင်းသာမောင်မောင်၏ အိပ်ခန်းသည် လင်းသာမောင်မောင် မရှိသည့်အခါ မည်သူမျှ အသုံးပြုကြရခြင်း မရှိကြ။

စံပယ်သည် ပေါ့ပါးသော ရင်ဖြင့် နောက်ဘက်သို့ လှည့်လိုက်စဉ် ဟသ်ာနှင့် ဒေါ်မေတ္တာတို့သည် သော်ကကို မနိုင်မနင်းတွဲကြလျက် အိပ်ခန်းထဲသို့ ရောက်လာနေကြပြီ။

'ကဲ… ဟသ်ာ မင်း အနွေးထည်တိ ယူပြီး အထဲ ပြန်ဝင်နေ၊ တံခါးကို မစေ့တစေ့ထားပြီး အမြဲ နားစွင့်နေ၊ ထွီးထွီး မရှိရေ အချိန်မှာလည်း ယင်း တံခါးကို ပိတ်ထား၊ ထွီးထွီး ရှိနေလည်း ထွီးထွီးက ချောင်းဟန့်လိုက်ရင် စေ့အောင် ပိတ်လိုက်၊ အကယ်လို့ ဟသ်ာကို ခေါ်ချင်ကေ ထွီးထွီးက နံရံကို လက်နဲ့ ခေါက်လိုက်ရင် ကြားပါ့မလား'

'တုတ်နဲ့ခေါက်မှ အထဲက ကြားဖို့ထင်ရေ ထွီးထွီး'

'ဒေ.. ယင်းပိုင်ဆိုကေ၊ မင်း ပိတ်ထားရေအခါ ထွီးထွီးက ခေါ်ချင်ကေ၊ ဒုတ်နဲ့ နှစ်ချက် နှစ်ချက် သုံးကြိမ် ခေါက်လိုက်မယ်၊ ကဲ … အဲပကို အိပ်ရာပေါ်က အနွေးထည်တွေ ယူပြီး မင်း မြန်မြန်ဝင်တော့'

စံပယ်သည် ဟသ်ာကို ပြောပြီးသည်နှင့် သော်ကနှင့် ဒေါ်မေတ္တာဘက်သို့ လှည့်လိုက်သောအခါ ဒေါ်မေတ္တာက နှုတ်ခမ်းစူနေသည်။ သော်က၏ ကိုယ်ကြီးကို မနိုင်မနင်း သယ်ပိုးထားရသောကြောင့် ဖြစ်၏။ သော်ကသည် ဒေါ်မေတ္တာကို မှေးရုံမျှ မှေးမှိုထားသော်လည်း ဒေါ်မေတ္တာအဖို့ မသက်သာ၊ စံပယ်က ရိပ်မိသော်လည်း မသိသလိုပြုလျက် မိမိအား နီရဲသော မျက်လုံးဖြင့် ကြည့်နေသည့် သော်ကဘက်သို့ လှည့်လိုက်သည်။

'ကဲ … ကိုယ့်တူ သော်က မင်းစွန့်ရဖို့ဗျယ် … ပုံချိုကြီးရို့က မေးက ထွီးထွီးက ဟိုဟသ်ာ ဆိုတဲ့ အကောင် ဒီမြေပေါ်က ထွက်သွားအောင် မင်းကိုယ်တိုင် လှေပေါ် တင်မပေးလိုက်နိုင်သမျှ အိမ်ပြန်မလာရဘူးဆိုလို့ အကျွန်လည်း ရှာမတွေ့တာနဲ့ ပြန်မလာဝံ့ဘဲ နေခဲ့တာ၊ အခုမှ သိပ်နေမကောင်းလို့ ထွီးထွီးတို့ မသိအောင် အုတ်ဝင်းကြီး အပြင်ဘက်မှာ ပေါက်နေတဲ့ ညောင်လန်းပင်ကြီးပေါ်ကနေပြီး အဖအခန်းထဲမှာ တိတ်တိတ် ဝင်အိပ်နေမိတာပါပဲလို့ ပြောပေရော့ ပုံချိုကြီးက ဘယ်လို လှည့်မေးမေး မင်းခေါင်းထဲမှာ မှတ်ထားရမှာက အဲဒါပဲ မဟုတ်လား'

သော်ကက စကားမပြောနိုင်ဘဲ ခေါင်းညိတ်သည်။ စံပယ်သည် ဒေါ်မေတ္တာကို တွဲယူသွားရန် အချက်ပေးလိုက်သည်။ ဒေါ်မေတ္တာက တစ်ယောက်တည်း မနိုင်မနင်း ဖြစ်သောကြောင့် မြသန္တာကို အကူခေါ်ချင်နေ၏။ 'အချေတိ (ကလေးတွေ) ကို သိသင့်မှ သိစေရတယ်၊ ဒီလိုပဲ ကြိုးစားလိုက်ပါ ဒေါ်မေတ္တာရယ်၊ တော်ကြာ လူတိ မလစ်နိုင်လို့ အပို့ရ ခက်နေမယ်' ဟု တိုက်တိုက်တွန်းတွန်း ပြုရသည်။

သော်ကကို ပို့ပြီး၍ ပြန်လာသော်လည်း ဒေါ်မေတ္တာအဖို့ မအားရသေး၊ အစောင့် တာဝန်ကျနေသည့် တပ်ဗိုလ်ဆီသို့ လွှတ်နေပြန်၏။

'လင်းသာမောင်မောင်၏သား သော်ကဆိုသူ လင်းသာမောင်မောင်၏ အိပ်ခန်းလွတ်ထဲသို့ တိတ်တဆိတ် ရောက်နေသည်ကို ပုံချိုကြီးထံသို့ အကြောင်းကြားပေးပါရန် သော်ကသည် အပြင်းအထန်လည်း ဖျားနေပါကြောင်း စသည်တို့ကို ပြောပြရမည် ဆို၏။ ဒေါ်မေတ္တာက စံပယ်ကို မျက်စောင်း ချိတ်လိုက်သည်။

'ပြီးတော့ ဇာလုပ်ပေးရဦးမလဲ'

'လုပ်စရာ မရှိတော့ပါဘူး၊ စံပယ့် အတွက် နံနက်စာကို ယူပြီး ဟသ်ာကို ခေါ်ပေးလိုက်ရုံပါပဲ'

'အင်း … နောက်ပြီးတော့ကော'

'သော်ကအတွက် သမားတော်ကြီးတိ ခေါ်ပေးနိုင်ဖို့အတွက် အကူအညီ ပေးလိုက်ရုံပါပဲ'

'ပြီးတော့ကော'

'ပြီးရင် အမေ မေတ္တာ နံနက်စာ စားတော့ပေါ့၊ အေအချိန်အထိဆို အမေ မေတ္တာ ဆာနေရောပေါ့'

'ဩော် ... ဆာနေမှာများ စိုးရှာသေးသကိုး'

ဒေါ်မေတ္တာသည် နှုတ်ခမ်းစူလျက် မျက်စောင်းခဲကာ ထွက်သွားသည်။ ဒေါ်မေတ္တာ အကြောင်းကြားချက်အရ မြို့စားကြီး ပုံချီသည် သော်ကကို ခေါ်ယူ စစ်ဆေး၏။ သော်က ပြောပြချက်တို့သည် ယုတ္တိယုတ္တာ ရှိရုံမျှမက တကယ် လိုက်လံ စစ်ဆေးကြည့်သည့်အခါ၌လည်း တကယ်ပင် ညောင်လန်းပင်ကြီးပေါ်က အိပ်ခန်းအထိ ကူးသန်းနိုင်ခြင်းကို တွေ့နေရသည်။ ထို့ပြင် ပုံချီကြီးအဖို့ စစ်ရေး စစ်ရာ ကိစ္စတွေ အရေးကြီးနေသည့်အပြင် သော်က ကိုယ်တိုင်လည်း အပြင်းအထန် နာမကျန်း ဖြစ်နေသဖြင့် ထိုကိစ္စကြီးသည် အလွယ်တကူပင် အေးဆေး ပြေလည် သွားခဲ့ရသည်။ သော်က၏ ဇနီး မြသန္တာအဖို့လည်း မိုးထဲလေထဲတွင် တွေ့ကြုံလိုက် ရသော နွေးထွေးမှုကလေး တစ်ခုကဲ့သို့ စိတ်ချမ်းမြေ့လိုက်ရရှာလေသည်။

စံပယ်တို့၏ စိတ်၌ ဤကဲ့သို့သော် ဒုက္ခသည် ရက်တစ်ပတ်မျှ မကြာမီ ပြီးဆုံးသွားလိမ့်မည်။ ဗိုလ်မှူးရူဝံသည် ဝှင်းဆင်ထားသည့် ထောင်ချောက်အတွင်းသို့ ရန်သူများ အပြည့်အစုံ ရောက်ပြီးသည်နှင့် တစ်ခဏမျှ မဆိုင်းဘဲ တိုက်ထုတ်လာ ပေလိမ့်မည်ဟု လူတိုင်း လူတိုင်းတို့က မျှော်လင့် ယုံကြည်ထားကြ၏။ သို့သော် ရန်သူတို့သည် လင်းသာအိမ်ကြီးကို သိမ်းပိုက်ပြီး သီတင်းလေးပတ် ကြာပြီးသည့် တိုင်အောင်ပင် ဘာသတင်း တစ်စုံတစ်ရာမျှ စံပယ်တို့ မကြားကြရချေ။

အိမ်သားတို့သည် တစ်နေ့လျှင် ထမင်းအိုး တစ်လုံးချက်ခန့် ကြာအောင် အိမ်ရှေ့ မြက်ခင်းပြင်ကြီးပေါ်သို့ ဆင်း၍ ကိုယ်လက် လှုပ်ရှား လမ်းလျှောက်ခွင့် ရကြသည်။

ထိုအခါမျိုး၌ ဒေါ်တာရာနှင့် သမီးနှစ်ယောက်တို့သည် အခြား အိမ်သူ အိမ်သားတို့နှင့် မရောနှောလှဘဲ သီးသန့်လိုလို နေလေ့ ရှိကြသည်။ ဒေါ်တာရာ၏ သမီး နှစ်ယောက်သည် ပန်းခြံထောင့်တွင် နှစ်ယောက်တည်း စကား တွတ်တွတ် ထိုးနေကြလျက် ဒေါ်တာရာကမူ လေသာဆောင် အနီးတစ်ဝိုက်တွင် ပုံချီကြီးနှင့် ရယ်လားမောလား ပြုံးရွှင်လားဖြင့် တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကာ ရှိနေတတ် ကြသည်။

စံပယ်၏ တူမငယ် ဝတ်မှုန်သည် ဒေါ်တာရာတို့ဘက်သို့ တစ်ချက်မျှ ကြည့်လိုက်ပြီး



'ဘာရာရှင်မကြီးက သားတော်ကြီး စောရန္တမိတ်ဘက်သားလား၊ ဒါမှမဟုတ် ရင် သားတော်ငယ် ဘယမင်းရဲရဲ့ ဘက်တော်သားလား'

စံပယ်က မည်သို့မျှ ပြန်မပြောဘဲ ပြုံးနေသော်လည်း ဒေါ်မေတ္တာက ဒေါ် တာရာတို့ဘက်သို့ မျက်လုံး တစ်ချက် ထောင့်ကပ်လိုက်ပြီး ဝတ်မှုန်ဘက်သို့ လှည့်လိုက်သည်။

'အိုအေ ... အသူ့ဘက်သားမှ မဟုတ်ဘူး၊ သူနဲ့ သူ့သမီး နှစ်ယောက်ရဲ့ ဘက်တော်သား၊ ယင်းပိုင် မဟုတ်ကေလေ့ (ဒါမှမဟုတ်ရင်လည်း) မာနတ်မင်းရဲ့ ဘက်တော်သားအေ့၊ သူ့မှာ မာနတ်မင်းက ပေးထားတဲ့ မူးယစ်စေတတ်တဲ့ လက်နက် ရှိတယ်၊ သူ့အတွက် ရပေါက်ရှိရင် အဲဒီလက်နက်နဲ့ သားတော်ကြီးဘက်က လူ ဖြစ်ဖြစ်၊ သားတော်ငယ်ဘက်က လူဖြစ်ဖြစ် အမိအရပစ်ပြီး ဖမ်းလိုက်မှာပဲ ... အဲဒါပဲ'

ကလေးသာသာမျှ ဖြစ်သော ဝတ်မှုန်က မျက်မှောင်ကလေး ကျုံ့ကာ နား မလည်နိုင်ရှာအောင် ဖြစ်နေသည်။

'ဇာပိုင် လက်နက်မျိုးလဲ အရီးချေရယ်၊ အဲဒီ လက်နက်နဲ့ ကိုယ်တော်ကြီး ဘက်သားတိကို တိုက်လို့ မရဘူးလား'

'ဟဲ့ ... အဲဒီ လက်နက်က ရုပ်ကလေးတွေ၊ အသံကလေးတွေ၊ ချွဲတတ် တာကလေးတွေ၊ အထိအပွတ် ခံရဲတာကလေးတွေပေါ့၊ အခု အဲဒီ လက်နက်နဲ့ ပစ်ထားလို့ ပုံချီကြီး တစ်ယောက် နဖားကြိုးတတ်ပြီးသား ဖြစ်နေတာ နင် မမြင် လား'

ဒေါ်မေတ္တာသည် စံပယ်က ဝင်၍ အော်လိုက်မှ ရပ်သွားသည်။ အိမ်သား တို့သည် မြက်ခင်းပြင်ရှိရာသို့ စုစုရုံးရုံး ဆုံမိကြသော်လည်း စင်စစ် ပျော်ပျော်ရွှင်ရွှင် ရှိနေကြသည် မဟုတ်၊ စိတ်ညစ်ညူးနေကြရသည်။ အထူးသဖြင့် အစားအသောက် မဝရေစာ စားနေကြရမှုကြောင့် ဖြစ်၏။ အိမ်သားများသာလျှင် ထိုသို့ မဝရေစာ စားနေကြရသည် မဟုတ်။ ရန်သူ ရဲမက် စစ်သားတွေကိုယ်တိုင် ဤသို့ စားနေကြ ရခြင်း ဖြစ်သည်။

ဗိုလ်မှူးရူဝံတို့သည် ဤနယ်မြေ တစ်ခုလုံးကို ဝိုင်းပတ် ပိတ်ဆို့လျက် ရိက္ခာ ဖြတ်ထားသည် ဆို၏။ ထို့ကြောင့် ဤဂေဟာကြီးတွင် ရှိနေကြသည့် လူ အားလုံးတို့အနက် အမြဲဆာနေသည့် ငတ်မွတ်မှုကို နားမလည်ကြသော သူတို့မှာ ပုံချီကြီးနှင့် ဗိုလ်မှူး သုံးလေးယောက်၊ ထို့ပြင် ဒေါ်တာရာ သားအမိတို့သာ ရှိကြသည်။

ထို့ကြောင့်လည်း ဒေါ်မေတ္တာနှင့် ဝတ်မှုန်တို့က ဒေါ်တာရာကို မရှုစိမ်နိုင်ဘဲ ပြောဆိုနေမိကြခြင်း ဖြစ်သည်။

ပျံ့ချိုကြီးတို့တပ် ဆုတ်ခွာရန်အတွက် ငါးရက်မျှ လိုတော့သည့် အချိန်တွင် ဆန်ကြမ်း တစ်ဆုပ်စာမျှကို ပန်းကန် နှုတ်ခမ်းပေါ်တွင် ပုံထားသည့် ဆားအနည်းငယ်နှင့်သာ ဝေပေးလာတော့သည်။

စံပယ်သည် မိမိရသည့် ဝေစုကို လုံးဝ မစားတော့ဘဲ ဟသ်ာအတွက်သာ ပေးလျက်ရှိရာ ဒေါ်မေတ္တာက တစူစူ ဖြစ်လာသည်။

'အမိရယ် … မေတ္တာတရား ဆိုတာဟာ ချမ်းမြေ့ ကြည်နူးမှု၊ ကိုယ်စိတ်တို့ရဲ့ အားအင် ပြည့်ဝမှုကို တကယ် ရရှိနိုင်တယ် ဆိုတာ စံပယ် အခု လက်တွေ့ယုံနေတယ် သိလား၊ စံပယ့်အတွက် တစ်စိကေလည်း မပူကေ့ (နည်းနည်းမှ မပူနဲ့)'

စံပယ့်ကို မြင်တွေ့ရသည်မှာ ပြောသည့်အတိုင်းလည်း အကယ် ဟုတ်ပုံရ၏။ သူသည် အချိန်ရှိသမျှ ဟသ်ာနှင့်သာ ကြည်နူး ချမ်းမြေ့စွာ နေ့နေ့ညည ရှိနေတတ်သည်။

တစ်ညတွင် စံပယ်၏ အခန်းဆီသို့ လျှောက်လာနေသော ဖျပ်ဖျပ် မြည်သံကို စံပယ်၏ နားက ကြားလိုက်သည်။ စံပယ်သည် ဟသ်ာကို မျက်ရိပ်ပြလိုက်ပြီး မြေအောက်ခန်းဆီသို့ သွားစေခဲ့သည်။ မကြာမီပင် တံခါးခေါက်သံ ပေါ်လာ၏။

'ဝင်ခဲ့ပါရှင်' ဟု စံပယ်က အသံပေးလိုက်သည်။

*

(၁၇)

အတွင်းသို့ ဝင်လာသူမှာ ဒေါ်တာရာ ဖြစ်လေသည်။ ဒေါ်တာရာသည် ခုတင်ပေါ်တွင် မစွမ်းမသန် ထိုင်နေသည့် စံပယ်ကို တစ်ချက် ပြုံးပြလိုက်ပြီး အခန်းတစ်ခုလုံးကို စူးစမ်းသလို ကြည့်သည်။ ထို့နောက် ပြတင်းပေါက် ရှိရာသို့ သွား၍ အပြင်ဘက်ဆီသို့ ခေါင်းပြူ လှည့်ပတ် ကြည့်လိုက်ပြီးမှ ပြတင်းကို ကျောမှီလျက် စံပယ့်ဘက်သို့ လှည့်လိုက်သည်။

'မမတာရာက ပျင်းပျင်းရှိလို့ လာလည်တာပါ၊ စံပယ်က အစောကြီး အိပ်ရာဝင်ဖို့ ဗျာယ်လာ (တော့မလို့လား)'

'ဟုတ်ပါရှေ … အဖော် မရှိလို့ စောစော အိပ်ရာဝင်ရပါရေ၊ အဖော်ရှိတဲ့လူများ ဆိုရင်တော့ အေအချိန်ဟာ စကားပြောလို့ ကောင်းတုန်း၊ ရယ်လို့ ကောင်းတုန်း၊ ပြီးတော့ မောလို့ ကောင်းတုန်း အချိန်မျိုးပေါ့ရှင်'

ဒေါ်တာရာသည် စံပယ့် မျက်နှာကို အတန်ကြာကြာ စိုက်ကြည့်နေသည်။ ထို့နောက် ဘာမျှမပြောဘဲ ရီးရီး လမ်းလျှောက်သလို အခန်းဘေးပတ်လည်သို့ လျှောက်သည်။ လက်က အခန်း နံရံပေါ်သို့ ပွတ်သပ်သလို တင်ထားသည်။ ထို့နောက် တစ်နေရာတွင် ရပ်လိုက်ပြီး ….

'ခု ညည်းရဲ့ ရူဝံတပ်က ပျံ့ချိုကြီးရဲ့ တပ်ကို ထိုးစစ်ဆင်ပြီး တိုက်လာနေတယ် ဆိုတာ ညည်း ကြားပြီပလား'

'စံပယ့်ရူဝံ မဟုတ်ပါဘူးလေ၊ **မမတာ**ရာရဲ့ မောင်ပါ၊ စံပယ်က ရှူးတုန်းမိုက်တုန်း ငယ်ငယ်ရွယ်ရွယ်တုန်းက ကံဆိုးပြီး မှားခဲ့တာပါ၊ ယင်းချင့် အတွက်လည်း နောင်တရလို့ မဆုံးပါဘူး၊ အခုလည်း ကိုယ်နဲ့ မဆိုင်လို့ ဇာသာတင်းမှ နားမထောင်ပါဘူး'

စံပယ်၏ စကားအဆုံးတွင် ဒေါ်တာရာသည် အသံလှလှကလေးဖြင့် ရယ်လိုက်သည်။ ထို့နောက် စံပယ့်ကိုလည်း လှောင်သရော်သော မျက်လုံးဖြင့် ကြည့်လျက် ကလေးငယ်တစ်ယောက်ကဲ့သို့ အခန်းကို တစ်ပတ်ပတ်မိအောင် ဆက်၍ လျှောက်သည်။ ထို့နောက်မှ စံပယ်ရှိရာသို့ လျှောက်လာရင်း စံပယ့်ရှေ့တွင် ရပ်သည်။

'ပျံချီကြီးဟာ အခုလို ဒုက္ခရောက်နေရင်တော့ ငရို့တို အပေါ်မှာ ပိုပြီး ရက်စက် ကြမ်းကြုတ်တာတွေ လုပ်လာနိုင်တယ်၊ ယင်းချင့်ကို ငရိုကြီးတင် ကာကွယ်ဖို့ လိုမလား'

'စစ်ရဲ့ သဘောက ဇာအချိန်စွာဖြစ်ဖြစ် အေပိုင် ရှိတတ်တယ်ဆိုတာ ရာဇဝင်တိက ပြောထားသားပဲ စံပယ်ရို့က ဘဇောင် လုပ်ပြီး ကာကွယ်နိုင်မလဲ'

ဒေါ်တာရာသည် စံပယ် ပြောသည်ကို ဘယ်လိုမှ စိတ်မဝင်စားဟန်ဖြင့် ချာခနဲ လှည့်ထွက်သွားကာ အခန်း တစ်ခုလုံးကို စေ့စေ့စပ်စပ် လျှောက်ကြည့်နေပြန်သည်။ ထို့နောက် စံပယ့်ဘက်သို့ လှည့်လိုက်၏။

'ပေား… အေအခန်းဟာ လင်းသာမောင်မောင်ရို့ အစ်ကိုကြီး ရှိတုန်းက နေသွားတဲ့ အခန်း မဟုတ်လား၊ လွန်ခရေ နှစ်ပေါင်း အစိတ်လောက်တုန်းက စံပယ်ရို့ အစ်ကိုကြီး ကိုအာယုနဲ့ မမတာရာတို့ လင်းသာ ဂေဟာကို အလယ် ရောက်ခဲ့ကြတုန်းက သတိထားမိသလိုပဲ'

'ယင်းချင့်ကို စံပယ် မသိဘူး၊ စံပယ်က သူများ အိမ်သူအိမ်သားတို အကြောင်း မစပ်စုတတ်ပါ'

ဒေါ်တာရာက အသံထွက်အောင် ရယ်လိုက်ပြန်သည်။

'မမတာရာ ရောက်လာလို့ စံပယ်ရို့ အခန်းတိ ပြောင်းဟယ်၊ ရွှေ့ဟယ် လုပ်လိုက်ရတာ အားနာလို့ ပြောတာပါ'

'အို… ယင့်ချင့်က မမတာရာရို့ သားအမိ ချောင်ချောင်ချိချိ နေရပါစေ တော့လို့ ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ မြသန္တာ အခန်းကို နေရာချလိုက်ကြတာပါ၊ အခန်းက ကျယ်မှ ဧည့်သည်တိကို အခန်းထဲမှာ ညစာကျွေးနိုင်မယ် မဟုတ်လား'

'စံပယ်က ငယ်ငယ်ကပိုင် နှုတ်သီးကောင်းတုန်းပဲ၊ အခု … မမတာရာ လာတာက စံပယ့် အစ်မကို အားလုံးအတွက် စံပယ်က အကြံပေးချင်ရင် ပေးနိုင် အောင်ပါ၊ ပျံချီကြီးရို့တစ်တွေဟာ သူရို့ လိုချင်တဲ့ ငွေထည် ပစ္စည်းတွေ၊ ဘာတွေ ရရင် အသူ့မှ ဒုက္ခ မပေးဘဲ မြန်မြန် ထွက်သွားချင် သွားကြမှာ'



'အေချင့်က စံပယ်နဲ့လည်း မဆိုင်ပါဘူး၊ လင်းသာမောင်မောင်လို လူက လည်း စစ်တလင်း ဖြစ်လာမယ့် လင်းသာ နယ်မြေလို နေရာမျိုးမှာ တကယ်လို့ သူပစ္စည်း တိရှိတောင် ထားခဲ့မယ့် လူစားမျိုး မဟုတ်ပါဘူး၊ အခုပဲ သူ့ကိုယ်သူ ကိုယ်လွတ်ရုန်းပြီး အေမှာ မိန်းမတွေ၊ လူမမယ်တွေချည်းပဲ ထားသွားတယ် မဟုတ်လား'

ဒေါ်တာရာသည် တော်ကြာကြာ တွေငိုင်နေရာမှ စံပယ့်ဆီသို့ ကြည့်၍ ပြုံးလိုက်သည်။

'အေးလေ ပျံချီကြီးလို လူမျိုးကလည်း သူ လိုချင်တာ မရရင် မြေလှန်ပြီးမှ ထွက်သွားမှာပဲ၊ ငရို့ကတော့ မဖြစ်တန်တာ မဖြစ်အောင် သတိပေးတာကလွဲလို့ ဇာတတ်နိုင်မှာတုန်း'

ဒေါ်တာရာသည် အခန်းဝဆီသို့ လျှောက်သွားကာ အခန်းဝကို ကျောခိုင်းလျက် အပြင်သို့ ငေးကြည့်ရင်း ဤစကားကို ပြောသည်။ ထို့နောက် နှုတ်မှ မဆက်ဘဲ ထွက်သွားသည်။

*

# (၁၈)

သက္ကရာဇ် ၇၉၉ ခု၊ ဝါခေါင်လဆန်း သုံးရက်နေ့။

ထိုနေ့ကို စံပယ်နှင့်တကွ လင်းသာ ဂေဟာကြီးမှ လူအားလုံးတို့သည် မည်သည့်အခါမျှ မေ့ပျောက်နိုင်ကြတော့မည် မဟုတ်ပါ။

လွန်ခဲ့သည့် နေ့ည စက်နာရီ နှစ်ချက်တီး အချိန်လောက်ကစ၍ ပျံချီကြီး၏ တပ်သားများ ဆုတ်ခွာနေကြသည်ဟူသော သတင်းကို တီးတိုးတီးတိုး ကြားသိနေရသည်။

ပျံချီကြီး၏ ရဲမက်စစ်သားတို့သည် အရက်သေစာများကို သောက်စားကြရင်း အိမ်သူ အိမ်သားတို့ကို ရန်မူတော့မည်ကဲ့သို့ အမြဲ ပြုနေကြသည်။ ရိုင်းစိုင်းသော ရဲမက် စစ်သားတို့သည် အိမ်ပေါ်သို့ တက်လာကြလျက် တစ်ခန်းနှင့် တစ်ခန်း အကူးအသန်း မလုပ်ကြရဟု အမိန့်ထုတ်လျက် အိမ်ခန်းတို့၏ရှေ့မှ ဓားဝင့်ဝင့်ဖြင့် သိုင်းကွက်နင်းကာ လမ်းသလားနေကြသည်။

တစ်ခဏ အကြာတွင် အိမ်ဖော်များ တန်းလျားဆီမှ ရူးရူးဝါးဝါး အော်ဟစ်လိုက်သည့် မိန်းကလေးအသံကို ကြားလိုက်ရသည်။ မရှေးမနှောင်းပင် နောက်ထပ် အသံတစ်ခု ပေါ်လာသည်။ သူရင်းငှား နောင်စံညို၏ အပျိုမကလေးနှစ်ယောက် အသံများ ဖြစ်သည်ဟု သိကြရသည်။ တစ်ခဏ တိတ်နေပြီး အော်ဟစ် ငိုရှိုက်သံ နို့စို့ အချေ (ကလေး) များ၏ တဝါးဝါးငိုသံ ရုန်းရင်းဆန်ခတ် အသံများ ကြားနေကြရသည်။ ထိုအတွင်း လေးလံသော ပစ္စည်းများကို တင်ဆောင်ထားသည့် နွားလှည်းကြီးများမှ တအီအီ မြည်သော ဘီးသံ၊ နွားမောင်းသံ၊ မြင်းများ အစုလိုက် အပြုလိုက် ထွက်ခွာသွားသံ၊ မြင်းအုပ်ကြီးများ ဝင်လာကြသံ၊ ပြန်ထွက်သွားကြသံ၊ အောက်ထပ်မှ လွင့်ရိုက်တက်လာသော အသံမျိုးစုံတို့သည်၂ ရပ်နားသည်ဟူ၍ မရှိ။



နံနက်လင်း ကြက်တွန်အပြီးလောက်တွင် ခါတိုင်းထက်များသော မြင်းတပ်စု တစ်စု ဝင်လာကြသည့်အသံကို ကြားရသည်။ ထိုမြင်းတပ်စု အရောက်တွင် ပျံချီကြီး၏ အသံပါ ရောနှော ပေါ်လာလျက် ကျယ်လောင် ကျယ်လောင် ပြောဆိုနေကြသည့် အသံတို့ကိုပါ ကြားလာရသည်။

အသံတို့သည် ကျယ်လောင်လှသော်လည်း အခြားအသံတို့နှင့် ရောထွေးလျက် ရှိသောကြောင့် မည်သည့် အကြောင်းကို ပြောဆိုနေကြသည်ဟု မသဲကွဲ၊ ထိုအတွင်း ဝုန်းဒိုင်း ဝုန်းဒိုင်းဖြင့် အိမ်ပေါ်ထပ်သို့ ပြေးတက်လာသည့် အသံတို့ကိုလည်းကောင်း၊ ဆင်းသွားကြသည့် အသံတို့ကို လည်းကောင်း ရုန်းရင်းဆန်ခတ်အောင် ကြားနေရသည်။

ခြေသံ အတော်များများသည် အခန်းဆောင်တို့ရှေ့ရှိ စကြံလမ်းပေါ်သို့ ရောက်လာကြသည်။ စကားပြောသံတို့က အာလေးလျှာလေးဖြင့် မပီမသ မူးယစ်နေကြသူများ ဖြစ်ကြ၏။

'တကယ်လားဝေး(ကွ) … အေပိုင်ဆိုကေ ငရို့က ဓာဖြစ်လို့ ဆုတ်ကြရတာလဲ'

'ဟကောင်ကြီးရ… အေ ရူဝံဆိုတဲ့ အကောင် ကျသွားပေမယ့် သူ့အထက်က ဗိုလ်မှူးချုပ်ကြီးတွေ၊ တပ်မှူးချုပ်ကြီးတွေ ရှိနေကြသေးတယ် မဟုတ်လား'

'အား … ယင်းချေ့တိက ကိုးကြူးတွေချည်းပါကွာ၊ အေစစ်ကို တိုက်တာက ရူဝံဝေး၊ ဒကောင် ကျသွားပြီကေ တို့ကြွဲကြွဲခံပြီး တိုက်ရုံပေါ့'

'ငါ့လပြွတ် (ဇာခွီး) မှပဲ ယင်းတိုက်ဖို့ အစီအစဉ်တိ အားလုံးကို ယင်းစွာက အသေအချာ စီမံခန့်ခွဲပြီးတော့မှ အရက်မူးမူးနဲ့ တစ်ဦးမှာ လုံ့ပျံ့ထိ ပြီးကျသွားတာ သူ့ရို့အချင်းချင်း လုပ်လိုက်သလားတောင် မသိဘူး၊ ယင်းစွာရှိရှိ၊ မရှိရှိ အေပွဲကတော့ သင်းရို့ နိုင်ကြတော့မှာပဲ'

စံပယ်သည် ဤအသံတို့ကို အခန်းထဲမှ ကြားနေရသည်။ အိပ်ရာတွင်းမှ လူးလဲ ထ၍ ထိုင်လိုက်၏။ ထိုအချိန်၌ ဟသာ်သည် စံပယ်၏ ဘီးတပ် ကုလားထိုင်ပေါ်၌ ရှိနေ၏။ သူသည် ကုလားထိုင်ပေါ်မှ ဖြည်းညင်းစွာထလျက် စံပယ်၏ ခုတင်ပေါ်သို့ လာရောက် တင်ပါးလွှဲ ထိုင်လိုက်သည်။

ခြေသံများနှင့် စကားသံများ ဝေးသွားသည်နှင့် စံပယ်က မင်းကြားသလားဟု မေးလိုက်သည်။ ဟသာ်က ခေါင်းညိတ်ပြ၏။ စံပယ်သည် ဟသာ် မျက်နှာကို ကြည့်ရင်း ထိုင်နေသည့် ဟသာ် ပခုံးကို ဖက်လိုက်သည်။ ရင်ထဲတွင် ဟာလျက် တစ်စုံတစ်ခု ဆုံးရှုံးလိုက်ရသကဲ့သို့ ခံစားရင်း မျက်ရည်များ စီးကျလာသည်။ အစွမ်းကုန် ချုပ်တီး အောင့်အည်းထားပါလျက် ငိုရှိုက်မိရသည်။

လူကြမ်းကြီး၊ လူဆိုးကြီး၊ တစ်ခုမျှ ကောင်းသည်ဟု မဆိုတဲ လူ့လောကထဲတွင် ဒုစရိုက်မှုမျိုးစုံကို ပြုကျင့်ရန် ရောက်လာခဲ့ရသော လူကြီးတစ်ယောက် ယခု လူ့လောကကို စွန့်ခွာသွားခဲ့လေပြီ။

ဤသူသည် ဤစစ်ကြီးအတွင်း၌ လူအများတို့ကို ဒုက္ခပေးခဲ့၏။ စစ်ဘေး စစ်ဒဏ် သင့်စေခဲ့၏။ ဝေါစေ ပြတ်စေခဲ့၏။ စစ်မီးကို မငြိမ်းအောင် လောင်ကျွမ်းစေခဲ့၏။ သို့ပါလျက် ဤသူမိုက် သေဆုံးရခြင်းကို ဘာကြောင့် ဝမ်းနည်း ပူဆွေးခြင်း ဖြစ်ရပါသနည်း။ ဤသူ သေခြင်းသည် သူ့အတွက် မကောင်းမှု ဒုစရိုက်တို့ကို ပို၍ မတိုးပွားရဘဲ ပြတ်၏။ အများပြည်သူတို့အတွက်လည်း အန္တရာယ်ကင်း၏။ ဤအဖြစ်သည် ကောင်းသောအဖြစ်၊ ဝမ်းသာရမည့်အဖြစ်၊ ဤသတင်းသည် ကောင်းသော သတင်း။

စံပယ်သည် ဤအတိုင်း သိ၏။ ဤအတိုင်း တွေး၏။ သို့သော် စံပယ့် ရင်ထဲ၌ ဟာနေ၏။ စံပယ့် မျက်လုံးမှ မျက်ရည်တို့က တွေတွေကျ၏။ အချစ်၌ ဆိုးခြင်း၊ ယုတ်ခြင်း၊ မိုက်မဲခြင်းတို့ မရှိ။

ချစ်သူ ရူဝံ၏ သဘောချင်း မတိုက်ဆိုင်သော အပြုအကျင့်တို့ကို မုန်းတီး ရွံရှာခဲ့သော်လည်း ချစ်သူ ရူဝံ၏ ချစ်ခင်ယုယမှုတို့ကို အောက်မေ့တသ၏။ ကြည်နူး မိ၏။ ယခုမူ ဤလူဆိုးကြီး အပေါ်၌ သနားကရုဏာစိတ်တို့ ပေါ်ပေါက်နေရပါ လေပြီ။

'မငိုပါကေ့ ထွီးထွီးရယ်၊ သူ သေတာ သူ့အတွက်လည်း ဒုက္ခ အေးတာပါပဲ၊ အကျွန်ုပ်ရို့အတွက်လည်း ဒုက္ခအေးတာပါပဲ'

'မုန်းတီးလှပါသည် ဆိုသော ဟသ်ာက ပျော့ပျောင်းသည့် စကားလုံးများ ကို ငိုသံပါသည့်အသံ တုန်တုန်တို့ဖြင့် ပြောရင်း မျက်ရည်ကျလာသောအခါ စံပယ်သည် ဟသ်ာကို ဖက်လိုက်ကာ အားရအောင် ရှိုက်ငိုပစ်လိုက်ရသည်။

လင်းရောင်လာသည်နှင့် ဟသ်ာသည် စံပယ့်ကို ခွဲကာ မြေတိုက်ခန်းဆီသို့ သွားသည်။ အခြေအနေ မလှသောကြောင့် မြေတိုက်ခန်းထဲတွင် တံခါး အလုံပိတ် နေရန် စံပယ်က ပြောလိုက်သည်။ စံပယ် တွေးထင်ထားသည့် အတိုင်းပင် အိမ်သား အားလုံးသည် နံနက်ဘက် ဆယ်နာရီတွင် လင်းသာဂေဟာကြီး၏ အောက်ထပ်ရှိ စားသောက်ခန်းထဲသို့ စုရုံးကြရမည်ဟု လာရောက် ပြောသွားသည်။ မကြာမီပင် တစ်ခါမျှ မမြင်ဖူးသော ရဲမက်တော်သား အသစ်တို့ ရောက်လာကြပြီး စံပယ်တို့ကို အခန်း တစ်ခန်းထဲသို့ စုရုံးထားကြသည်။ ထိုအထဲ၌ ဒေါ်တာရာတို့ မပါကြပါ။



အိမ်သားတို့သည် တစ်ဦး မျက်နှာ တစ်ဦး ကြည့်လျက် စိုးရိမ် ထိတ်လန့်နေ ကြသည်။ တစ်ယောက်နှင့် တစ်ယောက် အားပေးစကား ပြောနေကြစဉ် ထောင် ထောင်မောင်းမောင်း ရဲမက်ကြီး တစ်ဦးက 'စကားမပြောနဲ့ တိတ်တိတ်နေ' ဟု အော်လိုက်သည်။

ဝတ်မှုန်က 'မိန်းမတိ စကားပြော' ဟု ပြန်ပြောသည့် စကားမျှ မဆုံးသေး မီ စစ်သား တစ်ဦးက ဝတ်မှုန်၏ကျောကို ပြေး၍ ကန်လိုက်သည်။ အားလုံး လန့်၍ အော်လိုက်ကြ၏။ ဝတ်မှုန်သည် ပြောရင်း စကားတန်းလန်းဖြင့် တစ်ပတ် လိမ့်သွားပြီး သတိလစ်သွားခဲ့သည်။

အချေတိ (ကလေးတွေ) ကလည်း တိတ်လန့် ငိုကြွေးကုန်ကြ၏။ အမေ လတ် ခရေ မြသန္တာနှင့် ဒေါ်မေတ္တာတို့က ဝတ်မှုန်ကို ပွေ့ထူရင်း ဝိုင်းနေသော ရဲမက်စစ်သားတို့ကို မော့်ကြည့်လိုက်ကြ၏။ စစ်သား သုံးလေးယောက်တို့က ဓားတိကို ဝင့်လျက် ဝိုင်းလိုက်ကြသောအခါ မည်သူမျှ အသံမထွက်ဝံ့၊ ကလေးတွေ ၏ ငိုသံတို့ကပါ တိုးဝင်၍ သွားကြသည်။

ဤအတိုင်း အလွန် စိတ်ကျဉ်းကျပ်စွာ စုရုံး၍ နေကြရပြီးနောက် စက် ဆယ်နာရီခန့် ရှိသည့်အခါ ထမင်းစားခန်းမကြီး ရှိရာသို့ ဆင်းကြရမည်ဟု ဆိုသည်။

အိမ်အောက်ထပ် တစ်ခုလုံးသည် အိမ်နှင့်မတူဘဲ ရွှံ့တွေ ဖုန်တွေဖြင့် လယ်ကွင်းပြင်ထက်ပင် ညစ်ပတ်နေသည်။ လူအားလုံးတို့ ထမင်းစားခန်းထဲသို့ ရောက်လာကြသောအခါ ပုခက်ဖြင့် သယ်လာ၍ ကြမ်းပေါ်သို့ ချထားသော သော်က ကို တွေ့ရသည်။

မြသန္တာက လူရုပ်မပီသော လူမမာသည် ယောက်ျား ရှိရာဘက်သို့ သွားမည် ပြုရသောအခါ 'ဟေး ... ဇာလဲ' ဟူသော အသံကြီးက စစ်သားတွေဘက်မှ ပေါ်လာသည်။

'အကျွန့်ယောက်ျား ... လူမာဘက်'

'ဇာ လူမမာလည်း လင်တစ်ကောင်ကို အေလောက် နှမြောနေရလား၊ နင် လိုချင်ကေ အေမှာ လင်တိ အများကြီး ရှိတယ်'

ဓားတဖွေးဖွေးနှင့် ဝိုင်းနေကြသော ရဲမက်တွေက ဝါးခနဲ ရယ်လိုက်ကြပြီး ချက်ချင်း မျက်နှာသားကြီးများဖြင့် ဖြစ်သွားကြသည်။ စံပယ်သည် ရဲမက် ဆိုသော စစ်သားတွေ၏ မျက်နှာကို စူးစိုက်ကြည့်သည်။ စစ်သားတို့ကလည်း စံပယ့်ကို 'ဇာလုပ်ချင်သလဲ' ဟူသော မျက်နှာမျိုးဖြင့် ပြန်ဝိုင်းကြည့်ကြသည်။

ဤစိတ်ကျဉ်းကျပ်စရာ ကောင်းလှသော ထမင်းစားခန်းကြီး အတွင်း၌ အလွန် ရှည်လျားကြာမြင့်စွာ စောင့်စားနေရသကဲ့သို့ နေကြရပြီး နေ့လယ် မွန်းတိမ်း သာသာလောက်မှ ပုံချီကြီးက အပြင်မှ ရောက်လာသည်။

ထိုအချိန်အထိ မည်သူမျှ ဘာတစ်ခုမျှ မစားရသေးသည် ဖြစ်ရာ ကလေးတွေက တအီအီ ဖြစ်လာသည်။ ပုံချီကြီး ဝင်ရောက်လာပြီးမှ ကလေးတွေကပါ ထိတ်လန့် အငိုတိတ်သွားကြသည်။

ပုံချီကြီး ရောက်လာသည့် အတွက် စိတ်ကျဉ်းကျပ်စွာ စောင့်စားနေရသည့် ဒုက္ခမှ အမြန်ဆုံး ပြီးဆုံးတော့မည်ဟု ဝမ်းသာရတော့မလိုလို ဖြစ်ရသော်လည်း ဓားကိုင်၊ လှံကိုင်၊ သေနတ်ကိုင်၊ ရဲမက် စစ်သား အတော်များများတို့သည် ဤမိန်းမနှင့် အချေတိလိုလိုချည်း ရှိနေကြသော အိမ်သားတိကို အထပ်ထပ် ဝိုင်းရံလိုက်ကြသည်။ ထို့နောက် သားကောင်ကို မြင်ရသော မွတ်သိပ်နေသည့် မြေခွေးတို့၏ မျက်လုံးမျိုးဖြင့်လည်း စူးစူးရဲရဲ ဝိုင်းကြည့်နေကြသေးသည်။

ထိုအတွေး ဝိုင်းထားသည့် စစ်သားတို့က ရုတ်ရုတ်သဲသဲ လမ်းဖယ်ပေးလိုက်ကြသောအခါက ဒေါ်တာရာနှင့် သမီး နှစ်ယောက်တို့ ဝင်လာကြသည်။ သူတို့သည် ဒုက္ခရောက်နေကြသည့် အိမ်သားတို့ကို လှောင်ပြောင် သရော်သလို မျက်နှာမျိုးဖြင့် ကြည့်သွားကြရင်း ပုံချီကြီးနှင့် မနီးမဝေးတွင် သီးသန့် နေရာယူ၍ ထိုင်လိုက်ကြသည်။

'အချေင့် အားလုံး ဗျယ်လာ (ဘဲလား) ကဲ … အိမ်ထောင်ဦးစီး လုပ်တဲ့ ဒေါ်ခရေသာယာ ကျုပ်ရှေ့ လာစမ်းပါ'

ပုံချီကြီး၏ အသံက တစ်အိမ်လုံးကို ကျယ်ကျယ်လောင်လောင် မြည်ဟီးလျက် အခန်းထဲတွင် ဘောင်ဘင် ရိုက်ခတ်နေသည်ဟု ထင်လိုက်ရသည်။

အစ်မလတ် ခရေသည် တုန်တုန်ယင်ယင် ထိတ်ထိတ်လန့်လန့်ဖြင့် ပုံချီကြီး ရှိရာသို့ တုံ့နှေးစွာ ရောက်သွားသည်။ ဒေါ်ခရေ၏ မျက်နှာတွင် သွေးဆုတ်နေ၏။

'ကဲ … ရှည်ရှည် မပြောဘူး၊ ကျုပ် အထောက်တော်တိဘက်က သတင်းအရ အေအိမ်ကြီးမှာ ငွေထည် ငွေခွက်၊ ငွေတုံး ငွေခဲတိ လှည်းနှစ်စီးတိုက်လောက် ရှိတယ်တဲ့၊ အခိုင်လုံဆုံး သတင်းရတယ်၊ ယင်းချင့်တိ ဇာမှာထားလဲ'

ပုံချီကြီးက ခရေ၏ မျက်နှာကို အစိမ်းလိုက် စားတော့မည့် ဟန်ပန်လေသံဖြင့် မေးလိုက်သည်။



စင်စစ် စံပယ်၏ အစ်မလတ် ခရေသည် ဤကိစ္စကို အကယ်ပင် မသိ။ သိလျှင်လည်း ပြောလိမ့်မည်မှာ မုချ ဖြစ်သည်။ ဤလူအုပ်ထဲ၌ တကယ် သိကြသူတို့မှာ စံပယ်နှင့် သော်ကတို့ နှစ်ယောက်သာလျှင် ဖြစ်ကြသည်။

ခရေသည် တစ်ကိုယ်လုံး တုန်တုန်လှုပ်လှုပ် ဖြစ်လျက် တရှိုက်ရှိုက် ငိုရင်း စကားပြောနိုင်ရန် အတော် အားယူနေရသည်။

'အကျွန်ရို့ ဂေဟာမှာ သုံးစွဲနေတဲ့ ငွေလင်ပန်းတချို့နဲ့ ငွေခွက် ငွေပန်းကန်တွေကလွဲပြီး တခြား ဇာမှာမှ မရှိပါဘူးရှင်၊ အကျွန်သိကေလည်း ထုတ်ပေးပြီးတာကြာပါပြီ'

ပုံချီကြီးက ပျက်လုံး ကြားရသကဲ့သို့ ရယ်လိုက်သည်။

'လင်းသာမောင်မောင်ဆိုတာ လင်းသာ ရွာစားကြီးပဲ မဟုတ်လား၊ ယပြီးကေ အခွန်ဘဏ္ဍာတိကို ကောက်ခံ ရှာဖွေပေးရတဲ့သူပဲ၊ အဲဒီတော့'

'အကျွန် … အကျွန် … တကယ်ပဲ ဇာမှ မသိရကြောင်းပါ၊ ပုံချီကြီးရှင့်'

'ကဲ.… ကောင်းပြီလေ၊ သက်သက်ညှာညှာ သဘောနဲ့ မြေလှန်ရှာတာမျိုးလောက်ပဲ၊ လုပ်ရတော့မှာပ'

ပုံချီကြီးသည် အဆင်သင့် ဝိုင်းရံနေကြသော ၎င်း၏ ရဲမက်များကို လက်ဖွေ့ယမ်းပြလိုက်သည်။ အသင့် ယူဆောင်လာခဲ့ကြသော ရတွင်းကြီးများ၊ ပုဆိန်ကြီးများကို ကိုင်ဆောင်ထားကြသည့် ရဲမက်တို့သည် နွားအုပ်ကြီး ပြေးထွက်သွားကြသကဲ့သို့ အိမ်ပေါ်သို့ ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးတက်သွားကြသည်။ တစ်ခဏချင်း အိမ်ပေါ်မှ ပေါက်ခွဲသံ၊ ဖျက်ဆီးသံတို့ ဗြုန်းဗြုန်းဗြင်းဗြင်း ပေါ်လာကြသည်။

ခရေသည် မျက်ရည် တွေတွေကျရင်း တုန်တုန်ခိုက်ခိုက်ဖြင့် သော်ကာဘက်သို့ လှည့်လိုက်သည်။

'သော်က … အစ်ကို ထားတာကို မင်းသိကေ၊ ပြောလိုက်ပါဟ'

သော်ကသည် မည်သို့မျှ မပြောဘဲ စံပယ်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ ပုံချီကြီးနှင့် ဒေါ်တာရာတို့က သော်က ဖြေမည့်စကားကို သိလိုစိတ်ဖြင့် သော်က မျက်နှာကို ဝိုင်းကြည့်ကြ၏။ စံပယ်သည် သော်က မျက်နှာကို စူးစိုက်ကြည့်နေခဲ့သည်။ သော်ကက မျက်နှာကို ငုံ့လိုက်ပြီးနောက် ပင့်သက် မှုတ်ထုတ်လိုက်သည်။

'အကျွန်က အချေပါရာ အကျွန် မသိပါဘူး'

တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ မြို့စားကြီးပုံချီ ဒိုင်းဒိုင်း မြည်အောင်ခြေကို နင်းလျက် အခန်းထဲမှ ထွက်သွားသည်။ အိမ်ပေါ်ထပ်မှ တူးသံ၊ ထွင်းသံ၊

တူရှင်းဖြင့် ကော်သံ၊ ရဲတင်းဖြင့် ခုတ်သံတို့က တစ်အိမ်လုံး ပြောင်းဆန်အောင် မင်းမူနေကြသည်။ ဒေါ်တာရာရို့ မိသားစု ထိုင်နေကြသည့် အခန်းထောင့်မှ ကြွေအံ ခုတ်သံသည် ထိုအသံကို ကြားထမှ တရှင်ရှင် ပေါ်လာကြသည်။

တစ်ခဏအတွင်း အပြင်ဘက်မှ မီးခိုးလုံးကြီးများသည် အိမ်တွင်းသို့ ဝင်လာကြ၏။ မြသန္တာက ပြတင်းမှ လှမ်းကြည့်လိုက်ပြီး မျက်စိမျက်နှာ ပျက်သွားသည်။

'မြင်းစောင်းတိုကို မီးလောင်ကုန်ပြီ။ လေသာဆောင်ဘက်ကလည်း မီးခိုးတိ ထွက်လာရေ'

အားလုံး တိတ်ဆိတ်လျက် ပြတင်းပေါက်မှ မြင်ရသည့် မီးခိုးတိကို ကြည့်နေ ကြသည်။ သို့သော် ဘယ်သူမှ နေရာက မထဝံ့ကြ။

ရဲမက်အချို့သည် အထုပ်ကြီး အထုပ်ငယ်တို့ကို ထုပ်ပိုး သယ်ယူလျက် ထမင်းစားခန်းဆောင်ကြီးထဲမှ ဖြတ်သန်းသွားကြသည်။ အိမ်ပေါ်မှ အသံများလည်း တဖြည်းဖြည်း စဲသွားကြ၏။ အစောင့် ရဲမက်တို့လည်း အိမ်သူအိမ်သားများကို ထားပစ်ခဲ့ကာ ထွက်သွားကြသည်။ အပြင်ဘက်မှ ပုံချီကြီး၏ အသံကို ကြားရ၏။

'ဇာမှ မတွေ့ဘူးလား'

'မတွေ့ပါ အပေါ်မှာ အမိုးနဲ့ အကာ တချို့ပဲ ကျန်တယ်၊ အားလုံး ရှာတာပဲ'

ထိုအတွင်း မြင်းတစ်စီး ဒုန်းစိုင်း ဝင်လာသည်။ မြင်းစေကျော်သည် အမော တကောဖြင့် ဟစ်အော်ပြောလိုက်သည်။ စကားလုံးများကို သဲသဲကွဲကွဲ မကြားလိုက်ရ။ ချက်ချင်းပင် ဂေဟာကြီးအတွင်းက ထွက်သွားကြသော မြင်းခွာသံများကို ကြားကြ ရသည်။ ဒေါ်တာရာတို့ ရှိရာထောင့်မှ ပဆစ်ပစ်သံသည် မြင်းခွာသံများနှင့်အတူ တိတ်ဆိတ်သွားသည်။ ထိုအချိန်အထိ မည်သူမျှ မလှုပ်ဝံ့ကြသေး။

မီးခိုးများတလူလူ ဝေ့ဝိုက်၍ ဝင်နေသော အိမ်ပျက်ကြီး၏ အောက်၌ မိန်းမ များ၊ ကလေးများတို့သည် စိုးရွံ့ထိတ်လန့်သော မျက်နှာတို့ဖြင့် ရင်ထဲမှ ရှိုက်ငင်ကြ ရင်း တိတ်ဆိတ်နေကြသည်။ မီးလောင်သဖြင့် ဖြောင်းဖြောင်းမြည်သော အသံတို့ သာလျှင် ပတ်ဝန်းကျင်တစ်ခုလုံးကို စိုးမိုးမင်းမူနေသည်။

ပြည်တွင်း စစ်ကြီး၏ မနှစ်မြို့ဖွယ်ရာသော အနိဋ္ဌာရုံ မြင်ကွင်းသည် ပီပီ ပြင်ပြင် ပေါ်ထွက်လာခဲ့သည်။ စံပယ်သည် ပင့်သက်ကို ဖယ်ထုတ်လိုက်၏။

'မီးဖွဲ့ကျနီရေတွက်နန့် (ကျနေတော့) အေအိမ်မကြီးဘက်ကို ကူးမယ် မဟုတ်ပါဘူး၊ မြသန္တာနဲ့ အမေ မေတ္တာ စံပယ့်လို စံပယ့် အခန်း ပို့ပေးပါလား'



အပေါ်ထပ်တွင် အချို့အကာအရံများ ဟင်းလင်း ဖြစ်နေသောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံးကို မြင်နေရသည်။ မီးခိုးများသည် စံပယ်ရို့ ရှိရာသို့ ဝေ့ယမ်း ရိုက်ခတ်လာ၏။

ပျက်စီး ပြန့်ကျဲနေသော အရာများ၊ မီးတောက်လောင်နေသော အဆောက် အအုံများ၊ လှုပ်ရှားသော ရင်ဖြင့် သားငယ် ငိုရှိုက်နေသော အမျိုးသမီးများ၊ ပြူးတိ ပြူးကြောင်ဖြင့် ထိတ်လန့် ကြောက်ရွံ့နေသော ကလေးများ ...

စံပယ်သည် အဝေးသို့ ငေးမျှော်ရင်း ချစ်သူ အစ်ကိုဗူဝံ၏ မျက်နှာကို မြင် ယောင်လာသည်။ တစ်စုံတစ်ခုကိုလည်း ဆုံးဖြတ်ချက်ချလိုက်သည်။ အားနွဲ့သူ တစ်ဦး၏ ဆုံးဖြတ်ချက်။

'မြသန္တာရယ် ... ငါ့အခန်းကို မြန်မြန် ရောက်အောင် ပို့ပေးပါတော့'

*

## စာရေးသူ၏ အမှာ

စံပယ်တို့ခေတ်သည် ရခိုင် အမျိုးသားတို့၏ ပုံပြင် ရာဇဝင် ဖြစ်သည့် အတိုင်း ရခိုင် အသုံးအနှုန်း အငွေ့အသက်တို့ ပါဝင်အောင် ရေးဖော်ပြမိရာ စာဖတ် ပရိသတ် အများစုတို့က မသိသော စကားလုံးတွေကို သိအောင် စဉ်းစားရ၊ တွေးကြံ ရသဖြင့် ခံစားမှုအရသာ ပျက်ပြယ်ရပါသည်ဟု ပြောလာကြ၊ အကြောင်းကြားကြ သည်။

တစ်ပြည်ထောင်တည်းသော တိုင်းရင်းသားချင်း၏ အသုံးအနှုန်းကို သိလာ အောင် တွေးကြံကြရခြင်းသည် တိုးတက်မှုကို ဖြစ်စေခြင်း မှန်သော်လည်း အသိပညာ တိုးတက်ရန် စာပေသက်သက် မဟုတ်ဘဲ ခံစားမှုကို ဦးတည် ရေးသားသည့် စာပေ ဖြစ်သောကြောင့် ခံစားမှုကို ဦးစားပေးခြင်းသာလျှင် အမှန်တရား ဖြစ်ပါလိမ့် မည်။

ထို့ကြောင့် လေးစားဖွယ်သော စာဖတ်ပရိသတ်၏ မှန်ကန်သော ဆန္ဒအတိုင်း ဤ 'ရင့်ကျက်သော စံပယ်' တွင် ရခိုင် အမျိုးသားတို့၏ ပတ်ဝန်းကျင်နှင့် အငွေ့ အသက်ကို ပါသည်ရုံမျှသာ ထည့်သွင်း၍ စာဖတ်သူတို့ သိလွယ်သည့် စကားလုံး ဖြင့်သာ ရေးဖော်ပြမည် ဖြစ်ကြောင်း ကျိုးနွံစွာ အစီရင်ပါသည်။

ရန်ကုန် ဘဆွေ

(၁၉)

စစ်တပ် တစ်တပ် ဆုတ်ခွာသွားသဖြင့် ကျန်ရစ်ခဲ့ရသည့် မြင်ကွင်းသည် ကြေကွဲ ဝမ်းနည်းစရာနှင့် သတိ သံဝေဂရစရာ အသွင်ကို ဆောင်နေသည်။

ရွာလုံးကျွတ် မီးလောင်ခြင်း ခံလိုက်ရပြီးသော ရှုခင်းကဲ့သို့ ရှစ်ရပ်ခွင်တွင် မီးခိုးငွေ့ တလူလူဖြင့် တိတ်ဆိတ် ခြောက်သွေ့နေသည်။ နေရာ အနှံ့အပြားတွင် မီးလောင် တိုင်ငုတ်များနှင့် မီးလောင်ခံရသည့် သစ်ပင်တို့သာလျှင် ပြာပုံထဲ၌ မိုးမိုး မည်းမည်း ရှိနေကြသည်။

သက်မဲ့ဖြစ်သော သစ်ပင် လယ်ယာ ရှုခင်းတို့သည် အနိုပ်စက်ခံလိုက်ရသော သက်ရှိသတ္တဝါကဲ့သို့ စုတ်ပြတ် ပေကျံနေသည်။ အင်အားကြီးသော ခွေးကြီးတို့က ရွှံ့ရေထဲတွင် လိမ့်၍ လိမ့်၍ ကိုက်ထားသဖြင့် ခေါင်းမဖော်သာအောင် လူးလိမ့် ခံလိုက်ရရှာသော ခွေးစုတ်ဖွားကလေးသည် ထိုခွေးကြီးတို့ ထွက်သွားကြသော အခါ စွတ်စိုပေကျံနေသည့် အမွေး ကျိုးကျဲဖြင့် စုတ်တိစုတ်ဖတ် ကျန်ရစ်ရှာ သကဲ့သို့ ဤပြည်တွင်းစစ်ကြီးအတွင်း၌ စစ်တပ်တစ်ခု ချရပ်တပ်စွဲ၍ ထွက်သွားသော အခါ သက်မဲ့နယ်မြေ တစ်ခုလုံးပါ စုတ်တိစုတ်ဖတ် ကျန်ရစ်ခဲ့ရသည်။

စိုးရွံ့ ထိတ်ထိတ်ဖြင့် တစ်ညလုံး မအိပ်ဝံ့ဘဲ မိုးစင်စင် လင်းခဲ့ကြရသော အမျိုးသမီးတို့သည် လင်းသာဂေဟာကြီး၏ အောက်ထပ်ရှိ မပျက်စီးသေးသော ထမင်းစားခန်းထဲ၌ အလိုလို စုရုံးမိနေကြသည်။

သူတို့သည် ဖြူရော် သွေးဆုတ်သော မျက်နှာ ထိတ်လန့် ဝန်းဝိုင်းသော မျက်လုံးတို့ဖြင့် အချင်းချင်း စကားမပြောနိုင်ဘဲ ပြတင်းပေါက် ရှိရာဆီသို့ ကြည့်နေ ကြသည်။

နံနက်စောစောစီးစီး ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံနှင့်အတူ မီးလောင်၍ ဖြိုးဖြိုးဖြောင်းဖြောင်း မြည်နေကြသည့် အသံတို့ကို နား၌ ကြားနေကြရရင်း ဟိုမှ သည်မှ တောက်လောင်နေသော မီးရောင်တို့သည် နံနက် ရောင်ခြည်ဦးနှင့် ပေါင်းစပ်ကာ ကောင်းကင်တစ်ခုလုံး နီလျက် မည်းညစ်ညစ် မီးခိုးများ ပျံ့လွင့်နေသည်ကို တွေ့ကြရသည်။

ထိုစဉ် အဝေးဆီမှ အုန်းအုန်းကျွက်ကျွက် ရှိနေကြသော လူစုလူဝေးတို့၏ အသံကို ခပ်သဲ့သဲ့ ကြားလာရသည်။ အမျိုးသမီးတို့သည် ခလုတ်ကို နှိပ်သဖြင့် လှုပ်လိုက်ကြသကဲ့သို့ တစ်ယောက်မျက်နှာ တစ်ယောက် တစ်ပြိုင်နက် ကြည့်လိုက်ကြသည်။ သူတို့၏ မျက်လုံးများသည် ကြောက်ရွံ့မှုဖြင့် ပြူးဝိုင်းနေသည်။ သူတို့၏ မျက်နှာသည် ခိုကိုးရာမဲ့နေသည်။ သူတို့၏ နှုတ်ခမ်းကလေးများသည် စကားတစ်လုံးမှ မထွက်ဘဲ တုန်နေသည်။ နှုတ်ခမ်းသာလျှင် တုန်သည်မဟုတ် တစ်ကိုယ်လုံး အသားအသွေးတို့ပါ တဆတ်ဆတ် တုန်နေကြခြင်း ဖြစ်သည်။

အဝေးမှ ဒုန်းစိုင်းလာသော မြင်းသံများနှင့် လှည်းသံများကို သိသိသာသာ ကြားလာရသည်။ ဝတ်မှုန်နှင့် ဝတ်ရည်တို့သည် တစ်ယောက်ကို တစ်ယောက် ဆုပ်ကိုင်ထားကြရာမှ ထိတ်ထိတ်လန့်လန့် အသံပြုလိုက်ကြသည်။

'ဟော … သူရို့ လာနေကြပြီ'

'ဇာ သူရို့ လာနေကြသာလဲ'

အားလုံးက အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ ဒေါ်မေတ္တာ တွန်းယူလာသော ကုလားထိုင်ပေါ်ရှိ စံပယ်ကို တွေ့လိုက်ကြရသည်။ စံပယ်၏ မျက်လုံးများသည် အများကဲ့သို့ပင် ညက အိပ်ရေးပျက်ထားဟန် ရှိသည်။ သို့သော် စံပယ်၏ မျက်နှာမှာ တည်ငြိမ် ရင့်ကျက်လှသည်။ အခန်းတွင်း၌ ရှိနေကြသော အမျိုးသမီးတို့သည် စံပယ့်မျက်နှာကို မြင်လိုက်ရသည်နှင့် စိုးရွံ့ တထိတ်ထိတ် ဖြစ်နေကြရခြင်းမှ အလိုလို သက်သာအား ရှိလာကြသည်။ ဝတ်မှုန်သည် စံပယ့်ကို အားကိုးတကြီး ကြည့်လိုက်သည်။

'ဇာ လူတွေလည်း မသိ၊ အေနေရာကို လာနေကြဗျာယ်၊ ထွီး'

'အေ အချိန်မျိုးမှာ အေလိုပဲ လာကြမှာပ၊ ဘဇောင်မှ ဝတ်နိုင်ဘူး၊ ဇာလူလာလာ၊ လာတဲ့လူကို ရဲရဲ ရင်ဆိုင်ပီးဖို့ရ'

စံပယ်၏ စကားမှမဆုံးမီ မြင်းခွာသံများ အိမ်ဝင်းကြီးထဲသို့ တက်လာကြသည်။ အထိတ်တလန့် ကြည့်လိုက်ကြသော သွေးဆုတ်နေသည့် အမျိုးသမီးတို့၏ မျက်နှာ၌ သွေးများ ဖျန်းခနဲ တက်လာကြသည်။ ကြောက်စိတ်ဖြင့် စုနေသော



နှုတ်ခမ်းကလေးတို့လည်း မသိမသာ ပြန့်ကားလာကြသည်။ သူတို့သည် မြင်းပေါ်က လူများ၏ ဝတ်စုံကို မြင်သိလိုက်ကြခြင်း ဖြစ်သည်။ ထိုဝတ်စုံသည် ဤလင်းသာ ဂေဟာကြီးမှ ရေသာယာ၏ ခင်ပွန်း လင်းသာမောင်မောင်နှင့် စံပယ်၏ ချစ်ဦးသူ ဗိုလ်မှူးရူဝံတို့၏ ဘက်တော်သားများ ဝတ်စုံ …

အကြီးအကဲ ဖြစ်သူသည် တစ်ခဏချင်းအတွင်း ခရေသာယာနှင့် စံပယ်တို့ ရှေ့သို့ ရောက်လာသည်။ ထိုသူ ပြောပြချက်အရ လင်းသာ ဂေဟာကြီးမှ ဆုတ်ခွာသွားသော သားတော်ကြီး စောရန္တမိတ်၏ ဘက်တော်သား တပ်မှူး မြို့စားပျံချီကြီး၏ တပ်သား ငါးရာခန့်သည် ပြေးပေါက် မရတော့ဘဲ သားတော်ငယ် ယမင်းရဲ၏ တပ်များတွင် လက်နက် ချလိုက်ကြရသည် ဆိုသည်။

သို့ရာတွင် ဝိုင်းဝန်း ပိတ်ဆို့ထားသည့် တပ်ဗိုလ် အချို့၏ ပျော့ညံ့မှုကြောင့် မြို့စားပျံချီကြီး၏ တပ်သား သုံးလေးရာခန့် လွတ်မြောက်သွားခဲ့ကြသေးသည်။ ယင်းသို့ ပျံကြီးနှင့်အတူ ရန်သူ သုံးလေးရာခန့် လွတ်ထွက်သွားသည့်အတွက် ဤစစ်ဆင်ရေးကြီးကို စီစဉ်ဦးစီးခဲ့သော ဗိုလ်မှူးရူဝံသည် ဆွေ့ဆွေ့ခုန်အောင် ဒေါသပုန်ထလျက် ရှိရာမှ လွတ်မြောက်သွားသူများ နောက်သို့ တပ်တစ်ခုဖြင့် လိုက်ပါသွားသည်။

ဗိုလ်မှူးရူဝံ၏ မှာကြားသွားချက်အရ တာဝန်ဖြင့် ကျန်ရစ်ခဲ့သော တပ်မှူးတစ်ဦးက ဤလင်းသာဂေဟာသို့ အချိန်မီ ရိက္ခာများ ပို့ပေးရမည် ဆိုသောကြောင့် ယခု မြင်းတပ်စု တစ်စုနှင့် ရိက္ခာ လှည်းငါးစီးကို ယူလာပါသည်ဟုပြောသည်။

'ယင်းပိုင်ဆိုကေ ဗိုလ်မှူးရူဝံ မသေဘူးပ'

အရေးတကြီး ဖွတ်မေးလိုက်သော စံပယ်၏ မျက်နှာကို ပြောပြနေသူက ပြူးတူးပြဲတဲ ကြည့်လိုက်၏။ စံပယ်က ပျံချီကြီး၏ တပ်သားများပြောသံကို ကြားရကြောင်း၊ အရက်မူးမူးနှင့် တပ်ဦးမှာ လှံပျံထိ၍ ကျသွားသည်ဟု ပြောနေကြကြောင်းကို ရှင်းလင်းပြောပြ၏။

ရိက္ခာတွေ လာပို့သော တာဝန်ခံ မြင်းတပ်မှူး၏ မျက်နှာ၌ တုန်လှုပ်ချောက်ချားမှုတွေ ပေါ်လာ၏။ ထိုသတင်းကို မကြားရသေးဟု ပြော၏။ ဗိုလ်မှူးရူဝံသည် အလွန်စိတ်တိုလျက် အရက်တွေ အလွန်အကျွံ သောက်သည် ဆိုသည်မှာလည်း မှန်သည်။ လွတ်ထွက်သွားသော ရန်သူတို့၏ နောက်ကို တပ်နှင့် လိုက်သွားသည် ဆိုသည်မှာလည်း မှန်သည်။ ထိုသို့ လိုက်ရာ၌ တပ်ဦးက ချီတက်သွားသည် ဆိုသည်မှာလည်း မှန်သည်။ သို့သော် ထိုသို့ ချီတက် ထွက်ခွာသွားပြီးသည့်နောက် မိမိတို့တပ်မှ ဗိုလ်မှူးရူဝံတို့၏ အကြောင်းကို ဘာသတင်းမျှ နောက်ထပ် မရသေးဟု ဆို၏။

စံပယ်သည် ထိုနေ့တစ်နေ့လုံး စိတ်ထဲတွင် မတင်မကျနှင့် ရှိနေရသည်။ ရန်သူစစ်သားများ ပြောသွားကြသည့်စကားသည် မဟုတ်ပါစေနှင့်၊ ဗိုလ်မှူးရူဝံ မကျပါစေနှင့်ဟုလည်း ဝမ်းထဲမှ အထပ်ထပ် ဆုတောင်းမိသည်။

ရန်သူ တပ်သားတွေ ပြောနေကြတာလည်း ဖြစ်တော့ ဖြစ်နိုင်တယ်ဟု တွေးမိလိုက်တိုင်း ရင်ထဲ၌ ဟာသွားရသည်။ ချက်ချင်းပင် မဟုတ်ဘူး၊ မဟုတ်နိုင်ဘူး ဗိုလ်မှူးရူဝံ မသေနိုင်ဘူးဟု မိမိဘာသာ အားတင်းသည်။ သို့သော် စံပယ်၏ မျက်နှာ၌ ထိခိုက်အားလျော့သော အရိပ်အယောင်များ သန်းနေသည်။ မျက်လုံးတွင် မျက်ရည်များလည်း ရစ်နေသည်။

စံပယ်သည် မိမိ ထိုသို့ဖြစ်နေရခြင်းကို အတင်းဖုံးဖိ ဖျောက်ဖျက်သည့် အနေဖြင့် မေးမေခရေနှင့်အတူ ရောက်လာသည့် ရိက္ခာများကို ကူညီ နေရာချခြင်း၊ အိမ်ကြီး၏ နောက်ဘက်ရှိ အခိုင်းအစေတို့အား ဝေခြမ်းပေးခြင်း၊ သိမ်းဆည်း သိုဝှက်ရန်စေခိုင်းခြင်း စသည်တို့ကို ဝိုင်းဝန်း ပြုလုပ်၏။ အတော်ကြီး မောပန်း လျက် စောစောက စိတ်လှုပ်ရှားမှုများ မေ့ပျောက် သက်သာသွားမှ ဒေါ်မေတ္တာ၏ အကူအညီဖြင့် မိမိ အိပ်ခန်းသို့ ပြန်လာ၏။

အိပ်ခန်းသို့ ရောက်သည်နှင့် ဟသ်ာကို သတိရလာပြန်သည်။ မိမိသည် ဟသ်ာ ပုန်းခိုနေသည့်အပေါက်ကို တစ်ညလုံး ဖွင့်ရန်ကြိုးစား၏။ ဟသ်ာ ထွက်လာပါရန် အချက်ပေး၏။ ဟသ်ာကားထွက်မလာ။ ဟသ်ာသည် အလွန်ကြောက်တတ်သည့် ကလေးဖြစ်ရာ ကြောက်ကြောက်ဖြင့် တာရှည်နေရင်း အသက်ရှုကျပ်ကာ သတိလစ်မေ့မြောသွားမည်ဟု စိုးရိမ်ရ၏။ ထိုသို့ သတိလစ် မေ့မြောသွားပါက ဝင်ရောက်ထုတ်ယူမည့်သူ မရှိက ဖခင်နောက်သို့ လိုက်ပါရပေလိမ့်ဦးမည်။

'အို သူ့အဖေလည်း မသေပါဘူး၊ သူလည်း မသေစေရပါဘူး'

မိမိဘာသာမိမိ တစ်ယောက်တည်း တွေးရင်း စံပယ်သည် 'ဒေါ်မေတ္တာ ဒေါ်မေတ္တာ'ဟု အရေးတကြီး အော်လိုက်၏။ ဒေါ်မေတ္တာက ထိတ်လန့်တကြား အပြေးအလွှား ရောက်လာ၏။

'ကျွန်မကို မြန်မြန် အောက်ထပ် ပြန်ချပေးပြီး ဟိုဘက်က မျှော်စင်ဆီကို တွန်းပို့ပေးစမ်းပါ'

ဒေါ်မေတ္တာက မေးကို ဆတ်ခနဲ ပင့်လိုက်ရင်း စိတ်တိုစွာ မျက်စောင်းထိုး လိုက်သည်။

'အခုပဲ ဒီအပေါ် ပို့ပေးပါဆိုလို့ ပို့ပေးရတယ်၊ အခုပဲ အောက်ပြန်ဆင်းချင် ပြန်ပြီလား၊ ကျုပ် မပို့နိုင်သေးဘူးတော့၊ မနက် မိုးလင်းကတည်းက အပေါ့တောင်



မသွားရသေးဘူး၊ ဝမ်းထဲလည်း ဇာမှ မသွင်းရသေးဘူး၊ လူလည်း ဖတ်ဖတ်မောနေပြီ၊ အပေါ့ကလေးတော့ ပြေးပြီး သွားလိုက်ပါရစေဦး၊ ကျုပ် ထဘီထဲမှာ ပေါက်ချလုနေ ပြီတော့'

ထိုစဉ် ချောက်ခနဲ အသံမြည်လာသည်။ ဒေါ်မေတ္တာရော စံပယ်ပါ အသံ လာရာဆီသို့ လှည့်ကြည့်မိကြ၏။ ဟသ်ာ ထွက်လာနေကျ အပေါက်မှ လူတစ် ယောက် ပေါ်လာလေသည်။ လင်းသာမောင်မောင် ဖြစ်၏။ သူ့လက်ထဲတွင် သတိမေ့ နေသော ကလေးငယ် တစ်ယောက်ကို ပွေ့ချီလာသည်။ ထိုကလေးငယ်က ဟသ်ာ။

စံပယ်သည် စိုးရိမ်စွာဖြင့် လင်းသာမောင်မောင် ရှိရာသို့ ရောက်သွား၏။ ကုလားထိုင်ဘီးကို ဤမျှ မြန်မြန်ဆန်ဆန် တွန်းသွားခြင်းကို ဒေါ်မေတ္တာသည် ဤတစ်ကြိမ်သာ တွေ့ဖူးသဖြင့် ရှေ့သို့ အရှိန်လွန်သွားမည် စိုးသောကြောင့် စိုးရိမ် စိတ်ဖြင့် ပြေးလိုက်လာမိ၏။ စံပယ်က ဒေါ်မေတ္တာ၏ အဖြစ်ကို မသိ။

'ခဲအိုကြီး ဟသ်ာ ဇာကို ဖြစ်လာလဲ၊ သူ မသေဘူး မဟုတ်လား'

လင်းသာမောင်မောင်က ခေါင်းယမ်းပြလိုက်သည်။ ရှေ့ဦး ချီတပ်များနှင့် အတူ လိုက်ပါလာခဲ့သော လင်းသာမောင်မောင်သည် မီးလောင်ပျက်စီးနေသည့် လေသာဆောင် ရှိရာသို့ လျှို့ဝှက် အံဖုံးတံခါးမှ ဥမင်လမ်းအတိုင်း ဝင်ရောက်လာရာ လဲကျ သတိလစ်နေသော ဟသ်ာကို တွေ့သဖြင့် အသက်ရှိမရှိ စမ်းသပ် ကြည့်ရှုပြီးမှ မသေသေးကြောင်းကို သိရ၍ ကမန်းကတန်း ပွေ့ယူလျက် စံပယ်ရှိရာ အခန်းသို့ ရောက်လာခြင်း ဖြစ်သည်။ အခန်းထဲသို့ ရောက်ကြသည်နှင့် စံပယ်နှင့်တကွ တစ်အိမ် သားလုံးက ဝိုင်းဝန်း ပြုစုကြသောကြောင့် ဟသ်ာ သတိပြန်လည်လာခဲ့သည်။ စံပယ်ကမူ ဟသ်ာ အနီးမှ မခွာ။

ဤဗိုလ်မှူးရူဝံ၏သား ဟသ်ာကလေးအတွက် ဤလင်းဂေဟာကြီး တစ်ခုလုံး အမိုးနှင့် နံရံသာ ကျန်တော့သည်အထိ အဖျက်ဆီး ခံခဲ့ရခြင်း ဖြစ်သည်။ ထိုသို့ အဖျက်အဆီးခံ၍ အကာအကွယ် ပြုပေးနေသူသည် စံပယ်ပင် ဖြစ်သည်။ စံပယ် သည် မိမိချစ်ဦးသူ ဗိုလ်မှူးရူဝံ တခြား မိန်းမတစ်ယောက်နှင့် ရ၍ မွေးထားသည့် သားတစ်ယောက်ကို ဘာကြောင့် ဤမျှလောက် စောင့်ရှောက် အကာအကွယ် ပေးမိနေခြင်းကို မိမိကိုယ်တိုင် တွေးတော မရနိုင်အောင် ဖြစ်နေရသည်။ ထို့ပြင် ဗိုလ်မှူးရူဝံသည် ထိုသားကိုလည်း ချစ်မြတ်နိုးသည် မဟုတ်။ လူကြမ်း လူရက်စက် ကြီးဖြစ်သော ဗိုလ်မှူးရူဝံသည် မိမိတို့ မျိုးရိုးကို စောင့်ထိန်းသည့် အနေဖြင့်သာ ထိုသားကို ဝတ်ကျေတန်းကျေ တာဝန်ယူခဲ့သည်။ ဤသည်ကို စံပယ်က ဤအိမ် ကြီး တစ်ခုလုံး အမိုးနှင့်နံရံသာ ကျန်ခဲ့သည်အထိ အဖျက်အဆီးခံလျက် အကာ

အကွယ် ပေးခဲ့သည်။ ထိုသို့ ကာကွယ် ဖုံးဖိထားခဲ့ရသော ကလေးသည် ယခု ကံကောင်းထောက်မသဖြင့် အသက်နှင့် ကိုယ်နှင့် မြဲလျက် ကျန်ရှိနေသေးသော အခါ စံပယ်သည် ကလေးအနီးမှ မခွာဘဲ အရိပ်တကြည့်ကြည့်ဖြင့် ဆက်လက် ပြုစုနေခဲ့သည်။

ရန်သူ့တပ်သားများ လင်းသာနယ်မြေမှ ဆုတ်ခွာသွားကြပြီးနောက် သား တော်ကလေး ဘယမင်းရဲ၏ တပ်သားများ ရောက်ရှိလာကြကာ နှစ်ရက်မျှ ကြာ သည့်အချိန်၌ စံပယ်တို့ရှိသော လင်းသောဂေဟာ ခြံဝင်းကြီးအတွင်းမှ ရထားပေါင်း **ချုပ်ကြီးတစ်စီး ထွက်ခွာသွားခဲ့သည်။**

စံပယ်သည် ဤအိမ်ကြီးကို အဖျက်ဆီးခံရအောင် ပြုလုပ်မိခြင်းကြောင့် အလွန် စိတ်မချမ်းမသာ ဖြစ်လျက် ခဲအိုကြီး လင်းသာမောင်မောင်နှင့် မျက်နှာချင်း မဆိုင်ရဲခြင်း၊ ဗိုလ်မှူးရူဝံ၏ သတင်းကို သတိလစ်၍ တစ်စုံတစ်ယောက်တို့အား မေးမြန်းမိပါက ခဲအိုးကြီး ကြားသိသွားမည်ကို ရှက်ကြောက်၍ စိုးရိမ်ခြင်း၊ အလွန် အားနည်း စိတ်အားငယ်နေသော ဟသာ်အနားက မခွာလိုခြင်းတို့ကြောင့် သို့အိမ် ကြီးထဲတွင် ဘယ်သူဘယ်သွား၍ ဘာတွေ ဖြစ်နေသည်ကို မသိလိုက်ဘဲ ရှိခဲ့သည်။

ထို့ပြင် ဟသာ်ကို ဖျောင်းဖျနေရသည်ကလည်း မအားလပ်နိုင်အောင် ရှိနေ ရသည်။ ဟသာ်သည် ၎င်း၏ ဖခင်တို့ဘက်က စစ်ရေးသာခြင်းအတွက် ကျေနပ် အားရသော်လည်း ၎င်း၏ဖခင် အသက်ရှင်၍ မိမိတို့ရှိရာသို့ ရောက်လာမည်ကို အလွန် စိုးရိမ်နေခဲ့သည်။ ထိုသို့ တွေ့ဆုံရသည်ထက် မိမိ သေဆုံးနေရခြင်းက ပို၍ ကောင်းမည်ဟု တမ်းတနေခဲ့သည်။ မိမိ မသေက 'ဘဘတို့ဘက်က စစ်နိုင်ချင် နိုင်ပါစေ ဘာဘာတိုက်ပွဲမှာ ကျနေတာပဲ ကောင်းတယ်' ဟု ဆုတောင်း နေသေးသည်။

စံပယ်သည် မိမိနှင့် ဆန့်ကျင်တောင့်တလျက်ရှိသော ကလေးငယ်ကို တရား ပြရ ချော့မော့ရ အားပေးနေရသောကြောင့် အခြား မည်သည့်ကိစ္စကိုမျှ မပြုအား...

ဟသာ်သည် စံပယ်၏ အားပေးဆုံးမမှုကြောင့် မျက်နှာကလေး ရွှင်ပျလျက် လင်းသာအိမ်ကြီးအတွင်း ဟိုဟိုသည်သည် လှည့်ပတ် သွားလိုစိတ် ပေါ်လာသည်။ စံပယ် ကိုယ်တိုင်ကလည်း ဟသာ် စိတ်လက်ပေါ့ပါး မေ့မေ့ပျောက်ပျောက် ရှိစေရန် ထိုသို့ သွားဖို့ တိုက်တွန်းခဲ့သည်။

ဟသာ် ထွက်သွားသောအခါ စံပယ်သည် ကျေနပ် ကြည်နူးစွာ ကျန်ရစ်ခဲ့ ရာမှ စိတ်မောလူမောဖြင့် အိပ်ပျော်သွားခဲ့သည်။ စိတ်ပင်ပန်း လူပင်ပန်းဖြင့် ရက်ဆက် ရက်ဆက် အိပ်ပျက်နေခဲ့သော စံပယ်သည် ညနေစာ စားချိန်မှ နိုးခဲ့သည်။



ညနေစာ လာပို့ရာမှ အိပ်နေသည့် စံပယ်ကို တွေ့၍ တိတ်တိတ်ဆိတ်ဆိတ် ပြန်ထွက်သွားမည် ပြုနေသော ဒေါ်မေတ္တာသည် ထမင်းဗန်းကို ကိုင်လျက် ပြန်ဝင် လာသည်။

'အမိမေတ္တာ ဟသာ် တစ်ယောက်ကော'

'မျက်စိများ ဖွင့်ပါဦးတော်၊ ညည်းရဲ့ ဟသာ် အောက်ထပ်မှာ ရှိနေပါတယ်'

ဒေါ်မေတ္တာက ခပ်စူစူအောင့်အောင့် မျက်စောင်း တစ်ချက်ထိုးပြီး ထမင်း ဗန်းကို ချလိုက်သည်။ ထို့နောက် မျက်နှာသစ်ရန် စသည်တို့ကို ပြုလုပ်ပေးပြီးနောက် ထမင်းပွဲ လာချပေးသည်။ ပြီးလျှင် ထုံးစံအတိုင်း ဒေါ်မေတ္တာ၏ နှုတ်မှ သတင်း မျိုးစုံတို့ ထွက်လာတော့သည်။

'နေတောက်တုံး စက် နှစ်ချက်တီးလောက်က ဒီအိမ်က ရထားပေါင်းချုပ် ကြီးနဲ့ ထွက်သွားတာ ဘယ်သူလဲ သိရဲ့လား၊ မမတာရာနဲ့ သမီး နှစ်ယောက်တို့ လေ'

'အို ဒါလောက် စစ်ရေးအခြေအနေတွေ ရှုပ်ထွေးနေတဲ့ အချိန်မှာ သူတို့ သားအမိ သုံးယောက်တည်း ထွက်သွားတာ အန္တရာယ်မများဘူးလား၊ ဘယ်သူကမှ မတားလိုက်ကြဘူးလား၊ ကိုယ့်အပေါ်မှာ မကောင်းပေမယ့် ကိုယ်က ကောင်းရတယ်၊ ဘယ်လူ တရားပျက်ပျက် လူကောင်းသူကောင်းဆိုတာ ကိုယ့်ဘက်က တရားမပျက် ရဘူး'

ဒေါ်မေတ္တာက မျက်နှာကြီးကို ရစ်ဝဲရစ်ဝဲ လှုပ်ယမ်းရင်း စံပယ်၏ စကား မဆုံးမချင်း နှုတ်ခမ်းကြီး စူလျက် မျက်စောင်း အကြိမ်ကြိမ် ထိုးနေခဲ့သည်။

'ယောင်းမအတွက် တော်တော် စိတ်ပူနေသလား၊ စိတ်မပူပါနဲ့တော်၊ ညည်း ယောင်းမ မမတာရာမှာ စောင့်စောင့်ရှောက်ရှောက် လိုက်ပို့မယ့် လူတွေ အသင့် ရှိနေပါသတော်၊ ဒီက လင်းသာမောင်မောင်နဲ့ ပါလာတဲ့ သူကြွယ်ကြီး ကုန်သည် ဦးဘောဂ ဆိုတာက လိုက်ပို့ပေးပါသတော့်၊ အဲဒီ ဦးဘောဂဆိုတဲ့ သူကြွယ်ကြီးဟာ နာမည်က အသက်ကြီးနေပေမယ့် လူကတော့ ညည်းယောင်းမ မမတာရာထက် အသက် နှစ်ဆယ်လောက် ငယ်သတော့်'

ဒေါ်မေတ္တာက နှုတ်ခမ်းတလံ ပါးတလံဖြင့် အားရပါးရ ပြောသည်။ စံပယ်၏ မမတာရာ၏ ပြုမူပုံကို နား၌ ကြားရသည်ကိုပင် စက်ဆုပ် ရွံရှာနေမိသည်။ သို့သော် မည်သည့် အခြေအနေသို့ ရောက်နေသည်ဖြစ်စေ၊ ၎င်း၏ဘက်မှ အသာရရန် ပြုလုပ်နိုင်စွမ်းသော သတ္တိကိုမူ အံ့သြမိပြီးနိုင်အောင် ဖြစ်မိသည်။

ဦးဘောဂ ဆိုသူသည် လင်းသာမောင်မောင်တို့နှင့်အတူ သားတော်ကလေး ဘယမင်းရဲအတွက် ငွေရေးလူပါ ထောက်ခံ အားပေးနေသူ ဖြစ်သည်။ ထို့ကြောင့် သားတော်ကလေးဘက်တွင် သြဇာအာဏာရှိ၍ အရေးရောက်သော နာမည်ကြီး တစ်ယောက် ဖြစ်သည်။ မမတာရာသည် ရန်သူဘက်မှ အရေးသာနေစဉ် ရန်သူ တပ်မှူး မြို့စားကြီး ပုံချီနှင့် တစ်အိပ်ရာတည်း အိပ်သည်အထိ ပူးပေါင်းခဲ့ပြီး…

သားတော်ကလေး ဘယမင်းရဲ၏ ဘက်တော်သားများက လင်းသာ နယ်မြေကို ပြန်လည် သိမ်းပိုက်လာသော အချိန်၌ သားတော်ကလေး၏ ဘက်တော်သား ကုန်သည် သူကြွယ်ကြီး ဦးဘောဂနှင့် တစ်အိပ်ရာတည်း အိပ်နိုင်ရန် တစ်မနက် အတွင်း ကြိုးစားလိုက်နိုင်ပုံမှာ တကယ် အံ့သြ လက်ဖျားခါလောက်သည်ဟု စံပယ်က တွေးသည်။ စံပယ်သည် ဟင်းဖတ်တစ်ဖက်ကို ပါးစပ်ထဲသို့ ထည့်လိုက်ရင်း ဒေါ်မေတ္တာကို ကြည့်သည်။

'မမတာရာနဲ့ ဟင်္သာနဲ့ကော တွေ့သွားကြသေးသလား'

'တွေ့သွားတာပေါ့၊ မမတာရာက မနက်စာကို နေမြင့်ခဲ့ပြီး စားနေတုန်း ဟင်္သာက သွားပြီးတွေ့တာ'

တခြား နေရာတွေတွင် ကြောက်ဆုတ် ကြောက်ဆုတ် ရှိတတ်သလောက် ဤအပြုအမူ၌ ရဲတင်းလွန်းလှသည်။ ဟင်္သာသည် သူ့အဖကို မုန်းသော်လည်း သူ့အဖ၏ သွေးကို မုန်းဟန် မတူဟု စံပယ်က မှတ်ချက်ပြုလိုက်သည်။

'တွေ့တော့ မမတာရာက ဘာပြောလဲ'

'မမတာရာက ဟင်္သာ မျက်နှာကို စူးစူးစိုက်စိုက် အကဲခတ်ရင်း မင်းက လင်းသာမောင်မောင်တို့နဲ့ အတူ လိုက်လာခဲ့တာလားလို့ မေးတယ်၊ ဒီတော့ ဟင်္သာက ကျွန်တော် တစ်ချိန်လုံး ဒီအိမ်ကြီးထဲမှာ ရှိနေတာပဲလို့ ရယ်ကျဲကျဲနဲ့ ပြန်ပြောသတော့၊ ဒီတော့ မမတာရာဟာ အတော်ကလေးကြာအောင် အံ့အားသင့်နေပြီးမှ အင်း မင်းကို ဝှက်ထားတဲ့သူဟာ ဘယ်သူ ဖြစ်မယ်ဆိုတာ ငါသိပါတယ်၊ မင်းဟာ ငွေထည် ပစ္စည်းတွေနဲ့ အတူတူ ရှိနေတာ မဟုတ်ဘူး ဆိုရင်တော့ မတွေ့ကြတာပဲ ကောင်းပါတယ်၊ မင်းနဲ့အတူ ဘာတွေ ရှိသတုန်းတဲ့၊ ဒီတော့ ဟင်္သာက ခေါင်းခါပြတယ်၊ မမတာရာကလည်း ကောင်းတယ် ကောင်းတယ်ဆိုရင်း ခေါင်း တညိတ်ညိတ်လုပ်ပြီး သူ့ထမင်း သူ ငုံ့စားတယ်၊ နောက်တော့ ဦးဘောဂ ဆိုတဲ့ လူနဲ့ ပါးချင်းကပ်ပြီး တွတ်တွတ် တွတ်တွတ် လုပ်ရင်း တာရာဂေဟာကို ပြန်တော့မယ်၊ ဦးဘောဂက လိုက်ပို့လိမ့်မယ်လို့ ပြောတာပဲတော့်၊ ကဲ နောက်ထပ် ဘာသိချင်သေးသလဲ'



စံပယ်က ပြုံးလိုက်သည်။

'အမယ်… အမိမေတ္တာ ဘာသာ အမိမေတ္တာ ပြောတာ မဟုတ်လား၊ စံပယ်ကလည်း မမေးရပါလား၊ မမတာရာ အကြောင်းဆိုရင် အမိမေတ္တာကိုက ပြောချင်နေတာ မဟုတ်လား'

မှန်တာကို ပြောလိုက်တာလည်း ဒေါ်မေတ္တာက မျက်စောင်းထိုးမြဲ ထိုးပြန်သည်။

'အေးပါအေ… နောက်ဆိုရင်တော့ ငါက ပြောချင်နေလည်း ဘယ်တော့မှ ညည်းရဲ့ မမတာရာ အကြောင်းကို မပြောရတော့ပါဘူး၊ သူလည်း ဒီလင်းသာ ဂေဟာကို ဘယ်တော့မှ ခြေဦးလှည့်လိမ့်မယ် မဟုတ်ပါဘူး ပြီးပါပြီ'

စံပယ်က ဒေါ်မေတ္တာ၏ စကားသည် မှန်ကောင်း မှန်နိုင်လိမ့်မည်ဟု ရှေးဦးစွာ တွေးထင်လိုက်သည်။ သို့သော် မိမိတို့ အစ်ကိုကြီးဆုံး၍ အိမ်ရှိ ပစ္စည်းများကို မမတာရာ ဘယ်ယူသွားစဉ်အခါက ဒီမျက်နှာကို နောက်ထပ် ဘယ်တော့မှ တွေ့ရတော့မည် မဟုတ်ဟု မိမိ ထင်ခဲ့ဖူးသည်။ ထို့နောက် အကြိမ်ကြိမ် ထပ်၍ ရေစက်ဆုံနေရသည်တို့ကို စဉ်းစားမိသောအခါ ဒေါ်မေတ္တာ၏ ထင်မြင်ချက်သည် မှန်မှ မှန်ပါ့မလားဟု စံပယ်က တွေးပူလာသည်။ စံပယ်၏ စိတ်၌ ဒေါ်မေတ္တာ၏ တွေးထင်ချက် မှန်စေချင်သည်။ အကြောင်းမူ မမတာရာနှင့် တွေ့လိုက်ရတိုင်း စံပယ့် အဖို့ စိတ်လှုပ်ရှားမှု တစ်ခုခုနှင့် ကြုံလိုက်ရသည်ချည်း ဖြစ်သောကြောင့် ဖြစ်သည်။

'ဟုတ်ပါတယ်လေ၊ အမိ မေတ္တာ ပြောတဲ့အတိုင်းပဲ ဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်' ဟု စံပယ်က စကားကို အဆုံးသတ်လိုက်သည်။ ထို့နောက် မည်သူ့ကိုမျှ မမေးသော်လည်း ဗိုလ်မှူးရူဝံ၏ သတင်းကို ကြားရနိုးနိုးနှင့် မသိမသာ သတင်းနားထောင်သည်။ သို့သော် ဗိုလ်မှူးရူဝံနှင့် ပတ်သက်သည့် သတင်းကို တစ်လုံး တစ်ပါဒမျှ မကြားရဘဲ မိမိတို့ ဤအိမ်ကြီးမှ ပြောင်းရွှေ့ကြရတော့မည့် အကြောင်းကိုသာ သိလာရသည်။

အကြောင်းမူ ဤအိမ်ကြီးတွင် ဤလူစုအားလုံးတို့ နေနိုင်လောက်သည့် နေရာ မရှိ။ မိုးလုံလေလုံဖြစ်အောင် ပြန်၍ ပြင်ရမည်ဆိုလျှင်လည်း တစ်အိမ်လုံးကို ပြင်ရမည်ဖြစ်ရာ အခုလို ပြည်တွင်းစစ် မီးတောက်ကြီးအတွင်း၌ ငွေကြေး အခက် အခဲနှင့်တကွ အမျိုးစုံသော အခက်အခဲတို့ကြောင့် ပြင်ဆင်ရန် မဖြစ်နိုင်။ အကယ်၍ ပြင်ဆင်နိုင်သည်ထားဦး ဤပြည်တွင်းစစ်ကြီး မပြီးဆုံးမီအတွင်း နောက်တစ်ကြိမ် ထပ်၍ မပျက်စီးပါဟု မည်သူမျှ အာမ မခံနိုင်။

ထို့ကြောင့် ဤအိမ်ကြီးအတွင်း၌ စုဝေးနေကြသောသူ အားလုံးတို့သည် သင့်တော်ရာရာသို့ ခေတ္တ ခွဲနေကြပြီးနောက် ဤအိမ်ကြီးကို အတော်အသင့် ပြင်ဆင်ပြီးမှ ပြန်လည် စုရုံးနေထိုင်ကြရန် ဆုံးဖြတ်ကြသည်။ ထို့ကြောင့် စံပယ်သည် နေရာ ရွှေ့ရမည် ဖြစ်ရာ မိမိ မိဘ လက်ငုတ်လက်ရင်း ဖြစ်သော သာယာဂေဟာသည် လင်းသာဂေဟာထက်ပင် အဖျက်အဆီး ခံလိုက်ရသဖြင့် နေထိုင်၍ မဖြစ်နိုင်ဟု သိကြရသောအခါ စံပယ်တို့၏ အစ်ကိုလတ်ရှိသော သာစည်မော်သို့ စံပယ့်ကို ပို့ရန် စီစဉ်ကြသည်။

စံပယ်က အစ်ကိုလတ် ကိုသုခ၏ သာစည်ဂေဟာ၌ မနေလို၊ သာစည်ဂေဟာသည် အစ်ကိုလတ် ကိုသုခ၏ဇနီး ကွယ်လွန်သွားသူ သီရိခင်၏ အဆက်အနွယ်များနှင့် နီးစပ်သည့် အိမ်တစ်ခု ဖြစ်သည်။ ထို့ပြင် မိမိ ငြင်းဆိုထွက်ပြေးခဲ့သော သီရိခင်၏ မောင် သီရိမောင်မောင် အမည်ရှိသည့် သွားခေါ်ကြီးနှင့်လည်း တွေ့ချင် တွေ့နိုင်သည်။ ထို့ကြောင့် စံပယ်က မသွားလို။ သို့သော် ပျော်ရာမှာ မနေရဘဲ တော်သင့်ရာ၌သာ နေရမည် ဖြစ်သောကြောင့် မိမိ မသွား မနေလိုသည့် နေရာဆီသို့ ဦးတည် ထွက်ခွာလာခဲ့ရသည်။ စံပယ့်ကို လိုက်ပို့သူမှာ လင်းသာမောင်မောင် ကိုယ်တိုင် ဖြစ်သည်။

စံပယ်က တစ်လမ်းလုံး ငြိမ်သက် တွေးတောလာသည်။ လူနှင့် တောတွင်းတိရစ္ဆာန်တို့၏ ခြားနားချက်သည် …

တောတွင်း တိရစ္ဆာန်တို့က မိမိ ပြုလုပ်လိုသော အရာကို အများဆုံး ပြုလုပ်ပြီးမှ သေဆုံးရခြင်းဖြစ်၍ လူက မိမိ မပြုလုပ်လိုသော အရာကို အများဆုံး ပြုလုပ်ပြီးမှ သေဆုံးရခြင်းပင် ဖြစ်သည် …

ဟု တွေးလေသည်။ ထို့နောက် မိမိ စီးပါလာသည့် လှည်းပေါင်းချပ်ကြီးကို ရုန်းနေသော နွားနှစ်ကောင်ရှိရာသို့ မျက်စိ ရောက်သွားသည်။

သတ္တဝါတို့တွင် လူ့ထက် ကံဆိုးသော သတ္တဝါသည် လူတို့ ခိုင်းစေခြင်းကို ခံနေရသော ဤနွားသတ္တဝါတို့သာ ဖြစ်သည်ဟု တွေးမိပြန်သည်။ လူသည် မိမိ မပြုလုပ်လိုသော အလုပ်ကို ပြုလုပ်နေရခြင်းမှာ မိမိအတွက် အခြားသောဘက်က ပို၍ ကောင်းမွန်ရန်အတွက် အောင့်အည်း မျိုသိပ်၍ ပြုလုပ်နေကြရခြင်း ဖြစ်သည်။ ဤနွားကြီးတို့သည် ၎င်းတို့ မပြုလုပ်လိုကြသော အလုပ်ကို ပြုလုပ်နေကြရခြင်းမှာ ၎င်းတို့ ကောင်းဖို့အတွက် ပြုလုပ်နေကြခြင်း မဟုတ်။ ၎င်းတို့ အပေါ်မှ စီးနင်းလိုက်ပါလာကြသည့် လူတို့ ကောင်းဖို့ရန်အတွက် ပြုလုပ်ပေးနေကြရခြင်း ဖြစ်သည်။ ထိုနွားကြီးတို့သည် ထိုသို့ ပြုလုပ်မပေးပါက အရိုက်ခံကြရမည်။ အသတ်ခံကြရမည်။



သို့သော် သူတို့သည် နွားကြီးများ ဖြစ်နေကြသောကြောင့် အသက်ရှည်သမျှ မိမိတို့ မပြုလုပ်လိုသော အလုပ်ကို ပြုလုပ်ပေးနေရခြင်းထက် ထိုအလုပ်ကို မလုပ်ဘဲ ငြင်းဆန် တော်လှန်၍ အသက်သေသွားရခြင်းက ပို၍ စိတ်ချမ်းသာမှု ရှိသေး၏။ ပို၍ မွန်မြတ်သေး၏ဟု မသိရှာ။

လူသည်လည်း မိမိအတွက် လည်းကောင်း၊ မိမိကဲ့သို့သော အခြား လူသားအများစုအတွက် လည်းကောင်း အကျိုးဖြစ်ထွန်း ကောင်းမွန်စေရန် မဟုတ်ပါဘဲနှင့် မိမိအပေါ်မှ တင်စီးနေသော လူတစ်ယောက်၊ တစ်စုတစ်ဖွဲ့အတွက် မိမိမလုပ်လိုသော အလုပ်ကို ကြောက်ရွံ့၍ ပြုလုပ်နေရခြင်း ဖြစ်ပါက ဤနွားကြီးတို့နှင့် ထပ်တူထပ်မျှပင် ဖြစ်လိမ့်မည်ဟု တွေး၏။

တစ်ဆက်တည်းပင်လျှင် ဤပြည်တွင်း စစ်ပွဲကြီး အတွင်း၌ ပါဝင်နေကြသော သူတို့သည် ဗိုလ်မှူးမူဝံကဲ့သို့ ကိုယ်တိုင် စိတ်ပါ ပျော်ရွှင်၍ ဝင်ရောက်ပြုလုပ်နေကြသူတွေချည်းပဲလား။ သို့တည်းမဟုတ် အာဏာလက်နက်တို့ဖြင့် အတင်းခေါ်ယူ ခိုင်းစေသောကြောင့် ဤနွားကြီးများကဲ့သို့ အနှိပ်စက် ခံရမည်၊ အသတ်ခံရမည်ကို စိုးရွံ့သောကြောင့် မပြုလုပ်ချင်ပါဘဲနှင့် လိုက်ပါ ပြုလုပ်နေကြရသူတို့လည်း ရှိနေကြလေသေးသလား။

ထိုသို့ ရှိနေကြသည် ဆိုပါက ထိုသူတို့သည် နွားနှင့် တစ်တန်းတစ်စားတည်းသာ ဖြစ်ကြပေလိမ့်မည်။ လူပီသသော လူတို့ ဖြစ်ပါက အသက်ရှည်နေသမျှကာလပတ်လုံး မိမိတို့ မလိုလား မကြိုက် မနှစ်သော အပြုမျိုးကို စိတ်ဆင်းရဲစွာပြုမူနေရခြင်းထက် မိမိအတွက်နှင့်တကွ အများအတွက်ပါ ထိုသို့ ပြုလုပ်နေရခြင်းကို တော်လှည် တာရှည် စိတ်ဆင်းရဲနေမှုကို အသေခံခြင်းဖြင့် အဆုံးသတ်ရဲသူတို့ဖြစ်ကြပေလိမ့်မည်။ မွန်မြတ်သော လွတ်မြောက်ခြင်းမျိုးဖြင့် ဂုဏ်ရှိရှိ သိက္ခာရှိရှိလွတ်မြောက်အောင် ပြုလုပ်သွားကြပေလိမ့်မည်ဟု တွေး၏။

ထိုသို့ တွေးရင်း ဟာသ်ာကို သတိရလာပြန်သည်။ ဖခင် မူဝံက ငကြောက်ဟု ကင်ပွန်းတပ်ခြင်း ခံနေရသော ကလေးမျှသာ ရှိသေးသည့် ပျော့နွဲ့နွဲ့ လူကလေးသည် မိမိ မလိုလားသော ဖခင်နှင့် အတူနေရမည်ကို စိုးရွံ့သဖြင့် လှေပေါ်က ထွက်ပြေးခဲ့သည်။ သူသည် မိမိ မနှစ်လိုဘဲ ချမ်းသာ အသက်ရှင်နေရခြင်းထက် နှစ်ခြိုက် စိတ်ချမ်းသာစွာနေရင်း လူအဆင်းရဲခံချင်၏။ အဆုံးစွန်အဖြစ် နှစ်လိုစိတ်ချမ်းမြေ့စွာ သေလိုက်ရခြင်းကိုပင် လိုလား တောင့်တလိုက်သေးသည်။ ဟာသ်ာကား လူပီသသော လူကလေးသည်တကား။

ယခုလည်း စံပယ်သည် ဟသ်ာကို အတော်ချည်း ချော့ထားခဲ့ရသည်။ ဟသ်ာတို့ အဖေ မိုလ်မှူးဇူဝံသည် လူရမ်း လူကြမ်း လူဆိုး လူသွမ်းကြီး ဖြစ်သော်လည်း တစ်စုံတစ်ခုကို ပြုလုပ်ရာ၌မူ ကြိုတင် စီစဉ်မှုတွေ ရှိတတ်၏။ ခုလည်း လင်းသာနယ်မြေကို သိမ်းပိုက်ပြီးသည်နှင့် ဟသ်ာ၏ စာပြဆရာနှင့်အတူ မည်သည့် နေရာသို့ ပို့ပေးထားရမည်ဟု စီစဉ်သွား၏။ ထို့ကြောင့် မျက်ရည်ကလေး လည်လည်နှင့် ကျန်ရစ်သော ဟသ်ာကို စံပယ်သည် ကတိတစ်ခု ပေးခဲ့သည်။

'အကယ်လို့များ မင်းဘာသာနဲ့ နေရတဲ့အတွက် မနေလိုဘူးဆိုရင် ထွီးထွီး ရှိရာ အကြောင်းကြားလိုက်၊ ထွီးထွီး ဟသ်ာ စိတ်ချမ်းသာအောင် တစ်နည်းနည်း အကူအညီ ပေးမယ်'

မျက်ရည်ကလေး စမ်းစမ်းနှင့် ကျန်ရစ်ခဲ့သော ဟသ်ာ၏ မျက်နှာကလေးသည် အနည်းငယ် ကြည်သာသွားသည်။ ဒုက္ခသစ္စာတရားတွင် ချစ်သူနှင့် ကွဲရသော ဆင်းရဲ၊ မချစ်သူနှင့် ပေါင်းနေရသော ဆင်းရဲ၊ လိုသည်ကို မရသော ဆင်းရဲ ဟူ၍ ရှိသည်။ ဟသ်ာသည် မချစ်သူနှင့် အတူနေရသော ဆင်းရဲကို မခံလို၍ သေလိုက သေပါစေ ဟူသော စိတ်ကိုပင် ထားတတ်သည်။ မိမိ ပြုလုပ်ချင်သလို မပြုလုပ်ကြဘဲ မိမိ မပြုလုပ်ချင်တာတွေကို ပြုလုပ်နေရသူတို့သည် မိမိတို့ အလိုရှိကြ၊ တောင့်တကြ၊ ကြံစည်ကြသည့်အတိုင်း မရကြ မဖြစ်ကြရသော သူတို့သာ ဖြစ်ကြသည်။ ထိုသူတို့သည် ဟသ်ာကဲ့သို့ ဤလို အသက်ရှင်နေရခြင်းထက် သေရသည်က ကောင်းသေးဟု ဘာ့ကြောင့် မတွေးရဲကြပါလိမ့်မည်နည်းဟု တွေး၏။ စံပယ်၏ အတွေးအမြင် မပြတ်မီပင် ခရီးလမ်း၏ တစ်ဝက်သို့ ရောက်ခဲ့သည်။

လမ်းထက်ဝက်သို့ အရောက်၌ စံပယ်၏ အစ်ကိုငယ် ကိုဝဏ္ဏက စံပယ့်လို တပ်နှင့် လာကြိုသည်။ စံပယ် နေရမည့် သာစည်မော် တစ်ဝိုက်၏ ဝန်းကျင်တွင် ရန်သူတို့ ဟိုတစ်စု သည်တစ်စု ပြန့်ကျဲလျက် ရှိနေကြသေးသည် ဆို၏။ သို့သော် သာစည်မော်၏ ဗဟိုနှင့် သာစည်ဂေဟာကြီး၏ ပတ်လည်တွင်ကား အေးချမ်း စိတ်ချနေရပါပြီတဲ့။ .

ခရီးတစ်ဝက်မှ ကျော်လွန်လာသည်နှင့် လမ်းတစ်လျှောက်လုံးတွင် မရှုမလှ သေဆုံးနေကြရသော အလောင်းကောင်များကို တွေ့မြင်လာကြရသည်။ ထိုသူတို့သည် မိမိတို့နှင့် တစ်ခါမျှ မတွေ့ဖူး၊ မမြင်ဖူး၊ မသိဖူး၊ ဘာမျှလည်း မဖြစ်ဖူးကြသော သူတို့၏ လက်ချက်ဖြင့် ရခဲလှသော လူ့ဘဝကြီးကို စွန့်လွှတ်သွားရသူများ ဖြစ်ကြ၏။ ထိုသူတို့ ကိုယ်တိုင်လည်း မသေဆုံးကြမီက ထိုကဲ့သို့ပင် ၎င်းတို့နှင့် မမတွေ့ဖူး၊ မမြင်ဖူး၊ ဘာမျှလည်း မဖြစ်ဖူးကြသော လူသားအချင်းချင်းကို ဤကဲ့သို့ပင် သတ်ဖြတ်ပြီးခဲ့ကြသူများ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ထိုသူတို့ ဤကဲ့သို့ မိမိက သတ်ခြင်း၊ မိမိကိုယ်တိုင် အသတ်ခံခြင်းတို့ကို ပြုမူကြခြင်းကြောင့် ဖြစ်ပေါ်လာရမည့် အကျိုးတရားသည် သားတော်ကလေး ဘယမင်းရဲ ဖြစ်စေ၊ သားတော်ကြီး စောရန္တမိတ်ဖြစ်စေ တစ်ယောက်ယောက် ထီးနန်း စည်းစိမ် ခံစားနိုင်ရေး၊ တိုင်းသူပြည်သားတွေ အပေါ်တွင် စိုးမိုး အုပ်ချုပ် မင်းလုပ်၍ အာဏာစက် တည်တံ့နိုင်စေရေးတို့သာလျှင် ဖြစ်ခဲ့သည်။ ထိုသို့ သေဆုံးသွားကြရသူတို့၌ ဖြစ်ပေါ်လာရမည့် အကျိုးတရားတို့ကမူ မယား မုဆိုးမ ဖြစ်ရခြင်း၊ ကလေးတွေ ဖတဆိုး ဖြစ်ရခြင်း၊ မိခင် ဆွေမျိုးတို့ မျက်ရည် စက်လက် ကျန်ရစ်ခဲ့ရခြင်းတို့သာလျှင် ဖြစ်လေသည်။ စံပယ်သည် ထိုသို့သော မနှစ်မြို့ဖွယ်တို့ကို တွေးနေဆဲ အစ်ကိုငယ် ဖြစ်သူ ကိုဝဏ္ဏက သစ်ပင်တွေပေါ်တွင် အပြွတ်လိုက် အပြွတ်လိုက် သီးနေသလို တွဲလွဲ တွဲလွဲ ရှိနေကြသော အလောင်းကောင်တို့ကို လက်ညှိုးထိုးပြသည်။



'ဒါတွေဟာလည်း ပုံချီကြီးရဲ့ တပ်သားတွေပေါ့၊ သူတို့က အသေ ဖမ်းမိကြတာတွေလေ'

'ဒီမှာ အစ်ကိုချော၊ အစ်ကိုချောတို့က ရန်သူကို အမြဲ အသေ ဖမ်းမိနေပေမယ့် ရန်သူက အစ်ကိုချောတို့လို အသေမဖမ်းဘဲ အရှင် ဖမ်းမိပြတဲ့ အခါကျတော့ အစ်ကိုချောတို့ တပ်တွေဟာ ကျဉ်းထဲကျပ်ထဲမှာ ပိတ်မိနေတာနဲ့ လက်နက် ချလိုက်ကြမှာ သိလား'

'ရန်သူ့တပ်ကတော့ အကျဉ်းအကျပ်နဲ့ တွေ့လည်း ဘယ်တော့မှ လက်နက် ချမှာ မဟုတ်ဘူး၊ လက်နက် ချလိုက်လည်း အသေ ဖမ်းမိတာ အဖြစ်ခံရမယ့် အတူတူ တကယ် အသေခံတိုက်ရင်း သေသွားကြမှာပဲ'

ဝဏ္ဏက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဒါတွေဟာ စစ်မတိုက်ဖူးတဲ့ စိတ်ကူးယဉ်သမားတွေရဲ့ စံပယ်ချောတို့လို မိန်းမတွေက ပြောကြတဲ့ စစ်တရားတွေပါ၊ တကယ့် လက်တွေ့မှာက စစ်ဆိုတာ တရားဝင် လူသတ်ရတဲ့ အလုပ်ပဲ၊ လူသတ်တဲ့ အလုပ်လုပ်ရင် လူများများ သတ်လေ၊ အဲဒီ လုပ်ငန်းအတွက် များများ အောင်မြင်လေပဲ၊ ရန်သူ့ တပ်သားတွေကို အစ်ကိုချောတို့က အမြဲ အသေ မိမိပြနေတဲ့အတွက် ရန်သူ့ တပ်သားတွေဟာ ဘယ်တော့မှ အစ်ကိုချောတို့နှင့် ရင်မဆိုင်ချင်ဘူး၊ ရင်မဆိုင်ရဲဘူး၊ အဲဒါဟာ အစ်ကိုချော လက်တွေ့၊ ဒါကြောင့် အစ်ကိုချောတို့ရဲ့ စစ်ဘုရား မိုလ်မှူးဇူဝံက တို့ဆီမှာ ရန်သူဆိုတာ တိုက်ပွဲမှာ ကျသူတွေနဲ့ အသေ ဖမ်းမိသူတွေသာ ရှိရမယ်၊ ရန်သူကို အရှင်ဖမ်းလာတဲ့ ရဲမက် အကြပ် တပ်မိုလ်တွေ ပေါ်လာတယ်ဆိုရင် အဲဒီ အကောင်

တွေဟာ တို့တပ်က ရန်သူကို အရိုသေတန်အောင် ပြုလုပ်တဲ့ သူတွေပဲ၊ ဒီကောင်မျိုးတွေ ပေါ်လာရင် ခါးမှာ ထဘီပတ်၊ ရွှေပေါ် ခုံပေါ်မှာ လေးဘက် ထောက်ပြီးကြိုးနဲ့တုပ်၊ အောက်ပိုင်းတစ်ခုလုံး သနပ်ခါး လိမ်းပြီးတော့ ငတပ်ကြီး ဆိုတဲ့ မြင်းလားကြီးနဲ့ ပေးစားပြီး သတ်ပစ်လိုက်၊ ဒါဟာ ငါ့အမိန့်ပဲတဲ့’

စံပယ်သည် ဤမျှ ရိုင်းပျ ယုတ်မာသော စကားကို ကြားရသောကြောင့် ကြက်သီးမွေးညင်း ထလာ၏။ ချက်ချင်း ဗိုလ်မှူးရူဝံ၏ သတင်းကိုလည်း သတိရလာ၏။

‘ဒါကြောင့် အစ်ကိုချောတို့ ဗိုလ်မှူးရူဝံလည်း ရန်သူ့ လက်တွင်းမှာ အသေမိခံရတာပဲ မဟုတ်လား’

‘ဓာလူက ပြောလဲ၊ ရူဝံလို လူမျိုး ရန်သူ့ လက်မှာ ဓာလို့မှ အသေ မမိ’

‘ယင်းပိုင်ဆိုကေ ... ရူဝံ ရှိသေးတယ်ပေါ့၊ တပ်ဦးမှာ လုံ့ထိတယ် ဆိုတာ မဟုတ်ဘူးပေါ့’

‘အေချင့်က ငါ မသိ၊ သူ့သတင်းကိုလည်း ငါ မကြား၊ ငါ သိတာက ရန်သူတွေဟာ သိကြားမင်းကို အသေ ဖမ်းလို့ ရချင် ရမယ်၊ ငတို့ ဗိုလ်မှူးရူဝံကို ဘခေါင်မှ အသေ ဖမ်းလို့မရ၊ ဓာကို ငါ ယုံတယ်’

စံပယ်သည် အစ်ကိုချောဝဏ္ဏ၏ ပုဂ္ဂိုလ် ကိုးကွယ်မှုကို အံ့လည်း အံ့သြ၏။ စိတ်လည်း ပျက်၏။ သို့သော် ဗိုလ်မှူးရူဝံသည် ဤကဲ့သို့သော လက်အောက်ခံ ဗိုလ်ကလေးများကြောင့်လည်း တိုက်ပွဲ လူစွမ်းကောင်း ဖြစ်လာရခြင်း ဖြစ်ဟန် ရှိ၏ဟုလည်း တွေး၏။ ထိုစဉ် စံပယ်တို့ စီးလာသော လှည်းခေါင်းချုပ်ကြီးသည် သာစည်မော်မြို့ အတွင်းသို့ ဝင်လာမိသောအခါ လှည်းဘေးတွင် မြင်းကြီးနှင့် ပါလာသော အစ်ကိုချောဝဏ္ဏကြောင့် လုံ့ကိုင် ကင်းသမားတို့သည် မြေပြင်သို့ ဒူးတုပ်၍ လက်အုပ်ချီလိုက်ကြသည်။

သာစည်မော် အိမ်ကြီးသို့ ရောက်သောအခါ အစ်ကိုလတ်ဖြစ်သူ ကိုသုခက စံပယ့်ကို ကင်းမော်ဆိပ်ကမ်း ရှုမျှော်ခင်းကို မြင်ရသည့် အဆောင်တွင် နေရာချပေး၏။ စံပယ်သည် ဤအိမ်ကြီးသို့ ရောက်လာရခြင်းကြောင့် ရင်ထဲတွင် တစ်မျိုးကြီးကဲ့သို့ ခံစားနေရသည်။ စံပယ် ဆယ့်ရှစ်နှစ်မြောက် မွေးနေ့ ဆွမ်းကျွေးပွဲကို ဤအိမ်ကြီးမှာပင် ပြုလုပ်ခဲ့သည်။ ထိုဆွမ်းကျွေးပွဲ၌ပင် ဗိုလ်မှူး ရူဝံကို တွေ့ခဲ့ရသည်။ ဤအဖြစ်တို့သည် စံပယ်၏ ငြိမ်သက်နေသော စိတ်တို့ကို အသစ် လှုပ်ရှားစေနိုင်စွမ်းသည့် အဖြစ်တို့တွင် မဟုတ်ပါလား။



စံပယ်၏ အစ်ကိုလတ် ကိုသုခသည် ယခုအချိန်၌ မုဆိုးဖို ဖြစ်နေရပေပြီ။ အစ်ကိုလတ်၏ ဇနီး သီရိခင်သည် ပြည်တွင်းစစ်ကြီး မဖြစ်မီကပင် ကွယ်လွန်ခဲ့သည်။ သီရိခင်၌ သားတစ်ယောက် ကျန်ရစ်ခဲ့သည်။ စံပယ်၏ မောင်အငယ်ဆုံး ဗလသည် အိမ်ထောင်ကျလျက် ဤအိမ်ကြီးတွင် ဇနီးမောင်နှံအတူ လာရောက်နေကြသည်။ သူတို့သည် သားသမီး မထွန်းကားကြသေးသောကြောင့် အစ်ကိုလတ် ကိုသုခ၏ သားငယ်ကိုပင်လျှင် တူကဲ့သို့ သဘောမထားဘဲ ၎င်းတို့ပိုင် သားအရင်းသဖွယ် အချစ်တွေ ပိုနေကြသည်။

စံပယ်သည် သာစည်ဂေဟာသို့ ရောက်ပြီးမှ ဗိုလ်မှူးရူဝံ၏ သတင်းမှန်ကို သိလိုသောကြောင့် စစ်သတင်းတို့ကို မေးမြန်းခြင်း နားထောင်ခြင်း ပြု၏။ သို့သော် ကြားရသည့် သတင်းတို့ကား အကြောင်းအရာ တစ်ခုတည်းကဲ့သို့ ထပ်နေ၏။ မည်သို့မျှ ထူးခြား စိတ်ဝင်စားစရာ မရှိ။ ထိုအခါ စံပယ်သည် နောက်ထပ် မည်သည့် သတင်းကိုမျှ နားမထောင်တော့ဘဲ မေ့မေ့ပျောက်ပျောက် နေလိုက်၏။ ဤသာစည်ဂေဟာသို့ ရောက်လာ၍ ခုနစ်ရက်မြောက်သည့်နေ့၏ ညနေဘက်တွင် စံပယ်နှင့် အိမ်သားတို့သည် အောက်ထပ်ရှိ ဧည့်ခန်းဆောင်ကြီးအတွင်း၌ အေးအေးလူလူ စကားပြောနေခဲ့ကြသည်။ ထိုစဉ် ကျယ်ကျယ်လောင်လောင် စကားသံနှင့်အတူ ခြေလှမ်းကျဲကျဲ ခြေသံ ခပ်ပြင်းပြင်း နင်း၍ ဝင်လာသည့် အသံတစ်ခုကို လူအားလုံးတို့ သတိပြုမိလိုက်ကြသည်။ ထိုစဉ် ... သူသည် စံပယ် ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ သူ ဆိုသည်မှာ ဗိုလ်မှူးရူဝံ ကိုယ်တိုင်ပင် ဖြစ်သည်။

စံပယ်သည် အံ့အားသင့်ရင်း ရင်ကဂေလေးဖိုလျက် မိမိဆီသို့ တန်းတန်းမတ်မတ် လာနေသော ဗိုလ်မှူးရူဝံ၏ မျက်နှာကို မေ့မေ့လျော့လျော့ မှန်ကြည့်သလို ကြည့်နေမိသည်။

သူကတော့ ထုံးစံအတိုင်း ဘယ်သူ့ကိုမျှ လူမထင်သည့် ခပ်လှောင်လှောင် မျက်နှာထားမျိုးဖြင့် အိမ်ရှင်ဖြစ်သော ကိုသုခကို ဝတ်ကျေဝတ်ကုန် ခေါင်းဆပ်၍ ပြလိုက်ပြီးနောက် စံပယ့် ကုလားထိုင်ရှေ့တွင် လာ၍ရပ်သည်။

‘ကိုယ်က စံပယ် တစ်ယောက် ဟသ်ာနဲ့ အတူတူ ပါလာလိမ့်မယ် ထင်ပြီး တိတ်တိတ် ကြိတ်စောင့်နေတာ ဟိုကောင် ရောက်လာတော့ ပါမလာဘူးဗျာ၊ ကိုယ့်ဖြင့် မာသွားတာပဲ’

ဗိုလ်မှူးရူဝံသည် ပြောပြောဆိုဆို တဟားဟား ရယ်လိုက်သည်။ ထို့နောက် ရယ်နေရာမှ အရယ် ရပ်လိုက်ပြီး စံပယ့်ကို စူးစူးစားစား ကြည့်သည်။

'စံပယ်ကွာ၊ အတော့်ကို ပိန်သွားတာပါလား၊ ကိုယ့်သား ငကြောက်ကတော့ တစ်နေ့ တစ်နေ့ စံပယ့်အကြောင်း ချီးမွမ်းခန်း ဖွင့်ရတာနဲ့ အချိန်တောင် ကုန်မှန်း မသိတော့ဘူး၊ ကိုယ့်အတွက်လည်း စံပယ့် အကြောင်း ကြားနေရတော့ ဟန်ကျတာ ပေါ့လေ၊ အခု သူလည်း ပါလာတယ်၊ ကျားသစ်ကလေးလည်း ပါလာတယ်'

ဧည့်ခန်းဆောင်တွင် စံပယ်နှင့် အတူ ရှိနေကြသည့် အစ်ကိုလတ် ကိုသုခ၊ မောင်ငယ်ဗလ၊ ထို့နောက် ဗလ၏ ဇနီးနှင့် ခပ်စောစောကတည်းက ရောက်နှင့်နေသော စံပယ်၏ အစ်ကိုငယ် ကိုဝဏ္ဏတို့ကို ဗိုလ်မှူးခူဝံသည် ဖုတ်ထားသည့် ငါးပိ ရှိနေသေးသည်ဟူ၍မျှ သဘောမထားလေ။ ဤဧည့်ခန်းဆောင်ကြီး အတွင်း၌ စံပယ် တစ်ယောက်တည်း ရှိသကဲ့သို့ စံပယ့်ကိုသာလျှင် စကားဖောင်ဖွဲ့လျက် ပြောနေသည်။ ထိုစဉ်အတွင်း ဟသ်ာနှင့် ကျားသစ်ကလေးတို့ ဧည့်ခံဆောင်ထဲသို့ ရောက်လာကြသည်။

'ဟော ရောက်လာကြပြီ၊ ကဲ ... တတ်နိုင်တဲ့သူများ ကျုပ်တို့ သုံးယောက်လုံး ညနေစာ စားပြီးသားတော့ ဟုတ်တယ်၊ ဒါပေမဲ့ မြင်းစီးလာရလို့ နောက်တစ်ကြိမ်တော့ ကောင်းကောင်းကြီး ထပ်စားနိုင်ကြဦးမှာပဲ၊ ခက်တာကဗျာ ဒီသားတော်ကလေးရဲ့ အတိုင်ပင်ခံ တစ်ဖွဲ့ထဲမှာ စစ်ရေးစစ်ရာ ဘာမှ နားမလည်တဲ့ ကဗျာသမား အမတ်ကြီး ရာဇသင်္ကြန်ကို ဥက္ကဋ္ဌအဖြစ် မြှောက်ထားတော့ ကျုပ်တို့ဟာ အလုပ် လုပ်ရတာ မကောင်းတော့ဘူး။ အလုပ် လုပ်လို့ မကောင်းတော့ နေရတာလည်း မကောင်း၊ စားရတာလည်း မကောင်း၊ အိပ်ရတာလည်း မကောင်းတော့ဘူး။ ဒီတော့ အားအားရှိတိုင်း သောက်လို့ချည်း နေရတော့တာပဲ။ ဒါကြောင့် တစ်ခါတလေ စိတ်ချမ်းသာ ကိုယ်ချမ်းသာ စားကောင်း အိပ်ကောင်းလေးများ ဖြစ်မလားလို့'

ဗိုလ်မှူးခူဝံသည် စံပယ့်ရှေ့တွင် ရပ်လျက် စံပယ် တစ်ယောက်တည်းကိုသာ ကြည့်၍ ပြောနေသည်။ သို့သော် ဗိုလ်မှူးခူဝံ၏ စကားတို့သည် မိမိသာသာ မိမိ ညည်းညူနေခြင်းလား သို့တည်းမဟုတ် အားလုံးကိုပဲ ပြောပြနေခြင်းလား ခွဲခြားရန် အတော်ကလေး ခက်၏။ သို့သော် အိမ်ရှင် ကိုသုခသည် ခပ်ဝေးဝေးမှ အရိပ်အခြည် ကြည့်နေကြသော မိမိ၏ အိမ်ဖော်များ ရှိရာသို့ အထိမ်းအမှတ် တစ်ခုခု ပြလိုက်သည်။ တစ်ခဏမျှ ငြိမ်သက် တိတ်ဆိတ်သွားသော ဗိုလ်မှူးခူဝံက ပြင်းထန်စွာ တက်တစ်ချက် ခေါက်လိုက်သည်။

'ဒီမင်းသားကလေးကလည်းဗျာ သူ့အမတ်ကြီး ခေါင်းမညိတ်ဘဲ ဘာမှ အမိန့်ပေးတာ မဟုတ်ဘူး၊ စစ်တိုက်တယ်ဆိုတာ သူ့အမတ်ကြီးလို ပညာရှိသူတော်ကောင်းကြီးနဲ့ ဘယ်လို သက်ဆိုင်လို့တုန်း'



မိမိတို့ အရှင်သခင်ဖြစ်သော ဘုရင်ကလေး ဘယမင်းရဲတို့ကိုပင် မကျေမနပ် ပြောဆိုနေသည့် တပ်မှူးတစ်ဦးကို တစ်အိမ်လုံးက အံ့သြ ငေးမောကြည့်နေကြသည်။ ဟသ်ာကမူ ထုံးစံအတိုင်း စံပယ်၏ ကုလားထိုင် ဘေးတွင် ဒူးထောက်ကာ သခင်ကို ချစ်သော ကြောင်လိမ္မာကလေးကဲ့သို့ ငြိမ်သက် ကပ်ထိုင်နေသည်။ ကျားသစ်ကလေး ကမူ ဗိုလ်မှူးခူဝံ၏ မျက်နှာကို အားကျစွာ ကြည့်ကာ ဗိုလ်မှူးခူဝံ ပြောဆို ပြုလုပ်သမျှ အားရပါးရ ထောက်ခံ စိတ်ဝင်စားနေသည့် မျက်နှာမျိုးဖြင့် ရှိနေသည်။ အစ်ကိုလတ် ကိုသုခနှင့် အစ်ကိုချေကိုဝဏ္ဏတို့သည် ကြားဝင် စကား ပြောရန် အခါအခွင့် မရနိုင်ဘဲ အရှင်သခင်အား ခစားနေရသည့် ကျေးကျွန်များ အခြေအနေသို့ အလိုလို ရောက်နေကြသည်။

ခဏအကြာတွင် အိမ်ဖော် တစ်ယောက်က ထမင်းပွဲ ပြင်ပြီးကြောင်း ကိုသုခအား လာရောက် အကြောင်းကြား၏။ ကိုသုခသည် ဗိုလ်မှူးခူဝံအား ဖိတ်ခေါ်ရန် ဟန်ပြင်လိုက်ရုံမျှ ရှိသေးစဉ် ဗိုလ်မှူး ခူဝံသည် စံပယ်၏ ကုလားထိုင်ကို တွန်းယူလျက် 'ကဲ ... လာကြဟေ့' ဟု အသံပြုလိုက်ပြီးလျှင် ထမင်းစားခန်း ရှိရာဆီသို့ တန်းတန်းမတ်မတ် သွား၏။

အစ်ကိုသုခနှင့် အစ်ကိုချေဝဏ္ဏတို့အဖို့ လိုက်လာရကောင်းနိုးနိုး အပြင်တွင် နေရစ်ခဲ့ရကောင်းနိုးနိုးဖြင့် မဝေခွဲနိုင်ကြဘဲ နေရာမှ ထရပ်လိုက်ကြသေး၏။ သို့သော် တစ်ယောက်မှ လိုက်မလာဘဲ ဧည့်ခန်းထဲတွင်ပင် ကျန်နေရစ်ခဲ့ကြသည်။ စံပယ့်အဖို့မူ အစ်ကို နှစ်ယောက်နှင့် ယောက်မ တစ်ယောက်ရှေ့တွင် မျက်နှာ မထားတတ်အောင် ရှက်ကြောက် အားနာ ဖြစ်နေမိသည်။ သို့သော် ဤလူကြမ်း လူရမ်းကြီးကား သူတစ်ပါးတို့ ရှက်ကြောက် အားနာမှုကို စိုးစဉ်းမျှ နားလည်ဟန် မတူ။

သူသည် ထမင်း စားရင်းလည်း စကားကို အဆက်မပြတ် ပြောမြဲ ဖြစ်သည်။

'ကိုယ့် တပ်ထဲမှာ သီရိမောင်မောင်ဆိုတဲ့ တပ်ဗိုလ် တစ်ယောက် ရှိတယ်၊ စံပယ် မှတ်မိမှာပေါ့၊ စံပယ်တို့ အိမ်ကို သူက သူ့အစ်မနဲ့အတူ ကြောင်းလမ်းဖို့ လိုက်လာတော့ စံပယ့် အမိက သဘောတူတာနဲ့ စံပယ် ကိုယ့်ဆီကို ထွက်ပြေးလာခဲ့တာလေ၊ အဲဒီ အကောင် ဒီအိမ်က စံပယ့် အစ်ကို ကိုသုခရဲ့ မိန်းမ သီရိခင်ရဲ့ မောင် သွားခေါ်ဟာပေါ့၊ သိပ်အသုံးမကျတဲ့ အကောင်ပဲ၊ ဒီအကောင်ဟာ ကိုယ့် လုပ်ငန်းတွေကို'

ဗိုလ်မှူးခူဝံသည် စကားကို တစ်ပိုင်းတန်းလန်းနှင့် ရပ်ပစ်လိုက်သည်။ ထို့နောက် စားစရာတစ်ခုကို ပါးစပ်ထဲသို့ သွင်းလိုက်ပြီး ဝါးနေရာမှ စံပယ့်ကို မျက်လုံး လှန်ကြည့်သည်။

'အဲလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ စံပယ် ကိုယ်တို့ တပ်စခန်း ချတဲ့ နေရာကို လိုက်နေပါလားကွာ'

စံပယ်က စဉ်းစဉ်းစားစားနှင့်ပင် ခေါင်းခါပြလိုက်သည်။ ဤတွင် ဗိုလ်မှူးရူဝံသည် ထမင်းစားနေရာမှ ထလျက် စံပယ်၏ ကုလားထိုင် ရှေ့တွင် လာရပ်၍ စံပယ့် မျက်နှာကို စူးစူးစားစား ကြည့်သည်။

အကင်းပါးလှသော ကျားသစ်ကလေးသည် ဟသ်ာ၏ လက်တစ်ဖက်ကို ဆွဲကာ ထမင်းစားခန်းထဲမှ ထွက်သွားခဲ့သည်။ စံပယ်သည် မိမိအား စူးစိုက်ကြည့်နေသည့် ဗိုလ်မှူးရူဝံကို ပြန်ကြည့်သည်။ မျက်လုံးအစုံတို့သည် အချင်းချင်း ပေါင်းစည်းမိကြသောအခါ ချစ်မေတ္တာစိတ်သည် တစ်သားတည်း ဆက်စပ်မိသွားကြသည်။ သူတို့သည် တစ်ဦး၏ ရင်ထဲ၌ နှလုံးသွေးများ တိုးခုန်နေသည်ကို တစ်ဦးက မိမိကိုယ်ကဲ့သို့ သိနေသည်။ စံပယ်သည် ငေးငိုင်နေမိရာမှ ရှေးဦးစွာ သတိဝင်လျက် ပြုံးလိုက်သည်။

'ဒီမှာ ဗိုလ်မှူးကြီးရဲ့၊ ဗိုလ်မှူးကြီး ရှိရာကို မစွမ်းမသန် ဖြစ်နေတဲ့ စံပယ်က လာနေဖို့ မလိုပါဘူး၊ ဗိုလ်မှူးကြီး ရူဝံ ဆိုတဲ့ လူရဲ့ အိပ်ခန်းမှာ လှလှပပ မိန်းကလေးတွေ တစ်ည တစ်ယောက်စီ အမြဲ ရှိနေရက်ပဲ မဟုတ်လား'

ဗိုလ်မှူး ရူဝံ၏ မျက်နှာသည် တဖြည်းဖြည်း ပြုံးလာရာမှ တဟားဟားဖြင့် ရယ်ချလိုက်သည်။

'အင်း ဟုတ်တော့လည်း ဟုတ်တာပဲ၊ ဟောဟို ကျားသစ်ကလေး ဆိုတာလည်း အဲဒီလို စစ်ထွက်သွားရင်း ရထားခဲ့တဲ့ ကိုယ့်သားပဲပေါ့၊ အဲဒီကောင်ကတော့ ကိုယ်နဲ့ တူတယ်၊ ဒါကြောင့် ကိုယ် သွားရာမှာ အမြဲ ပါနေတာပေါ့၊ တရားဝင်သား မဟုတ်ပေမယ့် ကိုယ့်သွေးဟာ ကိုယ့်သွေးပဲ၊ သူ့ကို ဟသ်ာထက် ပိုသဘောကျတယ်၊ ဒါပေမဲ့ကွာ စံပယ်ရာ ကိုယ်ဟာ သူ့အမေကို မမြတ်နိုးခဲ့ဘူး၊ အေးလေ ကိုယ်ဟာ မိန်းမ မျိုးစုံနဲ့ တွေ့ကြုံ ဆက်ဆံခဲ့ပေမယ့် ဘယ်မိန်းမကိုမှလည်း ချစ်စိတ် မပေါ်တော့ပါဘူး၊ ခဏ တွေ့တုန်း တပ်မက်မိတာပါပဲ။ ကိုယ့်အဖို့ အချစ်စိတ် ဆိုတာ ပြတ်ခဲ့ပြီးပါပြီ၊ ဘယ်တုန်းက ပြတ်ခဲ့ရတယ် ဆိုတာ စံပယ် သိပါတယ်'

ဗိုလ်မှူးရူဝံသည် စကားကို ဖြတ်၍ ပြုံးလိုက်သည်။ စံပယ်ကလည်း ဗိုလ်မှူးရူဝံ၏ မျက်နှာကို ငေးရင်း ပြုံးနေသည်။ သို့သော် စံပယ်၏ မပြတ်သားသော အပြုံးသည် လှောင်ပြုံး သရော်ပြုံးကဲ့သို့ ဖြစ်နေ၏။ ဗိုလ်မှူးရူဝံက စံပယ့်ကို အကဲခတ်လိုက်သည်။



'ကိုယ် ပြောတဲ့ စကားကို စံပယ် နားလည်ချင်မှ နားလည်မှာပဲ၊ ဒီမယ် လူ့အဖြစ်နဲ့ ဘဝထဲကို ရောက်လာကြတဲ့ လူဆိုတာဟာ အချစ်ဆိတ်သုဉ်းသွားပြီ ဆိုတာနဲ့ အဲဒီ ဘဝဟာ အလကားပဲ၊ တန်ဖိုးမဲ့တဲ့ ဘဝ၊ ခြောက်သွေ့ ငြီးငွေ့စရာကောင်းတဲ့ ဘဝ၊ ဒီတော့ အချစ် ဆိတ်သုဉ်းသွားတဲ့ လူတွေဟာ အဲဒီ ဘဝထဲမှာ ဆက်လက်နေနိုင်အောင် သက်သာရာ သက်သာကြောင်း အမျိုးမျိုး လုပ်တော့တာပဲ၊ ကိုယ်လည်း အဲဒီအတိုင်းပဲ သိလား'

ဗိုလ်မှူးရူဝံ၏ မျက်နှာသည် စကားပြောရင်း ပြောရင်း စံပယ်၏ မျက်နှာဆီသို့ ချဉ်းကပ်လာသည်။ ထို့နောက် စကားအဆုံးတွင် စံပယ်၏ မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်၍ ကိုင်လိုက်ပြီးနောက် စံပယ်၏ ပါးကို တအား မွှေးသည်။ ထို့နောက် နှုတ်မှ မဆက်တော့ဘဲ ထမင်းစားခန်းထဲမှ ချာခနဲ လှည့်ထွက်သွားသည်။

အသက် သုံးဆယ့်လေးနှစ်မျှ ရှိခဲ့ပြီ ဖြစ်သော စံပယ်သည် အသက် ဆယ့်ရှစ်နှစ် သမီးကလေးကဲ့သို့ ရင်ခုန်လျက် ကျန်ရစ်ခဲ့သည်။ အိမ်ပြင်ဘက်ဆီမှ မြင်းခွာသံများ ကြားရသောအခါ ရင်ထဲ၌ ဟာသွားခဲ့သည်။ ဒေါ်မေတ္တာ၏ အကူအညီကို ယူ၍ ထမင်းစားခန်းမှ အိပ်ခန်း ရှိရာသို့ တန်းလာခဲ့သည်။ ထိုညအဖို့ အိပ်မပျော်သေးသည့် အချိန်တစ်လျှောက်လုံး လူကြမ်း လူရမ်းကြီး၏ ပါးစပ်မှ ထွက်လာသော အချစ် စကားများနှင့် လူကြမ်း လူရမ်းကြီးကိုသာ တတမ်းတတ ရေငတ်သလို ရှိနေရသည်။

*

# (၂၀)

နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် အစ်ကိုလတ် ကိုသုခနှင့် ရဲရဲပင် မျက်နှာချင်း ဆိုင်တော့မည်ဟု စံပယ်က စိတ်တင်းလိုက်သည်။

မနေ့ညက ဗိုလ်မှူးရှုဝံနှင့် ထမင်းစားခန်းထဲတွင် နှစ်ယောက်တည်း ရှိနေကြသည့် ကိစ္စနှင့် ပတ်သက်၍ အစ်ကိုလတ် ကိုသုခသည် ပက်ပက်စက်စက် ပြောကောင်း ပြောလိမ့်မည်ဟု စံပယ်က တွေး၏။ ထို့ကြောင့် စံပယ်သည် ဖြစ်လာသမျှ ရဲရဲပင် ရင်ဆိုင်တော့မည်ဟု စိတ်ကို တင်းလျက် အသင့်ပြင်ထားလိုက်သည်။

အထိန်းတော်ကြီး ဒေါ်မေတ္တာ မျက်နှာသစ်ရေများ ယူလာသဖြင့် မျက်နှာသန့်စင်နေစဉ် သာစည်ဂေဟာကြီး၏ ခြံဝင်းအတွင်းသို့ ဝင်လာသော မြင်းခွာသံများကို ကြားရသည်။ ခဏအကြာတွင် သာစည်ဂေဟာ ဧည့်ခန်းဆောင်ဆီသို့ ခြေသံ ခပ်ပြင်းပြင်းဖြင့် ဝင်သွားကြသော အသံများနှင့် စကားပြောသံများ ပေါ်လာသည်။ စံပယ်သည် အပြစ်ကျူးလွန်မိသော ကလေးတစ်ယောက်ကဲ့သို့ အခန်းထဲတွင် အောင်းမနေတော့ဘဲ အောက်ထပ် ဧည့်ခန်းဆောင်ရှိရာသို့ ပို့ပေးရန် နီးရာ အိမ်ဖော်တစ်ယောက်ကို စေခိုင်းလိုက်သည်။

ဧည့်ခန်းသို့ ရောက်သည်နှင့် ဗိုလ်မှူးရှုဝံတပ်မှ စစ်တံဆိပ်များ တပ်ဆင်ထားသည့် စစ်ဝတ်စုံနှင့် အသက်ခပ်ငယ်ငယ် စစ်ဗိုလ် အဆင့်အတန်းရှိသူ တစ်ယောက်ကို တွေ့ရသည်။ ထိုသူနှင့်အတူ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော လက်အောက်ခံ ဗိုလ်ငါးယောက်ခန့်နှင့် ရဲမက် အတော်များများတို့ပါ ပါလာကြသည်။ ဧည့်ခန်းထဲသို့ ရောက်လာသော စံပယ်သည် ခေါင်းဆောင်နှင့် တူသူ စစ်ဗိုလ်၏ စကားကြောင့် စိတ်ပူ အံ့သြသွားသည်။



'တကယ်တော့ သာစည်မော် ပတ်ဝန်းကျင်မှာ ရန်သူ့တပ်တွေ ရှိနေတဲ့အတွက် သာစည်ဂေဟာမှာ ယာယီဌာနချုပ် ပြုလုပ်ပြီးနေဖို့ ကျွန်တော်တို့ တပ်မှူးက အမိန့်ချလိုက်တယ်ဆိုတာ လုပ်ရိုးလုပ်စဉ်မျိုးပါပဲ၊ ထူးခြားတာက တခြား နေရာတွေမှာဆိုရင် အဆောက်အအုံထဲမှာ ရှိနေကြတဲ့ အိမ်သားတွေကို ဖယ်ခိုင်းပြီးမှ အဆောက်အဦကို စစ်ဌာနချုပ် ပြုလုပ်ဖို့ သိမ်းပိုက်ထားပါ။ အခု ကျွန်တော်တို့ တပ်မှူးက စေခိုင်းလိုက်တာဟာ အင်မတန် သက်သက်ညှာညှာနဲ့ စေခိုင်းလိုက်တာပါပဲ၊ ဒီသာစည်မော်ဂေဟာမှာ ရှိနေတဲ့ လူတွေကို သူ့နဂိုအတိုင်း ရှိနေစေပြီး ဒီသာစည်မော် အိမ်ကြီးရဲ့ မြောက်ဘက်ပိုင်းက အခန်းလွတ် သုံးလေးခန်းလောက်ကိုသာ ကျွန်တော်တို့ရဲ့ ယာယီ စစ်ဌာနချုပ်အဖြစ်နဲ့ ခေတ္တ သိမ်းပိုက် အသုံးပြုရန် ပြင်ဆင်ထားဖို့ ကျွန်တော်တို့ကို အမိန့်ပေးလိုက်တယ်'

တပ်ဗိုလ်သည် အစ်ကိုလတ် ကိုသုခကို ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံသော်လည်း ပြတ်သားသော စကားလုံးနှင့် ပြတ်ပြတ်သားသား ပြုမူမည့် အသွင်အပြင်မျိုး ရှိသည်။ အစ်ကိုလတ် ကိုသုခ၏ မျက်နှာ၌ မကျေနပ်သော အရိပ်အရောင်တို့ ပေါ်နေ၏။

'ကျွန်တော်တို့ အိမ်သူ အိမ်သားတွေ ကိုယ်တိုင် ကျဉ်းကျဉ်းကျပ်ကျပ် နေထိုင်နေကြရတာပါ၊ ပြီးတော့ စားရေး ရိက္ခာကလည်း မလုံမလောက် ဖြစ်နေရတဲ့ အထဲမှာ ဗိုလ်မှူးရှုဝံရဲ့ ယာယီ ဌာနချုပ်အဖြစ်နဲ့ ဒီအိမ်ထဲမှာ လက်ခံထားဖို့ မလွယ်လှပါဘူး'

ကိုသုခသည် တာဝန်ရှိ တပ်ဗိုလ်ကို ပြောဆို ငြင်းဆန်ရင်း စံပယ်၏ မျက်နှာကိုလည်း အပြစ်တင်လိုက်ဟန်နှင့် လှမ်းကြည့်လိုက် စံပယ်သည် မျက်စိချင်း မဆုံမိအောင် မအီမသာ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။ တာဝန်ရှိ တပ်ဗိုလ်ဖြစ်သူက ကိုသုခကို စူးစူးရဲရဲ ကြည့်ရင်း မထီတရီ ပြုံးလိုက်သည်။

'အစာရိက္ခာ အတွက်ရော၊ လုပ်ဖော်ကိုင်ဖက်တွေ အတွက်ရော ပူစရာ မရှိပါဘူး၊ ကျွန်တော်တို့မှာ ရိက္ခာတွေရော အလုပ်သမားတွေ ချက်ရေးပြုတ်ရေးဘက်က စဖိုမှူးတွေပါ အသင့် ပါလာပါတယ်၊ ဒီတော့ လူကြီးမင်းက ကျွန်တော်တို့အတွက် ဘယ်အခန်းတွေမှာ နေကြဆိုတာ လိုက်ပြဖို့ပဲ ရှိပါတယ်၊ လူကြီးမင်း လိုက်ပြဖို့အတွက် ဝန်လေးတယ်ဆိုရင်လည်း ကျွန်တော်တို့ ဘာသာပဲ သင့်တော်ရာရာ အခန်းတွေကို သွားပြီး ရွေးချယ်လိုက်ပါ့မယ်၊ ဘာဖြစ်လို့ ဆိုတော့ စစ်ဖြစ်နေတဲ့ အခုအချိန်ဟာ စစ်ကိစ္စဆိုတာ အရေးကြီးတယ် မဟုတ်လား'

အစ်ကိုသုခသည် မကျေမနပ်နှင့်ပင် စံပယ့်ကို တစ်ချက် ကြည့်လိုက်ပြီး အရေးဆိုလာသော တပ်ဗိုလ်အား သာစည်ဂေဟာကြီး၏ အပေါ်ထပ်သို့ ရှေ့ဆောင်ခေါ်ယူသွားသည်။ ခဏအကြာတွင် စံပယ်၏ ရှေ့သို့ ကိုသုခ ပြန်ရောက်လာ၏။

'ဘယ့်နှယ်လဲ မရွှေစံပယ်၊ ခင်ဗျားရဲ့ ကျေးဇူးကြောင့် ကျုပ်တို့ရဲ့ သာစည်ဂေဟာကြီးတော့ အနုကြမ်း အစီးခံလိုက်ရပြီ မဟုတ်လား'

စံပယ်က မည်သို့မျှ ပြန်၍ အဖြေမပေးနိုင်မီ စံပယ်၏ အခန်းအနီး ပတ်ဝန်းကျင် ဖြစ်သော အိမ်ကြီး၏ အပေါ်ထပ် မြောက်ဘက် အဆောင်၌ ဝန်စည်စလယ်များ ပြောင်းရွှေ့သံနှင့် တပ်ဗိုလ် ဖြစ်သူတို့၏ အမိန့်ပေးသံ၊ ဗြုန်းဗြုန်းဒိုင်းဒိုင်း မြည်သော ခြေသံတို့ ပေါ်ထွက်လာကြသည်။

'ဒီကိစ္စနှင့် ပတ်သက်လို့ စံပယ်တော့ ဘာမှ မသိရရိုး အမှန်ပဲ'

စံပယ်သည် မကျေမချမ်း ဖြစ်နေသော ကိုသုခ၏ မျက်နှာကို ခပ်ရဲရဲတင်းတင်းပင် ပြန်၍ ကြည့်နေသည်။ ကိုသုခကလည်း ဒေါသဖြစ်ဟန်ဖြင့် စံပယ့်ကို ပြန်ကြည့်၏။

'မနေ့ညနေက ထမင်းစားခန်းထဲမှာ နှစ်ယောက်တည်း တွတ်တွတ် ထိုးနေကြတာဟာ ဒီသာစည်ဂေဟာကို အခုလို ရုဝံ ရောက်လာမယ့် အကြောင်း မပါဘူးဆိုပါတော့'

စံပယ်သည် ကိုသုခကို တည်တည်ငြိမ်ငြိမ်ပင် ပြန်ကြည့်ရင် ဖြည်းညင်းစွာ ခေါင်းရမ်းလိုက်သည်။

'လုံးဝ မပါတာ အမှန်ပဲ'

ကိုသုခက နှုတ်ခမ်း တစ်ဖက်ကို ရွဲ့၍ ခပ်မဲ့မဲ့ ပြုလိုက်သည်။

'အေး… ဒါပေမဲ့ အစ်ကို တစ်ယောက်ရဲ့ အိမ်မှာ နှမ တစ်ယောက် ဖြစ်တဲ့ စံပယ်ရဲ့ အပြုအမူပုံဟာ မိန်းမပေါ တစ်ယောက် ပြုမူပုံနဲ့ တူနေတယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစား'

ကိုသုခ၏ စကားသည် စံပယ့်ကို အသည်းခိုက်အောင် နာကျင်စေသည့် စကားမျိုး ဖြစ်သည်။ စံပယ့်အဖို့ နာလည်း နာလိုက်သည်။ သို့သော် စံပယ်သည် ကိုသုခ၏ မျက်လုံးကို စေ့စေ့ စိုက်ကြည့်ရင်း ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

'ဒီမှာ … အစ်ကိုသုခ၊ စံပယ်ဟာ မိန်းမပေါ တစ်ယောက်သာ ဖြစ်နေရင် အခုလောက်ဆို ဗိုလ်မှူးရုဝံရဲ့ စစ်တန်းလျားထဲမှာ တန်ခိုးဩဇာတွေ ထွန်းတောက်နေပြီး အစ်ကိုသုခတို့က စံပယ့်ကို တွေ့ဖို့ မျက်နှာချို တသွေးသွေးနဲ့ လာစောင့်နေ



ကြရပြီလို့ သိထားစမ်းပါ၊ စံပယ်ဟာ အခုလို မကြည်မဖြူနဲ့ ဖြစ်နေကြတဲ့ ညီအစ်ကိုမောင်နှမတွေဆီမှာ မျက်နှာအောက်ချပြီး ကပ်နေရတဲ့ အဖြစ်မျိုးကို ဖြစ်မနေရပါဘူး'

ကိုသုခသည် စံပယ်၏ မျက်နှာကို ဒေါသဖြင့် ကြည့်လိုက်သည်။

'နင်ဟာ ငယ်ငယ်ကတည်းက နှုတ်သီးစွာတာ ခုအထိ စွာတုန်းပဲ၊ ပြီးတော့ ကိုယ့်ဘဝလည်း ကိုယ် ပြန်မသိတတ်ဘူး'

ကိုသုခသည် ပြောပြောဆိုဆို အပြင် ခြံဝင်းဘက်သို့ ထွက်သွားသည်။ စံပယ့်အဖို့လည်း စိတ်ထဲတွင် တနုံ့နုံ့ဖြစ်၍ ကျန်ရစ်ခဲ့သည်။ စံပယ်၏ နားထဲ၌ 'ကိုယ့်ဘဝလည်း ကိုယ် ပြန်မသိတတ်ဘူး' ဟူသည့် စကားလုံးကို အထပ်ထပ် ကြားနေမိသည်။ ထိုနေ့က စံပယ့်အတွက် စိတ်မကြည်မသာ ဖြစ်နေရသောနေ့။

ညနေဘက်တွင် ဗိုလ်မှူးရုဝံ ကိုယ်တိုင် နောက်လိုက်နောက်ပါ ရဲမက်များ၊ ရိက္ခာ အသုံးအဆောင် လှည်းများဖြင့် ပွဲတော်ကြီး လှည့်သလို ရောက်လာသည်။ ကိုသုခက ပျာပျာသလဲ ဧည့်ခံ ဆီးကြိုသည်ကို မြင်ရသောအခါ စံပယ်က စိတ်မသက်မသာ မျက်နှာ ရှုံ့မိသည်။ ထိုနေ့ညစာကို အိမ်ပေါ်ထပ်တွင် ပြင်ဆင်ထားသည့် အခန်းလွတ်တစ်ခု၌ ဗိုလ်မှူးရုဝံနှင့် စံပယ်တို့ အတူ ညစာစားကြသည်။ ထိုညစာသည် ဧည့်ခံပွဲကြီး တစ်ခုတွင် စားသောက်ရသကဲ့သို့ စားကောင်းသောက်ဖွယ်တို့ဖြင့် ပြိုင်ဆိုင်လှသည်။ စံပယ်က ဗိုလ်မှူးရုဝံ၏ မျက်နှာကို အကဲခတ်သလို ကြည့်သည်။

'ရှင့်အဖို့ ဒါတွေနဲ့ ဒီလိုပဲ စားသောက်နေရတော့ အလုပ် ပျက်ပျက် အကိုင်ပျက်ပျက်၊ နေ့တထိတ်ထိတ် ညတထိတ်ထိတ်၊ ရှင်တို့တစ်တွေ ကြောက်ရ၊ တစ်ဖက် ရန်သူ ကြောက်ရနဲ့ ဒုက္ခ အမျိုးမျိုး ရောက်ပြီး သေရတာထက် စိတ်ဆင်းရဲနေကြရတဲ့ ဘဝထဲမှာ ပျော်ပြတ်နေကြတယ် ဆိုတဲ့ လူတွေကို ကိုယ်ချင်းစာနိုင်ပါ့မလား'

ဗိုလ်မှူးရုဝံသည် ကြက်ပေါင်ကြော်ကြီးကို ဝါးရင်း စံပယ်၏ မျက်နှာကို တစိမ့်စိမ့် ကြည့်လျက် တဖြည်းဖြည်း ပြုံးလာသည်။

'ကိုယ်တို့ အလုပ်က ဒါတွေကို တွေးနေဖို့ ကိုယ်ချင်းစာနေဖို့ အလုပ်မဟုတ်ပါဘူးကွယ်၊ ကိုယ်တို့ လုပ်ရမှာက ဒီတိုင်းပြည်ကြီးနှင့် ဒီတိုင်းပြည်ကို အုပ်စိုးနေတဲ့ ကိုယ်တော်ကလေး ဘယမင်းရဲ့အတွက် အသက်စွန့်ပြီး ရှေ့က တိုက်နေတယ်၊ မင်းတို့တစ်တွေ ကိုယ်တို့ များများ တိုက်နိုင်အောင် ကိုယ်တို့ စားဖို့ ပေးကြဆိုပြီး မရှိရှိတာ ယူဖို့ရယ်၊ ပြီးတော့ မသေခင် ဝဝစား ပျော်ပျော် နေဖို့ရယ်၊ ပြီးတော့ တိုက်ဖို့ရယ်၊ ဒါပဲ ကိုယ်တို့ အလုပ်ကွ၊ ကိုယ်တို့က ဘယ်သူ့ကိုမှ

ရင်ဝယ်သားကဲ့သို့ သနားနေစရာ မလိုဘူး၊ ကိုယ်တို့ လုပ်နေရတဲ့ အလုပ်က လူသတ်နေရတဲ့ စစ်တိုက်တဲ့ အလုပ်၊ ကိုယ်တို့က စစ်သား။ စစ်သား ဆိုတာဟာ ကိုယ့်ဘက်ကို ဆန့်ကျင်နေတဲ့ လူတွေကို အကုန်လုံး ရှုံးသွားအောင် သတ်နိုင်ရင်၊ အနိုင်ကျင့်နိုင်ရင် စစ်သား ပီသတဲ့ စစ်သား၊ စစ်သားကောင်းပဲ၊ ဒါပဲ။ စစ်သား ဖြစ်ရင် စစ်သားကောင်း ဖြစ်ဖို့ပဲ လိုတယ်၊ တခြား ဘာမှ ဖြစ်ဖို့လည်း မလိုဘူး၊ သိဖို့လည်း မလိုဘူး၊ ကဲ ... ဟုတ်ရဲ့လား အမျိုးသမီး'

ဗိုလ်မှူးရှုဝံသည် ခပ်တွေတွေ နားထောင်နေသော စံပယ်၏ မေးကို လက်ဖြင့် ဆွဲမရင်း တုံ့ပြန် မေးခွန်း ထုတ်လိုက်သည်။ စံပယ်က ဗိုလ်မှူးရှုဝံ၏ ရွှင်ပျနေသော မျက်နှာကို မျက်လွှာပင့်၍ ကြည့်လိုက်သည်။

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ယုံလည်း ယုံပါတယ်၊ ရှင်ဟာ စစ်သား ပြီးပြီ အဲ စစ်သားဆိုတာထက် စစ်သားတွေ အပေါ်မှာ အုပ်ချုပ်နေရတဲ့ စစ်ဗိုလ်မှူး ကြီးပီပီ၊ အခုလည်း စစ်သားကျင့် စစ်သားကြံ ကြံလိုက်တယ် ဆိုပါတော့၊ ဒီမယ်ရှင့် မိန်းကလေး တစ်ယောက်ရဲ့ အစ်ကိုတွေ မောင်တွေနဲ့ မျက်နှာကြောမတည့်နိုင်အောင် အတင်း အနိုင်ကျင့်ထားတဲ့ လူတစ်ယောက်က အဲဒီ အစ်ကိုတွေ မောင်တွေရဲ့ နှမ ဖြစ်တဲ့ မိန်းကလေး အနားကို ဘယ်လိုလုပ်ပြီး ချဉ်းကပ်ခွင့် ရနိုင်မလဲ နည်းနည်း ပါးပါးများလည်း စဉ်းစားကြည့်ပါဦး၊ ဒီအစ်ကိုတွေ မောင်တွေဟာ အဲဒီလူ အမြင် ကတ်တာနဲ့ လူတို့ရဲ့ နှမကို ယက္ခကုမ္ဘာန်တွေ ဝိုင်းရံ စောင့်သလို စောင့်နေကြတော့ မှာပဲ ဆိုတာများ မတွေးမိဘူးလား'

ဗိုလ်မှူးရှုဝံသည် စံပယ်၏ ထမင်းပန်းကန်ထဲသို့ ကြက်သည်းကြော်ဖတ် တစ်ခုကို ထည့်ပေးလိုက်ပြီး ဖန်ဘူးနှင့် လှောင်ထားသည့် ပယင်းရောင် ပေါ်တူဂီ အရက်ကို ငွေခွက်ထဲသို့ ငှဲ့ထည့်ရင်း တဟားဟား ရယ်လိုက်သည်။

'မပူစမ်းပါနဲ့ စံပယ်ရာ ကိုယ်တို့ စစ်သား ဆိုတာက လုပ်ချင်တာ လုပ်ရ ဖို့ ဆိုရင် အစုံတတ်တဲ့ အကောင်တွေပါကွ၊ အခုကြည့်လေ စံပယ့် အစ်ကို ဗိုလ်ဝဏ္ဏကို စစ်ရေးကိစ္စနဲ့ ခရီးဝေး လွှတ်လိုက်ပြီးပြီ၊ စံပယ့်မောင် အငယ်ဆုံး ဗလကိုလည်း သားတော်ငယ် ဘယမင်းရဲထံကို ကိုယ့်ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ စေလွှတ်ပြီးပြီ၊ ဟော အခု စံပယ်ရဲ့ အစ်ကိုလတ် ကိုသုခကိုတော့ လက်နက်တွေ ဝယ်ဖို့အတွက် ပေါ်တူကီ ကုန်သည်တွေဆီကို မနက်မှ လွှတ်ဖို့ စီစဉ်ထားတယ်၊ သူတို့တစ်တွေဟာ နောက်တစ်ပတ်လောက်အတွင်း ဘယ်တော့မှ ဒီအိမ်ကို ပြန် မရောက်ဖူး၊ ဒီမှာ ကိုယ်တို့ စစ်သားတွေ ဘယ်လောက် တတ်တယ် ဆိုတာ



မျက်နှာကို ကြည့်ထားလိုက်စမ်း၊ ဒါဟာ မနေ့ညက ဒီက ပြန်သွားပြီ၊ တစ်ညတာညီး အလုပ် လုပ်လိုက်တာ နောက် ကိုသုခကြီးတို့ အပြင် ဆောင်ရွက်နေကြတဲ့ ခုနစ်ရက် လောက် အချိန်တွေမှာ အလုပ် လုပ်ရမယ်ဆိုရင် ဘယ်လောက်တောင် ဖြစ်မယ် ထင်သလဲ၊ ကိုယ် တတ်တာတွေကို ညကျရင် စံပယ့်ကို လက်တွေ့ပြဦးမယ် သိလား'

ပေါ်တူဂီ ဘရန်ဒီ တစ်ကြိုက် နှစ်ကြိုက်မျှ ကြိုက်လိုက်ရင်း ဗိုလ်မှူးရှုဝံ၏ နှုတ်မှ ဤစကားများ ထွက်လာသောအခါ စံပယ်သည် ခပ်တွေတွေ ငြိမ်ရင်း နှုတ် ဆိတ်သွားမိသည်။ ထူးဆန်းသည်မှာ ဗိုလ်မှူးရှုဝံကို မုန်းစိတ် ရွံ့စိတ် မပေါ်ဘဲ ရင်ကလေးများပင် ဖိုလှိုက် လှုပ်ရှားထားလိုက်သေးသည်။ ထို့ကြောင့် မိမိ၏ လှုပ်ရှားမှု ကို ဖုံးဖိရန် စကားကို လွှဲပြောင်းပစ်လိုက်သည်။

'ဒီပြည်တွင်းစစ်ကြီး ဒါလောက် ရှည်နေရတာလည်း မကောင်းပါဘူး၊ အခု သာစည်မော် ပတ်ဝန်းကျင်မှာရှိတဲ့ ရန်သူ့တပ်တွေကို တိုက်ထုတ်ဖို့ကော ဘယ်လောက်များ ကြာဦးမလဲ'

'ရန်သူ့ တပ်တွေက အင်အား ဖြည့်နေကြတယ်၊ ခက်တာက မင်းသား ကလေး ဘယမင်းရဲကသာ ကိုယ်ပေးတဲ့ အကြံကို လက်ခံမယ်ဆိုရင် ဒီနေရာတွေ ဟာ ကိုယ်တို့ စိုးမိုးနိုင်တဲ့ နေရာတွေ ဖြစ်နေပြီ၊ ခုတော့ စိတ်ပုတီးနဲ့ ရိပ်ကြီးခိုမယ့် ဆဲဆဲမှာ မေတ္တာသုတ် တစ်ခုလုံးကို ပုဒ်မပါ ကြုံးပြီး သတ္တဝါအားလုံး အသက်ရှည် ပါစေလို့ နေ့တိုင်း နေ့တိုင်း ဆုတောင်းနေတဲ့ ကဗျာဆရာ အမတ်ကြီးရဲ့ စကားကို နားထောင်ပြီး စစ်ကို အတိုက်ခိုင်းနေတာ သိပ်သိပ် ခက်နေတာပေါ့၊ ရဲမက်တော်သား တွေ စုဆောင်းရတယ် ဆိုတာလည်း မလွယ်ဘူး၊ ရိက္ခာတော်ငွေ မရဘဲနဲ့ ဘယ်ရဲမက် ကမှ ဆွေမျိုး မိဖ သားမယားနဲ့ ခွဲပြီး အသေခံကြရမယ့် စစ်တိုက်ရတဲ့ အလုပ်မျိုး ကို မလုပ်ချင်ကြဘူး၊ ဒါကို တကယ် လက်တွေ့ နားမလည်ဘဲနဲ့ ရိက္ခာတော်ငွေ ရတဲ့ နည်းနဲ့ ရာတာမျိုးကို ကန့်ကွက်တယ်ဆိုတော့ အိုကွာ တော်တော့်ကို ခက်ပါတယ်'

ဗိုလ်မှူးရှုဝံသည် တကယ် စိတ်ပျက် စိတ်ညစ်လျက် လက်ထဲရှိ ငွေဖလား မှ အရက်များကို ကြိုက်လိုက်သည်။ စံပယ်က မိမိ လွှဲပြောင်းပြောလိုက်သော စကားတွင် ဗိုလ်မှူးရှုဝံ စိတ်ဝင်စားသွားသည့်အတွက် မသိမသာ ပြုံးလိုက်သည်။

'ဒါထက် အဲဒီ ပေါ်တူဂီ အရက်တွေက ရှားက ရှားပါဘိသနဲ့၊ ပစ္စည်းတွေ ချနေတုန်းက အတော်များများ မြင်လိုက်မိသလားလို့'

'မြို့စားပုံချီကြီးရဲ့ ကောင်းမှု ကုသိုလ်တော်ပေါ့၊ ကိုယ်တို့ သူ့ရဲ့ မြို့ပုံဂေဟာမှာ ရှိသမျှ အားလုံးကို အဝတ်ချွတ်သလို ချွတ်ခွာလာကြတယ်လေ၊ အဲဒီတုန်းက ရလာတဲ့ ပေါ်တူဂီ အရက်တွေပေါ့၊ ဒါကြောင့်လည်း မြို့စားပုံချီကြီးက လင်းသာဂေဟာကို အမိုးနဲ့ နံရံတွေပဲ ကျန်ရစ်အောင် ဖျက်ထားခဲ့တာပဲ မဟုတ်လား၊ ကိုယ့်ဘက်က ဒီလိုလုပ်ရင် သူ့ဘက်ကလည်း ဒီလို လုပ်မှာပဲ၊ နောက် တဖြည်းဖြည်း လုပ်သင့်တာတွေထက် ပိုပိုလာတော့ အစ်ကိုတို့တစ်တွေက အချင်းချင်းပေါ်မှာသာ ပြုလုပ်နေကြတာ မဟုတ်ဘူး၊ အစ်ကိုတို့ရဲ့ ကြားထဲမှာ ရှိနေကြတဲ့ အရပ်သူအရပ်သားတွေ အပေါ်ပါ လက်စွမ်းပြနေကြတာ၊ ဒီတော့ အရပ်သူ အရပ်သားတွေအတွက် ပိုမနာဘူးလား၊ ဒီလို နှစ်ဖက်လုံးက သွားလာ ဝင်ထွက်နေကြတဲ့ အရပ်သူအရပ်သားတွေပါ နာကုန်ကြတယ်ဆိုတာ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုး တစ်ခုလုံးပါ နာကုန်ကြရတာပဲ မဟုတ်လား၊ ဘယ်မလဲ အစ်ကိုတို့ အလုပ်ဟာ တိုင်းပြည်ကောင်းအောင် လုပ်တဲ့ အလုပ်၊ တိုင်းပြည်ကို ဖျက်ဆီးတဲ့ အလုပ်၊ လူတွေကို ငတ်အောင် ပြတ်အောင်၊ ဒုက္ခရောက်အောင် လုပ်နေကြတဲ့ အလုပ်၊ ဒီအလုပ်တွေအစ်ကိုတို့ကို ဘယ်မှာ ကောင်းကျိုး ပေးနိုင်ပါဦးမလဲ၊ စဉ်းစားပါဦး'

ဗိုလ်မှူးရှုဝံသည် စံပယ့်မျက်နှာကို စူးစူးစိုက်စိုက် ငြိမ်သက် ကြည့်နေရာမှ တဖြည်းဖြည်း ပြုံးလာသည်။

'ကိုယ်တို့ဆီက ကဗျာဆရာ အမတ်ကြီးကလည်း မိန်းကလေး ပြောသလို ပြောပြီး မိန်းကလေး တွေးသလို မတွေးတာဘဲ ထူးခြားတာက ဒါကြောင့် ဘယ်လိုသာ တိုက်ရမယ်ဆိုတဲ့ အစီအစဉ်တွေ ချချနေတာပဲ ထူးခြားတယ်၊ ကိုယ် ပြောမယ်၊ နေရာတစ်ခုမှာ စစ်တိုက်ပြီဆိုရင်တော့ စစ်တိုက်နေတာနဲ့ တူအောင်ပဲ တိုက်ကြရမှာပဲ၊ ဟိုလို ကောင်းအောင် လုပ်ပါတယ်၊ ဒီလို ကောင်းအောင် လုပ်ပါတယ်ဆိုတာ စစ်တိုက်တဲ့လူက သူလုပ်သမျှ အကောင်းချည်း ထင်အောင်၊ တရားတယ်ချည်း ထင်ကြရအောင် အသံကောင်းလွှင့်ပြနေကြရတာချည်းပဲ။ စတိုက်ကြကတည်းက ကိုယ်က နိုင်ချင်လို့ တိုက်တာ၊ ကိုယ့်ဘက်က တိုင်းပြည်ကို အုပ်ချုပ်ထားချင်လို့ တိုက်တာ၊ ဒီမှာ မိန်းကလေး တိုက်တယ် ဆိုတဲ့ စကားကို နားလည်ရဲ့လား'

ဗိုလ်မှူးရှုဝံ၏ မျက်နှာသည် တကယ့် မသိ နားမလည်သည့် အဘုချောကလေးကို ကြည့်ပြောနေသကဲ့သို့ ကြည့်ပြောနေ၏။ စံပယ်က မိမိအား ဤသို့ ပြောသည်



ပြုသည်ကို မခံချင်စိတ်ကလေး ပေါ်မိသော်လည်း ငြိမ်သက်၍ ကြည့်နေမိ၏။ ဗိုလ်မှူးရှုဝံက ငွေဖလားထဲမှ အရက်ကို ကျိုက်၍ ငွေဖလားကို ချလိုက်သည်။

'ဒီမယ် စစ်တိုက်တယ် ဆိုတာလေ ကိုယ်တို့ဘက်က တိုင်းပြည်ကို အုပ်ချုပ်ချင်ကြတာနဲ့ ကိုယ်တို့လို အပြိုင် အုပ်ချင်တဲ့လူတွေနဲ့ ဘက်တော်သားတွေကို လူ့ပြည်မှာ မရှိတော့အောင် အကယ်လို့ ရှိနေရင်လည်း အပြိုင် အုပ်ချုပ်ချင်ပါတယ်လို့ မပြောဝံ့အောင် နှိပ်စက်ကြရတာ၊ သတ်ကြရတာ၊ အဲဒါကို စစ်တိုက်တာလို့ ခေါ်တာ၊ ဒီလို သတ်ကြ နှိပ်စက်ကြ ပြုလုပ်တဲ့ကာခါမှာလည်း စံပယ်တို့လို ဘေးက လူတွေကပါ တစ်ဖက်က လူတွေကို မပြောဝံ့ကြ၊ မပြုဝံ့ကြအောင် ဒီဘက်က စစ်နိုင်အောင် ပြုလုပ်သမျှ ကြည်ကြည်ဖြူဖြူနဲ့ အမြီးမလှုပ်ဘဲ တိတ်တိတ်ကလေး ငြိမ်နေကြအောင်၊ ဒီဘက်က သတ်နေတာတွေ၊ နှိပ်စက်နေတာတွေဟာ မှန်လှချည်ရဲ့၊ ဟုတ်လှချည်ရဲ့လို့ ဖြစ်လာအောင် ခွဲခွဲညားညား တရားဝင် သတ်ပြ နှိပ်စက်ပြနေတာကို စစ်တိုက်တယ်လို့ ခေါ်တယ်၊ ဒီတော့ ဒီလို သတ်ရ နှိပ်စက်ရတဲ့ အလုပ်ကို ဘယ်လိုလုပ်ပြီး ကောင်းနေအောင် မှန်နေအောင် လုပ်လို့ရမလဲ၊ စစ်တိုက်တယ်ဆိုတာက စကားကို ဂုဏ်ရှိအောင် ထုလုပ်ထားတာ၊ အဓိပ္ပာယ်ကတော့ ကိုယ်နဲ့ ပြိုင်ဘက်တွေကို သတ်ပစ်ရတဲ့ အလုပ်၊ အဲဒီ ပြိုင်ဘက်တွေဟာ မသေလို့ ကျန်နေရင်လည်း နောက်ထပ် ဆက်မပြိုင်ဝံ့အောင် နှိပ်စက်ရတဲ့ အလုပ်၊ ဒီလို လုပ်တဲ့နေရာမှာ ကိုယ်က နိုင်ဖို့ တစ်ခုတည်းကိုသာ ကြည့်ရတဲ့ အလုပ်၊ ဒါကြောင့် အချစ်ရေးနဲ့ စစ်ရေးမှာ နိုင်အောင် ပြုလုပ်ခြင်းဟာ မတရားမှုရယ်လို့ ဘယ်တော့မှ မရှိဘူးတဲ့၊ ဒီတော့ တကယ် တရားချင်ရင် စစ်သားလည်း မလုပ်နဲ့၊ တကယ်ချစ်ပါတယ်ဆိုတဲ့ ချစ်သူမျိုးလည်း မလုပ်နဲ့၊ ဘယ်တော့မှ မဖြစ်နိုင်ဘူး စံပယ်ချေ၊ မသေမချင်း လပျဉ်းကြမ်းညပ်သည်အထိ မှတ်လိုက်ပေတော့၊ ဒီတော့ကော ကိုယ်လည်း မြို့စားပုံချီကြီးရဲ့ နေရာမှာ ရှိနေမယ်ဆိုရင် ရန်သူ့ဘက်သားဖြစ်တဲ့ လင်းသာဂေဟာကို ဒီလိုပဲ လုပ်မှာပဲ၊ စစ်ဖြစ်နေတဲ့အချိန်မှာ ဒီလို ခံရတာမျိုးဟာ မဆန်းဘူး၊ ဒါပေမဲ့ ဒီလို ကိုယ်လုပ်သမျှတွေကို များများ ဖုံးဖိနိုင်ဖို့ လူတွေက တရားတယ်၊ မှန်တယ်လို့ ထင်လာ ပြောလာအောင် များများ လုပ်ပေးနိုင်ဖို့ဆိုတဲ့ ပညာရပ်ပါ ပြည့်စုံမှ တကယ့် စစ်သားကောင်း စံပယ်ချေ နားလည်ပလား'

စံပယ်သည် ဗိုလ်မှူး ရှုဝံ၏ မျက်နှာကို ကြည့်ရင်း ရင်ထဲတွင် တစ်မျိုးတစ်မည် ခံစားနေရသည်။ ဤမျှ ရိုင်းစိုင်း ရက်စက်သော အလုပ်အဖြစ် သိနေပါလျက် ဘာကြောင့် မက်မက်မောမော ပြုလုပ်နေရပါသနည်းဟု တွေးသည်။ အနုတ်မထင် ပျော်ပျော်ရွှင်ရွှင် ကြီးပြင်းလာခဲ့ရာမှ မိမိ ချစ်မြတ်နိုးသော မျိုးကောင်းရိုးကောင်း

တစ်စုံတစ်ယောက်နှင့် အိမ်ထောင်ပြုရတော့မည်ဆဲဆဲတွင် မိမိကိုယ်မိမိ ယုတ်နိမ့်သော အမျိုးအနွယ်၏ သားသမီးအဖြစ် သိလိုက်ရသကဲ့သို့ စံပယ်၏ ရင်ထဲ၌ ခံစားလိုက်ရသည်။ စံပယ်သည် မသိမသာ ပင့်သက်ရှိုက်လိုက်၏။

'ယလောက် ယုတ်မာရက်စက်ရတဲ့ အလုပ်မျိုးမှန်း သိနေရက်နဲ့ ဘာကြောင့်များ လုပ်နေရတာလဲ အစ်ကိုရှုဝံရယ်။ လူဖြစ်လာရဲ့ ဘဝမှာ ယင်းပိုင်မျိုး လုပ်ပြီး ထမင်းတစ်လုတ်စား အသက်ရှင်နေရမယ့်အစား အငတ်ခံပြီး သေပစ်လိုက်တာကမှ ဂုဏ်ရှိလိမ့်ဦးမယ်'

'ဝေး ... ဇာလူက ပြောသလဲ၊ လူတွေက ရိုးရိုး လုမ်ကိုင်စားလို့ ငတ်သေသွားတဲ့ လူကို တွေ့ရင် အလကားအကောင် ငနွား သေတာပဲ ကောင်းတယ်လို့ ပြောကြတာ၊ ကိုယ်တို့ကို သတ်နိုင် ဖြတ်နိုင်သူများ ထမင်းလုတ်ကို တရားဝင် လုပိုင်နိုင်တဲ့ လူမျိုးကျတော့ ရိက္ခာတော်လဲရတယ်၊ ရထားလုံးကြီးတွေ၊ မြင်းချောကြီးတွေများ စီးသွားရင် လူတွေဟာ အဝေးက ငေးကြည့်ပြီး တို့ဗိုလ်မှူးကြီး ကျက်သရေရှိလိုက်တာလို့ ပြောနေကြတာ မဟုတ်လား၊ တကယ့် မျက်မှောက် လက်တွေ့စကားကိုသာ ပြောစမ်းပါ စံပယ်၊ စိတ်ကူးယဉ်စကားတွေကို ကိုယ်တို့ရဲ့ အမတ်ပညာရှိကြီးလို ပြောမနေစမ်းပါနဲ့'

စံပယ်က စိတ်မသက်မသာဖြင့် ဖြည်းညင်းစွာ ခေါင်းကို ရမ်းလိုက်သည်။ သို့သော် ဗိုလ်မှူးရှုဝံ၏စကားမှာ လက်တွေ့အားဖြင့်မှန်နေသောကြောင့် မငြင်းနိုင်။

'မျိုးနဲ့ရိုးနဲ့မို့လား မသိဘူး၊ အစ်ကိုရှုဝံနဲ့ မမတာရာတို့ လုပ်တာကိုင်တာ ပြောတာဆိုတာတွေကို တွေ့ရတာ စံပယ်တော့ ကြက်သီးထတယ်'

'ဇာပြုလို့လဲ၊ ကိုယ့်အစ်မ တာရာက ဇာလုပ်တာကို တွေ့လို့လဲ'

ဗိုလ်မှူးရှုဝံသည် မျိုးရိုးကို ထိလိုက်သောကြောင့် ထင်သည်။ မျက်မှောင်ကြုံ့သွား၏။ စောစောကချထားသည့် ငွေဖလားကို ဆွဲယူလိုက်ပြီး ပေါ်တူဂီဘရန်ဒီများကိုလည်း ထည့်ပြန်၏။ စံပယ်က ဗိုလ်မှူးရှုဝံကို နောင်တရစေချင်သည်။ အမှန်ကို မြင်စေချင်သည်။ ထို့ကြောင့် အေးအေးလူလူပင် ဗိုလ်မှူးရှုဝံ၏ အဆီပြန်နေသည့် နဖူးပြင်ကြီးကို ကြည့်လျက် ...

'မောင်တစ်ယောက်လုံးက တပ်မှူးလုပ်ပြီး ရန်သူကို တိုက်နေတဲ့ အချိန်မှာ ရန်သူဘက်က နိုင်နေတော့ ရန်သူဘက်မှာ အကြီးဆုံးဖြစ်တဲ့ မြို့စားပျံချီကြီးနဲ့ တွဲလို့၊ မောင့်ဘက်ကလူရဲ့ အိမ်မှာ ငွေစငွေထည်တွေ ရှိမလား ရမလားလို့ တိုးတိုးတိတ်တိတ် ရှာခိုင်းတယ်၊ နောက်တစ်ခါ ရန်သူဘက်က အရေးနိမ့်ပြီး မောင့်ဘက်က နိုင်လာတော့ မောင့်ဘက်မှာ ပါလာတဲ့ သူကြွယ်ကြီး ဦးဘောဂနဲ့



အလွယ်တကူ တွဲလိုက်တယ်၊ ဘယ်လောက် သစ္စာမဲ့သတုံး၊ မောင်က လူသတ်သမား၊ သူတစ်ပါး အိုးအိမ် ပစ္စည်းတွေကို တရားဝင် လုယက်နေတဲ့လူ၊ အစ်မက ပပြားပင်လို ဟိုယိမ်းသည်နွဲ့ သစ္စာမဲ့တဲ့ အမျိုးသမီး၊ ကဲ ... အစ်ကိုရှုဝံပဲ စဉ်းစားကြည့်စမ်း'

စံပယ်က ဗိုလ်မှူးရှုဝံ စိတ်ထိခိုက်နာကြည်းအောင် တမင်ပြောခြင်းဖြစ်၏။ မိမိ အဖြစ်ကိုရော မမတာရာ၏ ဘဝကိုပါ စိတ်နာကြည်းလျက် ဤလူကြမ်းလူရမ်း စစ်သားကြီးအဖြစ်မှ အကျွတ် ကျွတ်သွားအောင် ချွတ်နေခြင်း ဖြစ်၏။ သို့သော် ဗိုလ်မှူးရှုဝံက စံပယ် ထင်သလို နာကြည်းဟန်မပြဘဲ ငွေဖလားထဲမှ အရက်ကိုမော့ပြီးနောက် တဟားဟား ရယ်ချလိုက်၏။

'ဒီမှာ စံပယ်ချေရဲ့၊ ရှုဝံတို့ အမျိုးဟာ ဘယ်တော့မှ သစ္စာမမဲ့ဘူး၊ မမတာရာဆိုရင် ကိုယ့်ထက်တောင် သစ္စာ ရှိတယ်၊ နားလည်လား၊ သစ္စာ ရှိတယ် ဆိုတာ ဘာကို ခေါ်တာလဲ၊ ဘယ်လောက်အထိ အတိုင်းအတာ ရှိသလဲ၊ ကိုယ် မေးကြည့်မယ်၊ အခု ကိုယ် ဆိုပါတော့။ သားတော်ကလေး ဘယမင်းရဲက ပြည်သူပြည်သားတွေ အပေါ်မှာ ကောင်းသည်ဖြစ်စေ၊ နှိပ်စက်သည်ဖြစ်စေ သားတော်ကလေး ဘယမင်းရဲရဲ့ တစ်ပါးကျွန်အဖြစ် တစ်သက်လုံး လုပ်နေတာဟာ ကိုယ့်ရဲ့ အလုပ်မှာ ကိုယ့်ကို သစ္စာရှိတယ် ခေါ်မလား၊ ဒါမှမဟုတ်ရင် ...'

သားတော်ကလေး ဘယမင်းရဲက ပြည်သူပြည်သားတွေ အပေါ်မှာ ကောင်းနေတုန်း ကိုယ်ဟာ သားတော်ကလေး ဘယမင်းရဲရဲ့တပ်မှူးဖြစ်ပြီး ...

သားတော်ကလေးက ပြည်သူပြည်သားတွေ အပေါ်မှာ မကောင်းတော့ဘဲ သားတော်ကြီး စောရန္တမိတ်က ပြည်သူပြည်သားတွေအပေါ် ကောင်းလာတဲ့အခါ ကိုယ်ဟာ စောရန္တမိတ်ရဲ့ တပ်မှူးကြီး ဖြစ်လာပြီး ...

'စောရန္တမိတ်က ပြည်သူပြည်သားတွေ အပေါ်မှာ မကောင်းတော့ဘဲ စောသျှင်မိက ပြည်သူပြည်သားတွေ အပေါ်မှာ ကောင်းလာရင် ကိုယ်လည်း စောသျှင်မိရဲ့ တပ်မှူးကြီး ဖြစ်နေပြန်တယ် ဆိုပါတော့။ အဲဒီတော့ ကိုယ့်ကို ဘယ်လိုခေါ်မလဲ၊ သစ္စာဖောက်ကြီး၊ သာယာစီးကြီးလို့ ခေါ်မလား'

စံပယ်သည် ဗိုလ်မှူးရှုဝံကို လူကြမ်းလူရမ်း လူသွမ်း လူဆိုးကြီး အဖြစ်သာ သတ်မှတ်ထားခဲ့သည်။ ယခုကဲ့သို့ နက်နက်နဲနဲ စကားမျိုးကို မေးလိမ့်၊ ပြောလိမ့်မည့်သူမျိုးဟု မထင်ခဲ့။ ယခု မိမိအား ပြန်၍ မေးလာ ပြောလာသောအခါ ရုတ်ခြည်းမည်သို့မျှ မဖြေတတ်ဘဲ ငေးငိုင်၍သာ ကြည့်နေမိသည်။ ထို့ပြင် အစ်မဖြစ်သူ မမတာရာကို ကာကွယ်ဖို့စကား ပြောမလို့ဘဲဟုလည်း ဝမ်းထဲကစွပ်စွဲလိုက်သည်။

သူသည် အချိန်ပေးသည့်အနေဖြင့် အရက်ဖလားကို ကျိုက်ချလိုက်ပြီးမှ စံပယ့် မျက်နှာကို စိတ်ရှည်သော အပြုံးဖြင့် ကြည့်သည်။

'ဒီမယ် ကောင်းကောင်း မကောင်းကောင်း မျက်လုံးပိတ်ပြီး တစ်ဖက်သတ် သားတော်ကလေးရဲ့ ဘက်တော်သား လုပ်သွားရင် ကိုယ်ဟာ ကိုယ့်အလုပ်ကို သစ္စာရှိတဲ့ သူတော့ဖြစ်မှာ မဟုတ်ဘူး၊ ကိုယ့်အလုပ်ကို သစ္စာမဲ့တဲ့ သားတော်ကလေး ရဲ့ သစ္စာရှိ တစ်ပါးကျွန်ပဲ ဖြစ်မှာပဲ၊ စောစောက ပြောသလို ကောင်းတဲ့ မှန်တဲ့ဘက် တိုင်းကို ပြောင်းပြောင်းပြီး အမှုထမ်းတဲ့လူမျိုး ဖြစ်ခဲ့ရင်လည်း ...

ကိုယ်ဟာ သားတော်ကလေးရဲ့ ဘက်တော်သား သစ္စာရှိသက်သက် မဟုတ် သလို သားတော်ကြီး စောရန္တမိတ်ရဲ့ ဘက်တော်သား သစ္စာရှိ တစ်ယောက်လည်း မဟုတ်နိုင်ဘူး။ အဲဒီ အတိုင်းပဲ မိဖုရား စောသျှင်မိရဲ့ ဘက်တော်သား သစ္စာရှိကြီး လည်း ဖြစ်မလာဘူး။ ပြီးတော့ တချို့ မလိုသူတွေ ပြောခွင့် ရနိုင်ကြသလို သာယာ စီး သစ္စာဖောက်ကြီးလည်း မဟုတ်ဘူး။ အဲဒီတော့ ဘယ်လို ဖြစ်နိုင်သလဲ သိလား ... ဒီမှာ။

ကိုယ်ဟာ လူပုဂ္ဂိုလ်တွေရဲ့ သစ္စာရှိ အမှုထမ်း တစ်ယောက် မဖြစ်နိုင်ခဲ့ပေ မယ့် ဟောဒီ ဒွါရာဝတီပြည်ကြီးရဲ့ သစ္စာရှိ အမှုထမ်းကောင်း တစ်ယောက် နေရာမှာ ရပ်တည်နိုင်တယ် နားလည်ရဲ့လား။ သစ္စာဆိုတဲ့ စကားလုံးဟာ အဲဒီလို အတိုင်းအတာ ရှိတယ်။ အကန့်အသတ် ရှိတယ်။ မမတာရာမှာလည်း အဲဒီလို သစ္စာမျိုး ရှိတယ်။ သူ့မှာ ရန်သူတွေ မိတ်ဆွေတွေ ဆိုတာ မရှိဘူး။ သူ ကိုးကွယ် ဆည်းကပ်တာက ငွေ ဒီတော့။

'ဘယ်အခါမဆို ငွေရအောင် ရှာပေးနိုင်တဲ့ စည်းစိမ်ဥစ္စာ တန်ခိုးအာဏာ ရှိသူ မှန်သမျှ သူ့ရဲ့ သားကောင်း အမည်းကြီးပဲ၊ အဲဒါ သူ့ရဲ့ သစ္စာတရားပဲ၊ ဒါလည်း ဘာမှ ဆန်းတဲ့ဟာ မဟုတ်ပါဘူး၊ ဒီသစ္စာတရားမျိုးဟာ အခုလို ပြည်တွင်း စစ်ကြီး ဖြစ်နေတဲ့ အခါမျိုးမှာ အရောင်းအဝယ်တွေ လုပ်နေကြတဲ့ ကုန်သည်ကြီး တွေတိုင်း ကျင့်သုံးတတ်ကြတဲ့ သစ္စာတရားမျိုးပါပဲ၊ ကဲ ကိုယ် ပြောတာ ရှင်းရဲ့လား'

စံပယ့် အဖို့ နောက်ထပ် ထွေထွေထူးထူး ပြောရန် မလိုတော့ပါ။ သို့သော် မဆီမဆိုင် နံနက်ဆီက အစ်ကိုဖြစ်သူ ကိုသုခက မိမိ ပြုမူပုံသည် မိန်းမပေါ့လို့ ဖြစ်နေသည်ဟု ဆိုခြင်းနှင့် ယခု ဗိုလ်မှူးစူဝံက အစ်မဖြစ်သူ မမတာရာကို ငွေရှိသူ မှန်သမျှတို့အား အမည်းကောင်လို သဘောထားတတ်သည်ဟု ဆိုနေသည့် စကား သည် မည်သည့် စကားက ပို၍ စေတနာပါ ပါသနည်းဟု တွေးကြည့်နေမိသည်။ ထိုစဉ် ဗိုလ်မှူးစူဝံသည် ထမင်းစားပွဲမှ ထကာ ပြတင်းပေါက်ဆီသို့ သွားလျက်



မီးကလေးများ မှိတ်တုတ် မှိတ်တုတ် လက်နေသော ကင်းမော် ဆိပ်ကမ်းမြို့ ရှိရာ ဘက်သို့ မျှော်ကြည့်နေသည်။

'ဒီကနေ့သာတော့ စစ်ရေးစစ်ရာကိစ္စမှာ လောင်းကစားသမား တစ်ယောက်လို စွန့်ကြည့်လိုက်တာပဲ၊ အောင်မြင်ရင်တော့ နက်ဖြန် နေမဝင်ခင်ဘဲ ကင်းမော်ဆိပ်ကမ်း မြို့ဟာ ကိုယ်တို့ ပိုင်နက်ထဲကို ရောက်လာရတော့မှာပဲ။

ဗိုလ်မှူးစူဝံ၏ စကားသည် မိမိဘာသာ မိမိ တစ်ယောက်တည်း ပြောသကဲ့သို့ ညည်းသလိုလို ဖြစ်နေ၏။ စကား အဆုံးတွင်လည်း ညင်ညင်သာသာ ပင့်သက် မှုတ်ထုတ်လိုက်ပြီး ငြိမ်သက်နေ၏။ ထိုအပြုအမူတို့သည် ထိုကိစ္စနှင့် ပတ်သက်၍ စံပယ့်ကို စိတ်ဝင်စားလာစေနိုင်သည်။

'ဘယ်လို စွန့်စားကြည့်လိုက်တာမျိုးလဲ'

ဗိုလ်မှူးစူဝံ ရှိရာမှ တော်တော်နှင့် စကားပြန်မရ၊ အတော်ချည်းကြာမှ ပြတင်းကို ကျောခိုင်းလိုက်ကာ စံပယ့်ဘက်ကို လှည့်လိုက်သည်။

'ကိုယ်က သိပ်တော့ စိတ်မပါပါဘူးကွာ၊ ဒါပေမဲ့ ဒီအစီအစဉ်က အထက်က ချပေးတဲ့ အစီအစဉ်၊ သူတို့က စစ်တိုက်နေကြပါတယ် ဆိုတာကိုပဲ လူတွေ အသေ အပျောက် နည်းနိုင်သမျှ နည်းအောင် သက်သာနိုင်သမျှ သက်သာအောင် ဒီအစီ အစဉ်ကို စမ်းသပ်ကြည့်ခိုင်းတာတဲ့လေ၊ စစ်တိုက်တယ်ဆိုတဲ့ အလုပ်ဟာ တစ်ဖက်နဲ့ တစ်ဖက် သတ်ကြရမယ့် အလုပ်ပဲဟာ ကိုယ် အသေခံကြရမှာ သူများ သေကုန် ကြမှာကို စိုးရိမ်နေရင် ဘာလို့ စစ်တိုက်နေကြရသေးလဲ၊ သိပ်စိတ်ပျက်စရာ ကောင်းတာ'

'သူတို့ရဲ့ အစီအစဉ်ဟာ လူအသေအပျောက် နည်းတယ်၊ ပင်လည်း မပင် ပန်းကြဘူး ဆိုရင် စိတ်ပျက်နေဖို့ လိုသေးလား၊ စမ်းကြည့်လိုက်ရုံပေါ့၊ မဖြစ်လည်း မဖြစ်ဘူး ပြောလိုက်ရုံ ပြီးတာပဲ'

'စံပယ် မသိပါဘူးကွယ်၊ အေး ဟိုအထက်က လူကြီးတွေလည်း မင်း မသိသလို မသိတာပဲ၊ သူတို့ကကွာ စစ်တိုက်တဲ့ အလုပ်ကို လောင်းကစားတွေ ကုန်သည်တွေ လုပ်သလို အလုပ် ခိုင်းတယ်၊ ကင်းမော် ဆိပ်ကမ်းမြို့က လက်ထောက် မြို့စောင့်တပ် ဗိုလ်ဟာ ဒီဘက်က လူတွေနဲ့လည်း ရင်းနှီးတယ်တဲ့၊ လာဘ်ပေးရင် လည်း ရတယ်တဲ့၊ အဲဒါကို လက်နက်ချပါ၊ ငွေပိဿာချိန် သုံးထောင် ပေးပါ့မယ်၊ နောက် ဒီဘက်ကို ရောက်တဲ့အခါမှာ မြို့စောင့် တာဝန်ခံမှူး အဆင့်အမျိုးအထိ တိုးပေးပါမယ် ဆိုတာ တိတ်တဆိတ် သွားရောက် စေ့စပ်ဖို့ လူလွှတ် ခိုင်းကြည့်ပါ ဆိုလို့ ကျားသစ်ချေနှင့် သူ့သဘောကျ လက်နက်ကိုင် နှစ်အိုးစား (ရဲမက် ဆယ်

ယောက်) ပါသွားတယ်လေ၊ အခုလောက် ဆိုရင်တော့ ရန်သူ စစ်ကြောင်းတွေကို ဖြတ်ပြီး ကင်းမော် ဆိပ်ကမ်းမြို့ထဲကို ရောက်လောက်ပြီ'

'အို ဒီလိုဆိုယင် မတော်လို့ ကျားသစ်ကလေးရဲ အပေးအယူကို ရန်သူ တပ်တွေက မလိုက်လျောဘဲ ဖမ်းထားလိုက်ရင် ဘယ့်နှယ် လုပ်မလဲ'

ဗိုလ်မှူးရွှေဝံ စိတ်မပါပဲ ပြုံးဟန်ပြုံးလိုက်ပြီး စံပယ့်ကို ကြည့်သည်။

'အဲဒါကြောင့် လောင်းကစားသလို လုပ်လိုက်ရတယ်လို့ ပြောတာပေါ့၊ ဟိုက လက်ခံရင် နိုင်တာပေါ့၊ လက်မခံရင် အရင်းရှုံးတာပေါ့'

'အို ဒီလိုဆိုရင် တခြား သွားမယ့် လူကို'

ယခုတစ်ကြိမ်၌မူ ဗိုလ်မှူးရွှေဝံက တကယ်ပင် စိတ်ပါလက်ပါ ပြုံးလိုက်သည်။ ထို့နောက် စံပယ် ရှိရာသို့ လျှောက်လာလျက် စံပယ်ရှေ့တွင် ရပ်လိုက်သည်။

'အဲဒါပေါ့ စံပယ် ကိုယ့်ဟာကိုယ် စောင့်စည်းရတဲ့ သစ္စာတရား ကိုယ်ကျင့်တရားတို့ ဆိုတာ ဒါမျိုး ခေါ်တာပေါ့၊ ကိုယ်နဲ့ သက်ဆိုင်တဲ့သူကို သေမှာစိုးရင် အစတည်းက သေမင်းနဲ့ ရင်ဆိုင်ရတဲ့ စစ်ထဲမှာ မရှိစေနဲ့၊ စစ်ထဲမှာရှိရင် သေလမ်းကို သူများသွားပစေ မသေမယ့်လမ်းကို ကိုယ်နဲ့ ဆိုင်တဲ့ သူတွေသာ သွားရမယ် ဆိုတာမျိုး မလုပ်နဲ့၊ အားလုံး တစ်တန်းတစားတည်း ထားနိုင်ရမယ်၊ ကိုယ့်သားကို နေပြည်တော်မှာ ပို့ထားချင်ရင် သူများသားတွေ အားလုံးကိုလည်း နေပြည်တော်ကို သွားနိုင်ကြတယ် ဆိုတာမျိုး ရှိတတ်ရတယ်၊ သိက္ခာတို့ သစ္စာတို့ ဆိုတာ အဲဒါမျိုး ကို ခေါ်တာ ဖန်တီးပြီး လူသူမြင်အောင် ဟန်လုပ် ပြနေရတာမျိုး မဟုတ်ဘူး'

အခု တပ်ထဲက ဒီကိစ္စ ဆောင်ရွက်ဖို့ လူရွေးတယ်၊ ဆောင်ရွက်ဝံ့တဲ့လူ သုံးယောက်ပဲ ထွက်တယ်။ မဲနှိုက်ပြီး ကျရာလူ သွားရောက် ဆောင်ရွက်ရမယ်လို့ အမိန့်ပေးတယ်။ မဲနှိုက်ကြတယ်။ ကျားသစ်ကို မဲကျတယ်။ ဒါပဲ။

ဒီတော့ မနက်စောစော ကိုယ်က တပ်နဲ့ အသင့်စောင့်နေရမယ်။ အစီအစဉ် အောင်မြင်ရင် ကျားသစ်ချေတို့က မြို့ကို စီးမိဟန် ပြုပြီး အမြောက်ဖောက်မယ်။ လမ်းတစ်ဝက်မှာ အသင့်စောင့်နေတဲ့ တပ်မကြီးက မြို့ဆီကို အပြင်းချီမယ်။ ကိုယ်က နောက်က ချီလိုက်ရမယ် ဒါပဲ။ အခုတော့ ကိုယ့်အဖို့ အမြောက်သံ ကြားရပါစေလို့ ဆုတောင်းပြီး နားတစွင့်စွင့်နှင့် နေရုံပဲ။ ဘာသံမှလည်း မကြားရဘူး။ ဘယ်လိုမှလည်း အဆင်မပြေဘူး ဆိုရင်ထဲ ကိုယ်ကတော့ တစ်ခုခု လုပ်ရမှာပဲ၊ အဲဒါပဲကွာ'

ဗိုလ်မှူးရွှေဝံသည် စကားကို အဆုံးသတ်ရင်း စံပယ်၏ နဖူးကို ငုံ့၍ မွေး လိုက်ပြီး ထမင်းစားခန်းကြီးကို ကျောပြု ထွက်သွားသည်။ စံပယ်က ဗိုလ်မှူးရွှေဝံ



၏ ကျောပြင်ကြီးကို ငေးကြည့် ကျန်ရစ်ရင်း မျက်စိရှေ့မှ ကွယ်ပျောက်သွားပြီးမှ မိမိတို့ နှစ်ယောက်တည်း ဤထမင်းစားခန်းထဲတွင် အလွန် ကြာမြင့်စွာ နေမိကြ သည်ကို သတိပြုမိသည်။ သို့သော် တော်သေး၏။ မိမိတို့ မည်သို့ နေကြသည်ကို အောက်ထပ်တွင် ရှိနေကြသည်။ အစ်ကိုသုခတို့ ကိုယ်တိုင် မြင်သိခြင်း မဖြစ်နိုင်။

ထိုညအဖို့ ဗိုလ်မှူးရွှေဝံသည် သေရည်မူးမူးဖြင့် အိပ်ပျော်ကောင်း ပျော်လိမ့်မည် ဖြစ်သော်လည်း စံပယ့်အဖို့ အိပ်မပျော်နိုင်ခဲ့။ ဗိုလ်မှူးရွှေဝံ၏ စကားတို့မှာ မရေမရာနှင့် စိတ်ပျက် အားလျော့ဖွယ်ရာတွေက များလှသည်။ သူ၏ စစ်ရေး လောင်းကစားပွဲ ကြီးသည် 'အရင်းထဲက ဆုံးရှုံးတော့မည်၊ အရင်းထဲက ဆုံးရှုံးတော့မည်' ဟု စံပယ်၏ စိတ်ထဲတွင် ပဲ့တင်ထပ်နေသည်။

လင်းကြက်တွန်သည့် အချိန်လောက်တွင် ကိုယ်ရံတော် တပ်သားများနှင့် အတူ သာစည်ဂေဟာမှ ထွက်ခွာသွားသော ဗိုလ်မှူးရွှေဝံ၏ အသံကို သတိထားလိုက် မိပြီးသည့်နောက်မှ စံပယ် အိပ်ပျော်သွားခဲ့သည်။

စံပယ် အိပ်ရာက နိုးသည့်အချိန်၌ စက်နာရီ ဆယ်နာရီခန့် ရှိနေပေပြီ။ ထိုအချိန်အထိ မည်သည့် လှုပ်လှုပ်ရှားရှား အသံဗလံမျိုးကိုမျှ မကြားကြရသေးဟု သိရသည်။ စံပယ်သည် အထိန်းတော်ကြီး ဒေါ်မေတ္တာက နံနက်စာ ယူလာနေသည့် တိုင် မည်သို့မျှ စားလိုစိတ် မရှိသောကြောင့် စားပွဲပေါ်၌ ထားပစ်ခဲ့ရန်သာ ပြော လိုက်သည်။

ထို့နောက် ကင်းမော်ဆိပ်ကမ်းမြို့ဆီမှ အမြောက်သံ ပေါ်လာနိုးနိုးနှင့် နား တစွင့်စွင့် နေမိသည်။ အိပ်ရာထက်မှ ထကာ ဘီးတပ် ကုလားထိုင်ထက်တွင် ထိုင်လျက် အဝေးရှိ ကင်းမော် ဆိပ်ကမ်းမြို့ဆီသို့ မြင်ရသော ပြတင်းပေါက်ရှိရာ ဆီသို့ ကုလားထိုင်ကို ရွှေ့ခဲ့သည်။ စံပယ်သည် ကုလားထိုင်ကို ပြတင်းပေါက် နှင့် အတော်ကြီး ဝေးဝေးတွင် ရပ်ထားလျက် လက်ထဲတွင် ဓာတ်ပုံစရာ တစ်ခုကို ကိုင်၍ ဓာထိုးနေဟန်ဖြင့် ငြိမ်သက်နေသည်။ သို့သော် စံပယ်၏ မျက်လုံးသည် ကသိုဏ်းရှုသကဲ့သို့ ပြတင်းပေါက်ဆီသို့ ရှုသည်။ အဝေးတွင် မြင်နေရသော ကင်းမော် ဆိပ်ကမ်းမြို့ကြီး ငြိမ်နေသကဲ့သို့ စံပယ် ကိုယ်တိုင်လည်း ငြိမ်နေသည်။ ထိုငြိမ်နေ သော ကင်းမော်မြို့၏ ဆိပ်ကမ်းတွင် လှိုင်းလုံးကြီးငယ်များ ထကြွနေကြမည် ဖြစ်သကဲ့သို့ ငြိမ်သက်စွာ ထိုင်နေသော စံပယ်၏ ရင်ထဲ၌လည်း ပူပန် လှုပ်ရှားမှု များ ထကြွ ရိုက်ခတ်နေကြသည်။

စံပယ်သည် ထိုနေရာ၌ပင် မလှုပ်မယှက် ထိုင်နေရင်း အချိန် မည်သို့ ကုန်သွားသည်ဟု မသိလိုက်။ ညနေ ငါးနာရီလောက်တွင် ဒေါ်မေတ္တာသည် ညစာ

စားပွဲယူလာပြန်သည်။ အခန်းတွင်းသို့ ရောက်သောအခါ နံနက်စာပင် ခြေရာလက်ရာ မပျက် ရှိနေသောကြောင့် 'ဟင်' ဟု ပါးစပ်မှ အသံ ထွက်လာမိအောင် အံ့သြသွားခဲ့သည်။ စံပယ်က အဝေးရှိ ကင်းမော်မြို့ ဆိပ်ကမ်းဆီမှ မျက်လုံးကို မလွှဲဘဲ ဒေါ်မေတ္တာကို အသံပြုလိုက်သည်။

'အမိမေတ္တာ ... အပြင်မှာ ဘာသတင်းတွေများ ထူးနေသေးလဲ'

'ထူးတာပေါ့၊ အပြင်မှာ စစ်ဗိုလ်တွေ စစ်သားတွေ ယောက်ယက်ခတ်လို့လေ၊ ပြေးလိုက် လွှားလိုက် ဝင်လိုက်ထွက်လိုက်နဲ့ပေါ့၊ သူတို့ရဲ့ ဗိုလ်မှူးရှုဝံတပ်က ဗိုလ်ဆိုလား သွေးသောက်ဆိုလား အဲဒါကို မြို့စားပုံချိုကြီးတို့ဘက်က တပ်က မိထားလို့ ဆိပ်ကမ်း လူမြင်ကွင်းမှာပဲ ကြိုးစင်တင် သတ်ဖို့ လုပ်နေသတဲ့၊ အဲဒါကို ဒီက တပ်မှူး ရှုဝံကိုယ်တိုင် ငွေပိဿာချိန် ဘယ်လောက်နဲ့ ရွေးရမလဲ၊ တောင်း သလောက်နဲ့ ရွေးယူပါ့မယ် ဆိုပြီး ပြန်ရလာဖို့အတွက် ကိုယ်တိုင် လိုက်သွားပြီး ကြိုးစားနေ သတဲ့'

'ရသတဲ့လား'

'ဘယ်သိဦးမလဲ၊ အဲဒါ ပြန်လာကြမှ သိမှာပေါ့၊ ကဲအဲ ဒါတွေထားပါဦး၊ ထမင်းက မစားဘူးလား၊ ဘယ်လို လုပ်နေတာတုန်း'

'ထား ... ထားပစ်ခဲ့ပါ အမိမေတ္တာ ဆာမှ စားပါ့မယ်'

'အခုတော့ကော မဆာဘူးလား၊ ဘာမှ မစားဘဲနဲ့ ညည်းရင်ထဲမှာ ဘာတွေများ ပြည့်နေလို့တုန်း'

အမိမေတ္တာ၏ မြည်တွန် တောက်တီးမှုကို စံပယ်က မကြ[illegible] နေလိုက်သည်။ တကယ်တော့ စံပယ့် ရင်ထဲ၌ မည်သည့်အရာမျှ မခံရုံမက ဟာတိဟာတာ ဖြစ်လျက် တလှိုက်လှိုက် ရှိုက်ငင်မိတော့မလို ဖြစ်နေရသည်။ စံပယ်၏ စိတ်ထဲတွင် ကျားသစ်ချေသည် သေခဲ့ပြီ။ ဗိုလ်မှူးရှုဝံသည် မည်သို့မျှ ကြိုးစား၍မရဟု အလိုလို တွေးသိနေခဲ့သည်။

ကင်းမော်ဆိပ်ကမ်းမြို့သည် စံပယ့်ရှေ့ စံပယ် ကြည့်နေဆဲ၌ပင် ရီဝေသော နီပြာညို့ညို့ အရောင်အောက်တွင် တဖြည်းဖြည်း နစ်မြုပ် ပျောက်ကွယ်သွားသည်။ မကြာမီ ကောင်းကင်ရှိ ကြယ်ကလေးများကို တုပကာ ထိုမှောင်ရီရီနေရာဆီမှ မီးရောင်ကလေးတို့ တလက်လက် ပေါ်လာခဲ့သည်။ ထိုမြင်ကွင်းသည် ညစဉ် မြင်နေကျ မြင်ကွင်း။

စံပယ်သည် ပင့်သက်ရှိုက်ငင်လိုက်သည်။ ထိုစဉ် ထိုမြို့ဆိပ်ဆီမှာ မီးတောက်ကြီးတို့ ထလာကြသည်။ မီးတောက်ကြီးများမှ အရောင်သည် ကောင်းကင်ပြင်သို့



ပင် ရောင်ပြန်ဟပ်လာခဲ့သည်။ မရှေးမနှောင်းပင် မိုးလုံးပြို့လုမတတ် ပစ်ခတ်လိုက်သော အမြောက်သံ သေနတ်သံတို့ ပေါ်လာခဲ့သည်။

စံပယ်သည် စောစောပိုင်းက သိရှိထားချက်အရ အမြောက်သံ သေနတ်သံတို့ ကြားရက စိတ်အေး ဝမ်းမြောက်ရမည် ဖြစ်သော်လည်း ယခု တကယ် ကြားရသောအခါ ပို၍ပင် စိတ်နှလုံး တုန်လှုပ်ချောက်ချားလာရသည်။ ခုန်နေသော ရင်ဖြင့် ပင့်သက်ရှိုက်ငင်မိရင်း မီးတောက်ကြီးများကို မှင်သက်မိသလို ငေးစိုက်ကြည့်သည်။ ထိုစဉ် ဒေါ်မေတ္တာ ပြေးဝင်လာပြန်သည်။

'ညည်းရဲ့ ဗိုလ်မှူးရှုဝံတို့ ကင်းမော်ကို တက်တိုက်ကြသတဲ့၊ ဒီမှာ မြို့စောင့် တပ်တောင် မချန်ခဲ့ဘဲ အကုန် ခေါ်သွားလို့ သာစည်မော်က ယောကျ်ားတွေ အကုန်လုံး မြို့ကို ကင်းစောင့်နေရတယ်၊ ညည်းအစ်ကိုလတ် ကိုသုခပါ ကင်းစောင့်နေရ သတော့၊ နေပါဦး ညည်းက မလှုပ်မယှက်နဲ့ ထိုင်ပြီး'

ဒေါ်မေတ္တာက စံပယ် ရှိရာသို့ ကပ်လာပြီး ပခုံးကို လှုပ်ကြည့်လိုက်သည်။ စံပယ်က ဒေါ်မေတ္တာကို လှည့်မကြည့်ဘဲ ပါးစပ်ကသာ လှုပ်လာသည်။

'ကျားသစ်ချေ အကြောင်းကော ဘာကြားသေးလဲ'

'ကျားသစ်ကလေး ဆိုတဲ့ ကောင်လေးလား၊ ငါ ဘာမှ မကြားပါလား၊ သူ ဘာဖြစ်တယ်လို့ ညည်းကို ဘယ်သူက ဘာပြောလို့လဲ'

ဟုတ်သည်။ ဒေါ်မေတ္တာ ဘာမျှ မသိ။ တစ်စုံတစ်ခု ထူးထူးခြားခြား သတင်း ကြားလျှင် စံပယ်က မမေးသော်လည်း ဒေါ်မေတ္တာ ပြောလိမ့်မည်သာ ဖြစ်၏။ စံပယ်သည် မိမိက ပူပန်စိတ်ဖြင့် ရှေ့လောတကြီး မေးမိသော်လည်း ဒေါ်မေတ္တာ ဘာမျှ ပြောပြနိုင်လိမ့်မည် မဟုတ်ဟု တွေးမိလာကာ ဆိတ်ဆိတ်နေလိုက်သည်။ ဒေါ်မေတ္တာက စံပယ်ကို စူးစမ်းသလို ကြည့်သည်။

'နေပါဦး ... ညည်းက ဒီနေ့ ဘာဆို ဘာမှ မစားတော့ဘူးလား၊ ညည်း ဗိုလ်မှူးရှုဝံလာမှ အတူစားဖို့ စောင့်နေတာလား၊ ဟုတ်လား'

စံပယ်သည် မြန်မြန် နားအေးအောင် မည်သို့ လိမ်ရမည်ကို တွေးတောသည်။

'အဲဒီ တိုက်ပွဲတွေ အတွက် ကျွန်မ အဓိဋ္ဌာန်ပြုပြီး ဥပုသ်စောင့်ထားတယ်၊ အဲဒါတွေ ယူသွားပါတော့'

ဒေါ်မေတ္တာက စံပယ့်ကို မျက်စောင်းထိုးလိုက်သည်။ အတော်ကြာကြာ ရပ်၍ ငြိမ်သက်နေပြီးမှ ချာခနဲ လှည့်သွား ထမင်းပွဲကို သိမ်းယူသွားသည်။ ဒေါ်မေတ္တာ ထွက်သွားသောအခါ စံပယ်သည် မိမိ ကုလားထိုင်ကို ပြတင်းပေါက် ရှိရာသို့

လှိမ့်ယူသွားသည်။ ထိုညတစ်ညလုံး ပြတင်းပေါက် ဘေးတွင် ထိုင်လျက် ကင်းမော်ဆိပ်ဆီမှ မီးတောက်ကြီးများ တက်လာလိုက် လျော့ကျသွားလိုက်၊ ရေထဲတွင် လှုပ်ရှားနေသော အလင်းရောင်များ ရှည်သွားလိုက် တိုသွားလိုက် ဖြစ်နေသည်ကို ပွဲကြည့်သလို တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေသည်။

တဖြည်းဖြည်း တစ်အိမ်လုံး တိတ်ဆိတ်လျက် ကြက်တွေ အကြိမ်ကြိမ်တွန်ပြီးသော်လည်း စံပယ်သည် ပြတင်းပေါက် အနီး၌ပင် ရှိနေမြဲ ရှိနေခဲ့သည်။ မောင်ရင်ပြန် ကြက်တွန်ပြီး၍ ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ အောက်ထပ်ဆီမှ လူသံသူသံ လှုပ်ရှားသံတို့ကို ကြားလိုက်ရသည်။ အစ်ကိုလတ် ကိုသုခ ကင်းစခန်းက ပြန်လာခြင်း ဖြစ်ပေမည်ဟု တွေးလိုက်၏။

တစ်အောင့်မျှ ကြာသောအခါ လေးကန်စွာ တစ်လှမ်းချင်း လှမ်းလာသည့် ခြေသံကို ကြားရသည်။ ခြေသံသည် စံပယ် အခန်းဆီသို့ တန်းတန်းမတ်မတ်ရောက်လာလျက် အခန်းဝတွင် တုံ့ရပ်သွားသည်။ စံပယ်က လှည့်ကြည့်လိုက်သောအခါ စံပယ်၏ အိပ်ရာဆီသို့ ခပ်တွေတွေ ကြည့်နေသော ဗိုလ်မှူးရှုဝံသို့ တွေ့ရသည်။

ဒေါ်မေတ္တာ ထွန်းပေးသွားသည့် ထမခြောက် (ထမင်းခြောက်) မီးစလောင်းထဲ၌ ရေနံချေးခန်းနေ၍ မီးတောက် အားနည်းနေသော်လည်း ဗိုလ်မှူးရှုဝံ၏ မျက်နှာကို စံပယ်က ပြတ်သားစွာ မြင်နေရသည်။ စစ်ဝတ်စုံများနှင့် နွမ်းနွမ်းကျေကျေနှင့် တံခါးဝတွင် မားမားကြီးရပ်နေသော ဗိုလ်မှူးရှုဝံ၏ မျက်နှာသည် အသက် ဆယ်နှစ်ခန့် ပို၍ ရင့်ရော် အိုစာသွားသည်ဟု ထင်မှတ်ရသည်။

သူသည် ပြတင်းပေါက်၌ ရှိသော စံပယ့်ကို မြင်ရပြီးနောက် စံပယ် ရှိရာသို့ ဖြည်းညင်းစွာ လာသည်။ ထို့နောက် စံပယ့်ရှေ့၌ ငြိမ်သက်စွာ ရပ်သည်။ စံပယ်က တိတ်တိတ်ဆိတ်ဆိတ် မော့ကြည့်နေမိသည်။ သူသည် စံပယ်ကို မကြည့်ဘဲ ရှေ့တည့်တည့်သို့ ကြည့်နေသည်။ မျက်နှာသည် တည်ငြိမ်နေသော်လည်း အံကြိတ်နေသောကြောင့် သူ၏ မေးကြောကြီးများမှာ တင်းခနဲ တင်းခနဲ ပေါ်ပေါက်လာသည်။ ထို့နောက် မျက်တောင်ကို သုံးလေးချက်ခန့် ခပ်သွက်သွက် ခတ်သည်။ တစ်စုံတစ်ခု ပြောတော့မည်ကဲ့သို့ အားယူနေသော သူ့နှုတ်ခမ်း နှစ်လွှာက တုန်နေသည်။

စံပယ်သည် ဘာမျှမပြောဘဲ ဗိုလ်မှူးရှုဝံ၏ လက်တစ်ဖက်ကို ဆွဲကိုင် ဖျစ်ညှစ်ထားမိသည်။ သည်တော့မှ ဗိုလ်မှူးရှုဝံ၏ နှုတ်မှ ဆို့နစ်နစ် စကားသံ သုံးလေးလုံး ထွက်လာသည်။

'သူ မရှိတော့ဘူး'



ဗိုလ်မှူးရှုဝံသည် စံပယ်၏ ကုလားထိုင်ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်သည်။ ထို့နောက် ကုလားထိုင် လက်တန်းပေါ်တွင် တင်ထားသည့် စံပယ်၏ လက်ပေါ်သို့ သူ၏ မျက်နှာကို တင်မှောက်လိုက်သည်။ စံပယ်သည် အလိုက်သင့်ပင် ကျန်သောလက်တစ်ဖက်နှင့် ဗိုလ်မှူး ရှုဝံ၏ ခေါင်းကို ပွေ့ပိုက်ကာ ပွတ်သပ်ပေးနေမိသည်။ စံပယ်၏ စိတ်၌ ဟာသံကို သတိရလာသည်။ ခြသေ့်မင်းကဲ့သို့ ရဲရင့်သော ဗိုလ်မှူးရှုဝံသည် ယခုအခါတွင် သူကိုယ်တိုင် ကြောက်ဟု ခေါ်ခဲ့သော ဟာသံနှင့် မည်သို့မျှ မခြားနားပါလားဟု တွေးမိသည်။

သို့သော် ချက်ချင်းပင် ခြားနားချက်တို့ကို တွေ့မြင်လာသည်။ အပေါ်၌ ရုပ်ထိထားသော ဓားချက်လှံချက်တို့ကြောင့် စုတ်ပြတ် ပေါက်ပြဲ၍ နွမ်းကြေလျက်ရှိသော စစ်ဝတ်စုံကြီး အတွင်းမှ ကျယ်ပြန့်သော ပခုံးသည် လည်းကောင်း၊ ခါးဆီသို့ သွယ်သွားသော နိမ့်ချည်မြင့်ချည် ရှိနေသည့် ကျောပြင်ကြီးသည် လည်းကောင်း ထိုပခုံး ကျောပြင်တို့တွင် နေရာအနှံ့ စွန်းထင်ပေကျံနေကြသည်။ သွေးစက် သွေးစတို့သည် လည်းကောင်း၊ ထိုမြင်ကွင်း အားလုံးတို့သည် တကယ့် ယောက်ျား ပီသသော ကျားဆိုမှ ကျားဟု ခေါ်လောက်သည့် ကျားကျားလျားလျား ယောက်ျားကြီး တစ်ယောက်ပါကလားဟု တွေ့မြင်ရသော ခြားနားချက် ဖြစ်သည်။ ထို့ပြင် ထိုကဲ့သို့သော ယောက်ျားကြီးက မိမိ လက်မောင်းပေါ်တွင် မျက်နှာမှောက်၍ အသက်ရှူသံပြင်းပြင်းဖြင့် ရင်တွင်းမှ လှုပ်ရှားမှုကို ကြိတ်ခဲ အံတင်းနေသည့် မြင်ကွင်းဟု သိလာရသောအခါ စံပယ်၏ ရင်ထဲ၌လည်း ဆို့နစ်လာသည်။

သူသည် အတန်ကြီး ကြာအောင် ဤအတိုင်းနေပြီးမှ တဖြည်းဖြည်း ငြိမ်သက်လာသည်။ ထို့နောက် ခေါင်းကို ငြင်သာစွာ မော့လိုက်သည်။

'ကိုယ်တို့လေ ငွေလိုချင်ရင်လည်း လိုသလောက် ရအောင် ရှာပေးမယ်၊ တပ်တွေ ဆုတ်ပေးရမယ် ဆိုရင်လည်း ဒီနယ်က တပ်တွေ ဆုတ်ပေးပါ့မယ်၊ သူ့ကိုသာ လွှတ်ပေးလို့ ပြောတယ်၊ အဲဒါတောင် ကိုယ်တို့ ကြည့်နေတုန်းမှာပဲ ကြိုးကွင်းစွပ်ပြီး သတ်ပြလိုက်တယ်'

သူသည် စကားအဆုံး၌ ဒေါသကြီးစွာ တက်တစ်ချက် ခေါက်လိုက်သည်။ သူ၏ တက် တိတ်ဆိတ်နေသော အိမ်ကြီး တစ်ခုလုံးကို ဘောင်ဘင် ရိုက်ခတ်သွားသည်ဟု ထင်ရသည်။

'ဒါကြောင့် ကိုယ် အတင်း တက်တိုက်ပစ်လိုက်တယ်၊ တစ်မြို့လုံးကို မီးစာကျွေးပြီး တွေ့သမျှ အားလုံးကို သတ်ပစ်ခဲ့တယ်၊ ဒါပေမဲ့ ကျားသစ်ချေကို သတ်တဲ့ တပ်မှူးလုပ်တဲ့ ကောင်ကကျွာ ကိုယ်ရောက်တော့ ကျည်သင့်ပြီး သေနှင့်နေတယ်'

သူသည် နောက်ထပ် တက်တစ်ချက် ခေါက်လိုက်ပြန်သည်။ ထို့နောက် ချက်ချင်း ဝုန်းခနဲ မတ်တတ် ရပ်လိုက်သည်။

'ကဲ … ကိုယ် မပြောဘူးလား၊ စောစောကတည်းက အခု ကိုယ် တက် တိုက်လိုက်သလို တိုက်လိုက်ရင် ပြီးနေတဲ့ဟာ၊ စစ်တိုက်တာကိုပဲ လူတွေ သေမှာ စိုးပြန်သတဲ့၊ သူတို့ လူတွေ သေမှာစိုးလိုက်တာဟာ ကျုပ် … ကျုပ်'

ဒေါသတကြီးနှင့် ပြောနေရာမှ ဗိုလ်မှူးရှုဝံ၏ အသံသည် ရှေ့သို့ မတက်နိုင်ဘဲ ဆို့နစ် ကွယ်ပျောက်သွားသည်။ သူသည် ပြောရင်း ပြောရင်း စံပယ့်ကို မမြင်တော့ဘဲ သူ၏ အထက်မှ အမတ်ကြီးများကို မြင်ယောင်လာဟန် ရှိသည်။ စံပယ်က ဗိုလ်မှူးရှုဝံ၏ လက်ကို လှမ်းဆွဲ လှုပ်ယမ်း သတိပေးသည်။ ခဏချည်း ကြာပြီးမှ ရော့ရဲသော လေသံ ခပ်တိုးတိုး ပေါ်လာသည်။

'ကျားသစ်ချေ သေရတာပဲ'

စံပယ်သည် ဘာမျှမပြောဘဲ ခဏ ငြိမ်နေရာမှ မိမိ လက်ထဲတွင် ကိုင်ထားသော ဗိုလ်မှူးရှုဝံ၏ လက်ကို ဖျစ်ညှစ်လိုက်သည်။

'ကျွန်မလေ မနက်ကတည်းက ဒီမှာ ထိုင်ကြည့်နေတာ အခုထိပဲ၊ ကျွန်မကို အိပ်ရာပေါ် ပို့ပေးပါလား'

ဗိုလ်မှူးရှုဝံသည် စံပယ့်ကို သနားသွားဟန်ဖြင့် ကြည့်လိုက်သည်။ ထို့နောက် ကုလားထိုင်ကို အိပ်ရာဆီသို့ တွန်းယူသွားပြီး ဖြည်းညင်းစွာ ပွေ့၍ အိပ်ရာထက်သို့ တင်ပေးလိုက်သည်။ စံပယ်က အိပ်ရာထက်မှနေ၍ ဗိုလ်မှူးရှုဝံ၏ လက်ကို ပြန်မလွှတ်ဘဲ ဆုပ်ကိုင်ထားလိုက်သောအခါ ဗိုလ်မှူးရှုဝံသည် စံပယ်၏ အိပ်ရာစွန်း ခုတင်ပေါ်သို့ တင်ပါးလွှဲ ထိုင်လိုက်သည်။ စိတ်ရောလူရော ပင်ပန်းနွမ်းလျနေသော ဗိုလ်မှူးရှုဝံ၏ လက်မောင်း တစ်ဖက်ကို စံပယ်သည် မိမိ ရင်ဘတ်ပေါ်သို့ တင်၍ တယုတယ ပွေ့ပိုက်လိုက်သည်။

'အစ်ကိုရှုဝံ သိပ်ပင်ပန်းနေပါတယ်ကွယ်၊ စိတ်ရောလူပါ ခဏ နားလိုက်ပါ ဦးလားဟင်'

ထိုအချိန်၌ အရုဏ်ကြက်တို့ပင် အတောင် တဖြန်းဖြန်းခတ်လျက် တွန်စ ပြုနေကြပါပြီ။ နောက်တစ်ကြိမ် လင်းကြက်တွန်ပါက မိုးလင်းလာပေတော့မည်။

*

(၂၁)

ကင်းမော်ဆိပ်ကမ်းမြို့ကို သိမ်းပိုက်လိုက်ခြင်းနှင့် ပတ်သက်၍ ဗိုလ်မှူး ရှုဝံအဖို့ နာမည်ကောင်း မရပါ။ အောင်နိုင်သူတစ်ယောက်အဖြစ် နာမည် ထွက် မလာဘဲ ရက်စက် ကြမ်းကြုတ်သူတစ်ယောက်အဖြစ်သာ နာမည် ထွက်ခဲ့ရသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဗိုလ်မှူးရှုဝံ၏ အထက်လူကြီးတို့ မှတ်ချက်သည် ဗိုလ်မှူး ရှုဝံ၏ နောင်ရေးကို ထိခိုက်လာနိုင်သည်။

'ရှုဝံရဲ့ စစ်တိုက်ပုံ တိုက်နည်းဟာ ဒီအတိုင်းသာဆိုရင် တော်တော်ကြာ အားလုံးရဲ့ ဝိုင်းဝန်း ဆန့်ကျင်မှုကို ခံရပြီး ရှုဝံ ရှိနေတဲ့ဘက်က စစ်ရှုံးရမှာ အမှန်ပဲ'

အမတ်ကြီးများ ပါဝင်သော အထက်ပိုင်း လူကြီးတို့၏ စကားလုံးကို အခြားသော တပ်ဗိုလ်တပ်မှူးတို့က အလွန် ခံတွင်းတွေ့ကြကာ သီချင်းဆိုသလို နေရာတိုင်း၌ သီဆိုနေတတ်ကြသည်။ ထိုသို့ သီဆိုသူများသည် စစ်ရှုံးလာသူများ၊ စစ်နိုင်အောင် မတိုက်နိုင်သူများတို့ ဖြစ်ကြပါသည်။ ထို့ပြင် သူတို့သည် အားလပ်၍ နေကြပါသည်။

နာမည်ပျက်၊ နာမည်ဆိုးနေသော ဗိုလ်မှူးရှုဝံအဖို့မူ အားလပ်သည်ဟူ၍ မရှိဘဲ အထက် အမိန့်အရ နေရာ အနှံ့အပြားသို့ ချီတက်ကာ တိုက်ပွဲတို့ကို တစ်ခု ပြီးတစ်ခု ကိုင်တွယ် ကွပ်ကဲ၍ တိုက်ခိုက်နေရပါသည်။ သို့ပါလျက် သူသည် အနည်းငယ်မျှ နားခွင့်ရသည်နှင့် သူ၏ ယာယီ စစ်ဌာနချုပ်ဟု နာမည်မျှသာ ကျန်ရှိနေသော စံပယ် ရှိနေရာ သာစည်မော်အိမ်သို့ ရောက်လာလေ့ ရှိသည်။

သူ ရောက်လာတိုင်း သူ့ရိက္ခာနှင့်သူ လုံလုံလောက်လောက် ပါလာရုံမျှမက သာစည်မော်အိမ်၌ ရှိသော အိမ်ဖော်တို့ကို ခေါ်ယူကာ 'မည်သည့်ဟာ ယူသွား

မည်သည့်ဟာ သယ်သွား … အဲဒါ မင်းတို့ အိမ်သားတွေ သုံးစားကြ’ ဟု ပြောလျက် အစုလိုက် အပုံလိုက် ပေးလေ့ရှိသည်။

သူ သာစည်မော်အိမ်သို့ ရောက်လာပါက သူနှင့် ပါလာကြသော ရဲမက်များ တပ်ရေးများတို့သည် သူတို့ သိမ်းပိုက်ထားကြသော အခန်းကို ပြင်ဆင်လှည်းကျင်းကာ သူတို့၏ အလုပ်စခန်းကို စကြရတော့သည်။ သူတို့သည် ပေများ၊ ပုရပိုက်များဖြင့် တစ်နေကုန်တစ်နေခန်း ရေးချွတ်မှတ်သားနေကြရသည်ဖြစ်ရာ ကျန်သော အစာစားချိန်မှသာလျှင် အနိုင်နိုင်အအား ယူကြရရှာသည်။

ကျန်သော ရဲမက်အိုးစားတို့က တစ်နေကုန် တစ်နေခန်း ချက်ရေးပြုတ်ရေး တို့၌သာ လုံးပန်းနေကြရသည်။ ထိုအချိန်သည် သူ့အတွက် တကယ် အနားရနေသည့် အချိန်ဟု ဆိုနိုင်သည်။ သို့သော် သူ့မျက်နှာသည် ပင်ပန်း နွမ်းရိလျက် အတော်ချုံး ချောင်ကျသွားသည်။ သူသည် အရက်သောက်လည်း များလာသည်။ နံနက်လင်းလာသည်နှင့် စံပယ့်အခန်းသို့ ကူးလာကာ အိပ်ရာထက်မှ ပြုံးကြောင်ကြောင်မျက်လုံးဖြင့် ကြည့်နေတတ်သော စံပယ်၏ နဖူးကို ခပ်ဖွဖွကလေး ကုန်းမွှေးတတ်သည်။

‘စံပယ်ချေ …ထ’

ကိုယ်နှင့်အတူ အသားဆန်ပြုတ်ကလေး သောက်ကြဦးစို့၊ ပြီးတော့ လက်ဖက်ရည်ကြမ်းနှင့် အကြော်စုံနှင့် မုန့်ချိုကလေးတွေနှင့် အဆာပြေပေါ့၊ စကားလည်း ပြောကြရင်း …

‘ဒီမှာ ကိုယ် ပြောမယ်ကွာ၊ ကိုယ် ဒီကို လာတိုင်း စံပယ်ချေရဲ့ ဆွမ်းကွမ်းကိစ္စအတွက် အလှူရှင် လုပ်ပါရစေ၊ ကိုယ်တို့ စစ်သားဆိုတဲ့ အကောင်မျိုးတွေက အကုသိုလ်တုံးကြီးတွေ မဟုတ်လား၊ ဒီတော့ ကုသိုလ်ကလေး ဆက်ကြရတာပေါ့’

သူသည် စံပယ်ကို ကြည့်ရင်း ပြုံးလိုက်ပြီး စံပယ့် အိပ်ရာဘေး ခုတင်ပေါ်၌ တင်ပါးလွှဲ ထိုင်လိုက်တတ်သည်။ ထို့နောက် ပင့်သက်နှင့်အတူ ပြုံးနေသည့် သူ့မျက်နှာကို နံရံဘက်ဆီသို့ မူလိုက်ပြီး နံရံထဲတွင် တစ်ခုခု တွေ့နေရသလို ဆွေးဆွေးငေးငေးကြီး ကြည့်နေတတ်သည်။ ထို့နောက် သူ၏ နှုတ်မှ ‘ညည်းနေခြင်းပဲလား၊ ပြောပြနေခြင်းပဲလား’ ဟု ခွဲခြား၍ မမှသော ပြောပုံပြောနည်းမျိုးဖြင့် စကားလုံးများ တစ်လုံးချင်း ထွက်ကျလာသည်။

‘ကိုယ်တို့ နေရစားရ လုပ်ရတဲ့ အလုပ်မျိုးတွေက ငရဲထဲက အလုပ်မျိုးတွေပါကွာ၊ အင်မတန် ပူပြင်း ကြမ်းတမ်းပြီး စေတနာမေတ္တာတွေရော၊ ပျော်ရွှင်စရာတွေရော အမြဲ ခြောက်သွေ့နေတဲ့ နေရာမျိုး၊ အဲဒီ နေရာမျိုးက လာပြီး ကိုယ်



စံပယ့် မျက်နှာကို တွေ့လိုက်ရရင် သီတာ စမ်းရေအိုင်ကြီးကို တွေ့လိုက်ရသလို ကိုယ့်ရင်ထဲမှာ အေးချမ်းသွားတယ်၊ ကိုယ့်စိတ်ထဲမှာလည်း လူ့ဘဝ ဆိုတာ ဒီလို အေးချမ်းရတာမျိုးလည်း ရှိပါသေးလားလို့ သိလာတယ်၊ ဒါကြောင့် နည်းနည်းလေး အားလပ်ခွင့် အသက်ရှူခွင့်ရတိုင်း ဒီကို ပြေးပြေးလာတာ’

သူသည် မျက်တောင်ကြီး ပုတ်ခတ် ပုတ်ခတ်ဖြင့် ငြိမ်နေသော စံပယ့်မျက်နှာကို လှည့်ကြည့်ပြီး ပြုံးလိုက်သည်။ ထို့နောက် စံပယ်၏ တင်ပါးဘေးကို လက်ဖြင့် သာသာ ပုတ်လိုက်ပြီး နေရာမှ ထရပ်သည်။

‘ထမင်းစားခန်းထဲ လာခဲ့နော်၊ ကိုယ် စောင့်နေမယ်’

သူ ထသွားသည်ကို စံပယ်သည် တံခါး အပြင်ဘက်သို့ ရောက်၍ ကွယ်ပျောက် သွားသည်အထိ လိုက်ကြည့်ငေးတတ်သည်။ ထို့နောက် အိပ်ရာမှ ထကာ မျက်နှာနှင့်တကွ ကိုယ်လက်တို့ကို ဆေးကြော သန့်စင်ပြီးနောက် သစ်လွင်သန့်ရှင်းသည့် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ခြင်း၊ ဖြီးလိမ်း ပြင်ဆင်ခြင်းသည်တို့ကို ပြု၍ ကုလားထိုင်မှ ဘီးကို မိမိဘာသာ မိမိ လှိမ့်လျက် ဗိုလ်မှူးစူဝံ၏ ထမင်းစားခန်းထဲသို့ ရောက်နေတတ်သည်။

ဤအတိုင်း စံပယ်သည် ဗိုလ်မှူးစူဝံ ရောက်လာတိုင်း အမြဲတမ်း တတွဲတွဲဖြင့် အတူ ရှိနေတတ်သည်။ ဤသည်ကို စံပယ်၏ မောင် အငယ်ဆုံး ဖြစ်သူ ဘလနှင့် ဗလ၏ ဇနီးတို့က မနှစ်မြို့သည့် အရိပ်အယောင်မျိုးကို ပြလေ့ရှိသည်။ သာစည်ဂေဟာကြီး၏ အရှင်သခင်ဖြစ်သော စံပယ်၏ အစ်ကိုလတ်ကို သူကမူ စံပယ်ကိုပင် ဖာက်ဟက်ပက်ပက် စကားပြောလိုခြင်း မပြုတော့ပေ။

စင်စစ် စံပယ်သည် ဗိုလ်မှူးစူဝံ ဖိတ်ခေါ်ရာသို့ လိုက်ပါနေခဲ့မည်ဆိုက ဤကဲ့သို့သော မျက်နှာပူစရာမျိုး ဖြစ်လာလိမ့်မည် မဟုတ်။ ယခုမူ မိမိကိုယ် မိမိ ဘတ်နိုင်သမျှ ထိန်းသိမ်းစောင့်စည်းမှု ပြုသည့်အတွက် ဗိုလ်မှူးစူဝံက မိမိ ရှိရာသို့ သာနေသောကြောင့် မောင်ငယ်နှင့် အစ်ကိုလတ်တို့က မိန်းမပေါ့ တစ်ယောက် သဖွယ် ပြောဆို ပြစ်တင်မှုကို ခံနေခြင်း ဖြစ်သည်။

သို့သော် စံပယ်က ဤကိစ္စတွေကို ရှင်းမပြ။ မောင်နှင့် အစ်ကိုလတ်တို့ ပြောချင်ရာ ပြောကြပေစေဟု လျစ်လျူပြုလိုက်၏။ ထို့ပြင် စံပယ်သည် မိမိကိုယ်တိုင်ဘွင်လည်း ထိုသို့ ပြောသင့် ပြောထိုက်သည့် အပြစ်မျိုး ရှိတန်သလောက် ရှိနေသည် ဟု တွေး၏။

အကြောင်းမူ စံပယ်သည် ဗိုလ်မှူးစူဝံ ခေါ်နေရာသို့ အကြင်လင်မယား အဖြစ် လိုက်ပါနေထိုင်မှု မပြုခြင်းသည် တကယ်တော့ မိမိကိုယ်မိမိ ထိန်းသိမ်း

စောင့်စည်းနိုင်လွန်သောကြောင့် မဟုတ်ကြောင်းကို စံပယ်ကိုယ်တိုင်သာ အသိဆုံးဖြစ်သည်။ စံပယ်၌ အတွက် ရှိသည်။

စံပယ်သည် ဗိုလ်မှူးရှူဝံနှင့် အတူ အကြင်လင်မယားအဖြစ် လိုက်၍နေလိုက်ပါက ဗိုလ်မှူးရှူဝံကို တာဝန်လေးအောင် ပြုကျမည်။ စံပယ့် အပေါ်တွင်လည်း နေ့စဉ် မြင်တွေ့နေရသောကြောင့် ဗိုလ်မှူးရှူဝံ ငြီးငွေ့လာကာ အချစ်လျော့သွားမည်။ စံပယ်သည် ဗိုလ်မှူးရှူဝံနှင့် အကြင်လင်မယားအဖြစ် လိုက်ပါနေမိသည်နှင့် ခြေထောက်တို့ မသန်မစွမ်း ဖြစ်နေသော စံပယ်၏ ဘဝက ဗိုလ်မှူးရှူဝံအား အမြဲတမ်း တာဝန်ပိုနေစေခြင်းဖြစ် စိတ်ညစ်ညူးစရာ ဖြစ်လာနိုင်သည်။

ယခုမူ တိုက်ပွဲတွင်သာ အချိန်ကုန်နေရသော ဗိုလ်မှူးရှူဝံအဖို့ သာစည်အိမ်ကြီးသို့ ရောက်မှ မြင်တွေ့ရသော စံပယ်သည် ၎င်း၏ စိတ်လက် ဖျော်ဖြေနားနေစရာ ဖြစ်နိုင်သည်။ တွေ့ချင်သည့် အချိန်မှ လာရောက် တွေ့နိုင်သည့် အခြေအနေတွင် ရပ်တည်လျက် ရှိနေသောကြောင့် သူတို့အဖို့ ပို၍ လွတ်လပ်ကာ ပို၍ ပျော်ရွှင်စရာ ဖြစ်နိုင်သည်ဟူသော အယူအဆကြောင့်လည်း ဗိုလ်မှူးရှူဝံ ခေါ်ရာသို့ မလိုက်ဖြစ်ဘဲ အတင်းငြင်းဆန်၍ နေနေကြောင်း စံပယ် ကိုယ်တိုင်သာ ပို၍ သိနိုင်သည်။

မိမိ ယုံယုံကြည်ကြည် သိမြင်ထားသော အသိကြောင့် စံပယ်သည် ခေါင်းမာခဲ့သည်။ ကြာသော်လည်း စံပယ်၏ နေထိုင်ပုံ မနှစ်သက်ကြသော …

လိုက်သွားနိုင်ပါလျက် လိုက်မသွားဘဲ နေခြင်းကိုပင်လျှင် လွန်လွန်းသည်ဟု ထင်နေကြသော အိမ်သူအိမ်သားတို့က စံပယ့်ကို ‘လူလွန်စွာမ’ ဟု သတ်မှတ်လိုက်ကြပြီး ရီးသွားကြသည်။

ဤအတိုင်း ပိတောက်ပင်ကြီးတို့ပင်လျှင် နောက်တစ်ကြိမ် ဆင့်၍ ပွင့်လာကြသောအခါ ဗိုလ်မှူးရှူဝံသည် မစွမ်းမသန် ရှိနေရသော စံပယ့်ကို မငြီးငွေ့သေးသော်လည်း ဒွါရာဝတီ တစ်နယ်လုံးရှိ လူအားလုံးတို့သည် ပြည်တွင်းစစ်ကို ငြီးငွေ့လာကြသည်။ စစ်ကြောင့် ဓာကောင်းကျိုးတစ်ခုမျှ မခံစားကြရဘဲ အသက် စည်းစိမ်အိုးအိမ်တို့ ဆုံးရှုံး ပျက်စီးရခြင်း၊ အခွန်အကောက်များ ဖိစီးလာခြင်း၊ လုပ်ငန်းအသီးသီးတို့ ပျက်စီး ရပ်ဆိုင်းနေကြရလျက် အငတ်ကပ်ကြီး ဆိုက်ရောက်နေကြရခြင်းတို့နှင့်သာ နဖူးတွေ့ ဒူးတွေ့ ထိတွေ့နေကြရသည်။

ဤအဖြစ်ဆိုးသည် သားတော်ကလေး၏ ဘက်တော်သားများနှင့် နယ်ပယ်တို့၌သာ မဟုတ်၊ သားတော်ကြီး၏ ဘက်တော်သားတို့နှင့် နယ်ပယ်တို့တွင်လည်း ထိုနည်းအတိုင်း ထပ်တူ ဖြစ်နေကြရသည်။



သားတော်ကြီး၏ တပ်မတော်မှ နေ့စဉ်နှင့်မျှ တပ်ကို စွန့်ခွာ၍ ထွက်ပြေးကုန်ကြသော တပ်ပြေးတို့၏ သတင်းသည် သားတော်ကလေး၏ ဘက်တော်သားများ ရှိရာသို့ပါ ရိုက်ခတ်လာသောအခါ ချက်ချင်း အတုမြင်၍ အတတ်သင်လိုက်လာကာ သားတော်ကလေးဘက်၌လည်း တပ်အချို့တွင် ဖြိုးဖြိုးဖြောက်ဖြောက် ထွက်ပြေးသူများ ပေါ်ပေါက်လာခဲ့သည်။

လူအများတို့သည် မိမိတို့ ရိုးရာ လက်ငုတ် အလုပ်များကို အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်လျက် မိမိတို့ မယား သားသမီးတို့နှင့်အတူ အေးအေးလူလူ နေလိုနေကြပြီ။ ဤစစ်ပွဲ၏ အရင်းကို စစ်လိုက်လျှင်လည်း ညီတော်နှင့် နောင်တော်တို့ ပြည်သူတို့ အပေါ်တွင် တရားဝင် အုပ်ချုပ်နိုင်သည့် နန်းမွေကို သူရသင့်သည်၊ ငါ ရသင့်သည် စသည်ဖြင့် လုယက်နေကြသော ရန်ပွဲမျှသာ ဖြစ်သည်။ ဘယ်သူရရ မော်ဖူးသည့် နေရာကသာ နေကြရမည့် တိုင်းသူပြည်သားတို့၏ ရန်ပွဲ မဟုတ်ဟု သဘောပေါက်လာကြသည်။ ထို့ကြောင့် လူအများတို့သည် လက်နက်ကိုလည်း မကိုင်လိုကြ၊ လက်နက်ကိုင်တို့ကိုလည်း အားမပေးလိုကြ။

သို့သော် ဤလိုပြည်တွင်းစစ် ရှိမှသာ အလုပ်ရှိကြ၊ အရေးအရာ ရောက်ကြ၊ ရပေါက်ရလမ်း ရှိကြ၊ နေရာ ရာထူး တက်လမ်း ပေါ်တတ်သော သူတို့ကလည်းကောင်း၊ အာဏာစက်ကို လက်မလွှတ်အောင် ဆုပ်ကိုင်ထားလိုကြသေးသူတို့ကလည်းကောင်း၊ အတင်း လှုံ့ဆော် ဓားမိုးလျက် အကျပ်ကိုင်၍ အတိုက်ခိုက်နေကြသောကြောင့်သာ ဤစစ်ကြီးသည် ဖွဲမီးကဲ့သို့ တငွေ့ငွေ့ ဆက်လက် လောင်ကျွမ်းနေရခြင်းသာ ဖြစ်သည်။

မိမိတို့အတွက် အကျိုးရှိရှိ လူအများတို့၏ အသက်နှင့် ကြေးထပ်လောင်းကစားကြကာ စစ်မီးတောက်က မြှိုက်လေ့ရှိကြသည့် လူတိုင်း လူတိုင်းသည် ထိုစစ်မီးတောက်ကြီး မငြိမ်းစေရေးအတွက် လေပင့်နည်း အမျိုးမျိုးတို့ကို သုံးကြ ရသည်။ ထိုလေပင့်နည်း အမျိုးမျိုးတို့အနက် ရှေးဟောင်း အစဉ်အလာ နည်းကောင်းနည်းရိုးကြီး တစ်ခုသည် ပွဲကြီးလမ်းကြီး လုပ်လျက် မိမိတို့ဘက်တော်သားများကို ဘွဲ့ထူး ဂုဏ်ထူးတို့ တိုးမြှင့်ပေးကြရသော နည်းပင် ဖြစ်သည်။

ပြည်တွင်းစစ်ကို အနိုင် အရှုံးမပေါ်ဘဲ မရပ်လိုကြသေးသည့် သားတော်ကြီးနှင့် သားတော်ငယ်တို့ ဘက်နှစ်ဘက်အနက် သားတော်ငယ်တို့ဘက်မှ စစ်ခေါင်းဆောင်ကို့သည် စစ်မီးတောက်ကို ဆက်လက် လောင်ကျွမ်းအား ရှိနိုင်စေရန် ဘွဲ့ထူးဂုဏ်ထူးတွေ တိုးအပ် ပေးသနားသည့် လေပင့်နည်းကို ရှေးဦးစွာ အသုံးပြုသည်။

ထိုပွဲကို သီတင်းကျွတ်လတွင် ကျင်းပလိုက်ရာ ဗိုလ်မှူးရှုဝံသည် ထိုပွဲ၌ အတော်အတန် ရှည်လျားမြင့်မားသော ဘွဲ့အမည်ကို ရခဲ့သည်။ ထိုဘွဲ့အမည်နှင့် အတူ စစ်နှင့်ပတ်သက်၍ စစ်သားစု ဆောင်နိုင်ခွင့်၊ ကိုယ်ပိုင် တပ်ဖွဲ့နိုင်ခွင့်၊ ရာထူးအာဏာပေးနိုင်၊ တိုးနိုင် လျှော့နိုင်ခွင့် စသည့် အရည်အချင်းတို့ပါ ပါလာခဲ့သည်။

ဤတွင် အမည်ရော အရည်ပါ တိုးတက်လာခဲ့သည့် ဗိုလ်မှူးရှုဝံသည် 'စစ်တပ်တွေကို တိုးချဲ့နေရင်းနဲ့ စစ်အနိုင် တိုက်ရေး' ဟူသော ရည်ရွယ်ချက်ကို အကောင်အထည် ဖော်ရန် မီးကုန်ယမ်းကုန် ကြိုးစားတော့သည်။

ထိုကြိုးစားချက်၏ ဦးတည်ချက်သည် 'စစ်သည်တော်တွေကို လခ ရိက္ခာ မပေးဘဲနဲ့ အသေခံရတတ်တဲ့ စစ်သား အလုပ်ကို ဘယ်သူမှ လုပ်ချင်ကြမှာ မဟုတ်ဘူး၊ ကျုပ်လည်း အတူတူပဲ၊ အဲဒီတော့ သူတို့ကို လစာရိက္ခာ ပေးနိုင်အောင် ငွေရှာမယ် မဟုတ်လား' ဟူသည့် စကား ဖြစ်သည်။

ဗိုလ်မှူးရှုဝံသည် သူ၏ အကြောင်းပြချက်အတိုင်း သူ့နယ်မြေရှိ ကုန်သည်များ၊ မြေရှင်များ၊ သူဌေးများထံမှ ရသည့်နည်းဖြင့် ငွေညှစ်သည်။ မြေပိုင်ရှင် သူဌေးတစ်ဦးကို ရန်သူ့ဘက်သာဟု အကြောင်းပြကာ ဖမ်းဆီးသည်။ ထိုမြေရှင် သူဌေးက ငွေမည်မျှ စစ်တပ်အတွက် လှူပါ့မည်ဟု ကတိပြုသောအခါ လွှတ်ပစ်လိုက်သည်။ ပြည်တွင်းစစ်ကို အချိန်မျိုး၌ မျက်စိရှေ့တွင် တွေ့နေရသူ တစ်ယောက်အား ရန်သူ့ဘက်တော်သားဟု စွပ်ဖမ်းဆီး ငွေညှစ်ရသည့် ကိစ္စမျိုးသည် ဗိုလ်မှူးရှုဝံအဖို့ ကွမ်းအထဲမှ ကွမ်းကို ယာစားရသလောက် လွယ်ကူနေသည်။

'ကျုပ်တို့ဟာ စစ်တိုက်နေကြရတာ မဟုတ်လား၊ စစ်ပွဲမှာ စစ်သည်တော်တွေ လိုတယ်၊ စစ်သည်တော်တွေ လိုသလောက် ရထားနိုင်အောင်နဲ့ ရထားတဲ့ စစ်သည်တော်တွေကို ထွက်မပြေးကြအောင် ထိန်းထားကြဖို့ ဆိုတာဟာ လစာရိက္ခာ ကောင်းကောင်း ပေးထားဖို့နဲ့ မပျက်မကွက်အောင် ပေးနိုင်ဖို့ပဲ မဟုတ်လား၊ အဲဒီလို ပေးနေနိုင်ဖို့အတွက် ဖြစ်တဲ့နည်းနဲ့ရအောင် ရှာဖို့ကိစ္စဟာ ကျုပ်ရဲ့ အရေးအကြီးဆုံး အလုပ်ပဲ'

သာစည်ဂေဟာသို့ ရောက်လာတိုင်း ဗိုလ်မှူးရှုဝံ၏ အကြောင်းပြချက်တို့ကို ဖပယ်နှင့်တကွ တစ်အိမ်သားလုံး ကြားသိနေကြရသည်။

'ရန်သူ့ဘက်က တပ်တွေအကြောင်းကို ကြားကြ သိကြတယ် မဟုတ်လား၊ သူတို့ဟာ လစာ ရိက္ခာမရကြတော့ ရဲမက် အိုးစားတွေဟာ အစုံလိုက် အစုံလိုက် အရပ်ကို အနိုင်ကျင့်ကြတယ်၊ လုကြ၊ တိုက်ကြ၊ ခိုးကြတယ်၊ ကျုပ်တပ်က



ရဲမက် တစ်ယောက်တလေတောင် ဒီလိုလုပ်တယ်ဆိုတဲ့ သတင်းကို ကြားဖူး သိဖူးကြရဲ့လား'

ဗိုလ်မှူးရှုဝံ၏ ပြောဆိုချက်သည် သူ့အကြောင်းပြချက်နှင့် သူမှန်နေသည်။ ငွေအညှစ်ခံရသော ကုန်သည်များ၊ မြေပိုင်ရှင်များ၊ သူဌေးသူကြွယ်များက ဗိုလ်မှူးရှုဝံကို မုန်းတီး ရွံရှာကြသလောက် နယ်သူနယ်သားများက ဗိုလ်မှူးရှုဝံကို ကြည်ညိုကြ၏။ ပို၍ ပို၍ အထူး ကြည်ညိုနေကြသူမှာ သူ၏ ရဲမက်တပ်သားများသာ ဖြစ်ကြသည်။ သူသည် တာဝန်နှင့် ပတ်သက်လျှင် တိတိကျကျ အမိန့်ပေးခိုင်းစေ တတ်သလို အခွင့်အရေးနှင့် ပတ်သက်လျှင်လည်း ရက်ရက်ရောရော ပေးထားတတ်သည်။ ထိုအကြောင်းကို သိထားကြသော ရဲမက်တို့သည် သူတို့ တပ်မှူးမှ သူတို့ တပ်မှူး။

ထို့ပြင် သူ၏ တပ်သည် စည်းကမ်း ကောင်းသည်။ သူ့တပ်တွင် စစ်နှင့် ပတ်သက်သော စည်းကမ်း၊ စောင့်စည်းသင့် စောင့်စည်းအပ်သော စည်းကမ်းတို့ကို အသက်နှင့်ထပ်တူ စောင့်စည်းကြရသည်။ ထိုမှတစ်ပါးအားလုံး လွတ်လပ်ခွင့်ရသည်။ ရဲမက် တစ်ယောက်သည် ၎င်း၏ တာဝန် မပျက်ကွက်လျှင် တစ်ပါးသူတို့ အား နှောက်ယှက်မှုမျိုး မဖြစ်စေလျှင် တရုတ် ငရွှေကြူ၏ ပေါင်းကူတဲ့ချက်အရက် ကို ပိသော အစိတ်ဝင်အိုးနှင့် ထည့်လှောင်ကာ နေ့ရောညပါ ကျွမ်းထောင်၍ သောက် နိုင်သည်။ ဤသို့ လွတ်လပ်ခွင့်ရသော တပ်မျိုး၌ အားလုံးသော ရဲမက်တို့သည် မိမိတို့ စောင့်စည်းရမည့် အမိန့်စည်းကမ်းတို့အတွက် အသက်နှင့်လဲ၍ စောင့် စည်းတတ်ကြသည် ဆိုခြင်းမှာ ကြားသိရသူတို့အဖို့ ထူးဆန်းသလို ဖြစ်သော်လည်း လက်တွေ့အားဖြင့် သဘာဝကျနေသည်။ ထိုအခါ ဗိုလ်မှူးရှုဝံအဖို့ စစ်သားနှင့် တူသော ရဲမက်တပ်သားများနှင့် စစ်တပ်နှင့်တူသော တပ်မကြီးတစ်ခုကို ပိုင်ဆိုင် ရရှိထားခဲ့သည်။ ဤတွင် အတူ လုပ်ဖော်ဖြစ်သော တပ်ဗိုလ် တပ်မှူးတို့၏ ငြူစူ ဝန်တိုခြင်း၊ မနာလိုခြင်းကို သိသိသာသာ ခံလာရသည်။

ထိုတပ်မှူး တပ်ဗိုလ်တို့သည် ဗိုလ်မှူးရှုဝံ၏ တပ်ထက် သာလွန်စေရန် များပြားလှသော စည်းကမ်း ပညတ်ချက်များကို ပြုလုပ်ကြသည်။ ထိုသို့ ပြုလုပ်သူ တို့၏ ရဲမက်တို့သည် ထုံထုံထိုင်းထိုင်း ဖြစ်လာကြလျက် သွက်လက်ရဲရင့်သူ ဟူသမျှတို့သည်လည်း အကုန်လိုလို တပ်တွင်းမှ ထွက်ပြေးကုန်ကြသည်။

အချို့က ဗိုလ်မှူးရှုဝံ၏ ပြုလုပ်မှုကို စုံစမ်းကာ ဗိုလ်မှူးရှုဝံကဲ့သို့ပင် ရဲမက် တို့ကို လွတ်လပ်စွာ သွားလာ ပြုလုပ်ခွင့်မျိုး ပေးခဲ့သည်။ ထိုသူတို့သည် ထိန်းသိမ်း ချုပ်ကိုင်ထားရမည့် စည်းကမ်း ပညတ်ချက်တို့ကို သိမထားကြသောကြောင့် မိမိ

တို့ ရဲမက်များကို မိမိတို့ မနိုင်ကြတော့ဘဲ ကသောင်းကနင်း ဖြစ်ကုန်ကြသည်။ အားလုံး ခြုံသော် ဗိုလ်မှူးရှုဝံကို သာလွန်ရန် တစ်ပြိုင်ကြရင်း သားတော်ငယ် ဘယမင်းရဲ၏ တပ်မ အတော်များများသည် ရှိရင်းအနေမှ ယိုယွင်းကာ မြင်မြင်ထင် ထင် အရည်အချင်း ညံ့ဖျင်းကုန်ကြရသည်။

ဤအချက်ကို သိမြင်လာကြသော သားတော်ကြီး၏ တပ်တို့သည် အခွင့် ကောင်းကို အရယူကြကာ ယခုတစ်ကြိမ်၌ အပြတ်အသတ် တိုက်ရန်ဟု ရည်ရွယ် လျက် ၎င်းတို့၏ တပ်တွေကို ပြောင်းခြင်း၊ နေရာချခြင်း၊ ပူးပေါင်းခြင်း စသော အလုပ်တို့ကို ပြုလုပ်လာကြသည်။

စစ်အမြင်ရှိသော ဗိုလ်မှူးရှုဝံသည် ဤပြုမူပုံတို့ကို ချက်ချင်း ရိပ်မိသည်။ ထို့ကြောင့် သားဖြစ်သူ ဟသ်ာအား သား၏ စာပြဆရာနှင့်အတူ ပုသိမ်ဘက်သို့ လွှတ်ပို့လိုက်သည်။

'ဒါမျိုး ဘာရမလဲ၊ တို့ဘက်က ရန်သူ့ တပ်မှူးကြီး အသစ် အာဌာဝက ဆိုတဲ့ အကောင်က ငယ်ငယ်ထဲက ကိုယ်တို့ အချင်းချင်း တစ်ယောက် အကြောင်း တစ်ယောက် သိထားပြီးသား အကောင်ပါ၊ အဲဒီကစားသမား ခွေးမသားဟာ သူနဲ့ မတန်တဲ့ နေရာမှာ လူကြီးလူကောင်း တက်ဖြစ်နေရပေမယ့် အားကြီး ကောက်ကျစ် တယ်၊ ဒီကောင်ဟာ စစ်တိုက်ပေမယ့် ရိုးရိုးတန်းတန်း တိုက်မယ့်ကောင် မဟုတ်ဘူး၊ နောက်ကနေ ဟသ်ာကို တိတ်တိတ် ဝင်ဖမ်းပြီး ပေါ့ကောင် မင်းလာလက်နက်ချ လှည့်လို့ ခေါ်မယ့် အကောင်မျိုး'

ပြီးတော့မှ ကျွန်တော်ဟာ တစ်ဖက်က ဗိုလ်မှူးကြီး အာဌာဝကက ဦးစီး ဦးဆောင်ပြုပြီး တိုက်နေတယ်လို့ သတင်းကြားရတာနှင့် တစ်ပြိုင်နက် သားတော် ကလေးဘက်မှာ နေရင်တော့ ဘယ်အခါမှ နိုင်ခြေ မရှိတော့ဘူးဆိုတာ တွက်မိပြီး အခု သားတော်ကြီးဘက်ကို ပြောင်းလာခဲ့ပါတယ်လို့ ကြေညာခိုင်းမယ်။

နောက် အဲဒီလို ကြေညာပြီး တစ်ဖက်မှ ကျန်နေခဲ့တဲ့ ကိုယ့်ရဲမက်တွေ၊ အကြပ် သွေးသောက်တွေ၊ ဗိုလ်တွေ၊ ဗိုလ်မှူးတွေကိုလည်း ရသလောက် အခေါ်ခိုင်း မယ်။ အဲဒီလို ခေါ်ခိုင်းပြီးလို့ အားလုံးပြည့်စုံပြီ နောက်ထပ် ဘာမှ ကိုယ်နှင့် ရင်းနှီးယူစရာ မကျန်တော့ဘူး ဆိုတဲ့ အချိန်ကို ရောက်တော့မှ ကိုယ့်ရှေ့မှာ ဟသ်ာကို သတ်ပြမှာ။ အဲဒီနောက် ကိုယ်တော်ကြီးရဲ့ အမိန့်ကို မလွန်ဆန်ဝံ့လို့ သတ်ရတာပေါ့။ ရောင်းရင်း အတွက်တော့ ကျုပ် တတ်နိုင်သမျှ ကူပါ့မယ်။ ရအောင်လည်း လျှောက်ထားပေးပါ့မယ်။ ရလည်း ရနိုင်ပါလိမ့်မယ်။ ကိုယ့် ရောင်း ရင်းက မှားပါတယ်ဆိုတဲ့ အကြောင်းနှင့် အသနားခံ တောင်းပန်တဲ့စာ ရေးပေး



ကိုယ်တော်ကြီးဆီကို တင်ပြပြီး ရအောင် လျှောက်ထားပေးပါ့မယ်လို့ လာပြော မှာ ...

ဒီအချိန်မှာ ကိုယ်က သနားလောက်အောင် အသက် ချမ်းသာပေးဖို့အတွက် တောင်းပန် တိုးလျှိုးတာမျိုး ရေးလိုက်ရင် အဲဒါကို စိတ်ကျေနပ်လောက်အောင် ပြင်ဆင် ဖြည့်စွက်ခိုင်းပြီးမှ အဲဒီ ပေတွေ ပရပိုက်တွေကို ယူသွားမှာ နောက်လက် အောက်က အကောင်တွေကို လွှတ်ပြီး အသတ်ခိုင်းပြီးတော့မှ ...

သားတော်လေးဘက်က ရှုဝံဆိုတဲ့ ဗိုလ်မှူးဟာ သေခါနီးမှ ဘယ်လောက် တောင် ကြောက်ပြီး တောင်းပန် ဝန်ချ အသနားခံတဲ့ စာတွေကိုတောင် ရေးသွား ပါသေးတယ်လို့ မင်းပွဲသဘင်တို့ နန်းရင်ပြင်တို့မှာ ပုရပိုက်ကြီး ပြပြီး ပြောမယ့် အကောင် အဲဒီလို အကောင်စားမျိုး။

စံပယ့်အဖို့ ပြောစကား ကြားရခြင်းကိုပင်လျှင် စိတ်မသက်မသာ ဖြစ်နေရ သည်။ စစ်ဗိုလ်မှူးကြီးတွေ ဆိုပြီး ဒီလို ပြုတတ်ကြသတဲ့လားဟုလည်း တွေးသည်။ သူက ဤသို့သိနေလျှင် သူကိုယ်တိုင်ကော ဤလို မလုပ်ပါဘူးဟု ပြောနိုင်ပါ့မလား ဟု မိမိ ရင်ထဲတွင် မိမိဘာသာ ပြဿနာ ဖြစ်လိုက်ရသေးသည်။

ထိုအကြောင်းတွေကို ပြောပြ ရှင်းပြသွားပြီးသည့်နောက် ဗိုလ်မှူးရှုဝံသည် သာစည်ဂေဟာသို့ တော်တော်နှင့် ပေါ်မလာတော့။

ကိစ္စကြီးငယ်တို့နှင့် အိမ်သို့ ရောက်ရောက်လာတတ်ကြသော သူ၏ အကြပ် များ၊ သွေးသောက်များ၊ ဗိုလ်များ၏ ပြောစကားအရ သူသည် ကြီးကျယ်သော တိုက်ပွဲကြီး တစ်ခုကို ဆင်နေသည်။ ထိုတိုက်ပွဲသည် ရန်သူတို့ကို လုံးဝ ကျဆုံး စေလျက် ဤပြည်တွင်းစစ်ကြီးကိုလည်း အပြီးပိုင် အဆုံးသတ်စေမည့် တိုက်ပွဲကြီး ဖြစ်လိမ့်မည်ဟု ကြားသိရသည်။

စံပယ်သည် ထိုသွေးသောက်ကြီးတို့ ပြောကြတဲ့ စကားအတိုင်း အမှန် ဖြစ်ပါစေဟု ရင်ထဲမှာ ကြိတ်၍ ဆုတောင်းမိသည်။ ဤအတိုင်း အမှန်ဖြစ်ပါက စံပယ့်အဖို့ နှစ်ထပ်ကွမ်း ဝမ်းသာရမည်။

ပထမ ဝမ်းသာရခြင်းသည် လူတိုင်းက ငြီးငွေ့နေကြပြီ ဖြစ်သော ဤစစ် ကြီး ပြီးသွားရသောကြောင့် ဖြစ်သည်။ ဒုတိယ ဝမ်းသာရခြင်းသည် ဤသို့ လုံးဝ ပြီးပြတ်သွားအောင် ပြုလုပ်နိုင်သူသည် ဗိုလ်မှူးရှုဝံ ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤသတင်းအတိုင်း တကယ် ဖြစ်ပါစေ ... ဖြစ်ပါစေဟု ဆုတောင်းရင်း နားတစွင့်စွင့် ရှိနေရသည်။

စံပယ်တို့ဆီသို့ မည်သည့်လှုပ်ရှားမှုမျှ မဖြစ်လာဘဲ ငြိမ်သက်အေးချမ်းနေသော်လည်း သားတော်ငယ်၏ တပ်များနှင့် သားတော်ကြီးတို့၏ တပ်တို့ ပြင်းပြင်းထန်ထန် တိုက်ပွဲ ဖြစ်နေသည်မှာ ငါးရက်ခန့် ရှိပြီဟု ကြားသိလာရသည်။ နောက်ထပ် ဘာမျှ မကြားရဘဲ ဥပုသ်တစ်ပတ်မျှ ကျော်လာခဲ့ပြီးနောက် ကိုးရက်မြောက်သော ညနေဘက်တွင် ကြားသိရသည့် သတင်းသည် စံပယ့်အတွက် အသက်ရှူ မှားလောက်သော သတင်းဆိုးတစ်ခု ဖြစ်နေရသည်။

ဗိုလ်မှူးရွှဝံသည် ရန်သူတို့ကို ဝိုင်းပတ် ပိတ်ဆို့၍ ရန်သူတို့၏ ရိက္ခာ လက်နက်တို့ လျော့နည်းလာအောင် တမင်ချူ၍ တိုက်ရသည့် တိုက်ပွဲမျိုးကို ဆင်ထားသည်ဟု ဆို၏။ ထိုသို့ တိုက်ခိုက်ရာတွင် နှစ်ဖက်စလုံး လက်နက်ခဲယမ်းတွေ ကုန်ခုံး ကုန်ကြပြီးသည့်အချိန်၌ ဗိုလ်မှူးရွှဝံသည် မိမိတွင် ရှိနေသေးသော လက်နက် ခဲယမ်းတို့ကို အစွမ်းကုန် သွန်၍ အသုံးပြုကာ ရန်သူတပ်ကို အတင်း ဝင်ရောက်စီးရမည့် အစီအစဉ်မျိုး ဖြစ်သည် ဆို၏။ ထိုအချိန်၌ ရန်သူကလည်း ရှိသမျှ ခဲယမ်းတို့ကို သွန်၍ ခုခံလိမ့်မည် ဖြစ်ရာ ထိုသို့ ခုခံပြီးသည့်နောက် စစ်နှစ်ဖက်လုံး၌ လက်နက်ခဲယမ်းများ လုံးဝ ပြတ်သွားသည့် အချိန်တွင် ဗိုလ်မှူးရွှဝံ၏ တပ်မှူးတစ်ဦးသည် များပြားလှသော လက်နက်ခဲယမ်းတို့ကို သယ်ဆောင်၍ ဗိုလ်မှူးရွှဝံ ရှိရာသို့ ရောက်လာလိမ့်မည် ဖြစ်ရာ ထိုသို့ ရောက်လာသော အချိန်သည် ဗိုလ်မှူးရွှဝံတို့ အောင်ပွဲခံရမည့် အချိန်ပင် ဖြစ်သည်ဟု ဆို၏။

ဗိုလ်မှူးရွှဝံသည် ဤအစီအစဉ်အတိုင်း အချိန် နာရီကို အကိုက်ပြုလျက် တိုက်ခိုက်ခဲ့၏။ သို့သော် ခဲယမ်းမီးကျောက် အသင့်ဖြင့် အချိန်ကိုက်၍ ရောက်လာရမည့် ဗိုလ်မှူးရွှဝံတို့ဘက်မှ တပ်သည် နောက်တစ်ရက်ခန့် နောက်ကျပြီးမှ ရောက်လာခဲ့သည်။

ထိုတပ် တိုက်ပွဲနေရာသို့ ရောက်သောအခါ ရန်သူတို့ကိုသာ တွေ့ရသောသဖြင့် ပြန်၍ ဆုတ်ခွာခဲ့သည်။ ဗိုလ်မှူးရွှဝံတို့ကမူ လက်နက် ခဲယမ်းပြတ်လျက် အကျအဆုံး များစွာဖြင့် ဦးတည်ရာသို့ ဖရိုဖရဲ ဆုတ်ခွာခဲ့ရပြီး နောက်မှ မိမိတပ်မကို ကနေရာတွင် တဖြည်းဖြည်း စုစည်းယူရသည်။ အချိန်ကိုက်၍ ဗိုလ်မှူးရွှဝံတို့နှင့် တွေ့ဆုံရမည့် တပ်သည် ချိန်းချက်ထားသည့် အချိန်ထက် ငါးရက်ခန့် ကြာပြီးမှသာ ဗိုလ်မှူးရွှဝံတို့နှင့် တွေ့ကြရသည်။ ဗိုလ်မှူးရွှဝံသည် ထိုတပ်ဗိုလ်ကို တွေ့သည်နှင့် ချက်ချင်း နေရာတွင် စစ်ဆေးသည်။

ထိုတပ်တွင်ပါသော သွေးသောက်ကြီးတို့ ထွက်ဆိုချက်အရ လိုက်လာရမည့်နေ့တွင် တပ်စွဲထားသည့် ရွာ၌ ကြက်ပွဲ ဖြစ်နေသောကြောင့် တပ်ဗိုလ်သည် ခရီး



ထွက်ရန် ပြင်ဆင်ပြီးမှ နောက်တစ်နေ့မှ ထွက်ရန် အစီအစဉ် ပြောင်းလိုက်သဖြင့် တစ်နေ့ နောက်ကျရပါသည်ဟု ထွက်ဆိုကြသည်။

ထိုသို့ ကြားရသည်နှင့် ဗိုလ်မှူးရွှဝံသည် အမှုစစ်ဆေးအဖြစ် ပေးခြင်းမျိုး မဟုတ်တော့ဘဲ ထိုတပ်ဗိုလ်အား နေရာတွင် ဓားဖြင့် ခုတ်သတ်လိုက်သည်။ ဗိုလ်မှူးရွှဝံ ဤသို့ ပြုမူမှုကို ပြိုင်ဘက် ဗိုလ်မှူးအချို့ စစ်အာဏာပိုင်တို့က မကျေနပ်ကြ။

သတင်းမှာ ဤမျှသာ ဖြစ်သည်။ ထိုသတင်း မည်မျှ မှန်မည် မည်မျှ မှားမည်ကို မည်သူမျှ အတတ် မသိနိုင်ကြ။ သို့သော် ထိုသတင်းသည် သာစည်မော်တစ်ခုလုံး လူတိုင်း ပြောနေကြသော ပူပူနွေးနွေး သတင်းတစ်ခုပင် ဖြစ်သည်။

စံပယ်သည် ကိုသုခတို့ အိမ်သားများနှင့်အတူ ထမင်းဝိုင်းတွင် ထိုင်နေသည်။ လူအားလုံးတို့သည် မနှစ်မြို့ဖွယ်သော သတင်းဆိုးကို ကြားထားရသောကြောင့် ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေကြသည်။ ကိုသုခနှင့် အိမ်သားအချို့သည် ကြားထားရသော သတင်းကြောင့် စံပယ်၏ မျက်နှာကို အကဲခတ်ရန် တစ်ချက် တစ်ချက် တိတ်တိတ်ဆိတ်ဆိတ် ကြည့်ကြသည်။ ထိုစဉ် မြို့စောင့်တာဝန်ကျနေသော စံပယ်၏ မောင်ငယ် ဗလသည် မြင်းတစ်စီးဖြင့် ရောက်လာသည်။

'ဒီထိုးစစ်မှာ ရွှဝံဘက်က အဲ ... အဲ'

ဗလသည် စံပယ့်ကို အမှတ်တမဲ့ကြည့်လိုက်ပြီး စကားကို ပြန်ပြင်လိုက်သည်။

'ဗိုလ်မှူး ရွှဝံဘက်က အတော့်ကို ကျကုန်ကြသတဲ့၊ ချေမှုန်းရေး တိုက်ပွဲမှာ၊ တိတ်တိတ် လျှိုထားတဲ့ တပ်က ဗိုလ်မှူးရွှဝံ အမိန့်ပေးထားတဲ့ အချိန်ထက် လမ်းပန်း အခက်အခဲကြောင့် တစ်ရက် နောက်ကျပြီးမှ ရောက်သတဲ့၊ အဲဒါကြောင့် ဗိုလ်မှူးရွှဝံတို့လည်း ရှုံးကုန်ကြရသတဲ့၊ ဗိုလ်မှူးရွှဝံကလည်း အဲဒီ တပ်ဗိုလ်ကို သတ်လိုက်သတဲ့၊ အဲဒီ တပ်ဗိုလ်ဟာ တခြားသူ မဟုတ်ဘူး၊ ဒီသာစည်မော်က သီရိမောင်မောင်ပဲ'

စံပယ်၏ အစ်ကိုလတ် ကိုသုခသည် ငြိမ်သက် နားထောင်နေရာမှ စံပယ်၏ မျက်နှာကို တစ်ချက် ကြည့်လိုက်သည်။

'ဒီအတိုင်းသာ မှန်ရင်တော့ ဒါဟာ ဗိုလ်မှူးရွှဝံ ကျဆုံးခြင်းရဲ့ ပထာမ အစပေါ့ကွာ'

ကိုသုခသည် ထမင်းပွဲမှထ၍ ထွက်သွားသည်။

သီရိမောင်မောင်သည် ကိုသုခ၏ ဇနီး သီရိခင်ခင်၏ မောင်အရင်း ဖြစ်သည်။ ကိုသုခနှင့် ကွယ်လွန်သူ သီရိခင်ခင် ကိုယ်တိုင် သီရိမောင်မောင်ကို ယူပါရန်

စံပယ့်ကို နားချဖူးခဲ့သေးသည်။ ယခုလည်း ကိုသုခသည် သီရိမောင်မောင်တို့ ဆွေမျိုးတစ်သိုက်၏ အထောက်ပံ့တို့နှင့် မကင်းဘဲ ရပ်တည်နေခဲ့သည်။

စံပယ်သည် မိမိ ကုလားထိုင်ကို ထမင်းဝိုင်းမှ နောက်သို့ ဆုတ်လိုက်သည်။ ထို့နောက် အိမ်ဖော်တစ်ယောက်ကို လက်ပြခေါ်ယူလျက် မိမိ အခန်းသို့ ပို့ပေးရန် ပြောလိုက်သည်။

နောက်တစ်နေ့ မနက်တွင် စံပယ်သည် မိမိတို့ အစ်မကြီး နှင်းဆီရှိရာသို့ ပြောင်းရွှေ့လာခဲ့သည်။ အစ်မကြီး နှင်းဆီတို့ အိမ်သားများသည် စံပယ့်ရှေ့တွင် ဗိုလ်မှူးရှုဝံ၏ အကြောင်းကို တစ်လုံးတစ်ပါဒမျှ မဟကြ။

သို့သော် စံပယ်သည် ဒေါ်မေတ္တာဆီမှ သတင်းမျိုးစုံ သိနေရသည်။ အစ်ကိုလတ် ကိုသုခသည် ဗိုလ်မှူးရှုဝံက သီရိမောင်မောင်ကို စစ်ရေးစစ်ရာကြောင့် သတ်ခြင်း မဟုတ်၊ ကိုယ်ရေးကိုယ်ရာ ရန်ငြိုးရန်စကြောင့် သတ်သည်ဟု စွပ်စွဲသည်။ မကြာမီ သီရိမောင်မောင်တို့ ဆွေကြီးမျိုးကြီး တစ်သိုက်သည် ဗိုလ်မှူးရှုဝံကို မလိုလားသော ဗိုလ်မှူးတပ်မှူး အချို့တို့နှင့် ပေါင်းကာ ဗိုလ်မှူးရှုဝံ တပ်မှူးအဖြစ်မှ ထုတ်ပယ်ခံရရေး၊ အရေးယူ ခံရရေးတို့ ပေါ်ပေါက်လာအောင် ငွေရော လူပါ ဝိုင်းဝန်းကြိုးစားကြသည်။ ဤဖြစ်ရပ်ကို သိလာရသော ဗိုလ်မှူးရှုဝံကလည်း ကိုသုခတို့ အိမ်သားများကို သာစည်ဂေဟာမှ မောင်းထုတ်၍ သာစည်ဂေဟာကြီးကို သူ၏ စစ်စခန်းရုံး ပြုလုပ်ခြင်းဖြင့် လည်းကောင်း၊ သီရိမျိုးများ၏ ပစ္စည်းများကို စစ်အတွက် သိမ်းယူခြင်း၊ သုံးစွဲပစ်ခြင်းတို့ လည်းကောင်း လက်စားချေခဲ့သည်။

ဤတွင် အစ်ကိုလတ် ကိုသုခနှင့် သီရိမျိုးတို့က ပို၍ နာကြည်းလာကြကာ ဗိုလ်မှူးရှုဝံ၏ ပျက်စီးရေးကို ပို၍ ကြိုးစားလာကြသည်။ ထို့ကြောင့်လည်း သားတော်ငယ်၏ စစ်ရေးရာ စခန်း၌ ရှုဝံ မလိုလားသူများ အလိုလို စုစည်းမိလာကြသည်။

ထိုအချိန်က သားတော်ငယ်သည် အသက် ဆယ့်ငါးနှစ်မျှသာ ရှိသေးရာ တိုင်းရေးပြည်ရေးနှင့် စစ်ရေးစစ်ရာတို့တွင် အကြံပေးရန်အတွက် အတိုင်ပင်ခံအဖွဲ့ တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် အကြီးအမှူး ဖြစ်လာသူမှာ ယခင်ကလည်း ဗိုလ်မှူးရှုဝံနှင့် မည်သို့မျှ မျက်နှာကြောမတည့်ခဲ့သော အမတ်ကြီး မဟာပညာကျော် ဖြစ်သည်။ အစ်ကိုလတ် ကိုသုခနှင့် သီရိမျိုးတို့သည် အမတ်ကြီး မဟာပညာကျော်၏ အိမ်သို့ လက်ဆောင်များနှင့် ဝင်ချည်ထွက်ချည် ရှိနေကြသည်ဟု သတင်းဖြစ်လိုက်သေးသည်။ ထို့နောက်တွင် ဗိုလ်မှူးရှုဝံသည် မလုံလောက်သော လက်နက်ရဲမက် အနည်းငယ်မျှနှင့် တိုက်ပွဲများကို အနားမရှိ အအားမရှိဘဲ အမြဲ တိုက်ပွဲဆင်နေရသည်ဟု သိရသည်။



'ဒီအတိုင်းသာ ဆိုရင်တော့ တစ်နေ့နေ့မှာ တစ်ခုခု မဖြစ်ဘူးလို့ မဆိုနိုင်ဘူး'

ဒေါ်မေတ္တာ၏ နှုတ်ဖျားမှ ဗိုလ်မှူးရှုဝံအတွက် ဤစကားမျိုး ထွက်လာသော အခါ စံပယ်က ပြုံးမိသည်။

'အမိမေတ္တာ ဗိုလ်မှူးရှုဝံ အတွက် ပူသလား၊ စံပယ်တောင် မပူဘူး'

'အေပိုင် ... အေယင်းစွာမ'

အမိမေတ္တာသည် စံပယ့်ကို မျက်စောင်းထိုးကာ စံပယ်၏ အနီးမှ ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားသည်။ စံပယ်က 'အမယ် ဒီကောင်မ' ဟု စိတ်ပေါက်ပေါက်ဖြင့် ပြောသွားသော အမိမေတ္တာ၏ စကားလုံးကိုပင် သဘောကျလျက် ကျန်ရစ်ခဲ့သည်။

စံပယ်သည် ဤအတိုင်း ဒေါ်မေတ္တာကို မကြာမကြာ စလေ့ ရှိသည်။ ဒေါ်မေတ္တာက စိတ်ကောက်၍ ဘာသတင်းမျှ မပြောဘူးဟု ဆိုလျှင်လည်း 'ဟုတ်တယ် နောက် ဘယ်တော့မှ မပြောတာပဲ ကောင်းတယ်' ဟု ပြော၍ ဟန်လုပ်နေတတ်သည်။

ထိုအခါ မပြောရ မနေနိုင်သော ဒေါ်မေတ္တာက 'ညည်း ငါ မပြောဘူးလို့ နေတာ' ဟု အစချီလျက် သတင်းတစ်ခုခုကို ပြောတတ်သည်။

စံပယ်က တိတ်တိတ်ဆိတ်ဆိတ် နားထောင်ပြီးမှ 'အို မကြားချင်ပါဘူးလို့ ဆိုတာ ဘာလို့ လာလာ ပြောနေရတာလဲ' ဟု ပြောတတ်သည်။ ထိုအခါမျိုး၌ အမိ ဒေါ်မေတ္တာသည် စိတ်တို၍ မဆုံး။

စံပယ်သည် လပေါင်း အတော်အတန် ကျော်လွန်လာခဲ့သည်အထိ မိမိကိုယ်မိမိ စိတ်ပြေပျောက်မှုရစေရန် ဤအတိုင်း ကြံဖန်နေထိုင်ခဲ့သည်။

ယခု အတောအတွင်း ဗိုလ်မှူးရှုဝံတို့၏ သတင်းကို ကြားရသည်ကလည်း ဆန်းသစ်မှု မရှိသောကြောင့် စံပယ့်အဖို့ အလွတ်ပင် ရနေခဲ့သည်။ ဒေါ်မေတ္တာက မည်သည့်မြို့ကို ဗိုလ်မှူးရှုဝံက သိမ်းပိုက်လိုက်ပြီဟုပြောလျှင် ....

'ဟုတ်ရဲ့လား ... သေသေချာချာ စုံစမ်းပါဦး၊ နောက်မြို့ တစ်မြို့မြို့ကို တိုက်ရအောင် ဗိုလ်မှူးရှုဝံ ထွက်သွားလို့ အဲဒီမြို့ကို တခြား တပ်မှူးတစ်ယောက်က တာဝန်လွှဲယူပြီး ထိန်းထားရာမှ ပုံချီကြီးတို့တပ်က လာတိုက်တာနဲ့ ပုံချီကြီးတို့ လက်ထဲ ပြန်ကျသွားပါပြီတဲ့''ဟု စံပယ်က ပြန်ပြောတတ်သည်။

ထိုအခါ ဒေါ်မေတ္တာက 'ဇာလို ပြောစွာရေး မိုင်းနှာမ မဟုတ်တာရုတ်နဲ့ သိမ်းတာမှ မနေ့ညနေကမှ သိမ်းလိုက်ရတဲ့ဟာကို'

'အို အမိ မေတ္တာကလည်း သတင်းကို သေသေချာချာများ နားထောင်ကြည့်စမ်းပါဦး၊ စံပယ်ပြောတာ ဟုတ်ပါတယ်'

ဒေါ်မေတ္တာသည် စိတ်တိုလျက် မျက်စောင်းထိုး၍ ထွက်သွားတတ်သည်။ ငါးရက်ခန့်ကြာသောအခါ ဒေါ်မေတ္တာသည် စံပယ့်အနီးသို့ ရောက်လာလျက် …

'အေးတော့် တစ်နေ့က မြို့ဆိုတာ တကယ်ပဲ ညည်းပြောတဲ့ အတိုင်း မြို့စားပုံချီကြီးတို့ လက်ထဲ ပြန်ကျသွားသတဲ့၊ ဗိုလ်မှူးရွှေဝံကတော့ အခု ဘယ်နေရာကို သိမ်းပြီး တပ်စွဲထားတယ် ဆိုပဲ'

'အမယ် … ကျွန်မ ကြားပြီးပါပြီ၊ အဲဒီမြို့မှာ အခု ဗိုလ်မှူးရွှေဝံတို့ မရှိတော့ဘူး၊ တခြားမြို့တစ်မြို့ကို တိုက်ဖို့ အထက်က အမိန့် ရောက်လာတာနဲ့ ဗိုလ်မှူးရွှေဝံတို့ ထွက်သွားကြပြီ၊ အဲဒီ မြို့မှာ တခြား တပ်ဗိုလ်တစ်ယောက်က တာဝန်ယူပြီး စောင့်နေတုန်း မြို့စားပုံချီကြီးတို့ လာတိုက်လို့ ပါသွားပြန်ပတဲ့'

'အေပိုင် အေယင်းစွာမ မဟုတ်တာတွေ ပြောပြောနေတယ်'

ဒေါ်မေတ္တာသည် မကျေမနပ် ဗျစ်တောက်ဗျစ်တောက် မြည်တွန်၍ ထွက်သွားတတ်ပြီး တစ်ပတ်မပြည့်မီ တစ်ရက်တစ်ရက် အတွင်း၌ပင် စံပယ်ရှိရာသို့ တအံ့တသြဖြင့် ရောက်လာတတ်သည်။

'အေးဟဲ့၊ တစ်နေ့က သတင်းဟာ ညည်းပြောတဲ့ အတိုင်း တကယ်ပဲ ပုံချီကြီးတို့ လက်ထဲကို ပြန်ကျသွားပြန်သတဲ့' ဟု ပြောလာတတ်သည်။ ယခုလည်း ဒေါ်မေတ္တာ လာနေပြန်ပြီ ဖြစ်ရာ သတင်းတစ်ခုခု ပါလာပြန်ပြီဟု မသိသလိုပြု၍ တစ်ဖက်သို့ လှည့်နေလိုက်သည်။ အနားသို့ ရောက်၍ ဒေါ်မေတ္တာက အသံပြုသောအခါ 'ကျွန်မ ကြားပြီးပါပြီ' ဟု ပြောရင်း လှည့်လိုက်သည်။ သို့သော် ယခုတစ်ကြိမ်၌ အံ့အားသင့်ရသူသည် စံပယ်သာ ဖြစ်သည်။ အကြောင်းမူ ဒေါ်မေတ္တာ၏ နောက်တွင် စစ်ဝတ်စုံနှင့် မျက်နှာစိမ်း တစ်ယောက် ပါလာသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုသူက ရုတ်တရက် ဦးညွတ်လိုက်ပြီး …

'ကျွန်တော် ဗိုလ်မှူးရွှေဝံတပ်က သွေးသောက်ကြီးပါ၊ ဗိုလ်မှူးရွှေဝံ မမရှိတဲ့ နေရာကို တွေ့အောင် ရှာပြီး ဒီပုရပိုက် ပို့ပေးပါဆိုလို့'

သွေးသောက်ကြီးက ပုရပိုက်ကို ရိုရိုသေသေ ဦးခေါင်းညွတ်လျက် လှမ်းလိုက်သည်။ ဗိုလ်မှူးရွှေဝံသည် ပုရပိုက်ခေါက် မည်းမည်းကို ဖွင့်လိုက်သောအခါ ကဲ့ကူဆံဖြင့် ရေးထားသော စာလုံးဖြူဖြူတို့ကို တွေ့ရသည်။



**စာရေးလိုက်သည် စံပယ်သာယာ**

ကျုပ် ကျောက်ကြီး တိုက်ပွဲမှာ ကျည်သင့်ခံရတယ်၊ ပေါင်ကို ထိတယ်၊ အနာမကျက်နိုင်ရင် ဖြတ်ပစ်ရမလားပဲ၊ အခုမှ ကျုပ် စံပယ်ချောရဲ့ ဘဝကို ပိုပြီး ကိုယ်ချင်းစာတတ်တယ်၊ တွေ့လည်း တွေ့ချင်တယ်၊ စံပယ်ချော လာနိုင်မယ်ဆိုရင် ကျုပ်ရဲ့ သွေးသောက်ကြီးက စောင့်ခေါ်ပါလိမ့်မယ်။

စံပယ်ချော ကျန်းမာချမ်းသာပြီး အလိုရှိရာ ပြည့်စုံပါစေ။

**ရွှေဝံအာကာ**

စံပယ်သည် ပုရပိုက်၏ ခေါင်းကို မော့လိုက်ပြီး မိမိကို ကြည့်နေသည့် သွေးသောက်ကြီးအား 'ကျွန်မ လိုက်မယ်' ဟု သံပြတ်ဖြင့် တစ်ခွန်းတည်း ပြောလိုက်သည်။ ထို့နောက် မိမိတို့ ရှိရာသို့ လာနေသည့် အစ်မကြီး နှင်းဆီသာယာသို့….

'ကျွန်မတို့ ဗိုလ်မှူးရွှေဝံရှိရာ ကျောက်ကြီးကို အခုလိုက်သွားကြမလို့၊ အစ်မလည်းစီစဉ်ပေးပါ၊ ဖြစ်နိုင်ရင် မြန်မြန် ရောက်နိုင်အောင် မြင်းနဲ့ကတဲ့ ရထားပေါင်းချုပ်ရရင် ကောင်းမယ်'

စံပယ် မည်မျှ ပူပန်သောက ရောက်လျက် ရှေ့လောတကြီး ဖြစ်နေသည်ကို ဘေးမှ လူအားလုံးတို့က မြင်သိနေကြရသည်။

*

## (၂၂)

ဒဏ်ရာရနေသော ဗိုလ်မှူးစုဝံသည် ကျောက်ကြီးမြို့ရှိ ဆေးပညာတတ်ကျွမ်းသော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် အပြင်သမားတော်ကြီးနှင့် တပ်တွင်းသမားတော်ကြီးတို့ စုပေါင်း၍ ဘုန်းတော်ကြီးနှင့် သမားတော်ကြီး လေးယောက်ပေါင်း ငါးယောက်တို့၏ တိုင်ပင်ကုသခြင်းကို ခံယူနေရသည်။ ဒဏ်ရာက ပေါင်တွင်ရသည့် ဒဏ်ရာဖြစ်လျက် အရိုးကို ထိခိုက်သွားသေးသောကြောင့် အတော်ကလေးပြင်းထန်သည်။

စံပယ် ရောက်သွားသော အချိန်တွင် ဗိုလ်မှူးစုဝံ၏ ခြေထောက်ကြီးသည် မကြည့်ဝံ့ မမြင်ဝံ့လောက်အောင် ယောင်ရမ်းနေသည်ကို တွေ့ရသည်။ တပ်တွင်းသမားတော်ကြီးသည် ဗိုလ်မှူးစုဝံ ကျည်သင့်လာလျှင် လာခြင်း မိမိတို့၏ တပ်တွင်းကုသနည်း ထုံးတမ်းစဉ်လာအတိုင်း ကျည်သင့်သော ဒဏ်ရာ အပေါက်နှင့် အလောတော် သံချောင်းတစ်ချောင်းကို မီးရဲနေအောင် ဖုတ်ကာ ဒဏ်ရာပေါက်ထဲသို့ ဒဏ်ရာ၏ အဆုံးသို့ ရောက်အောင် ထိုးထည့်လိုက်သည်။

ထိုသို့ ပြုလုပ်ခြင်းဖြင့် ထိုဒဏ်ရာသည် အနာယင်းခြင်း စသည်တို့ ဖြစ်တတ်ခြင်းမှ ကင်းလွတ်တတ်သော်လည်း လူနာအဖို့ သတိလစ် မေ့မြောသွားအောင် ပြင်းပြင်းထန်ထန် နာကျင်သော ဝေဒနာတို့ကို ခံစားရမြဲ ဖြစ်သည်။ ဗိုလ်မှူးစုဝံသည် မေ့မြောသွားခြင်း မဖြစ်သော်လည်း အသံထွက်၍ အော်မိမတက် ခံလိုက်ရသည်။ ယခု ထိုဒဏ်ရာကြောင့် ဗိုလ်မှူးစုဝံ၏ ခြေထောက်ကြီးမှာ ကိုယ်လုံးကြီး တစ်လုံးစာခန့် ဖြစ်နေအောင် ယောင်ကိုင်းနေရခြင်းဖြစ်သည်။ သူသည် အတော်ချည်း အားနည်းနေသော်လည်း စံပယ်နှင့် တွေ့ရသောအခါ ရွှင်လန်းစွာ ပြုံးရယ်လိုက်သည်။



ဗိုလ်မှူးစုဝံ၏ အပါးတွင် ကိုဥက္ကာ၏ သား သီဟပင် ဖြစ်သည်။ လူအေးလူရိုးကြီးဖြစ်လျက် သူတစ်ပါးကို အထူး ကြင်နာတတ်၍ မှူတမြင့်မြတ်သော စိတ်ထားရှိသည့် ဗိုလ်မှူးစုဝံ၏ အစ်ကိုကြီး အရင်းဖြစ်သူ ကိုဥက္ကာသည် ဤပြည်တွင်းစစ်ပွဲကြီး၌ ဂုဏ်သရေရှိရှိဖြင့် ကျဆုံးသွားခဲ့သည်။ သီဟသည် ထိုတိုက်ပွဲ၌ပင် အထိန်းအကွပ် မဲ့တော့မည်ကဲ့သို့ ဖြစ်သွားသော ဖခင်၏ တပ်ကြီးကို ဆက်လက်ထိန်းကွပ်ကာ အိန္ဒြေမပျက် သယ်ဆောင်လာနိုင်ခဲ့သည်။ ထိုစဉ်ကတည်းက နာမည်သတင်းထွက်နေသည့် သီဟကို စံပယ်သည် ယခုမှ တွေ့ရသည်။ သီဟကို စစ်သားကြီးအသွင်ဖြင့် တွေ့ရသည်မှာ အားရ ကြည်နူးစရာလို စံပယ်၏ စိတ်၌ ထင်မှတ်မိသည်။ သို့သော် သီဟ၌ သူ့ဦးလေးတော် ဗိုလ်မှူးစုဝံ ငယ်ငယ်ကကဲ့သို့ မထီတရီနှင့် ဆောင့်ကြွားကြွား ဟန်ပန်မျိုး မရှိခဲ့လေ။

စံပယ်သည် ဗိုလ်မှူးစုဝံ၏ ခြေထောက်ကြီးကို ကြည့်ရင်း မိမိကိုယ်တိုင် ခံစားနေရသကဲ့သို့ စိတ်၌ထိခိုက်လာသည်။ သို့သော် မိမိ၏ စိတ်ကို မိမိ တင်းလျက် ဗိုလ်မှူးစုဝံ အပါးသို့ နီးကပ်စွာ တိုးလိုက်သည်။ ထို့နောက် နှစ်သိမ့်မှုကို ပေးသကဲ့သို့ ဗိုလ်မှူးစုဝံ၏ လက်ကို ဆုပ်ကိုင် ဖျစ်ညစ်မိသည်။ ထိုအချိန်၌ စံပယ်၏ မျက်နှာသည် အားတင်း၍ ပြုံးထားဟန် ရှိသော်လည်း စံပယ်၏ ဝမ်းထဲကမူ 'အိုကွယ် ဖြစ်မှ ဖြစ်ရလေ' ဟု ညည်းညူနေသည်။ ဗိုလ်မှူးစုဝံသည် စံပယ်ကို ကြည့်၍ ပြုံးလိုက်သည်။

'ကိုယ်တို့ အခု ဘဝချင်း တူသွားကြပြီနော်၊ တစ်ယောက်နဲ့ တစ်ယောက် အကြောင်းပြပြီး ရှောင်မယ်နေစရာလည်း မလိုတော့ဘူး ဟုတ်တယ် မဟုတ်လား'

သူသည် မည်သို့ပင် ရယ်မော ပြောဆိုနေသော်လည်း အလွန် အားနည်းနေသည် ဖြစ်သောကြောင့် သူ့အသံသည် ခပ်တိမ်တိမ်ဖြစ်လျက် သူ့အသားအရေနှင့် မျက်နှာတို့ကလည်း ဖြူရော်မြဲ ဖြူရော်လျက် ရှိလေသည်။

'ဒဏ်ရာ ရလိုက်တုန်းက သွေးထွက် တော်တော် လွန်သွားသလား'

'ထွက်လိုက်တာမှ ငါးရှဉ့်တွင်းလို အမြဲ ထွက်နေတာပေါ့၊ ဆီးသမားကြီးတွေ သုံးရက်လုံးလုံး ဝိုင်းပြီး အမျိုးမျိုး လုပ်ပြီးကြမှ သွေးထွက် ရပ်တယ်'

စံပယ်သည် သီဟဆီသို့ ကြည့်လိုက်သည်။

'အဘုချေရေ ထွီးထွီးနဲ့ အမိမေတ္တာအတွက် အတည်တကျ ဖြစ်သွားအောင် နေရာ ဘစ်ခုခုမှာနေရာချထားပေးလား ပြီးတော့အမိမေတ္တာကို အရင်ပို့ပေးထားနှင့်'

ဤအတိုင်း စံပယ်သည် ဗိုလ်မှူးစုဝံ ရှိရာတွင် အတူနေဖြစ်လျက် ဗိုလ်မှူးစုဝံ၏ စိတ်သက်သာမှု ကိုယ်သက်သာမှု ရရေးအတွက် မိမိ လုပ်ရှားစွမ်းအား ရှိသလောက် အားကုန်လွှတ်၍ ဆောင်ရွက်သည်။

သို့ပါလျက်နှင့်ပင် ဗိုလ်မှူးရွှဝံသည် တစ်လကျော်ခန့်မျှ လုံးဝ မထနိုင်ဘဲ ရှိခဲ့ရသည်။ လွန်ခဲ့သည့် ဆယ့်ငါးရက် မတိုင်မီလောက်ကဆိုလျှင် သမားတော်ကြီးတို့သည် ဗိုလ်မှူးရွှဝံ၏ ခြေထောက်ကို ဖြတ်ပစ်လိုက်မှသာလျှင် လူ၏ အသက်ချမ်းသာနိုင်ကြလိမ့်မည်ဟု ထင်ခဲ့ကြသည်။ ဆယ့်ငါးရက်က ကျော်လွန်လာခဲ့ပြီးရောင်ရမ်းနေသော ခြေထောက်ကြီး လျော့ကျသွားမှသာ ဤခြေထောက်ကို ဖြတ်မပစ်သော်လည်း လူကို မထိခိုက်နိုင်တော့ပြီဟု ပြောနိုင်လာကြသည်။

နှစ်လထဲသို့ ရောက်သည်နှင့် အခန်းထဲတွင် စတင် လမ်းလျှောက်နိုင်လာသည်။ သို့သော် လက်ကိုင်ထောက် တုတ်နှစ်ချောင်းကို အဖော်ပြုနေရလေသည်။

ထိုအချိန်တွင် သူ၏ အသံကလည်း ဒဏ်ရာနှင့် တွေ့ကာစကကဲ့သို့ အားလျော့ တိုးတိတ်သည့် အသံမျိုး မဟုတ်တော့ဘဲ ကျယ်လောင် ပြင်းထန်၍ လာခဲ့ပြီ။ သူသည် မိမိ အိပ်ရာထဲတွင် လဲနေသည့်အချိန် တစ်လျှောက်လုံး မည်သည့်နေရာမည်သည့် အပိုင်းမှာမျှ တိုက်ပွဲကလေး တစ်ခုတလေဓောင် မဖြစ်ဘဲ ငြိမ်သက်နေခဲ့ကြသည်ကို မကျေမနပ် ဆဲရေး ပြစ်တင်နေခဲ့သည်။

သို့သော် ဗိုလ်မှူးရွှဝံတို့၏ လက်အောက် တပ်မှူးတို့က ခပ်ပြုံးပြုံးပင် ရှိကြသည်။ သူတို့သည် သူတို့၏ ဗိုလ်မှူးနှင့် တစ်စိတ်တည်း တစ်သဘောတည်း ရှိကြသူများ ဖြစ်လျက် သူတို့၏ ဗိုလ်မှူး ပြောသမျှကို ထောက်ခံကြ၏။ သူတို့၏ ဗိုလ်မှူးကို ချစ်ကြ၏။

ဗိုလ်မှူးရွှဝံကို ဗိုလ်မှူးရွှဝံနှင့် ထိကပ် နီးစပ်သော စစ်ဘက်မှ အမှုထမ်း အရာထမ်းတို့က ချစ်ခင်လေးစားလာတတ်ကြသလောက် ဗိုလ်မှူးရွှဝံနှင့် ထိကပ် နီးစပ်သော စစ်ဘက်သက်သက် မဟုတ်သည့် မြို့စားနယ်စား ရွာစားတို့က တစ်စတစ်စ ရွံမုန်းကြီး ဖြစ်လာတတ်စမြဲ ဖြစ်၏။

ယခုလည်း ဗိုလ်မှူးရွှဝံသည် အိပ်ရာထက်၌ လဲနေရသော ဒဏ်ရာ ရရှိနေသူဖြစ်သော်လည်း ဗိုလ်မှူးရွှဝံ၏ အမိန့်အရ ဗိုလ်မှူးရွှဝံ၏ အကြပ် သွေးသောက်ဗိုလ်စသော သူတို့သည် မည်ကဲ့သို့ ပြုပါသည်၊ မည်ကဲ့သို့ အနိုင်ကျင့်ပါသည် စသဖြင့် ကျောက်ကြီး နယ်စားက သားတော်ကလေး၏ အကြံပေးအဖွဲ့သို့ အကြိမ်ကြိမ်တိုင်ထားသည်ဟု ကြားနေရ၏။

လက်ကိုင်ထောက်တုတ် မပါဘဲ စတင် လမ်းလျှောက်နိုင်သော နေ့တွင် ဗိုလ်မှူးရွှဝံသည် ကျောက်ကြီး နယ်စားအိမ် ရှိရာသို့ သွားခဲ့သည်။

နောက်လိုက် နောက်ပါတို့နှင့် ဖြည်းညင်းစွာ လာနေသူသည် ဗိုလ်မှူးရွှဝံဖြစ်သည်ဟု ကျောက်ကြီးနယ်စားက သိသောအခါ တိတ်တဆိတ် ရှောင်သွားသည်။



သို့သော် ဗိုလ်မှူးရွှဝံသည် ကျောက်ကြီးနယ်စား၏ အိမ်ပေါ်သို့ ရောက်ပြီးသည်နှင့် ပြန်မဆင်းတော့ပေ။

လူသတ်နေရသော စစ်သားများကို ဘုရားထဲ ကျောင်းထဲ၌ ထားခြင်းသည် မသင့်လျော်၊ နယ်ကို ကာကွယ် တိုက်ခိုက်နေသော သူတို့သည် နယ်ကို အုပ်ချုပ်နေသော သူ၏ အိမ်တွင်သာ နေရန် သင့်သည်ဟု ပြတ်ပြတ်သားသား ပြောလျက် တပ်များကို နယ်စားကြီး အိမ်ရှိရာသို့ ရွှေ့ပြောင်းလာရန် အမိန့်ပေးသည်။

သူ့တပ်များကလည်း သူ့အမိန့်အတိုင်း ချက်ချင်း ပြောင်းရွှေ့ကြသည်။ ထိုပြောင်းရွှေ့ရာသို့ စံပယ်တို့က မလိုက်။

ဗိုလ်သီဟက အခန်းများ အသင့် ပြင်ဆင်ထားပြီးပြီဖြစ်၍ ပြောင်းရွှေ့ပေးရန် လာရောက် ခေါ်ငင်သောအခါ ‘တို့ စစ်နဲ့ မဆိုင်သူတွေ စစ်ထဲက လူတွေနဲ့ ကပ်ပြီး သူတစ်ပါး စည်းစိမ်ကို အနိုင်မကျင့်ပါရစေနဲ့ကွာ’ ဟု ပြောလိုက်သည်။

စံပယ်က စစ်တပ် ပြောင်းရွှေ့ရာသို့ လိုက်ပါရန် ငြင်းသောအခါ ဗိုလ်မှူးရွှဝံက စံပယ်ရှိရာသို့ လာသည်။ သူလာရသည်မှာ မလွယ်။ လူသုံးယောက်က ချီမ၍ မြင်းပေါ်သို့ တင်ပေးပြီးမှ မြင်းစီး၍လာသည်။ ဆင်းတော့လည်း မြင်းတို့ဖြင့် နောက်မှ အတူလိုက်လာသည့် သူ့လူများကပင် ချီမ၍ ချပေးရသည်။ ရက်အနည်းငယ်ကြာလာသောအခါ သူသည် နယ်စားကြီး၏ အိမ်တပ်စွဲထားရာသို့ ကိစ္စရှိမှသာ သွား၍ စံပယ်တို့ ရှိရာ၌သာ အနေများတော့သည်။

ကျောက်ကြီး နယ်စားကြီးကလည်း ရှောင်ထွက်သွားသည့် အချိန်မှစ၍ လုံးဝ ပြန်မလာတော့။ သို့သော် နယ်စားကြီးသည် တစ်စုံတစ်ခုကို ကောက်ကျစ်စွာ ကြံစည်နေခြင်း ဖြစ်လိမ့်မည်ဟု သူကိုယ်တိုင်ကလည်း ပြောသည်။ သူ့လူတွေကလည်း ပြောသည်။

‘ဒါတော့ အစ်ကိုရွှဝံက သူ့အိမ်ထဲကို သွားပြီး သက်သက် အနိုင်ကျင့်တာကို’

‘အေး ဟုတ်တယ်၊ အကြံပေးအဖွဲ့မှာရှိတဲ့ အမတ်ကြီးတွေကလည်း စံပယ်ချေလို မိန်းမ တစ်ယောက် တွေးသလိုပဲ တွေးကြတာပဲ၊ ကိုယ်ကကွာ ကိုယ် ဒဏ်ရာရနေတော့ ရဲမက်တွေရဲ့ နေရေးစားရေးကို ကျောက်ကြီး နယ်စားက တာဝန်ယူပါ၊ သူတို့ရဲ့ နေရေးစားရေး မပြေပြစ်ရင် နယ်မှာ အရုပ်ဆိုးတာတွေ ဖြစ်ကုန်ပါလိမ့်မယ်၊ အကယ်၍ နယ်စားက တာဝန်မယူဘဲ ရှောင်တောင် ရှောင်တောင် လုပ်နေရင်တော့ ကျုပ်တပ်သားတွေကိုတော့ နာမည်ပျက်တဲ့ တပ်သားမျိုးတွေ အဖြစ်မခံနိုင်ဘူး၊ ကျုပ်ဗိုလ်တွေကိုပဲ တာဝန်ယူပြီး အဖြေရှင်းခိုင်းရမှာပဲလို့ ပြောထားတယ်၊ ဒါကို ...

သူက ဂရုမစိုက်ဘူး၊ ရဲမက်တွေဆိုတာက အရုပ်တွေ မဟုတ်ဘူး။ နေ့တိုင်း ထမင်းစားနေကြတာ။ သူတို့ဟာ သေရဲကြတယ်၊ သတ်ရဲကြတယ်၊ နောက်ပြီးတော့ လက်နက်တွေလည်း ရှိနေကြတယ်။ သူတို့ဟာ ငတ်လာရင် အဲဒီ ငတ်တာကို မငတ်မိအောင် အရင်ဆုံး ဖြေရှင်းမယ်။ နောက်မှ အသတ်ခံရမယ် ဆိုလည်း သူတို့ သေရဲကြတယ်။ ဒီတော့ သူတို့ ....

လုမယ်၊ ယက်မယ်၊ တွေ့ကရာတွေ လုပ်ကြတော့မယ်၊ ဒီလို လုပ်ရင် နယ်နာမယ်၊ နောက် သားတော်ကလေးနှင့် သားတော်ကလေးရဲ့ တပ်တွေပါ နာမည်ပျက်မယ်၊ အဲဒီတော့ စစ်ရှုံးမယ်၊ ဒါကို ...

ကိုယ်တို့က မခံနိုင်ဘူး။ ဒီတော့ တပ်ဗိုလ်တွေက ဒီနယ်မှာရှိတဲ့ ကြေးရေတတ်တွေကို ဆင့်ခေါ်လိုက်တယ်။ နောက်ပြီး ဒီတပ် ဒီနယ်မြေမှာ တပ်စွဲနေသမျှ ဥပုသ်တစ်ပတ်ကို ဆီဆန်ရိက္ခာ ဘယ်လောက် ဘယ်လောက် စုပေါင်းပြီး ထောက်ပံ့ပို့ပေးကြရမယ်၊ အချိန်မီ ပို့မပေးရင် ရှိပစ္စည်းအားလုံး လာရောက်သိမ်းယူမယ်လို့ ပြောလိုက်ကြတယ်။ ခေါင်းမာတဲ့ တစ်ဦး နှစ်ဦးကိုလည်း တကယ်ပဲ သူတို့ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို သိမ်းယူထုချပြီး ဥပုသ်အပတ်တိုင်း အချိုးကျ ထည့်ပေးပါ ဆိုပြီး သူတို့ လူကြီးတွေကိုပဲ ပြန်အပ်ထားလိုက်တယ်။

'အဲဒီတော့ ... ဒီကျောက်ကြီး နယ်စားက ဒီလို လုပ်တာတွေဟာ သူ့ကို မလေးမခန့် လုပ်တာ၊ တန်ခိုးသြဇာ ညှိုးမှိန်အောင် လုပ်တာ၊ သူ့နယ်ကို လာပြီး စော်ကားတာပါဆိုပြီး အကြံပေးအဖွဲ့ကို အကြိမ်ကြိမ် တိုင်တန်းတယ်၊ ဒီတော့ ကိုယ်က ကိုယ်တို့တစ်တွေ ဘယ်လိုနေကြ၊ စားကြရတယ် ဆိုတာကို သိအောင် သူ့မျက်စိအောက်မှာ သွားနေပြတယ်၊ ဒါကို သူက စောင့်မကြည့်ဘဲ ကိုယ်တို့က သူ့ကိုတောင် အနိုင်ကျင့် ကျူးကျော် စော်ကားပါတယ်လို့ ထင်နေ ပြောနေတာပဲကွ'

သူ့ဆင်ခြင်နှင့်သူတော့ စင်းလုံးချော ဖြစ်နေခဲ့သည်။ သူသည် သူ၏ လုပ်ရပ်တို့ကို တကယ်ပင် အမှန်တရားဖြစ်သည်ဟု ယုံကြည်မှုလည်း ရှိပုံရသည်။ ထို့ကြောင့် သူ၏ အသွင်မှာ ဘယ်သူ့ကိုမျှ ထီမထင်သည့် ဟန်ပန်လေသံမျိုးလည်း ရှိနေခဲ့သည်။ ထိုသို့ ရှိနေဆဲ၌ပင် သားတော်ငယ်၏ စစ်အကြံပေးအဖွဲ့ ယာယီတည်ရှိရာ နန်းချောင်းစခန်းသို့ လာရောက်ရမည်ဟူသော အမိန့်ကို သူ ရလာသည်။

'ဒီတစ်ပွဲတော့ ပြတ်ပြတ်သားသား လျှောက်ထား တင်ပြရမယ်ဟေ့၊ ကိုယ့်အဖို့ စစ်သား ဖြစ်ရင်ဖြစ်၊ စစ်သားမဖြစ်ရင် လူဖြစ်ပြီလို့သာ မှတ်လိုက်ပေတော့၊ လူဖြစ်လာရင် စံပယ်ချေနဲ့ အတူတူ တစ်နေရာမှာ အေးအေးလူလူ သွားနေတော့မယ်ကွာ၊ ဘာဖြစ်လာမလဲဆိုတာ စံပယ်ချေ စောင့်နေပေတော့'



သူသည် ဘေးပတ်ဝန်းကျင်သို့ ကြည့်လိုက်ပြီးနောက် စံပယ်၏ နဖူးကို သူခိုးကျင့် သူခိုးကြံဖြင့် အပြေးအလွှား မွှေးလိုက်သေး၏။ ပြီးမှ ဘာမျှ မပြုလုပ်သလို ဟန်ပန်နှင့် အမိမေတ္တာ အပြင်မှ ဝင်လာနေသည်ကို မသိဟန်ပြုလျက် ...

'အမိ မေတ္တာကိုလည်း ပြောပြပါကွာ၊ သိပ်မကြာပါဘူး၊ အကြာဆုံး ဥပုသ်နှစ်ပတ်လောက်ပါပဲ၊ ကိုယ် ပြန်လာတာနဲ့ စံပယ်တို့ ပြန်ပို့ပေးနိုင်ပါပြီလို့၊ ဟုတ်လား'

သူ့ကို ကြည့်ရသည်မှာ ရွှင်နေသည်။ တကယ်တော့ သူသည် ကျားသစ်ချေ ကျဆုံးခဲ့ရသော အချိန်မှတစ်ပါး အမြဲ လူပ်ရှားရယ်ရွှင်နေသောသူ အဖြစ်နှင့်သာ စံပယ် တွေ့လာခဲ့ရသည်။ ယခုလည်း ခပ်ရွှင်ရွှင်ပင် ဘာကိုမျှ ထီမထင်သော မျက်နှာဖြင့် လက်ကိုဝှေ့ယမ်းပြရင်း မြင်း၏ ဆွဲဆောင်ရာသို့ ပါသွားခဲ့သည်။ သို့သော် သူသည် ရဲမက် သုံးယောက်တို့က မတင်ပေးမှသာလျှင် ထိုမြင်းကြီးပေါ်သို့ သူ ရောက်နိုင်ရသည်ကို တွေးမှ တွေးမိပါလေစ။

မျက်စိရှေ့မှ ဗိုလ်မှူးရှုဝံတို့ ကွယ်ပျောက်သွားပြီးသည့်တိုင်အောင် စံပယ်သည် ငေးမြဲ ငေးနေမိသည်။ ထို့နောက် ဗိုလ်မှူးရှုဝံသည် စစ်သားအသွင်ဖြင့်ပင် ပြန်လာလေမည်လား။ သို့တည်းမဟုတ် လူ့အသွင်ဖြင့်ပင် ပြန်လာလေမည်လားဟု တွေးရင်း ရင်တဖိုဖိုနှင့်ပင် စောင့်ခဲ့သည်။ ဥပုသ်နှစ်ပတ် ပြည့်လုနီးလေလေ စံပယ်သည် ကိုယ့်အတွေးနှင့် ကိုယ် ရင်ဖိုရလေလေ ဖြစ်ခဲ့သည်။ သို့သော် ဗိုလ်မှူးရှုဝံက ပေါ်မလာ။

ကျောက်ကြီးတွင် ဗိုလ်မှူးရှုဝံ၏ လက်အောက်ခံ တပ်မှူး တစ်ယောက်၊ ဗိုလ်နှစ်ယောက်နှင့် သွေးသောက်များသာ စစ်အရာရှိတို့အဖြစ်နှင့် ကျန်ရစ်ခဲ့ကြသည်။

ထိုသူတို့ကို စံပယ်က စူးစမ်းကြည့်သောအခါ အကြောက်အကန် ငြင်းခုံဆွေးနွေးနေကြသဖြင့် ဆွေးနွေးပွဲ မပြီးသောကြောင့် ပြန်မလာသေးခြင်း ဖြစ်သည်ဟု အဖြေပေးကြသည်။ ဥပုသ်ရက်ပတ် တစ်ပတ်ထက် တစ်ပတ် အချိန်ပို၍ ဥပုသ်ရက်ပတ် ခြောက်ပတ်မှ ကျော်လွန်သောအခါ စံပယ်က စိတ်ပူလာသည်။ ဗိုလ်မှူးရှုဝံ တစ်ခုခု ဖြစ်တော့မည်ဟု ထင်လာသည်။ တွေးရင်း တွေးရင်း အကယ်၍များ မိမိ လိုက်မသွားပါက ဗိုလ်မှူးရှုဝံ၏ မျက်နှာကို နောက်အချိန်တို့၌ တွေ့ရလိမ့်မည် မဟုတ်တော့' ဟု ထင်လာသည်။ စံပယ်၏ ရင်သည် ဒိတ်ဒိတ် ခုန်လာသည်။ စံပယ်၏ကိုယ်၌ သွေးတိုးမြန်လာသည်။ စံပယ် အသက်ရှူရသည်မှာ ဟာတိဟာတာ ဖြစ်လာသည်။ စံပယ်သည် အမိမေတ္တာကို အရေးတကြီး ဆင့်ကာဆင့်က ခေါ်လိုက်သည်။

ဒေါ်မေတ္တာက စံပယ် ဘာများဖြစ်သလဲဟု အရေးတကြီး အထိတ်တလန့် မေးလာ၏။ ထို့နောက် စံပယ် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရသောအခါ စံပယ့် ကိုယ်ပေါ်သို့ ပိုးကောင်မွှားကောင်များ တက်လာသောကြောင့် မဖယ်ရှားနိုင်၍ များလားဟု စိုးရိမ်လာ၏။

'ဟဲ့ ... ဘာလဲ ဘာလဲ ဘာဖြစ်လို့လဲ' ဟု မေးမြန်းရင်း စံပယ့်ကိုယ်ပေါ်ရှိ အဝတ်တို့ကို လှန်လှောဖယ်ရှား ကြည့်ရန် ပြု၏။

စံပယ်က အဝတ်တို့ကို လက်နှစ်ဖက်ဖြင့် ဖိထားပြီးနောက် 'ဘာလုပ်တာလဲ၊ စံပယ်တို့ နန်းချောင်းကို လိုက်သွားဖို့ ပြင်ပါလို့ ပြောမလို့ပါ' ဟု စံပယ်က ရှင်းပြ၏။

ဒေါ်မေတ္တာသည် လှုပ်ရှားနေရာမှ ရပ်လိုက်ကာ မကျေနိုင်မချမ်းနိုင် စံပယ့်ကို မျက်စောင်းထိုးလိုက်သည်။

'တကယ်တည်းတော်၊ နန်းချောင်းလိုက်ဖို့ ပြောမှာများ ကင်းဝင်ကိုက်နေသလား အောက်မေ့ရတယ်'

'အခု မနက်ကို ခရီး ထွက်ရအောင် ပြောချင်လို့ပါ အမိမေတ္တာရယ်၊ အဲဒါ ကျွန်မတို့ စီစဉ်ကြရအောင်'

စံပယ်တို့သည် နန်းချောင်းသို့ ခရီးထွက်ရန် အရေးတကြီး စီစဉ်ကြသည့်တိုင် ဆွမ်းခံပြန် အချိန်လောက်မှ ခရီး ထွက်ဖြစ်ကြသည်။ နန်းချောင်းသို့ ရောက်သည်နှင့် ဗိုလ်မှူးရွှဝံတို့ ရှိရာသို့ တန်းလာခဲ့ကြ၍ ဗိုလ်မှူးရွှဝံ အပါးတွင် ရှိနေကျ ဗိုလ်သီဟကို ခေါ်ပေးပါရန် အစောင့်စစ်သားများကို ပြောရသည်။ သို့သော် ဗိုလ်သီဟသည် သားတော်ငယ်အပါးတွင် ရွှေပြောင်း တာဝန်ယူနေသည်ဟု သိရသည်။ ဗိုလ်မှူးရွှဝံ၏ ကိုယ်ရံတော်အသစ်ကို စံပယ်က မသိရသေး။

သို့သော် စံပယ်က စိတ်တွင်း၌ စနိုးစနောင့် ဖြစ်သည်။ ဗိုလ်မှူးရွှဝံနှင့် ရင်းနှီးသူတို့ကို ဖယ်ရှား ပြောင်းရွှေ့၍ ဗိုလ်မှူးရွှဝံ၏ အပါးကို ရဲမက်အသစ်များ ပြောင်းလဲ ပေးအပ်ထားခြင်းသည် ဗိုလ်မှူးရွှဝံ အပေါ်တွင် တစ်စုံတစ်ခု မရိုးသားမှုများ ပြုလုပ်လို၍ ဖြစ်လိမ့်မည်ဟု တွေးမိလာသည်။

ထို့ကြောင့် ပို၍ စိတ်ပူလာလျက် တစ်ကိုယ်လုံး ထူပူကာ ဘာမျှ သတိမထားနိုင်လောက်အောင် ဖြစ်နေဆဲ တပ်မှူး အချို့ ထွက်လာသည်ကို တွေ့ရသည်၊ စံပယ်က ရဲမက်များ တားဆီးလိမ့်မည်ကို သတိမပြုတော့ဘဲ တပ်မှူးများ လာနေရာ ဆီသို့ မိမိ ဘီးကို လှိမ့်လျက် ကုလားထိုင်ကို တွန်းသွားသည်။

ရဲမက် အချို့က လှမ်းအော်ကြ၏။ ဗိုလ်မှူးတွေ၏ အကြားမှ ဗိုလ်တစ်ယောက်က ရှေ့သို့ တိုးထွက်လာကာ စံပယ်၏ ကုလားထိုင်ကို ရှေ့မှဆီးဆို့ ကိုင်ထား၏။



'ဘာလည်း ... ဘာလည်း အမကီး၊ ဘာလူ့ကို တွေ့ချင်သလဲ'

စံပယ်က ဗိုလ်မှူးရွှဝံ နောက်သို့ လိုက်လာကြောင်း၊ ဗိုလ်မှူးရွှဝံကို တွေ့လိုကြောင်း၊ တွေ့ခွင့် ရရန် မည်သို့ ပြုရမည်ကို အကြံပေး ကူညီပါမည့် အကြောင်း ပြောပြ၏။ နောက်နောက်မှ သိရသည်မှာ စံပယ် ပြောပြနေသူသည် ဗိုလ်မှူးရွှဝံ၏ ကိုယ်ရံတော် အသစ် ဗိုလ်သူရိန် ဖြစ်နေလေသည်။

ဗိုလ်သူရိန်က ဗိုလ်မှူးရွှဝံကို အကြောင်းကြားပေး၍ ဗိုလ်မှူးရွှဝံ ထွက်လာသည်။ စံပယ်သည် ဗိုလ်မှူးရွှဝံ မိမိကိုတွေ့က အတော် အံ့အားသင့်သွားလိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် ဗိုလ်မှူးရွှဝံက မည်သို့မျှ မထူးခြား။

'လွန်ခဲ့တဲ့ ဥပုသ်ပတ်လောက်ကတည်းက စံပယ်ချေ ရောက်လာလိမ့်မယ် လို့ ကိုယ် ထင်ခဲ့တာကွာ၊ အခု ဥပုသ်ပတ်ထဲမှာမှ မရောက်လာရင် လူလွှတ်ပြီး အခေါ်ခိုင်းဖို့ ကြံစည်ထားတဲ့ သူတို့ လုပ်ပုံတွေ အကဲခတ်ရတာက ကိုယ်တော့ စံပယ့်ဆီ ပြန်လာရပုံ တယ်မပေါ်ဘူး၊ ကဲ လာပါ၊ ဟိုကျမှ ပြောမယ်၊ ဗိုလ်သူရိန် စံပယ့်ကို ခေါ်ခဲ့စမ်းပါကွာ'

စံပယ်တို့သည် ဗိုလ်မှူးရွှဝံနှင့်တကွ ထွက်လာကြလျက် ခြံဝင်းကျယ်ကြီး တစ်ခုထဲသို့ ရောက်ကြသည်။ ဗိုလ်မှူးရွှဝံ၏ တဲစခန်းမှာ မြေစိုက်တဲစခန်း ဖြစ်သည်။ သို့သော် အထားအသို အသုံးအဆောင် အားလုံးတို့သည် အနောက်ဘက် ကုလားမင်းများပြည်မှ အသုံးအဆောင်တို့ကဲ့သို့ ခင်းကျင်းထားသည်။ မြေတလင်း ပြောင်ပြောင် ပေါ်တွင် စံပယ်တို့ [illegible] မြင်ခဲ့ရသော မတ်တတ် စားပွဲများနှင့် မတ်တတ် ကုလားထိုင် များကို နေရာတကျ တည်ခင်းချထားသည်။ ဗိုလ်မှူးရွှဝံက ကုလားထိုင် တစ်လုံး ကို ဆွဲဖယ်လိုက်၍ စံပယ်၏ ကုလားထိုင် ဝင်သာရန် နေရာရှင်းပေးလိုက်သည်။

စားပွဲပေါ်တွင် ပြင်ဆင်ထားသော အပြင်အဆင်တို့ကလည်း စံပယ့်အဖို့ ဆန်းသစ်လှသော အရာဝတ္ထုတွေ လိုလိုချည်း ဖြစ်နေကြသည်။ စံပယ်တို့ မြင်ဖူးရန် ခဲယဉ်းလှသော စက္ကူဆိုသည့် ဖြူဖြူအချပ်များကို အုပ်ပြု၍ ချုပ်လုပ်ထားသော အရာတို့ကိုလည်း တွေ့မြင်ရသည်။ ထိုအရာတို့ အပေါ်တွင် အလွယ်တကူ ရေးခြစ် နိုင်ရန်အတွက် ဖန်အိုးဖြင့် ထည့်ထားသော မင်တို့ကိုလည်း တွေ့မြင်ရသည်။ ထိုမင်တို့ဖြင့် တို့၍ရေးရန် ကြေးဝါဖြင့် ပြုလုပ်ထားသည့် အသွားရှိသည့် မင်တံကိုလည်း တွေ့မြင်ရသည်။ အထူးခြားဆုံးကား ဖယောင်းဖြင့် ပြုလုပ်ထားသော မီးထွန်းညှိ သုံးစွဲရသည့် အလင်းရောင်ကို ဖြစ်စေသော ဆန်းသစ်သည့် ထိုအရာဝတ္ထုတို့နှင့် ထိုအရာဝတ္ထုကို စိုက်ထူရန် အတွက် ငွေဖြင့် ပြုလုပ်ထားသော ကလပ်ငယ် ခပ်စောက်စောက် တစ်ခုပင် ဖြစ်သည်။

စံပယ်က ထိုထူးဆန်းသော အရာတို့ကို ငေးစိုက်ကြည့်နေသဖြင့် ဗိုလ်မှူးရှုဝံက ထိုအရာကို ယူပြီးလျှင် စံပယ့် လက်ထဲသို့ ထည့်လိုက်သည်။

'အဲဒါ ဖယောင်းတိုင် ဆိုတာပေါ့၊ ဟိုမြန်မာပြည်က ထွက်တဲ့ ရေနံလိုဟာမျိုးက ချက်ယူရတဲ့ဟာပဲ၊ မီးတိုင်အဖြစ် သုံးလို့ အားကြီးလွယ်ကူတဲ့အပြင် သန့်လည်း သန့်ရှင်းတယ်၊ ကိုယ်တို့ သုံးနေကျ ရေနံချေး ထည့်ထားတဲ့ ထမင်းခြောက် စလောင်းလို မဟုတ်ဘူး'

စံပယ်သည် ဗိုလ်မှူးရှုဝံကို မော့်ကြည့်လိုက်ရင်း ငွေဖြင့် ပြုလုပ်ထားသော ဖယောင်းတိုင်ခုံကို စားပွဲပေါ်သို့ ချလိုက်သည်။

'ကဲပါ ဒါတွေ ထားစမ်းပါ၊ စံပယ် သိချင်တာက မီးတိုင် အကြောင်း မဟုတ်ပါဘူး၊ စံပယ့် ရင်ထဲမှာ မီးလို ပူနေရတဲ့ အစ်ကိုရှုဝံရဲ့ အကြောင်းပါ၊ ဘယ်လို အခြေအနေ ရောက်လဲ၊ ဘာတွေ ဖြစ်နေကြရသလဲ'

ဗိုလ်မှူးရှုဝံက စံပယ့်ကို ကြည့်ရာမှ မနီးမဝေးတွင် ရှိနေကြသော ဒေါ်မေတ္တာနှင့် ဗိုလ်သူရိန်တို့ကို ကြည့်လိုက်သည်။

'ကဲ … ဗိုလ်သူရိန်၊ အမိမေတ္တာကို ခေါ်သွား၊ သွေးသောက်ကြီး ဦးရဲထွန်းတို့ အိမ်မှာ နေရာချပေး၊ ဟောဒီ စံပယ်ချေ၊ ငါလည်း အဲဒီမှာ နေမယ်၊ တို့ဒီက မပြန်ရမချင်းပေါ့ကွာ၊ တစ်ယောက် တစ်ခန်းစီ နေရာ ချပေးပါလို့၊ သူတို့အိမ်က အလယ်ဆောင်ကြီးမှာတောင် အခန်း ရှစ်ခန်းလောက် ရှိနေတာပဲ ဖြစ်ပါတဲ့၊ ဒီဟာကတော့ တို့ရဲ့ ရုံးခန်း ဖြစ်ကရောပေါ့ကွာ၊ ကဲ သွားနှင့်၊ တို့ ဖြည်းဖြည်းမှ လိုက်လာခဲ့မယ်'

ဗိုလ်သူရိန်သည် ရိုသေ ကျိုးနွံစွာနှင့်ပင် အမိမေတ္တာကို စောင့်ခေါ်ကာ ထွက်သွားသည်။ ဗိုလ်သူရိန်တို့ ထွက်သွားရာသို့ ကြည့်နေသေးသော ဗိုလ်မှူးရှုဝံ၏ မျက်နှာကို စံပယ်က ကြည့်နေသောကြောင့် ဗိုလ်မှူးရှုဝံ၏ မျက်နှာကို စံပယ်က ကြည့်နေသောကြောင့် ဗိုလ်မှူးရှုဝံက ဖျတ်ခနဲ လှည့်ကြည့်သည်။ စံပယ့် မျက်နှာတွင် ခံစားချက် တစ်စုံတစ်ခု ပေါ်နေသည်။

'အဲဒီ ဗိုလ်ကလေးက အစ်ကိုရှုဝံ ဘာလုပ်တယ်ဆိုတာ စောင့်ကြည့်ဖို့ လိုအပ်ရင် အစ်ကိုရှုဝံရဲ့ နောက်ကျောကို လှံနဲ့ထိုးဖို့ အစောင့်ချထားတာပဲ မဟုတ်လား'

ဗိုလ်မှူးရှုဝံသည် စံပယ့်ကို မျက်နှာတည်ကြီးဖြင့် ငြိမ်သက် စိုက်ကြည့်နေရာမှ တဖြည်းဖြည်း ကုန်းထလိုက်ပြီး စံပယ်၏ ပါးကို နမ်းလိုက်သည်။ နောက်မှ မိမိနေရာ ပြန်ထိုင်ရင်း ပြုံးလိုက်သည်။



'ဟုတ်တော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ ဒီကောင်တွေက သူတို့ ခိုင်းတိုင်း မလုပ်ပါဘူး၊ ဒီသားတော်ကလေးရဲ့ တပ်တွေမှာက ကိုယ့်ကို ပြိုင်နေတဲ့ ဗိုလ်မှူး သုံးလေးကောင်နဲ့ အဲဒီ ဗိုလ်မှူးကောင်တွေရဲ့ တပည့်ရင်း အနည်းအကျဉ်းလောက် ကသာ ကိုယ့်ကို တကယ် လုပ်ကြမှာပါ၊ ကျန်တဲ့ သူတွေက ကိုယ့်ကို ချစ်ကြောက် ရိုသေပါ၊ အဲ ကိုယ် ဒီနေရာ ဒီတာဝန်တွေက လျော့ကျပြီး တစ်ခုခု ဖြစ်သွားပြီးရင်တော့ သူတို့ရဲ့ စိတ်ထားတွေ ပြောင်းချင် ပြောင်းကုန်ကြမှာပဲ၊ ကိုယ့်အပေါ်မှာ မကောင်းကြံကျရင်လည်း အဲဒီအချိန်လောက်ကျမှ ကိုယ့်ကို ရင်ဆိုင်ဝံ့မယ့်လူ ပေါ်လာမှာပဲ၊ အခုတော့ ဘယ်သူကမှ လက်ဖျားနဲ့ မထိဝံ့ဘူး စံပယ်ချေ စိတ်သာချ'

'စံပယ်က ဗိုလ်မှူးရှုဝံ ပြောသမျှတို့ကို တွေးတွေးဆဆ နားထောင်နေရာမှ မျက်လွှာ လှန်ကြည့်လိုက်သည်။

'နို့ … အခု ဒါလောက်ကြီးတောင် အချိန်ကြာအောင် တိုင်ပင် ဆုံးဖြတ်လို့ မပြီးနိုင် ဖြစ်နေကြရတဲ့ ကိစ္စကလည်း အစ်ကိုရှုဝံနဲ့ မပြီးပြတ် ဖြစ်နေကြတာပဲ လား'

'ကိုယ်က ဒီပြင်နေရာမှာ ကြာပေမယ့် ဒီနေရာမျိုးတော့ ပြတ်ပြတ် မြန်မြန်ပဲ'

သူသည် မချိုမချဉ် ပြုံးရင်း သူ၏ စစ်ဝတ်စုံအတွင်းမှ ပုရပိုက်ညိုတစ်ခုကို ထုတ်၍ လှမ်းပေးသည်။ စံပယ်က လှမ်းယူကြည့်လိုက်သောအခါ အကြံပေးအဖွဲ့နှင့် သားတော်ကလေးထံသို့ မိမိ ရာထူးမှ လည်းကောင်း၊ တပ်မတော် အတွင်းမှ လည်းကောင်း လုံးဝ နုတ်ထွက်လိုက်ပြီ ဖြစ်ကြောင်း ပေးပို့သည့် နုတ်ထွက်စာ၏ လက်ခံမိတ္တူ ဖြစ်နေကြောင်းကို တွေ့သိနေရသည်။

စံပယ်သည် စိတ်ပူသွား၏။ တုန်ယင် လှုပ်ရှားသည်ကို ဖုံးဖိထားသော မျက်နှာဖြင့် ဗိုလ်မှူးရှုဝံကို ကြည့်၏။

'ဘယ်လိုတွေ ဖြစ်ကုန်ကြလို့ ဒီအထိ ဖြစ်နေရတာလဲ'

'ဒါက ရှင်းပါတယ်ကွာ၊ ကိုယ် စံပယ်ချေကို ပြောခဲ့သားပဲ၊ ပြန်လာရင်တော့ ပြတ်ပြတ်သားသားပဲ၊ စစ်သား ဖြစ်ရင်လည်း စစ်သား ပီပီသသဖြစ်၊ စစ်သား မဖြစ်ရင်လည်း လူဖြစ်ပြီး ပြန်လာခဲ့မယ် ဆိုတာလေ၊ အခုတော့ သူတို့ လုပ်နေကြတာ ကကွာ၊

'လူတွေ အားလုံးကို သူတို့လိုပဲ မပြတ်မသားနဲ့ တွန့်ဆုတ် တွန့်ဆုတ် လုပ်ကြရမယ်၊ လူဖျင်း လူညံ့တွေရဲ့ လုပ်ပုံလုပ်နည်းမျိုးထက် ပိုမလုပ်ရလို့ အမိန့်နဲ့ ကန့်သတ်သလို လုပ်နေကြတာကွ၊ ဒီတော့ …

'ကိုယ်က အဲဒီလို မလုပ်နိုင်ဘူး၊ ဒီလိုလုပ်ရင် ခင်ဗျားတို့ ခြေလှမ်း ပြင်ထားကြတဲ့အတိုင်း သားတော်ကလေးရော ဒီတပ်ဖွဲ့ကြီး တစ်ခုလုံးပါ ပြေးကြရုံပဲ ရှိတယ်၊ ရဲမက်တွေကို အပင်ပန်းခံ အသေခံခိုင်းပြီး အပိုသက်သက် အတိုက်ခိုင်းမနေနဲ့တော့၊ တိုက်တယ်ဆိုရင်တော့ တိုက်တာနဲ့ တူအောင် တိုက်၊ တစ်ဖက်ရန်သူကို အပျို လှည့်သလို ပါးတို့မေးတို့ လုပ်တာမျိုး မလုပ်နဲ့၊ ရန်သူရဲ့ မျက်လုံးဖောက် ပါးစပ်လိုးထုတ်၊ ဗိုက်ဖောက်ပစ်၊ ခြေဖြတ်၊ လက်ဖြတ် အဲဒီလို ဖြတ်ပြီးတော့မှ ဟောဒီလို တိုက်တယ်ကွ ဆိုပြီးတော့ တိုက်တာနဲ့ တူအောင် တိုက်ဆိုပြီး ဘယ်လို တိုက်ရမယ် ဆိုတဲ့ 'တိုက်ဖို့ အစီအစဉ် စစ်ပန္နက်ကိုပါ ရေးတင်လိုက်တယ်ကွာ၊ အဲဒီပန္နက်ကို …

'အခြေခံ မပျက်စေဘဲ ကြိုက်သလို ဝိုင်းပြင်ကြပါ၊ ပြီးတော့ အဲဒီ စစ်ပန္နက်အတိုင်း တိုက်ပါ၊ ပေးတဲ့အပိုင်းက တာဝန်ကျေပွန်အောင် ထမ်းပါ့မယ်၊ ဒါမှမဟုတ်ရင် အဲဒီ ပန္နက်အတိုင်း ကိုယ်တိုင် ဦးစီးဦးကိုင်ပြုပြီး တိုက်ပေးဆိုရင်လည်း ပေးပါ့မယ်၊ ဒီလို တိုက်ပေးရရင် သားတော်ကလေးဟာ ဒွါရာဝတီက ဆုတ်ခွာမှု မပြုစေရဘူး။ ဆုတ်ခွာရတယ်ဆိုရင် ရူဝံကို သတ်ပြီးမှသာ ဆုတ်သွားကြတော့လို့ အဲဒါလောက်ကို ရဲရဲကြီး တာဝန်ယူပြီး တင်ပြတယ်၊ အဲဒါကိုကွာ …

'ဒီလို တင်ပြတဲ့အတိုင်း တိုက်လို့ စစ်နိုင်ချေနိုင်ပေမယ့် သားတော်ကလေးဟာ ရက်စက် ဆိုးရွားတဲ့ ဘုရင်အဖြစ်ကို ခံယူရလိမ့်မယ်၊ ဒါကြောင့် ဒီစစ်ဆင်နည်းကို ပယ်တယ် ဆိုပြီး …

'စစ်အကြံပေး အဖွဲ့ကြီးက သူတို့ ကြိုးဆွဲတိုင်း ကတဲ့ သတိုး အနော်ရထာကို ဗိုလ်ချုပ်ကြီး ခန့်တယ်၊ ပြီးတော့ အဲဒီ ဗိုလ်ချုပ်ကြီးနဲ့ သူတို့နဲ့ တိုင်ပင်ပြီး စစ်ဆင်မှု အစီအစဉ်တွေကို လုပ်မယ်၊ ကိုယ်က အဲဒီ ဗိုလ်ချုပ်ကြီး သ ကို့နော်ရထာရဲ့ လက်အောက်က တစ်ယောက်တည်းသာ စစ်ကဲကြီးလေ၊ အဲဒီတော့ …

'ဘယ်လိုမှ မအောင်မြင်နိုင်တဲ့ သူတို့ရဲ့ စစ်ဆင်မှု အစီအစဉ်တွေကို ကိုယ်က နားထောင်မှတ်သားပြီး တကယ် ဖြစ်လာအောင် အကောင်အထည် ဖော်ရမယ်၊ အဲဒါ မဖြစ်နိုင်တဲ့ ဟာတွေမို့ မဖြစ်လာရင် ကိုယ်ဖျင်းလို့ ညံ့လို့ပဲ၊ အခု …

ကိုယ် ဒဏ်ရာရနေတဲ့ အချိန်အတောအတွင်းလောက်မှာ သူတို့ လှုပ်လှုပ်ရှားရှား မရှိကြလို့ ရန်သူတွေကသူတို့ စိတ်ကြိုက် ရွှေ့ပြောင်းကြ၊ စုစည်းကြနဲ့ အင်အားတွေ တစ်လုံးတစ်စည်းထဲ အကွက်ကျကျ ပေါင်းမိထားကြပြီး မင်းကြီးကို အပိုင်ဖမ်းမယ့် စစ်ဘုရင်ကွက်လို ဖြစ်နေတယ်၊ တစ်ကွက်ထဲ ရွှေ့ဖို့ ကျန်တော့တယ်၊



အဲဒီ တစ်ကွက်ဟာ မြို့စားပုံချီကြီးရဲ့ တပ်ဟာ လုံးသာကို ပြန်တိုက်သိမ်းပြီး ဖိုးဖြူကုန်းမှာ တပ်စွဲထားလိုက်နိုင်ရင် ဒီဘက်က မင်းကြီး ပိတ်နေပြီ၊ ဒီတော့ကော…

'ကိုယ်တို့ လုပ်ရမှာကြ တစ်ဖက်က မင်းကြီးကို ပိတ်ဖမ်းဖို့ ဆင်ထားတဲ့ အကွက်တွေ ပျက်သွားအောင် တစ်ဖက်က မြင်းတွေ၊ ဆင်တွေ၊ နယ်တွေ၊ နေရာရွှေ့ပြီး အကွက်ပျက်သွားအောင် လုပ်ရမယ် မဟုတ်လား။ အခုတော့ …

'အဲဒီလို မလုပ်ဘဲနဲ့ တစ်ဖက်က မင်းကြီး ပိတ်ဖမ်းဖို့ ဆင်ထားတဲ့ အကွက်ထဲမှာ သူတို့က ဆင်ထားတဲ့ အကွက်ကို ဖျက်ဖို့ မကြိုးစားဘဲ အပိတ်ခံဖို့ လုပ်နေကြတော့ ကဲ ကိုယ်က ဘာလုပ်ရမှာလဲ၊ စံပယ်ပဲ ပြောစမ်းပါဦး'

'သူတို့ ပြောတဲ့အတိုင်းပဲ လုပ်ရမှာပေါ့'

ဗိုလ်မှူးရူဝံသည် စံပယ့်ကို ဆတ်ခနဲ ကြည့်လိုက်သည်။ အတော်လည်း စိတ်ဆိုးသွားပုံရသည်။ သို့သော် ချက်ချင်းပင် မျက်နှာက ပြေလျော့သွားသည်။ နေရာမှ ထရပ်လိုက်ပြီး ခေါင်းငိုက်စိုက်ဖြင့် တစ်ဖက်သို့ လှည့်သည်။ ခဏ ငြိမ်သက်ရပ်နေပြီးနောက် မနီးမဝေးတွင် ရှိနေသည့် ကုလားဗီရိုငယ်ဆီသို့ သွားသည်။ ကုလားဗီရိုငယ်၏ ခြေထောက်လေးချောင်းတွင် ရေအင်တုံလေးခု ခံထားသည်။ ထို့ကြောင့် အထဲတွင် စားသောက်ဖွယ်တို့ ရှိလိမ့်မည် ထင်သည်။ ဘီရိုပေါ်တွင် လည်ပင်းရှည်နှင့် ဖန်ပုလင်း လည်ပင်းတို့နှင့် ဖန်ပုလင်း ဖုန်ပုလင်း သုံးမျိုးခန့် ရှိသည်။ သူသည် ဖန်ပုလင်း နှစ်ခုနှင့်အတူ ဖန်ဖြင့် ပြုလုပ်ထားသော ရေခွက် နှစ်ခုကိုပါ စံပယ် ရှိရာသို့ ယူလာသည်။

ဖန်ဖြင့် ပြုလုပ်ထားသော ရေခွက်သည် မြန်မာပြည် အပါအဝင် ဖြစ်သော စံပယ်တို့ အရပ်တွင် တွေ့မြင်ဖူးရန် ခဲယဉ်း၍ ရှားပါးလာသော အရာဖြစ်သည်။ မိမိတို့ တွေ့ဖူး မြင်ဖူးရန်ပင် ခဲယဉ်းလှသော ဤမျှ ရှားပါးသည့်အရာတို့ကို ကိုင်ဆောင်သုံးစွဲနေရသူ တစ်ယောက်က မိမိ၏ ရာထူး နေရာတို့မှ ထွက်ရန် ကြိုးပမ်းနေပါ ကလားဟု တွေးမိလာသောအခါ စံပယ်သည် ဗိုလ်မှူးရူဝံကို ပို၍ ချစ်ကြည်ညိုလာသည်။ ကြည့်နေရင်း ကြည့်နေရင်း သနားလာသည်။

လည်ပင်းရှည် ဖန်ပုလင်းထဲမှ ပတ္တမြားရောင်ကဲ့သို့ ကြည်နေသော အရည်တို့ကို လည်းကောင်း၊ မြကဲ့သို့ စိမ်းနေသော ပုလင်းထဲမှ ရွှေကဲ့သို့ ဝင်းနေသော အရည်တို့ကို လည်းကောင်း၊ ဖန်ရေခွက် တစ်ခုစီတွင် ထည့်လျက် ပတ္တမြားရေကဲ့သို့ နီသော အရည်ပါသည့်ခွက်ကို စံပယ့်ရှေ့၌ ချပေးပြီး ရွှေကဲ့သို့ ဝင်းလဲ့နေသော အရည်ပါသည့်ခွက်ကို သူ့လက်ထဲတွင် ကိုင်ထားသည်။ သူသည် မတ်မတ် ရပ်လျက်ပင် ရှိနေသည်။

'ကိုယ် တွေးကြည့်တယ်၊ ကိုယ်တို့ရဲ့ အမတ်ပညာရှိကြီး မဟာကျော် ဦးစီးဦးကိုင် ပြုထားတဲ့ စစ်အကြံပေး အဖွဲ့ကြီးရဲ့ အတွေးအခေါ်တွေဟာ စစ်တိုက်နေတာကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးတဲ့ စံပယ်ချေလို အမျိုးသမီးတစ်ယောက်ရဲ့ အတွေးအခေါ်နဲ့ တစ်ထပ်တည်း တစ်လေတည်း အတစ်သံတည်းပဲ'

သူသည် အေးစက် တည်ငြိမ်သော အသံ ဟန်ပန်တို့ဖြင့် ညင်ညင်သာသာ ပြောနေရာမှ စံပယ့်ဘက်သို့ လှည့်လိုက်သည်။

'သောက်ကြည့်စမ်း ချိုတယ်၊ မွှေးတယ်၊ စပျစ်သီးကို သကြားနဲ့ စိမ်ထားတဲ့ အရည်ပါ၊ ဒါဟာ မိန်းကလေးတွေ သောက်တဲ့ ယမကာပဲ'

သူသည် ပြောရုံမျှမက ဖန်ရေခွက်ကိုယူ၍ အတင်း သောက်စေရန် ခိုင်းနေသောကြောင့် အနည်းငယ် သောက်ကြည့်ပြီး ဖန်ရေခွက်ကို ယူထားလိုက်သည်။ အရသာမဆိုးပါ။ ချိုချိုမွှေးမွှေးနှင့် ပြင်းရှရှကလေးဖြစ်ပါသည်။ သူလည်း စိတ်ကျေနပ်သွားဟန်ဖြင့် သူ့ဖန်ရေခွက်ထဲမှ ရွှေရောင်ဝင်းနေသည့်အရည်ကို တစ်ကျိုက်ကျိုက်လိုက်သည်။ သူ သောက်ကျိုက်ချလိုက်သည့် အရည်မှာ ချိုပုံမရပါ၊ ကုလားဖြူ အရည်တစ်မျိုးမျိုး ဖြစ်ပါလိမ့်မည်။ သူသည် မတ်တတ်ရပ်နေရာမှ စားပွဲသို့ ဝင်ထိုင်လိုက်ပြီး မျက်နှာမူရာ ရှေ့တည့်တည့်သို့ ခပ်ငေးငေး ကြည့်လိုက်သည်။

'စစ်ပွဲဆီသို့ တစ်ပွဲမှ မတွေ့မကြုံဖူးတဲ့ အမတ်ကြီး မဟာပညာကျော်တို့ရဲ့ စစ်နှင့် ပတ်သက်တဲ့ အတွေးအခေါ် အသိတွေဟာ စံပယ်ချေနှင့် ဘာမှ မထူးဘူး၊ ဒါကြောင့် သူတို့ရဲ့ စစ်ရေး အစီအမံအောက်မှာ ရဲမက်တွေ ရာနှင့်ချီပြီး တပ်က ထွက်ပြေးနေကြတယ်၊ စားနပ်ရိက္ခာမှ ဝအောင်ပေးမထားရင် မပြေးတစ်ကွဲ သားတစ်ကွဲ ဆင်းဆင်းရဲရဲ လိုက်နေပြီး အသေခံကြရမယ့် အလုပ်မျိုးကို ဘယ်သူက လုပ်ချင်မလဲ'

'နို့ အစ်ကိုရှုဝံတို့တော့လည်း လူတကာ မမြင်ဖူးတာ မသုံးဖူးတာတွေကိုတောင် သုံးစွဲခွင့်ပေးပြီး ချီးမြှောက်ထားသားပဲ'

'ဒါက သူတို့ကိုယ်တိုင် ဒါမျိုးတွေကို ဒီလို သုံးစားနေကြရတော့ ကိုယ်တို့ကို သုံးစားခွင့် မပေးဘဲထားလို့ ကောင်းပါ့မလား၊ ဒါတောင် အဆင့်အတန်းဆိုတာနဲ့ ဟန့်တားထားသေးတယ်၊ ကိုယ်တို့ အဆင့်အတန်းက လူတွေ သုံးစားခွင့်ရတယ် ဆိုတာတောင် ဆုမယ့်ပူမယ့် အကောင်တို့၊ ခိုင်းတာ လုပ်တတ်တဲ့ အကောင်တို့သာ သုံးစွဲနိုင်ကြတာပါ၊ တခြား အကောင်တွေဆိုရင် ကိုယ်တို့လို အကောင်တွေဆီ လာလည်မှ မြင်ဖူးကြတာပဲ။ ထားပါတော့လေ၊ ကိုယ် ပြောချင်တာက သူတို့တစ်တွေဟာ ရဲမက်တွေအတွက် စရိတ်စက ကုန်တာကို များတယ် ထင်တယ်၊



ပြီးတော့ ရဲမက်တွေ အားနဲ့တိုက်နိုင်မှ စစ်ဆိုတာ နိုင်တယ် ဆိုတာကို မယုံဘူး၊ သူတို့ အစီအမံကောင်းရင် နိုင်မှာပဲလို့ ယုံနေကြတယ်၊ ပြီးတော့မှ သူတို့ရဲ့ မဟာအစီအမံကြီးထဲမှာ ပုသိမ်တောင်ဘက်ကြီးကို တစ်စုတစ်ရုံးတည်း ပျော်ပျော်ပါးပါး စားစားသောက်သောက်နဲ့ ထွက်ပြေးကြမယ် ဆိုတာကို ထည့်ထားတာ တကယ့်ကို ရွံစရာ ကောင်းတဲ့ အကောင်တွေ၊ သစ္စာဖောက်တွေ၊ သူရဲဘောကြောင်တဲ့ အကောင်တွေ၊ နောက်ချေးပေါ်မှာ သုတ်ထားတဲ့ သရိုးက ရွှေရေးတွေပဲ'

သူသည် သူ၏ ခံစားရချက်၊ မကျေနပ်ချက်များကို တကယ် လေးလေးနက်နက် ဖွင့်ဟ ညည်းညူနေကြောင်း စံပယ် သိသည်။ သို့သော် စံပယ့်၌လည်း စံပယ့် အမြင် ရှိသည်။ ထို့ကြောင့် စံပယ်သည် တတ်နိုင်သမျှ မျက်နှာကို ချိုချိုပြု၍ ဗိုလ်မှူးရှုဝံအား အပြုံးလှလှဖြင့် ယှဲ့ယှဲ့ကြည့်သည်။

'သစ္စာဖောက်တဲ့လူ၊ သူရဲဘောကြောင်တဲ့လူဟာ ဗိုလ်မှူးရှုဝံ ဘာဖြစ်တယ်လို့ သူတို့က ပြောကြ၊ စွပ်စွဲကြမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရန်သူတပ်ကြီးက အလုံးအရင်းနဲ့ တိုက်ဖို့ ပြင်ဆင်လာတဲ့အချိန်မှာ ဗိုလ်မှူးရှုဝံက သူတို့ တိုးပေးထားတဲ့ ရာထူးကိုတောင် မယူဘဲ လက်ရှိ ရာထူးကရော တပ်ထဲကပါ တစ်ခါတည်း နုတ်ထွက်စာတင်လိုက်လို့ပဲ'

သူသည် မျက်လွှာ ချလိုက် ရွှေရောင်လဲ့သည့် သေယစ်ရည်ကို တစ်ကျိုက်ချင်း ကျိုက်သည်။ အတန်ချည်းကြာမှ မျက်လွှာ ပင့်လိုက်သည်။

'ဟုတ်တယ်၊ အဲဒီအတိုင်းပဲ၊ သူတို့ ကိုယ့်ကို တစ်ခုခု အရေးယူချင်ရင်တောင် ယူကြလိမ့်မယ်၊ ဒါကြောင့် ကိုယ် စံပယ့်ကို တွေ့ချင်တာ ခက်တာကကွာ၊ ကိုယ်က သူတို့ မဟုတ်တာတွေ လုပ်နေတာကို သိနေရက်နဲ့ အားကြီး ကောင်းပါတယ်၊ သိပ်ကောင်းပါတယ်နဲ့ ပြောရင်း သူတို့နဲ့ အတူရောပြီး စားစားသောက်သောက် ပျော်ပျော်ပါးပါး နေလိုက်၊ အမှားကလေးတစ်ခု ဖြစ်လာရင် တစ်ခါတစ်ရံ ခေါင်းဝင်ခံလိုက်၊ ပြီးတော့မှ ကိုယ် နိုင်ရတဲ့ ကိုယ့်အောက်က လူတစ်ယောက်ယောက်အပေါ်မှာ ပုံချလိုက်၊ ဒီလို တစ်ခါခံလိုက်ရတဲ့အတွက် နောက်တစ်ချိန်ချိန်မှာ သူတို့က ရာထူးနေရာကလေး တိုးပြီး ချီးမြှင့်မြှောက်စားပြန်တော့ အသာ မှိန်းယူလိုက်၊ အဲဒီလို ဖောင်းတော်ညိတ်ရာကို စိတ်တော်သိပြီး ဒီစစ်ကြီး ရှုံးရှုံးနိုင်နိုင် ကိုယ့်အတွက် အခွင့်ကောင်းကလေး ရနေရင် ပြီးတမ်းဆိုတာမျိုး ဘယ်လိုမှ လုပ်လို့ မရပါဘူးကွာ၊ ဒါတွေကို ကိုယ်တို့ အချင်းချင်းတွေလည်း သိကြပါတယ်၊ ဒီတော့ကော'

'ကိုယ့်ကို ချစ်ခင် ကြည်ညိုနေတဲ့ သူတွေဆီက ကိုယ့်အဖို့ ဘာအကျုအညီမဆို ရနိုင်တယ်၊ ဘာသတင်းကိုမဆို ရနိုင်တယ်၊ ဒါပေမဲ့ ကိုယ်ဟာ သားတော်

ကလေးကို သစ္စာရှိကြောင်း ပြတဲ့အနေနှင့် သားတော်ကလေးက ဖမ်းမယ်ဆိုရင်တောင် ခံမှာပဲ၊ သူတို့တစ်တွေ ကိုယ့်ကို သစ္စာဖောက်ကြီး၊ သရဲဘောကြောင်တဲ့ အကောင်ကြီးလို့ ပြောချင်လည်း ပြောကြပေစေတော့။ ကဲ ဒါတွေထားကွာ၊ စံပယ် အဲဒါလည်း ကုန်အောင် သောက်လိုက်စမ်း၊ ပြီးတော့ အခုညစာကိုလည်း ဘာနဲ့စားမလဲ'

သူသည် သူ၏ ရွှေယစ်ရည်ကို တစ်ကျိုက်ကျိုက် သောက်ရင်း စံပယ့်ကိုလည်း ပတ္တမြားရောင်ထနေသည့် အရက်ချိုကို ဖန်ဖလားဖြင့် နှစ်ဖလားသာသာခန့် ဝင်အောင် တိုက်လိုက်သည်။ ထို့နောက် စံပယ်၏ ကုလားထိုင်ကို ဖြည်းဖြည်းချင်း တွန်းကာ သွေးသောက်ကြီး ရဲထွဋ်၏ နေအိမ်ရှိရာသို့ လာခဲ့ကြသည်။

နန်းချောင်း လမ်းမပေါ်သို့ ရောက်သည်နှင့် အခေါ်ရောက်လာသော ဗိုလ်သူရိန်တို့နှင့် ဆုံမိကြသည်။

'အေးကွာ အဲဒီက ငါ့အသုံးအဆောင်တွေသာ မင်းတို့ သယ်သွားကြ၊ တို့ အကျိုးနှစ်ယောက်က တို့ဟာတို့ ဖြည်းဖြည်း လာခဲ့မယ်'

အပြင်တွင် လေအေးကလေးက တဖြူးဖြူး သွေးနေသည်။ မိုတ်တုတ် မိုတ်တုတ် ကြယ်ပွင့်ကလေးများဖြင့် ခြယ်စီထားသည့် မိုးပြာကြီး၏ အစပ်တွင် အနားကွပ်ထားသလို ရှိနေကြသော သစ်ပင် မိုးမည်းကြီးတို့သည် လေနှော့လိုက်တိုင်း ပျော့ညွှတ်စွာ တွန့်လိမ်ကာ ခမာတို့၏ သခင်ခွေအသွင်မျိုးကို ရိုးရိပ် ရိုးရိပ် ပြုပြနေကြသည်။

'စံပယ်ချေ'

'အစ်ကိုရှုဝံ'

ဗိုလ်မှူးရှုဝံ၏ နှုတ်မှ နူးညံ့ကြင်နာစွာ ထွက်လာသည့် လေသံကို စံပယ်က ထပ်တူ တုံ့ပြန်ရင်း နောက်သို့ မော့ကြည့်သည်။ ဗိုလ်မှူးရှုဝံသည် လမ်းအလယ်တွင် ရပ်လျက် စံပယ်၏ မျက်နှာကို စူးစူးစားစား ကြည့်သည်။ ကြယ်ရောင်လဲ့လဲ့တို့၏ အောက်တွင် မှုန်ဝါးဝါး မြင်နေရသော စံပယ်၏ နဖူးပြင်ကို ဖုံးနေသည့် ဆံပင်ခွေကလေးအား ဗိုလ်မှူးရှုဝံက ဘေးဘက်သို့ ဖယ်သပ်ပေးလိုက်သည်။

'ကိုယ်လေ တစ်နေ့နေ့တော့ အခုလို အေးအေးလူလူ စံပယ်နဲ့ အတူနေရအောင်တော့ ကြိုးစားယူရမှာပဲကွာ'

သူ့အသံက ဆို့နင့်နင့်ကြီး ဖြစ်သည်။ သူသည် စံပယ်၏ ကုလားထိုင်ကို ဆက်လက် တွန်းယူလာခဲ့သည်။ သူတို့သည် နောက်ထပ် စကားတစ်လုံးမျှ လမ်းတွင် မပြောဖြစ်ကြ။ စံပယ်၏ နားထဲ၌ သူ၏ ဆို့နင့်နင့်အသံနှင့် စကားလုံးတို့သည် ပျောက်ပျက်မသွားတော့ဘဲ တရစ်ဝဲဝဲ ထပ်ဆင့် ကြားယောင်နေရသည်။



သွေးသောက်ကြီး ဦးရဲထွဋ်တို့ အိမ်သို့ ရောက်သောအခါ သူ့အခန်း၊ စံပယ့်အခန်းနှင့် ဒေါ်မေတ္တာ၏ အခန်းသည် အခန်းချင်း ကပ်လျက် တစ်ဆက်တည်း ရှိနေကြသည်။ သူသည် စံပယ့် အခန်းထဲသို့ အရက်ပုလင်းပါ ဆွဲယူလာလျက် တွေရာလေးပါးကို ပြောဆိုရင်း တစ်ချိန်လုံး အရက်သောက်နေသည်။ ညစက်ကိုးနာရီခန့်လောက်တွင် သူ့အခန်းသို့ ပြန်ကူးသွားကာ ငွေသားဖြင့် ပြုလုပ်သည့် ခုံပေါ်တွင် စိုက်ထူထားသော ဖယောင်းမီးတိုင်ကို ယူလာသည်။ တစ်ပါးတည်းပင် ကုလားစက္ကူတို့ဖြင့် သပ်ရပ် သေချာစွာ ထုပ်ထားသော ဖယောင်းမီးတိုင် အသစ်ထုပ်သုံးထုပ်လည်း ပါလာသည်။ ထိုဖယောင်း မီးတိုင်မှ မီးရောင်သည် ရေနံချေးဆမ်းသော 'ထမင်းခြောက် စလောင်း' ထဲမှ 'ထမင်းခြောက်မီး' ကဲ့သို့ ဝါကျင့်ကျင့်အရောင်နှင့် မှိုင်းမီးခိုးများထွက်သော မီးရောင်မျိုး မဟုတ်ဘဲ ကြည်၍ ထွန်းလင်းသည်။ ထိုမီးတိုင်မှ မှိုင်းမီးခိုးများလည်း မထွက်လေ။

သူသည် မီးတိုင်နှင့် အထုပ်များကို သူထိုင်နေသည့် စားပွဲပေါ်သို့ ချလိုက်ပြီးနောက် အိမ်ရှင် သွေးသောက်ကြီးတို့ ထွန်းပေးထားသည့် အခန်းတွင်းမှ မီးစလောင်းကို အခန်းပြင်သို့ ထုတ်လိုက်သည်။

'ကိုယ် ... ဒီပစ္စည်းကို စံပယ် ပေးချင်တယ်၊ မီးတိုင် ဆိုတာဟာ ဉာဏ်ပညာ ထွန်းလင်းတောက်ပမှု၊ ချစ်မှု၊ ကံကောင်းမှုရဲ့ အထိမ်းအမှတ် လက္ခဏာလို့ ရှေးလူကြီးတို့ ဆိုကြတယ်၊ အဲဒီတော့ အဲဒီ မီးတိုင်ခုံပေါ်မှာ မီးတိုင်တင်ပြီး ထွန်းလိုက်တိုင်း မီးတိုင်တွေက မီးတောက်နေသေးသမျှ ကိုယ်ဟာ စံပယ်ချေကို ချစ်နေသေးတယ်လို့ မှတ်နေပေါ့'

ဗိုလ်မှူးကြီး၏ ရည်းစားစကားကြောင့် စံပယ်က ပြုံးမိသည်။ မီးတိုင်တင်၍ ထွန်းသည့်နောက် မည်သည့်အပေါ်တွင် တင်၍ ထွန်းထွန်း မီးတောက်နေလိမ့်မည်သာ ဖြစ်ရာ ပြုံးရုံမျှမကဘဲ တစ်စတစ်စ ရယ်ချင်လာသည်။

'နေပါဦး ... အစ်ကိုရှုဝံ ဒီစကားမျိုးတွေနဲ့ မိန်းမ ဘယ်နှယောက် ရလာခဲ့ပြီလဲ'

သူက ရောနှော ရယ်လိုက်သည်။

'အေး ... ဟုတ်တယ်၊ ရတော့ရတာပဲ အများကြီးပဲ၊ ကိုယ် မမှတ်မိတော့ဘူး၊ ကိုယ် မှတ်မိတာကတော့ စံပယ် တစ်ယောက်တည်းပဲ၊ ကိုယ့် ရင်ထဲမှာ အမြဲ ရှိနေတာကလည်း စံပယ်ချေပဲ'

ဗိုလ်မှူးကြီး၏ ချစ်စကားတို့မှာ သိပ်မခေလှ။ စံပယ့်အဖို့ ရုတ်တရက် တုံ့ပြန်နိုင်ရန် မလွယ်။ ထိုစဉ် ဗိုလ်သူရိန်က အပြင်မှ ဝင်ခွင့် တောင်းသည်။

'လာဟေ့ ဗိုလ်သူရိန်' ဟု အသံပေးလိုက်သဖြင့် ဗိုလ်သူရိန် သူ့ဆီသို့ သွားသည်။ လက်တွင် ကိုင်လာသော စာတန်း တစ်တန်းပါ စာချွန်တော်ကို ပေး၍ ပြန်သွားသည်။ မီးတိုင်အနီးတွင် ကပ်၍ ဖတ်လိုက်ပြီးနောက် စာချွန်ပေရွက်၏ အစဘက်မှစ၍ မီးတောက်ဖြင့် မြိုက်ကာ မီးရှို့လိုက်သည်။ သူ၏မျက်နှာတွင်လည်း တစ်မျိုးကြီးကဲ့သို့ ဖြစ်နေသည်။

'ဘာအကြောင်းလဲ အစ်ကိုရှုဝံ'

'အလကားပါ မထူးဆန်းတဲ့ အကြောင်းပါ၊ စစ်အကြံပေးအဖွဲ့က မနက်ဖြန် နံနက်ကို ဆွေးနွေးပွဲနားမယ်၊ နေမွန်းတည့်မှ ဆွေးနွေးပွဲကို စပြီး အပြတ်ဆွေးနွေးမယ် ဆိုတာကို ကြိုပြီး အကြောင်းကြားတာပါ'

သူသည် စံပယ်၏ အခန်းထဲတွင် အတော်ကြာကြာ ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောဆိုပြီးနောက် သူ၏ ယစ်ရွှေရည်ကုန်သောအခါ စံပယ့်ကို ပွေ့၍ အိပ်ရာထက်တွင် သိပ်ပေးသည်။ ထို့နောက် မီးတိုင်ကို ငြိမ်းသတ်၍ သူ့အခန်းသို့ ကူးသွားသည်။ သူသည် သူ့အခန်းသို့ ရောက်သော်လည်း တော်တော်နှင့် မအိပ်ပါ။ ဖန်ပုလင်းသံ၊ ဖန်ဖလားသံများကို စံပယ်က ကြားနေရသည်။

နံနက် မိုးလင်းသည်နှင့် စံပယ့်ကို သူက လာခေါ်သည်။ ကောက်ညှင်းနှင့်၊ ငါးကြော်နှင့်၊ လက်ဖက်ရည်ကြမ်းနှင့် တခမ်းတနား စားသောက်ကြပြီးနောက် စံပယ့် ကုလားထိုင်ကို တွန်းလျက် နန်းချောင်း ပတ်ဝန်းကျင်သို့ လိုက်ပို့သည်။ သူသည် နန်းချောင်းနှင့် မနီးမဝေးရှိ တောင်ပေါ်သို့ ရောက်အောင် စံပယ်၏ ကုလားထိုင်ကို တွန်းယူသွား၍ ပတ်ဝန်းကျင် တောတောင်တို့ကို အေးအေးလူလူ ကြည့်သည်။ တောင်ပေါ်မှ လှမ်းမြင်ရသော ပင်လယ်ကြီးမှာ ပြာညိုညိုကြီး ဖြစ်နေသည်။ ထိုပင်လယ်ကြီးကို ကြည့်မြင်နေရသည်မှာ လွမ်းစရာကြီးလိုလို ဖြစ်နေသောကြောင့် စံပယ်က မကြည့်လို။ သို့သော် သူ၏ ကြည်နူးမှုကို မဖျက်ဆီးလိုသဖြင့် ဆိတ်ဆိတ်နေလိုက်သည်။

နံနက် ဆယ်နာရီကျော်ကျော် အချိန်သို့ ရောက်သောအခါ သူသည် စံပယ်၏ ကုလားထိုင်ကို တွန်း၍ လာလမ်းအတိုင်း ပြန်သည်။ ထိုအချိန်၌ နေသည် အတော်ချည်း ပူပြင်းနေပြီ ဖြစ်သော်လည်း သစ်ပင် တောတောင်တို့၏ အရိပ်အောက်တွင် သူ၏ ညင်သာသော စကား တွတ်တွတ်သံကို နားထောင်ရင်း လာခဲ့သောကြောင့် နေပူမှန်းကိုပင် စံပယ်က သတိမထားလိုက်မိ။ စံပယ် ကုလားထိုင်ပေါ်နှင့် စံပယ့် လက်ထဲတွင်လည်း သူ ခူးပေးသော တောပန်းတို့ဖြင့် ပြည့်နေသည်။



အိမ်သို့ ရောက်သောအခါ ထိုပန်းတို့ကို ဒေါ်မေတ္တာသို့ ပေးလိုက်ပြီး 'ဘုရားတင်ပေးပါ' ဟု ပြောလိုက်သည်။ ထို့နောက် အသင့်ပြင်ထားသော ထမင်းပွဲတွင် အတူ စားကြသည်။ ထမင်းစားပြီးသည်နှင့် စံပယ်သည် အပြင်ဘက်သို့ မထွက်ဘဲ တံခါးကို စေ့ထားပြီး အခန်းထဲ၌ပင် နေတော့သည်။ စံပယ်၏ စိတ်ထဲ၌ သူသည် ဤလိုနေရာမျိုး၌သာ စံပယ်ကို တွေ့ဆုံ နှုတ်ဆက်လိုလိမ့်မည်ဟု အလိုလို တွေးထင်ထားသည်။ မကြာမီ ဗိုလ်မှူးရှုဝံ ဝင်လာပြီး စံပယ့်ကို နှုတ်ဆက်သည်။

'ကိုယ် ... ညနေစောစော ပြန်လာနိုင်အောင် ကြိုးစားမယ်၊ ဒါပေမဲ့ စံပယ်ချေ ထမင်းစားထားနှင့်'

သူသည် စံပယ်၏ ပါးကို မွှေးလိုက်ပြီး စံပယ်၏ လက်ကို ဆုပ်ကိုင်ထားသည်။ စံပယ်နှင့်သူ မျက်လုံးချင်း ဆုံ၍ အတန်ကြာ ငြိမ်သက်ကြည့်ကြသည်။ နောက်သူက စံပယ့်လက်ကို ဖျစ်လိုက်ပြီး ချာခနဲ လှည့်ထွက်သွားသည်။ သူသည် အခန်း တံခါးကိုပင် ပြန်၍ စေ့မပေးခဲ့တော့။

ညနေစောင်းလာသည်နှင့် စံပယ့်ရင်ထဲတွင် လှုပ်ရှားလာသည်။ အိမ်ရှေ့သို့ ထွက်၍ တမျှော်မျှော် ပြုလာသည်။ ရဲမက်များ၊ သွေးသောက်များ၊ ဗိုလ်နှင့် ဗိုလ်မှူးများ အိမ်ရှေ့မှ ဖြတ်သန်း သွားလာတိုင်း သူပါလာလေမလားဟု ကြည့်သည်။ ညစာ စားထားနှင့်ဟု မှာသွားသော်လည်း စံပယ်သည် ညစာ မစားသေး။ ဤလိုနှင့် တဖြည်းဖြည်း မိုးချုပ်လာခဲ့သည်။ ဒေါ်မေတ္တာက ထမင်းစားရန် နှစ်ကြိမ်ခန့် လာရောက် အကြောင်းကြားသော်လည်း 'သူနှင့်မှ စားတော့မည်' ဟု ပြောလိုက်သည်။ ဤလိုနှင့် [illegible] ရှစ်နာရီကျော်ကျော်ခန့် အချိန်သို့ ရောက်မှ ဗိုလ်သူရိန် ပေါက်လာသည်။ ဗိုလ်သူရိန်သည် စံပယ် တင်ကြို တွေးကြောက်ထားသော သတင်းစကားကို ပြောလိုက်သည်။ ထိုသတင်းသည် ဗိုလ်မှူးရှုဝံကို စစ်အကြံပေးအဖွဲ့၏ အမိန့်အရ ဒွါရာဝတီ ကြေးတိုက်ကြီးတွင် အကျဉ်းချထားရန် ခေါ်သွားကြပြီ ဟူသော သတင်း ဖြစ်သည်။

'သူ ... သူ ... ဘာမှာသွားသေးသလဲ'

'ဗိုလ်မှူးက သစ္စာရှိကြောင်း ပြချက်ကို သိရက်နဲ့ တမင် အဖမ်းခံသွားတာပဲ၊ ဖမ်းသွားတဲ့ အချိန်က ကျွန်တော်နဲ့ မတွေ့ရဘူး၊ နေ့ခင်းလောက်ကသာ ငါ့မှာ အကြောင်း တစ်စုံတစ်ရာ ပေါ်လာရင် သွေးသောက်ကြီး အိမ်မှာရှိတဲ့ မင်းတို့ မမကို လင်းသာဂေဟာ အရောက် ကိုယ်တိုင် စောင့်ရှောက်ပြီး လိုက်ပို့ပေးလိုက်ရမယ်လို့ မှာသွားပါတယ်၊ သူ့သတင်းကို ကြားလျှင် ကြားချင်း သူနဲ့တွေ့ရအောင် ကြိုးစားနေရလို့ အခု နောက်ကျပြီး ပြန်ရောက်လာတာပါ၊ သက်ဆိုင်ရာက ကျွန်တော့်

ကို ဗိုလ်မှူးနဲ့ တွေ့ဖို့ လုံးဝ အခွင့်အပေးတဲ့အပြင် ဒွါရာဝတီ တပ်ကို ချက်ချင်း ပြောင်းရမယ်လို့ အမိန့်ချလိုက်တယ်၊ ဒါပေမဲ့ အကြောင်းပြပြီး မမစံပယ်တို့ကို ပို့ပေးပြီးမှ ဒွါရာဂတီကို ဆက်သွားဖို့ တစ်ခါတည်း စီစဉ်လာခဲ့တယ်'

စံပယ်သည် မိမိကိုယ်ကို ဆောက်တည်လိုက်သည်။ ဤမျှ စေတနာသန့်သော စစ်ဗိုလ်မှူး တစ်ယောက်ကို ဤသို့ ပြန်လည် ဖမ်းဆီးလိုက်ခြင်းဖြင့် အလိုအလျောက် တုံ့ပြန် ရိုက်ခတ်ခြင်း ခံရမည့်အကြောင်း ဖြစ်သည်။ သားတော်ကလေးတို့ဘက်၌ လည်း အင်အားနည်းခြင်း၊ တိုက်ရည်ရှိသော စစ်မှူးတစ်ယောက် ဆုံးရှုံးခြင်းတို့သာ ဖြစ်ပေလိမ့်မည်ဟု တွေး၏။ ထို့နောက် လင်းသာသို့ မသွားဘဲ ဒွါရာဝတီသို့ လိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

*

(၂၃)

စံပယ်သည် မိမိ ဆုံးဖြတ်ချက်အတိုင်း ဒေါ်မေတ္တာနှင့်အတူ နန်းချောင်းမှ ဒွါရာဝတီသို့ လိုက်လာခဲ့သည်။ ဒွါရာဝတီတွင် ကြေးတိုက်ကြီးနှင့် မလှမ်းမကမ်း တွင်ရှိသော အိမ်အိုကြီး တစ်ခုသို့ ဝင်၍ အိမ်ရှင်နှင့် အသိဖွဲ့သည်။

အိမ်ရှင်သည် မြေးငယ် တစ်ယောက်နှင့် အတူနေသည့် အဘောင်သျှင် (အမေကြီး) တစ်ဦး ဖြစ်လျက် သနား ကြင်နာတတ်သူ ဖြစ်သည်။ ထို့ကြောင့် စံပယ်တို့က ထိုအိမ်ကြီး၏ တစ်ပိုင်းကို မိမိတို့ နေထိုင်ရန်အတွက် ငှားရမ်းပါရန် ပြောသောအခါ အဘောင်သျှင်က အခမဲ့ တည်းခိုကြပါဟု ခွင့်ပြုသည်။ သို့သော် စံပယ်တို့က မနေမီကပင်လျှင် ငွေကြေးဖြင့် ကန်တော့သည်။ အဘောင်သျှင်သည် အလွန် ဝမ်းမြောက်လျက် စံပယ်တို့ကို သမီးရင်းကဲ့သို့ ခင်မင်သည်။

စံပယ်တို့၏ သွားလာရေးကိစ္စ အရပ်ရပ် အတွက် ဗိုလ်သူရိန်က လိုက်ပါ ဆောင်ရွက်ပေးဆဲ ဖြစ်သည်။ ထို့ကြောင့် စံပယ်သည် ဗိုလ်သူရိန်ကို ဒွါရာဝတီမြို့ ဝန်ထံသို့ စေလွှတ်ခဲ့သည်။ ဗိုလ်မှူးရူဝံကို ကြေးတိုက်ကြီး အတွင်းသို့ စံပယ်က ဝင်ရောက် တွေ့ဆုံရန် ခွင့်ပေးပါမည့်အကြောင်း လျှောက်ထားခိုင်းခြင်း ဖြစ်သည်။

ဗိုလ်သူရိန် ပြန်လာသောအခါ တွေ့ခွင့်မပြုကြောင်း သိရသည်။ သက်ဆိုင်ရာ က အထူး ပိတ်ပင်ထားသောကြောင့်ဟု ဆိုသည်။ သို့သော် ဗိုလ်သူရိန်က အကြံ ပေးလေသည်။

'မမစံပယ် ကြိုးစားကြည့်ဖို့ အကောင်းဆုံး ဖြစ်နိုင်မယ့် နည်းတစ်နည်းတော့ ရှိတယ်၊ ကိန္နရီမြို့မှာ ရှိနေတဲ့ ဗိုလ်သီဟဆီကို တစ်ယောက်ယောက် လွှတ်ပြီး ပြောပြခိုင်းဖို့ပဲ၊ အခု ဗိုလ်သီဟက သားတော်ငယ်ရဲ့ အတွင်း ကိုယ်ရံတော် ဗိုလ်

ကြီးအဖြစ် တာဝန်ယူနေရတယ်၊ သူဟာ သားတော်ငယ်ဆီကို သူ့ဦးကြီး ရှုဝံ အတွက် တစ်ခုခု လျှောက်ထားပေးနိုင်မယ် ထင်တယ်၊ ဒွါရာဝတီမြို့မှာကတော့ မလွဲဘူး၊ တပ်အသီးသီးက ရဲမက်တွေ၊ သွေးသောက်တွေဟာ ဗိုလ်မှူးရှုဝံကို အကျဉ်းချ လိုက်တဲ့အတွက် အတော် မကျေမနပ် ဖြစ်နေကြတယ်။ တပ်တွင်း ပုန်ကန်မှုတွေ ဖြစ်တော့မလိုလိုတောင် သတင်း ထွက်လာတော့ သက်ဆိုင်ရာတွေကလည်း ကြပ်ကြပ်မတ်မတ် ဂရုစိုက်နေရတော့တာပေါ့'

စံပယ်သည် ဗိုလ်သူရိန် ပြောသမျှကို ငြိမ်သက် နားထောင်ပြီး ကိန္နရီမြို့သို့ မိမိကိုယ်တိုင် လိုက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် မည်ကဲ့သို့ သွားရပါမည်နည်းဟု စဉ်းစားမရနိုင်ဘဲ ရှိနေရသည်။ ဒေါ်မေတ္တာကလည်း မိမိ သွားလေရာရာသို့ တကောက်ကောက် လိုက်ပါနေရသောကြောင့် တရှူရှူ ဖြစ်လာသည်။ စံပယ်သည် ဗိုလ်မှူးရှုဝံ၏ ကိစ္စတို့ကို ဆောင်ရွက်ပေးရင်း တွေ့ကြုံရမည့် စိတ်ဆင်းရဲဖွယ်ရာ အားလုံးတို့ကို အံနြေရရ ခံနိုင်စွမ်း ရှိနေသူ တစ်ယောက် ဖြစ်လာသည်။

ထိုနေ့ညတွင် ရဲမက်များရှိရာ အဆောက်အအုံတွေဘက်မှ ဆူညံသံများနှင့် မီးတောက်ကြီးများ ပေါ်ထွက်လာသည်။ နောက်တစ်နေ့နံနက်တွင် မြို့တော်ဝန်၏ အိမ်ရှေ့၌ လူစုလူဝေးကြီးတစ်ခု ပေါ်လာကာ 'ဗိုလ်မှူးရှုဝံကို လွှတ်ပေး၊ ဗိုလ်မှူးရှုဝံကို လွှတ်ပေး' ဟု သံပြိုင် အော်ဟစ်နေကြသည်။

စံပယ်သည် ဒေါ်မေတ္တာ တားနေသည့် ကြားကပင် လူအုပ်များဆီသို့ ရောက်အောင် မိမိ ကုလားထိုင်ဘီးကို မိမိဘာသာ လှိမ့်ကာ အတင်း ထွက်လာခဲ့သည်။ ထိုအခါ ဒေါ်မေတ္တာသည် ကြည့်မနေရက်နိုင်တော့ဘဲ ရှူရှူအောင့်အောင့်နှင့်ပင် လူအုပ်ကြီးများ စုဝေးရာသို့ လိုက်ပို့ပေးရသည်။

စံပယ်တို့ ရောက်သွားသောအခါ ဒွါရာဝတီ မြို့တော်ဝန်၏ အိမ်ရှေ့ လမ်းမကြီးတစ်ခုလုံးသည် နှမ်းချစ်ကြီးကဲ့သို့ လူတို့ဖြင့် ပိတ်ကျပ်နေလေပြီ။ ဟိုနေရာ သည်နေရာ နေရာအနှံ့အပြားတို့တွင် ခပ်မြင့်မြင့် အရာဝတ္ထုတို့အပေါ်၌ တက်၍ ရပ်နေဟန်ရှိသော လူအချို့တို့ကို ဟိုတစ်ယောက် သည်တစ်ယောက် တွေ့ကြရသည်။ သူတို့သည် ဗိုလ်မှူးရှုဝံ၏ ဂုဏ်သတင်းများနှင့် အောင်နိုင်သော တိုက်ပွဲများအကြောင်းကို ပြောနေကြရာ လူအုပ်ကြီးသည် တအံ့တသြဖြင့် နားထောင်ရင်း 'ဟာခနဲ … ဟယ်ခနဲ' တအံ့တသြ ဖြစ်နေကြရသည်။ ယခင်က ဗိုလ်မှူးရှုဝံကို မကျေနပ်သော လူများသည်လည်း ယခုအချိန်တွင် ဗိုလ်မှူးရှုဝံကို လွှတ်ပေးရန် တောင်းဆိုနေကြသည်။



'စစ်ကို အနိုင်တိုက်ရန် ဗိုလ်မှူးရှုဝံကို လွှတ်ပါ၊ ခင်ဗျားတို့မှာ ပြေးစရာ မြေလည်း ရှိသည်၊ ပြေးနိုင်သော ငွေကြေးအင်အားလည်း ရှိသည်၊ ပြေးနိုင်သော အချိန်အားလည်း ရှိသည်၊ ကျုပ်တို့တွင် ပြေးစရာလည်း မြေမရှိ၊ ပြေးနိုင်သော ငွေကြေး အင်အားလည်း မရှိ၊ ပြေးနေနိုင်သော အချိန်အားလည်း မရှိ၊ ကျုပ်တို့သည် ထွန်ယက် စိုက်ပျိုးရပါဦးမည်၊ ကျုပ်တို့ကို ရန်သူ့လက်ထဲမှာ ထားမပစ်ခဲ့ပါနဲ့ စစ်ကို အနိုင်တိုက်ရန် ဗိုလ်မှူးရှုဝံကို လွှတ်ပါ'

သွေးပူနေကြသော လူအုပ်ကြီး၏ ဟစ်အော် တောင်းဆိုနေကြသံသည် ဗိုလ်မှူးရှုဝံ၏ ရင်သို့ ရိုက်ခတ်လာကြသည်။ ဤမျှ များပြားသော လူအုပ်ကြီးက မိမိ ချစ်သူ၏ ဂုဏ်သတင်း ကျေးဇူးတို့ကို ဖော်ထုတ်ကာ အရေးဆို ဆန္ဒပြနေသည်ကို တွေ့ရသောအခါ စံပယ်သည် ဝမ်းသာသောစိတ်ဖြင့် မျက်ရည်လည်လာရသည်။ သူတို့နှင့်တူ ရောနှော ဟစ်အော်လိုက်လိုသောစိတ်၊ အရေးဆို ပစ်ဆို ပစ်လိုက်ချင်သော စိတ်တွေ ပေါ်ပေါက်လာခဲ့ရသည်။ သို့သော် မိမိစိတ်ကို မိမိ ထိန်းသိမ်းစောင့်စည်းလျက် အမိမေတ္တာကို အိမ်ဘက်သို့ ပြန်ကြရန် ပြောလိုက်သည်။

နေ့လယ် အချိန်တွင် စံပယ်တို့ ရှိရာသို့ ဗိုလ်သူရိန် ရောက်လာသည်။

'အခု မနက် ဆွမ်းခံပြန် အချိန်လောက်က ဗိုလ်မှူးရှုဝံကို အစောင့်အကြပ်တွေနဲ့ ကိန္နရီမြို့ ပို့လိုက်တယ် အစ်မ၊ ပြီးတော့ စစ်အကြံပေးအဖွဲ့နဲ့ သူတို့ရဲ့ လူယုံတော်တွေလည်း ခုနလေးကပဲ အဲဒီ ကိန္နရမြို့ဘက်ကို လားကြတယ်'

'ယင်းဗိုင်ဆိုကေ တို့လည်း ကိန္နရီမြို့ကို လားချင်တာပဲ'

'အစ်မတို့ သွားချင်ရင် ကျွန်တော် လိုက်ပို့နိုင်လိမ့်မယ် ထင်တယ်၊ အခု ဒွါရာဝတီမှာ ရဲမက်တွေ၊ သွေးသောက်တွေ၊ ဗိုလ်တွေကို ချော့နေကြပြန်ပြီ၊ ဘာလုပ်ချင်လုပ်ချင် ဘယ်သွားချင် သွားချင် ခွင့်ပေးနေပြီ၊ နက်ဖြန်မနက်ကို အစ်မတို့ အဆင်သင့်သာ ပြင်ထား'

စံပယ်က ကျေးဇူးတင်ကြောင်း ဝမ်းသာကြောင်းတို့ကို ပြော၍ နောက်တစ်နေ့ နံနက် ခရီးသွားရန် အသင့်ပြင်ထားသည်။ မကြာမီ စံပယ် မမျှော်လင့်သော လူတစ်ယောက် ရောက်လာသည်။ ယခု စံပယ် အသုံးပြုနေသည့် ဘီးတပ်ကုလားထိုင်ကို ကိုယ်တိုင် ပြုလုပ်ပေးထားသော စံပယ်၏ အစ်ကိုချေကိုဝဏ္ဏ။

ကိုဝဏ္ဏသည် ရဲမက်တစ်ထောင်၊ အကြပ်တစ်ရာ သွေးသောက် ဆယ်ဦး တပ်မှူး နှစ်ဦးတို့အပေါ်မှ အုပ်ချုပ်ရသော ဗိုလ်တစ်ယောက် ဖြစ်သည်။ သူသည် ကိန္နရီမြို့သို့ ခရီးထွက်မည့်ဆဲဆဲ စံပယ်တို့ ဒွါရာဝတီသို့ ရောက်ရှိနေကြပြီး ယနေ့

နံနက် ကိန္နရီမြို့သို့ ဗိုလ်သူရိန်က လိုက်ပို့ရမည်ဟု ဗိုလ်သူရိန်အထံမှ သိရသောကြောင့် ဗိုလ်သူရိန်နှင့်အတူ လိုက်လာခြင်း ဖြစ်သည်။

ဗိုလ်ဝဏ္ဏက စံပယ်တို့ကို ခေါ်သွားမည် ဆိုသောကြောင့် ဗိုလ်သူရိန်သည် လိုက်မပို့ရတော့ပေ။ လမ်းခရီးတွင် စံပယ်နှင့် ဗိုလ်ဝဏ္ဏတို့သည် မြင်းလေးကောင်ဆွဲသော ရထားပေါင်းချုပ်ကြီး အတွင်း၌ အချေအတင် ရန်ဖြစ်လာခဲ့ကြသည်။

'ကိုယ်တို့တော့ စံပယ်ချေကြောင့် သိပ်အရှက်ရတာပဲ၊ တပ်ထဲမှာဆိုရင် လူတိုင်းရဲ့ ပါးစပ်မှ စံပယ်ချေ အကြောင်း ပြောနေကြတာပဲ၊ ကိုယ့်ကိုယ်ကိုယ် မစွမ်းမသန်ကြီးနဲ့ဟာ ဘာဖြစ်လို့များ ဒီဗိုလ်မှူးခွဲနောက်ကို တကောက်ကောက် လိုက်နေ ့တာလဲ၊ ကိုယ့်ကိုမှ မယူတော့တဲ့ ဟာကိုပဲ ဘယ်လောက် ရှက်စရာကောင်းပဲ'

'ဘယ်သူက မယူတာလဲ အစ်ကိုချေ၊ သိလည်း မသိဘဲနဲ့ အရမ်း အရမ်း မပြောနဲ့ဦး၊ အမိမေတ္တာတို့ကိုလည်း မေးမြန်းကြည့်ပြီးမှ ပြော'

'ဒီလိုဆိုရင်လည်း တည်တည်ကျကျ ယူလိုက်ပါလား စံပယ်ချေရယ်၊ ဘာလို့များ ဒီလို လုပ်နေကြရတာလဲ'

'စံပယ်ချေ ဘာကြောင့် ဗိုလ်မှူးခွဲကို မယူဘဲ နေတယ်ဆိုတာ စံပယ်ချေ ပြောပြလည်း အစ်ကိုချေ နားလည်မှာ မဟုတ်ဘူး'

'အမယ် ... ဒါတော့ နားလည်နိုင်ပါတယ်ဟာ'

'ဒါဖြင့် ပြောပြမယ် စံပယ်ချေ၊ သူ့ကို ချစ်လို့ မယူတာဘဲ'

'ဒီလိုဆိုရင် သူ့နောက်ကို ဘာလို့ အခုလို တကောက်ကောက် လိုက်နေရတာလဲ'

'အဲဒါပဲ၊ သူ့ကို ချစ်လို့ လိုက်နေတာပဲ၊ ဒါကို ဘေးက လူတွေက ပြောချင်တိုင်း ပြောကြပါစေ၊ စံပယ်ဟာ သူ့ကိုချစ်လို့ ခံနိုင်တာပဲ'

အစ်ကိုချေ ဝဏ္ဏသည် နောက်ထပ် စကားလုံးမျှ မပြောတော့ပေ။ စံပယ်ချေ၏ လှည်းပေါင်းချုပ်ကြီးပေါ်မှ ဆင်းကာ သူ့မြင်းပေါ်သို့ တက်သွားတော့သည်။ ကုလားဖြူ မိုင်လေးဆယ်ကျော်ခန့် ဝေးသော ခရီးတစ်လျှောက်လုံး မောင်နှမ နှစ်ယောက် ရန်ဖြစ်လာခဲ့ကြရာ လမ်းခရီးအဆုံးသို့ ရောက်လုနီးမှ စံပယ်၏ ပြတ်သားသော အဖြေစကားကြောင့် ပြီးပြတ်သွားခဲ့ရသည်။

ကိန္နရီမြို့သို့ ရောက်သောအခါ ဗိုလ်ဝဏ္ဏ ကိုယ်တိုင် စီစဉ် ဆောင်ရွက်ပေးသောကြောင့် တည်းခိုစရာ အိမ်တစ်ဆောင်ရသည်။



ထို့နောက် သားတော်ငယ်၏ အတွင်းကိုယ်ရံတော် အဖွဲ့တာဝန်ခံဖြစ်သော ဗိုလ်သီဟထံသို့ ပေးပေးရန် ပေးလိုက်သော ပုရပိုက်ညှိနှစ်လွှာကိုလည်း ဗိုလ်ဝဏ္ဏက ဗိုလ်သီဟဆီသို့ ကိုယ်ထိလက်ရောက် သွားပေးပေးသည်။ ထို့ကြောင့် နောက်တစ်နေ့ နံနက်တွင် ဗိုလ်သီဟသည် စံပယ်ရှိရာသို့ ရောက်လာခဲ့သည်။

'ဘာမှ မစိုးရိမ်ပါနဲ့ ထွေးထွေးရယ်၊ ဝရီးတော် ဗိုလ်မှူးခွဲဟာ ကျန်းကျန်းမာမာပဲ ရှိနေပါတယ်'

'သူတို့က သူ့ကို လွှတ်ဖို့ စဉ်းစားမယ့်ပုံများ ရှိရဲ့လား၊ သူတို့မှာ စစ်ရေးအခြေအနေ ကျပ်လာရင် သူ့ကို လွှတ်ပေးရလိမ့်မယ်၊ စစ်ရေးအခြေအနေက ဘယ်လိုလဲ၊ အရေးတကြီး မျက်လုံးပြူးလောက်ရမယ့် အခြေအနေမျိုးကို အခုအထိ မရောက်သေးဘူးလား၊ ထွေးထွေးကို နည်းနည်း ပြောပြစမ်းပါ ဦးသီဟရယ်'

ဗိုလ်သီဟက ပြုံးစရာပါသော စံပယ်၏ စကားကို ပြုံးသည်။ သို့သော် စံပယ်သည် မိမိ စကားထဲတွင် ပြုံးစရာ ပါနေသည်ကို မသိ ဗိုလ်သီဟ၏ အဖြေကိုသာ ရှေ့လောတကြီး နားစွင့်နေသည်။

'သားတော်ငယ်နဲ့အတူ အကြံပေး အဖွဲ့ဝင်တွေရယ်၊ တပ်မှူး တပ်ဗိုလ်တချို့ရယ်၊ မြို့စားနယ်စားကြီးတွေ တချို့ရယ်၊ ဒီကိန္နရီမြို့ကို ရောက်နေကြတာရယ်၊ ပြီးတော့ တက်တွေရွက်တွေ အသင့်ပြင်ထားတဲ့ လှေကြီးတွေ၊ ရိက္ခာတင်ထားတဲ့ လှေကြီးတွေ၊ ရဲမက်တွေ တင်တဲ့ တိုက်လှေကြီးတွေ ကိန္နရီ ဆိပ်ကမ်းမှာ လှေသားအစုံနဲ့ အသင့် ရှိနေကြတာရယ်၊ အဲဒါတွေကတော့ အခြေမလှရင် ပုသိမ်တောင်ဘက်ကြီးကို ဆုတ်ခွာဖို့ အသင့် ဖြစ်နေပြီဆိုတာ အထင်းသား ဖြစ်နေတာပဲ'

'အကယ်လို့ ဆုတ်ခွာမယ်ဆိုရင် ဘယ်တော့လောက် ဆုတ်ခွာမယ်လို့ ထင်သလဲ'

'သားတော်ငယ်ကတော့ အခုအထိ ဆုတ်ခွာဖို့ စကားကို မိန့်ကြားတော်မမူသေးဘူး၊ ဒါပေမဲ့ အမတ်ကြီး မဟာ ပညာကျော်တို့ ဦးစီး ပါဝင်ထားတဲ့ အကြံပေး အဖွဲ့တစ်သိုက်ကတော့ ရန်သူ့ တပ်သားတွေ ကျောက်ကြီး ဝင်တာနဲ့ ဒီဘက်က ဆုတ်ခွာဖို့ အမိန့်ပေးလိမ့်မယ်လို့ ကြားထားတာပဲ'

'သားတော်ငယ်နဲ့ အကြံပေးအဖွဲ့တွေ ဆုတ်ခွာသွားကြရင် အစ်ကို မှူးခွဲက ဘယ်မှာ ကျန်ရစ်ရမှာလဲ'

'ဒီ ကိန္နရီမြို့က အကျဉ်းထောင်ထဲမှာပဲ ကျန်ရစ်ခဲ့ရတော့မှာပေါ့'

'ဟယ် ... သီဟရယ်၊ ဒါနဲ့များ'

စံပယ်သည် ငယ်ထိပ်ကို မြွေကိုက်သကဲ့သို့ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ဤပြုမူချက်သည် ရောက်လာလိမ့်မည့် ရန်သူ့ လက်တွင်းသို့ ဗိုလ်မှူးရှုဝ်ကို ချည်ပြီးတုပ်ပြီး စိတ်တိုင်းကျ သတ်နိုင်ရန် အပ်ထားခဲ့ခြင်းပင် ဖြစ်သည်။ ရန်သူတို့ကလည်း မိမိတို့အား ပယ်ပယ်နယ်နယ်ဖြင့် အကြိမ်ကြိမ် တိုက်ခိုက် ဒုက္ခပေးခဲ့သော ဤတစ်ယောက်တည်းသော ယှဉ်ပြိုင်ဘက်ကို ပွဲကြီးလမ်းကြီးများ ခင်းကျင်း၍ပင် ကွပ်မျက်ပြလိုက်ပေဦးမည်။

‘ကဲ … သီဟ မင်းဝရီးတော် ဗိုလ်မှူးရှုဝ်အတွက် ထွီးထွီးကိုတော့ အစွမ်းကုန် ကူကွာ’

‘အကျွန် အဆင်သင့်ပါပဲ ထွီးထွီး၊ ဘာမဆို ကတိပေးတယ်’

‘ကဲ … ဒါဖြင့် ထွီးထွီးကို သားတော် ဘုရင်ကလေးနဲ့ တွေ့ရအောင် ဖြစ်တဲ့နည်းနဲ့ စီစဉ်ပေးကွာ’

ဗိုလ်သီဟက ရှိုးခနဲ လေတစ်ချက် ချွန်လိုက်ပြီးလျှင် မိမိပါးကို မိမိလက်ဖြင့် ကုပ်ရင်း စဉ်းစားသည်။ အတန်ကြီးကြာမှ မျက်လွှာကိုပင့်ကာ ခပ်ပြုံးပြုံး ကြည့်သည်။

‘အချိန်တော့ စောင့်ရမယ် ထွီးထွီး၊ ဒါပေမဲ့ ဖြစ်နိုင်မယ်လို့ တစ်ထစ်ချ ကတိ မပေးရဘူး၊ ကိုယ်တော်ကလေး ဆိုတာက အကြံပေးအဖွဲ့က အမတ်ကြီး မဟာပညာကျော် လျှောက်တိုင်း လျှောက်လုပ်နေတာ’

‘ဒါပေမဲ့ မင်းတို့ ရွယ်တူချင်းတွေပဲကွာ၊ လူဆိုတာ ကိုယ်နဲ့ သက်တူရွယ်တူချင်း ပြောတာတွေလဲ ဂရုစိုက်တတ်ပါတယ်၊ ပြီးတော့ ဒီလို အရွယ်မှာ ဘယ်လို စကားမျိုး စိတ်ဝင်စားမယ် အလိုတော်ရှိမယ်ဆိုတာ ဗိုလ်သီဟ သိပါတယ်၊ အဲဒီတော့ ဘုရင်ကလေးက ထွီးထွီးကို ကြည့်ချင် မြင်ချင်လာအောင်နဲ့ သနားစိတ်ဝင်လာအောင်လာအောင် လျှောက်ထားပေါ့’

ယခုတစ်ကြိမ်တွင် သီဟက မျက်လုံးအပြူးသားနှင့် စံပယ်ကို ကြည့်သည်။ သီဟမျက်နှာကို မြင်ရ၍ဖြင့် မိမိပြောသည်ကို သဘောမပေါက်လှကြောင်း စံပယ်က သိသည်။

‘ဒီအတိုင်းဆိုရင်တော့ မင်းတော့ လူပျိုကြီး ဖြစ်နေရတော့မှာပါပဲ၊ မင်းတို့ အရွယ်တွေ ဆိုတာက အချစ်ကို စိတ်ဝင်စားတယ်၊ အချစ်ဇာတ်လမ်းကို နားထောင်ချင်တယ်၊ အချစ်ကို ကိုးကွယ်ပြီး အချစ်အတွက် ကိုယ်ကျိုးစွန့်ကြတဲ့ အချစ်သူရဲကောင်းတွေဆိုရင် ကြည့်ချင် မြင်ချင်ကြတယ်၊ အဲဒါပဲပေါ့ကွ၊ ဒီတော့ကော



ထွီးထွီးနဲ့ မင်းဝရီးတော် ဗိုလ်မှူးရှုဝ်ရဲ့ အချစ်ဇာတ်လမ်းကို ကိုယ်တော်လေး စိတ်ဝင်စားအောင် မင်း ပြောပြတတ်ရင်’

စံပယ်၏ စကားမဆုံးမီပင် ဗိုလ်သီဟက ပြုံးပြုံးကြီးပြု၍ ရှိုးခနဲ လေတစ်ချက် ချွန်လိုက်ပြန်သည်။

‘ဟာ ဟုတ်တာပေါ့၊ ဟုတ်တာပေါ့ … ဟုတ်လိုက်တာ ထွီးထွီးရာ၊ ဒီအတိုင်းဆိုရင်တော့ အကျွန် အားတက်လာဗျယ်၊ ဝရီးတော် ဗိုလ်မှူးရှုဝ်ကို ပြိုဟ်မွေနေတာက အမတ်ကြီး မဟာပညာကျော် ကိုယ်တိုင် ဖြစ်နေလို့ ထွီးထွီးရဲ့ ကိစ္စ မရှိဘူး အကျွန် အစွမ်းကုန် ကြိုးစားမယ်’

ဗိုလ်သီဟ ပြန်သွားသောအခါ စံပယ့်အဖို့ အတော် နေသာထိုင်သာ ရှိနေသည်။ သို့သော် … ရက်တွေသာ တစ်ရက်ပြီး တစ်ရက် ကုန်လာခဲ့သည်။ ဗိုလ်သီဟက ပေါ်မလာ။

ထိုအတွင်း အစ်ကိုချေ ဝဏ္ဏသည် စံပယ့်ထံသို့ မကြာ မကြာ ရောက်လာတတ်သော လင်းသာဂေဟာသို့ ပြန်ရန်ကိုသာ ဖွတ်တိုက်တွန်း၍ နေခဲ့သည်။ အကြိမ်ပေါင်း များလာသောအခါ စံပယ်က စိတ်တိုလာလျက် …

‘သားတော်ငယ်နဲ့ အကြံပေးအဖွဲ့တွေ ပုသိမ်တောင်ဘက်ကြီးကို ရှက်လွှင့်ပြီး ဆုတ်ခွာသွားတော့မှပဲ၊ စံပယ်လည်း ကိန္နရီမြို့က လင်းသာကို ပြန်မယ်’

‘အေး … အဲဒီအချိန်ရောက်ရင် အစ်ကိုချေက စံပယ့် အပြန်ခရီးအတွက် ဘယ်လိုမှ စီစဉ်ပေးလို့ မဖြစ်တော့ဘူး၊ အစ်ကိုချေတို့က ကိန္နရီမြို့ ခံတပ်အတွင်းက ခုခံနေရမယ့် အချိန်၊ ခုဆိုတော့ လွယ်တယ်’

‘အို ကိစ္စမရှိဘူး ဗိုလ်မှူးရှုဝ်တောင် ကိန္နရီမြို့ရဲ့ အကျဉ်းထောင်ထဲမှာ ရန်သူရဲ့ အကွပ်မျက်ကို ခံပြီး သေရဦးမှာ၊ အပြင် ကိန္နရီမြို့ထဲမှာ နေတဲ့ စံပယ်က ဗိုလ်မှူးရှုဝ်ရဲ့ အလောင်းကို စောင့်ပြီး သင်္ဂြိုဟ်ပေးရုံ သင်္ဂြိုဟ်ပေးရမှာ၊ ဘာမလုပ်ရဲစရာ ရှိသလဲ’

အစ်ကိုချေသည် စိတ်တိုမိသော်လည်း နောက်ထပ် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ပြန်သွားတော့သည်။ ထို့နောက် စံပယ့်ဆီသို့ မရောက်လာတော့။

စံပယ်သည် ဗိုလ်သီဟဆီမှ သတင်းကို စောင့်နေရသည်မှာ ကမ္ဘာနှင့်ချီ၍ ကြာနေရသည်ဟု ထင်မှတ်နေသော်လည်း စင်စစ် ဆယ်ရက်မျှသာ ကြာခဲ့သည်။ ဗိုလ်သီဟထံမှ အကြောင်းကြားစာ ရောက်လာသည့်နေ့သည် တန်ဆောင်မုန်း လပြည့်နေ့ နံနက်ခင်း ဖြစ်သည်။ အခါတိုင်းဆိုလျှင် ခဝဲပန်းများ ပွင့်နေကြသည် ဖြစ်သော်

လည်း ပြည်တွင်းစစ်ကြီး၏ ဒဏ်ရာဒဏ်ချက်တို့ကို ခံနေရသဖြင့် ခဝဲပန်းတို့ပင်လျှင် မပွင့်ဝံ့ကြရှာ။

သို့သော် စံပယ်အဖို့ ထိုနေ့သည် မြင်မြင်သမျှ ကြည်နူးသာယာစရာတွေချည်း လိုလို ထင်မှတ်နေရသည်။ ဗိုလ်သီဟက စကားဝှက်၍ ရေးလိုက်သော ကုလားစက္ကူ နှင့် မင်ရေးစာကိုလည်း ဉာဏ်ရွှင်လာလျက် အလွယ်နှင့် သိခဲ့ရသည်။

'ကြွက်စုတ်ကတော့ ဆတ်သွားကို ဆပ်သဖူး စားဖို့ ထွက်သွားပြီ၊ ဒီနေ့ ညနေဘက်မှာ အကျွန် ရောင်းရင်းက ထွီးထွီးကို တွေ့ချင်တယ်၊ အခေါ် လွှတ်လိုက်မယ်၊ ဒီအကြောင်းကို အမြဲ တံခါး ပိတ်ထားပါ'

စံပယ်သည် ထိုစာအရ အမိမေတ္တာကိုမျှ ပြောမပြဘဲ အဝတ် အသင့်လဲထား၍ စောင့်နေသည်။ ထိုနေ့ နေ့လယ်ပိုင်းတွင် အရပ်ဝတ်ဖြင့် ရထားလုံးကြီးနှင့် လူ တစ်ယောက် ရောက်လာသည်။ ထိုသူက စံပယ်၏ ဘီးနှင့် ကုလားထိုင်ကိုပါ ရထား မောင်းသူနှင့် အတူ မ၍ ရထားအတွင်းသို့ သွင်းလိုက်သည်။ အမိမေတ္တာက ပြေးထွက်လာလျှင် မေးမည်ပြုရာ လက်ကာပြထားခဲ့သည်။

ဘုရင်ကလေး ယာယီ စံမြန်းနေသည့် အဆောင်တော် ဝင်းဝတွင် ဗိုလ်သီဟ သည် စံပယ့်ကို အသင့် စောင့်ကြိုသည်။ သားတော် ဘုရင်ကလေး၏ ယာယီစံနန်း အဆောင်တော်တံခါးဝတွင် တပ်ဗိုလ် တစ်ယောက်သာ ရှိနေသည်။ ဗိုလ်သီဟသည် သွားခေါ်သူနှင့်တကွ စံပယ့်ကို ဘီးတပ် ကုလားထိုင်နှင့် တကွ အတွင်းတော်သို့ သွင်းပေးလိုက်သည်။ ထို့ကြောင့် တစ်ခဏအတွင်း ဘုရင်ကလေး၏ ရှေ့မှောက် သို့ စံပယ် ဝင်ရောက် ခစားခွင့် ရခဲ့သည်။

သားတော်ငယ် ဘုရင်ကလေးသည် စံပယ် ခန့်မှန်းထားသည့်အတိုင်း သီဟ အရွယ်ပင် ရှိသည်။ ဘုရင်တို့၏ မာန်မျိုး မဝင်လှသောကြောင့် မျက်နှာချို၍ သနား တတ်ပုံရသည်။ စံပယ်သည် မိမိနှင့် ဗိုလ်မှူးရှူဝံတို့၏ ဖာတ်လမ်းကို တိုတိုနှင့် ထိမိအောင် လျှောက်ထားသည်။ ဘုရင်ကလေးကလည်း စိတ်ဝင်စားပုံပြလျက် နားဆင်တော်မူသည်။ စံပယ်၏ စကားဆုံးသောအခါ ....

'ကဲ ... အဲဒီတော့ ဘာကို အလိုရှိပါသလဲ' ဟု ခပ်ပြုံးပြုံး မေးသည်။

'ဘုရင်မင်းမြတ်နှင့် အကြံပေး အဖွဲ့ဝင်တို့ ကိန္နရီမြို့မှ ဆုတ်ခွာသွားသည့် အချိန်တွင် ဗိုလ်မှူးရှူဝံအား အကျဉ်းထောင်မှ ထုတ်လွှတ်၍ လှေတစ်စင်းပေါ်သို့ တင်လျက် ပုသိမ် တောင်ဘက်ကြီးသို့ သွားခွင့်ပေးလိုက်ကြရန် အကျဉ်းထောင် အရာရှိများအား ဘုရင်မင်းမြတ်က လျှို့ဝှက် အမိန့်တော် ထုတ်ဆင့်ထားပါမည့် အကြောင်း ရှိခိုးလျှောက်ထား အသနားခံပါသည် ဘုရား'



စံပယ်၏ လျှောက်ထား တောင်းဆိုချက်ကို ဘုရင်ကလေးက ပြုံးရွှင် ကြည်သာစွာ လက်ခံတော်မူသည်။ စံပယ်သည် ဘုရင်ကလေးကို ဦးချလျက် ရွှင် လန်း ဝမ်းမြောက်သော စိတ်ဖြင့် ထွက်လာခဲ့ရာ ဗိုလ်သီဟက အိမ်သို့ အရောက် ပြန်ပို့ပေးခဲ့သည်။ နှစ်ရက်အကြာတွင် သားတော်ကြီးဘက်မှ မြို့စားပျံချီကြီးတို့ တပ်က ကျောက်ကြီးမြို့ရှိ သားတော်ကလေး၏ ခံစစ်ကြောင်းကို ဖောက်ထွင်း ဝင်ရောက်နိုင်ခဲ့သည်။

ထိုနေ့ညတွင် သားတော်ငယ် ဘုရင်ကလေးနှင့်တကွ အကြံပေးအဖွဲ့များ၊ အတိုင်ပင်ခံအဖွဲ့များ၊ လက်ရင်း ကျွန်ယုံတော်များနှင့် အရန်စစ်တပ်တို့ ကိန္နရီမြို့မှ လှေများဖြင့် ဆုတ်ခွာသွားကြသည်။

နောက်တစ်နေ့ နံနက်လင်းလျှင် လင်းချင်း စံပယ်သည် အမိ မေတ္တာကို ခေါ်၍ မြင်းနှစ်ကောင်ဖြင့် ဆွဲသော ရထားတစ်စီးကို ငှားစေကာ ကိန္နရီမြို့မှ လင်းသာဂေဟာရှိရာသို့ ထွက်ခွာလာခဲ့သည်။

စံပယ့်အဖို့ သောကများ ချုပ်ငြိမ်းခဲ့ပေပြီ။ အကြောင်းမူ ဗိုလ်မှူးရှူဝံသည်လည်း ရိက်လှေငယ်တစ်စင်းဖြင့် ညကပင်လျှင် ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း ကိန္နရီ အကျဉ်းထောင် အာဏာပိုင်တို့က စံပယ့်ထံသို့ ညတွင်းချင်း လာရောက် အကြောင်း ကြားခဲ့ပြီး ဖြစ်ပါသည်။

*

## (၂၄)

သားတော် ဘုရင်ကလေးနှင့် အကြံပေးအဖွဲ့ဝင်များ ပုသိမ် တောင်ဘက်ကြီးသို့ ဆုတ်ခွာသွားသည့် သုံးနှစ်အချိန်သည် လူတို့၏ စရိုက်ကို မြင်သာလာအောင် စစ်ထုတ် ပြလိုက်သည့်နှယ်။ ခွက်တစ်ခုအတွင်း ရေကို အခြားခွက် တစ်ခုအတွင်းသို့ ပြောင်းထည့်လိုက်သကဲ့သို့ ဖြစ်သည်။

ရေကို ခွက်တစ်ခုမှ အခြားခွက် တစ်ခုသို့ ပြောင်းထည့်လိုက်ရာတွင် ခွက်နှစ်ခုအကြား စပ်ကူးမပ်ကူးအချိန်သည် ထိုရေထဲ၌ ပါသည့် ရေမဟုတ်သော ခဲသလဲ အမှိုက်တို့ကို အထင်းသား မြင်သာအောင် ပေါ်စေတတ်သည်။ ထိုရေမဟုတ်သော အမှိုက်သလဲတို့သည် တစ်ဖက်ခွက်ထဲသို့ ရောက်ပြီးသော်လည်း မငြိမ်သက်ပဲ လှုပ်ရှားနေကြသေးသည်ကို အနယ် အမှိုက်များအဖြစ် မြင်နေကြရတတ်သည်။

လူသည် မင်းတစ်မင်း၏ အုပ်ချုပ်ရေးလက်အောက်မှ အခြား မင်းတစ်မင်း၏ အုပ်ချုပ်ရေးလက်အောက်သို့ ပြောင်းရွှေ့ရောက်လာရသောအခါ ထိုအုပ်ချုပ်ရေးနှစ်ခု၏ စပ်ကူးမပ်ကူးအချိန်သည် ထိုလူတဲမှ လူမဟုတ်ကြသော လူ့အမှိုက်၊ လူ့သလဲတို့ကို အထင်းသား မြင်သာအောင် ပေါ်စေတက်သည်။ ထိုလူမဟုတ်သော လူ့အမှိုက်၊ လူ့သလဲတို့သည် တစ်ဖက်အုပ်ချုပ်ရေးအောက်သို့ ရောက်ပြီးသော်လည်း မငြိမ်မသက်နိုင်ဘဲ ထောင်ထောင် ထောင်ထောင်နှင့် လှုပ်ရှားနေကြသေးသည်ကို လူ့အနယ်များ လူ့အမှိုက်များအဖြစ် မြင်နေကြရတတ်သည်။

ဒွါရာဝတီသည် သားတော်ငယ်တွင်းမှ သားတော်ကြီး၏ လက်အောက်သို့ အရောက်လိုက်တွင် ထိုကဲ့သို့သော လူ့အမှိုက်များ၊ လူ့သလဲများ နေရာအနှံ့တွင် ပေါ်လာကြသည်။ ယခင်က သားတော်ငယ်ဘက်မှ တိတ်တဆိတ် အားပေးနေခဲ့



ကြသော သူအချို့နှင့် သားတော်ငယ်ဘက်မှ အရေးပါအရာရောက်စွာ ဆောင်ရွက်ခဲ့ကြသော လူအချို့တို့သည် မြို့စားပုံချိုကြီးနှင့်အတူ သားတော်ငယ် ဘက်သားတို့ကို နှိမ်နင်းလာခဲ့ကြသော သူတို့ထက် သားတော်ကြီးကို ပို၍ ကြည်ညို အားပေးနေသူများ ဖြစ်လာကြကာ မင်းပိုင်းစိုးပိုင်းတို့တွင် ဝင်ရောက် ခြယ်လှယ်နိုင်ခဲ့ကြသည်။

ဤတွင် အချို့နေရာ အရပ်တို့၌ သားတော်ငယ် ဘက်သားများ ကြီးစိုးနေကြစဉ် အခါကလည်း သားတော်ကြီးဘက်သို့ လူရော စည်းစိမ်ပါ ကူညီမိသဖြင့် သားတော်ငယ်၏ ဘက်တော်သားတို့က အနှိပ်စက်ခံခဲ့ရသော သူတို့သည် ယခု သားတော်ကြီး တက်လာသည့်အခါတွင်လည်း သားတော်ငယ်ဘက်သားများက သားတော်ကြီးကို မိမိတို့ထက် ပို၍ ချစ်နေကြပြန်သည်ဖြစ်ရာ ထိုသူတို့ပင် တန်ခိုးအာဏာ ညြဓာရနေကြသောကြောင့် သားတော်ကြီး၏ သစ္စာရှိ ဘက်တော်သားတို့သာလျှင် ဆက်လက် အနှိပ်စက်ခံရမြဲ အနှိပ်စက်ခံနေကြရသည်။

ရုတ်တရက် တန်ခိုးအာဏာ ရရှိလာကြသော သားတော်ကြီး ဘက်တော်သား အထက်ပိုင်းတို့ကလည်း မိမိတို့နှင့် အနီးကပ်ဆုံး ရောက်လာကြသော သူတို့က သားတော်ငယ် လက်ထက်ကထက် သားတော်ကြီးကို ပို၍ ကျေနပ် ကြည်ညိုကြပါသည်ဟု ဆိုသောကြောင့် ထိုအသံတို့ကိုပင်လျှင် ယုံကြည် နှစ်သက်နေကြကာ မိမိတို့ လူများသည် လည်းကောင်း၊ တိုင်းသူပြည်သားများသည် လည်းကောင်း အောက်ခြေတွင် ဘာဖြစ်နေသည်ဟု ဘာတစ်ခုမျှ အမှန်အတိုင်း မသိကြ။

တစ်ခါတစ်ရံ အမှန်အတိုင်း ကြားသိ ပြောပြတတ်သူတို့ တွေ့သိရတတ်သော်လည်း ထိုသူတို့ ဤသို့ ပြောပြခြင်းသည် မိမိတို့အား လုန့်လုံးချောက်လုံးပေးကာ အခွင့်အရေး ရယူလိုသောကြောင့် နေရာရယူလိုသောကြောင့်ဟု ထင်မှတ်လာကြသည်။ ထိုအခါ ထိုသူမျိုးတို့ကို မချေမင ဆက်ဆံလွှတ်လိုက်တတ်ကြသည်။ ထို့နောက် ထိုသူသည် နောက်ထပ် ဘယ်တော့မျှ ပေါ်မလာတော့။ ထိုသတင်းသည် အပြင်သို့လည်း ပျံ့လွင့်သွားခဲ့သေးသည်ဖြစ်ရာ နောက်ထပ် ထိုကဲ့သို့ ပြောပြဝံ့သော သူတို့သည်လည်း ဘယ်အခါမျှ ပေါ်မလာဝံ့တော့။

သားတော်ကြီး၏ လက်ထက်၌ မင်းပိုင်းစိုးပိုင်းရှိ အမှုထမ်း အရာထမ်းတို့အတွက် အရေးအကြီးဆုံး ဆောင်ရွက်ကြရမည့် လုပ်ငန်းမှာ ဒွါရာဝတီ တစ်ခုလုံးသည် သားတော်ငယ် လက်ထက်ကထက် အားလုံး သာသည်ဟု လက်တွေ့မျက်မြင် လုပ်ဆောင်ပြနိုင်ရမည့် လုပ်ငန်းသာ ဖြစ်သည်။

ထိုလုပ်ငန်းကို လက်တွေ့ပြနိုင်ရန်အတွက် နေရာတိုင်း၌ အခွန်ပိုကောက်သည်။ အခွန်တော်တွေ တိုးခြင်းဖြင့် တိုင်းပြည် စည်ပင်ဝပြောကြောင်း လက်တွေ့ပြသည်။

မင်းလမ်းမကြီးတွင် အိမ်ပုတ်အိမ်စုတ် မရှိစေရဟု ကြေညာပြီး အားလုံး ဆွဲဖျက်သည်။ ထိုသူတို့ကို မင်းနေပြည်တော်အတွင်းမှ တစ်ချက်လွှတ် အမိန့်ဖြင့် နှင်ထုတ်လိုက်သည်။ နောက်ထပ် လာ၍ စောဒကတက်လျှင် အာကို ဓားဖြင့် ဟက်၍ လွှတ်မည် ဖြစ်သောကြောင့် မည်သို့သော ပြဿနာမှ မပေါ်လာ။

ဒွါရာဝတီပေါ်မှ ငွေကြေး တတ်နိုင်သူတိုင်း အိမ်ကြီး အိမ်ကောင်း မဆောက် မနေရ အမိန့်ထုတ်လိုက်သောကြောင့် စားစရာ မရှိသူတို့လည်း အငတ်ခံ၍ အိမ်ကြီး အိမ်ကောင်းများ ဆောက်လုပ်ကြရသည်။ မဆောက်လုပ်က ပစ္စည်းအားလုံး သိမ်းယူ၍ လူတွေကို ဒွါရာဝတီမြို့ထဲက မောင်းထုတ်လိုက်မည် ဖြစ်သောကြောင့် ဖြစ်သည်။

ဤအတိုင်း ဒွါရာဝတီသည် နေ့ချင်းညချင်း စည်ပင်ဝပြောလျက် နတ်တို့၏ မြို့သဖွယ် ကြွယ်ဝသူတို့၏ အိမ်များ မှိုပေါက်သလို ပေါ်လာခဲ့ရသည်။

ထို့မျှမက ဒွါရာဝတီ၌ အလှူပွဲများကလည်း ဥပုသ် တစ်ပတ်တိုင်း တစ်နေရာ မဟုတ် တစ်နေရာ အမြဲ ရှိနေခဲ့သည်။ ထိုအလှူပွဲတို့ကို သားတော်ကြီး ဘုရင်မင်း တရား ကိုယ်တိုင် အမြဲ ကြွရောက်ချီးမြှင့် ရေစက်ချပေးလေ့ ရှိသည်။

ဘုရင်မင်းတရားသည် ဥပုသ်ပတ်တိုင်း ခြိမ့်ခြိမ့်သဲသော အလှူတို့ကို လည်း ကောင်း၊ မှိုပေါက်သလို ရုတ်ခြည်းပေါ်ပေါက်လာကြသော ဘုံဗိမာန်ကြီးများလို အိမ်ကြီးအိမ်ကောင်းတို့ကို လည်းကောင်း မျက်မြင် တွေ့သိနေရရုံမျှမက 'မှန်လှပါ အရှင့် ဘုန်းတော်ကြောင့် နိုင်ငံတော် စည်ပင်ဝပြော လျက် ကျေးတော ကျွန်တော်မျိုး တို့လည်း ချမ်းသာသူတွေ ပေါများလှကြောင်းပါ ဘုရား' ဟူသော အသံတွေကို ချည်း နားဆင်နေရတတ်လေ့ ရှိသည်။

ထိုအချိန်တွင် သက်ဆိုင်ရာ ရပ်ကွက်မှ အလှူပွဲဖြစ်အောင် ပြုလုပ်ဆောင် ရွက်ပေးရမည့် အမှုထမ်းငယ်သည် မိမိတို့ ရပ်ကွက်ရှိ ငွေကြေးတတ်နိုင်သူတို့ကို ချော့ချေတစ်ခါ၊ ချောက်ချေတစ်လှည့်ဖြင့် ငွေညှစ်နေလေပြီ။ အကြောင်းမူ 'ထိုအလှူ ပွဲကြီးများကို တစ်ပတ်တစ်ကြိမ် အလှည့်ကျ ပြုလုပ်မည်၊ မပြုလုပ်လျှင် မနေရ' ဟု အမိန့် ချမှတ်ထားသောကြောင့် တာဝန်အရ ပြုလုပ်နေကြရခြင်း ဖြစ်သည်။ မိမိတို့ဘာသာ မိမိတို့ ကြည်ညိုသဒ္ဓါ ပွားလှသောကြောင့် ပြုလုပ်နေကြခြင်း မဟုတ်။

ထို့ပြင် ဘုန်းတော်ကြီးတို့၏ စာပြန်ပွဲကိုလည်း နယုန်လသို့ ရောက်မှသာ ပြုလုပ်ခြင်း မဟုတ်ဘဲ လစဉ် ပြုလုပ်ပေး၏။ ထိုလစဉ် စာပြန်ပွဲတို့မှ အောင်သော ရဟန်းသာမဏေတို့သည် သားတော်ကြီး ဘုရင်မင်းတရား ကိုယ်တော်တိုင် နာတော် မူမည်ဖြစ်သော နယုန်လတွင် ပြုလုပ်သည့် စာပြန်ပွဲကြီး၌ ဝင်ရောက် ယှဉ်ပြိုင် ပြန်ဆိုကြရမည် ဖြစ်သည်။



ထိုသို့ စာတော်ပြန်ဆိုကြရာ၌လည်း ဘုရင်မင်းတရားကြီး၏ ကျောင်းမှ ရဟန်းသာမဏေတို့က ပို၍ ပြန်ဆိုနိုင်သူ၊ ပညာဉာဏ် ပါရမီ ရင့်သန်သူတို့ ဖြစ်ကြ သည်။ အကြောင်းမူ မဟာဒါန်ဝန်သည် ဒွါရာဝတီ တစ်ပြည်လုံးရှိ ကျောင်းတို့မှ အတော်ဆုံးသော ရဟန်းသာမဏေတို့ကို မင်းတရားကြီးကျောင်းသို့ ပြောင်းရွှေ့စေ ၍ မင်းတရားကြီး၏ ကျောင်းမှ ဝင်ရောက် ပြန်ဆိုစေသောကြောင့် ဖြစ်သည်။

ဤအတိုင်း သားတော်ကြီး ဘုရင်မင်းတရားကြီးသည် လည်းကောင်း၊ ဘုရင်မင်းတရားကြီး၏ ပတ်ဝန်းကျင် မှူးကြီးမတ်ရာ သေနာပတိတို့သည် လည်း ကောင်း၊ ဘုရင်မင်းတရားကြီး၏ နေပြည်တော်ရှိ ဘုရင်မင်းတရားကြီး ရွှေစကြာ ဖြန့်ချီ ကြွရောက်တတ်သော နေရာတို့သည် လည်းကောင်း ရွှေခဲ မြခဲ စိန်ခဲတွေ ထိန်ထိန်ကြဲလျက် အမြဲတမ်း အလှူရေစက် လက်နှင့်မကွာဘဲ ရှိနေခဲ့ရသည်။ တိုင်းတော် ပြည်တော်ကြီးသည် အမြဲသာယာလျက် ထိုသားတော် ဘုရင်ကြီးနှင့် မှူးမတ် သေနာပတိများအဖို့ ရွှေဘုန်းတော် တိုးပါလို့ ရွှေမိုး ငွေမိုး စိန်မိုး ကျောက် မိုးတွေ အမြဲ ရွာနေကြသည်။

ထိုအချိန်၌ ပြည်သူတို့သည် မိမိတို့ ငတ်သည့်အသံ အနှိပ်စက်ခံနေရသည့် အသံ၊ မိမိတို့ အနိုင်ကျင့်ခံနေရသည့် အသံကို သားတော်ကြီး ဘုရင်မင်းတရား ကြားအောင် မည်သို့မျှ အော်ဟစ်၍မရ။

မှူးမတ်တို့သည် ထိုအမင်္ဂလာအသံကို ဘုရင်မင်းတရားကြီးရှိရာသို့ ရောက် မလာအောင် ဓားဖြင့် ကာကွယ်ပေးထားကြသည်။ သားတော်ကြီး ဘုရင်မင်းတရား ကလည်း တိုင်းသူ ပြည်သားတို့ အော်ဟစ်ကြသော ထိုအမင်္ဂလာအသံတို့ကို အမြဲ မကြားဘဲ ရှိနေတတ်သည်။ တစ်ခါတစ်ရံ မကြား၍ မဖြစ်သောကြောင့် ကြားမိရ လျှင်လည်း ထိုအသံမလာအောင် ဓားဖြင့် ကာပေးနေကြသော သူတို့ကိုသာ နားထောင် ကြည့်ရှု၍ လိုသလို ဆောင်ရွက်လိုက်ကြရန် တာဝန်လွှဲအပ်ပေးလေ့ ရှိတတ်သည်။ နောက်သောအခါ၌ ထိုအသံမျိုးတို့သည် ဘုရင်မင်းတရား၏ နားထဲသို့ ရောက်အောင် တယ်အခါမျှ ကျယ်ကျယ်လောင်လောင် ပေါ်ပေါက်လာလေ့ မရှိကြချေ။ ဘုရင် မင်းတရား၏ ဘုန်းတော်ကြောင့် ထိုအမင်္ဂလာ အသံတို့သည် ဘုရင်မင်းတရား၏ နားတော်ကို ကွေ့ရှောင်ကာ မြန်မာပြည် အာသံပြည် စသော အတိုင်းတိုင်း အပြည် ပြည်ရှိရာတို့ကိုသာ လွင့်ပါး၍ သွားတတ်ကြသည်။

ထို့နောက်တွင်မူ တစ်မင်းပြောင်းပြီးမှ တစ်မင်း ကောင်းကြောင်း သိတတ် ကြသော ဒွါရာဝတီ ပြည်သူပြည်သားတို့၏ နှုတ်ဖျား၌ 'ကောလာဟလ' သတင်းတွေ နားခိုလာကြသည်။

သားတော်ငယ် တပ်များ တောင်ဘက်ကြီးတွင် စုရုံးနေသည်။ ပုသိမ်တောင်ဘက်ကြီးမှ လက်နက်များ ဥချောင်းဘက်သို့ ရောက်ရှိလာသည်။ ဗိုလ်မှူးစူဝံကို ဒွါရာဝတီမြို့ ဈေးထဲ၌ တွေ့ခဲ့ရသည်။

ထိုသတင်းတို့သည် သားတော်ကြီး ဒွါရာဝတီကို သိမ်းပိုက်ပြီး၍ တစ်နှစ်ကျော်လောက်ကတည်းက ဖြစ်ပေါ်လာခဲ့သည်။ သို့သော် နောက်ထပ် နှစ်နှစ်ခန့်ကြာ၍ ဒွါရာဝတီသည် သားတော်ကြီး၏ လက်အောက်၌ သုံးနှစ် ပြည့်မြောက်ပြီးခဲ့သည် အထိ ထိုသတင်းတို့နှင့် ပတ်သက်၍ ဘာတစ်ခုမျှ မထူးခြားခဲ့။

ထိုအခါ သားတော်ကြီးနှင့် လက်ရှိ မှူးမတ်များကို မလိုလားသူတို့က လည်းကောင်းတို့၏ ဖြစ်စေချင်သော ဆန္ဒကို လျှောက်ပြောနေကြသည့် စိတ်ကူးယဉ် ကောလာဟလသာ ဖြစ်သည်။ ခပ်ပေါ့ပေါ့ ယူဆလာကြသည်။ လူအများတို့က ထိုသို့ ခပ်ပေါ့ပေါ့ ယူဆနေကြသော်လည်း ကောလာဟလ သတင်းတို့က လျော့မသွား၊ ပျောက်မသွား၊ ပို၍ပင် တိုးကဲလာသေး၏။

တိုင်းသူပြည်သားတို့ရဲ့ မကျေနပ်မှုတွေဟာ တစ်နေ့တစ်နေ့ များများလာပြီး မကြာမီ ပေါက်ကွဲတော့မည်။ တိုင်းသူပြည်သားတွေဘက်မှ နတ်ကြီး ငါးပါးတို့က ကူညီမ၍ မတရားမင်းကို အရှင် ဖမ်းပေးမည်တဲ့။

အရင်က သားတော်ကြီးကို ထောက်ခံခဲ့ကြတဲ့ ဒွါရာဝတီ မြို့သားတွေတောင် သားတော်ငယ်ဘက်က ဝင်တိုက်ဖို့ သစ္စာဆိုပြီး ကုန်ကြပြီတဲ့။

ဗိုလ်မှူးစူဝံတို့ရဲ့ အာကာမျိုးတွေဖြစ်တဲ့ ဥက္ကာဂေဟာမှာ ဘုရင်ကလေးရဲ့ ဘက်တော်သားတွေ လျှို့ဝှက်ပြီး ရောက်နေကြသတဲ့။

တစ်ချိန်က မြို့စားပုံချီကြီးနှင့် တွဲနေတဲ့ ဗိုလ်မှူးစူဝံရဲ့ အစ်မ မမတာရာပိုင်တဲ့ တာရာဂေဟာဆိုတာ သားတော်ငယ် ဘက်တော်သားတွေရဲ့ လျှို့ဝှက်စခန်း တစ်ခု ဖြစ်နေပြီတဲ့။

ကောလာဟလ သတင်းတို့က ဤကဲ့သို့ ပို၍ပို၍ တိုးလာချိန်တွင် ဒွါရာဝတီမြို့၌ အကျယ်ချုပ်ဖြင့် နေနေရရှာသော လင်းသာမောင်မောင်ထံမှ စံပယ်၏ အစ်မလတ် ခရေသာယာထံသို့ ပေးပို့သည့် စာများတွင် ဟုတ်သလောက် ဟုတ်မှန်နေသည့် အကြောင်း စကားဝှက်ဖြင့် ပါပါလာတတ်သည်။

သို့သော် ယခုတစ်လော လင်းသာမောင်မောင်ထံမှ စာရောက် အပေါက်ကျဲလာ ရုံမျှမက အတော် နာမကျန်း ဖြစ်နေသည် ဟူသော သတင်း ရရှိလာသည်။ လင်းသာ ဂေဟာသို့ သွားရောက် နေထိုင်ခွင့်ပြုရင် လင်းသာ ဂေဟာသို့ သွားရောက် နေထိုင်ခွင့်ပြုရန် လင်းသာမောင်မောင်က လျှောက်ထားသော်လည်း သားတော်ကြီး၏



ဘုရင့်အစိုးရက ခွင့်မပြုသောကြောင့် စံပယ်၏ အစ်မလတ် ခရေသာယာသည် ခင်ပွန်းသည် လင်းသာမောင်မောင်ကို ပြုစုစောင့်ရှောက်ရန် သားသမီးများနှင့်အတူ ဒွါရာဝတီသို့ လိုက်ပါသွားခဲ့သည်။

ထိုစဉ်က လင်းသာမောင်မောင်၏ ယခင်အိမ်ထောင်မှ သမီးဖြစ်သော ဝတ်မှုန်သည် လင်းသာဂေဟာ၌ စံပယ်တို့နှင့်အတူ ကျန်ရစ်နေခဲ့သေးရာ ဝတ်မှုန်၏ခင်ပွန်းဖြစ်သူ ကိုရှုပက လာခေါ်ပြန်သောကြောင့် ဒွါရာဝတီသို့ လိုက်ပါသွားရပြန်သည်။

ထို့ကြောင့် လင်းသာဂေဟာကြီး၌ ဝတ်မှုန်တို့ အစ်ကို သော်က စံပယ်နှင့် အထိန်းတော်ကြီး အမိမေတ္တာ သုံးယောက်တို့သာလျှင် အိမ်ကြီးပေါ်တွင် နေသူများ အဖြစ် ကျန်ရစ်ကြသည်။ သို့သော် သိပ်မကြာလှပါ။ သော်ကသည် ဖခင် လင်းသာမောင်မောင် ရောဂါသည်းလာသည်ဟု သတင်းရောက်လာသောကြောင့် ဖခင်ရှိရာ ဒွါရာဝတီသို့ နောက်ထပ် လိုက်ပါသွားရသည်။ ဤတွင် လင်းသာ ဂေဟာကြီး၌ စံပယ်နှင့် ဒေါ်မေတ္တာတို့ နှစ်ဦးသာလျှင် ကျန်ရစ်ခဲ့ကြရတော့သည်။

အိမ်ဝင်းကြီးထဲ၌ ယခင်က ဘဏ္ဍာစိုးကြီး ဦးမောင်မောင် ရှေးရိုး နေထိုင်ခဲ့သော အိမ်သည်လည်း ဟာလာဟင်းလင်း။ သူ့ထံမှ ရာဇဝင်ကျော် သော့တွဲကြီးကမူ စံပယ့် လက်ထဲသို့ ရောက်နေလေပြီ။ လေသာဆောင်သည် စံပယ်၏ ညနေခင်း လေညင်းခံသည့်နေရာ ဖြစ်လာသည်။ တပေါင်းလ၏ ပူပြင်းသော နေ့တစ်နေ့တွင် စံပယ်သည် လေသာဆောင်မှနေ၍ ပင်လယ်ဘက်သို့ ငေးနေသည်။ စံပယ်၏ စိတ်ကူးတို့ကလည်း ပင်လယ်ပြင်ပေါ်တွင် တိုက်ခတ်နေသော လေနှင့်အတူ ပျံ့လွင့်နေသည်။

ထိုစဉ်တွင် တံတားမြင့်အောက်ဆီမှ လူတစ်ယောက် လမ်းလျှောက်လာသည့် အသံကို အမှတ်မထင် ကြားလိုက်မိသည်ဟု စိတ်ထဲက ထင်လာသည်။

တကယ်ပဲလား၊ စိတ်ထဲက ထင်နေတာပဲလားဟု တွေးရင်း နားစွင့်လိုက်စဉ် ခြေသံသည် လေသာဆောင် အောက်ဘက် ချုံပုတ်ငယ်များ ရှိရာသို့ အရောက်တွင် ရုတ်တရက် ပျောက်သွားခဲ့သည်။ စံပယ်က 'အောက်က ခြေသံဟာ ဘယ်သူလဲ' ဟု အော်ဟစ် မေးလိုက်သည်။

သို့သော် ဘာသံမှ တုံ့ပြန်သံ ပေါ်မလာ။ ခဏအကြာတွင် စံပယ်၏ ဆားဘက် တံခါးပေါက်မှ လူတစ်ယောက် ဝင်လာသည်။ စံပယ်က အံ့အားသင့်နေ၏။ တွေ့ရသူသည် အသက် ဆယ့်ရှစ်နှစ်ခန့်လောက်သာ ရှိပေလိမ့်ဦးမည်။ ထိုသူကလည်း စံပယ်ကို စူးစူးငေးငေး ကြည့်နေသည်။ နောက်မှ ပြုံးပြ၏။ ပြုံးလိုက်သော အချိန်၌ စံပယ်က တအံ့တသြ မှတ်မိလာသည်။

'ဟဲ့ … ဟသ်ာ၊ မင်း မင်း ဟသ်ာ မဟုတ်လား'

လူငယ်သည် လက်မမှ လက်သည်းကို ပါးစပ်ဖြင့် ကိုက်ရင်း ငြိမ်ကြည့်နေရာမှ ခေါင်းညိတ်ပြသည်။ ထို့နောက် ငယ်ငယ်ကကဲ့သို့ပင် စံပယ်၏ ကုလားထိုင်ဘေးတွင် လာရောက် ထိုင်လိုက်သည်။

'ဟဲ့ … ထွားလာလိုက်တာဟယ်၊ လူပျိုကြီးတောင် ဖြစ်နေပါကောပဲ၊ မင်း ဒီကို ဘယ်လို ရောက်လာရတာလဲ'

စံပယ်က ဟသ်ာ၏ ခေါင်းကို လက်ဖြင့် ပွတ်ရင်း အားရ ရင်းနှီးစွာ ပြောလိုက်သည်။ ဟသ်ာသည် သုံးလေးငါးနှစ် အတွင်း လူပျိုကြီး ဖြစ်လာခဲ့လေပြီ။ သို့သော် အမူအရာကတော့ မပြောင်းလဲ။ သူသည် စံပယ့်ကို စူးစမ်းသလို မျက်လွှာပင့်ကြည့်သည်။

'ဒါဖြင့် ဒီကို သူတို့ မရောက်ကြသေးဘူးပေါ့'

စံပယ် မျက်မှောင်ကြုံ့လိုက်သည်။

'သူတို့ ဆိုတာက ဘယ်သူတွေလဲ'

'အကျွန့် ဘာဘာရယ်၊ ဝတ်မှုန်ယောက်ျား ကိုရှုပရယ်၊ ကုန်သည် သူကြွယ်ကြီး ဦးဘောဂရယ်၊ ထွီးထွီး စံပယ်ရဲ့ အစ်ကိုချေ ကိုဝဏ္ဏရယ်၊ ပြီးတော့ အကျွန့် အရီးတော် တာရာရယ်'

'တာရာ … မမတာရာလား ဟုတ်လား'

စံပယ်က အထိတ်တလန့် မေးသည်။ ဟသ်ာက ခပ်ဖြည်းဖြည်း ခေါင်းညိတ်ပြသည်။

'ဒီလူတွေက ဒီလင်းသာ ဂေဟာကို ဘာဖြစ်လို့ လာကြမှာလဲ၊ သူတို့ကို ဘယ်သူက ဖိတ်ထားလို့လဲ'

စံပယ်သည် မမတာရာဟူသော နာမည်ကြောင့်သာ ဤသို့ ပြောမိရသည်။ ဟသ်ာက 'အကျွန့် ဖေဖေရယ်' ဟု ပြောလိုက်ကတည်းက ရင်ထဲ၌ လှုပ်ရှားခဲ့သည်။ နှလုံးသွေးတို့ နွေးလာလျက် ဝမ်းသာ အံ့သြနေခဲ့သည်။ ထို့ကြောင့် မိမိကိုယ်မိမိ မလုံလှဘဲ ဟသ်ာ၏ မျက်နှာကို ကဲခတ်သည်။ ဟသ်ာက ဘာကိုမှု ထူးထူးထွေထွေ တွေးမိပုံမပြဘဲ ခပ်ငိုင်ငိုင် ခပ်ငေးငေးပင် မျက်လွှာပင့်လိုက်သည်။

'လင်းသာဂေဟာမှာ ထွီးထွီး စံပယ်နဲ့ အထိန်းကြီး အမိမေတ္တာ နှစ်ယောက်တည်းပဲ ရှိကြတယ်ဆိုတာ[illegible]လို့ ဒီဂေဟာကြီးကို သားတော်ငယ်ရဲ့ လျှို့ဝှက်စခန်း တစ်ခုအဖြစ် ထားဖို့ လာကြတာ'



စံပယ်သည် မိမိနားကို မိမိ မယုံနိုင်လောက်အောင် ဖြစ်နေရသည်။ ခပ်စောစောက အစ်ကိုရှုဝံ ပါလာမည် ဆိုသောကြောင့် ရင်ထဲ၌ လှုပ်ရှားကာ ပူနွေးခဲ့ရသော နှလုံးသွေးသည် ယခုမှ တကယ် အစစ် ပူလောင် လှုပ်ရှားလျက် ရင်တဒိတ်ဒိတ် ခုန်လာခဲ့ရသည်။ စံပယ်သည် လေသာဆောင်တံခါးကို ပိတ်လိုက်ရန် ဟသ်ာအား အရေးတကြီး ပြောသည်။ ထို့နောက် မိမိကိုယ်မိမိ စိတ်ငြိမ်သွားရန် ခေတ္တမျှ စောင့်လိုက်ပြီး ဟသ်ာမျက်နှာအနီးသို့ မျက်နှာချင်း ကပ်လိုက်သည်။

'မင်းတို့ ဘယ်လို ခရီး ထွက်ခဲ့ကြတယ် ဆိုတာ ထွီးထွီးကို ပြောစမ်းပါဦး'

စံပယ်၏ အသံသည် သိသိသာသာ တိုးတိတ်သော်လည်း ဟသ်ာက ကွဲကွဲပြားပြား ကြားရသည်။

'အကျွန့်ဘာဘာ ဗိုလ်မှူးရှုဝံက ကုလားကုန်သည် အယောင်ပြုပြီး အကျွန့်က သူ့အစေအဖြစ် ကုန်လှေ တစ်စီးနဲ့ ဒွါရာဝတီ ဆိပ်ကမ်းကို လားကြတယ်၊ နောက် သားတော်ငယ်ရဲ့ ဘက်တော်သားဟောင်းတွေကို တိတ်တဆိတ် လိုက်တွေ့တယ်၊ ပြီးတော့ ဥက္ကာဂေဟာကို တိတ်တဆိတ် လိုက်တွေ့တယ်၊ ပြီးတော့ ဥက္ကာဂေဟာကို လားကြပြီး လျှို့ဝှက်စခန်းတစ်ခု ဖွင့်လိုက်ကြတယ်၊ အတော်အချိန်ကြာလာတော့ အဲဒီကနေပြီး တာရာဂေဟာကို ကူးကြတယ်၊ အရီးတော်တာရာကလည်း သားတော်ကြီးဘက်သားတွေနဲ့ မသင့်တော့တာနဲ့ အကျွန့်ဘာဘာတို့ဘက် ရောက်လာခဲ့တယ်၊ ပြီးတော့ အရီးတော်တာရာနဲ့အတူ ထွီးထွီးရဲ့ အစ်ကိုချေ ဗိုလ်ဝဏ္ဏကိုလည်း တွေ့ရတယ်'

'အစ်ကိုချေ ဗိုလ်ဝဏ္ဏက တာရာဂေဟာမှာ မမတာရာနဲ့ အတူနေကြသတဲ့သား၊ ဒီသတင်းကို ထွီးထွီးတို့လည်း မကြားရပါလား'

'သူတို့နှစ်ယောက်က ဖနီး ခင်ပွန်းလိုပဲ နေနေကြတာပဲ၊ အခုလည်း ဒီလင်းသာ ဂေဟာကို အတူတူ ပြောင်းလာကြမှာပဲ'

'ဒါထက် ဟသ်ာတို့အမိကော တွေ့ကော တွေ့ကြရဲ့လား'

'အမိနဲ့ ခွဲနေရတာ ကြာလာတော့ အမိကို ချစ်ရမှန်း မသိတော့ပါဘူး၊ အဲဒါ အကျွန့်ဘာဘာ ဗိုလ်မှူးရှုဝံပြုလို့ ဖြစ်ရတာပဲ၊ အကျွန့် မမကြီးကတော့ အမိနဲ့ပဲ နေရတယ်၊ ပြီးတော့ အခု လင်းသာဂေဟာမှာ ထွီးထွီးနဲ့ အမိမေတ္တာ နှစ်ယောက်တည်း ရှိနေအောင် ပြုလိုက်တာလို့ အကျွန့်ဘာဘာပဲ လင်းသာမောင်မောင် အပြင်းအထန် နာမကျန်း ဖြစ်နေတယ်ဆိုတာ ဘာဘာ့ အကြံဉာဏ်တွေပေါ့'

စံပယ်က ဗိုလ်မှူးရှုဝံ၏ ရုပ်ပုံကို စိတ်ထဲတွင် တွေးတောကြည့်ရင်း အကြမ်းအရမ်းသမားကြီးတွေကလည်း ဒါမျိုးတွေ တတ်တာပဲဟု မှတ်ချက်ချ၏။ တစ်ဆောင်

တည်းပင်လျှင် စစ်တိုက်နေသူတို့၏ သဘောသည် မိမိတို့ အနိုင်ရရှိရန်အတွက် မည်သည့်အရာကို ပြုရပြုရ ပြုလုပ်ကြပေလိမ့်မည်ဟု တွေးသည်။ ထို့နောက် မိမိဘာသာ ခေါင်းညိတ်နေမိရာမှ ဟသ်ာကို သတိရလိုက်သည်။

'မင်းဘာဘာက တာရာဂေဟာမှာ မနေဘဲ ဒီကို ဘာလို့ ပြောင်းလာချင်ရတာလဲ'

'ဘာဘာ့ကို ကြင်နာမည့် အဖော် မရှိလို့ဘဲ'

'အေး ယင်းပိုင်ဆိုကေ ပုသိမ်တောင်ဘက်ကြီးမှာ သုံးနှစ်ကျော် ကြာအောင် တစ်ယောက်တည်း နေခဲ့ပြီးမှ အခုမှ သူ့ကို ကြင်နာမယ့် အဖော် လိုလာပြန်သတဲ့လား'

ဟသ်ာသည် စံပယ့် မျက်နှာကို အတော်ကြာကြာ စူးစိုက်ကြည့်လိုက်သည်။ ထို့နောက် မျက်လွှာချလိုက်၏။

'အေချင့်က ထွီးထွီး အသိဆုံးနေမှာပဲ'

စံပယ်သည် ဟသ်ာ၏ စကားကို ဝမ်းထဲမှ ပွဲတင်ထပ်၍ ဆိုနေမိရင်း အလိုလို မဲ့ပြုံး ပြုံးနေမိလေသည်။ ထိုစဉ် အတော်ကြီး အမိမေတ္တာ ဝင်လာခဲ့သည်။

'စကားပြောသံတွေ ကြားနေရသလားလို့ဟဲ့' ဟု ပြောရင်း ဟသ်ာကို တွေ့သွားပြီး တအံ့တဩ ဖြစ်နေသည်။ စံပယ်က အကျိုးအကြောင်း ပြောပြသောအခါ 'ဒီလိုဆိုရင် ခြံဝင်းကြီးထဲမှာ နေကြတဲ့ အိမ်ဖော်တွေလည်း နောက်ကို မသိဘဲ နေမှာ မဟုတ်ဘူး၊ ခုထဲက တစ်ဦးချင်းခေါ်ပြီး သေသေချာချာ ရှင်းလင်းပြောပြ ပိတ်ဆို့ထားတာတို့၊ မခေါ်ဘဲနဲ့ မလာရဘူး၊ ဧည့်သည်တွေနဲ့ မမြင်မကြားဘဲ နေရာမျိုးမှာသာ နေရမယ် ဆိုတာမျိုးတွေ ပြောနှင့်ထားတာတို့ လုပ်ဖို့ လိုတယ်ထင်တယ်' ဟု အကြံပေးသည်။

စံပယ်သည် ဒေါ်မေတ္တာ အကြံပေးသည့် အတိုင်း ခြံဝင်းကြီးထဲတွင် နေကြသည့် အိမ်ဖော်တို့ကို တစ်ယောက်စီ ခေါ်ယူ၍ နှုတ်ပိတ်ခြင်း၊ စည်းကမ်းပေးခြင်း၊ သစ္စာဆိုခိုင်းခြင်း စသည်တို့ကို ပြုသည်။ ထို့နောက် ဧည့်သည်များလာလျှင် တတ်နိုင်သမျှ အဆင်ပြေစေရန် အသင့်ပြင်ဆင်ထားဖို့ စီမံ ညွှန်ကြားလိုက်သည်။

ဝတ်မှုန်၏ ယောကျ်ား ကိုရှုပသည် လင်းသာဂေဟာကြီးထဲသို့ ဒုတိယမြောက် ရောက်လာသူ ဖြစ်သည်။ တတိယမြောက် ရောက်လာသူမှာ ဟသ်ာ ပြောစဉ်က အရေအတွက်ထဲတွင် မပါဝင်ခဲ့သော ကိုဥက္ကာ၏ ဒုတိယသား ဖေယျ ဖြစ်သည်။ ဟသ်ာထက် တစ်နှစ်မျှ ငယ်လိမ့်မည် ဖြစ်သော်လည်း ဂဲရင့်သော ရုပ်ရည်နှင့်



အလွန် ဖျတ်လတ်လေသည်။ ဖေယျသည် ခရီးရောက်မဆိုက်ပင် နယ်မြေ အနေအထားကို လေ့လာထားရန်ဟု ဆိုလျက် လှျို့ဝှက်စွာ အပြင်သို့ ထွက်သွားသည်။

စတုတ္ထမြောက် ရောက်လာသူမှာ ကုန်သည် သူကြွယ်ကြီး ဦးဘောဂ ဖြစ်သည်။ သူသည် မြို့စားပျံချီကြီးတို့တပ် လင်းသာ ဂေဟာကြီးကို ဖျက်ဆီး၍ ထွက်ခွာသွားကြပြီးနောက် လင်းသာမောင်မောင်တို့နှင့်အတူ ဤဂေဟာကြီးသို့ ရောက်လာခဲ့ရာ ခရီးရောက်မဆိုက်ပင် လင်းသာဂေဟာတွင် ရှိနေကြသော မမတာရာတို့ မိသားစုကို လိုက်ပို့ပေးသူ ဖြစ်သည်။ စံပယ်သည် ထိုစဉ်က ဦးဘောဂကို မမြင်လိုက်ရဘဲ ယခုမှသာ သေသေချာချာ မြင်ဖူးရခြင်း ဖြစ်သည်။

စံပယ်သည် ဦးဘောဂကို သတိပြုလျက် မှတ်မှတ်သားသား ကြည့်ရင်း ဤသို့သော ကုန်သည် တစ်ယောက်အား လှျို့ဝှက်ပုန်ကန်မှုကဲ့သို့သော ကိစ္စမျိုးတွင် အဘယ်ကြောင့် လူယုံတော်တစ်ယောက်အဖြစ် ထည့်သွင်းထားပါသနည်းဟု မိမိသာဘာမိမိ စိတ်ထဲတွင် မေး၏။ ငွေကြေးအတွက်သာ ဖြစ်ပေလိမ့်မည်။ လှျို့ဝှက်ပုန်ကန်မှုတစ်ခုသည် ငွေကြေး အထောက်အကူမရှိက ကျဆုံးနိုင်၏ဟု မိမိဘာသာမိမိ စိတ်ထဲတွင်ပင် ဖြေလိုက်သည်။

ထိုစဉ် ဦးဘောဂက မေးလိုက်သော မေးခွန်းကြောင့် စံပယ်သည် ဦးဘောဂ၏ ရည်ရွယ်ခက်ကို ခန့်မှန်းလိုက်နိုင်သည်။

'တာရာတစ်ယောက် ရောက်မလာသေးဘူးလား' တဲ့။

မမတာရာသည် ဗိုလ်မှူးစူဝံက ကုန်သည်ကြီး ဦးဘောဂ၏ ငွေအိတ်ထဲမှ ငွေများကို နှိုက်ထုတ်ပေးရန်အတွက် ချပေးထားသည့် ငါးစာတစ်ခုအဖြစ် ခံနေရပေပြီဟု စံပယ်က မှတ်ချက်ပြုလိုက်သည်။

'မမတာရာနဲ့ ဦးဘောဂတို့က တော်တော် ရင်းနှီးကြတယ်နော်'

'ဩော် ... အင်း ကျွန်တော်တို့က အိမ်နီးနားချင်း ဖြစ်ခဲ့ကြရတာ ကြာလှပြီပဲ၊ ဒီတော့ ခင်မင်ကြရတော့တာပေါ့ဗျာ၊ ဟား... ဟား ... ဟား'

ဦးဘောဂက ခပ်လွယ်လွယ်ပင် အဖြေပေးရင်း ရယ်သွမ်းသွေးလိုက်သည်။ ထိုနေ့ညနေ နေကလေးရီရီ အချိန်တွင် မမတာရာနှင့်အတူ စံပယ်၏ အစ်ကိုချေကိုဝဏ္ဏ ရောက်လာသည်။ ကိုဝဏ္ဏသည် မမတာရာ၏ အခိုင်းခံ အထိန်းတစ်ယောက်ကဲ့သို့ နေရာတိုင်းတွင် ဝင်ရောက် လုပ်ကိုင်ပေးနေရသည်ကို တွေ့ရသည်။ မမတာရာသည် စံပယ့်ကို မြင်သည်နှင့် ပြုံးလိုက်၏။

'စံပယ်နဲ့ မမတာရာတို့ဟာ အရေးကြီးပြီဆိုရင် နှစ်ယောက်သား ဆုံဆုံနေမိကြတာဟာ ထူးဆန်းတယ်နော်'

စံပယ်က ခပ်ဟက်ဟက် ရယ်လိုက်သည်။

'မမတာရာ ကြွေအန် ကစားသေးသလား'

မမတာရာ၏ မျက်လုံးအကြည့်နှင့် အပြုံးက စံပယ် မေးသည်ကို နားလည်သည်။

'ကြွေအန် ကစားတာက ခေတ်နောက်ကျသွားပြီ စံပယ်ရေ့၊ ခု … သုံးပုံဖဲပဲ ကစားတော့တယ်၊ ဒါပေမဲ့ သားတော်ကြီးရဲ့ ဘုရင့် အစိုးရက လောင်းတမ်းကစားပွဲတွေ ပိတ်ထားလို့ တိုးတိုးတိတ်တိတ်ပဲ ကစားကြရတယ်'

'ဟာ သုံးပုံဖဲကြီးတောင်တော့ စံပယ်က မကစားတတ်ဘူး၊ အစ်ကုချေ ဗိုလ်ဝဏ္ဏနဲ့ ဖြစ်ဖြစ်၊ ဦးဘောဂနဲ့ ဖြစ်ဖြစ် မမတာရာအတွက် ကစားဘက် ရပါလိမ့်မယ်'

မမတာရာသည် တစ်ချက်မျှ မျက်လုံးကို မှေး၍ ကြည့်လိုက်ပြီးနောက် မထီတရီ ပြုံးလိုက်သည်။

'အခု မမတာရာ ကစားမှာက အပြိုင်အဆိုင် တိုက်ပြီး ကစားမှာ မဟုတ်ပါဘူး၊ စံပယ်တို့နဲ့ အတူ ပေါင်းပြီး အနိုင်ဘက်ကနေ ကစားမလို့ပါကွာ'

'သြော် …'

စံပယ် နှုတ်မှ ထွက်လာသော သြော်သံသည် လုပ်ကြံ၍ ထွက်လာသည့် အသံ မဟုတ်ဘဲ တကယ်ကို အမှတ်မထင် မြည်လိုက်မိသော အသံ ဖြစ်သည်။ စံပယ်သည် လွန်ခဲ့သည့် သုံးနှစ်ကျော် အချိန်က ဤလင်းသာ ဂေဟာသို့ မမတာရာက တစ်ဖက်မှ သူလျှိုအဖြစ် ရောက်လာပုံကို မြင်ယောင်လာသည်။ စံပယ်သည် ပြုံးမိ၏။

'မမတာရာကို ဝတ်မှုန်တို့ မိသားစုတွေနေခဲ့တဲ့ အခန်းဆောင်မှာ နေရာချပေးမယ်'

'အေး … ကျေးဇူးပေါ့ စံပယ်ရယ်'

'မမတာရာရဲ့ အခန်းဆောင် ဘယ်ဘက်က အစ်ကိုချေဝဏ္ဏရဲ့ အခန်း ရှိမယ်၊ ညာဘက်က ကုန်သည် သူကြွယ်ကြီး ဦးဘောဂရဲ့ အခန်း ရှိမယ်၊ လှေကားထိပ်ဘက်က အခန်းတွေပဲ၊ တစ်ဖက်တစ်ချက်က ယောကျ်ားကြီး နှစ်ယောက် ရှိနေတော့ မမတာရာ အဖို့ စိတ်ချလက်ချ အိပ်နိုင်မှာပါပဲ'

'အေးကွယ့် … အဲဒီလို ဝဝအိပ်ရရင် လူကျန်းမာတယ်၊ မအိပ်ရတဲ့ လူတွေဟာ စံပယ်တို့လိုပဲ ပိန်နေတတ်တယ်'

မမတာရာသည် သရော်ပြုံးကလေးဖြင့် ပြောဆိုရင်း အစ်ကိုချေ ကိုဝဏ္ဏဆီသို့ ကြည့်လိုက်ကာ ပက်လက် လှန်ထားသော လက်ဖဝါးကို အနည်းငယ် ရှေ့သို့ ထုတ်လိုက်ပြီး လက်ညှိုးကို ကွေးချည်ဆန့်ချည် ပြုလိုက်သည်။ အစ်ကိုချေဝဏ္ဏသည် ကျိုးနွံသော အစေခံတစ်ယောက်သဖွယ် မမတာရာ အနားသို့ ရောက်လာသည်။ မမတာရာက ၎င်းနေရမည့် အခန်းကို ပြော၍ ပစ္စည်းများ နေရာချပေးရန် ပြောသည်။ ဗိုလ်ဝဏ္ဏ ထွက်သွားသည်နှင့် စံပယ်က စကားဆက်သည်။



'စံပယ်ရဲ့ အစ်ကိုကြီးတွေ၊ အစ်ကိုလတ်တွေဟာ မမတာရာကို အားကြီး မြတ်နိုးကြတာပဲနော်'

ကွယ်လွန်သူ အစ်ကိုကြီး ကိုအာယုကိုပါ ညွှန်း၍ ပြောလိုက်ကြောင်း မမတာရာက သိသည်။

'စံပယ်ချေလည်း မူဝံလိုလူကိုတောင် လွတ်ထွက်မသွားအောင် ဆွဲထားနိုင်သေးတယ် မဟုတ်လား၊ လင်းသာဂေဟာက အမျိုးသမီးတွေလည်း မညံ့လှပါဘူးကွယ့်'

'လင်းသာဂေဟာ ဆိုတာက ကမ်းစပ်မှာ ရှိနေရတဲ့ ရှေးဆန်ဆန် အိမ်အိုကြီး တစ်ခုပါပဲရှင်'

'ဒါပေမဲ့ မမြင်နိုင်တဲ့ လျှို့ဝှက် မြေအောက်ခန်းတွေ ဘာတွေ ရှိတယ် မဟုတ်လား'

'ဒီလို လျှို့ဝှက်ခန်းမှ မရှိရင်လည်း ငွေခွက်တွေ၊ ငွေပြားတွေဟာ သားတော်ကြီးဘက်က လူတွေလက်ထဲ ရောက်ပြီးနေရောပေါ့၊ ဒါထက် အခုတစ်ခေါက်ကော ဘယ်လို ရည်ရွယ်ချက်နဲ့ မမတာရာ ဒီကို ရောက်လာရတာလဲ'

မမတာရာတွင် ဘေးလူတို့ ခန့်မှန်း တွေးထင်သည်ထက် သာလွန်သော အရည်အချင်းမျိုး ရှိသည်ကို စံပယ် တွေ့နေရသည်။ သူသည် ခပ်ပေါ့ပေါ့ပင် စံပယ့်ဘက်သို့ လှည့်လိုက်သည်။

'မမတာရာရဲ့ သမီးတွေက အရွယ်ရောက်ကုန်ကြပြီလေ၊ သူတို့တစ်တွေကို တင့်တောင်းတင့်တယ် လူတွေက လက်ထပ်ချင်အောင် မမတာရာကလည်း ငွေကြေး ချမ်းသာပြီး ဂုဏ်ရှိတဲ့ တတိယမြောက် လင်တစ်ယောက်ကို ရအောင် ရှာနိုင်မှ ဖြစ်မယ် ဟုတ်လား'

မမတာရာ၏ စကားအရ ကိုဝဏ္ဏ မည်သို့သော အခြေတွင် ရှိသည်ကို စံပယ်က တွေးလိုက်မိသည်။ စံပယ်က အစ်ကိုချေကိုဝဏ္ဏအတွက် ပူလိုက်၏။

'စံပယ် ထင်တယ်၊ အစ်ကိုကြီး ကိုအာယုဟာ သေချိန်မတန်ဘဲ စောစော သေသွားခဲ့ရတယ်လို့၊ နောက်အစ်ကို တစ်ယောက်လည်း အဲဒီလို စောစော သေမှာကို စိုးရိမ်နေတယ်'

'ကိုယ် ... ဇာတတ်နိုင်မှာလဲ၊ ဒါကို ကိုယ်က ဇာလိုလုပ်ပြီး တားနိုင်မှာလဲ'

'အစ်ကိုချေ ကိုဝဏ္ဏက အစ်ကိုကြီးကိုအာယုလို လူအေး မဟုတ်ဘူး၊ သူ့ကို သစ္စာမစောင့်ဘူးထင်ရင် သတ်ဖို့ဖြတ်ဖို့လည်း ဝန်လေးမှာ မဟုတ်ဘူး'

မမတာရာသည် စိတ်တိုလာဟန်ဖြင့် တစ်စုံတစ်ခု ပြန်ပြောမည် ပြုစဉ် အစ်ကိုချေ ကိုဝဏ္ဏ ပြန်ရောက်လာသောကြောင့် ဘာမျှ မပြောတော့ဘဲ နေလိုက်သည်။ ထိုည ထမင်းဝိုင်းသည် အချိန်ကြာမြင့်စွာ ကွဲနေခဲ့ကြရသည့်သူများ ပြန်၍ ဆုံကြသည့် ထမင်းဝိုင်းဖြစ်သောကြောင့် ပျော်ရွှင်ဖွယ် ကောင်းသကဲ့သို့ ဖြစ်နေသည်။ သို့သော် အချင်းချင်း မျက်နှာကြော မတည့်၊ သူတို့ ပါနေကြသည့်အပြင် အစ်ကိုချေ ကိုဝဏ္ဏ၏ လက်များက အရက်ပုလင်းဆီသို့ချည်း ထပ်တလဲလဲ ရောက်နေသောကြောင့် စံပယ့်အဖို့ ပျော်သင့်သလောက် မပျော်နိုင်၊ စိတ်ပူစွာဖြင့် အစ်ကိုချေဆီသို့ ကြည့်လိုက်တိုင်း အစ်ကိုချေ၏ မျက်လုံးများမှာ မမတာရာဆီသို့ ရောက်နေခဲ့သည်။ အနည်းငယ် ထွေနေသော ကိုရူပ၏ မျက်လုံးတို့ကလည်း မမတာရာ၏ ကိုယ်ပေါ်၌သာ။ ကုန်သည်ကြီး ဦးဘောဂကမူ စားနေကျ ကြောင်သူခိုးကြီးကဲ့သို့ မသိမမြင်သလို အိန္ဒြေအဆောင် ကောင်းလှသည်။

စံပယ်သည် ထမင်းဝိုင်းက လူတွေကို အမှတ်မထင် ကြည့်ရင်း သည်မိုးသည်လေ သည်လူတွေနှင့် သည်လျှို့ဝှက် ပုန်ကန်မှုကြီးကို ဆောင်ရွက်၍ ဖြစ်နိုင်ပါဦးမလားဟု ရင်လေးလာခဲ့သည်။ ထိုစဉ် ပိတ်ထားသည့်တံခါးပေါက်ကို အမှတ်မထင် ဖွင့်လိုက်သံကြောင့် ထမင်းဝိုင်းမှ မျက်လုံးများက တံခါးပေါက်ဆီသို့ တစ်ပြိုင်တည်း ရောက်သွားကြသည်။

'ဝေ့ ... သားတော်ကြီးဘက်က သူလျှို တစ်ယောက်ယောက်များ မြင်လိုက်ရင် ဘယ်လောက် ဖမ်းလို့ ကောင်းလိုက်မယ့် လူအုပ်လဲလို့'

အသံနှင့်အတူ ဗိုလ်မှူးရူဝံကို မြင်နေကြရသည်။ သူသည် တံခါးကို နောက်ပြန်ပိတ်လိုက်ပြီး ကုလားထိုင် အလွတ်တစ်ခု ဆွဲယူလိုက်ကာ စံပယ့် အနီးတွင် ချခင်း ထိုင်လိုက်သည်။ ထို့နောက် စံပယ်ဘက်သို့ ခေါင်းကို ငဲ့လိုက်သည်။

'ကိုယ့်ကို စောင့်နေရတာ တော်တော် ကြာသွားပြီလား'

စံပယ့်ရင်သည် လှုပ်ရှား တုန်ယင်နေသော်လည်း စံပယ်၏ နှုတ်မှ အဖြေသည် မဆုတ်မဆိုင်း ထွက်လာသည်။

'သုံးနှစ် သုံးလ နှစ်ရက်နဲ့ တစ်နေ့ ရှိသွားပါပြီ ရှင်'



ဗိုလ်မှူးရူဝံသည် တဟားဟားဖြင့် ရယ်မောနေစဉ် ကိုရူပက အရက်ခွက်ကို ဗိုလ်မှူးရူဝံရှေ့သို့ ချပေးသည်။ ဗိုလ်မှူးရူဝံက အရက်ခွက်ကို ကိုင်မြှောက်ရင်း ချောင်းဟန့်လိုက်သည်။

'ခု အိမ်ရှင်မ အဖြစ်နဲ့ ကျုပ်တို့ကို ဧည့်ခံနေတဲ့ အမျိုးသမီးဟာ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ညစာ စားနှင့်ပါလို့ ပြောထားခဲ့တာတောင် ကျုပ်နဲ့အတူ ညစာစားဖို့အတွက် အခုလိုပဲ သူ စောင့်နေခဲ့ပါတယ်၊ ဒါကြောင့် ကျုပ်ဟာ ဒီနေ့ည အဖို့မှာသာ ဒီက ဧည့်သည်တွေကို ဧည့်ခံတဲ့ အနေနဲ့ ညစာအတူစားပြီး နောက်နေ့တွေမှာ ကျုပ်ကို စောင့်နေတဲ့ အမျိုးသမီးရဲ့ အခန်းထဲမှာပဲ အဲဒီ အမျိုးသမီးနဲ့ အတူ ညစာ စားပါတော့မယ်၊ စားခွင့်ပြုကြပါလို့ အခုကတည်းက ကြေညာပါတယ်'

စကားဆုံးသည်နှင့် ဗိုလ်မှူးရူဝံက အရက်ခွက်ကို တစ်ရှိန်တည်း ကုန်အောင် သောက်နေစဉ် ထမင်းပွဲရှိ လူများက အသံထွက်၍ လက်ခုပ်တီးလိုက်ကြသည်။ သို့သော် အသံက ကျယ်သွားရာ အမိမေတ္တာက ထမင်းပွဲအနီးသို့ ရပ်လာလျက် ထမင်းပွဲတစ်ခုလုံးကို မျက်စောင်းဖြင့် ကြည့်လိုက်သည်။

'ဒီအတိုင်း ဆိုရင်တော့ ဒီသူပုန်တွေ သက်ဆိုးရှည်မှာ မဟုတ်ဘူး၊ သတိလေးများလည်း ထားကြဦးတော်'

အားလုံး တုတ်တုတ်မျှ မလှုပ်ဘဲ ကြိတ်၍ ပြုံးလိုက်ကြသည်။

*

## (၂၅)

စံပယ်နှင့် ဗိုလ်မှူးရှုဝံတို့သည် ကျောက်ကြီးမြို့တွင် နေခဲ့သလို၊ နန်းချောင်းတွင် နေခဲ့သလို ဤလင်းသာ ဂေဟာတွင်လည်း တပူးတွဲတွဲနှင့် တစ်ဦး၏ လိုအပ်ချက် ကိစ္စရပ်တို့ကို တစ်ဦးက ကူညီ ပြုလုပ် ယုယပေးရင်း အချိန်ပြည့် တံခါးမရှိ ဓားမရှိ နေနေကြသည်။

စံပယ် အဝတ်လဲမပြီးမီ ဆံပင်ဖြီး၍ မပြီးမီနှင့်သည် သနပ်ခါး လူးနေစဉ် အချိန်တို့၌ စံပယ်၏ အခန်းသို့ သူ အချိန်မရွေး ရောက်လာတတ်သည်။

သူ့ထုံးစံအတိုင်း အနီးသို့ လာကပ်ထိုင်၍ သားငယ်ကလေးလို ချွဲတတ်သည်။ သားငယ်ကလေးလို ရင်ခွင်ထဲသို့ တိုးရန် ကြိုးစားချင်သေးသည်။ ပြီးတော့ နေရာမှထကာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း 'ဘယ်လျှို့ဝှက် ခေါင်းဆောင်က ဘယ်ကဲ့သို့ ညံ့သည်၊ ဘယ်ကိစ္စက ဘာကြောင့် ပျက်သွားရပြန်ပြီ' စသည်တို့ကို ရေရွတ်နေတော့သည်။

'ခက်တာကကွာ ... ကိုယ်တို့ ဆုတ်ခွာမသွားခင်က ဗိုလ်အဆင့်မှ မရှိသေးတဲ့ လူတွေကို လျှို့ဝှက် တပ်ဗိုလ်တွေအနေနဲ့ ခန့်ထားရတာကိုက ကိုယ်မလုပ်ချင်တဲ့ အလုပ်ပဲ၊ ပြီးတော့ လျှို့ဝှက် လုပ်ငန်းဆိုတာ သစ္စာရှိမှုကို ဦးစားပေးနေရတော့ သစ္စာလည်း ရှိတော်လည်း တော်တဲ့ လူမျိုးမှမရလို့ မလုပ်ဘူး ဆိုရင်လည်း မလုပ်ဘဲ နေကြဖို့လည်း ရှိနေတော့တာပေါ့ကွာ၊ လုပ်ပြန်တော့လည်း ကိုယ့်ရဲ့ ဘဝထဲမှာ မအောင်မြင်မှုတစ်ခု ထပ်တိုးလာအောင် ကြိုးစားနေရသလိုပဲ၊ ခက်တာက နေရာပေါင်း ငါးဆယ်လောက်ကို တစ်ပြိုင်တည်း လိုက်ပြီး ဆောင်ရွက်ဖို့ပဲ ကိုယ့်ကိုယ်တွေကို ခွဲထုတ်လို့ မရဘူး'



သူသည် ဤသို့ ပြောဆို ညည်းညူနေရာမှ အမှတ်မထင် စံပယ့်အနီးသို့ ရောက်လာကာ စံပယ့်ကို မွှေးလိုက်ပြီး စံပယ့်ကိုမှ မကြည့်ဘဲ မြေပုံ ပိတ်ဖြူလိပ်ကြီးရှိရာသို့ ထသွားတတ်သည်။ ထို့နောက် မြေပုံကြီးကို ဆွဲဖြန့်လျက် သူ့ကိစ္စ သူ့လုပ်ငန်းတွေကိုသာ ရေရွတ်နေတတ်သည်။ သူ၏ ပြုမူပုံမှာ လက်ဖက်ရည်ကြမ်းဝိုင်းတွင် စကားပြောရင်း ထန်းလျက်ပန်းကန်နှင့် ထန်းလျက်ကိုမျှ မကြည့်ဘဲ ထန်းလျက်ခဲကို ကောက်ယူဝါးပြီး စကား ဆက်လက် ပြောနေသူ၏ ပြုမူပုံနှင့် ထပ်တူဖြစ်သည်။ ဤသို့သော ပြုမူမှုကို စံပယ်သည် သတိထားလိုက်မိသော်လည်း သူ့ကို မုန်းတီး စိတ်နာ၍ မရခဲ့။

သူသည် ဇေယျကို လက်ထောက်တပ်မှူးအဖြစ် ဆောင်ရွက်ခွင့် ပေးထားသော်လည်း အစ်ကိုချေ ဗိုလ်ဝဏ္ဏကို တံခါးအနီးတွင် အစောင့်သဘောမျိုးဖြင့်သာ တာဝန်ချထားပေးသည်။ ဤသည်ကို အစ်ကိုချေဝဏ္ဏကလည်း ကျေနပ် သဘောကျမှု ပြနေသောကြောင့် စံပယ့်အဖို့ သူတို့၏ သဘောပြည့်လှသာ ဆက်ဆံရေးတို့ကို မစဉ်းစားတတ်အောင် ရှိရသည်။ ကိုရှုပကမူ ပြင်ပ ဆက်သွယ်ရေးအတွက် မသိမသာ ရုပ်ပြောင်း ရုပ်လွှဲပြုကာ မြင်းတစ်စီးဖြင့် အမြဲ ခရီးထွက်နေရသည်။

အခြေအနေသည် တစ်နေ့လျှင် တစ်မျိုးကျစီ ပြောင်းလဲနေတတ်သည်။ ရရှိသော ကိစ္စများ သတင်းများ စသည်တို့ စုပေါင်းလျက် ညဥ့်နက်ပိုင်းတွင် ဆွေးနွေးပွဲများ ပြုလုပ်လေ့ ရှိကြသည်။

ဆွေးနွေးပွဲကို စံပယ်၏ အခန်းဆောင် အောက်ဘက်တွင် ပြုလုပ်လေ့ရှိရာ စံပယ်က ဗိုလ်မှူးရှုဝံအသံကို အမြဲကြားနေရသည်။ တစ်ခါတစ်ခါတွင် နယ်မှ လျှို့ဝှက်ခေါင်းဆောင် အချို့ ရောက်လာလေ့ ရှိတတ်သည်။ ထိုအခါမျိုး၌ ဆွေးနွေးပွဲသည် ညဘက် မောင်ရင်ပြန် ကြက်တွန်ပြီးချိန်လောက်မှ ရပ်နားတတ်သည်။

နောက်ပိုင်းတွင် ပြင်ပဆက်သွယ်ရေးကိစ္စတို့အတွက် ကိုရှုပ တစ်ယောက်တည်းနှင့် မနိုင်နင်းသောကြောင့် အစ်ကိုငယ် ကိုဝဏ္ဏကိုပါ ညအိပ်ညဥ့်နက် ခရီးတို့ကို စေလွှတ်ရတတ်သည်။ ထိုအခါမျိုးတွင် အစ်ကိုချေ ကိုဝဏ္ဏသည် အားလုံးက ခန့်မှန်းထားသည်ထက် စော၍ စော၍ ပြန်လာနိုင်ခဲ့သည်။

တစ်ခါ တစ်ခါတွင်လည်း ဗိုလ်မှူးရှုဝံနှင့်အတူ ဇေယျ၊ ကိုရှုပ၊ အစ်ကိုချေ ဝဏ္ဏတို့က မြေပုံရွက်ဖျင်ကြီးကို ဖြန့်ကာ ဆွေးနွေးနေကြစဉ် ဟသာသည် တံခါးစောင့်သည့် တာဝန်ကို ယူရသည်။

စားပွဲအနီးတွင် ပုရပိုက်တစ်အုပ် ကံ့ကူဆံ တစ်ချောင်းဖြင့် တောတ်ခံရှိသည့် ရန်ပုံငွေများကို ကုန်သည်ကြီး ဦးဘောဂက တွက်ချက်နေလေ့ ရှိသည်။

သို့သော် ပြင်ပကိစ္စဖြင့် အစ်ကိုချေဝဏ္ဏ ခရီးထွက်နေရသည့် အချိန်မျိုးတွင် ကုန် သည်ကြီး ဦးဘောဂကို ဆွေးနွေးပွဲတွင် မတွေ့ရတတ်ဘဲ သူ့အခန်းတွင်း၌ပင် စာရင်းတွက်နေတတ်သည်။ ထိုအချိန်မျိုး၌ မမတာရာသည် ဦးဘောဂ၏ လုပ်ငန်းကို ကူညီနေပုံရသည်။

နေ့စဉ် ပြုလုပ်ရမြဲ လုပ်ငန်းများ စောစီးစွာ ပြီးနှင့်သည့် ညနေရီ တစ်ချိန်တွင် စံပယ်သည် စိတ်ပန်းလူပန်း ဖြစ်နေပုံရသော ဗိုလ်မှူးရှုဝံအတွက် မန်ကျည်းမှည့် ဖျော်ရည်တစ်ခွက် လာပေးရင်း ဗိုလ်မှူးရှုဝံက ဆွဲထားသောကြောင့် စကားပြောနေရသည်။ ထိုစဉ် စကားစပ်မိကြသဖြင့် မမတာရာ၊ အစ်ကိုချေဝဏ္ဏ၊ ဦးဘောဂတို့၏ သုံးပွင့်ဆိုင် ကိစ္စကို ပြောဆိုမိကြသည်။ ဗိုလ်မှူးရှုဝံသည် ထိုကိစ္စကို ခပ်ပေါ့ပေါ့ပင် သဘောထားနေသည်။

'မမတာရာက အသပြာ တစ်ပြားမှမရှိတဲ့ စစ်သားတစ်ယောက်ကို ဘယ်လိုလုပ် ယူနိုင်မလဲ၊ သူဟာ အခုလို အခွင့်အရေးရတုန်းမှာ ဦးဘောဂကိုမှ အမိမဖမ်းနိုင်ရင် သိပ်ညံ့တဲ့ မိန်းမ ဖြစ်နေမှာပေါ့'

'အစ်ကိုချေဝဏ္ဏက မမတာရာကို တစ်ဖက်သတ် စွဲလမ်းလာခဲ့တာဟာ အစ်ကိုကြီး ကိုအာယု ရှိကတည်းကပဲ။ အစ်ကိုကြီး ကိုအာယု မမတာရာကြောင့် အသက်တိုသွားရသလို အစ်ကိုချေဝဏ္ဏလည်း မမတာရာကြောင့် သင်္ချိုင်းကို ဖြတ်လမ်းက ရောက်သွားမှာ စိုးရိမ်နေတာပဲ'

'ဒီမှာ ကိုယ်တို့ကတော့ စစ်တိုက်ဖို့ လုပ်နေရင် စစ်ပွဲ အောင်နိုင်ရေးအတွက်သာ အရေးအကြီးဆုံးပဲ၊ သူများတွေ သင်္ချိုင်းကို ဖြတ်လမ်းက သွားတာတို့၊ ချိုက်ကိုက်စ ဖြစ်နေကြရတာတို့ ဆိုတာက အရေးလုပ်နေစရာ မဟုတ်ဘူး'

မိမိ တွယ်တာမိနေသော လူတစ်ယောက်၏ နှုတ်မှ ဤမျှ အကြင်နာကင်းမဲ့သော၊ နေစိမ့်အားရက်သော၊ တာဝန်မဲ့လှသော စကားလုံးမျိုး ထွက်လာသောကြောင့် စံပယ့် ရင်ထဲ၌ နာကြည်း ဒေါသထွက်လာသည်။

'ဪ တော်တော်လည်း ကြည်ညို အားကိုးထိုက်တဲ့ ရှေ့ဆောင် ဗိုလ်မှူးကြီး တစ်ယောက်ပါလား၊ ဒါဖြင့် ဗိုလ်မှူးကြီး ရှုဝံရဲ့ ချစ်ရေးကိစ္စဆိုရင်လည်း ဒီအတိုင်းပဲ သဘောထားတာပဲလား'

သူသည် စံပယ့်ကို ဖျတ်ခနဲ ကြည့်လိုက်ပြီး တဟားဟား ရယ်လိုက်သည်။ အရယ်ရပ်ပြီးသည်နှင့် မထီတရီ ပြုံးလျက် ...

'ကိုယ်လေ ဒီအတိုင်းသာ သဘောမထားနိုင်ခဲ့ရင် ပုသိမ်တောင်ဘက်ကြီးက ဒီကိုတောင် ရောက်မလာတော့ဘူး'



စံပယ်က သူ့မျက်နှာကို ကြည့်နေမိသည်။ သူက ပုသိမ်တောင်ဘက်ကြီးတွင် သူနှင့် တွေ့ဆုံမိကြ၍ အတူတကွ အိပ်ခဲ့ကြရသော အမျိုးသမီး သုံးယောက်တို့၏ အကြောင်းကို စီကာပတ်ကုံး ပြောပြနေပြန်သည်။

စံပယ်သည် တဖြည်းဖြည်းဖြင့် သူ၏ စကားတို့ကို စိတ်မဝင်စားဘဲ သူ၏ အကျင့်စရိုက်တွေကို တွေးတောနေမိသည်။ သူသည် စစ်အောင်နိုင်ရေးကိုသာ တစ်ဖက်မှ ကြိုးစားရင်း ကျန်တစ်ဖက်မှလည်း သူ၏ စိတ်ပြေပျောက်မှုအတွက်မျှသာ ကြုံသလို နေထိုင်လှုပ်ရှားနေသူ တစ်ယောက်ပါတကားဟု ယူကျုံးမရ ဖြစ်မိရသည်။

သူသည် သားတော်ငယ်ဘုရင်ကလေးနှင့် တပ်များ လင်းသာကမ်းခြေသို့ ဆိုက်ရောက်လာမည့် အချိန်ထက် တစ်နာရီခန့်စော၍ ဒွါရာဝတီမြို့အတွင်းတွင် သူပုန်ထရန် အကွက်ရိုက်ထားသည်။ ချိန်းဆိုထားကြသည့်နေ့က သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ညသ။

ထိုညတွင် မီးထွန်းပွဲ၊ အလှူပွဲနှင့် ဇာတ်ပွဲများကို ဗန်းပြလျက် နန်းမကို ညဘက်တွင် အတွင်းသူပုန်တို့က ဝင်စီးကြမည်။ သားတော်ကြီး၏ ဘုရင့်တပ်များက ဆူပူ တိုက်ခိုက်နေကြသူတို့ကို ဂရုစိုက်၍ နှိမ်နင်းနေကြစဉ် သားတော်ငယ်၏ တပ်များက လှို့ဝှက်ဆိပ်ကမ်းတစ်နေရာတွင် ခိုကပ်နေရာမှ အချက်ပြမီးကို ကြည့်ကာ လင်းသာကမ်းခြေသို့ ချီတက်လာကြမည်။ ကမ်းခြေသို့ ဆိုက်ရောက်မိကြသည်နှင့် လှို့ဝှက်ဆက်သွယ်ထားပြီး အသင့်ရှိနေသည့် မြို့နယ် ကျေးရွာများသို့ မီးဖြင့် အချက်ပြ အချိန်ပေးကာ သားတော်ကြီး၏ တပ်များသို့ တစ်ပြိုင်နက်တည်း တိုက်ခိုက်ကြမည် ဖြစ်သည်။

အစီအစဉ်တို့သည် အားလုံး အသင့် ဖြစ်နေခဲ့သည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ညသို့ ရောက်ရှိရန် အချိန်ကို စောင့်ဆိုင်းနေကြဖို့သာ လိုတော့သည်။

သတ်မှတ်ထားသည့် နေ့ရက်သို့ ရောက်ရန် ခုနစ်ရက်မျှသာ လိုတော့သည့် အချိန်တွင် မမတာရာ ကုန်သည်ကြီး ဦးဘောဂနှင့် အစ်ကိုချေဝဏ္ဏတို့၏ ဆက်ဆံရေးသည် ပို၍ မပြေမပြစ် ဖြစ်လာကြပြီဟု စံပယ်က သတိထားမိသည်။ ထိုသုံးဦးသားတို့သည် ဗိုလ်မှူးရှုဝံ၏ ရှေ့တွင်သာလျှင် ပုံမှန်အတိုင်း ဟန်မပျက် ဆက်ဆံနေကြသော်လည်း ဗိုလ်မှူးရှုဝံ၏ နောက်ကွယ်တွင်မူ နွေဦးချိန်တွင် မလုနေကြသော ပင်လယ် ဖျံထီးကြီး နှစ်ကောင်ကဲ့သို့ တစ်ဦးနှင့် တစ်ဦး အသေသတ်ကြတော့မည့် အသွင်မျိုးဖြင့် စောင်နေကြသည်။

'ဒီမယ် ... မမတာရာကို လင်းသာဂေဟာက ရှောင်ထွက်သွားခိုင်းရင် ကောင်းမယ် ထင်တယ်၊ သူ့ကြောင့် ယောက်ျားကြီး နှစ်ဦးဟာ မကြာခင် သတ်ပွဲဖြစ်ကြတော့မယ်၊ ပြီးတော့ သူလည်း ဒီကိစ္စထဲမှာ ဘာတာဝန်မှ ကြီးကြီးကျယ်ကျယ် ဆောင်ရွက်နေရတာ မဟုတ်ဘူး မဟုတ်လား'

ဗိုလ်မှူးရှုဝံသည် မိမိအား ပြောလာသော စံပယ့်ကို စူးစူးစိုက်စိုက် ကြည့်သည်။

'ကြီးတာပေါ့ ... မမတာရာက ဒီမှာ သိပ်အရေးကြီးတာပေါ့၊ လင်းသာဂေဟာမှာ မမတာရာမရှိရင် ဦးဘောဂဆိုတဲ့ လူဟာလည်း လင်းသာဂေဟာမှာ မရှိနိုင်တော့ဘူး၊ ကိုယ်က ကိုယ့်ရဲ့ ဘဏ္ဍာတိုက်ကြီးကို ဘယ်လိုနည်းနဲ့မှ အဆုံးမခံနိုင်ဘူး၊ ဘဏ္ဍာရေးကိစ္စ ပျက်သွားတဲ့အချိန်ဟာ ကိုယ်တို့ လုပ်ငန်း ပျက်သွားတဲ့ အချိန်ပဲ'

'ဒါဖြင့်လည်း အစ်ကိုချေဝဏ္ဏကို တစ်နေရာရာမှာ တာဝန်ပေးထားလိုက်ပါ၊ သူ ဒီမှာ ဒီအတိုင်းဆက်နေရင် တစ်နေ့ထက် တစ်နေ့ ပိုပိုမူးလာမှာပဲ၊ မမတာရာနဲ့ ဦးဘောဂတို့ ဆက်ဆံတာကို တွေ့နေရလေ အစ်ကိုချေဝဏ္ဏက ပိုမူးလေ၊ နောက်တော့ မူရာဘ ရူးလာပြီး တစ်ခုခု ဖြစ်သွားမှာဆောင် စိုးရိမ်နေရတယ်၊ ပြီးတော့ ဒါလောက် မူးနေတဲ့ စစ်သား တစ်ယောက်ဟာ အစ်ကိုရှုဝံအတွက်လည်း အတိုက်အခိုက်ခိုင်းဖို့ အသုံးဝင်တော့မှာ မဟုတ်ပါဘူး'

'နားလည်း မလည်ဘဲနဲ့ မပြောချင်စမ်းပါနဲ့ စံပယ်ရာ၊ ဒါလောက် ရက်အတွင်းမှာ ဘာမှ ဖြစ်မသွားနိုင်ပါဘူး၊ ပြီးတော့ ဝဏ္ဏအဖို့ ဒီလို သောက်နေတာဟာ သတ္တိ သွေးပေးနေတာနဲ့ အတူတူပဲ၊ ချိန်းထားတဲ့ရက်မှာ သူ့ကို အမူးတိုက်ပြီး အရေးကြီးတဲ့ တပ်ကို ခေါင်းဆောင်ခိုင်းရမယ်၊ ဝဏ္ဏမှာ သားတော်ကြီးရဲ့ အတွင်းနန်းမြို့ကို သူ့တစ်တပ်တည်းနဲ့ အပိုင်စီးထားနိုင်တဲ့ အရည်အချင်း ရှိတယ်၊ အဲဒီ အရည်အချင်းက မူးလာလေ အသွေးအရောင် ပြောင်းလာလေပဲ၊ နားလည်ရဲ့လား'

'စံပယ်တော့ သွေးသံရဲရဲနဲ့ သေပွဲဝင်ဖို့အတွက် အထုပ်အပိုး ပြင်သလိုလို မူးမူးနေတဲ့ ကိုယ့်အစ်ကိုချေ တစ်ယောက်ကို ကြည့်မြင်မနေရက်ဘူး'

'ကိုယ်က ဝဏ္ဏကို ဒီခေါ်လာတာဟာ စံပယ် ကြည့်ဖို့ ခေါ်လာတာမှ မဟုတ်ဘဲ၊ သူ့ကို အသုံးချဖို့ ခေါ်လာတာပဲ၊ ဝဏ္ဏဟာ ဘယ်လောက် အရက်မူးမူး တိုက်ပွဲမှာ ခေါင်းအေးအေး ထားပြီး ရဲရဲတောက် သတ္တိနဲ့ တိုက်တတ်တဲ့ ဗိုလ်တစ်ယောက်၊ ကိုယ်က သူ့ကို ကိုင်လာရတဲ့လူ၊ စံပယ်ချေထက် သူ့ကို ကိုယ်က



ပိုသိတယ်၊ လင်းသာ ဂေဟာထဲမှာ ချိုက်ကိစ္စကြောင့် စိတ်ညစ်စရာတွေ တွေ့ရလေလေ ဝဏ္ဏက တိုက်ပွဲမှာ အစွမ်းပြလေလေ နားလည်လား'

သူ့စကားကြောင့် စံပယ်က ဘုရားကို တလိုက်သည်။ ရင်တုန်ပါးတုန်လည်း ဖြစ်မိရသည်။

'အစ်ကိုရှုဝံမှာ ကရုဏာဆိုတာ ဓာလိုမှ မရှိတော့ဘူးလား'

'အေပိုင် ... ကရုဏာဆိုတာ ဓာလဲ၊ ကရုဏာဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင် ရှိပြီးမှ သူတစ်ပါးကို ရှိရတာ၊ ဘုရားက ဓာမိန့်သလဲ၊ အတ္တသမံ ပေမံနတ္ထိတဲ့၊ ကိုယ့်ကိုယ်ကိုယ် ချိုက်ထာနဲ့ တူရေ အချိုက် မရှိဗျယ်တဲ့၊ ကိုယ့်အဖို့ ပထမဆုံး စစ်တိုက်နေတဲ့ ဟောဒီ ရှုဝံချေကို စစ်နိုင်အောင် အရင်လုပ်ရမယ်၊ ရှုဝံချေ စစ်နိုင်ပြီးမှ တခြား သူတွေကို သနားရမယ် ဟုတ်စ'

သူသည် အာရှင်ရှင်ဖြင့် ရယ်ရွှန်းပါရွှန်း ပြောနေလိုက်ပြန်သေးသည်။ သူက လှောင်သလို ရယ်နိုင်သော်လည်း စံပယ်က စိတ်ထိခိုက်သည်။ ဒေါသလည်း ဖြစ်လာသည်။

'ဟုတ်မှာပါပဲ၊ ဟုတ်မှာပါပဲ၊ လင်းသာဂေဟာ အပေါ်ထပ်မှာ ဗိုလ်မှူးရှုဝံဆိုတဲ့ လူရဲ့ အစ်မတော်ဖြစ်တဲ့ မမတာရာဆိုတာက ပြည့်တန်ဆာမ တစ်ယောက်လို ဦးဘောဂဆီက ငွေချူနေတဲ့အချိန်မှာ ဗိုလ်မှူးရှုဝံဆိုတဲ့ လူက စစ်အတွက် ငွေရရင် ပြီးရောဆိုပြီး မမတာရာကြောင့် အသည်းကွဲအောင် အရက်ချည်း သောက်သောက်နေတဲ့ ကိုယ့်ရှေ့က်အောက်က ဝဏ္ဏကို ကြည့်နေရက်တာပေါ့'

သူက ပို၍ ပြုံးလိုက်သေးသည်။

'ဝဏ္ဏရဲ့ အသည်းနဲ့ ကိုယ်နဲ့ ဘာမှ မဆိုင်ဘူး၊ ကိုယ်နဲ့ ဆိုင်တာက သူ့ရဲ့ ဓားပဲ၊ သူ့အဖို့ အရက် သောက်လေလေ ဓားကို ကျစ်ကျစ် ဆုပ်လေလေ၊ အသည်း ကွဲလေလေ သူ့ဓားကို အသုံးချဖို့ နေရာ ရှာလေလေပဲ၊ ဒီဓားကို သူ ဘယ်လောက် အသုံးချတယ်၊ ဒီဓားနဲ့ သူက ရန်သူ ဘယ်လောက်ကို တိုက်ပစ်လိုက်တယ် ဆိုတာသာ ကျုပ်နဲ့ ဆိုင်တာ'

သူသည် ရယ်ရယ်မောမော အေးအေးလူလူပင် စကားပြောနေရာမှ ထရပ်လိုက်ပြီး စိတ်ထိခိုက်ဟန် ပေါ်နေသော စံပယ်၏ မေးကို ဆွဲမလျက် 'မဟုတ်ဘူးလား' ဟူသော မျက်နှာမျိုးဖြင့် ကြည့်လိုက်သည်။ စံပယ်က ဘယ်လိုမျှ တော့်ပြန်နိုင်မိ တစ်ဖက်သို့ လှည့်လိုက်ကာ ခပ်လှမ်းလှမ်းတွင် ရှိသည့် တူတော်မောင် ဇေယျကို လေချွန်ခေါ်သည်။ ထို့နောက် နှစ်ဦးသား စစ်တုရင်ခုံတွင် ထိုင်လိုက်ကြသည်။ စစ်တုရင်ရုပ်များကို ခုံပေါ်၌ ခင်းလိုက်ကြပြီးနောက် သူတို့နှစ်ယောက်

အပြန်အလှန် ပြောကြဆိုကြရင်း ကစားနေကြပုံသည် ကျောင်းသားကလေးနှစ်ယောက် ကစားနေကြသည်နှင့်ပင် တူလှသေးသည်။

'ရှုဝံ အမျိုးတွေ ဆိုရင် အားလုံး ဒါမျိုးချည်းပဲ'

မကျေမနပ်ဖြင့် ကြည့်ကျန်ရစ်ခဲ့သော စံပယ့်နှုတ်မှ လွှတ်ခနဲ ထိုစကားလုံးတို့ ထွက်မိသည်။ သေးသွယ် ပျော့ပျောင်းသော လက်တစ်ဖက်သည် စံပယ်၏ လက်မောင်းသို့ ထိကိုင်လာသည်။

'အကျွန့်အမိကလည်း ရှုဝံမျိုးတွေနဲ့ ပတ်သက်ပြီး ထွီးထွီး အခုပြောသလိုပဲ ပြောတာပဲ'

စံ‌ပယ်က လှည့်ကြည့်သည်။ ဟသာ်သည် စံပယ်၏ ကုလားထိုင်အနီးတွင် ကပ်၍ရပ်ပျေက် စစ်တုရင် ထိုးနေသူများဆီသို့ ကြည့်ငေးနေသည်။

ဟသာ်၏ မျက်နှာတွင် စံပယ်တို့ ပြောဆိုနေကြခြင်းကို အစအဆုံး ကြားသိထားပုံရလျက် စိတ်လှုပ်ရှားဟန်ဖြင့် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

စံပယ်သည် မိမိ လက်မောင်းပေါ်တွင် တင်လာသော ဟသာ်၏ လက်ကို အခြား လက်တစ်ဖက်ဖြင့် ဆုပ်ညှစ်လိုက်သည်။

'ရှုဝံမျိုးတွေထဲမှာ အဘုချေကတော့ ကောင်းပါတယ်ကွယ်'

*

(၂၆)

သီတင်းကျွတ်လဆန်း ၁၁ ရက်။

ပင်လယ်နှင့် နီးသည့်တိုင် မြောက်လေပြည်ကြောင့် လင်းသာနယ်တွင် အအေးပိုနေသည်။

နံနက်စောစောချည်း လူစိမ်းတစ်ယောက် အရေးတကြီး ရောက်လာသည်။ သူ့တွင် ပါလာသည့် အထိမ်းအမှတ် ပစ္စည်းများကြောင့် ဇေယျတို့က စကားဝှက်များကို ဆင့်၍ ဆင့်၍ မေးကြသည်။ နောက်ဆုံးတွင် လျှို့ဝှက် ဘက်တော်သားမှန်းသေချာသဖြင့် ဗိုလ်မှူးရှုဝံဆီသို့ ခေါ်သွားသည်။

ဗိုလ်မှူးရှုဝံက မျက်နှာစိမ်း ဧည့်သည်ကို အဖွဲ့ဝင်အချို့ ရှေ့၌ပင် အကြောင်းကိစ္စကို မေးသည်။ ထိုမျက်နှာစိမ်းက သတင်းလာပို့ခြင်း ဖြစ်သည်။ ကြားကြရသောသတင်းသည် စံပယ်တို့ကို မဆိုထားနှင့် ဗိုလ်မှူးရှုဝံကိုယ်တိုင် ခေတ္တမျှ ငိုင်သွားသည်။

'အတွင်းသူပုန် ထကြမယ့် ကိစ္စတွေကို တော်တော်ကလေး မှန်မှန်ကန်ကန် သတင်းရကုန်ကြတယ်၊ ဒါကြောင့် သားတော်ကြီးဘက်က အချက်အချာကျတဲ့ နေရာတွေမှာ တပ်တွေကို နှစ်ဆ တိုးပြီးချဖို့ အစီအစဉ် ပြုလုပ်နေကြပြီ၊ သားတော်ကြီး ဘုရင့်အစိုးရရဲ့ တပ်မှူးကြီးတွေ ကိုယ်တိုင် ဆိပ်ကမ်းနယ်မြေတွေကို သွားရောက် စစ်ဆေးနေကြပြီဆိုတဲ့ အကြောင်းကို သတင်း အပို့ခိုင်းလိုက်တာပါပဲ'

သတင်းစကား ဆုံးသွားသောအခါ အားလုံးသော သူတို့သည် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်၍ ရပ်နေသော ဗိုလ်မှူးရှုဝံ၏ မျက်နှာကို ဝိုင်းကြည့်နေကြသည်။ သူသည် မည်သူ့ကိုမျှ မကြည့်၊ မည်သည့် စကားကိုမျှလည်း မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် ခေါင်းငိုက်စိုက်ဖြင့် လမ်းလျှောက်နေသည်။

အခန်းတစ်ခုလုံးတွင်ရှိသော သူတို့ကလည်း မည်သူမျှ တုတ်တုတ် မလှုပ်ကြ။ ခဏကြာသောအခါ သူသည် လူစိမ်း၏ ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။

'ခုအချိန်ဟာ ခြေလှမ်းတစ်ချက် မှားတာနဲ့ ကျုပ်တို့ရဲ့ အကြံအစည်ကြီး တစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုန်အဖြစ် ခံလိုက်ကြရမှာပဲ၊ သာစည်မော်ဘက်က လှိုင်ဝှက် ခေါင်းဆောင်တွေထဲမှာ အတက်ကလေး တပြပြ လုပ်နေကြတဲ့ နိုင်ချင်ကြက်တွေ ရှိတယ်၊ သူတို့ဟာ တိုက်ဖို့ရာအတွက် လောကြီးနေကြသလို စကားပြောရမှာလည်း လောကြီးနေကြတယ်၊ ကျုပ်တို့ဟာ …

သာစည်မော်နဲ့ တလင်းဆိတ်ရွာက ခေါင်းဆောင်တွေကို အခု ဥပုသ်ရက်ပတ်အတွင်းမှာ အိမ်ထဲက မထွက်ဘဲ ငြိမ်ငြိမ်ကလေး နေလိုက်ကြစမ်းပါလို့ အကြိမ်ကြိမ် သတိပေးခဲ့တယ်။ ဒါကို သူတို့ နားမထောင်ဘူး မဟုတ်လား။

ဧည့်သည် မျက်နှာစိမ်းထံမှ မည်သည့်အဖြေမျှ ပေါ်မလာ။ ဗိုလ်မှူးရှုဝံသည် ခဏမျှ စောင့်ကြည့်ပြီး တစ်ဖက်သို့ လှည့်လိုက်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြန်သည်။ ထို့နောက် ဧည့်သည်ရှေ့တွင် ရပ်လိုက်သည်။

'ကဲလေ ကျုပ်တို့ ဘာတွေ ဘယ်လို ဆောင်ရွက်ရမည် ဆိုတာကို ညွှန်ကြားပြီး တာဝန်ခံ တစ်ယောက်ယောက်ကို လွှတ်ပေးလိုက်မယ်၊ ဒီအတွင်းမှာ ကိုယ့်အိမ်ထဲ ကိုယ်ကုပ်ပြီး သေသေဝပ်ဝပ် နေကြလို့ ပြောထားနှင့်၊ ကဲ ခင်ဗျား ပြန်ပေတော့၊ ဩော် … ဟော့ ဒီဦးကြီးကို စားသောက်ခန်းထဲ ခေါ်သွားပြီး တစ်ခုခု ကျွေးပြီးမှ လွှတ်လိုက်ကြပါ'

ဦးကြီးက ငြင်းသော်လည်း ကိုရှုပတို့က အတင်းခေါ်သွား၍ စားစရာများကို ကျွေးကြသည်။ ဦးကြီး ပြန်သွားသော အခါ ကိုရှုပတို့လည်း ပြန်ရောက်လာကြ၏။ ဗိုလ်မှူးရှုဝံသည် ခပ်စောစောက အတိုင်းပင် ခေါင်းငိုက်စိုက်ပြုလျက် လမ်း လျှောက်မြဲပင် လျှောက်နေသည်။ တစ်ခန်းလုံး တိတ်ဆိတ်နေကြ၏။ ကုန်သည်ကြီး ဦးဘောဂသည် အနည်းငယ် လှုပ်လှုပ်ရှားရှားပြုရင်း ချောင်းတစ်ချက်ဟန့်လိုက်သည်။

'ကျ … ကျ ကျွန်တော်တို့ အကြံအစည်အတိုင်း ဖြစ်မလာရင် ကျွန်တော်တို့ရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် ဘယ်လိုများလုပ်ဖို့ အစီအစဉ် ရှိသလဲ'

ဗိုလ်မှူးရှုဝံသည် လမ်းလျှောက်နေရာမှ ရပ်လိုက်သည်။ ထို့နောက် ဦးဘောဂနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံရှိရာသို့ လျှောက်လာ၏။

'ဘာအစီအစဉ်မှ မရှိဘူး'



သူသည် ထိုင်ခုံတွင် ထိုင်လိုက်သည်။ ထို့နောက် ထိုင်ခုံ ရှေ့စားပွဲအံဖုံးကြီး အကွင်းမှ မြေပုံရွက် ဖျင်လိပ်ကြီးများ၊ စာရွက်စာတန်းများကို ထုတ်ယူလိုက်သည်။

'ဒါတွေဟာ ပုန်ကန်မှုကြီး ပေါ်လာတဲ့ အချိန်မှာ အသုံးပြုဖို့ မလိုတော့ဘူး၊ အခုကတည်းက ဖျောက်ပစ်လိုက်တာပဲ ကောင်းတယ်'

ပြောပြောဆိုဆို ကြမ်းပြင်ပေါ်သို့ အားလုံး ပစ်ချလိုက်ပြီး မီးဖိုမှ မီးစတစ်ခု ယူခဲ့၍ ဤနေရာ၌ပင် မီးရှို့ပစ်ရန် ခိုင်းလိုက်သည်။ အားလုံး ပြာဖြစ်လုလု ရှိသောအခါ ငြိမ်သက်နေကြသူတို့ကို လှည့်ပတ်ကြည့်လိုက်ပြီး ဦးဘောဂ မျက်နှာတွင် မျက်လုံးကို ရပ်လိုက်သည်။

'ကဲ … သီတင်းကျွတ် လဆန်း ၁၄ ရက်ညမှာ ကျုပ်တို့ အားလုံး တိုက်ပွဲ ဝင်ကြရမယ်၊ အဲဒီအချိန် ရောက်ဖို့ကလည်း ဒီနေ့တစ်နေ့နဲ့ နှစ်ရက်ပဲ လိုတော့တယ်၊ ဒီတော့ ဒီအကြံအစည်ကြီးမှာ မပါဝင်တော့ဘူးလို့ ခုအချိန်မှာမှ အကြောင်း တစ်ခုခုပြပြီး နောက်ဆုတ်မယ့်လူမျိုး ပေါ်လာရင် ကျုပ်က အဲဒီလူရဲ့ လည်ပင်းကို သံကွင်းစွပ် ပေးလိုက်ရုံပဲ၊ ကဲ နောက်ဆုတ်မယ့်လူ ရှိကြသေးသလား'

ဘာသံမျှ တုံ့ပြန်မှု ပေါ်မလာဘဲ တိတ်ဆိတ်နေကြသည်။ အချို့က ဦးဘောဂဆီသို့ မသိမသာ လှည့်ကြည့်ကြသည်။ ဦးဘောဂက မျက်လွှာချကာ ခေါင်းငိုက်စိုက် ပြုလိုက်သည်။ ဗိုလ်မှူးရှုဝံသည် ဦးဘောဂကို ကြည့်နေရာမှ အခြားသူများဆီသို့ မျက်နှာလှည့်လိုက်၏။ ထို့နောက် ဖေယျုမျက်နှာတွင် ရပ်လိုက်သည်။

'ဖေယျု လှိုင်ဝှက်ဆိပ်ကမ်း အမှတ် ၁ မှာ လှေသမားတွေနဲ့ လှေတွေ အသင့် ရှိနေကြပြီလား'

'ရှိနေပါတယ် ခင်ဗျာ'

တက်တက်ကြွကြွ ပြောလိုက်သော ဖေယျု၏ အသံသည် ရှုဝံမျိုး ပီသလှ၏။

'၁၃ ရက်နေ့ အရဏ်တက်ကို သူတို့ဆီ ရောက်အောင် သွား ၁၄ ရက်နေ့ အစီအစဉ် ဖျက်လိုက်ပြီလို့ပြော၊ အမှတ် ၃ စခန်းမှာ သွားပေါင်း၊ ညွှန်ကြားချက်အသစ်ကို မီးနဲ့ အချက်ပေးမယ်၊ ကြည့်နေကြ နေရာကို ကင်းစောင့်ပြီး အမြဲကြည့်နေဖို့ သတင်းပို့ပြီး ပြန်ခဲ့'

'ဟုတ်ကဲ့ ခင်ဗျာ'

'နက်ဖြန် ၁၂ ရက်နေ့မှာ လှိုင်ဝှက် စခန်း အမှတ် ၅ မှာ ရှိတဲ့ အချက်ပြမီးအဖွဲ့ရှိရာကိုသွား၊ ၁၄ ရက်နေ့ အစီအစဉ် အားလုံး ဖျက်လိုက်ကြောင်းပြော၊ ဗဟိုနေရာကို ကင်းလှည့်နဲ့ စောင့်ကြည့်ခိုင်းပြီး ဗဟိုက အချက်ပေး ညွှန်ကြားအတိုင်း

တစ်ဆင့် အချက်ပေး ညွှန်ပြလို့ သတင်းပို့ပြီးမှ ၁၃ ရက်နေ့ ပြုလုပ်ရမည့် ကိစ္စကို ဆက်ဆောင်ရွက် နားလည်ပြီလား'

'နားလည်ပါပြီ ခင်ဗျာ'

ဗိုလ်မှူးရှုဝံသည် ကိုရှုပဘက်သို့ လှည့်လိုက်သည်။

ဗိုလ်ရှုပ လျှို့ဝှက်ဆိပ်ကမ်း အမှတ် ၄ ရှိရာကိုသွား၊ ၁၄ ရက်နေ့ အစီအစဉ် အားလုံး ဖျက်လိုက်ကြောင်းပြော၊ အမှတ် ၆နဲ့ တစ်ပေါင်းတည်း ရှိနေရန် ညွှန်ကြားခဲ့၊ ဆောင်ရွက်ရမယ့် အစီအစဉ် အားလုံး၊ အမှတ် ၆ မှာ အသင့် ရှိနေလိမ့်မယ်လို့ ပြော၊ ချက်ချင်း ပြန်လာ အချိန်မီပါ့မလား။

'အခု တော်တော်ကြာ ထွက်ရင် မီနိုင်ပါတယ်'

ဗိုလ်မှူးရှုဝံသည် စံပယ်၏ အစ်ကိုချေ ကိုဝဏ္ဏဘက်သို့ လှည့်လိုက်သည်။

'ဗိုလ်ဝဏ္ဏ သာစည်မော်က ကိုတောကျော်တို့ သားအဖဆီကိုသွား၊ ၁၃ ရက်နေ့မှာ တွေ့ဖို့ ချိန်းထားတဲ့ အစီအစဉ်ကို ဖျက်လိုက်ကြောင်း သတင်းပို့၊ အစီအစဉ် အသစ်အဖြစ်နဲ့ ခြံပြင်ရွာက ဦးအေးမြကို ချက်ချင်း သွားတွေ့ရမယ်လို့ပြော၊ ပြီးတော့ ဦးအေးမြနဲ့အတူ တလင်းဆိပ်ရွာကို ချက်ချင်း ခရီးထွက်ခိုင်း၊ တလင်းဆိပ်ရွာက ရွာစားကြီး ဦးဗန္ဓု ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်ကြရမယ် ပြောပြ၊ ဒီညပဲ တလင်းဆိပ်ရွာကို အရောက် သွားကြပေစေ၊ ဗိုလ်ဝဏ္ဏ ကိုယ်တိုင် တလင်းဆိပ်ရွာကို အရောက် သီးအေးမြတို့နဲ့ အတူ လိုက်သွား၊ ရွာစားကြီး ဦးဗန္ဓုရဲ့ အစီအစဉ်ကို မှတ်ယူလာခဲ့၊ ဦးဗန္ဓုရဲ့ အစီအစဉ်ကို သိလာရေးဟာ အရေးတကြီး ကိစ္စပဲ၊ နားလည်ရဲ့လား'

'နားလည်ပါပြီ ခင်ဗျာ'

ဗိုလ်မှူးရှုဝံသည် နောက်ထပ် ဆောင်ရွက်ဖွယ်တို့ကို အနည်းငယ်မျှ ဆက်လက် ညွှန်ကြားပြီး အဆုံးသတ်လိုက်သည်။ ခဏအကြာတွင် အခန်းထဲမှ ကိုဝဏ္ဏ၊ ကိုရှုပ၊ ဇေယျနှင့် ကုန်သည်ကြီး ဦးဘောဂတို့ ထွက်သွားကြသည်။ အားလုံးတို့ ထွက်သွားကြသောအခါ သူ၏ မျက်နှာသည် တာဝန် တစ်ခု ပေါ့သွားသကဲ့သို့ ပြေလျော့လာသည်။ သူသည် ပြာပုံဖြစ်နေသော မြေပုံ ဖျာလိပ်ကြီးများနှင့် စာရွက်စာတန်းများကို ငေးနေသည်။ တိတ်ဆိတ်နေခြင်းကို မရဲဝံ့သော အသံတစ်ခုက လူးလွန့်လှုပ်ခြေလိုက်သည်။

'အကျွန်ကော ဘာတာဝန် ဆောင်ရွက်ရမလဲ ဘာဘာ'

ဗိုလ်မှူးရှုဝံ၏ မျက်နှာသည် ချက်ချင်းပင်လျှင် ရှုဝံမျိုးတို့၏ ပြက်ရယ်နိုင်သော မျက်နှာမျိုးဖြင့် နှုတ်ခမ်းတစ်ဖက် တွန့်ကော့လာသည်။



'အေး ... ဟုတ်သားပဲ၊ မင်းကိုလည်း တာဝန်ပေးစရာ ရှိတယ်၊ ဟောဒီ ပြာတွေ ကျုံးပြီး မီးဖိုထဲကို သွားသွန်ကွာ'

သူသည် ဟသာဘက်သို့ လှည့်၍မျှ မကြည့်ဘဲ အခန်းထဲမှ ထွက်သွားသည်။ ဗိုလ်မှူးရှုဝံနောက်သို့ စံပယ် ထွက်လိုက်သွားသော အချိန်၌ ဟသာသည် ကြမ်းပြင်ပေါ်မှ ပြာများကို တောင်းတစ်လုံးဖြင့် ကုပ်ကုပ်ရှိ့ရှိ့ ကျုံးနေသည်။

ဟသာ၏ မျက်နှာတွင် သိမ်ငယ်ဟန် ရှက်ရွံ့ဟန်တို့ကို မမြင်ရဘဲ ပကတိ တည်တည်ငြိမ်ငြိမ် ရှိနေသော်လည်း စံပယ်သည် စိတ်မချမ်းမြေ့လွန်းသောကြောင့် မိမိ၏ ကုလားထိုင်ဘီးကို အမြန်တွန်းကာ ဗိုလ်မှူးရှုဝံ၏ နောက်သို့ အမီလိုက်သည်။ ဝရန်တာ ထိပ်တွင် မှီသည်နှင့် နောက်မှနေ၍ လက်ကို ဆွဲလိုက်သည်။

'ဩော် ... စံပယ်ချေ၊ ကိုယ် တွန်းပို့ရမလား ဘယ်သွားမလဲ'

'မလိုပါဘူး ... ပြောစရာရှိလို့ လိုက်လာတာပါ၊ ဟသာကို အစ်ကိုရှုဝံက ဒီအတိုင်းသာ ဆက်ဆံနေမယ်ဆိုရင် ကလေးဟာ ပိုအားငယ်ပြီး လူညွှန့်ရင်လည်း တုံးသွားနိုင်တယ်၊ ဒါမှမဟုတ်ရင် စိတ်ထဲမှာ အစိုင်အခဲ ကြီးလာပြီး မတန်တဆ ရင်လည်း ကာပြန်လိမ့်မယ်'

သူက ပြုံးပါချေသည်။

'ကိုယ့်ကို အဲဒီလိုမျိုး ကာပြန်လိုက်ရင် ကိုယ် သိပ်ဝမ်းသာမှာပေါ့ကွာ၊ အဲဒီလို ကာပြန်ပါစေလို့ ရည်ရွယ်ပြီး တမင် ဒီလို ဆက်ဆံနေရတာပဲ'

'ကလေး စိတ်မချမ်းမသာ ဖြစ်နေတာကို နေနိုင် ပြုနိုင်ရက်တာဟာ လူမဆန်ဘူး'

သူက အပြုံးမပျက်ဘဲ စံပယ့် ဆံနုကလေးတွေဆီသို့ မျက်လုံး ရောက်သွားသည်။

'ကိုယ်ကကွာ သူ့ကို ကိုယ့်သားလို ဖြစ်စေချင်တာကွ၊ သူ ကိုယ့်သားနဲ့မှ မတူတာ၊ အို ... ကိုယ့်သားကို မဟုတ်ပါဘူးကွာ'

စံပယ်က ဗိုလ်မှူးရှုဝံ၏ မျက်နှာကို ကွက်ခနဲ ကြည့်သည်။

'ကိုယ် ... ကိုယ်တိုင်က ထင်သလို တွေ့ရာမှာ ပျော်နေတတ်ပြီး သူတစ်ပါးတွေကိုလည်း ကိုယ်နဲ့ နှိုင်းနှိုင်းပြီး မတရား ပြောပြောနေတာ မကောင်းပါဘူး။ ယောက်ျားကြီးတွေက ဒီလိုလုပ်တော့ ပိုအရုပ်ဆိုးပါတယ်'

'ကိုယ် ... ဘာပြောလို့လဲ၊ ကိုယ်က တကယ် အစစ်ပြောနေတာ သူဟာ ကိုယ့်သား မဟုတ်ဘူးကွ၊ သူ့အမိ သားစစ်စစ် အဲဒါကို ကိုယ် ပြောတာ'

သူ့ကို မည်သို့ ပြန်ပြောရမည်ကိုပင် မသိနိုင်တော့ဘဲ သူတို့သားအဖ နှစ်ယောက်အတွက် တွေးငေး စိတ်မကောင်း ဖြစ်နေစဉ် လင်းသာ ခြံဝင်းကြီးအတွင်းမှ တာဝန် ထမ်းဆောင်ရန် ထွက်ခွာသွားကြသော အစ်ကိုချေ ကိုဝဏ္ဏနှင့် ကိုရှုပတို့၏ မြင်းခွာသံများကို ကြားလိုက်ကြရသည်။ သူသည် ခေတ္တမျှ နင်းစွင့်လိုက်ပြီး စံပယ် မျက်နှာသို့ ပြုံးစနဲ့နဲ့ဖြင့် ကြည့်သည်။

'ပုသိမ် တောင်ဘက်ကြီးကို ရောက်နေတုန်း ပုသိမ်မြို့ကို တက်သွားတော့ ကိုယ့်သမီးကို တွေ့ခဲ့ရတယ်၊ သူကမှ တကယ့် ကိုယ့်သမီး'

သူက ဤသို့ အားရပါးရ ပြောလိုက်သည်ကို စံပယ်သည် ရင်ထဲက မနာလိုစိတ်၊ မခံချင်လိုစိတ်တို့ ပေါ်လာခဲ့သည်။

'ဟင်္သာလိုပဲ သေးသေးကွေးကွေး ကြောက်ကြောက်ရွံ့ရွံ့ အမျိုးအစားပဲ မဟုတ်ဘူးလား'

ကင်းအကိုက်ခံလိုက်ရသလို ဖြစ်သွားအောင် မနာလိုစိတ်ဖြင့် တမင် မေးမိခြင်း ဖြစ်သည်။ ထိုသို့ မေးမိသောကြောင့် ကင်းအကိုက်ခံရသလို ရင်နာရသည်က စံပယ်။

'အို ဘယ်ဟုတ်မလဲ၊ ကိုယ့်သမီး ကေသီက ထက်ထက်မြက်မြက် တက်တက်ကြွကြွ ကလေးမကလေး၊ သူ့ကို မြင်တော့ ကိုယ့်အဘောင်သျှင်ကို သွားသတိရတယ်၊ ကိုယ့်အဘောင်သျှင် ဆိုရင် အသက် ခြောက်ဆယ်ကျော်လောက်မှာ ကိုယ်တို့ မှတ်မိလိုက်ရတာတောင် အခု မမတာရာထက် သာမယ် ထင်တယ်၊ ဒါပေမဲ့ စိတ်နေစိတ်ထားက မမတာရာလို ယောက်ယက်ခတ်တဲ့ အမျိုးအစားမျိုး မဟုတ်ဘူး၊ အင်မတန် တည်ငြိမ်ပြီး ကျက်သရေ ရှိရှိ သိက္ခာရှိရှိ နေတာ၊ အခု ကိုယ့်သမီးလည်း အဲဒါမျိုးလိုလာမှာပဲ၊ အသက်က ဆယ့်ခုနစ်နှစ် ရှိသေးတယ်၊ ကျက်သရေ ရှိသလောက် ချက်ချာ ခန့်ညားလိုက်တာကလည်း မပြောနဲ့၊ ပြီးတော့ သူ့အမိထက် ကိုယ့်ကို ပိုချစ်တယ် သိလား'

'ဒါက မဆန်းပါဘူး၊ သူလိုငါလို စိတ်ထား လူစဉ်မီရုံလောက် သမီးမျိုးတိုင်းဟာ အဖေကို ပိုချစ်တတ်ကြတာချည်းပါပဲ၊ လူစဉ် မမီလောက်အောင် စိတ်ထားပျက်စီးသွားရင်တော့လည်း မပြောတတ်ဘူးပေါ့၊ ပြီးတော့လည်း သမီး မိန်းကလေးတွေဟာ အသက်ကြီးပြီး အရွယ်ရောက်လာလေ မအေနဲ့ မတည့်လေပဲ ဒါဟာ ဆန်းသလား'

စံပယ်သည် လူ့ဘဝတွင် အများ ဖြစ်တတ် ရှိတတ်သော သဘောတွေကို ပြောပြနေသော်လည်း စံပယ်၏ စကားလုံးထဲ၌ မနာလိုသံတွေ ပါနေ၏။ သူသည်



ဤကဲ့သို့ ဗိုလ်မှူးရုပ်ဝံ ချစ်မည့် ကျားသစ်ချေကဲ့သို့သော သားကို ဖြစ်စေ ယခု ပြောပြနေသည့် သမီးမျိုးကို ဖြစ်စေ မွေးဖွားပေးလိုခဲ့၏။ သို့သော် စံပယ်အဖို့ ထိုကဲ့သို့သော အခွင့်အရေးမျိုးမှ ကင်းကွာခဲ့ရသည်။ ထိုနေ့အဖို့ တစ်နေ့လုံး စံပယ့်စိတ်ထဲ၌ မရွှင်မလန်း ဖြစ်ခဲ့သည်။ ညဘက်တွင်လည်း အချမ်းပိုသောကြောင့် စောစော အိပ်ရာဝင်ခဲ့၏။

လင်းသာအိမ်ကြီးတွင် ဗိုလ်မှူးရုပ်ဝံက လင်းသာမောင်မောင် အိပ်သော အခန်းဆောင်တွင် အိပ်သည်။ ဟင်္သာနှင့် ဖေယျာတို့က ဗိုလ်မှူးရုပ်ဝံ၏ အခန်းနှင့် ကပ်လျက်ရှိသော အခန်းငယ်တွင် အိပ်သည်။

ထိုညအဖို့ ကိုရှုပနှင့် ကိုဝဏ္ဏတို့ ခရီးထွက်နေကြသောကြောင့် ကုန်သည်ကြီး ဦးဘောဂနှင့် မမတာရာတို့က မမတာရာ၏စက်ခန်းဆောင် အတွင်းရှိ 'အိစက်ညက်ညောတဲ့ ဖဲမွေ့ယာအခင်းကို ချစ်တလင်းကြီးပြုလျက် ချစ်ဗျူဟာကျင်း' ဖြစ်ကြလိမ့်မည်မှာ ပြုရိုးပြုစဉ် ကိစ္စတစ်ရပ်ပင် ဖြစ်သည်။

ကုန်သည်ကြီး ဦးဘောဂနှင့် မမတာရာတို့၏ အခန်းဆောင်နှစ်ခုအကြားတွင် တံခါးတစ်ပေါက်တည်းသာရှိသည်။ စံပယ်၏ အခန်းဆောင်သည် လှေကားထိပ်ဘက်တွင်ရှိပြီး သူတို့နှစ်ဦး၏ အခန်းဆောင်နှင့် နီးကပ်သည်။ သူတို့၏ အခန်းဆောင်သို့ သွားလိုလျှင် စံပယ့်အခန်းဆောင်ရှေ့မှ ဖြတ်၍သွားရသည်။

စံပယ်သည် မမတာရာ၏ အခန်းဆီမှ ထွက်ခွာဟန်ရှိသော ခြေသံတစ်ခုကို နားစွင့်မိသည်။ ထိုခြေသံသည် ဦးဘောဂ၏ အခန်းဆီသို့ တန်းတန်းမတ်မတ် သွားသည်။ ထို့နောက် ဦးဘောဂ၏ အခန်းဆီမှ မမတာရာ၏ အခန်းဆီသို့ ပြန်လာကြသော ခြေသံများကို ကြားရသည်။ ထိုခြေသံတို့သည် အသံမမြည်အောင် ဖော့နင်းလာကြသော်လည်း စံပယ်က ကြားသိနေရသည်။ ထို့နောက်တွင် လင်းသာဂေဟာသည် ပို၍ တိတ်ဆိတ်သွားသကဲ့သို့ ရှိသည်။ စံပယ်သည် မေ့ခနဲ ဖြစ်သွား၏။ တရေးနိုးလာသောအချိန်၌ သန်းခေါင်ကျော်ပြီးခဲ့ပြီဟု ထင်မှတ်လိုက်သည်။ တောင်ဝံတဖြုန်းဖြုန်း ခတ်၍ တွန်လိုက်ကြသော ကြက်သံတို့သည် သန်းခေါင်ကြက်သံတော့ ဟုတ်ဟန်မတူ၊ မောင်ရင်ပြန်ကြက် ဖြစ်ကောင်း ဖြစ်လိမ့်မည်။ မောင်ရင်ပြန်ကြက်တွန်သံ ဖြစ်ပါက ည ကုလားစက်နာရီ ၂ နာရီခန့် ရှိပြီ။

စံပယ်သည် အိပ်ရေးဝသည် မဟုတ်ဘဲနှင့် ပြန်၍လည်းအိပ်မရတော့ဘဲ မျက်လုံးကြောင်နေသည်။ လင်းသာဂေဟာကြီး၏ အောက်ထပ်ဆီမှ တစ်စုံတစ်ယောက်၏ လှုပ်ရှားသံကို ဝိုးတဝါးကြားနေရသည်။

စံပယ်က မျက်လုံးကျယ်လာကာ နားစွင့်မိသည်။ ထမင်းစားခန်းဆီမှ ပေါ်ထွက်လာသောအသံ ဖြစ်ပုံရသည်။ မှောင်မည်းမည်းတွင် စားပွဲကုလားထိုင်တို့ကို အမှတ်မထင် တိုက်မိခိုက်မိနေသော လူတစ်ယောက်၏ လှုပ်ရှားသံ ဖြစ်သည်။

စံပယ်သည် အိပ်ရာထက်တွင် ထိုင်လိုက်ကာ သတိပြု၍ နားစွင့်နေမိသည်။ အောက်ထပ်မှ သတိထား၍ လှုပ်ရှားနေသောအသံသည် ပျောက်ကွယ်သွားပြန်သည်။

စံပယ်သည် ခုတင်အနီးတွင်ရှိသော ဘီးတပ် ကုလားထိုင်ကို ပို၍ နီးကပ်လာအောင် ဆွဲယူလိုက်ကာ ကုလားထိုင်ပေါ်သို့ ပြောင်းရွှေ့ ထိုင်လိုက်သည်။ ထမင်းစားခန်းရှိရာမှ ခြေသံသည် အပေါ်ထပ်သို့ တက်သော လှေကားဆီသို့ ရွေ့သွားပြီး တထစ်ချင်း တက်လာနေသည်။

တက်လာနေသူသည် အသံမမြည်အောင် အလွန် သတိထား၍ တက်လာနေသော်လည်း အိုမင်းလွန်းလှပြီ ဖြစ်သော လင်းသာဂေဟာကြီးရှိ လှေကားတို့က လူတစ်ယောက်၏ အလေးဒဏ်ကို မခံနိုင်တော့ပဲ တကျွိကျွိ အသံပြုနေသည်။

နံနက်က သတင်းဆိုးများကို ကြားထားခဲ့ရသည့် အလျောက် ယခု ထွက်ပေါ်နေသော ခြေသံသည် ဘေးအန္တရာယ် တစ်ခုခုကို ပြုရန် ရှေးရှုလာနေသော ခြေသံ ဖြစ်လေမည်လားဟု စိုးရိမ်လာသည်။ စံပယ်သည် စင်စစ် ကြောက်ရွံ့တတ်သူ ဖြစ်သော်လည်း ထိုစိုးရိမ်စိတ်ကြောင့် ပုန်းကွယ်နေရမည့်အစား သိလိုစိတ်ဖြင့် ချောင်းမြောင်းကြည့်ရန် ဘီးတပ်ကုလားထိုင်ကို တံခါးဝ မှောင်ရိပ်တက်သို့ တွန်းသွားသည်။ တက်လာသူသည် စံပယ် စောင့်နေသည့် တံခါးဝ၏ မှောင်ရိပ်ကွယ် အနီးမှသာ ဖြတ်၍ သွားရပေမည်။ အကြောင်းမူ အောက်ထပ်မှ လှေကားအတိုင်း တက်လာခဲ့သူသည် ထိုလမ်းမှတပါး အခြားဘက်မှ သွားစရာမရှိ။ စံပယ်က မှောင်ရိပ်တွင် ငြိမ်သက်လျက် ရှိနေစဉ် အပေါ်ထပ်သို့ တက်လာသူသည် စံပယ်၏ အခန်းဘေး စင်္ကြံလမ်းပေါ်၌ ခေတ္တ ငြိမ်သက်ရပ်နေသည်။ အပြင်ဘက်မှ ရိုက်ခတ်လာသော မှုန်မွှားမွှား လရောင်သည် ထိုသူကို ခပ်ဖျော့ဖျော့ ရိုက်ခတ်နေသည်။

စံပယ့် စိတ်ထဲ၌ ထိုမည်းမည်းသဏ္ဍာန်သည် လူစိမ်းဟုတ်ပုံ မရဘဲ စံပယ် သိမှတ်ထားသော ဤအိမ်သားထဲမှ တစ်စုံတစ်ယောက်ဟု မှတ်မိသလိုလို ဖြစ်နေသည်။

'ဘယ်သူလဲ ရပ်နေတာ'

စံပယ်က ခပ်တိုးတိုး မေးလိုက်သည်။ မည်းမည်း လူရိပ်ဆီမှ အဖြေ ပေါ်မလာ။ စံပယ်သည် အိပ်ခန်းပြင်သို့ ကုလားထိုင်ကို ထုတ်လိုက်ကာ တစ်လမ်းတည်းသာရှိသော ဝရန်တာမှ ပိတ်၍ ရပ်လိုက်သည်။ လှေကားဘက်သို့ ကြည့်လိုက်သောအခါ မည်းမည်းလူရိပ်သည် ကျောခိုင်းသလို တစ်ဖက်သို့ လှည့်လိုက်သည်။



စံပယ်က ကြောက်စိတ်ပြေသွားလျက် မိမိတို့ အိမ်သားထဲမှ တစ်စုံတစ်ယောက် ဖြစ်ရမည်ဟု အတတ် တွက်လိုက်၏။

'ဟေး အချိန်မတော်မှာ ဇာသူလဲ၊ ဇာလုပ် ဒီအပေါ် တက်လာ ဒါပဲ'

အသံ ခပ်အုပ်အုပ်ဖြင့် မေးမြန်းရင်း ထိုသူရှိရာသို့ ဘီးကိုလှိမ့်၍ တိုးသွားရာ အနီးသို့ မရောက်မီပင် ထိုသူက ဖျတ်ခနဲ လှည့်လိုက်သည်။ လရောင်မှ ရိုက်ခတ်နေသော ရောင်ပြန်လဲ့လဲ့၏ လင်းရိပ်၌ ထိုသူ၏ မျက်လုံးအစုံသည် ဒေါသ ထွက်နေသော မြွေဆိုး၏ မျက်လုံးအစုံကဲ့သို့ အရောင် ဖျပ်ဖျပ် ထွက်နေသည်။ ထိုသူ၏ လက်က ဓားရိုးပေါ်၌ တင်ထားသည်။ ထိုသူသည် စံပယ်၏ အစ်ကိုချေ ကိုဝဏ္ဏ။

'အို ဇာလူလဲလို့ အစ်ကိုချေပါလား၊ သူပေးထားတဲ့ တာဝန်တွေ မလုပ်ဘဲ ဇာပြုလို့ ပြန်လာတုံး'

စံပယ်သည် မေးရင်းပြောရင်း အခိုက်အတန့်အတွင်း အကိုချေရှိရာမှ အရက်နံ့ ထောင်းခနဲ ထွက်လာသည်။

'ခိုင်းတာတွေ ပြီးလို့ ပြန်လာတာပေါ့၊ ခြံပြင်ရှာ ဦးအေးမြတို့ဆီမှာပဲ တလင်းဆိပ်က ရှာစားကြီး ဦးဗန္ဓုကို တွေ့ခဲ့တော့ သိချင်တာတွေ အကုန်သိရပြီး တလင်းဆိပ်ကို လိုက်သွားဖို့ မလိုတော့ဘဲ ဒီကို စောစောပြန်ရောက်လာတာ၊ ဇာလည်း စောစော ပြန်လာတာ မကြိုက်ဘူးလား၊ နင်တို့ ဗိုလ်မှူးရူဝံတို့ လုပ်နေကြတာတွေ ငါမသိဘူး အောက်မေ့လို့လား၊ ဒီပြဿနာကို အခု ရှင်းပြမယ်'

အစ်ကိုချေသည် စံပယ်၏ ကုလားထိုင်ဘေးမှ ဖြတ်၍ တစ်ဖက်သို့ လှည့်ဝင်လိုက်ရာ စံပယ်က အတင်း လှမ်းဆွဲထားသည်။ စံပယ့်ရင်ထဲတွင် ပူလောင် စိုးရိမ်စိတ်တို့က ဓာတ်ဆီနှင့် မီးတွေ ထိကြသလို ဝုန်းခနဲ ပေါ်လာပြီး တစ်ကိုယ်လုံး တုန်ယင် လှုပ်ရှားသွားသည်။ သို့သော် ချက်ချင်း အိန္ဒြေဆည်လိုက်သည်။

'အို နေပါဦး နေပါဦးဆို၊ အစ်ကိုချေကို စံပယ်တို့က ဇာလုပ်မိလို့ ဒါလောက် စိတ်ဆိုးနေရတာလဲ'

စံပယ်က ခပ်ကျယ်ကျယ် တမင် ပြောလိုက်သည်။ အစ်ကိုချေ ဝဏ္ဏက 'အေပိုင် အခု သိမယ်' ဟု ပြောရင်း ထွက်သွားတော့မည်ပြုရာ စံပယ်က အတင်း ဆွဲသည်။

'နေပါဦး အစ်ကိုချေ၊ စံပယ် ပြောတာ နားထောင်ပါဦး'

'အေး ငါနားထောင်ရန် မလိုဘူး၊ နင်ဖယ်'

အစ်ကိုချေက ပြောပြောဆိုဆို လက်ထဲမှရုန်း၍ အတင်းထွက်သည်။ စံပယ်က 'အစ်ကိုချေ နေရာကို မလားနဲ့၊ အေနေရာကို မလားနဲ့' ဟု အော်ရင်း ငိုရှိုက်သံ

ပေါ်လာသည်။ ထိုအချိန်၌ ကိုဝဏ္ဏသည် မမတာရာ အခန်းထဲသို့ ရောက်သွားပါပြီ။ စံပယ်သည် မိမိ၏ ကုလားထိုင်ကို တအားတွန်းကာ ဟသာ်နှင့် ဖေယျတို့ အိပ်နေကြသည့် အခန်းကို တဝုန်းဝုန်းမြည်အောင် ထုလိုက်သည်။

'ဟဲ့ ဖေယျတို့၊ ဟသာ်တို့ မြန်မြန်ထစမ်း၊ ဒုက္ခ ဖြစ်ကုန်တော့မယ်၊ ဟိုအခန်းထဲကို မြန်မြန်လိုက်ပါ၊ ဟို မမတာရာ အခန်းထဲကို မြန်မြန် လိုက်ပါ'

စံပယ်သည် ဖေယျတို့၏ တုံ့ပြန်သံကိုမှ နားမထောင်နိုင်ဘဲ ဗိုလ်မှူးရူဝံ၏ အခန်းသို့ ရောက်သွားကာ အပြင်မှ တဝုန်းဝုန်း ထုလိုက်ပြန်သည်။

'ဒီမှာ အကိုရူဝံ၊ လုပ်ပါဦး၊ မြန်မြန်ထပါ၊ မြန်မြန်လုပ်ပါဦး၊ ဟိုမှာ ဒုက္ခ ရောက်ကုန်တော့မယ်'

ထိုစဉ် ရူးရူးဝါးဝါး အော်လိုက်သည့် အသံတစ်ခုက စံပယ်၏ အသံကို ဖုံးသွားသည်။

ထိုအသံသည် စံပယ့် စိတ်ထဲက ကြားနေရမည်ကို ကြောက်နေခဲ့သော ထိတ်လန့်တကြား အော်ဟစ်လိုက်သည့် မမတာရာ၏ အသံ။

*

(၂၇)

စံပယ်သည် ဘီးတပ်ကုလားထိုင်ကို အားရှိသမျှ တွန်းကာ မမတာရာ၏ တစ်ခန်းဆောင်ရှိရာသို့ သွားသည်။ ပိတ်ထားသော ပြတင်း မှန်တံခါးများမှ ထိုးကျနေသော လရောင်ကြောင့် အခန်းထဲမှ ရှုကွင်း ရှုကွက်ကို အထင်းသား မြင်နေရသည်။

မမတာရာ၏ မျက်နှာပေါ်တွင် သွေးများ နီရဲနေသည်။ ကုန်သည်ကြီး ဦးဘောဂသည် လက်ကလည်း အစ်ကိုချေဝဏ္ဏကို ဒေါသတကြီး နင်းဖိထိုးခုတ်ရင်း နှုတ်ကလည်း မိမိအား ဝဏ္ဏက လာရောက် သတ်နေပါသဖြင့် ကူညီကြပါရန် အကြောင်း သံကုန်အော်နေသည်။ ဓားရေး ပို၍ ကျွမ်းကျင်ပုံရသော အစ်ကိုချေဝဏ္ဏကမူ ကျောက်တိုင်ကြီးလို ငြိမ်လျက် ရှေ့ထိုးနောက်ငင် လှုပ်ရှား ထိုးခုတ်နေသော ဦးဘောဂ၏ ဓားချက်တို့ကို မိမိလက်တွင်းရှိ ဓားဖြင့် လေရဟတ် လည်သကဲ့သို့ တုံ့ပြန်သည်။ ဓားနှစ်လက်တို့ ထိခိုက်ရာမှ ဖြစ်ပေါ်လာသော မီးပွင့်တို့သည် မိုးပေါက် မိုးစက်များ ပက်ဖျန်းနေသကဲ့သို့ မှောင်ထဲ၌ ကျသည်။ လရောင်အလင်းမှ ရောင်ပြန် ထိနေသောကြောင့် လည်းကောင်း၊ တဖွားဖွား ဖြစ်ပေါ်နေသော မီးပွင့်တို့ကြောင့် လည်းကောင်း အထင်းသား မြင်နေရသော အစ်ကိုချေဝဏ္ဏ၏ မျက်နှာသည် အားရကျေနပ်ဟန် ခပ်လျောင်လျောင် ရှိသော်လည်း အံကြိတ်ထားပုံရသည်။ တစ်ချက် တစ်ချက်မှ အလင်းရောင်ထိ၍ မြင်ရသော ဦးဘောဂ၏ မျက်နှာကမူ အလွန်လိုခြင်း ဒေါသကြီးခြင်းနှင့် ထိတ်လန့်နေခြင်းတို့ စုပေါင်း ရောနှောနေသည်။ အခန်းမှောင် ထဲတွင် လူနှစ်ယောက်တို့၏ ခုတ်ထစ်နေကြသံတို့အပြင် အသက် အောင့်ထားရာမှ လွတ်ထွက်လာကြသော အင့်ခနဲ မြည်သံ၊ ပြင်းသော အသက်ရှူသံ၊ ဓားဟိုက်သံ

တို့ ပေါင်းစပ် ပေါ်ထွက်နေကြသည်။ ထိုအသံနှင့်အတူ ထိခိုက် ကြင်နာသောကြောင့် ထွက်ပေါ်လာသည့် အောင့်သက်သက် အသံမျိုးလည်း ပါသည်။ ဤသည်တို့ကို ကြားမြင်နေရသော စံပယ်သည် အသက်ရှူ မှားအောင် ရင်ဖို ထိတ်လန့်နေရသည်။

စံပယ်သည် မိမိ၏ ဘီးတပ် ကုလားထိုင်ကို ရှေ့မတိုးဝံ့၊ နောက်မဆုတ်နိုင် ဖြစ်လျက် အခန်းဝတွင် ပိတ်ဆို့ထားသလို ရှိနေဆဲ အိပ်ရာတွင်း အဝတ်ကြီးဖြင့် ပိုသီဖတ်သီ ထလာဟန် ရှိသော ဗိုလ်မှူးရှုဝံသည် စံပယ်၏ ကုလားထိုင်ဘေးမှ ဖြတ်ဝင်သွားသည်။ သူက အဆုတ်အဆိုင်း မပြုဘဲ သဲသဲမဲမဲ ခုတ်ထစ်နေကြသော လူနှစ်ယောက်၏ ဓားချက်များ အကြားသို့ တန်းတန်းမတ်မတ် ဝင်လိုက်သည်။

'ရပ်စပ် … အရူး နှစ်ကောင်'

အသံနှင့်ထပ်တူ ဓားလွတ်ကို ကိုင်ထားသော သူ၏ လက်တစ်ဖက်သည် ဗိုလ်ဝဏ္ဏ၏ ဓားကို ပင့်မထားလျက် ကျန်သော တစ်ဖက်သည် ဓားကိုင်ထားသော ဦးဘောဂ၏ လက်ကို လိမ်ပြီးသား ကိုင်၍ ချုပ်ဖမ်းသည်။ တစ်ပြိုင်တည်းပင် ဖယောင်းမီးတိုင် ကိုယ်စီ ကိုင်လာကြသော ဧယျနှင့် ဟသာတို့လည်း အခန်းထဲသို့ ရောက်လာကြသည်။ သူတို့သည် ခုံနှင့်တကွ ယူလာကြသော ဖယောင်းတိုင်တို့ကို အခန်းတွင်း စားပွဲပေါ်သို့ တင်လိုက်ကြပြီး ဧယျက ဗိုလ်မှူးရှုဝံအနီးသို့ ပြေးကပ်လိုက်သည်။ ဟသာက စားပွဲအနီးတွင် ရပ်လက် ကျန်နေရစ်သည်။

ဗိုလ်မှူးရှုဝံသည် ဝဏ္ဏ၏ ဓားကို ပင့်ကာထားသည့် မိမိ၏ ဓားအား ကြမ်းပေါ်သို့ ပစ်စိုက်လိုက်ကာ ဓားကိုင်ထားသော ဝဏ္ဏ၏ လက်ကို ဆွဲဖမ်းချုပ်ကိုင်လျက် ကျန်လက်တစ်ဖက်ဖြင့် ဖမ်းထားသည့် ဦးဘောဂကို ဧယျရှိရာသို့ တွန်းလိုက်သည်။ ပါးနပ်ရည်ရှိလှသော ဧယျကလည်း ဦးဘောဂ၏ လက်နှစ်ဖက်နှင့်တကွ တစ်ကိုယ်လုံးကို သိမ်းဖက်လိုက်သည်။ သူသေကိုယ်သေ ခုတ်ထစ်နေကြသော ဓားပွဲကား ရပ်သွားလေပြီ။

သို့သော် ကိုဝဏ္ဏနှင့် ဦးဘောဂတို့ နှစ်ယောက်သားသည် တစ်ယောက်နှင့်တစ်ယောက် အခဲမကျေသော အကြည့်တို့ဖြင့် ကြည့်နေကြဆဲ ရှိသည်။ သူတို့၏ ရင်အုံများသည် ဖားဖိုကဲ့သို့ ပိန့်ချေ ဖောင်းချေ ရှိနေကြသည်။ ကိုဝဏ္ဏတွင် လက်မောင်း၌ ဒဏ်ရာ ရထားသလို၊ ဦးဘောဂတွင်လည်း လက်မောင်းရော ပခုံးပါ ဒဏ်ရာ ရထားခဲ့သည်။ ထိုအတိုင်း အားလုံး ငြိမ်သက်သွားကြသော အခါ စံပယ်သည် ခုတင်ခေါင်းရင်းရှိ တိုင်ကို မှီနေသော မမတာရာကို သတိပြုမိလာသည်။



လရောင်နှင့် ဖယောင်းတိုင်များ၏ အလင်းရောင်ကြောင့် မမတာရာ မျက်နှာပေါ်ရှိ ဒဏ်ရာကို အားလုံးတို့က မြင်နေကြရသည်။ ယာဘက် မျက်ခုံးစပ်မှ မေးဖျားအထိ ရှည်လျားသော ဓားဒဏ်ရာကြီးသည် ဟက်ပက်ကြီး ဖြစ်လျက် သွေးတို့က ပွက်ပွက် စီးကျနေဆဲ ဖြစ်သည်။ ထိုဒဏ်ရာ၏ လက်သည် ဖြစ်သော ကိုဝဏ္ဏ၏ မျက်နှာသည် အသွင်တစ်မျိုး ဖြစ်ပေါ်လာသည်။ ထိုအသွင်သည် ကျေနပ်နှစ်သိမ့်ခြင်းလော၊ ဝမ်းနည်း ကြေကွဲခြင်းလော ခွဲခြား၍ မရသော အသွင်။

စံပယ်ကမူ ချက်ချင်း အကူအညီ ပေးရမည်ဟု သတိရလာလျက် အမိမေတ္တာကို အခေါ်ခိုင်းရန် ဟသာရှိရာသို့ လှည့်လိုက်သည်။

ဟသာ၏ မျက်နှာသည် လူသေကောင်၏ မျက်နှာကဲ့သို့ ဖြူရော် သွေးဆုတ်နေသည်။ မျက်စိအစုံတို့သည် မျက်တောင် မခတ်ဘဲ ပြူးကြောင် ငေးစိုက်နေသည်။ သူ့တစ်ကိုယ်လုံး ဆတ်ဆတ် တုန်နေသည်။ စံပယ် ကြည့်နေဆဲ၌ပင် ဒယီးဒယိုင်ဖြစ်လာကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

စံပယ်သည် ဘီးကို တအားတွန်းလှိမ့်လျက် အခန်းတံခါးကို ထုလျက် အော်ဟစ် ပြောဆို၍ ဒေါ်မေတ္တာကို ခေါ်လာသည်။ စံပယ် မမတာရာ၏ အခန်းသို့ ပြန်ရောက်လာသောအခါ ယောကျ်ားတွေ နေသားတကျ ဖြစ်နေကြပြီ။ ကိုဝဏ္ဏနှင့် ဦးဘောဂကို ဖက်ဆွဲ ချုပ်ကိုင်ထားမှု မပြုတော့ပြီ။ ထိုစဉ် ဒေါ်မေတ္တာလည်း အခန်းထဲသို့ ပြုံးပြုံးပျာပျာ ရောက်လာသည်။ ဘာဖြစ်နေကြသည်ဟု မသိဘဲ ဟိုသည် ကြည့်နေစဉ် စံပယ်က မမတာရာကို ပြုစု ကူညီရန် အော်လိုက်သောကြောင့် မမတာရာကို မြင်သွားပြီး ပြုစုကူညီသည်။

'ဧယျ၊ ဟိုငကြောက်ကို သူ့အိပ်ရာထဲ ပို့ပေးလိုက်စမ်း၊ မြင်နေရရင် ငါ သတ်မိလိမ့်မယ်'

ဗိုလ်မှူးရှုဝံသည် စိတ်တို ဒေါသဖြစ်နေဟန်ဖြင့် နေရာရွှေ့ကာ ဟသာကို ကျောခိုင်းလျက် ဦးဘောဂနှင့် ဝဏ္ဏတို့၏ အလယ် တည့်တည့်လောက်မှ နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်၍ ရပ်သည်။

'ကဲ … ဖြစ်ပြီးကြတာတော့ ပြီးနေပြီ၊ ဘယ်သူ့ အပြစ်၊ ဘယ်ဝါ အပြစ်ရယ်လို့ စစ်မေးနေစရာ မလိုတော့ဘူး၊ အရေးကြီးနေတာက သေရေးရှင်ရေးအထက်ပိုပြီး အရေးကြီးနေကြတဲ့ အသက်စွန့်ပြီးတောင် ဆောင်ရွက်ကြရမယ့် ကိစ္စကြီးကို လုပ်ကြဖို့ ဒါလောက် နီးကပ်နေတဲ့ အချိန်ကလေးမှာ ကိုယ်ရေးကိစ္စတွေကို ခဏကလေး အောင့်ထား၊ ဖျောက်ထားကြဖို့ ကောင်းတယ်'

ဗိုလ်မှူးရွှဝံသည် စကားပြောနေရာမှ ဟသ်ာအား အိပ်ရာသို့ပို့ပြီး တံခါးပေါက်မှ ဝင်လာနေသော ဧယျကို လှည့်ကြည့်လိုက်သည်။

'ဂဲ ဧယျ၊ မင်း ဝဏ္ဏကို ခေါ်သွား၊ ဒီည သူနဲ့ အတူတူ အိပ်၊ ဦးဘောဂလည်း လာ၊ ကျုပ် ခင်ဗျားနဲ့ အတူ အိပ်မယ်'

ဗိုလ်မှူးရွှဝံသည် ပြောပြောဆိုဆိုပင် ဦးဘောဂ ခါးကို ဖက်ခေါ်လာရင်း အမိ မေတ္တာတို့ ရှိရာသို့ လှမ်းကြည့်သည်။

'အမိမေတ္တာ ဆေးဝါး ပြည့်စုံတယ်နော်၊ ပြီးတော့ မမတာရာ ဒဏ်ရာကရော'

'ကိစ္စမရှိပါဘူး၊ အထဲကို မနက်ပါဘူး၊ အပေါ်ယံကို လွှာလိုက်သလို ရှပ်ထိတာပါ၊ ပျောက်မှာပါ'

ဗိုလ်မှူးရွှဝံနှင့် ဦးဘောဂတို့သည် မမတာရာ၏ ဒဏ်ရာကို ဆေးထည့်စည်းနှောင်ရန် ပြုနေသော အမိမေတ္တာကို ခေတ္တမျှ ရပ်ကြည့်နေကြပြီး ဗိုလ်မှူးရွှဝံကပင် ဦးဘောဂ၏ ခါးကို ဖက်ကာ ဆွဲခေါ် ထွက်သွားသည်။

အားလုံး ထွက်သွားကုန်ကြသည့် အချိန်အထိ စံပယ်သည် အမိမေတ္တာတို့နှင့် မနီးမဝေးတွင် ကျန်နေရစ်သည်။ အမိမေတ္တာသည် မမတာရာ၏ ဒဏ်ရာကို အငတ်ဖြင့် စည်းနှောင်ပြီးနောက် စံပယ့်ဘက်သို့ လှည့်လိုက်သည်။

'လန့်ပြီး သတိလစ်နေတာ၊ နို့ပဲဟာယ်ပြုဟာယ် လုပ်ရင် သိပ်သွေးထွက်လာမှာ စိုးလို့ ကတိုးသွေးဆေးတောင် မပေးဝံ့ဘူး၊ နံ့သာဖြူနံ့ကလေးပေးပြီး တဖြည်းဖြည်း သတိရအောင် လုပ်ရမယ်၊ ဒဏ်ရာကတော့ ပျောက်လွယ်မှာပါ၊ ဒါပေမဲ့ မျက်နှာမှာ အသား ပြန်ပြည့်ဖို့ မလွယ်ဘူး၊ ပြန်ပြည့်တောင် အမာရွတ်က အပြင်လိုက်ကြီးနေမှာ၊ သိပ်အရုပ်ဆိုးသွားမှာပဲ'

စံပယ့် စိတ်ထဲ၌ အတော် စိတ်မကောင်း ဖြစ်သွားသည်။ မမတာရာအဖို့ တတိယမြောက် လင်တစ်ယောက်ရဖို့ ခက်သွားပေတော့မည်ဟု တွေးမိရင်း ဦးဘောဂ၏ ခါးကို ဖက်ခေါ်သွားသည့် ဗိုလ်မှူးရွှဝံကို သတိရလာသည်။ 'သူလည်း သူ့ရတနာသိုက်ကြီး ညဘက် အချိန်မတော် ထွက်ပြေးမသွားအောင် မျက်နှာချိုသွေးခေါ်သွားတာပဲ၊ ဘာထူးသေးသလဲ' ဟု တွေးမိသည်။

'ကဲ ... စံပယ် သွားအိပ်တော့၊ ဒီမှာ အချိန်ကုန်ခံနေတော့ ဘာထူးလဲ၊ ကျုပ် ဘာအကူမှ မလိုဘူး၊ အခု ဒီမှာ သတိရတော့မယ်'

အမိမေတ္တာ နှင်လွှတ်လိုက်သောကြောင့်သာ စံပယ် အိပ်ရာအီသို့ ပြန်ရောက်လာရသည်။ အိပ်ရာထဲသို့ ရောက်သော်လည်း အိပ်၍မရ ....



မမတာရာသည် တတိယမြောက် လင်ဖမ်းပွဲတွင် သူ၏ မျှော်လင့်ချက်တောင်ကြီး ပြိုပျက်သွားရရှာလေပြီဟု တွေးမိရင်း မိမိနှင့် မျက်နှာကျော မတည့်ခဲ့သူတစ်ယောက်၏ ဆုံးရှုံးမှု ဖြစ်ပါလျက် စိတ်မကောင်း ဖြစ်မိသည်။ တစ်ဆက်တည်းပင် ဗိုလ်မှူးရွှဝံ၏ လုပ်ငန်းရပ်ကြီးလည်း တောင်ကြီး ပြိုလေဦးမလားဟု စိတ်ပူလာသည်။ ထိုမှတစ်ဆင့် ဟသ်ာကို သတိရလာပြန်၏။

ကြောက်တတ်သော ဟသ်ာ၊ စိတ်ပျော့သော ဟသ်ာ၊ ငယ်ငယ်ကပင် သွေးကိုမြင်လျှင် မေ့မြောသွားရသော ဟသ်ာ၊ ယခု အသက် ဆယ့်ရှစ်နှစ်မျှ ရှိပြီဖြစ်သော်လည်း သွေးကို မြင်သဖြင့် မေ့မြောသွားရသော ဟသ်ာ။ ဤဟသ်ာသည် ယခု အိပ်ပျော်နေလေပြီလား။ သို့မဟုတ် မိမိအဖြစ်ကို ရှက်လျက် အိပ်မပျော်နိုင်လောက်အောင် မျက်စိ ကြောင်နေလေမည်လား။ ထိုသို့ မဟုတ်က တွေ့မြင်လာရသော ကြောက်စိတ်ကြောင့်ပင် မအိပ်ဝံ့လောက်အောင် ဖြစ်နေလေမည်လား။

စံပယ် ထိုသို့ တွေးနေစဉ်၌ပင် ဟသ်ာတို့ အခန်းဘက်မှ တံခါးရွက်ကို လေတိုး၍ ဂျိုးဂျက် ကျက်မည်နေသော အသံကို ကြားရသည်။ ဟသ်ာကို ခေါ်ကြည့်၏။ ထူးသံ မကြားရ။ ထို့ကြောင့် အလိုလို စိတ်ပူလာကာ ဟသ်ာ၏ အခန်းဘက်သို့ သွားကြည့်သည်။

ဟသ်ာကို မတွေ့ရ၊ ဧယျ၏ ခုတင်နှင့် ဟသ်ာ၏ ခုတင် နှစ်ခုလုံး ခင်းထားသော အိပ်ရာတို့သာ ရှိသည် လူမရှိ။

သြော် ... ဒါကြောင့်ကိုး။ အပြင် တပိုတပါးသို့ ခဏ ထွက်လေသလား။ သို့မဟုတ် ဧယျရှိရာတို့ သွားကူနေလေသလား။ တစ်ခုခု ဖြစ်ဟန် ရှိမည်။ သူ ထွက်သွားသောကြောင့် တံခါးပွင့်နေ၍ တံခါးရွက်ကို လေတိုက်နေခြင်း ဖြစ်သည်ဟု တွေးကာ တံခါးရွက်ကို နွားခုပေးလျက် ပြန်လာခဲ့သည်။ (မှတ်ချက်။ ။ တံခါးရွက်များကို မလှုပ်ရှားအောင် ခုပေးရသည့် သစ်သားဖြင့် ပြုလုပ်ထားသော အရာကို နွားဟု ခေါ်သည်။ ရှေးအိမ်ကြီးများတွင် တံခါးတို့ဘေး၌ အသင့်ထားရှိကြသည်။

အိပ်ရာသို့ ပြန်ရောက်လျှင် အ●●●ွေးမျိုးစုံတို့က အဆုံးမသတ်နိုင်လောက်အောင် ခေါင်းထဲတွင် ပေါ်လာနေသော်လည်း စိတ်ပန်းလူပန်း ပန်းနေသောကြောင့် စံပယ်သည် မိမိကိုယ်ကို သတိမထားမိလိုက်ဘဲ အိပ်ပျော်သွားခဲ့သည်။

နံနက် အတော်ကလေး နေမြင့်မှ နိုးကာ၏။ အမိမေတ္တာသည် မျက်နှာသစ်ရေများ ယူလာပေးရင်း မမတာရာ သတင်းကို ပြောသည်။ ဒဏ်မှ သွေးများခြောက်နေပြီ ဖြစ်ကြောင်း၊ ထူထူထောင်ထောင် ရှိနေပြီ ဖြစ်ကြောင်း။ သို့သော် ပျောက်သွားသည့်တိုင် အမာရွတ်ကြီးက ဘယ်တော့မှ ပျောက်လိမ့်မည် မဟုတ်တော့

ဘဲ 'အေ ... ယင်းစွာမ' လွှားလွှားလွှားလွှားနှင့် လင်ထောင်နိုင်လိမ့်မည် မဟုတ်တော့ကြောင်းကို အားရပါးရ ပြောသည်။ စံပယ်က လူတစ်ယောက် ဒုက္ခရောက်နေသည့် အချိန်မျိုးတွင် ဤသို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည့် စိတ်ထားကို မကြိုက်။

တစ်ညလုံး ဒဏ်ရာတွေကို ဆေးထည့်စည်းနှောင် ပြုစုခဲ့ရမှုကို ပင်ပန်းရကျိုး မနပ်အောင် ချေဖျက်ပစ်သည့် စိတ်ထားဟု တွေး၏။ သို့သော် စံပယ်က ဘာမျှ မပြောဘဲ စကားကို လမ်းပြောင်းလိုက်သည်။

'ဧည့်သည်တွေကို ကျွေးနေကျ မနက်စာစာ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ် ဆီဆမ်းနဲ့ လက်ဖက်ရည်ကြမ်းကို ခါတိုင်းလို ဂရုတစိုက် ကျွေးပြီးကြပလား'

အမ်မေတ္တာက သူ ပြောလိုသည့် စကား မဟုတ်သောကြောင့် မကျေနပ်။

'ကျွေးပါသတော် ... ကျွေးပါသတော်၊ ဒါပေမဲ့ စာတော့ မစားနိုင်ဘူးတော့၊ ညည်းတောင် အခုမှ နိုးတယ် မဟုတ်လား'

'ဟာသီ တစ်ယောက်ကော လာစားရဲ့လား'

'လာပါသတော်၊ လာပါသတော်၊ သူလည်း အားလုံးတွေ စားပြီးလို့ ပြန်ကာနီးမှ အများကြီး နောက်ကျပြီး ရောက်လာသတော်၊ သူလာတာဟာ အိမ်ပေါ်လှေကားက ဆင်းလာတာတော့ မဟုတ်ဘူး၊ အိမ်ပြင်ဘက်က ဝင်လာတာ'

စာစာ အိပ်ရာကနိုးပြီး အိပ်ခန်းထဲတွင် အဖော်မရှိသောကြောင့် အိမ်ပြင်သို့ ထွက်နေဟန် ဖြစ်လိမ့်မည်။ ဟာသီသည် ဤအိမ်ကြီး အတွင်း၌ နေရသည်ကိုပင် စိတ်တုန်လှုပ် ချောက်ချားနေဟန် ရှိ၏ဟု စံပယ်က တွေး၏။

ထိုနေ့အဖို့ စံပယ်သည် နေ့လယ်စာ စားချိန်သို့ ရောက်မှပင် ထမင်းစားခန်းသို့ သွားသည်။ ထမင်းစားခန်းတွင် မမျှော်လင့်သူကို တွေ့နေရ၏။

'ဟင် မရှိဘူးထင်လို့ မနက်ကပေါင် ထမင်းစားခန်းကို မရောက်ဘူး၊ မနက် အစောချည်းကတည်းက ဖေယျာနဲ့အတူ ထွက်သွားကြလိမ့်မယ်လို့ ထင်နေတာ'

'ဟုတ်တယ် ... မနက်က ကိုယ်လည်း ဒီထမင်းစားခန်းကို မရောက်ဘူး၊ ခရီး ထွက်ဖို့ဟာလည်း ဗိုလ်ရှုပက ရောက်သင့်တဲ့ အချိန်အထိ ရောက်မလာလို့ စောင့်နေတာ၊ အခု သူရောက်လာသင့်တဲ့ အချိန်ကို လွန်လာပြီ၊ အရေးထဲမှာ မိန်းမချောကလေးတွေနဲ့ လမ်းခရီး ကြုံရင်း တွေ့ပြီး ထုံးစံအတိုင်း နောက်ကများ လျှောက်လိုက်နေသလား မသိဘူး'

ဗိုလ်မှူးရွှေဝံသည် စိတ်ပျက်စိတ်တိုသည့် ဟန်ပန်လေသံတို့ဖြင့် လမ်းလျှောက်နေရာမှ ခေတ္တရပ်လိုက်ပြီး တုံ့ပြန်သည်။ သူသည် ထမင်းစားခန်း အတွင်း၌



စောစောကတည်းက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေဟန် ရှိသည်။ စားပွဲစွန်းထောင့် တစ်နေရာတွင် ဗိုလ်ဝဏ္ဏသည် ဖေယျာနှင့်အတူ မျက်နှာချင်းဆိုင်လျက် ခပ်ရှိုရှို ခပ်ကုပ်ကုပ် မျက်နှာအောက်ချ ထိုင်နေသည်။ သူသည် မျက်နှာကို မော့လိုက်၏။

'ကျွန်တော့်အတွက် တခြား တာဝန် မရှိသေးရင် ဗိုလ်ရှုပကို ကျွန်တော်လိုက်ရှာမယ်'

ဗိုလ်မှူးရွှေဝံသည် ရပ်တန့်လိုက်ပြီး ခဏ ငြိမ်နေသည်။ ထို့နောက် ဗိုလ်ဝဏ္ဏဘက်သို့ လှည့်ပြီး ခေါင်းညိတ်ပြသည်။ ခဏအတွင်း အပြေး ထွက်သွားသော ဗိုလ်ဝဏ္ဏ စီးသွားသည့် မြင်းမှ မြင်းခွာသံတို့ကို ကြားလိုက်သည်။

ဤအိမ်ကြီးရှိ ဧည့်သည်တို့၏ ထမင်းဝိုင်းသည် တစ်ခါတစ်ရံ ထမင်းအချိန်းအချက်ပြု၍ စားကြမှသာ ထမင်းဝိုင်း ရှိရာသို့ လူစုံစု၍ ရောက်လာတတ်သည်။ ထိုသို့မဟုတ်က ထမင်းစားခန်း ရှိရာသို့ ရောက်လာသူတိုင်းကို အဝေးမှ စောင့်ကြည့်နေကြရသော အိမ်ဖော်တို့က ထမင်းဆိုင်ကဲ့သို့ တစ်ဦးစီအတွက် ထမင်းပွဲပြင်ပေးလေ့ ရှိကြသည်။

ယခုလည်း ဗိုလ်ဝဏ္ဏနှင့် ဖေယျာတို့သည် ခပ်စောစောကတည်းက ထမင်းစားပြီးနေပုံရသည်။ ဦးဘောဂသည် အားလုံးတို့နှင့် ခပ်လှမ်းလှမ်းစားပွဲ တစ်နေရာတွင် ထမင်းစားဆဲ ဖြစ်သည်။ စံပယ်နှင့် ဗိုလ်မှူးရွှေဝံတို့ကမူ ထမင်းစားခန်းသို့ ရောက်ကြလျှင် တစ်ယောက်ကို တစ်ယောက် စောင့်၍ နှစ်ဦးစုံညီမှ နှစ်ယောက်စာ ပြင်ခိုင်းလျက် အတူစားလေ့ ရှိကြသည်။ စံပယ်သည် လက်နှစ်ချောင်း ထောင်လျက် ထမင်း နှစ်ပွဲစာ ပြင်ခဲ့ရန် အချက်ပေးလိုက်သည်။ ဗိုလ်မှူးရွှေဝံသည် စံပယ်ရှေ့သို့ လာထိုင်ရင်း ဤထမင်းစားခန်းအတွင်း၌ ၄င်းတို့ နှစ်ယောက်တည်းသာ ရှိကြသကဲ့သို့ စံပယ့်မျက်နှာကို စူးစူးစားစား ကြည့်သည်။ ခပ်စောစောက တွေမြင်ထားရသော ရှုံ့တွန့်နေသည့် ဗိုလ်မှူးရွှေဝံ၏ မျက်မှောင်တွန့်တို့သည်လည်း ယခု မရှိတော့ပါပြီ။

'အေးကွာ ... စံပယ့် မျက်နှာကို မြင်ရတဲ့ အချိန်မျိုးလောက်ပဲ အမြဲပူလောင် လှုပ်ရှားနေရတဲ့ ကိုယ့်စိတ်ဟာ နည်းနည်း နားနေခွင့် ရရတော့တာပဲ'

ဗိုလ်မှူးရွှေဝံ သူပြောချင်ရာ စွပ်ပြောတတ်သော လူကြီးမျိုး ဖြစ်သည်။ ဘေးတွေဘီတွေကို ဘာတစ်ခုမျှ ဂရုမစိုက်။ ဘယ်သူ့ကိုမှလည်း မှုစရာမထင်တတ်။ သို့သော် တိုးတိုးသက်သာ ပြောလိုက်၍ တော်ပါသေးသည်။ စံပယ်သည် ဘာမျှ မပြောဘဲ တုံ့ပြန် ကြည့်နေသည်။ ထိုစဉ် အခန်းတွင်းသို့ ဝင်လာသော ခြေသံကြောင့် လှည့်ကြည့်မိကြသည်။ အဖြူရောင် ရှောစောင်ကို ခေါင်းမှသိုင်းခြုံ၍ မျက်နှာရှိ ဧည်းနှောင်ထားရသည့် ဒဏ်ရာကို မပေါ်အောင် ဖုံးအုပ်ထားသော မမတာရာ။

'မမတာရာတော့ တာရာဂေဟာကို ပြန်တော့မယ်၊ အဲဒါ မင်းက ရထား တစ်စီး အစီအစဉ် လုပ်ပေးပါ'

မမတာရာသည် မည်သည့်ထိုင်ခုံတွင်မျှ မထိုင်ဘဲ ဗိုလ်မှူးစူဝံနှင့် စံပယ်တို့ အကြားတွင် ရပ်လာသည်။

'မဖြစ်နိုင်ဘူး ... မမတာရာ၊ ကြားပြီးထားတဲ့ သတင်းအတိုင်းဆိုရင် ရန်သူ့ဘက်သားတွေဟာ လမ်းတွေတိုင်းမှာ ပိတ်ပြီး စစ်လားဆေးလား လုပ်နေကြ လောက်ပြီ'

'မမတာရာတော့ အဲဒီကြားထဲကပဲ ရအောင် ဖြတ်ပြန်ဖို့ စိတ်ကူးတယ်၊ မင်းပေးတဲ့ တာဝန်ကို မမတာရာ ဆောင်ရွက်ပြီးပြီ မဟုတ်လား၊ မမတာရာဘက်က တာဝန် ကျေပြီးပြီ မဟုတ်လား၊ ဘာလိုသေးလဲ'

စကားပြောနေသည့် တစ်ချိန်လုံး မမတာရာသည် ဦးဘောဂကို တစ်ချက်မျှ လှည့်မကြည့်။ ဤအခန်းထဲတွင် ရှိနေသော လူတစ်ယောက်ကဲ့သို့မျှ သဘောမထား။ စံပယ်သည် ဗိုလ်မှူးစူဝံတို့ မောင်နှမနှင့် မိမိတို့ မောင်နှမကို ချိန်ထိုးကြည့်မိသည်။

'ဘယ်လိုမှ မဖြစ်သေးလို့ဘဲ မမတာရာ၊ အခုလောလောဆယ်က ကျွန်တော်တို့ အားလုံးရဲ့ သေရေးရှင်ရေး ကိစ္စကြီးကို အရင် ဆောင်ရွက်ရမှာပဲ၊ နည်းနည်း အသက်ရှူ ချောင်လောက်တာနဲ့ မမတာရာအတွက် ကျွန်တော် ဦးစားပေးပြီး စီစဉ်မယ်'

ဗိုလ်မှူးစူဝံ၏ စကား မဆုံးမီကပင် လင်းသာဂေဟာကြီး အတွင်းသို့ ဒုန်းစိုင်း ဝင်လာသည့် မြင်းခွာသံ တစ်ခုကို ကြားရသည်။ ဖေယျာသည် ပြတင်းဆီသို့ ပြေးသွားကာ ဝင်လာသူကို ကြည့်သည်။ ဖေယျာက ဗိုလ်မှူးစူဝံတို့ဘက်သို့ ရုတ်ခြည်း လှည့်လျက် ဗိုလ်ရှုပဟု အော်လိုက်သည်။

ဖေယျာ အော်ပြောပြလိုက်ပြီး မရှေးမနှောင်းပင် ဖုံအလိမ်းလိမ်း ကပ်သော ကိုယ်ဖြင့် ထမင်းစားခန်း အတွင်းသို့ အရေးတကြီး ဝင်လာသော ဗိုလ်ရှုပကို တွေ့ရသည်။ သူသည် မောမောဟိုက်ဟိုက် သက်ပြင်းရှိုက်ရင်း ရေဖလားကို လှမ်းကိုင်သည်။

'ကျွန်တော်တို့ သစ္စာအဖောက်ခံရပြီ ခင်ဗျ'

ဗိုလ်မှူးစူဝံသည် စားမည့်ထမင်းကို လက်တွင် ကိုင်ရင်း စောင့်နေ၏။ ဗိုလ်ရှုပက ဖလားထဲရှိ ရေကို အငမ်းမရ သောက်ချပြီး ပင့်သက် မှုတ်ထုတ်လိုက်၏။



'နန်းချောင်းဘက်က ကျွန်တော်တို့ရဲ့ လျှို့ဝှက်အဖွဲ့ ခေါင်းဆောင်တွေကို သားတော်ကြီး အစိုးရတပ်ဗိုလ်တွေက ခု ဆွမ်းခံပြန် အချိန်လောက်ကလေးမှာပဲ နာမည် စာရင်းကြီးနဲ့ လိုက်ဖမ်းနေကြပြီ၊ ကျွန်တော်တောင် နန်းချောင်းက ကိုရွှေမောင်တို့ အိမ်အရောက် ကိုရွှေမောင်က ထမင်းကျွေးနေတုန်း အိမ်လာဝိုင်းတာနဲ့ အိမ်အောက် လှိမ့်ဆင်းပြီး စပါးပုတ်ကြီးထဲ ဝင်ခိုနေခဲ့ရတယ်၊ အဲဒီမှာ ပရပိုက် တစ်ခုနဲ့ ဖမ်းရမယ့် လူတွေရဲ့ နာမည်ကို ဖတ်တာ ကြားခဲ့ရတာပဲ'

ဗိုလ်ရှုပက စကား ရပ်လိုက်သောအခါ ဗိုလ်မှူးစူဝံက မျက်လွှာချလိုက်ပြီး ထမင်းကို ဆက်စားသည်။ စံပယ်က ထမင်းမစားနိုင်တော့။ အားလုံး တိတ်ဆိတ်စွာဖြင့် ဗိုလ်မှူးစူဝံမျက်နှာကို ဝိုင်းကြည့်နေကြသည်။ ဗိုလ်မှူးစူဝံက အစားမပျက် ခေါင်းမမော့ဘဲ ထမင်းဟင်းခွက်တို့ကိုသာ ကြည့်ရင်း အမဲနှပ်တုံးကြီးကို ပန်းကန် ထဲသို့ ဆယ်ထည့်သည်။

'နာမည်တွေက နန်းချောင်းဘက်က လူတွေချည်းပဲလား၊ တခြား ဘယ်က ပါသေးတုံး'

'နာမည်တွေကတော့ နန်းချောင်းကချည်းပဲ၊ ဒါပေမဲ့ မြန်မြန်လုပ်ကြပေါ့၊ လင်းသာကို သွားရမယ့် အဖွဲ့ထဲမှာလည်း တို့ပါရလိမ့်ဦးမယ်၊ အဲဒီကို သွားဖို့က အချိန်ယူ စီစဉ်ပြီး တပ်ကြီးနဲ့ ချီသွားရမှာ၊ အဲဒီမှာ တို့ဘက်က လိုချင်နေတဲ့ အရေးကြီး ခေါင်းဆောင်တွေ ရှိတယ်လို့ ပြောတာကို ကြားခဲ့ရတယ် ခင်ဗျ'

ဗိုလ်မှူးစူဝံက ပြုံးသည်။ ထို့နောက် လက်ဆေးခွက်ထဲသို့ လက်နှိုက်သည်။

'ဒါဖြင့်ရင် ဗိုလ်ဝဏ္ဏ ပြန်လာရင်လည်း ကြားရလိမ့်ဦးမယ် ထင်တယ်၊ ဗိုလ်ဝဏ္ဏလည်း ဗိုလ်ရှုပနောက်ကို ရှာရအောင် ဆိုပြီး လိုက်သွားလေရဲ့'

'ဟာ ... ဟုတ်ပြီ၊ ကျွန်တော် တွေ့ခဲ့တယ်၊ တူတယ်လို့တော့ ထင်သား၊ လူတစ်ယောက်နဲ့ ရန်သူတပ်သား ခုနစ်ယောက်လောက် တိုက်ခိုက် ခုတ်ထစ်နေ ကြတာကို တွေ့ခဲ့ရတယ်၊ ဗိုလ်ဝဏ္ဏနဲ့ တူသလိုလိုတော့ အထင်သား၊ ဒါပေမဲ့ ကူနေလို့ မဖြစ်ဘူး၊ ဒီမှာ သတင်း လာပေးနိုင်ဖို့က ပိုပြီး အရေးကြီးနေတော့ သူတို့က မမြင်မိဘဲ မြင်းကို အတင်း စိုင်းလာခဲ့ရတာ ကဲ အခု ကျွန်တော်တို့ ဘယ့်နှယ် လုပ်ကြမတုံး'

'ဟုတ်တယ် ကျုပ်လည်း ဒါ မေးမလို့ပဲ'

တစ်ချိန်လုံး မိမိဘာသာ မိမိ တစ်ယောက်တည်းကဲ့သို့ ဖြစ်နေသော ဦးဘောဂ ကပါ ဝင်ထောက်လိုက်သည်။ ဗိုလ်မှူးစူဝံသည် ဦးဘောဂ ရှိရာသို့ မျက်လွှာပင့်လိုက်ပြီး မျက်လုံးကို ဗိုလ်ရှုပဘက်သို့ ရွှေ့လိုက်သည်။

'လူတစ်ယောက်ကို လူခုနစ်ယောက်တို့က ဝိုင်းတိုက်နေတယ် ဆိုတာမှာ အဲဒီ ခုနစ်ယောက်ကို ဘာဖြစ်လို့ ရန်သူ တပ်သားရယ်လို့ ပြောနိုင်ရတာလဲ'

'ကျွန်တော်တို့ တွေ့ဖူး မြင်ဖူးနေကြတဲ့ မြို့စားပုံချီကြီးရဲ့ တပ်က အကောင်မျိုးတွေ ဝတ်နေကြတဲ့ အဝတ်မျိုးတွေချည်းပဲ၊ သူတို့ မြင်းမှာ ဆင်ထားတဲ့ မြင်းကကြိုးတွေကလည်း အဲဒီအကောင်တွေရဲ့ မြင်းကကြိုးတွေပဲ၊ အဝေးကြီးက သိသာပါတယ်၊ ကိုရွှေမောင်တို့ အိမ်ထဲ ဝင်လာကြတာလည်း အဲဒီ ဝတ်စုံမျိုးတွေပါပဲ'

'အေး ... ဒီလိုဆိုရင်တော့ သေချာပြီ၊ ရန်သူ့ဘက်က တကယ်ပဲ အတိအလင်း သတင်း ရသွားတာ ဖြစ်မယ်'

ဗိုလ်မှူးရှုဝံသည် ပြောပြောဆိုဆို နေရာမှ ဖြုန်းခနဲ ရပ်လိုက်ပြီး ဧယျာဘက်သို့ လှည့်လိုက်သည်။

'ကဲ ... ဧယျ သားတော်ငယ်ရဲ့ လှေတပ်သားတွေ ချောင်ခိုပြီး စခန်းချနေတဲ့ ဆိပ်ကမ်းကို အရောက်သွား၊ အဲဒီမှာ လေသင်းမှူး ကျော်ခေါင်ကို တွေ့အောင်ရှာ၊ ငါ စာစောင် ရေးပေးလိုက်မယ်၊ ပရပိုက်အုပ်နဲ့ ကံ့ကူဆံ သွားယူလိုက်စမ်း'

ဧယျာသည် ဗိုလ်မှူးရှုဝံ၏ စကားဆုံးသည်နှင့်နေရာမှ ထကာ ပရပိုက်အုပ်နှင့် ကံ့ကူဆံကို ယူ၍လာလေသည်။ ဗိုလ်မှူးရှုဝံသည် ပရပိုက်အုပ်ပေါ်တွင် ကံ့ကူဆံဖြင့် စာဆယ့်ငါးကြောင်းခန့် ရေးလိုက်ပြီးနောက် ပရပိုက်အုပ်ထဲမှာ ထိုစာရေးထားသည့် အချပ်ကို ဆုတ်၍ ဧယျာသို့ ပေး၏။

'ကဲ ... ဟိုရောက်ရင် မင်းပါ သီဟနဲ့အတူ တွဲပြီး အကယ်လို့ လိုအပ်လာရင် ခရီးလမ်းအတွက် မင်းက ဦးဆောင်ရမယ်၊ ကြားလား'

ဧယျာသည် ရင့်ကျက်ပြီးသော စစ်သားကြီး တစ်ယောက်ကဲ့သို့ တည်ငြိမ်စွာ နာခံ၏။ ထို့နောက် ဦးရီးတော်ဖြစ်သော ဗိုလ်မှူးရှုဝံကို ကန်တော့ကာ အခန်းထဲမှ ထွက်သွားသည်။

'ဒီမှာ ကိုရှုပ၊ ခင်ဗျားလာတော့ မြို့စားပုံချီကြီးရဲ့ ရဲမက်တွေက နေရာအနှံ့ လမ်းတွေ ဘာတွေ ပိတ်ဆို့ပစ်လိုက်ကြပြီလား၊ ဒီအဖမ်းခံရတဲ့ လူတွေဟာ တစ်နေ့က ဒီလင်းသာ ဂေဟာကြီးထဲမှာ ရက်ရွှေ့ဖို့ အစီစဉ် ပြောင်းလိုက်ကြမှ အတည်ပြု သတ်မှတ်ပေးလိုက်တဲ့ လူတွေ မဟုတ်လား၊ ဒီတော့ ဒီလူတွေ အကုန်လုံးကို သိတာဟာ လင်းသာ ဂေဟာကြီးထဲမှာရှိတဲ့ သူတွေကသာသိရမယ်၊ ဒါ့ကြောင့် သစ္စာဖောက်ဟာလဲ ဒီလင်းသာဂေဟာကြီးထဲမှာ အသင့်ရှိနေတဲ့ သစ္စာဖောက်ဟာ မြို့စားပုံချီကြီးတို့နှင့် ပေါင်းပြီး ကျုပ်တို့ကို ပုံချီကြီးရဲ့ လက်ထဲသို့ထိုးအပ်ဖို့ ကျုပ်တို့နှင့်အတူ အသင့်ရှိနေတယ်လို့ကော မတွေးနိုင်ဘူးလား'



ထိုစဉ်၌ပင် ဧယျာ၏မြင်းသည် အိမ်ဝင်းကြီးအတွင်းမှနေ၍ လေထဲသို့ လွင့်သလို ပြေးထွက်သွားခဲ့သည်။ ဗိုလ်မှူးရှုဝံသည် မြင်းခွာသံများ ပေါ်ပေါက်ရာဘက်သို့ မမြင်ရဘဲ လှည့်ငေးနေရာမှ ငိုက်ရာမှ လန့်နိုးသလို ဦးဘောဂဘက်သို့ လှည့်လိုက်သည်။

'ကဲ ခုန ခင်ဗျားပြောတဲ့စကားဟာ အားလုံးမှန်တယ် ဆိုပါတော့။ ခင်ဗျားက ဘယ်လို လုပ်ချင်သလဲ'

'အဲဒါက ကျုပ်လုပ်ရမှာ မဟုတ်ဘူး၊ ခင်ဗျား လုပ်ရမှာ ခင်ဗျားက ဒီအထဲမှာ လူကြီး၊ ဒီတော့ သစ္စာဖောက်ကို ရှာပြီး ခင်ဗျားကိုယ်တိုင် အရေးယူရမယ်'

အမှန်အားဖြင့် ဦးဘောဂသည် သတ္တိရှိလှလွန်း၍ ဤကဲ့သို့ ပြောခြင်းမဟုတ်။ ဗိုလ်မှူးရှုဝံက ချော့ချော့မော့မော့နှင့် ဖက်လဲတကင်း ပြုလုပ်နေသောကြောင့် တဖြည်းဖြည်း အရွံ့ပြယ်ကာ အခါတိုင်းကဲ့သို့ ပြောရဲဆိုရဲ ဖြစ်နေသည် တစ်ကြောင်း၊ မမတာရာနှင့် ပတ်သက်၍လည်းကောင်း ၎င်းအစ်မနှင့်အတူ တစ်အိပ်ရာတည်း နေခဲ့သူဖြစ်သောကြောင့် မောင်ငယ်မျှဖြစ်သော ဗိုလ်မှူးရှုဝံကို အရိုသေ တန်လာသည် တစ်ကြောင်း၊ ယခု မမတာရာ၏ ပြုမူပုံကို စိတ်တွင်းမှ ခံပြင်း နာကြည်းလှသည် ဖြစ်ရာ ထိုနာကြည်းမှုကို ချေပရန် ပြောစရာအကြောင်း တိုက်ဆိုင်နေသည့် ဗိုလ်မှူးရှုဝံကို ဖိပြောနေခြင်း ဖြစ်သည်။ ဗိုလ်မှူးရှုဝံက ဦးဘောဂ မျက်နှာကို ကြည့်၍ ပြုံးပြုံးကြီး ဖြစ်လာသည်။

'ဒါဖြင့် ကျုပ် အရေးယူမယ်၊ လင်းသာအိမ်ကြီးထဲမှာရှိတဲ့ တစ်စုံတစ်ယောက်လို့ ထင်ရတဲ့ ဒီကိစ္စဖောက်ကို ခင်ဗျား ကိုယ်တိုင် အခုချက်ချင်း ဖမ်းပေးပြီး ကျုပ်လက်ကို အပ်ပါလို့ အမိန့်ပေးတယ်'

ဦးဘောဂက ဗိုလ်မှူးရှုဝံ မျက်နှာကို အကဲခတ်သလို ကြည့်သည်။ ဗိုလ်မှူးရှုဝံ မျက်နှာကို ခပ်ဖြီးဖြီး မြင်နေရ၏။

'ဒါ ခင်ဗျား မဖြစ်နိုင်တာ ပြောနေတာပဲဗျ၊ ကျုပ်က ဘယ်နဲ့လုပ်ပြီး ဒီသစ္စာဖောက်ကို ချက်ချင်းရှာပြီး ဖမ်းပေးနိုင်မှာလဲ'

ဗိုလ်မှူးရှုဝံသည် ခပ်သောသော ရယ်မောရင်း ဦးဘောဂရှေ့သို့ သွားရပ်သည်။ ထို့နောက် ဦးဘောဂ မျက်နှာကို စေ့စေ့ကြည့်၍ ရယ်သည်။ ရယ်နေရာမှ ဦးဘောဂ၏ ပါးကို ဖြောင်းခနဲ မြည်အောင် ရိုက်လိုက်သည်။ လဲတော့မတတ် တစ်ဖက်သို့ ယိမ်းယိုင်သွားသော ဦးဘောဂ၏ ကျန်ပါးတစ်ဖက်ကို နောက်တစ်ကြိမ် ထပ်ရိုက်လိုက်ပြန်သည်။ ဦးဘောဂသည် တစ်ဖက်သို့ ပြန်ယိမ်းလာကာ စားပွဲကို မှီလျက် လဲကျသည်။ ဦးဘောဂ၏ ပခုံးနှင့် လက်မောင်းတို့တွင် ရထားသော ဒဏ်ရာတို့မှ

လည်း သွေးများ ယိုစီးကျလာသည်။ သို့သော် ဗိုလ်မှူးရှုဝံက ဦးဘောဂ၏ ရင်ဝကို ခြေဖြင့် ဆင့်၍ ကျောက်လိုက်ရာ ဦးဘောဂသည် ကြမ်းပြင်ပေါ်သို့ ပက်လက်လဲကျသွားသည်။

'ဘာလဲ … လူကြီးက အမိန့်ပေးတာကို ဒီလိုပဲ ပြန်ပြောရသလား၊ လူကြီးမှာ တာဝန်ရှိတယ်၊ လူကြီးက လုပ်ရမယ်ဆိုပြီး အခု လူကြီးက အမိန့်ပေးနေတာကို မိန်းမဆိုး ရန်တွေ့သလို ပြန်ပြောနေတယ်၊ အမိန့်ပေးတာကို ပြန်ပြောရင် အာကို ဓားနဲ့ အပေါက်ခံရတယ်ဆိုတာ နားမလည်ဘူးလား၊ ခင်ဗျားမှာ အခု ဘယ်လို အပြစ်မျိုး ရှိနေပြီလို့ ထင်သလဲ၊ ခင်ဗျား ကိုယ်တိုင် ဒီသစ္စာဖောက်ကို ဖမ်းပေးပါဆိုတော့ မဖြစ်နိုင်မှန်း သိလာတယ် မဟုတ်လား၊ မဖြစ်နိုင်သေးလို့ မဖမ်းသေးတဲ့ဟာကို လူတွေ တစ်ယောက်နဲ့ တစ်ယောက် စိတ်ဝမ်းကွဲအောင် ယုန်ထင် ကြောင်ထင် ထင်ကြကုန်အောင် အရေးကြီးလို့ ပိုပြီး စည်းလုံးရမယ့်အချိန်မှာ စည်းလုံးမှု ပြိုကွဲ ပျက်ပြားအောင် ပြောနေတာ ခင်ဗျား၊ ခင်ဗျားဟာ အန္တရာယ်၊ ဒီတော့ ကျုပ်တို့ စည်းလုံးမှု မပြိုကွဲ မပျက်ပြားအောင် ခင်ဗျားကို ဖယ်ထုတ်ပစ်ရမယ်၊ ဒီမယ် အသက်နဲ့ ဖယ်အထုတ်ခံမလား၊ အသေကောင်အဖြစ် ဖယ်အထုတ်ခံမလား ဆိုတာ ခင်ဗျားဟာ ခင်ဗျားရွေး'

ဦးဘောဂ မျက်နှာတွင် သွေးဆုတ်နေသည်။ ဦးဘောဂ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ မိမိ အမှတ်မထင် ရောဝင် ဆက်ဆံလာခဲ့သော ဗိုလ်မှူးရှုဝံ ဆိုသူသည် မိမိကဲ့သို့သော သူမျိုးကို အလွယ်ကလေး ချေမှုန်းနိုင်သော လူအင်အား၊ စိတ်ဓာတ်အင်အား၊ အဆင့်အဘန်း အင်အား ရှိသူပါကလားဟု သတိထားမိလာသည်။ ရှေးကတည်းက ကျော်ကြားလှသော ဗိုလ်မှူးရှုဝံကို မိမိသည် ဘာကြောင့်များ အမှတ်မထင် ရောဝင်ဆက်ဆံလျက် ပေါ့ပေါ့တန်တန် သဘောထားခဲ့မိပါသနည်းဟု မိမိကိုယ်မိမိ ယူကျုံးမရ နောင်တရလာသည်။ ဦးဘောဂသည် မိမိကိုယ်ထက်မှ လွင့်စင်ကျကုန်သော ပုရပိုက်စနှင့် ပဝါစ၊ ငွေစကလေးများကို မဝံ့မရဲ ကောက်ယူရင်း မျက်လွှာချလိုက်ပြီး ခပ်တိုးတိုး ပြောသည်။

'ကျွန်တော် အခု ဒီက ထွက်သွားပါ့မယ်'

သူသည် ခေါင်းငိုက်စိုက်နှင့် ခပ်ရို့ရို့ ထွက်လာရင်း ဗိုလ်ရှူပရှေ့၌ ရပ်သည်။

'ဗိုလ်ရှူပ ကျွန်တော် လှေဆိပ်တစ်ခုခုကို ရောက်အောင် သွားဖို့၊ ရန်သူ တပ်သားတွေနဲ့ လွတ်မယ့် လမ်းတစ်ခုခုကို ညွှန်ပေးပါလားဗျာ'

မည်သူ့ကိုမျှ ထီမထင်သော ဟန်ပန်လေသံတို့ဖြင့် ဗိုလ်မှူးရှုဝံနှင့် ပခုံးချင်း



ယှဉ်ကာ လင်းသာဂေဟာကြီးသို့ ဝင့်ဝင့်ဝါဝါ ရောက်ဝင်လာသော ဦးဘောဂ၏ အပြန်ခရီးမှာ ကုပ်ကုပ်ရို့ရို့ နိုင်လှသည်။ မြင်းစောင်းတွင်းမှ မြင်းတစ်စီးကို မဝံ့မရဲ ဆွဲယူ ပြင်ဆင်၍ ခြေသံမမြည်အောင် စီးထွက်သွားခဲ့သည်။

ဗိုလ်မှူးရှုဝံသည် တစ်ချက်ချင်း နင်းထွက်သွားသည့် မြင်းခွာသံကို နားစွင့်နေရင်း ကြွေးမြီတစ်ခု ရှင်းသွားရသကဲ့သို့ မျက်နှာကြည်လာသည်။

'တခြား ဘယ်လိုများ ထူးခြားတဲ့ သတင်းတွေ ကြားလာခဲ့ရသေးသလဲ ဗိုလ်ရှူပ'

'ရန်သူတွေ လာမဝိုင်းခင် အကျွန် ထမင်းစားနေတုန်း ကိုရွှေမောင်က ပြောပြတယ်၊ ဒီနေ့မနက် စောစောကြီးက နန်းချောင်းက ကလန်ကြီး အိမ်ရှေ့ကို လူတစ်ယောက် ရောက်လာပြီး ပုရပိုက် အပိုင်းကလေးတစ်ခု ပေးသွားတယ်တဲ့၊ အဲဒီ ပုရပိုက် အပိုင်းထဲမှာပဲ နန်းချောင်းက လျှို့ဝှက်ခေါင်းဆောင်တွေရဲ့ စာရင်းနဲ့ ဗိုလ်မှူးရှုဝံ ဦးဆောင်တဲ့အဖွဲ့ စခန်းချနေတဲ့ နေရာပါ ပါလာပြီး အမြန်ဆုံး လာရှင်းပါတော့လို့ တောင်းပန်ထားသတဲ့၊ နန်းချောင်း ကလန်ကြီး အိမ်က လူတွေက အဲဒီပုရပိုက် လာပေးသွားတဲ့ လူကို မှတ်မိလိုက်ကြလို့ လိုက်ရှာနေကြတယ်၊ သူ့ကို သေသေချာချာ မေးပြီးတော့မှ ပိုင်ပိုင်နိုင်နိုင် အင်အားကြီးကြီးနဲ့ ဝိုင်းတိုက် ဖမ်းဆီးကြဖို့ စီစဉ်သတဲ့၊ ကိုရွှေမောင်လည်း သူ့ပစ္စည်းတွေ ဖျက်ဆီးပြီး ထွက်မယ့် ဆဲဆဲ အကျွန် ရောက်သွားလို့ ထမင်း ကျွေးနေတုန်း ရန်သူတွေက လာဝိုင်းကြတာပဲ'

ဗိုလ်မှူးရှုဝံသည် မျက်မှောင်ကျုံ့၍ နားထောင်နေရင်းမှ ဗိုလ်ရှူပ၏ စကားဆုံးသည်နှင့် အသံပြင်းစွာပြုကာ တဟားဟား ရယ်ချလိုက်သည်။ ထမင်းစားခန်းအတွင်းရှိ လူအားလုံးတို့သည် ဗိုလ်မှူးရှုဝံ၏ မျက်နှာကို ပြူးကြောင်သော မျက်လုံးတို့ဖြင့် ဝိုင်းကြည့်မိကြသည်။ ထမင်းစားခန်း၏ ထောင့်ခပ်ဝေးဝေးတွင် ကုပ်ကုပ်ရို့ရို့ မျက်နှာ အောက်ချလျက် ငြိမ်သက်နေသော ဟသ်ာသည်ပင်လျှင် မျက်နှာမော့လာကာ ဗိုလ်မှူးရှုဝံကို လှမ်းကြည့်နေခဲ့သည်။

ဗိုလ်မှူးရှုဝံသည် အရယ်ရပ်သွားသည့်တိုင် မျက်နှာက အပြုံးကြီး ပြုံးရင်း ဗိုလ်ရှူပသို့ ကြည့်သည်။

'အဲဒီ ပုရပိုက် လာချသွားတယ်ဆိုတဲ့ သူဟာ ဘယ်အချိန်လောက် လာချတာတဲ့လဲ'

'အဲဒါတော့ မမေးမိဘူး ဗိုလ်မှူး၊ အစောချည်း ဖြစ်ပုံရတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကလန်ကြီးက အဲဒီနောက် လိုက်ခိုင်းတော့ မတွေ့တော့ဘူး ဆိုတာဟာ လင်းရောင် မလာသေးလို့သာ မတွေ့တာပဲ၊ နောက်မှ ပုရပိုက်ကို မြို့ဝန်ဆီ သွားပို့တာ

သူ့ကို မှတ်မိလိုက်ကြတာကတော့ ကလန်ကြီးအိမ် ဘယ်အိမ်လဲဆိုတာ ရွာထဲက နှစ်ယောက် သုံးယောက်ဆီမှာ မေးလာလို့ မှတ်မိလိုက်ကြတာတဲ့'

ဗိုလ်မှူးရှုဝံက တအားကြီး ပြုံးလိုက်ပါသည်။

'ဟုတ်တာပေါ့၊ ကျုပ်တို့ သစ္စာဖောက်ခံလိုက်ရတာပဲ၊ ကဲ ကိစ္စမရှိဘူးလေ ဒီလိုလုပ်'

'ဟုတ်ကဲ့ ဗိုလ်မှူး'

ဗိုလ်ရှုပက လေးလေးစားစားဖြင့် ရတ်တရက် နေရာမှ ထရပ်လျက် နာခံနေသော်လည်း ဗိုလ်မှူးရှုဝံ၏ မျက်နှာသည် ပြုံးဖြဲ ပြုံးဖြဲ ရှိနေခဲ့သည်။ ထို့ပြင် ဗိုလ်မှူးရှုဝံ၏ ကိုယ်လက်ဟန်ပန်တို့ကလည်း စောစောကဲ့သို့ ထိုင်းမှိုင်းလေးကန် စိတ်ရှုပ်ထွေးနေဟန်မျိုး မဟုတ်ဘဲ ဖျတ်လတ်ပေါ့ပါး မြူးကြွားကြွား အသွင်သို့ ပြောင်းလဲလာသည်။

စံပယ်က သီဟ ပြောဖူးသည့် စကားကို သတိရလာသည်။ 'ဦးရီးတော် ဗိုလ်မှူးရှုဝံ ပြန်လာပြီး ဖျတ်ဖျတ်လတ်လတ် ဖြစ်နေပြီဆိုရင် သတိသာထားတော့ ထွီးထွီးရေ၊ တစ်ခုခု နာနာကြည်းကြည်း စိတ်ထိခိုက်ရလောက်တဲ့ ကိစ္စမျိုးနဲ့ ရင်ဆိုင်ကြရတော့မယ်သာ မှတ်တော့' ဟူသော စကားဖြစ်သည်။

'အေး မင်းဖေယျတို့နောက် ထပ်လိုက်သွား၊ တို့ဟာ အစီအစဉ်ပြောင်းပြီး ရက်ရွှေ့ပစ်ဖို့ အကြောင်းကြားနိုင်တာဟာ သုံးနေရာပဲ ရှိသေးတယ်၊ ကျန်တဲ့နေရာတွေကို နောက်ထပ် အချိန်မီ ဆက်တိုဆက်တိုက် မြင်းစေကျော်တွေ လွှတ်ပြီး အကြောင်းကြားခိုင်းဖို့ကလည်း တို့မှာ ပြဿနာတွေ ဖြစ်နေတာ ဗိုလ်ရှုပ အသိပဲ၊ အခု သစ္စာဖောက်ခံရတယ် ဆိုတာက အစီအစဉ် ပြောင်းကြောင်းကို အကြောင်းကြားနိုင်တဲ့ သုံးနေရာက လူတွေကိုသာ သစ္စာဖောက်နိုင်တာကို အဲဒီတော့ ကိုယ်တော်ကလေးဆီ ပြန်လိုက်သွား အစီအစဉ်အတိုင်း လုပ်ဖြစ်မယ်လို့ အကြောင်းကြား'

နောက်တစ်ခုက ကင်းမော်ဆိပ်ကမ်းကို တက်ဖို့အတွက် တပ်မတော်ထဲမှာ အပြစ်ရှိတဲ့လူတွေ အားလုံးစုပြီး ရေတပ်တစ်ခု သီးသန့်ဖွဲ့ပေးပါ။ အင်အားကြီးတဲ့ ရေတပ်ကြီးနဲ့ တူအောင် လှေအတုတွေ လူရုပ်တုတွေလည်း ညချင်းလုပ်ပြီး ထည့်ထားပါ၊ အဲဒါကို ဗိုလ်မှူးရှုဝံ လာပြီး ခေါင်းဆောင် တိုက်ခိုက်ပါလိမ့်မယ်လို့ လျှောက်ထား ပြီးတော့ ...

'အဲဒီက မဟာပညာကျော်တို့ကိုလည်း မှာကြားလိုက်ပါတယ်လို့ ဒီတိုက်ပွဲဟာ အောင်မြင်မှုဘက်က များတဲ့ တိုက်ပွဲပါလို့၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်တို့က



အင်အားမရှိပေမယ့် လူတွေက ကျုပ်တို့ဘက်ကနေပြီး အတင်း ဝင်တိုက်ကြမှာမို့ နိုင်မှာပါလို့'

ဗိုလ်ရှုပက 'ဟုတ်ကဲ့ ခင်ဗျ' ဟု အသံပြုလျက် လေးလေးစားစား နားထောင်သည်။ သို့သော် ဗိုလ်မှူးရှုဝံ၏ မျက်နှာသည် အဝေးသို့ ငေးသွားပြန်သည်။ ဗိုလ်ရှုပကို ပြောနေသည်နှင့် မတူဘဲ မိမိဘာသာ ရေရွတ်နေသကဲ့သို့ စကားလုံးတို့က ထွက်လာသည်။ သို့သော် တစ်ခန်းလုံးက ဗိုလ်မှူးရှုဝံ၏ စကားကို နားစိုက်နေကြသည်။

'လူတွေ ဆိုတာက ကိုယ့်မှာ တကယ်ရှိတဲ့ ကိုယ် အမြဲ ပိုင်ဆိုင်ထားတဲ့ အရည်အချင်းဟာ ဘယ်လောက်သာ ရှိပါကလား ဆိုတာ သိတတ်သူ နည်းကြတယ်၊ ကိုယ့်အတွက် အခါအခွင့်ကောင်းကလေး ရလိုက်ပြီး ကိုယ့်လှုပ်ရှားမှုကလေးနဲ့ မတော်တဆ တိုက်ဆိုင်လို့ အောင်မြင်လာတတ်တာမျိုးတို့ ...

စွန့်စား ကောက်ကျစ်ပြီး သူရဲဘောကြောင်ကြောင်နဲ့ အပိုင်စီးလိုက်တာကလေးတွေက အခါအခွင့်နှင့် ညီညွတ်ပြီး အောင်မြင်ခဲ့ရတာတို့။ အဲဒီလို အောင်မြင်ခဲ့ရတာမျိုးနှင့် တစ်သက်တစ်ခါ မတော်တဆ ကြုံကြိုက်လာကြတဲ့ အချိန်မှာ အဲဒီလူတွေဟာ အဲဒါတွေကို သူတို့ရဲ့ သူမတူတဲ့ အရည်အချင်းတွေလို့ ထင်မှတ်ထားလေ့ ရှိကြတယ်။ ပြီးတော့ သူတို့ဟာ သူတို့နှင့် မတန်မရာတဲ့ ပတ်ဝန်းကျင်ထဲကို ရောက်နေကြရပြီး သူတို့ အရည်အချင်းနှင့် မတန်မမီတဲ့ စည်းစိမ်တွေကို ပိုင်ဆိုင်လာတတ်တယ်။ သူတို့နှင့် မတန်မမီတဲ့ ရာထူးနေရာတွေကို ပိုင်ဆိုင်လာတတ်ကြတယ်။ အဲဒါတွေကို။

သူတို့က သူတို့ပိုင် အရည်အချင်းတွေကြောင့်လို့ ထင်ပြီး ထိုက်ထိုက်တန်တန် အရည်အသွေးရှိလို့ ရထားတဲ့ သူတွေကိုလည်း သူတို့နှင့် တန်းတူလို့ ထင်လာတယ်။ အရည်အချင်း ရှိပေမယ့် အခါအခွင့်က မပေးလို့။ ဒါမှမဟုတ်ရင် ဒီလို အခွင့်အရေးမျိုးတွေကို ယူကို မယူချင်လို့ သူတို့လို ရာထူးနေရာ စည်းစိမ်ဥစ္စာ မပိုင်ဆိုင်ရတဲ့ လူတွေကိုလည်း သူတို့က နိမ့်ကျညံ့ဖျင်းတဲ့ အလကား နွားကြီးတွေလို့ ထင်မှတ်ပြီး စော်ကားမော်ကား အလွန်လုပ်လေ့ ရှိကြတယ်။

ဒါပေမဲ့ အစော်ကားခံနေကြရတဲ့ သူတွေက ဒီလိုနေရာ ဒီလို အဆင့်ကို ရောက်လာရင် ခွေးဖြစ်နေပါစေ အဲဒီခွေးက ခြေသလုံးကို လာကိုက်အောင် မရိုက်ရဘူး၊ မကန်ရဘူး ဆိုတဲ့ ရိုးရာ ယဉ်ကျေးမှု အစဉ်အလာက ရှိထားတော့ ခံကြတယ်။

ဒီလို ခံကြတာကိုပဲ သူတို့ကို မဓာဝံ့လို့၊ လူညံ့လူဖျင်းတွေမို့ ခံကြတာ ထင်ပြီး ဆက်တိုက် ဆင့်ဆင့် စော်ကားလာတော့ အခုန ဘောဂကြီး ခံလိုက်ရသလို ခံကြရတတ်တာပဲ။

အဲဒီအတိုင်းပဲ အခု နေရာတိုင်းမှာ လိုက်ပြီး နှိပ်စက် စော်ကားနေကြတဲ့ အာဏာပိုင်တွေကို နေရာတိုင်းမှာ အနှိပ်စက် အစော်ကား ခံနေကြရတဲ့ တိုင်းသူပြည်သားတွေက ရင်ထမှာ တနုံ့နုံ့ ဖြစ်နေကြတယ်။

တစ်နေရာရာကသာ တကယ် ရေရေရာရာထပြီး တိုက်ပြနိုင်ရင် အဲဒီ တိုက်ပြ နိုင်တဲ့တက်ကို အကုန်လုံး ပါလာမှာပဲ။ ဒါကြောင့် ဗိုလ်မှူးရှုဝံက သူ့အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ပျက်ကွက်ခဲ့ပေမယ့် ဆက်ဆက်ကြီး အနိုင် တိုက်မပေးဖို့ ရောက်လာပါလိမ့်မယ်လို့သာ မဟာပညာကျော်တို့နဲ့တကွ သားတော်ကလေးကို လျှောက်ထားနှင့်ပေရှေ့’

သူသည် စစ်တိုက်တာနှင့် မိန်းမ ဆွဲတာသာလျှင် ကျွမ်းကျင်သည် ကောင်းသည် မဟုတ် စကားပြောလည်း ကောင်းသူ တစ်ယောက် ဖြစ်သည်ဟု စံပယ်က မှတ်ချက် ချလိုက်သည်။ ဗိုလ်ရှုပက လေးလေးစားစား သူ့ကို ဦးညွတ် ထွက်ခွာသွားသောအခါ ဤထမင်းစားခန်း အကျယ်ကြီးထဲတွင် မမတာရာ၊ ဗိုလ်မှူးရှုဝံ၊ ဟသ်ာနှင့် စံပယ်တို့သာ ကျန်ရှိရစ်တော့သည်။

သူ့မျက်နှာက ချက်ချင်းပင် ရွှင်ပျလာပြန်၏။ ထောင့်တစ်ခုတွင် ကုပ်ကုပ်ကလေး ထိုင်နေရှာသော ဟသ်ာကို ရွှန်းရွှန်းစားစား အပြုံးကြီးဖြင့် ကြည့်နေပြန်၏။

‘ဟေ့ လာစမ်းပါဦးကွ၊ ဒီမှာ လာထိုင်စမ်းပါဦး’

စံပယ်၏ စိတ်တွင် ဗိုလ်မှူးရှုဝံ၏ ခေါ်သံကြောင့် ဟသ်ာ လန့်သွားလိမ့်မည်ဟု ထင်လိုက်၏။ သို့သော် ဟသ်ာက မလန့် အိန္ဒြေရရနှင့်ပင် ဗိုလ်မှူးရှုဝံ ရှိရာသို့ သွားသည်။ သို့သော် စံပယ့် စိတ်ထဲက စိုးရိမ်နေ၏။ တစ်ခုခု စိတ်ထိခိုက်စရာ ကိစ္စမျိုး တွေ့ကြုံရလိမ့်မည်ဟု ထင်လာ၏။

သူတို့သည် ဤကိစ္စကြီးအတွင်း၌ မည်သူ သစ္စာဖောက် ဖြစ်ကြောင်းကို ဆက်လက် ဆွေးနွေးကောင်း ဆွေးနွေးလိမ့်ဦးမည် ဖြစ်ရာ ဤကိစ္စသည် ဗိုလ်မှူးရှုဝံ၊ မမတာရာနှင့် ဟသ်ာတည်းဟူသော ရှုဝံမျိုး သုံးယောက်တို့၏ ပြဿနာသာလျှင် ဖြစ်၍ စံပယ်သည် စိတ်ချမ်းမြေ့စရာတို့ကို မကြားလိုသောကြောင့် ထိုသုံးဦးသားတို့ကိုသာလျှင် ထမင်းစားခန်းကြီး အတွင်း၌ ထားပင်ခဲ့ကာ အပြင်ဘက်သို့ ထွက်လာသည်။

*

(၂၀)

‘မကြည့်ချင် မြင်ရက်သား’ ဟူသော စကားကို လူကြီးသူမတို့ ပြောပြောနေစဉ်က စံပယ်၏ နားထဲတွင် တော်တော် အဆီအငေါ် မတည့်သည့် စကားလုံးပဲဟု လူကြီးတွေကို အပြစ်ဖို့ချင်ခဲ့သည်။ ယခုတော့ စံပယ်က မိမိ၏ အမှားများကို သိပါပြီ။

ရှုဝံမျိုး သုံးယောက်၏ ပြဿနာကို မိမိ မသိချင် မမြင်ချင်ပါဟု အပြင်ကို ထွက်လာသည်။ သို့သော် စံပယ် ရင်ထဲက ‘မကြားချင် သိချင်ရက်သား’ ဟူသည် သဘောမျိုး ပေါ်နေသည်။ အပြင်သို့ ထွက်လာပြီးကာမှ ထမင်းစားခန်းဆီသို့ နားတစွင့်စွင့် ဖြစ်မိသည်။ နားစွင့်လိုက်တော့လည်း ကြားနေရသည်။ ဗိုလ်မှူးရှုဝံသည် ဗိုလ်မှူးတစ်ယောက်၏ လေသံမျိုးမဟုတ်ဘဲ မင်းသားကြီး နောက်ကြောင်းပြန်သလို စကားဆိုနေသည်။

‘ငါ့အဘိုး နာမည်ဟာ ငါ့နာမည်လိုပဲ အာကာရှုဝံတဲ့၊ လှေသင်းတပ်မှူးအဖြစ် တိုင်းပြည်အတွက် အမှုထမ်းခဲ့ဖူးသူပဲ၊ လှေတပ်မှူး အဘိုးရှုဝံဟာ ပေါ်တူဂီရေတပ်နဲ့ ယှဉ်ပြိုင် တိုက်ခိုက်ရင်း သူ့လှေပေါ်မှာပဲ တိုင်းပြည်အတွက် အသက်ပေးသွားခဲ့တယ်၊ လှေခွက်ချည်းကျန်တောင် အလံမလဲဘူး ဆိုတဲ့ ရှုဝံမျိုးရိုးကို ပြခဲ့တယ်’

အပြင်းအထန် ဒဏ်ရာရနေပြီး တစ်ယောက်တည်း ဖြစ်နေတာတောင် ရန်သူ့ဆီမှာ လက်နက် မချဘူး၊ တို့အမျိုးဟာ အဲဒီလို သတ္တိပြောင်ခဲ့တယ်။

ငါ့ဦးလေး အာကာသတိုးရှုဝံ ဆိုရင်လည်း တိုင်းပြည် အတွက် ကုလားတပ်တွေကို ခုခံတိုက်ခိုက်ရင်း မြင်းပေါ်မှာ ကျည်သင့်ပြီး အသက်ပျောက်ခဲ့တယ်။ လက်နက် မချခဲ့ဘူး။

ငါတို့အဖေ အာကာမင်းခေါင်ရူဝံ ဆိုရင်လည်း တိုင်းပြည်အတွက် မှန်တယ်ထင်တဲ့ ဘက်ကနေပြီး စစ်မြေပြင်မှာပဲ သူ့အသက်သွေးကို စတေးခဲ့တာပဲ။

ဗိုလ်မှူးရူဝံ အသံက မှန်မှန်ကလေး ပေါ်နေသည်။ မမတာရာနှင့် ဟသ်ာတို့က မိမိတို့နေရာ အသီးသီးတွင် ငြိမ်လျက် ရှိနေကြသည်။ စံပယ်က ထမင်းစားခန်းကြီး၏ အပြင်မှနေ၍ နားစွင့်နေခဲ့သည်။

ငါတို့ အဘိုး လက်ထက်ကစပြီး ငါတို့ မျိုးရိုးနှင့် ပတ်သက်တဲ့ ဆိုရိုးစကားတစ်ခု ကျန်ခဲ့တယ်။ အဲဒီစကားကို ဒီနေ့အထိ မှန်နေအောင် လုပ်ဖို့ဟာ အခု ငါ့တာဝန်ပဲ ကျန်တယ်။ တခြား သူတွေက တာဝန်ကျေကုန်ကြပြီ။

ငါတို့ အမျိုးကို ဆိုရိုးထားတဲ့ စကားကတော့ 'ရူဝံမျိုး မှန်ရင် တိုင်းပြည်အတွက် အသက်စွန့်ရာမှာ အလွန် ရက်ရောတယ်' ဆိုတဲ့ စကားပဲ။

တို့အစ်ကို အာကာဥက္ကာရူဝံ ဆိုရင် သဘော အလွန်ကောင်းတဲ့ လူအေးကြီး။ သားသမီးနှင့် ဇနီးကို သိပ်ချစ်တဲ့လူ။ ဒါပေမဲ့ တိုင်းပြည်အတွက် အရေးကြီးတဲ့ အချိန်ကျတော့ စစ်မြေပြင်ကို ထွက်ပြီး တိုက်ပွဲမှာ အရဲရင့်ဆုံး အသက်စွန့်သွားခဲ့တယ်။

တိုက်ပွဲမှာ အစ်ကိုကြီး ကိုဥက္ကာ ကျသွားတာနှင့် တစ်ပြိုင်နက် သူ့သားသီဟက ဖခင် ကိုဥက္ကာရဲ့ မြင်းပေါ်တက်ပြီး ရန်သူကို ဆက်တိုက်လာခဲ့တယ်။ အဲဒီတုန်းက သီဟ အသက်ဟာ ဆယ့်ငါးနှစ်သား။

ခုတွင်က ထွက်သွားတဲ့ သီဟရဲ့ညီ ဇေယျဆိုရင် ငါ့ဆီကို ပြေးလာပြီး ရဲမက်တော်သားအဖြစ် စာရင်းသွင်းတဲ့ အချိန်က ဆယ့်သုံးနှစ်သား ရှိသေးတယ်။

အဲ … ငါ့အကြောင်းကတော့ အားလုံး သိထားတဲ့ အတိုင်းပဲ။ ငါ့ကို အားလုံးကမသိတာ တစ်ခုပဲ ရှိတယ်။ ငါဟာ ….

လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်ရဲ့ သစ္စာတော်ခံ ကျေးကျွန်ကြီး စစ်သားကြီး မဟုတ်ဘူး။ ငါတို့ ဒွါရာဝတီပြည်ကြီးရဲ့ သစ္စာရှိ စစ်သား။

ဒွါရာဝတီပြည်ကြီးကို ကောင်းအောင် ပြုလုပ်နေတဲ့ဘက်က အမြဲ ရပ်တည်ပြီး ငါ တိုက်မှာပဲ။

ဒွါရာဝတီကို ဘယ်သူက ကောင်းအောင် လုပ်သလဲဆိုတာ ငါ့အဖို့ အလွယ်တကူ ခွဲခြားနိုင်တဲ့ မှတ်ကျောက် ရှိတယ်။ အဲဒါက ….

ဒွါရာဝတီမှာရှိတဲ့ လူတွေအားလုံး အေးအေးချမ်းချမ်း လယ်လုပ်နိုင်တယ်။ အေးအေးချမ်းချမ်း ရောင်းဝယ် ဖောက်ကားနိုင်တယ်။ မွေးရာပါ မျက်စိနှင့် ဘာမဆို ကြည့်နိုင်တယ်။ မွေးရာပါ မျက်စိနှင့် ဘာမဆို ကြည့်နိုင်တယ်။ မွေးရာပါ နားနှင့်



ဘာမဆို နားထောင်နိုင်တယ်။ မွေးရာပါ ပါးစပ်နှင့် ဘာမဆို ပြောနိုင်တယ်။ မွေးရာလက်နှင့် ဘာမဆို လုပ်နိုင်တယ်။ မသင့်တော်တာတွေကို မကြည့်အောင်၊ နားမထောင်အောင်၊ မပြောအောင်၊ မလုပ်အောင်၊ လူမှုရေးနှင့် ဘာသာရေး စည်းကမ်းတို့က ဝိုင်းထိန်းကြလေအောင် လူမှုရေးနှင့် ဘာသာရေးတို့ကိုပါ အားပေးတဲ့ ဘုရင်ဟာ ဒွါရာဝတီကို ကောင်းအောင် လုပ်တဲ့ ဘုရင်ပဲ။ အဲဒီဘက်မှာ ငါ အမြဲ ရှိမှာပဲ။

ဒွါရာဝတီက လယ်လုပ်သူတွေကို စိုးရိမ်သောက စိတ်နှင့် လယ်လုပ်နေကြရအောင်၊ စိုးရိမ် သောကစိတ်နှင့် ရောင်းဝယ် ဖောက်ကားနေကြရအောင်၊ မွေးပါမျက်စိ ရှိပေမယ့် ဘာမကြည့်ရဘူး၊ မွေးပါနား ရှိပေမဲ့ ဘာနားမထောင်ရဘူး။ မွေးပါ ပါးစပ်ရှိပေမယ့် ဘာမပြောရဘူး။ မွေးပါ လက်ရှိပေမဲ့ ဘာမလုပ်ရဘူးလို့ ပိတ်ပင်နေတဲ့အပြင် လူမှုရေးနှင့် ဘာသာရေးတို့ကိုလည်း သူပြောတဲ့အတိုင်း လုပ်တာသာ ကောင်းတယ်လို့ ပြောပေးရမယ်ဆိုပြီး ချုပ်ချယ်ထားတဲ့ ဘုရင်မျိုး။ လူတွေ အားလုံးကို စိတ်နေအောင် လုပ်နေတဲ့ ဘုရင်မျိုးဆိုရင် ဒွါရာဝတီကို မကောင်းအောင် လုပ်တဲ့ ဘုရင်ပဲ။ အဲဒီတော့ ဒွါရာဝတီဘက်က အမြဲ ရပ်တည်နေတဲ့ ငါက အဲဒီ ဘုရင်ကို တိုက်မှာပဲ။

ငါဟာ သားတော်ကြီး သားတော်ငယ် မကွဲမီက ရင်ခွင်ပိုက် ဘုရင်မ စောသျှင်မိရဲ့ စစ်သားပဲ။ သူဟာ အရွယ်ရောက်ပြီးတဲ့ သားတော်ကြီးကို ထီးနန်းလည်း ပေးသင့်ပါလျက်နှင့် မပေးဘဲ ထားတယ်လို့ ငါ ယုံတယ်။ သားတော်ကြီးက ပုန်ကန်တော့ သားတော်ကြီး လမ်းမှန်တယ်လို့ထင်ပြီး သားတော်ကြီးဘက်မှာ ငါ ရှိခဲ့တယ်။

နောက်တော့ သားတော်ကြီးဟာ ဒွါရာဝတီကို မရခင်မှာပဲ သူ့ဘက်က လူတွေကို စိတ်ညစ်အောင် လုပ်လာတယ်။ ဒွါရာဝတီကို ရရင်လည်း ဒွါရာဝတီကို စိတ်ညစ်အောင် လုပ်မှာပဲ ဆိုပြီး သားတော်ကြီးဘက်က ငါ ထွက်လာခဲ့တယ်။ ဒီတော့ သားတော်ကြီးဘက်က သူတွေက ငါ့ကို သစ္စာဖောက်လို့ ပြောကြတယ်။

သူတို့ ပြောတာ မှန်တယ်။ ငါဟာ ဒွါရာဝတီကို သစ္စာရှိနေတဲ့အတွက် သားတော်ကြီးကို သစ္စာဖောက်ခဲ့တယ်။

ဒါပေမဲ့ သားတော်ကြီးဘက်က နိုင်တယ်၊ ငါတို့ ရှုံးခဲ့တယ်။ ဒွါရာဝတီဟာ သားတော်ကြီးရဲ့ လက်အောက်မှာ အလူးအလိမ့် ခံနေကြရတယ်။ သားတော်ကြီးဟာ ဒွါရာဝတီကို တညီတညွတ်တည်း ဖြစ်သွားအောင် အုပ်ချုပ်ခဲ့တယ်။

ဘယ်လို တညီတညွတ်တည်း ဖြစ်သွားသလဲဆိုတာ သိလား။ ဒွါရာဝတီမှာ ရှိတဲ့ လူတွေအားလုံး တညီတညွတ်တည်း စိတ်ညစ်ကုန်ကြတာ။ ပြီးတော့ လူတိုင်းကို အမြဲ စိတ်သောက ရောက်နေကြရအောင် အုပ်ချုပ်ထားလိုက်တာ၊ အဲဒီလို ခံကြရတာမှာ ညီညွတ်တာကို ပြောတာ။

ဒီတော့ကာ ကိုယ့်အဖွဲ့ကိုလည်း စည်းစည်းလုံးလုံး တင်းတင်းကျပ်ကျပ် မလုပ်တတ်သလို ဒွါရာဝတီကိုလည်း လူတွေ စိတ်ညစ် သောက ဆင်းရဲဖြစ်အောင် ဘယ်တော့မှ ပြုလုပ်ဖို့ စိတ်မကူးတဲ့ သားတော်ငယ်ဘက်က ပြောင်းလဲပြီး ရပ်တည်လိုက်တာဟာ ငါ့အဖို့ ဒွါရာဝတီကို အမြဲ သစ္စာရှိနေတာ မဟုတ်လား။

သစ္စာတရားဆိုတာ ကိုယ် ယုံကြည်တဲ့အတိုင်း အခိုင်အမာ အမြဲ ပြုလုပ်နေတာကို ခေါ်တယ်။ အဲဒီလို သစ္စာရှိဖို့အတွက် ပတ်ဝန်းကျင် ရိုက်ခတ်မှု အပါအဝင် ဖြစ်တဲ့ လောကဓံ လှိုင်းပုတ်တာမျိုးကို ကျောက်ဆောင်ကြီးလို ခံနိုင်မှ ဖြစ်တာ။ တော်ရုံတန်ရုံနှင့် မဖြစ်ဘူး။ တို့ရှုဝံမျိုးတွေဟာ အဲဒါတွေကို ခံနိုင်ခဲ့ကြတဲ့ အမျိုး။

ဒီနေရာမှာ သစ္စာဖောက်တာကို ရှင်းပြမယ်၊ သစ္စာဖောက်တယ် ဆိုတာကို ကိုယ် ယုံကြည်တာကို ဆန့်ကျင်လုပ်ကိုင်နေတဲ့ လူမျိုး။ အဲဒါကို သစ္စာဖောက်လို့ ခေါ်တာပဲ။ မလုပ်ချင်ဘဲ လုပ်နေတဲ့ လူတွေ၊ မပြောချင်ဘဲ ကိုယ် မယုံကြည်တာကို ပြောနေတဲ့ လူတွေဟာ ရှက်စရာ ကောင်းလောက်အောင် သူ့ရဲဘောကြောင်တဲ့ သစ္စာဖောက်တွေချည်းပဲ။

နားလည်ရဲ့လား … လူတစ်ယောက်ဟာ အရက်ကို ထိပ်ကြိုက်ကြီး အရက်သောက်တာဟာ အပြစ်မရှိဘူးလို့ သူ့စိတ်ထဲမှာ ထင်နေတယ်။ ဒါပေမဲ့ သူ့ပါးစပ်ကတော့ ….

အရက်သောက်တာဟာ သူရာမေရယကံ ထိုက်တယ်။ အပြစ်ကြီးလေးတယ်၊ ကံငါးပါးထဲက တစ်ပါးကို ချိုးဖောက်ရာ ရောက်တယ်လို့ ပြောနေတယ်။ သူပြောတဲ့ စကားဟာ ဘာသာရေးအရ မှန်ကန်တဲ့အတွက် အေးတာ ကြားရတဲ့ သူတွေက ဒီလူဟာ သစ္စာစကားတွေ ပြောနေတယ်လို့ ထင်ကြမယ်။ ဒါပေမဲ့ သူဟာ …

အရက်သောက်တာ ကောင်းတယ်လို့ ပြောမိရင် ဘေးလူတွေက ကဲ့ရဲ့မှာ စိုးလို့ ဝမ်းထဲမှာ ရှိတာကို အမှန်အတိုင်း မပြောဝံ့ဘဲ သူရဲဘောကြောင်စွာ သစ္စာမဲ့စွာနဲ့ လိမ်ညာပြောနေတာကို သူ့ကိုယ်သူပဲ သစ္စာမဲ့နေကြောင်းကို သိနိုင်တယ်၊ တခြားသူတွေက မသိဘူး။



ဒီတော့ သစ္စာဖောက်ဆိုတာ သူများစွပ်စွဲတိုင်း မမှန်ဘူး။ ဘေးလူတွေဟာ လူတစ်ယောက်ကို သစ္စာ ရှိတယ်။ သစ္စာမဲ့တယ်လို့ မဆုံးဖြတ်နိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ သိကြတယ်။

တို့ရှုဝံမျိုးတွေဟာ တိုက်ပွဲကို ရဲရဲရင်ဆိုင်လို့ နာမည်ကောင်းရသလောက် ဘဝကို ရဲရဲရင်ဆိုင်တဲ့အတွက် နာမည် အလွန် ဆိုးခဲ့ရတယ်။ ဒါဟာ သစ္စာရှိတဲ့အတွက် ရလိုက်တဲ့ နာမည်ဆိုးတွေ ဖြစ်တယ်ဆိုတာ ရှုဝံတွေ ကိုယ်တိုင်ကလွဲလို့ တခြားလူတွေ မသိနိုင်ကြဘူး။ ရှုဝံတွေဟာ သစ္စာစောင့်တဲ့ နေရာမှာ အဲဒီလို သစ္စာ တော်ခံခဲ့ကြတယ်။ ရှုဝံမျိုးထဲမှာ သစ္စာဖောက် ဘယ်တော့မှ မရှိခဲ့ဘူး။ အခုကော ရှုဝံမျိုးထဲမှာ သစ္စာဖောက် ရှိသလား မရှိဘူးလားဆိုတာ ဟသ်ာ ဖြေနိုင်မယ် ထင်တယ်။

ဗိုလ်မှူးရှုဝံ၏ ကျယ်လောင် အောင်မြင်သော အသံကြီး ပျောက်သွားသည်နှင့် တစ်လောကလုံး ထိတ်ဆိတ်သွားသည်ဟု ထင်မှတ်ရ၏။ သစ်ပင်တွေဆီမှ ရင်ကွဲပုရစ် မြည်သံသည် ထမင်းစားခန်းထဲသို့ လာရောက် လွှမ်းမိုးနေ၏။ စံပယ်သည် လှုပ်ရှားသော ရင်ဖြင့် ထမင်းစားခန်းတွင်းသို့ ကြည့်မိ၏။ မြင်ရသည့် နေရာသို့ ကုလားထိုင်ကို ရွှေ့၏။ ဗိုလ်မှူးရှုဝံရှေ့သို့ တိတ်တိတ်ဆိတ်ဆိတ် ထသွားနေသော ဟသ်ာကို မြင်နေရသည်။ ဟသ်ာသည် ဗိုလ်မှူးရှုဝံရှေ့တွင် တောင့်တောင့် ရပ်လိုက်သည်။ မျက်နှာကို မော့ကြည့်သည်။

'ရှုဝံမျိုးဟာ သစ္စာ ရှိတုန်းပါပဲ၊ အကျွန်ုပ်ဟာ ပါပါတို့ တိုက်ကြ ခိုက်ကြ သတ်ကြ ဖြတ်ကြ ခုတ်ကြ ထစ်ကြတာတွေကို အရင်ထဲက မကြိုက်ဘူး၊ ဟိုညက အရိုးကို သွေးရဲရဲနဲ့ တွေ့ရတော့ စိတ်ထဲမှာ တုန်လှုပ်တယ်၊ ပါပါတို့ကို ဖမ်းပစ်လိုက်ရင် အားလုံး ဒုက္ခအေးသွားမယ်၊ တိုက်ပွဲတွေလည်း မဖြစ်တော့ဘူး၊ လူတွေလည်း ဒုက္ခမရောက်တော့ဘူးလို့ ထင်တယ်၊ လူတွေဟာ အရိုး ကိုယ်မှာ သွေးတွေ ရွှဲနေသလို အားလုံး သွေးရွှဲရွှဲနဲ့ ဒုက္ခ ရောက်ကုန်ကြရတော့မှာပဲလို့ စိတ်ထဲမှာ ပူလောင်လာတယ်၊ အဲဒီပြီး ထွက်ပြေးချင်တဲ့ စိတ်တွေ ပေါ်လာတယ်၊ နောက်ဆုံး ပုရပိုက်အုပ်ထဲက ပုရပိုက်စာရွက် ဆုတ်ယူ အကျွန်ုပ်သိသမျှ ရေးပြီး ညတွင်းချင်း မြင်းတစ်စီးနဲ့ ထွက်သွား၊ နန်းချောင်းက ကလန်ကြီး အိမ်မေး၊ အဲဒီ ပုရပိုက်ကို ပေးခဲ့ပြီး ပြန်လာတာပဲ၊ ပုရပိုက်ကို ပေးလိုက်တော့ မနက် ဆယ့်ငါးနာရီ မထိုးသေးဘူး'

ဟသ်ာ၏ ပါးစပ်မှ ထွက်ပေ သော စကားလုံးမှာ ပြတ်သား ပီသ၏။ အသံကလည်း တည်ငြိမ်၏။ သို့သော် ကလေးသံက မပျောက်။ ဟသ်ာသည် ရဲရဲရင့်ရင့်ပင် ဗိုလ်မှူးရှုဝံ၏ မျက်နှာကို မော့ကြည့်နေဆဲ ဖြစ်သည်။

စံပယ်သည် ဟသ်ာကို အံ့သြခြင်းနှင့်အတူ ဗိုလ်မှူးရှုဝံက ဒေါသတကြီး တစ်စုံတစ်ခု ပြုလုပ်လိုက်မည်ကို စိုးရိမ်လျက် ထမင်းစားခန်းဆီသို့ ဝင်လိုက်၏။ ထိုစဉ် ဟသ်ာက စကား ဆက်ပြန်သည်။

'အကျွန် လုပ်ပြီးပြီ ပါပါ၊ အခု အကျွန် ဇာလုပ်ရမလဲ၊ အကျွန့်ကိုယ်ကို အကျွန် သတ်ရမယား၊ ဒါမှမဟုတ် ပါပါက သတ်ပေးမလား'

မမတာရာသည် နေရာမှထကာ အခန်းတွင်းသို့ ဝင်လာသော စံပယ်၏ ကုလားထိုင်ကို အခန်းသို့ ပြန်တွန်းလျက် ဂေဟာကြီး၏ ရှေ့မြက်ခင်းပြင်ပေါ်သို့ အရောက် ယူဆောင်လာခဲ့သည်။ စံပယ်သည် မမတာရာ ဆွဲယူလာရာသို့ ပါလာရင်း ပူပန်မှု၊ စိုးရိမ်ရိတို့ကို ချုပ်တီး၍မရဘဲ အသံထွက်အောင် ရှိုက်ငင်သည်။

မမတာရာသည် စံပယ် ရှိုက်ငင်နေသည်ကို မသိသလို လျစ်လျူပြုရင်း တစ်ခုခု စောင့်ဆိုင်းနေသကဲ့သို့ ရပ်နေသည်။ စံပယ်ကပမူ အတွင်းခန်းဆီသို့ နား တစွင့်စွင့်ဖြင့် ရှိနေရသည်။ အတော်ချည်း ကြာလှမ်းလာသောကြောင့် အတွင်းခန်းဘက် ဆီမှ မည်သည့် အသံမျှ မကြားရ။

နှစ်ယောက်လုံး နားစွင့်နေမိကြသည်။ တစ်ခုခု ဖြစ်လာတော့မည်ကို စောင့် ဆိုင်းနေကြရသကဲ့သို့ စိတ်တထင့်ထင့် ရှိသည်။ တိတ်ဆိတ်နေကြသော အချိန်သည် ကြာလွန်းလှချေ၏။

သားအဖ နှစ်ယောက် ဘယ်လိုများ ဖြစ်နေကြပြီလဲ။ အဖ ရှုဝံသည် သား ဟသ်ာကို ဘယ်ကဲ့သို့များ တရားစီရင်လိုက်လေပြီလဲ။

သားက မိမိ မနှစ်သက်သည်ကို မနှစ်သက်သည့်အတိုင်း ပြ[illegible]ခြင်းဖြင့် သစ္စာရှိသော ရှုဝံမျိုး၏ ဂုဏ်သိက္ခာကို စောင့်စည်းပါသည်တဲ့။

ဤမျှ ကြိုးစားလာခဲ့ရသည့် ကိစ္စရပ်ကြီးကို သားဖြစ်သူက တစ်ခဏမျှဖြင့် ချဖျက်ပြုလိုက်သောအခါ အဖ ရှုဝံသည် မည်ကဲ့သို့များ ....

စံပယ်သည် စိတ်ပူလာ၏။ မိမိ ကုလားထိုင်မှ ဘီးကို မိမိဘာသာ တွန်း၏။ မမတာရာက ကုလားထိုင်ကို ဆွဲထား၏။

'လွှတ် ... လွှတ် ... မမတာရာ လွှတ်စမ်းပါ၊ ဟိုသားအဖ ဘယ်လိုများ ဖြစ်ကုန်ကြပလဲ မသိဘူး'

'စံပယ် ... ကိုယ်လည်း သိချင်တာပဲ၊ ဘာသံမှ မကြားရရင်တော့ ဘာမှ ဖြစ်သေးဘူး၊ သူတို့သားအဖကိစ္စ သူတို့ဘာသာ ရှင်းလိမ့်မယ်'

စံပယ်က ရှိုက်ရာမှ စီးကျလာသော မျက်ရည်ကို သုတ်လျက် အတွင်းဘက် သို့ မျှော်ကြည့်သည်။ အတွင်းဘက်မှ ဘာသံမျှ မကြားရ။ စိုးရိမ်သောကစိတ်ကို



မျိုသိပ်ရင်း တစ်ခဏမျှကို တစ်ဘဝတာလောက် ကြာမြင့်သည်ဟု ထင်ရသော အချိန်တို့ကို စောင့်သည်။ တကယ်လည်း ထိုအချိန်တို့က ကြာညောင်းလာခဲ့သည်။ ဘာသံမျှ မကြားရသောအခါ 'ကျွန်မတို့ သွားကြည့်ရရင် ကောင်းမလား' ဟု မေးရန် စံပယ်က မမတာရာကို ကြည့်သည်။ မမတာရာကလည်း 'တို့ ဝင်ကြည့် လိုက်ကြရင် ကောင်းမလား' ဟု ပြောရန် စံပယ်ကို ကြည့်သည်။ နှစ်ယောက်သား အကြည့်ချင်း ဆုံနေဆဲ အတွင်းဘက်မှ ညင်ညင်သာသာ ထွက်လာသော ဟသ်ာကို တွေ့ရသည်။ ဟသ်ာ၏ကိုယ်၌ ခရီးထွက်ရန် အသင့်လဲလှယ်ပြီးသော အဝတ်များ နှင့် ဖြစ်သည်။ ဟသ်ာ၏ မျက်နှာသည် ရင့်ကျက် တည်ငြိမ်သော ယောကျ်ားကြီး တစ်ယောက်၏ အသွင်ကို ဆောင်နေသည်။ တကယ်တော့ သူသည် အသက် ဆယ့်ရှစ်နှစ်သို့ ရောက်ခဲ့ပြီးသော လူလားမြောက်နေသူ တစ်ယောက်ပင် မဟုတ်ပါ လား။

ဟသ်ာက ရှေးဦးစွာ မမတာရာရှေ့တွင် ဒူးထောက် ထိုင်လိုက်ပြီး လေး လေးနက်နက် ကန်တော့သည်။ ထို့နောက် လက်နှစ်ဖက်ကို ရှေ့သို့ ချထားလိုက် ပြီး မမတာရာ မျက်နှာကို မော့ကြည့်သည်။ ထို့နောက် လူက မလှုပ်ဘဲ မျက်လွှာ ချလိုက်သည်။

'အရီး... အခု အကျွန် အရီးတို့ကို ခွဲပြီး လားပါတော့မယ်၊ နောက်ထပ် အရီးတို့ကို ပြန်တွေ့ရလိမ့်မယ် မထင်ပါဘူး'

ဟသ်ာ၏ အသံသည် တိုးတိတ် ညင်သာလျက် ကလေးသံ မပျောက်ဘဲ ရှိသည်။ သို့သော် [illegible]န်းချုပ်ထားသောကြောင့် တည်ငြိမ်နေသည်။

'မင်းသွားတော့မလား၊ အေး ဘာမဆို အမြဲ သတိရှိပြီး ပြတ်ပြတ်သားသား တွေးလို့ရတဲ့ အလုပ်မျိုးကိုသာ ဆောင်ရွက် ကြားလား၊ မင်း အသက်ရှည်ပါစေကွာ'

ဟသ်ာက ပြုံးလိုက်သည်။ ဟသ်ာသည် မျက်လွှာကို မပင့်တော့ဘဲ ငြိမ်နေ ၏။ မမတာရာ၏ စကားလုံးက ရင့်ကျက်သည်။ သို့သော် ပြတ်တောင်း ပြတ်တောင်း ထွက်လာသော မမတာရာ၏ အသံတို့က ပျက်နေသည်။ နှစ်ဦးသားလုံး ငြိမ်နေကြရာ မှ မမတာရာက ရှေးဦးစွာ လှည့်ထွက်သွားသည်။ ဟသ်ာသည် ဖြည်းညင်းစွာ နေရာမှထလိုက်ကာ စံပယ်၏ ကုလားထိုင် ရှေ့သို့ ရောက်လာသည်။

ဘာတစ်ခွန်းမျှမပြောဘဲ ဆောင့်ကြောင့် ထိုင်လိုက်ပြီး ဦးချသည်။ ထို့နောက် စံပယ် ကုလားထိုင်အောက်တွင် ဒူးထောက် ထိုင်လိုက်ပြီး ခေါင်းငိုက်စိုက်ကြီး ပြုလျက် စံပယ်၏ လက်တစ်ဖက်ကို ဆုပ်ကို[illegible]ားသည်။ ဆို့နင့်နေသော စံပယ်သည် မျက်လွှာချလိုက်သည့် ဟသ်ာ၏ ငယ်နုနုမျက်နှာကို ကြည့်ရင်း ရင်နာလာသည်။

မျက်လွှာချထားသည့် ဟသ်ာ၏ မျက်လုံး၌ မျက်ရည်များ ပြည့်ရွဲလာသည်ကို မြင်ရသောအခါ တစ်ဖက်သို့ မျက်နှာလွှဲပစ်ရသည်။ နှစ်ယောက်သား စကားတစ်ခွန်းမျှ မပြောကြဘဲ ပြင်းသော အသက်ရှူသံတို့ကိုသာ မြည်အောင် ပြုနေကြသည်။ ဟသ်ာသည် စံပယ်၏ လက်ကို ပါးဖြင့် ဆွဲကပ်ထားရာမှ ဆုပ်ညှစ်လိုက်ပြီး မြင်းစောင်းဘက်သို့ ပြေးထွက်သွားသည်။ ထို့နောက် စံပယ့်ဘက်သို့ လှည့်မကြည့်ဘဲ မြင်းကို ဒုန်းစိုင်းထွက်သွားသည်။

ဟသ်ာက မကြည့်သော်လည်း စံပယ်က လိုက်ကြည့်မိသည်။ ဟသ်ာ မြင်းကို ဒုန်းစိုင်း စီးသွားသည်ကို မြင်ရတော့ အားရသလိုလို ရှိသည်။ သို့သော် ဘာကြောင့်များ ဘယ်သွားမည်ကို မမေးမိရပါလိမ့်ဟု မိမိကိုယ် မိမိ နောင်တရနေသည်။

'အရီးတို့ကို ပြန်တွေ့ရလိမ့်မယ် မထင်ပါဘူး' ဟု မမတာရာကို ပြောခဲ့ပြီး မိမိ ဘာကြောင့် ဘာစကား တစ်ခွန်းတလေမျှ မပြောဘဲ ထွက်သွားရတာပါလိမ့်ဟု မကျေမနပ် ဖြစ်သည်။ သို့သော် ဟသ်ာက မိမိကို မည်မျှ ချစ်ခင်ကြောင်းကို သိ၍ စိတ်မနာနိုင်ဘဲ ပူပန်သောက ဖြစ်ရသည်။

စံပယ်သည် မြင်းခွာသံ ပျောက်သွားသည်နှင့် အိမ်ထဲသို့ ပြန်ဝင်သည်။ ထမင်းစားခန်းမကြီးထဲသို့ ရောက်သည်။ ခေါင်းငိုက်စိုက်နှင့် တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေသော ဗိုလ်မှူးရှုဝံ အနီးသို့ ရောက်သောအခါ နိမ့်ချည် မြင့်ချည် ဖြစ်နေသော ဗိုလ်မှူးရှုဝံ၏ ကျောပြင်ကြီးကို သတိပြုမိသည်။ တစ်ချက်တစ်ချက် ရင်ဘတ်ကြီးက ပြန့်ကား ကျယ်ပြန့်သွားသည်။ သူသည် စံပယ်က အနီးသို့ ရောက်သွားသည်နှင့် မျက်နှာကို ဖြည်းညင်းစွာ မတ်ထူ၍ ပြုံးပြသည်။ သူ၏ အပြုံးက အတင်း ဖျစ်ညှစ်  လုပ်ကြံပြနေသည့် အပြုံး …။

သူသည် နေရာမှ ခုန်ထလိုက်သော စံပယ်၏ ကုလားထိုင်ကို ဆွဲယူလျက် ဂေဟာကြီး၏ ရှေ့ရှိ မြက်ခင်းပြင်ဆီသို့ ပြန်တွန်းလာသည်။

'စံပယ်ချေ … အခု ကိုယ့်ကို ဘာအကြောင်းမှ မမေးနဲ့ဦးကွာ၊ ကိုယ်တို့ ခဏလောက် မေ့မေ့ပျောက်ပျောက်နဲ့ ပျော်ပျော်လေး နေလိုက်ကြရအောင်'

သူသည် စကားပြောပြီးလျှင် ပြီးချင်း လေချွန်လိုက်သည်။ သူ၏ လေချွန်သံက ပျော်ရွှင် မြူးတူးသည့်အသံမျိုး ထွက်မလာဘဲ ကြေကွဲသံ ထွက်လာသည်။ သူက ပျော်ဟန်ပြုရင်း လေတစ်ချွန်ချွန်ဖြင့် စံပယ်၏ ကုလားထိုင်ကို တံတားခုံးကလေးဆီသို့ တွန်းလာသည်။ သာယာအေးချမ်းသော ပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်မှ ငှက်ကလေးတို့ မြူးတူးအော်မြည်နေကြသည့် အသံတွေကြားတွင် သူ့လေချွန်သံက ဝမ်းနည်း ကြေကွဲစရာချည်း ဖြစ်နေသည်။



စံပယ်သည် ဘာမျှမပြောဘဲ ပင့်သက်ချလိုက်သည်။ သူက စံပယ်ကို သတိထားလိုက်ပြီး လေချွန်ရပ်လိုက်သည်။ တွန်းလာသည့် ကုလားထိုင်ကိုလည်း ကုန်းတံတားကလေး၏ အလယ်၌ ရပ်လိုက်သည်။ နှစ်ယောက်သား စကားမပြောကြသေးဘဲ ကုန်းတံတားကလေး၏အောက်ရှိ လျှိုနှင့် ထိုမှတစ်ဆက်တည်း မြင်နေရသော ပင်လယ်ကမ်းခြေဆီသို့ ကြည့်ငေးကြသည်။ ပင်လယ်ကမ်းခြေ သဲပြန့်တွင် လှိုင်းလုံးကြီးများ တဝုန်းဝုန်း တက်လာနေကြသည်။

'မသေကြသေးရင်တော့ တစ်နေ့နေ့မှာ ကိုယ်တို့နှစ်ယောက် အခုလို အေးအေးလူလူ အတူနေဖြစ်တန်ကောင်းပါရဲ့ကွာ'

စံပယ်က ဘာမျှ မပြော။ စံပယ် ဝမ်းထဲက မကျေနပ်မှု အခံ ရှိနေသည်။ ထို့ကြောင့် 'သူသေဖို့ မသေဖို့တော့တွေးသည်၊ ကလေးမျှသာ ဖြစ်သော ဟသ်ာကိုတော့ မတွေး' ဟု စိတ်ထဲမှ တုံ့ပြန်လိုက်သည်။ ထိုသို့ တုံ့ပြန်ရင်း ဟသ်ာကြောင့် ပျက်စီးသွားရသော ယခု လုပ်ငန်းကြီးအတွက်လည်း သိချင်လာသည်။ ထို့ပြင် ဤလင်းသာဂေဟာသို့ ဖမ်းကြဆီးကြမည့် ရန်သူများ ရောက်လာကြဦးမည် မဟုတ်ပါလား။

စံပယ်သည် သူ့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။ သူကတော့ မျက်လုံးညိုကြီးနှင့် လှိုင်းလုံးတွေကို ငေးနေသည်။

'အစ်ကိုရှုဝံ ဒီလို နေနေလို့ ဖြစ်မှာလား၊ စောစောတုန်းက ပြောနေကြတော့ သားတော်ကြီးအကြောင်းကို လူတွေ သိကုန်ကြပြီဆို'

သူက ဖြည်းဖြည်းဆေးဆေးပင် ပြန်လှည့်ကြည့်ရင်း ခေါင်းညိတ်ပြသည်။ ထို့နောက် ချက်ချင်း လျှော့ရဲသော သူ့ကိုယ်ကို တောင့်တောင့် ပြုလိုက်သည်။

'ကိုယ့်ကို ဘာမှ မမေးပါနဲ့လို့ ပြောထားတယ် မဟုတ်လားကွာ၊ ကိုယ် အခု သိပ်စိတ်ထိခိုက်နေတယ်'

'ဒါက မမေးလို့ ဖြစ်မှာမှ မဟုတ်ဘဲ၊ အခုလတ်တလော ရင်ဆိုင်ကြရတော့မယ့်ကိစ္စ၊ ပြီးတော့ ဒီအတိုင်း ဟုတ်ရင် အခု သားတော်ကြီးဘက်က လူတွေက ရောက်လာတော့မယ်'

'ကိုယ် သိပါတယ်၊ အခု သူတို့ လာချင်ရင် လာနေကြတော့မှာပဲ။ ဒါပေမဲ့ သူတို့ လမ်းတစ်ဝက်က အစီအစဉ် ပြောင်းသွားမှာပါ၊ ဒီမှာ စံပယ်ချေ။ ကိုယ်ကွာ ဒီတစ်ခါတော်တော့ကို မှားသွားတာပဲ၊ ကိုယ့်အထင်အမြင်တွေ ဒါလောက်တောင် မှားရတာ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ဘူး'

'ဒါ မဆန်းပါဘူး၊ ဒါက အစ်ကိုရှုဝံရဲ့ ဖြစ်နေကျ လုပ်ရပ်ပါ၊ ဘယ်တုန်းကတော့ မမှားခဲ့တာ ရှိလို့လဲ'

'မဟုတ်ဘူး … မဟုတ်သေးဘူး၊ အခုမှားတာက တကယ့်ကို တကယ်တက်စင် မှားတာ၊ ကိုယ် … ဟသ်ာကို တော်တော် အထင်သေးခဲ့တယ်၊ ဟသ်ာက ကိုယ့်သား ဖြစ်လာရတဲ့အတွက် ကိုယ် ရှက်ခဲ့တယ်၊ အခုတော့ ဘယ်ဟုတ်လို့လဲ၊ ဟသ်ာဟာ တကယ် ရှုဝံမျိုးစစ်စစ်၊ ဟသ်ာက ကိုယ့်သား၊ ဟသ်ာဟာ တကယ့်ကို စိတ်ဓာတ်ရဲရင့်တဲ့ သူရဲကောင်း၊ ဒီသူရဲကောင်းက'

အစ်ကိုရှုဝံ၏ အသံသည် စကားပြောနေရင်း တိမ်ဝင် ပျောက်ကွယ်သွားသည်။ ထို့နောက် အသက်ရှူသံပြင်းလျက် မချိမဆန့် ရင်တွင်း၌ ခံစားနေရသကဲ့သို့ ရင်ဘတ်ကြီး နိမ့်တုံမြင့်တုံဖြစ်ကာ တိတ်ဆိတ်သွားသည်။ စံပယ်က သူ့စကားတွေကို အဓိပ္ပာယ် ကောင်းကောင်း နားမလည်ဘဲ တိတ်ဆိတ်နေသည်။ သူက သူ့ကိုယ်သူ ထိန်းချုပ်လျက် စကားဆက်သည်။

'လူကလေး ပျော့ပျော့နွဲ့နွဲ့ ဖြစ်သလို ကိုယ်တို့လို ကြမ်းကြမ်းရိုင်းရိုင်းတွေကို မကြိုက်ဘူး၊ ဒါပေမဲ့ သူ ယုံကြည်တာ သူ လုပ်ဝံ့တယ်၊ ကိုယ့်ကို ရင်ဆိုင်တယ်လေ၊ ပြီးတော့ ဝေဖန်တယ်၊ သူ့ပါပါဟာ လူတွေကို အသက်ရှင်ပြီး ဒုက္ခပေးနေတာထက် ဘယ်သူ့မှ ဒုက္ခမပေးဘဲ သေနေတာကို ကြည့်ချင်သတဲ့ … သူက'

ဗိုလ်မှူးရှုဝံ၏ နှုတ်မှထွက်လာသော စကားကို ကြားရသဖြင့် စံပယ့်အဖို့ အံ့အားသင့်ရသည်။ ဟသ်ာက ဒီလိုတောင် ပြောရဲသလားဟု တွေးရင်း စိတ်ထဲက လည်း ဝမ်းသာသလို ဖြစ်မိသည်။ သို့သော် ချက်ချင်း စိတ်ပူသွား၏။ ဒီတော့ သူ ဟသ်ာကို ဘယ်လိုများ ပြုလိုက်သလဲဟု တွေး၏။ သူ့နှုတ်မှ စကားသံပေါ်လာသည်။

'ကိုယ် … တော်တော် သဘောကျပြီး ရယ်လိုက်မိတယ်၊ အဲဒီ အချိန်မှာ ဟသ်ာဟာ ကိုယ့်သားပါကလားဆိုတဲ့ ဖခင်တို့ရဲ့ ချစ်စိတ်နဲ့ ပထမဆုံး သေသေချာချာ သူ့ကို ကြည့်မိတာပဲ၊ တကယ်တော့ သူဟာ ဖခင်ရဲ့ မျက်နှာ၊ ခြေလက်နဲ့ မိခင်ရဲ့ ကိုယ်လုံးဟန်ပန် ရှိနေသူ တစ်ယောက်ပါပဲ'

ဗိုလ်မှူးရှုဝံ၏ မျက်နှာသည် လေးလေးတွဲ့တွဲ့ စကားပြောနေရင်း ညှိုးမှိုင်းသွားသည်။ သူသည် ပင်လယ်လှိုင်းလုံးကြီးတွေဆီသို့ တိတ်တိတ်ဆိတ်ဆိတ် ငေးစိုက်နေရာမှ ပင့်သက် မှုတ်လိုက်သည်။ ထို့နောက် သူ့နှုတ်မှ စကား တစ်လုံးချင်း ထွက်လာသည်။

'ကိုယ်ကကွာ၊ သူ့ကို ပြုံးပြီး အေး မင်းကြိုက်ရာ လုပ်နိုင်ပါတယ်၊ လူဆိုတာ ကိုယ်ယုံတာ ကိုယ်လုပ်တဲ့လူဟာ လူပီသတဲ့လူ၊ ကိုယ့်သိက္ခာ ကိုယ်စောင့်တဲ့လူ၊ သစ္စာရှိတဲ့ လူပဲ၊ လူဖြစ်လာပြီး…



ကိုယ် မယုံတာက ကိုယ်မလုပ်ချင်တာကို လုပ်တဲ့သူဟာ ကိုယ့်ကိုယ်ကိုယ် သစ္စာဖောက်တဲ့လူ၊ သူရဲဘောကြောင်တဲ့လူ၊ လူမပီသတဲ့လူပဲ။ လူဟာ ….

ဝမ်းရေးတို့၊ ပေါင်းသင်း ဆက်ဆံရေးတို့ မင်းရေးစိုးရေးတို့ ဘာသာရေးတို့ကို အကြောင်းပြပြီး ပထမဆုံး ကိုယ့်ကိုယ်ကိုယ် သစ္စာဖောက်လိုက်ရင် နောက်တခြားသူတွေကို သစ္စာဖောက်ဖို့အတွက် ဘယ်တော့မှ မခဲယဉ်းတော့ဘူး။ ရှုဝံမျိုးထဲမှာ အထူးသဖြင့် ငါ့သားသမီးထဲမှာ အဲဒါမျိုး ပါလာမှာ သိပ်စိုးရိမ်တယ်။ အထူးသဖြင့် …

မင်းလို လူပျော့လူနုံကလေးတွေဟာ ဆင်းရဲမှာ ကြောက်လို့ဖြစ်ဖြစ် ချမ်းသာရတာကို မက်မောနေလို့ ဖြစ်ဖြစ်၊ နာမည်ပျက်မှာ ကြောက်လို့ဖြစ်ဖြစ် နာမည်ကောင်းကို တပ်မက်မောနေလို့ ဖြစ်ဖြစ်၊ ကိုယ် မကျေနပ်ဘဲနှင့် ကျေနပ်ဟန်ဆောင်ပြီး ပြုလုပ်ပြနေရတဲ့ ကိုယ့်ကိုယ်ကိုယ် သစ္စာဖောက်နေတဲ့ ရှုံ့စရာ အကောင်းဆုံး အလုပ်၊ သရဲဘော အကြောင်ဆုံး အလုပ်၊ ခိုင်းနွားတွေနှင့် တစ်တန်းထဲ ရောက်အောင် အောက်တန်းကျတဲ့ လူမပီသဆုံး အလုပ်ကို အလုပ်တတ်ဆုံးပဲ။ အခု ….

မင်းက အဲဒီလိုမလုပ်ဘဲ မင်းယုံကြည်တာ မင်းလုပ်ပြရဲတဲ့ အတွက် မင်းကို ငါ့သားအဖြစ်နှင့် အခုကစပြီး အသိအမှတ်ပြုလိုက်ပြီ။ မင်း အခုလုပ်ခဲ့တဲ့ အကြောင်းကို ငါ့ဘက်က အကောင်တွေ ကြားကြသိကြရင် မင်းကို သစ္စာဖောက်လို့ စွပ်စွဲကြမှာပဲ။ အမှန်က မင်းဟာ မင်းတကယ် ယုံကြည်လာတဲ့အတိုင်း ထလုပ်လိုက်တာမို့ လူဖြစ်နေတဲ့ မင်းရဲ့ လူ့အဖြစ်ကို သစ္စာရှိကြောင်းပြဖို့အတွက် တို့လည်း သစ္စာဖောက်လိုက်ရတာပဲ။ မင်းဒီလိုမှ မလုပ်ရင် မင်းရဲ့လူ အဖြစ်ကို ခိုင်းနွားကြီး နေရာမှာထားပြီး တို့ရဲ့သစ္စာရှိ ကျေးကျွန် တစ်ယောက်အဖြစ်နှင့် မင်းကိုယ်မင်း အမြဲသစ္စာဖောက်နေရမှာပဲ။ အခု မင်း ဒီလို သရဲဘောကြောင်တဲ့အလုပ် မလုပ်ဘူး။ ဒါကြောင့် မင်းတို့ တို့ရဲ့ ရှုဝံမျိုးအဖြစ်နှင့် ငါ ငါက ဝင့်ဝင့်ဝါဝါ ဂုဏ်ယူပြီး အသိအမှတ်ပြုလိုက်ပြီ ဆိုတာ ငါ့သား စိတ်ထဲမှာ မှတ်ထားလိုက်ပါ။ ပြီးတော့…

'ငါ့သားကြီးကို ငါ တစ်ခု ပြောမယ်၊ ငါဟာ ငါရဲ့ ကြမ်းတမ်းတဲ့ စစ်သား ဘဝထဲမှာ ငါ့ကိုယ်ငါ စိတ်ချမ်းသာမှုရအောင် လူတချို့အပေါ်မှာ အနိုင်ကျင့်တတ်ပေမယ့် တို့ဒွါရာဝတီက လူအများစု အေးချမ်း ပျော်ရွှင်ဖို့အတွက် ငါ့ဘဝနဲ့ အသက်ကို နှစ်မြှုပ်ထားတာပဲ၊ ငါဟာ …

'တို့ဒွါရာဝတီက လူအားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာ အိပ်ရအောင်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ အလုပ် လုပ်နိုင်ကြရအောင်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ

ရောင်းဝယ် ဖောက်ကား ပြုနိုင်ကြရအောင် လူတချို့ကို သတ်ဖို့ လုပ်ရတယ်၊ လူတချို့ကို အနိုင်ကျင့်ရ နှိပ်စက်ရတယ်၊ ငါ့သား နားလည်အောင် ပြောပြရင် …

'ဒွါရာဝတီက လူတွေ အားလုံးကို ငြိမ်းချမ်း ပျော်ရွှင်ရေး ဥယျာဉ်ကြီး ထဲကို ရောက်အောင် ထမ်းပို့နေရတဲ့ ငါ့အဖို့ ….

'တစ်က အဲဒီလို ထမ်းပို့နိုင်ဖို့အတွက် ငါ့ကိုယ်ငါ ရတဲ့နည်းနှင့် ခွန်အား ပြည့်အောင် ဖြည့်ရတယ်။ ဒီလို ခွန်အားဖြည့်တဲ့ အခါမှာ တရားတယ် မတရားတယ်၊ ငါ ဘာမှ မကြည့်ဘူး။ ငါရဲ့ လိုရင်းအချက်က ငါ ခွန်အား ဖြည့်ရေးပဲ။ အဲဒါမှာ မင် ငါ့ကို လူကြမ်း လူရမ်း လူဆိုး လူယုတ်မာကြီးအဖြစ် မြင်လိမ့်မယ်။ အများကလည်း ဒီလိုပဲ မြင်ကြတာပဲ။

နှစ်က အမြဲ ခွန်အားပြည့်နေတဲ့ ငါဟာ ဒွါရာဝတီကြီးကို ငြိမ်းချမ်း ပျော်ရွှင်ရေး ဥယျာဉ်ထဲရောက်အောင် ထမ်းပို့နေတဲ့ ငါဟာ လမ်းမှာ ရှိနေတဲ့ ပန်းပင်တွေကိုလည်း နင်းမိသွားတာပဲ။ ဆူးပင်တွေကိုလည်း နင်းမိသွားဟာလွှဲ၊ သစ်ပင်ချုံဖုတ် ဆိုရင်လည်း ခုတ်ထွင်သွားခဲ့တာပဲ။ ဒီလမ်းကြောင်းမှာရှိတဲ့ ဘာကိုမဆို နင်းခြေ ခုတ်ထွင်သွားနိုင်မှ ဒွါရာဝတီကြီးကို ငြိမ်းချမ်း ပျော်ရွှင်တဲ့ ဥယျာဉ်ကြီး ထဲ အရောက် ငါ ပို့ပေးနိုင်မှာ ဒါကို။

'မင်းနှင့် အေးလူ တချို့က ငါရဲ့ ခရီးလမ်းကြောင်း ခုတ်ထွင် ရှင်းလင်းမှု တွေကို မြင်ရတော့ ဒီကောင်ကြီးဟာ သတ်ဟယ်၊ ဖြတ်ဟယ်နှင့် လူတွေကို သေကြေဆင်းရဲ ငတ်မွဲအောင် လုပ်နေတဲ့ လူကြမ်း လူရမ်း လူဆိုး လူယုတ်မာကြီးလို့ ထင်နေကြတာပဲ။ မင်းတို့ မြင်နေကြရတာကလည်း ဒါတွေကိုပဲ မြင်နေကြတာပဲ။ အဲဒီတော့ ငါ့သား ….

'မင်းရဲ့ အဖေ ရူဝံဟာ မင်းနဲ့ တချို့လူတွေ ထင်ကြသလို လူဆိုး လူရမ်း လူယုတ်မာကြီး မဟုတ်ပါဘူး။ ဒွါရာဝတီကြီးကို ငြိမ်းချမ်း ပျော်ရွှင်ရာ နေရာ ရောက်အောင် ဘဝတစ်ခုလုံးနှင့်ရော အသက်နှင့် ရောလဲပြီး ပင်ပန်းကြီးစွာ ထမ်းပိုး သယ်ပိုးသွားနေတဲ့ လူတစ်ယောက်ပါဆိုတဲ့ အကြောင်းကို ဟောဒီ ငါ့ရဲ့ ဓားကို တိုင်တယ်လိုက်ပါ့မယ်။ ငါ ပြောတဲ့ စကားဟာ မမှန်ကန်ရင် ဟောဒီ ဓားဟာ ရန်သူကို ခုတ်တဲ့အခါ ပိုင်းပိုင်း ကျိုးသွားပါစေ။ မှန်ကန်ရင် ငါ့အဖို့ အောင်ပွဲ ရပါစေ။ အဲဒါ ငါဟာ မင်း ထင်သလို မင်း အင်မတန်မုန်းတဲ့ လူကြမ်း လူသရမ်း လူဆိုး လူပွေကြီး မဟုတ်ကြောင်း မင်းကို ငါ့သားလို့ စိတ်ထဲက အသိအမှတ်ပြုပြီး ရှင်းပြတာပဲ။ ဒီလို ရှင်းပြနေတာဟာ …



'ငါနှင့်တကွ တို့တစ်တွေ အဖမ်းခံရမှု၊ အသတ်ခံရမှု၊ လူတွေ အားလုံး ဒုက္ခအေးသွားမယ်လို့ မင်းစိတ်ထဲမှာ အမြဲ ယုံကြည်ထားခဲ့တဲ့ မင်းရဲ့ ယုံကြည်ချက်ကို ပျက်သွားအောင် ပြောပြနေတာ မဟုတ်ဘူး။ ငါ့သား တစ်ယောက်ဟာ သေတဲ့ အထိ သူ့အဖေကို လူဆိုးလူပျက်ကြီးလို့ ထင်မှတ်ပြီး တွေးမိတိုင်း စိတ်ထဲက ကိုယ့်ဘဝကိုယ် နာကြည်း ကျန်ရစ်မှာစိုးလို့ ရှင်းပြတာပဲ။ ကဲ အချိန်လည်း မရှိဘူး ဒီတော့ကာ …

'မင်းလည်း ငါတို့သေမှ လူတွေ ဒုက္ခအေးမယ်လို့ ယုံကြည်ရင် ငါတို့ကို တိုက်နေတဲ့ ဘက်နှင့် ပူးပေါင်းပြီး ငါတို့ကို ပြန်တိုက်နိုင်တယ်။ ဒါမှမဟုတ်ဘဲ မင်းအရီး မမတာရာနှင့် ထွီးထွီး၊ စံပယ်တို့နှင့်ပဲ နေချင်ပါတယ် ဆိုရင်လည်း နေနိုင်တယ်။ ငါကတော့ ရူဝံမျိုးပီပီ ငါ ယုံကြည်တဲ့ အလုပ်ကို သေသည်အထိ သစ္စာရှိရှိ တည်တည်ခိုင်ခိုင် ပြုလုပ်ကြိုးပမ်းရင်း အသေခံသွားမှာပဲ ဒါပဲ။ ကိုယ် အဲဒီလို ပြောလိုက်တော့ ….

'ကိုယ့်သား ဟသ်ာဟာ အတော်ကြာကြာ ငြိမ်နေတယ်။ ပြီးတော့ သူက မေးတယ်။ 'ပါပါ လူတွေ ဆိုတာဟာ အုပ်ချုပ်တဲ့ ဘုရင်ရဲ့ အမိန့်အတိုင်းပဲ၊ နေရ၊ ထိုင်ရ၊ စကားပြောရ၊ နားထောင်ရ၊ ကြည့်မြင်ရ၊ လုပ်ကိုင်ရ၊ ရောင်းဝယ် ဖောက်ကားရတာပဲ မဟုတ်ဘူးလား။ ကိုယ့်သဘောအတိုင်း နေထိုင်နိုင်၊ လုပ်ကိုင် ရောင်းဝယ်နိုင်၊ ပြောနိုင်၊ ကြည့်နိုင် နားထောင်နိုင်ခွင့် ရတယ်ရယ်လို့ တကယ် ရှိသေးသလားတဲ့။ သူဟာ မွေးကတည်းက ဘုရင့်သဘောနှင့် အုပ်ချုပ်ရတဲ့ တိုင်း ပြည်တွေမှာပဲ ကြီးပြင်းလာရတော့ လူဖြစ်လာရင် ဒီလိုပဲ နေရတယ်လို့ သိနေတယ်။ ဒါကြောင့် လူ့ပြည်မှာ လူတို့ရဲ့ မွေးပါ လွတ်လပ်မှု အခွင့်အရေးကို ရရှိပြီး ကိုယ့် စိတ်တိုင်းကျ ပြောနိုင် နားထောင်နိုင် ကြည့်မြင်နိုင် ထွန်ယက် လုပ်ကိုင် ရောင်းဝယ် နိုင် နေထိုင်နိုင်ကြတဲ့ တိုင်းပြည်မျိုးတွေ ရှိတယ်ဆိုတာ ပြောပြရတယ်၊ ဒီတော့…

'သားက ဒီလိုဆိုရင် လူဖြစ်ရတာ ပျော်စရာ ကောင်းမှာပဲနော်တဲ့။ ပြီးတော့ သူဟာ ပါပါ လုပ်နေတာတွေ မကောင်းဘူးထင်လို့ ကောင်းတဲ့ဘက်ကသာ သူက ရပ်တည်ချင်တဲ့အတွက် ပါပါကို ဆန့်ကျင်တဲ့စိတ် အမြဲထားခဲ့တာပါတဲ့။ ပြီးတော့ သူ့အမိကလည်း မကောင်းဘူး မကောင်းဘူးလို့ အမြဲ ပြောလေ့ရှိတဲ့အတွက် သူ့စိတ်ထဲမှာ မကောင်းဘူးလို့သာ စွဲလမ်းနေခဲ့ရပါတယ်တဲ့။ မျက်မြင်အားဖြင့်လည်း ပြုလုပ်သမျှတွေဟာ မကောင်းတာတွေကိုချည်း မြင်နေခဲ့ရတော့ ရည်ရွယ်ချက်နှင့် အကျိုး သက်ရောက်မှုကို မသိမမြင်နိုင်တဲ့ သူ့အဖို့ မကောင်းတဲ့ အဖေလို့ပဲ ယုံကြည်ခဲ့ပါတယ်တဲ့။ အခု …

ဘေးကို တိုင်တည်ပြီး ပါပါက ရှင်းပြတော့ ပါပါ ပြုသမျှတွေဟာ အကောင်းဆုံးဖြစ်အောင် ရည်ရွယ်ပြီး အင်မတန် ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ဆောင်ရွက်နေတာကို သူ နားလည်ပါပြီတဲ့။ ဒါကြောင့် သူဟာ ကောင်းတဲ့ မှန်တဲ့ဘက်ကသာ သစ္စာရှိရှိနဲ့ အမြဲ နေမှာမို့ အခု ပါပါတို့ဘက်ကပဲ တာဝန် ဆောင်ရွက်ပါတော့မယ်တဲ့'

'ဒါဖြင့် မင်း အခု ငါနဲ့ အတူ ဒီက ထွက်ပြီး လိုက်ခဲ့ဖို့ ဆုံးဖြတ်ပြီးပြီပေါ့လို့ မေးလိုက်တယ်၊ ဒီတော့ သားက သူမလိုက်ဘူးတဲ့…

'သူ့မှာ သွေးရဲရဲကို ကြည့်မြင်ရဲတဲ့ အင်အား မရှိပါဘူးတဲ့။ ဒါပေမဲ့ သူ့မှာ အကြံဉာဏ်နဲ့ ခံရဲတဲ့ အင်အား ရှိမယ် ထင်ပါတယ်တဲ့။ သူ အကြံတစ်ခု ရထားတာကတော့ နန်းချောင်းက ကလန်ကြီးဟာ သူ့ကို ယုံကြနေတဲ့အတွက် သူပြောတဲ့အတိုင်း ဘာမဆို လိုက်လုပ်ကြမှာမို့ ရန်သူရဲ့ တပ်တွေကို ပါပါ ကြိုက်တဲ့ နေရာအရောက် စုရုံး သွေးဆောင်လာနိုင်လိမ့်မယ်လို့ သူထင်ပါတယ်တဲ့ ….

အဲဒါ ကိုယ်က တားသေးတယ်ကွာ၊ ဒီတော့ သူက ပြုံးတယ်။ 'ပါပါ ရှုဝံမျိုးရဲ့ သိက္ခာကို စောင့်ထိန်းဖို့ မေ့သွားပြီလား' တဲ့လေ။ အခုဆိုရင် ကိုယ့်သားကြီးဟာ နန်းချောင်း ကလန်ကြီး အိမ်ကို ရောက်နေလောက်ပြီပေါ့ကွာ'

ဗိုလ်မှူးရှုဝံ၏ စကားလုံးနှင့် အသံတို့မှာ ဆွေးဆွေးမြည့်မြည့် နိုင်လှသည်။ စံပယ်က ဗိုလ်မှူးရှုဝံ မျက်နှာကို ကြည့်သည်။

'ဟသ်ာက ဟိုသွားပြီး ဘာလုပ်မှာလဲ'

'ကိုယ်ကိုယ်တိုင် ခေါင်းဆောင်ပြီး သားတော်ငယ်နဲ့ ကင်းမော်ဆိပ်ကမ်းက ဘယ်အချိန်မှာ အလုံးအရင်းနဲ့ တက်လာလိမ့်မယ် ဆိုတာ သွားပြောမှာပဲ'

'ဒါက အစ်ကိုရှုဝံ၊ ဟသ်ာ မပြောမီကတည်းက စီစဉ်ထားတဲ့ အစီအစဉ် မဟုတ်လား'

'ဟုတ်တယ်၊ ရှုပတို့က သတင်းလွှင့်ပြီး ကိုယ်က တကယ် အဲဒီက အရောင်ပြပြီး တက်မှာပဲ၊ ကိုယ်နဲ့ မြို့စားပုံချိုကြီးတို့ အပြင်းအထန် တိုက်နေကြတုန်း သားတော်ငယ်နဲ့ အင်အားကြီးတဲ့ တပ်က တခြားနေရာက တက်ပြီး နန်းမြို့ကို သိမ်း၊ သားတော်ကြီးကို ဖမ်းလုပ်ကြမှာပဲ၊ မြို့ရွာတွေကလည်း ပထမ အစီအစဉ်အတိုင်း တစ်ပြိုင်တည်း ထတိုက်ကြမှာပဲ'

'ရှုပတို့ သတင်းလွှင့်တာကို မယုံရင် ဘယ့်နှယ်လုပ်မလဲ'

'အဲဒါတော့ မတတ်နိုင်ဘူးလေ၊ စွန့်စားကြည့်ရတာပဲ၊ ပြီးတော့ ဒွါရာဝတီမှာ အကျယ်ချုပ်ခံနေရတဲ့ လင်းသာမောင်မောင်ကလည်း နန်းချောင်းက ဖမ်းမိထား



တဲ့ လူတွေ အားလုံး ဒီအတိုင်း တညီတည်း အစစ်ခံဖို့ တိတ်တဆိတ် သင်ကြားပေးပါဆိုပြီး ရှုပက ဝင်ပြောထားခဲ့လိမ့်မယ်၊ အခု ဟသ်ာက ထပ်ဆင့် ပြောဦးမယ်ဆိုတော့ ဒီကိစ္စ ပိုပြီး သေချာသွားတာပေါ့ကွာ'

'တိုက်ပွဲတွေ ဖြစ်ကြပြီး ဟသ်ာ ပြောတဲ့အတိုင်း မဟုတ်မှန်း သိတဲ့အခါမှာ ရန်သူက ဟသ်ာကို ဒီအတိုင်း အလွ ကြည့်ထားပါ့မလား'

ဗိုလ်မှူးရှုဝံသည် စံပယ့် မျက်နှာကို ကြည့်လျက် စံပယ်၏ လက်ကို ဆုပ်ဖျစ်လိုက်သည်။

'တိုက်ပွဲမှာ ရှေ့ကနေပြီး စစ်မျက်နှာချင်း ဆိုင်မိကြတာနဲ့ ဒီဘက်ကို ပြေးဝင်လာဖို့ မှာကြည့်လိုက်တာပဲကွာ'

စံပယ့် စိတ်ထဲတွင် တထင့်ထင့် ဖြစ်လျက် ဟသ်ာအတွက် စိတ်ပူသလို။ စံပယ် ပူသလို သူလည်း ပူပန်နေကြောင်း စံပယ်က သိသည်။ သူ့မျက်နှာကို ကြည့်ရသည်မှာ အားလျော့နေသည်။ ရန်သူနှင့် အပေးအယူ လုပ်ရန် ကျားသစ်ချေကို စေလွှတ်လိုက်စဉ်ကကဲ့သို့ ယုံကြည် တက်ကြွမှုမရှိ။ ကျားသစ်ချေ ဆုံးရှုံးမှု ခံလိုက်ရစဉ်ကလည်း ကင်းမော်ဆိပ်ကမ်းမြို့ ဖြစ်သည်။ ယခုလည်း ကင်းမော်ဆိပ်ကမ်းမြို့….

ထိုနေ့ တစ်နေ့လုံး အပြင်မှာ အချိန်ဖြုန်းကြသည်။ ညနေစောင်းလုလုတွင် သူက ကုလားထိုင်ကို အိမ်ထဲသို့ တွန်းယူလာသည်။ အပြင်သို့ မြင်နေရသည့် ပြတင်းပေါက်ရှိသော အခန်းလွတ် တစ်ခုထဲတွင် ထားပစ်ခဲ့ပြီး ခဏအတွင်း သူ ပြန်လာသည်။ သူ့ကိုယ်၌ ခရီးသွားရန် အသင့် ဖြစ်နေခဲ့ပါပြီ။

စံပယ်သည် ယခင်တစ်ခါ ကြာမြင့်စွာ ခွဲရခါနီး တစ်နေ့လုံး အပြင်တွင် အတူတူ နေခဲ့ကြဖူးသည်ကို သတိရလာသည်။ ယခုလည်း တစ်နေ့လုံးလိုလို ပင်လယ်ရှုခင်းကြီးကို ကြည့်ရှု၍ နှစ်ယောက် အတူ နေကြပြီးပါပြီ။ စံပယ့် ရင်ထဲ၌ ဟာလာ၏။

'သူတို့ ကိုယ့်သား ပြောတာကို ယုံပြီး အခုအထိ ဒီကို မရောက်လာကြသေးတာပဲ၊ ကိုယ်တို့ အောင်မြင်ပါလိမ့်မယ် ထင်ပါရဲ့ကွာ၊ ဒီအိမ်ကို ရဲမက်ကလေး နည်းနည်းပါးပါးနဲ့သာ လာရှာရင်တော့ ကိုယ်တို့ဘက်က တစ်ဝက် အောင်ပြီသာမှတ်ကဲ .. ဒီကိစ္စတွေ ပြီးရင်တော့ စံပယ်ချေ အေးအေးလူလူ ကိုယ်နဲ့ အတူ နေကြဖို့သာ စိတ်ကူးထားပေရော့'

သူသည် ပြောပြောဆိုဆို စံပယ်၏ ပါးကို မွှေးလိုက်ကာ ဖျတ်ခနဲ လှည့်ထွက်သွားသည်။ သူ၏ ပြုမူ လှုပ်ရှားမှုမှာ သူ့တူငယ် ဇေယျ အရွယ်ကဲ့သို့ပင် မှတ်ထင်

ရသည်။ သူသည် ခပ်ပြောင်ပြောင်ပင် မြင်းကို စိုင်းသွားသည်။ ပြတင်းမှ သူ့ကို ကြည့်နေသည့် စံပယ်ကို ပြန်လှည့် မကြည့်၊ လက်ကလေးကိုမျှ ပြမသွား။

သူပျောက်ကွယ်သွားပြီ ဖြစ်သော နေရာသို့ ငေးစိုက်ကြည့်နေဆဲ။ မမတာရာ သည် ပြတင်းဘေးသို့ လာရပ်သည်။ ထို့နောက် ပြတင်းတံခါး မှန်ပေါ်တွင် ထင်နေသော မိမိ၏ မျက်နှာကို စိုက်ကြည့်သည်။ အပြင်သို့ ငေးနေသော စံပယ်သည် မမတာရာကို မော့ကြည့်မိရာမှ မမတာရာ၏ မျက်လုံးကို မြင်လိုက်ရသောအခါ စိတ်မကောင်း။ အစ်ကိုချေဝဏ္ဏ ပြုလုပ်သဖြင့် ဤသို့ ဖြစ်ရသည်ဟု သနားကြင်နာ စိတ် ပေါ်လာသည်။ ထိုစဉ် မမတာရာက ပင့်သက် တစ်ချက် ရှိုက်လိုက်သည်။

'စံပယ်တို့ မင်္ဂလာပွဲမှာ တိုက်ကျွဲကြီးတွေ လွှတ်လာတာဟာ မတော်တဆ လွှတ်တာ မဟုတ်ဘူး၊ မမတာရာတို့ ပွဲတိုင်းမှာ ရှုံးတော့မယ့် အရေးကို မြင်လို့ တမင် ကျွဲပွဲကြီး ပျက်သွားအောင် အလွှတ်ခိုင်းလိုက်တာ၊ အဲဒီမှာ စံပယ့် ဘဝကြီး တစ်ခုလုံး ပြောင်းလဲသွားရတော့တာပါပဲကွယ်၊ ကိုယ် အခု ကိုယ်ချင်းစာမိတယ်'

မမတာရာက ရှတ်တရက် ငုံ့လိုက်ပြီး စံပယ့် လက်မောင်းကို ဆုပ်ကိုင်ကာ အရေးတကြီး ပြောသည်။ မမတာရာ၏ မျက်လုံးထဲတွင်လည်း မျက်ရည်များ ဝဲနေသည်။

'ပြီးခဲ့ပါပြီ မမတာရာ၊ အခု အရေးကြီးတာက ကျွန်မတို့ သားတော်ကြီး ဘက်ကလူတွေ လာရှာတဲ့အချိန်အထိ ကြွေအန် ကစားနေကြရအောင်လား'

*

(၂၉)

သတိရထားသမျှ နေရာတို့ကို ရှာဖွေ ဖမ်းဆီးလာခဲ့ဟန်ရှိသော သားတော် ကြီး၏ ဘက်တော်သား ဗိုလ်မိုးကြိုးသည် လင်းသာဂေဟာထဲသို့ ရောက်လာသည့် အချိန်၌ မီးစလောင်းများ ထွန်းညှိထားပါပြီ။ သူသည် လင်းသာဂေဟာကြီးလောက် ငြိမ်သက် တိတ်ဆိတ်သည့် နေရာမျိုးကို တွေ့ခဲ့လိမ့်မည် မဟုတ်ပါ။

ဗိုလ်မိုးကြိုး ဝင်လာသောအချိန်၌ စံပယ်နှင့် မမတာရာတို့ နှစ်ယောက် သဲကြီးမဲကြီး ကြွေအန်ကစားနေကြသည်ကို တွေ့သဖြင့် နှုတ်မှ ဖွင့်၍ပင် အံ့ဩ စကား ပြောကြားလိုက်သည်။

ဂေဟာကြီး တစ်ခုလုံးတွင် အိမ်စေတွေမှအပ ဖြစ်သော လူနှစ်ယောက်မှာ မိန်းမသားချည်း ဖြစ်နေကြလျက် တစ်ယောက်က ခြေထောက် မစွမ်းမသန်နှင့် ကျန်တစ်ယောက်က မျက်နှာတွင် ဒဏ်ရာ အနာတရကြီးနှင့် အမျိုးသမီး ဖြစ်နေခဲ့ သည်။

'ခင်ဗျား အဲဒီ ဒဏ်ရာကြီးက ဘာဖြစ်တာလဲ'

မမတာရာသည် လက်ထဲတွင် ဆုပ်ကိုင်ထားသော ကြွေစေ့များကို ပန်းကန် ထဲသို့ ပစ်ထည့်လိုက်ပြီး ဗိုလ်မိုးကြိုးကို မော့ကြည့်သည်။

'တစ်နေ့ညကပေါ့၊ ဟောဟို မဖုရားဖို့ စားဖိုဆောင်ထဲကို စားစရာ သွား ယူတာ ခလုတ်တိုက်ပြီး စင်းနီတုံးပေါ် ပက်လက်ထောင်နေတဲ့ ဓားမပေါ် မျက်နှာ မှောက်ရက် လဲကျတာပဲ'

မမတာရာက ပေါ့တီပေါ့ဆကလေး ဖြေလိုက်သော်လည်း အဖြေ ယုတ္တိ ရှိလှသည်။ ဒဏ်ရာကလည်း တကယ် ဖြစ်သည့်အချိန်နှင့် အချိန်ကိုက် ဖြစ်နေသော ကြောင့် ဗိုလ်မိုးကြိုးအဖို့ မည်သို့မျှ မပြောသာ။ သို့သော် ကျေနပ်ယုံကြည်မှု ရပုံမပေါ်။

စံပယ်က မိမိတို့အိမ်၌ နေ့မွန်းလွဲလောက်အထိ ညှော်သည် အဝင်အထွက် ရှိပါကြောင်း။ ဧည့်သည်မှာ နှစ်ယောက်ဖြစ်၍ တစ်ယောက်သည် ဤလင်းသာဂေဟာကြီး ပိုင်ရှင် လင်းသာမောင်မောင်၏ သမက် မောင်ရှုပဖြစ်၍ ကျန်တစ်ယောက်မှာ မိမိ၏ အစ်ကိုချော၀ဏ္ဏ ဖြစ်ကြောင်း၊ အစ်ကိုချော၀ဏ္ဏသည် ယနေ့ နံနက် ရုတ်တရက် ရောက်လာပြီး ရုတ်တရက် ပြန်ထွက်သွားကြောင်း စသည်တို့ကို ပြောပြလိုက်သည်။

ဗိုလ်မိုးကြိုးနှင့် စံပယ်တို့သည် ယခင်ကတည်းက အိမ်နီးချင်း သိဟောင်းများ ဖြစ်ကြသောကြောင့် ရာဇဝင်လှန်၍ မေးမြန်း ပြောဆိုနေစရာ မလို။

ယခင်ကဆိုလျှင် တစ်ယောက်နှင့် တစ်ယောက် နင် ငါ ... စကားလုံးတို့ဖြင့် ပြောဆိုကြလျက် ဗိုလ်မိုးကြိုး၏ ငယ်နာမည် စောသာကို စံပယ်က စောသေဟု ခေါ်ခဲ့ပြီးလျှင် စံပယ်ကိုလည်း ဗိုလ်မိုးကြိုးက စပုပ် ... ဟု ခေါ်ခဲ့ကြသူချင်း ဖြစ်သည်။ ထို့ကြောင့် ကြီးကြီးကျယ်ကျယ် ရှာဖွေ စစ်ဆေးမှု မပြုတော့ဘဲ မမတာရာဘက်သို့ လှည့်လိုက်သည်။

'ဒေါ်တာရာကို ဗိုလ်မှူးရူဝံနဲ့ တစ်သက်လုံး မျက်နှာကြော မတည့်သူများ ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိပေမဲ့ အထက်လူကြီးတွေရဲ့ အမိန့်အရ သားတော်ကြီးရဲ့ ရန်သူ ဗိုလ်မှူးရူဝံရဲ့ အစ်မရင်းခေါက်ခေါက် ဖြစ်နေတဲ့အတွက် အခု လှုပ်လှုပ်ရှားရှား အခြေအနေအတွင်းမှာ ခေတ္တ ခေါ်သွားရပါ့မယ်၊ ဒေါ်တာရာ ကျွန်တော်တို့နဲ့ လိုက်ဖို့ပြင်ပါ'

မမတာရာက ဖြည်းလေးစွာ နေရာမှ ထသည်။

'ဒါတော့ မင်းတို့ ခေါ်ရင် လိုက်ရမှာပေါ့' ဟု ပြောရင်း အိမ်ပေါ်သို့ တက်သွားရာ ရဲမက် နှစ်ယောက်က မနီးမဝေးမှ လိုက်ပါသွားသည်။

စံပယ်သည် 'ရဲမက်ကလေး နည်းနည်းနဲ့ ရှာရဖွေရအောင် ဒီအိမ်ကြီးကို ရောက်လာရင် တို့တစ်ဝက် နိုင်ပြီ' ဟု ပြောသွားခဲ့သော ချစ်သူ ရူဝံ၏ စကားကို နားထဲ၌ ကြားယောင်လာသည်။

ထိုစဉ် မမတာရာ ပြန်ဆင်းလာပြီး စံပယ့် အနီးတွင် ရပ်သည်။ စံပယ်၏ လက်မောင်းကို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်သည်။

'တို့ သမီးယောင်းမ နှစ်ယောက် နောက်မှပဲ တစ်ဝကြီး စကားပြောကြသေးတာပေါ့ကွာ၊ ကဲ ... သွားမယ်'

မမတာရာ ပြုံးနိုင်သော်လည်း စံပယ်က မပြုံးနိုင်။ မမတာရာ၏ မျက်လုံး၌ တောက်ပြောင် ပြည့်ဝိုင်းနေသည့် မျက်ရည်တို့ကို တွေ့လိုက်ရာ ရှိုက်ငင်မိမတတ် ဖြစ်ရသည်။ မမတာရာသည် စံပယ်၏ ပခုံးပေါ်သို့ လက်တင်လိုက်သည်။



'ဟဲ့ မိန်းကလေးရယ် ... တို့ တွေ့ကြဦးမှာပေါ့'

မမတာရာက ခပ်ဟက်ဟက် ရယ်လိုက်သည်။ စောစောက သူ၏ မျက်လုံးထဲတွင် ရစ်ဝိုင်းနေသော မျက်ရည်တို့သည်လည်း မရှိတော့ပြီ။ စံပယ်သည် ရူဝံမျိုးတို့၏ အရည်အသွေးတို့ကို ကြည့်ရင်း အားတင်း ပြုံးပြလိုက်သည်။

ထိုစဉ်က လျှောစောင်ကလေးကို ခေါင်းတွင် ခြုံ၍ အရွယ်နှင့် မလိုက်အောင် ကြော့ကြော့မော့မော့ နောက်ခိုင်း ထွက်သွားသော မမတာရာကို မြင်လိုက်သည်မှာ စံပယ့်အဖို့ အမှန်တကယ် နောက်ဆုံးမြင်လိုက်ရခြင်းပင် ဖြစ်ပါသည်။ ထို့နောက် မမတာရာနှင့် မတွေ့ရတော့ပါ။

မမတာရာနှင့်သာ မဟုတ်၊ ရူဝံမျိုးတွေနှင့်ပါ မတွေ့ရတော့ပါဟု ဆိုလျှင် ပိုမှန်ပေမည်။

အကြောင်းမူ ၁၄ ရက်နေ့သည် နေရာအနှံ့ တိုက်ပွဲတွေ ဖြစ်ပွားနေသည်ဟု ကြားသိရသည်။ ၁၅ ရက်နေ့တွင် သားတော်ငယ်က နန်းမြို့ကို သိမ်းလိုက်ပြီး သားတော်ကြီးတို့ အရေးရှုံးနိမ့်ကြသည်ဟု ကြားရသည်။

လပြည့်ကျော် ၁ ရက်နေ့တွင် သားတော်ကြီးကို ဖမ်းမိလျက် မြို့စားပုံချိုကြီးလည်း တိုက်ပွဲတွင် ကျဆုံးကာ ရန်သူဘက်မှ တပ်များ ဖရိုဖရဲ ပြိုကွဲ ကျဆုံးကုန်ကြပြီဟု ကြားရသည်။

စံပယ်၏ နားထဲ၌ သည်ကိစ္စကြီး ပြီးစီးလျှင် အေးအေးလူလူ တို့နှစ်ယောက် အတူ နေကြပါစို့။

ဟူသော ရူဝံကြီး၏ စကားကို ပဲ့တင်ထပ်နေရသည့် အချိန် ဖြစ်သည်။ ထိုအချိန်၌ လင်းသာမောင်မောင် ဒွါရာဝတီမှ လင်းသာဂေဟာကြီးသို့ ပြန်ရောက်လာသည်။

တစ်အိမ်လုံးကို စုရုံးလျက် တိုက်ပွဲတွေ အကြောင်းကို အသေးစိတ်ပြောပြသည်။ မြို့စားပုံချိုကြီးတို့သည် ရှိသမျှ တပ်တွေ အားလုံးကို ကင်းမော်ဆိပ်မြို့ တစ်ခုလုံးတွင် ပိတ်ညှပ်ပြီး အထပ်ထပ် တပ်စွဲချ ရပ်လိုက်သော ညက ၁၄ ရက်နေ့ည ဖြစ်သည် ဆို၏။

ထိုအချိန်တွင် ဓေယျနှင့် တပ်ဖွဲ့ တစ်ခုတို့က ကင်းမော်ဆိပ်ကမ်းသို့ လာရောက် သတင်းပို့နိုင်သည့် လမ်းအားလုံးတို့ကို တိတ်တဆိတ် ပိတ်ဖို့ ဖြတ်တောက်ပစ်လိုက်ကြ၏။

ဤတွင် သားတော်ကလေးနှင့်တကွ ရူပတို့က အခြားနည်းမှနေ၍ ဒွါရာဝတီနန်းမြို့ကို ဝင်စီးခြင်း၊ ချိန်းဆိုထားကြသည့်အတိုင်း နယ်အသီးသီးတို့က ပုန်ကန်ထကြွခြင်းများကို လုပ်ဖြစ်ခဲ့ကြသည်။

မြို့စားပျံချီကြီးတို့၏ ကြီးမားလှသော စစ်အင်အားကြီးသည် ဒွါရာဝတီ တစ်ခုလုံး ထိုသို့ဖြစ်ပျက်နေကြသည်ကို လုံးဝမသိဘဲ တရွေ့ရွေ့ စစ်စည် စစ်မောင်း တီးလျက် ချဉ်းကပ်လာနေကြသော အလွန် များပြားလှသည့် ရေတပ်ကြီးကိုသာ အာရုံစိုက်နေကြသည်။ ပျံချီကြီးတို့ ရှိရာသို့ အချို့နေရာတို့မှ သတင်းပို့ရန် လာရောက်ကြသော မြင်းစေကျော်တို့သည်လည်း လမ်းတွေကို ပိတ်ဆို့၍ စောင့်နေသော ဖေယျတို့၏ လက်ထဲတို့ ကျရောက်ကုန်ကြသဖြင့် မည်သည့် သတင်းကိုမျှ မြို့စားပျံချီကြီးတို့ မကြားမသိရ။

တရွေ့ရွေ့ တပ်လာနေသည့် ရေတပ်ကြီးကလည်း ကုန်းသို့ မတက်သေးဘဲ ရေထဲ၌သာ ရှိနေရာ နံနက်လင်းလာခဲ့ရသည်။

အလွန် နီးကပ်လာသည့် အချိန်၌ ထိုရေတပ်ကြီးသည် ဗိုလ်မှူးရှုဝံ ခေါင်းဆောင်သော ရဲမက်တစ်ထောင်ခန့်မျှနှင့် ဘောများ၊ ငှက်ပျောတုံးများကို ပြုလုပ်ထားသည့် လှေအတုများနှင့် သစ်ခက်တို့ကို မှိုးမှိုးမည်းမည်းဖြစ်အောင် စည်းနှောင်ထားသည့် အရာဝတ္ထုတို့ကို ကြိုးဖြင့်သီလျက် ဆွဲဆောင်လာကြခြင်းများ ဖြစ်သည်ကိုသာ တွေ့ရသည်။ သို့သော် ရှေ့ဆုံးမှလှေထက်တွင် ဗိုလ်မှူးရှုဝံကိုယ်တိုင် ပါလာ၏။

ဗိုလ်မှူးရှုဝံက မြို့စားပျံချီကြီးကို လက်နက်ချရန် ပြောသည်။ နန်းမြို့ကို သိမ်းပြီးပြီ ဖြစ်ကြောင်း၊ နေရာတိုင်းတွင် ပုန်ကန်ကြပြီး အားလုံး စီးမိထားပြီ ဖြစ်ကြောင်း၊ မယုံကြည်ပါက ရဲမက်တစ်ဦးအား သစ်ပင်ပေါ်တက်၍ ကြည့်ခိုင်းရန် ပြောသည်။

ပြောသည့်အတိုင်း ကြည့်စေသောအခါ ဒွါရာဝတီနှင့် အရှေ့ဘက်မြို့တို့တွင် သားတော်ငယ်၏ အောင်လံတော်များနှင့် လွှင့်ထူနေကြောင်းကို အမှန်တကယ်ပင် တွေ့နေရသည်။

ထိုစဉ် ပျံချီကြီးက အခိုင်အမာ သတင်းပေးပို့လာသော လူငယ်ကို ခေါ်ခဲ့ရန် ခိုင်းသည်။ ခေါ်ထုတ်လာသည်နှင့် တော်တော်လှမ်းလှမ်း တပ်တစ်ခုမှ လူတစ်ယောက်က မြင်းစိုင်း၍ မြို့သို့ ဝင်လာပြီး ဤသူငယ်သည် ဗိုလ်မှူးရှုဝံ၏ သား ဟသ်ာ ဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့ ပြောကြားသူမှာ လင်းသာဂေဟာကြီးက ထွက်သွား၍ ချောက်ကြီးတွင် ဝင်ရောက် ခိုလှုံနေသော ဦးဘောဂက ပြောကြားဖြစ်သည်။ ကျောက်ကြီးမှ ကလန်ကြီးသည် ဦးဘောဂကို ယုံကြည်သောကြောင့် မြို့စားပျံချီကြီးထံသို့ မပို့ဘဲ ဖမ်းဆီးထားရာ သစ္စာဖောက်လိုသော ဦးဘောဂအဖို့ ယခုမှသာ အခွင့်သာခြင်း ဖြစ်သည်။



မြို့စားပျံချီကြီးက ဟသ်ာကို လည်ပင်း သံကွင်းစွပ်၍ ပျော်ပျော်ကြီး သတ်ပြရန် ပြင်ဆင်သည်။

ဗိုလ်မှူးရှုဝံသည် မြို့စားပျံချီကြီးတို့ကို အတင်း ဝင်ရောက် တိုက်ခိုက်သည်။

ဟသ်ာက 'မိမိ သေရမည်သာ ဖြစ်သည်၊ မိမိ တစ်ယောက်တည်း သေရမည်ကို သေပါစေ၊ နောက်ထပ် အရှုံးခံ၍ မသေကြပါနှင့်၊ နောက်ပိုင်းက ဝိုင်းမိကြပြီးမှ အပိုင် တက်တိုက်၍ အနိုင်ယူကြပါ' ဟု အော်ဟစ်၏။

သို့သော် ဗိုလ်မှူးရှုဝံက အဆိုင်းမရှိ အတင်း တက်သည်။ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်လျက် ဟသ်ာကို သံကွင်းစွပ် မသတ်နိုင်ဘဲ မြို့စားပျံချီကြီး ကိုယ်တိုင် ဓားဖြင့် ပိုင်းလိုက်ရသည်။ မြို့စားပျံချီကြီးကိုလည်း ဗိုလ်မှူးရှုဝံ၏ ဓားက လည်ချောင်းကို ဖောက်ခဲ့နိုင်သည်။ ဗိုလ်မှူးရှုဝံကိုယ်တိုင်လည်း ရန်သူ့မြင်းတစ်စီးကို တက်စီးကာ ဦးဘောဂ နောက်သို့ လိုက်လျက် ဦးဘောဂကို လည်ပင်းဖြတ်လိုက် ပြီးနောက် ရင်ဝတွင် ကျည်သင့်ကာ မြင်းပေါ်က ကျခဲ့သည်။

အဲဒီနောက်တော့ ဗိုလ်မှူးရှုဝံရဲ့ အစီအစဉ်အတိုင်း အားလုံး အောင်မြင်ပြီးခဲ့ကြပြီး ဒွါရာဝတီကြီးလည်း ငြိမ်းချမ်း ပျော်ရွှင်ကြရတော့မည်။ ဗိုလ်မှူးရှုဝံနှင့် သားကို သားတော်ငယ် ကိုယ်တိုင်က အခမ်းအနားဖြင့် သင်္ဂြိုဟ်တော်မူလိမ့်မည်။

လင်းသာမောင်မောင်၏ စကားဆုံးသည့်တိုင်အောင် အားလုံး တိတ်ဆိတ်နေကြသည်။ စံပယ်လည်း အများနည်းတူ ငေးငိုင် တိတ်ဆိတ်နေသည်။

အမိမေတ္တာက စံပယ်ကို လှုပ်၍ 'ဟဲ့ စံပယ်' ဟု ခေါ်လိုက်သည်။

'ဒီကိစ္စတွေ ပြီးရင် စံပယ်နဲ့ အတူ အေးအေးလူလူ နေမယ်တဲ့'

စံပယ်က ဗိုလ်မှူးရှုဝံ ပြောသွားသည့် စကားကို စာရွတ်သလို တစ်လုံးချင်း ရွတ်လျက် ....။

ငေးစိုက်နေသော စံပယ့်မျက်လုံး အစုံတို့တွင်လည်း မျက်ရည်တို့က ဖုံးလွှမ်းလျက် ...။

ရန်ကုန်ဘဆွေ